ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

သုတ္တန္တပိဋက

သံယုတ္တနိကာယ်

# သံဂါယနာအမေးအဖြေ

ဒုတိယအုပ်

ခန္ဓဝဂ္ဂ-သဠာယတနဝဂ္ဂနှင့်မဟာဝဂ္ဂသံယုတ်ပါဠိတော်
အမေးအဖြေများ ပါဝင်သည်

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၅၀၃ ကောဇာနှစ်-၁၃၂၁

၂၆၇၃

ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

သုတ္တန္တပိဋက

သံယုတ္တနိကာယ်

# သံဂါယနာအမေးအဖြေ

ဒုတိယအုပ်

ခန္ဓဝဂ္ဂ-သဠာယတနဝဂ္ဂနှင့်မဟာဝဂ္ဂသံယုတ်ပါဠိတော်
အမေးအဖြေများ ပါဝင်သည်

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၅၀၃ ကောဇာနှစ်-၁၃၂၁



ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ပုံတော်



ဆဋ္ဌသံဂါယနာပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန (မဟာစည်)ဆရာတော်၏ပုံ



ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်၏ပုံ

## ဆဋ္ဌသံဂါယနာ အမေးအဖြေ

# နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထွက်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာတို့ကိုပေးတော်မူနိုင်သည့် သုတ်,အဘိဓမ္မာ,ဝိနည်းဒေသနာတော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူးထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ, ယိုဒယားနိုင်ငံ,သီဟိုဠ်နိုင်ငံ, ကမ္ဘောဒီးယားနိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက, သံဃရာဇာ, သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးစီးရှေ့ဆောင်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာအဖြစ် အမှီပြု၍ရင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူနိုင်ငံတော်သားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍ရင်း ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏကျောက်လိုဏ်ဂူတော်ကြီးအတွင်းဝယ် သာသနာနှစ် ၂၄၉၈-ခုနှစ် ကောဇာနှစ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်။

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်,တခုတခုသော တရားဒေသနာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော ဒုမူအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်" စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်,အဘိဓမ္မာဆိုင်ရာ၌အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာနစသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်,အဘိဓမ္မာ,ဝိနည်းဒေသနာတို့ကို မေးရန်,ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာအဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်။

သံဂါယနာဘင်ရာ၌ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတို့ကို အမေးအဖြေပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ။ပိဋကာ ကျမ်းဂန်အရပ်ရပ်တို့၌

နှံ့စပ် ကျေပြန့် မွေ့နှောက် ချောက်ချားနိုင်သော တိက္ခဉာဏ်, ဇဝနဉာဏ်, ဂမ္ဘီရဉာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလည်တွင် နှုတ်တက်ရွရွ တိကျပြတ်သားစွာ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစိတ်ဖြင့် မေးစွမ်းနိုင်, ဖြေစွမ်းနိုင်သော ဗျတ္တ,ပဋိဗလဂုဏ် ကုံလုံကြွယ်ဝသည့် ပုဂ္ဂလဝိသေသတို့၏ အရာသာ ဖြစ်ချေသည်။

သို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့ကြီးက သံယုတ္တနိကာယ်ကြီးကို မေးတော်မူရန် ပုစ္ဆကထေရ်အဖြစ် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနထေရ် (မဟာစည်)ကို၎င်း သံယုတ္တနိကာယ်ကြီးကို ဖြေကြားတော်မူရန် ဝိသဇ္ဇက ထေရ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသထေရ်ကို၎င်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်။

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက်လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလည်တွင် သံဃမဟာနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတာဘိဓဇမဟာရဋ္ဌဂုရု မထေရ်မြတ်ကြီးက ဩကာသဒါနကသာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆနဉာတ်ကိုထားပြီးလျှင် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍၎င်း ဝိသဇ္ဇကထေရ်က ဝိသဇ္ဇနဉာတ်ကိုထားပြီးလျှင် ဆင်စွယ်ဖြင့်စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍၎င်း ရွံ့ရှားခြင်းကင်း ရဲတင်းသောစိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ်အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဠိ မြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရွရွ မေးဖြေတော်မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်ဘို့ကိုလည်း နိုင်ငံတော်အသံလွှင့်ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်းတို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင်ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်၊

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတော်၏ အဆီအနှစ် သဖွယ်ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါ၎င်း

လေ့လာကျင့်သုံး ပွါးများလိုကြသူတို့အဘို့ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် အလို့ငှါရင်း

၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ခေတ်ပြောသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံသွင်း ခေတ်ကြိုးမှ ကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာအမေးအဖြေ ဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်။

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေးဖြေတော်မူကြသော အချက်အလက်များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန်ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အလက်များကိုသာ အချိန်ကာလနှင့်နှိုင်းချိန်၍ မေးဖြေတော်မူကြခြင်းဖြစ်ပါသောကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော **ပိဋကမြန်မာပြန်** ကျမ်းကြီးများ၌ ဘတ်ရှုကြည်ညိုနိုင်ကြပါသည်။

သို့ဖြစ်၍ အံ့ဘွယ်ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ်ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အမတမြိုက် ချမ်းသာတည်းဟူသော အဆီအနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ**သံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်သတည်း။

[ပုံ] အသျှင်နာဂဝံသာဘိဝံသ
[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ
အကျိုးတော်ဆောင်ဆရာတော်များ
ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့

၁၃၂၁-ခု၊ နယုန်လဆုတ် ၇-ရက် စနေနေ့

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အမေးအဖြေ

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာနံပါတ်


**နကုလပိတုသုတ်** .... .... .... .... .... ၁

ကိုယ်ခန္ဓာ၌ ရောဂါမကင်းနိုင် .... .... .... ၃

စိတ်ခန္ဓာ၌ ရောဂါကင်းအောင်နေ .... .... .... ၃

အရှင်သာရိပုတ္တရာ အကျယ်ချဲ့ဟောခြင်း .... .... ၄

ရုပ်လည်းပင်ပန်း စိတ်လည်းနွမ်းနယ် .... .... .... ၆

ရုပ်သာပင်ပန်း စိတ်မနွမ်းနယ်သူ .... .... .... ၈

**အနိစ္စသုတ်** .... .... .... .... .... ၉

**ဒုက္ခနှင့် အနတ္တသုတ်** .... .... .... .... ၁၀

**ဘာရသုတ်** .... .... .... .... .... ၁၁

ဝန်ထုပ်ဝန်ပိုးစသော တရားငါးပါး .... .... .... ၁၂

**နတုမှာကသုတ်** .... .... .... .... .... ၁၃

ကိုယ်ပိုင်ဥစ္စာမဟုတ် .... .... .... .... ၁၄

ဗဟိဒ္ဓရှိ ရုပ်လိုပင် .... .... .... .... .... ၁၄

**အနတ္တလက္ခဏသုတ်** .... .... .... .... ၁၅

**ယမကသုတ်** .... .... .... .... .... ၁၆

ဥစ္ဆေဒ မလွတ်သော ယူနည်းမျိုး .... .... .... ၁၇

အကျယ်ချဲ့ဟောခြင်း .... .... .... .... ၁၈

မလိမ်မာမီက ယူခဲ့ပါသည် .... .... .... .... ၂၀

ဥစ္ဆေဒ လွတ်သော ယူနည်း.... .... .... .... ၂၁

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| **ဝက္ကလိသုတ်** .... .... .... .... .... | ၂၂ |
| မြတ်စွာဘုရားပင့်ရန် စေလွှတ်ခြင်း .... .... .... | ၂၃ |
| မြတ်စွာဘုရား ကြွလာတော်မူခြင်း .... .... .... | ၂၄ |
| တရားကိုမြင်သူသည် ငါဘုရားကိုမြင်၏ .... .... | ၂၅ |
| ရဟန်းတို့ကိုစေလွှတ်၍ အားပေးခြင်း.... .... .... | ၂၇ |
| မြို့တွင်းရွာတွင်းမှာ မသေလို.... .... .... .... | ၂၉ |
| အားပေးစကား ပြောကြားစေခြင်း .... .... .... | ၃၀ |
| အရှင်ဝက္ကလိထေရ်က ပြန်၍လျှောက်ကြားစေခြင်း .... | ၃၁ |
| သင်ခုန်းဖြင့် မိမိလည်ကို လှီးခြင်း .... .... .... | ၃၂ |
| **အဿဇိသုတ်** .... .... .... .... .... | ၃၃ |
| ဈာန်အတွက် နှလုံးမသာယာဖြစ်ခြင်း .... .... | ၃၅ |
| ဗုဒ္ဓသာသနာသည် ဈာန်လောက်ကို မရည်ရွယ် .... | ၃၅ |
| **ခေမကသုတ်** .... .... .... .... .... | ၃၆ |
| တမန်လွှတ်၍ ဂိလာနသတင်းမေးခြင်း .... .... | ၃၇ |
| ပြဿနာမေး လွှတ်ကြပြန်ခြင်း .... .... .... | ၃၈ |
| အတ္တဟု မရှုလျှင် ရဟန္တာလော .... .... .... | ၃၉ |
| သိမ်မွေ့နူးညံ့သော မာနစွဲ .... .... .... .... | ၄၁ |
| ပဒုမ္မာကြာနှင့် ဥပမာ .... .... .... .... | ၄၂ |
| ဥဒယဗ္ဗယဉာဏ်ဖြင့် အဖန်ဖန်ရှုလျှင် .... .... .... | ၄၂ |
| **ဆန္နသုတ်** .... .... .... .... .... .... | ၄၄ |
| အရှင်ဆန္န မထေရ် .... .... .... .... .... | ၄၅ |
| အရှင်အာနန္ဒာထံ သွားခြင်း.... .... .... .... | ၄၆ |
| အရှင်အာနန္ဒာ တရားဟောခြင်း .... .... .... | ၄၇ |
| **ပုဏ္ဏသုတ်** .... .... .... .... .... .... | ၄၇ |
| ဓမ္မဝါဒီ ပုဂ္ဂိုလ် .... .... .... .... .... | ၄၈ |
| မရှိဟူ၍ သမုတ်အပ်သောတရား .... .... .... | ၄၉ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| ရှိ၏ဟူ၍ သမုတ်အပ်သောတရား .... .... .... | ၄၉ |
| ခန္ဓာငါးပါးမှတပါး အခြားမရှိ .... .... .... | ၅၀ |
| အန္ဓဗာလ ပုထုဇဉ် .... .... .... .... .... | ၅၀ |
| **ဗေဏုပိဏ္ဍူပမသုတ်** .... .... .... .... | ၅၁ |
| ရေမြှုပ်ဆိုင်ပမာ ရူပက္ခန္ဓာ .... .... .... .... | ၅၂ |
| ရေပွက်ပမာ ဝေဒနာက္ခန္ဓာ .... .... .... .... | ၅၃ |
| တံလျှပ်ပမာ သညာက္ခန္ဓာ .... .... .... .... | ၅၃ |
| ငှက်ပျောတုံးပမာ သင်္ခါရက္ခန္ဓာ .... .... .... | ၅၃ |
| မျက်လှည့်ပမာ ဝိညာဏက္ခန္ဓာ .... .... .... | ၅၄ |
| ဉာဏ်အဆင့်ဆင့်မြောက် အရဟတ္တဖိုလ်ရောက် .... | ၅၄ |
| **ဒုတိယဓမ္မကထိကသုတ်** .... .... .... .... | ၅၅ |
| ဓမ္မကထိကစသော ပုဂ္ဂိုလ်သုံးဦး .... .... .... | ၅၆ |
| **သီလဝန္တသုတ်နှင့် သုတဝန္တသုတ်** .... .... .... | ၅၇ |
| သောတာပန်ဖြစ်ဘို့ မလွဲနိုင်.... .... .... .... | ၅၉ |
| ရဟန္တာဖြစ်ပြီးချိန် .... .... .... .... .... | ၆၀ |
| **သတ္တသုတ်** .... .... .... .... .... | ၆၁ |
| သတ္တဝါ .... .... .... .... .... .... | ၆၂ |
| **သောအတ္တာသုတ်** .... .... .... .... .... | ၆၃ |
| **နတ္ထိဒိန္နသုတ်** .... .... .... .... .... | ၆၅ |
| ဒသဝတ္ထုကနှင့် ဥစ္ဆေဒဒိဋ္ဌိ .... .... .... .... | ၆၅ |
| **စက္ခုသုတ်**.... .... .... .... .... .... | ၆၆ |
| သဒ္ဓါနုသာရီ နှင့် ဓမ္မာနုသာရီပုဂ္ဂိုလ် .... .... .... | ၆၇ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **သုစိမုခီသုတ်** .... .... .... .... .... | ၆၇ |
| အောက်မြေပြင်ကြည့်၍ စားသူ .... .... .... | ၇၀ |
| ကောင်းကင်မော်၍ စားသူ .... .... .... .... | ၇၀ |
| အရပ်လေးမျက်နှာ မျက်နှာမူ၍ စားသူ .... .... | ၇၀ |
| အထောင့်မျက်နှာသို့ လှည့်၍စားသူ .... .... .... | ၇၁ |
| သတင်းကောင်း ကြေညာခြင်း .... .... .... | ၇၁ |

**ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်**

**အမေးအဖြေ မာတိကာ ပြီးပြီ**

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် အမေးအဖြေ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **အနိစ္စ နှစ်သုတ်** .... .... .... .... .... | ၇၃ |
| အတွင်းအပြင် ရှုရန်နည်း .... .... .... .... | ၇၃ |
| **အာဒိတ္တသုတ်** .... .... .... .... .... | ၇၄ |
| တပြောင်ပြောင် တောက်လောင်နေသောတရား .... | ၇၅ |
| သံသရာဇာတ်သိမ်းမည့် လမ်းစဉ် .... .... .... | ၇၆ |
| **ပဌမမိဂဇာလသုတ်**.... .... .... .... .... | ၇၆ |
| အဖော်ကလေးနှင့် နေသူ .... .... .... .... | ၇၈ |
| တကိုယ်တည်း နေသူ .... .... .... .... | ၇၈ |
| **ပဌမ ဆဖဿာယတနသုတ်** .... .... .... .... | ၇၉ |
| သာသနာတော်မှ ဝေးကွာလှသူ .... .... .... | ၈၀ |
| ရဟန်းတော်တပါး .... .... .... .... .... | ၈၀ |
| ဝဋ်ဒုက္ခဆုံးရာသို့ ရောက်ကြောင်း .... .... .... | ၈၁ |
| **ပဌမ ဂိလာနသုတ်** .... .... .... .... .... | ၈၂ |
| ရာဂကင်းဘို့ရန် တရားဟောသည် .... .... .... | ၈၅ |
| ဉာဏ်ပညာခံတွင်း ဆန့်ရှိသာ .... .... .... | ၈၆ |
| **ပုဏ္ဏသုတ်** .... .... .... .... .... .... | ၈၇ |
| ခန္တီဂုဏ် ပြည့်ကျင့်နည်း .... .... .... .... | ၉၀ |
| သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံလျှင် .... .... .... | ၉၂ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| **မာလုကျပုတ္တသုတ်** .... .... .... .... .... | ၉၃ |
| ကဲ့လည်းကဲ့ရဲ့ ချီးလည်း ချီးမွမ်း .... .... .... | ၉၅ |
| ဇောစိတ္တုပ္ပါဒ်၌ အကုသိုလ်မငြိအောင် .... .... | ၉၆ |
| နှလုံးသွင်းမှားလျှင် သတိပျောက်သည် .... .... | ၉၈ |
| သတိတရား လက်ကိုင်ထားပါက .... .... .... | ၉၉ |
| **ပမာဒဝိဟာရီသုတ်** .... .... .... .... | ၁၀၁ |
| မေ့လျော့သောပုဂ္ဂိုလ်နှင့် မမေ့လျော့သောပုဂ္ဂိုလ် .... | ၁၀၁ |
| **ရာဟုလောဝါဒသုတ်** .... .... .... .... | ၁၀၄ |
| ဆုတောင်းဘက် နတ်ဗြဟ္မာတွေ .... .... .... | ၁၀၅ |
| **ဘာရဒွါဇသုတ်** .... .... .... .... .... | ၁၀၇ |
| ဥဒေနမင်း မေးခွန်း .... .... .... .... | ၁၀၈ |
| ဘုရားရှင်၏ ဩဝါဒလမ်းစဉ်.... .... .... .... | ၁၀၉ |
| အရွယ်မရွေး တပ်မက်နိုင်ကြသည် .... .... .... | ၁၀၉ |
| သုံးဆဲ့နှစ်ကောဋ္ဌာသ .... .... .... .... | ၁၁၀ |
| ဥဒေနမင်း သဘောမကျနိုင်.... .... .... .... | ၁၁၀ |
| ဣန္ဒြိယသံဝရသီလ .... .... .... .... .... | ၁၁၁ |
| ဥဒေနမင်း ကောင်းချီးပေးခြင်း .... .... .... | ၁၁၁ |
| ကိုယ်တွေ့ပါ ဘုရား.... .... .... .... .... | ၁၁၂ |
| **ဝေရဟစ္စာနိသုတ်....** .... .... .... .... | ၁၁၂ |
| နေထိုင်ပုံ နေရာမကျ၍ တရားမဟော .... .... | ၁၁၄ |
| ဆင်းရဲချမ်းသာ ဖြစ်ပေါ်ခြင်း အကြောင်း .... .... | ၁၁၄ |
| **ခဏသုတ်** .... .... .... .... .... | ၁၁၅ |
| ငရဲပြည်ရှိ အာရုံခြောက်ပါး .... .... .... .... | ၁၁၆ |
| နတ်ပြည်ရှိ အာရုံခြောက်ပါး .... .... .... | ၁၁၆ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| နတ်ပြည်နှင့် ငရဲပြည်မှာ မကျင့်နိုင် .... .... .... | ၁၁၇ |
| လူ့ပြည်၌ ကျင့်သုံးနိုင်သည်.... .... .... .... | ၁၁၇ |
| **ဗာဠိသိကောပမသုတ်** .... .... .... .... | ၁၁၇ |
| ငါးမျှားချိတ်နှင့်တူသော တရားခြောက်ပါး .... .... | ၁၁၈ |
| မာရ်မင်း၏ ငါးမျှားချိတ်မှ လွတ်သူ.... .... .... | ၁၁၉ |
| **အာဒိတ္တပရိယာယသုတ်** .... .... .... .... | ၁၂၀ |
| စက္ခုန္ဒြေ .... .... .... .... .... .... | ၁၂၁ |
| သောတိန္ဒြေ .... .... .... .... .... | ၁၂၁ |
| ဃာနိန္ဒြေ .... .... .... .... .... .... | ၁၂၂ |
| ဇိဝှိန္ဒြေ .... .... .... .... .... .... | ၁၂၃ |
| ကာယိန္ဒြေ.... .... .... .... .... .... | ၁၂၃ |
| မနိန္ဒြေ .... .... .... .... .... .... | ၁၂၄ |
| ပညာရှိပုဂ္ဂိုလ် ဆင်ခြင်ပုံ .... .... .... .... | ၁၂၄ |
| **ပဌမဒါရုက္ခန္ဓောပမသုတ်** .... .... .... .... | ၁၂၆ |
| သစ်တုံးကို ပမာပြု၍ .... .... .... .... | ၁၂၇ |
| အင်္ဂါရှစ်တန်ပြည့်စုံလျှင် .... .... .... .... | ၁၂၈ |
| ဥပစာစကားတွေ၏ အဓိပ္ပါယ် .... .... .... | ၁၂၉ |
| သဒိသူပစာ ဖြေရှင်းချက် .... .... .... .... | ၁၃၀ |
| နွားကျောင်းသား နန္ဒ .... .... .... .... | ၁၃၁ |
| နွားကျောင်းသား အရဟတ္တဖိုလ်ရပုံ .... .... .... | ၁၃၂ |
| **ကိံသုကောပမသုတ်** .... .... .... .... | ၁၃၄ |
| မဂ်ဉာဏ်လေးပါး စင်ကြယ်မှု .... .... .... | ၁၃၅ |
| ဘုရားထံမှောက် မေးလျှောက်ပုံ .... .... .... | ၁၃၆ |
| ပေါက်ပင် ဥပမာ .... .... .... .... .... | ၁၃၆ |
| လိမ်မာလှသော သူရဲကောင်း .... .... .... | ၁၃၈ |
| မြို့တွင်းတံခါးကြီး ခြောက်ပေါက် .... .... .... | ၁၃၉ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **ဆပ္ပါဏကောပမသုတ်** .... .... .... .... | ၁၄၀ |
| အနာပေါက်သောယောကျ်ား .... .... .... | ၁၄၀ |
| မစောင့်စည်းမှုကို ဝေဘန်၍ပြခြင်း .... .... .... | ၁၄၂ |
| သတ္တဝါခြောက်မျိုး .... .... .... .... | ၁၄၂ |
| စောင့်စည်းမှုကို ဝေဘန်၍ပြခြင်း .... .... .... | ၁၄၄ |
| သတ္တဝါခြောက်မျိုးကို ကြိုးဖြင့်ဘမ်းခြင်း .... .... | ၁၄၄ |
| **ဒဋ္ဌဗ္ဗသုတ်**.... .... .... .... .... .... | ၁၄၇ |
| ဝေဒနာ သုံးမျိုး .... .... .... .... .... | ၁၄၇ |
| **သလ္လသုတ်** .... .... .... .... .... | ၁၄၉ |
| ဝေဒနာသုံးမျိုး ခံစားပုံ .... .... .... .... | ၁၅၀ |
| အန္ဓဗာလပုထုဇဉ် .... .... .... .... .... | ၁၅၀ |
| တပည့်သာဝကမျိုးနှင့် ဝေဒနာသုံးမျိုး .... .... | ၁၅၃ |
| **နိဗ္ဗာနပဉှာသုတ်** .... .... .... .... .... | ၁၅၄ |
| နိဗ္ဗာန်ဟူသည် အဘယ်တရားနည်း .... .... .... | ၁၅၅ |
| နိဗ္ဗာန်လမ်း အကျင့် .... .... .... .... | ၁၅၆ |
| **ဓမ္မဝါဒီပဉှာသုတ်** .... .... .... .... .... | ၁၅၇ |
| ဓမ္မဝါဒီတရားဟောပုဂ္ဂိုလ် .... .... .... .... | ၁၅၈ |
| ကောင်းစွာကျင့်ကြံသောပုဂ္ဂိုလ် .... .... .... | ၁၅၉ |
| ကောင်းမြတ်သောလမ်းစဉ် .... .... .... .... | ၁၆၀ |
| **ဒုက္ကရပဉှာသုတ်** .... .... .... .... .... | ၁၆၁ |
| ရဟန်းအဖြစ်, ရှင်အဖြစ် စသည်ခဲယဉ်းပုံ .... .... | ၁၆၂ |
| **သက္ကသုတ်** .... .... .... .... .... | ၁၆၃ |
| သရဏဂုံသုံးပါးယုံကြည်မှု .... .... .... .... | ၁၆၄ |
| သာလွန်သော အကြောင်းဆယ်မျိုး .... .... .... | ၁၆၆ |

အကြောင်းအရာ — စာမျက်နှာနံပါတ်

**နိဂဏ္ဌနာဋပုတ္တသုတ်** .... .... .... .... ၁၆၈

နာဋပုတ္တဆရာကြီး ရည်ရွယ်ချက် .... .... .... ၁၆၈
စိတ္တသူကြွယ်၏ ကိုယ်တွေ့ယုံကြည်မှု .... .... .... ၁၆၉
စိတ္တသူကြွယ် စျာန်ဝင်စားနိုင်ပုံ .... .... .... ၁၇၀
ပြဿနာ ဆယ်ရပ် .... .... .... .... .... ၁၇၁

**အစေလကဿပသုတ်** .... .... .... .... ၁၇၂

အစေလကဿပ အလုပ်သုံးမျိုး .... .... .... ၁၇၃
အစေလကဿပ ချီးမွမ်းခြင်း .... .... .... ၁၇၄
ရဟန္တာဖြစ်ပုံ .... .... .... .... .... ၁၇၅

**စဏ္ဍသုတ်** .... .... .... .... .... .... ၁၇၅

စဏ္ဍရွာသူကြီး .... .... .... .... .... ၁၇၆
ကြမ်းတမ်းသူ .... .... .... .... .... ၁၇၇
သိမ်မွေ့သူ .... .... .... .... .... ၁၇၇

**ခေတ္တူပမသုတ်** .... .... .... .... .... ၁၇၈

**သင်္ခဓမသုတ်** .... .... .... .... .... ၁၈၃

နာဋပုတ္တဆရာကြီးတရား .... .... .... .... ၁၈၄
ယံဗဟုလဝါဒ၌ အပြစ် .... .... .... .... ၁၈၅
သူ့အသက်သတ်သူ .... .... .... .... ၁၈၆
သူတပါးပစ္စည်းခိုးသူ .... .... .... .... ၁၈၇
မုသားစကားပြောသူ .... .... .... .... ၁၈၇
ဘုရားအမည်ခံဆရာတို့အယူ .... .... .... ၁၈၈
သာမန်နှင့်မုချ ကိန်းသေကံများ .... .... .... ၁၉၀
ယုံကြည်မှုရှိသော တပည့်သား .... .... .... ၁၉၁
ဒုစရိုက်မှုကို ရှောင်ကြည်ပုံ .... .... .... .... ၁၉၁
ဝိမုတ္တိတရား လေးပါး .... .... .... .... ၁၉၂

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| **ဘဒြကသုတ်** | ၁၉၄ |
| ဘဒြကရွာသူကြီး | ၁၉၄ |
| ဥရုဝေလကပ္ပနိဂုံးသူများ | ၁၉၄ |
| ဆန္ဒရာဂ, တဏှာလောဘ | ၁၉၅ |
| အံ့ဘွယ်ဖြစ်ခြင်း | ၁၉၆ |
| စိရဝါသီကျောင်းသား | ၁၉၇ |
| စိရဝါသီ၏ မိခင် | ၁၉၈ |
| **ရာသိယသုတ်** | ၁၉၉ |
| အကျင့်ကို ကဲ့ရဲ့သူ | ၂၀၀ |
| အယုတ်တရား နှစ်ပါး | ၂၀၁ |
| မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်အောင် | ၂၀၂ |
| အလယ်လမ်း | ၂၀၂ |
| ကာမစည်းစိမ်ကို ခံစားသူများ | ၂၀၃ |
| တပသီဂိုဏ်းဝင် ပုဂ္ဂိုလ်များ | ၂၀၇ |
| **ခေမာသုတ်** | ၂၀၉ |
| ဆည်းကပ်သင့်သူကို အရှာခိုင်းခြင်း | ၂၁၀ |
| ခေမာထေရီ အဖြေ | ၂၁၁ |
| မှန်ကန်သော ယူဆနည်း | ၂၁၂ |
| ဘုရားထံမှောက် သွားရောက်သည့်အခါ | ၂၁၃ |
| **ကုတူဟလသာလာသုတ်** | ၂၁၅ |
| ဝစ္ဆဂေါတ္တပရိဗိုဇ် | ၂၁၅ |
| ဆရာကြီး ခြောက်ဦး | ၂၁၆ |
| ဂေါတမမြတ်စွာ | ၂၁၆ |
| လောင်စာ ဥပမာ | ၂၁၇ |


**သဋ္ဌာယတနဝဂ္ဂသံယုတ် ပါဠိတော်**

**အမေးအဖြေ မာတိကာ ပြီးပြီ**

## မဟာဝဂ္ဂသံယုတ်ပါဠိတော် အမေးအဖြေ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **ဥပဍ္ဎသုတ်** .... .... .... .... .... | ၂၁၉ |
| အရှင်အာနန္ဒာယူဆပုံ .... .... .... .... | ၂၁၉ |
| အလုံးစုံအကျိုးပြီးနိုင်သည် .... .... .... .... | ၂၂၀ |
| **ကုဏ္ဍလိယသုတ်** .... .... .... .... .... | ၂၂၁ |
| ကုဏ္ဍလိယပရိဗိုဇ် .... .... .... .... .... | ၂၂၂ |
| အဆင့်ဆင့် ဖြေကြားတော်မူခြင်း .... .... .... | ၂၂၃ |
| ဣန္ဒြေခြောက်ပါးစောင့်လျှင် .... .... .... | ၂၂၄ |
| **ပဌမ ဂိလာနသုတ်** .... .... .... .... .... | ၂၂၄ |
| ဗောဇ္ဈင်သုတ်ကျေးဇူး .... .... .... .... | ၂၂၅ |
| **ဥဒါယိသုတ်** .... .... .... .... .... | ၂၂၆ |
| ရှင်တော်ဘုရား၌ ရှက်-ကြောက် ရှိသေမှု .... .... | ၂၂၆ |
| ဖြစ်ပျက်ရုပ်နာမ် အပြန်ပြန်သုံးသပ် .... .... .... | ၂၂၇ |
| အရဟတ္တဖိုလ် ပေါက်ရောက်လိမ့်မည် .... .... .... | ၂၂၈ |
| **သတိသုတ်** .... .... .... .... .... | ၂၃၀ |
| သတိတရား ဖြစ်စေနှင့်ခြင်း .... .... .... .... | ၂၃၀ |
| သမ္ပဇဉ် .... .... .... .... .... .... | ၂၃၁ |
| **သာလသုတ်** .... .... .... .... .... | ၂၃၂ |
| သတိပဋ္ဌာန်တရား ပွါးများရန် .... .... .... | ၂၃၂ |
| ပရိညာသုံးပါးပိုင်အောင် .... .... .... .... | ၂၃၃ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| **သကုဏဂ္ဃိသုတ်** .... .... .... .... .... | ၂၃၄ |
| ဘီလုံးနှင့် သိန်းငှက် .... .... .... .... | ၂၃၅ |
| ဘီလုံးငှက်ကျုံးဝါးသံ .... .... .... .... | ၂၃၆ |
| အားကုန်သုတ်ခဲ့သော သိန်းငှက် .... .... .... | ၂၃၆ |
| အမွေဆက်ခံ .... .... .... .... .... | ၂၃၇ |
| **ဘိက္ခုနုပဿယသုတ်** .... .... .... .... | ၂၃၈ |
| တရားအထူးသိကြသည် .... .... .... .... | ၂၃၉ |
| ပဏိဓာယဘာဝနာ .... .... .... .... | ၂၄၀ |
| အပ္ပဏိဓာယဘာဝနာ .... .... .... .... | ၂၄၁ |
| နောင်မှ ပူပန်သူများ မဖြစ်ကြလေနှင့် .... .... | ၂၄၁ |
| **စုန္ဒသုတ်** .... .... .... .... .... .... | ၂၄၂ |
| အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီးချိန် .... .... | ၂၄၃ |
| သီလစသောဂုဏ်ကျေးဇူးတွေ ယူသွားသလား ? .... | ၂၄၄ |
| တရားရေအေး တိုက်ကျွေးတော်မူခြင်း .... .... | ၂၄၄ |
| အကိုင်းအခက်ကြီး ကျိုး၍ကျလေပြီ .... .... | ၂၄၅ |
| **ဗာဟိယသုတ်** .... .... .... .... .... | ၂၄၆ |
| မိမိစိတ်ကို စင်အောင်ပြုလေ .... .... .... | ၂၄၇ |
| **စိရဋ္ဌိတိသုတ်** .... .... .... .... .... | ၂၄၈ |
| သာသနာတည်တံ့ခြင်း၏ အကြောင်းရင်း .... .... | ၂၄၉ |
| **သိရိဝဍ္ဎသုတ်** .... .... .... .... .... | ၂၅၀ |
| အနာဂါမ်တည် ဥပါသကာ .... .... .... .... | ၂၅၁ |
| သတိတရား လက်ကိုင်ထား၍ .... .... .... | ၂၅၂ |
| ဩရမ္ဘာဂိယ သံယောဇဉ် .... .... .... .... | ၂၅၃ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **မောဂ္ဂလ္လာနသုတ်** .... .... .... .... .... | ၂၅၄ |
| ပုဗ္ဗာရုံကျောင်းအောက်ထပ်ရှိ ရဟန်းတော်များ .... | ၂၅၅ |
| အဘိညာဉ်တန်ခိုးဖြင့် ထိတ်လန့်စေခြင်း .... .... | ၂၅၆ |
| ဣဒ္ဓိပါဒ်လေးပါး ပွါးများခဲ့လျှင် .... .... .... | ၂၅၈ |
| **ဗာဠ္ဍဂိလာနသုတ်** .... .... .... .... .... | ၂၅၉ |
| သတိပဋ္ဌာန် တန်ခိုးဣဒ္ဓိပါဒ်ကြီးပုံ .... .... .... | ၂၆၀ |
| **မဟာကပ္ပိနသုတ်** .... .... .... .... .... | ၂၆၁ |
| အာနာပါန သမာဓိ ပွါးလျှင် .... .... .... .... | ၂၆၂ |
| **ဣဋ္ဌာနင်္ဂလသုတ်** .... .... .... .... .... | ၂၆၃ |
| မြတ်စွာဘုရားတို့၏နေခြင်း .... .... .... .... | ၂၆၄ |
| **စက္ကဝတ္တိရာဇသုတ်** .... .... .... .... .... | ၂၆၆ |
| သောတာပတ္တိအင်္ဂါလေးပါး ပြည့်စုံမှု .... .... | ၂၆၆ |
| သောတာပတ္တိအင်္ဂါ အဘိုးတန်လှပုံ .... .... .... | ၂၆၇ |
| **ဒီဃာဝုဥပါသကသုတ်** .... .... .... .... | ၂၆၈ |
| မြတ်စွာဘုရားအား ပင့်လျှောက်ခြင်း .... .... | ၂၆၉ |
| ဒီဃာဝု လျှောက်ထားချက် .... .... .... | ၂၇၁ |
| ဝိဇ္ဇာဘာဂိယ တရားခြောက်ပါး .... .... .... | ၂၇၁ |
| သုဒ္ဓါဝါသဘုံသို့ လားခြင်း .... .... .... .... | ၂၇၃ |
| **ဝေဠုဒ္ဒါရေယျသုတ်** .... .... .... .... | ၂၇၄ |
| ကာမဂုဏ်မစွန့်ဘဲနှင့် နတ်ပြည်လှမ်းနိုင်သည့်နည်း .... | ၂၇၅ |
| ကိုယ်ချင်းစာ တရား .... .... .... .... | ၂၇၆ |
| အာကင်္ခနိယဌာန လေးပါး .... .... .... .... | ၂၇၉ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **ပဉ္စမ မဟာနာမသုတ်** .... .... .... .... | ၂၀၀ |
| ကပိလဝတ် နေပြည်တော် .... .... .... .... | ၂၀၂ |
| တရားငါးပါး .... .... .... .... .... | ၂၀၂ |
| ရေထည်း၌ ဆီအိုးခွဲလိုက်သလို .... .... .... | ၂၀၃ |
| **ဒုတိယ သရဏာနိသက္ကသုတ်** .... .... .... | ၂၀၄ |
| သောတာပန်မတည်သူ ရှိနိုင်ဦးမလား .... .... | ၂၀၅ |
| အပါယ်ဘုံမရောက်နိုင်သော ပုဂ္ဂိုလ် .... .... .... | ၂၀၇ |
| ညှံ့ဖျင်းသော မျိုးစေ့ .... .... .... .... | ၂၀၇ |
| လယ်ယာမြေကောင်း .... .... .... .... | ၂၀၈ |
| **ပဉ္စမ အနာထပိဏ္ဍိက သုတ်** .... .... .... .... | ၂၀၉ |
| အနာထပိဏ်သူဌေး မကျန်းမာချိန် .... .... .... | ၂၁၀ |
| ခဏာအတွင်း ရောဂါငြိမ်းဆေး .... .... .... | ၂၁၁ |
| မိစ္ဆတ္တတရား ဆယ်ပါး .... .... .... .... | ၂၁၁ |
| သမ္မတ္တတရား ဆယ်ပါး .... .... .... .... | ၂၁၂ |
| ရောဂါ ပျောက်ကင်းခြင်း .... .... .... .... | ၂၁၂ |
| **မဟာနာမသုတ်** .... .... .... .... .... | ၂၁၃ |
| ဥပါသကာစစ်စစ် .... .... .... .... | ၂၁၄ |
| ငါးပါးသီလ လုံခြုံလျှင် .... .... .... .... | ၂၁၅ |
| သဒ္ဓါတရားနှင့် ပြည့်စုံသူ .... .... .... .... | ၂၁၆ |
| စာဂတရားနှင့် ပြည့်စုံသူ .... .... .... .... | ၂၁၆ |
| ပညာရှိဥပါသကာ .... .... .... .... | ၂၁၇ |
| **ကာဠိဂေါဓသုတ်** .... .... .... .... .... | ၂၁၇ |
| သောတာပန်စင်စစ် .... .... .... .... | ၂၁၈ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| **နန္ဒိယသက္ကသုတ်** | ၃၀၀ |
| ပုထုဇဉ်ပက္ခတွင် ပါဝင်သူ | ၃၀၁ |
| မေ့မေ့လျော့လျော့ နေသောပုဂ္ဂိုလ် | ၃၀၂ |
| မမေ့မလျော့သော ပုဂ္ဂိုလ် | ၃၀၃ |
| **တိရစ္ဆာနကထာသုတ်** | ၃၀၄ |
| **ဓမ္မစက္ကပဝတ္တနသုတ်** | ၃၀၆ |
| သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံချိန် | ၃၀၇ |
| **အာသဝက္ခယသုတ်** | ၃၀၈ |
| **သီသပါဝနသုတ်** | ၃၀၉ |
| ယင်းတိုက်တော သီတင်းသုံးစဉ် | ၃၁၀ |
| မဟောကြားခဲ့သည့် တရားတော့ | ၃၁၁ |
| ယင်းတိုက်ရွက်ချင်း နှိုင်းစာသလို | ၃၁၁ |
| **ပဉ္စဂတိပေယျာလဝဂ်** | ၃၁၂ |
| မဟာဝုန်တော၌ သီတင်းသုံးစဉ် | ၃၁၃ |
| ဒုဂ္ဂတိဘုံသို့ လားသူတွေ များလှကြောင်း | ၃၁၃ |
| **သံယုတ္တနိကာယ်ကြီး၌ သိမှတ်ဖွယ်** | ၃၁၅ |

**မဟာဝဂ္ဂသံယုတ်ပါဠိတော် အမေးအဖြေ**
**မာတိကာ ပြီးပြီ**

သုတ္တန်ပိဋက

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်

# သံဂါယနာအမေးအဖြေ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နကုလပိတုသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ ဇာနတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ခန္ဓဝဂ္ဂ-သံယုတ္တေ ပဌမံ နကုလပိတုသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိဘံ။

ဝိ။ ။ဘဂ္ဂေသု ဘန္တေ သုသုမာရဂိရေ ဘေသကဠာဝနေ မိဂဒါယေ နကုလပိတရံ ဂဟပတိံ အာရဗ္ဘ ဘာသိတံ။ နကုလပိတာ ဘန္တေ ဂဟပတိ ဘဂဝန္တံ ဧတဒဝေါစ “အဟမသ္မိ ဘန္တေ ဇိဏ္ဏော ဝုဍ္ဎော မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော အာတုရကာယော အဘိက္ခဏာတင်္ကော၊ အနိစ္စဒဿာဝီ ခေါ ပနာဟံ ဘန္တေ ဘဂဝတော မနောဘာဝနီယာနဉ္စ ဘိက္ခူနံ၊ ဩဝဒတု မံ ဘန္တေ ဘဂဝါ၊ အနုသာသတု မံ ဘန္တေ ဘဂဝါ၊ ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယာ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ဧဝမေတံ ဂဟပတိ၊ ဧဝမေတံ ဂဟပတိ၊ အာတုရော ဟာယံ ဂဟပတိ ကာယော အဏ္ဍဘူတော ပရိယောနဒ္ဓေါ၊ ယော ဟိ ဂဟပတိ ဣမံ ကာယံ ပရိဟရန္တော မုဟုတ္တမ္ပိ အာရောဂျံ ပဋိဇာနေယျ၊ ကိမညတြ ဗာလျာ။ တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ ‘အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတီ’တိ။ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗ”န္တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် ခန္ဓဝဂ္ဂသံယုတ်၌ ရှေးဦးစွာ သံဂါယနာတင်ထားသော နကုလပိတုသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ဘဂ္ဂတိုင်း အဝင်အပါ သုသုမာရဂိရမြို့၏ အနီး သားတို့အား ဘေးမဲ့ပေးရာဖြစ်သော ဘေသကဠာမည်သော ဘီလူးမ စိုးအုပ်သော တောအုပ်၌ သီတင်းသုံးနေတော်မူစဉ် ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဘဂ္ဂတိုင်းအဝင်အပါ သုသုမာရဂိရမြို့၏အနီး ဘေသကဠာ မည်သော တောအုပ်အရပ်၌ သီတင်းသုံးနေတော်မူသောအခါ ထိုသုသုမာရဂိရမြို့အတွင်း၌ ဘဝငါးရာ ဆက်ကာပင်လျှင် မြတ်စွာဘုရား၏ အမိ အဘ ဖြစ်ခဲ့ဘူး၍ ဘဝငါးရာ ဆက်ကာပင်လျှင် မြတ်စွာဘုရား၏ မိကြီး ဘကြီး ဖြစ်ခဲ့ဘူး၍ ဘဝများစွာ ငါးရာဆက်၍ပင်လျှင် မြတ်စွာဘုရား၏ မိထွေး ဘထွေး ဖြစ်ခဲ့ကြဘူးသော နကုလမည်သော သူဌေး၏ အမိအဘ ဖြစ်သော နကုလပိတာ, နကုလမာတာ အမည်ရသော ဥပါသကာ, ဥပါသိကာ တို့ ရှိကြပါသည်။

ထိုအခါ နကုလပိတာ အမည်ရသော ဥပါသကာ ဒါယကာသည် ဘုရား ထံမှောက် သွားရောက်ပြီးလျှင် အဟမသ္မိ ဘန္တေ ဇိဏ္ဏော ဝုဍ္ဎော မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊အကျွန်ုပ်သည် ကား အိုမင်းခဲ့ပါပြီ၊ ကြီးရင့်ခဲ့ပါပြီ ကြီးသောဇာတိလည်း ရှိခဲ့ပါပေပြီ၊ မင်း နှစ်ဆက် သုံးဆက် လွန်မြောက်ရောက်ခဲ့ပါပေပြီ၊ ပစ္ဆိမအရွယ်တိုင်မြောက် ရောက်ခဲ့ပါပေပြီ၊ အကျွန်ုပ်၏ ကိုယ်သည်ကား ဇရာတည်းဟူသော နာကျင် ခြင်း, ဗျာဓိတည်းဟူသော နာကျင်ခြင်းဖြင့် အမြဲတစေ နာကျင်လျက်ရှိ၍ နေပါပေသည်၊ ခဏခဏပင် အကျွန်ုပ်၏ ကိုယ်ခန္ဓာဝယ် ရောဂါဥပါဒ်တို့ ကျရောက်လျက် ရှိပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အကျွန်ုပ်သည် ကား ရှင်တော်ဘုရားအားရင်း စိတ်နှလုံးကို ပွါးစေတော်မူတတ်သည့်သံဃာ တော်အရှင်မြတ်များအားရင်း အမြဲတစေ ဖူးမျှော်၍ နေနိုင်သူ မဟုတ်ပါ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရားသည် အကျွန်ုပ်ကို အဆုံးအမ ဩဝါဒ ပေးတော်မူပါ၊ အကျွန်ုပ်ကို အနုသာသနီစကား မိန့်ကြားတော်မူပါ ဟု တောင်းပန် လျှောက်ထားခဲ့ပါသည်။

## ကိုယ်ခန္ဓာ၌ ရောဂါမကင်းနိုင်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဧဝမေတံ ဂဟပတိ၊ ဧဝမေတံ ဂဟပတိ-အစရှိသည်ဖြင့်—

နကုလပိတာ ဒါယကာ....၊ ဤသင်လျှောက်ဆိုသည့်အတိုင်း မှန်လှပါပေ၏၊ ဤသင်လျှောက်ဆိုသည့်အတိုင်း မှန်လှပါပေ၏။

နကုလပိတုဒါယကာ....၊ ဤရုပ်ခန္ဓာကိုယ်သည်ကား ဇရာတည်းဟူသော နာကျင်ခြင်း, ဗျာဓိတည်းဟူသော နာကျင်ခြင်းတို့ဖြင့် အမြဲတစေ နာကျင်နှိပ်စက်ခံ၍သော နေရပေ၏။

နကုလပိတုဒါယကာ....၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည် ဤသို့ ဇရာတုရ, ဗျာဓိအာတုရတို့ဖြင့် အမြဲတစေ နာကျင်၍နေသော ဤရုပ်ကိုယ်ကို ဆောင်နေရသည် ဖြစ်ပါလျက် အနာကင်းခြင်းကို တမုဟုတ်မျှ ဝန်ခံငြားအံ့၊ ထိုသို့ ဝန်ခံသော ပုဂ္ဂိုလ်အား မသိခြင်းမှတပါး အကြောင်းမရှိတော့ပြီ။

## စိတ်ခန္ဓာ၌ ရောဂါကင်းအောင်နေ

တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။

သို့ရကား နကုလပိတာ ဒါယကာ....၊ သင်သည် ဤသို့ အကျဉ်းချုပ်အားဖြင့် ကျင့်ကြံ ကြိုးကုတ် အားထုတ်ပါလေ။

အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ။

ငါ၏ ရူပကာယသည် ဇရာတည်းဟူသော နာကျင်ခြင်း, ဗျာဓိတည်းဟူသော နာကျင်ခြင်းတို့ဖြင့် ဤခန္ဓာကိုယ် ရူပကာယကို အနှိပ်စက် ခံရစေကာမူ ငါ၏ စိတ်သန္တာန် အစဉ်ကိုကား ကိလေသာတည်းဟူသော အနာရောဂါတို့ဖြင့် အနှိပ်စက်မခံရအောင် နေမည်ဟူ၍ အသင် နကုလပိတုဒါယကာသည် ကျင့်ကြံကြိုးကုတ် အားထုတ်ပါလေဟူ၍ သဗ္ဗညုမြတ်စွာ **ဘုရားသည် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် သုသုမာရဂိရမြို့**

အရပ်ဝယ် နကုလပိတာ အမည်ရသော ဉပါသကာကို အကြောင်းပြု၍ ဤ နကုလပိတုသုတ္တန်ဒေသနာတော်မြတ်ကို ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

## အရှင်သာရိပုတ္တရာ အကျယ်ချဲ့ဟောခြင်း

ပု။ ။တဉ္စာဝုသော ဘဂဝတာ သံခိတ္တေန ဘာသိတံ ဝိတ္ထာရေန ကေန ကထဉ္စ ဝိဘတ္တံ။

ဝိ။ ။တံ ခေါ ဘန္တေ ဘဂဝတာ သံခိတ္တေန ဒေသိတံ "ကထဉ္စ ဂဟပတိ အာတုရကာယော စေဝ ဟောတိ အာတုရစိတ္တော စ။ ဣဓ ဂဟပတိ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကော-ဝိဒေါ အရိယဓမ္မေ အဝိနီတော၊ သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသ-ဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ၊ "အဟံ ရူပံ မမ ရူပ"န္တိ ပရိယုဋ္ဌဋ္ဌာယီ ဟောတိ။ တဿ "အဟံ ရူပံ မမ ရူပ"န္တိ ပရိယုဋ္ဌဋ္ဌာယိနော တံ ရူပံ ဝိပရိဏမတိ အညထာ ဟောတိ။ တဿ ရူပဝိပရိဏာမညထာဘာဝါ ဥပ္ပဇ္ဇန္တိ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ"တိ ဧဝမာဒိနာ ဘန္တေ အာယသ္မတာ သာရိပုတ္တေန ဓမ္မသေနာပတိနာ ဝိတ္ထာရေန ဝိဘတ္တံ။

မေး။ ။ထိုနကုလပိတု မည်သော သုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အကျဉ်းမျှသာလျှင် ဟောကြားတော်မူခဲ့ပေ၏၊ ထိုသို့ အကျဉ်းမျှသာ ဟော ကြားတော်မူခဲ့သော နကုလပိတုသုတ္တန်ဒေသနာတော်ကို အကျယ်အားဖြင့် အဘယ်မည်သောပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ချဲ့ထွင်၍ ဝေဘန်ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအကျဉ်းအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်သော နကုလပိတုသုတ္တန်ဒေသနာတော်မြတ်ကို တရားသေနာပတိ ချုပ် ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သျှင်မြတ်သည် အကျယ်အားဖြင့် ချဲ့ထွင်၍ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်၊ နကုလပိတာ အမည်ရသော ဥပါသကာ ဒါယကာသည် စကြဝဠာတေးမင်းကြီးထံ၌ ခ-စားပြီးသော ပုဂ္ဂိုလ်သည် သားကြီး ဥပရာဇာ၏ထံသို့ တဖန် သွားရောက်ဘိသကဲ့သို့ ထိုအာဘူ သဗ္ဗညုမြတ်စွာဘုရားအထံမှ အကျဉ်းချုပ်ဖြစ်သော ဩဝါဒ အနုသာသနီစကားကို ကြားနာပြီးလျှင် တရားစစ်မှူး သားတော်ဥပရာဇာ ဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်ထံသို့ သွားရောက်၍ ရိုသေစွာ ရှိခိုးဦးညွတ်ပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုအခါ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်က ဝိပ္ပသန္နာနိ ခေါ တေ ဂဟပတိ ဣန္ဒြိယာနိ၊ ပရိသုဒ္ဓေါ မုခဝဏ္ဏော ပရိယောဒါတော-အစရှိသည်ဖြင့်—

အို နကုလပိတာ ဒါယကာ....၊ အသင်၏ စက္ခု သောတ အစရှိသော ဣန္ဒြေတို့သည်ကား အထူးသဖြင့် ကြည်လင်လှပါပေကုန်၏၊ မျက်နှာအဆင်းသည်ကား သန့်ရှင်း ကြည်လင်တောက်ပလှပါပေ၏၊ ယနေ့ သဗ္ဗညုမြတ်စွာဘုရားအထံမှ တရားနှင့်ယှဉ်သော စကားကို ကြားနာခွင့်ကို ရခဲ့ပါသလော ဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ နကုလပိတာ ဥပါသကာ ဒါယကာသည် ကထံ ဟိ နော သိယာ ဘန္တေ-အစရှိသည်ဖြင့်—

အို အရှင်ဘုရား....၊ အဘယ်မှာလျှင် တရားနာခွင့်ကို မရဘဲ ရှိပါအံ့နည်း၊ ယခုပင်လျှင် တပည့်တော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် တရားတည်း ဟူသော အမြိုက်ရည်ဖြင့် သွန်းလောင်းအပ်ပါပြီ ဟု ပြန်ကြားလျှောက်ထားသောအခါ—

ဘယ်ပုံ ဘယ်ပန်းဖြင့် သဗ္ဗညုမြတ်စွာဘုရားက အသင့်ကို တရားအမြိုက်ရည်ဖြင့် သွန်းလောင်းအပ်ပါသနည်း ဟု မေးမြန်းလတ်သည်ရှိသော် နကုလပိတာ ဥပါသကာသည် ဘုရားထံမှောက် မိမိရောက်ခဲ့သော အခြင်းအရာ မိမိလျှောက်ထားပုံအခြင်းအရာ သဗ္ဗညုမြတ်စွာဘုရား ပြန်ကြား၍ ဟောကြားတော်မူပုံ အခြင်းအရာ အလုံးစုံကို အရှင်သာရိပုတ္တရာ မထေရ်သူမြတ်အား ပြန်ကြားလျှောက်ထားပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည်မြတ်က—

နကုလပိတာဒါယကာ....၊ ဤသို့ မြတ်စွာဘုရားက ရူပကာယကိုယ်မှာ အနာရောဂါ တည်းဟူသော နာကျင်မှု နှိပ်စက်စေကာမူ စိတ်သန္တာန်အစဉ်မှာ ကိလေသာ အနာရောဂါ မနှိပ်စက်အောင် နေရမည် ဟု အကျဉ်းချုပ် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူသောအခါ မည်သို့သော အခြင်းအရာဖြင့် ကျင့်ကြံလျှင် ရူပကာယ ရော-နာမကာယ ပါ နာကျင်ပင်ပန်းနွမ်းနယ်၍ မည်သို့သော အခြင်းအရာအားဖြင့် ကျင့်ကြံသည်ရှိသော် ရူပကာယသာလျှင် နာကျင် ပင်ပန်း၍ စိတ်သန္တာန် အစဉ်တည်းဟူသော နာမကာယ မနာကျင် မပင်ပန်းမှု ဖြစ်ပါသနည်းဘုရား ဟူ၍ အသင်နကုလပိတာ ဒါယကာ၏ ဉာဏ်ဝဝယ် မြတ်စွာဘုရားအား မေးမြန်းဘို့ရန် မထင်ပါသလော ဟု မေးမြန်း တော်မူလတ်သောအခါ—

အို အရှင်သာရိပုတ္တရာ မထေရ်သည်မြတ်ဘုရား....၊ တပည့်တော်တို့သည် အဝေးအရပ်မှပင်လျှင် အရှင်ဘုရားထံမှောက်သို့ ဤတရားတော်ကို ကြား နာဘို့ရန် လာရောက်ရမည် ဖြစ်ပါသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ဘုရား....၊ ယခု ဆိုအပ်သော အနက် အဓိပ္ပါယ်၏ အကျယ် အနက်အဓိပ္ပါယ်ကို အရှင်ဘုရား၏ ဉာဏ်ဝဝယ် ထင် တော်မူပါ၊ ဟောပြတော်မူပါ ဟု တောင်းပန်လျှောက်ထားသည်ဘင် ကထဉ္စ ဂဟပတိ အာတုရကာယော စေဝ ဟောတိ အာတုရစိတ္တော စ-အစရှိ သည်ဖြင့်—

## ရုပ်လည်းပင်ပန်း စိတ်လည်းနွမ်းနယ်

နကုလပိတာ ဒါယကာ....၊ မည်သို့သော အခြင်းအရာဖြင့် ရူပကာယ ကိုယ်လည်းပင်ပန်း၍ စိတ်သန္တာန်အစဉ်လည်း နွမ်းနယ်မှု ဖြစ်ပါသနည်း။

နကုလပိတာ ဒါယကာ....၊ ဤလောကဝယ် ပညာဗဟုဿုတ လုံးဝမရှိ သော အန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်သည် အရိယာသူတော်ကောင်းတို့ကိုလည်း ဉာဏ်မျက်စိဖြင့် မမြင်ဘူး၊ အရိယာသူတော်ကောင်းတို့၏ သတိပဋ္ဌာန် သမ္မပ္ပဓာန် အစရှိသော ဗောဓိပက္ခိယတရားတို့၌ လိမ်လည်းမလိမ်မာ၊ အရိယာ သူတော်ကောင်းတို့၏ ဗောဓိပက္ခိယတရားတို့၌ မကျွမ်းလည်း မကျွမ်းကျင်၊ အရိယာ သူတော်ကောင်းတို့၏ ဗောဓိပက္ခိယတရားတို့၌ သတိသံဝရ ပဟာန

သံဝရ တည်းဟူသော သံဝရနှစ်ပါးတို့ဖြင့် သံဝရဝိနည်း ပဟာနဝိနည်း တည်းဟူသော နှစ်ရပ်သော ဝိနည်းတို့ဖြင့် ယဉ်ကျေးအောင် ဆုံးမပြီး မဟုတ်သော အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်သည် ရုပ်ကိုရင်း ဝေဒနာကိုရင်း သညာကိုရင်း သင်္ခါရကိုရင်း ဝိညာဉ်ကိုရင်း ဤခန္ဓာငါးပါးတို့ဝယ် တပါးတပါး၌ ရုပ်သည်ပင် အတ္တလိပ်ပြာကောင်တည်း၊ အတ္တလိပ်ပြာသည်ပင် ရုပ်တည်း ဟူ၍သော်ရင်း၊ ရုပ်သည် အတ္တရှိ၏၊ ရုပ်၌ အတ္တသည် တည်၏ ဟူ၍ရင်း၊ အတ္တ၌ ရုပ်သည် တည်၏ ဟူ၍ရင်း သက္ကာယဒိဋ္ဌိအားဖြင့် ရှုကြည့်ပါသည်။

ထိုအတူ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ခန္ဓာလေးပါးတို့၌လည်း လေးပါးစီ လေးပါးစီ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ စွဲငြိခဲ့ပါသည်။

ထိုအန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်သည် ထိုရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငါသည်ပင် ရုပ်တည်း၊ ရုပ်သည်ပင် ငါတည်း။ ငါသည် ဝေဒနာတည်း၊ ဝေဒနာသည် ငါတည်း။ သညာသည် ငါတည်း။ သင်္ခါရသည် ငါတည်း။ ဝိညာဉ်သည် ငါတည်း ဟူ၍ မာနအစွဲအားဖြင့် ဖြစ်စေ၊ ငါ၏ရုပ် ငါ၏ဝေဒနာ ငါ၏သညာ ငါ၏သင်္ခါရ ငါ၏ဝိညာဉ် ဟူ၍ ဒိဋ္ဌိစွဲအားဖြင့်ဖြစ်စေ ထိုခန္ဓာငါးပါးတို့၌ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် လွှမ်းမိုး၍ တည်ရှိပါ၏။

ထိုသို့ ခန္ဓာငါးပါးတို့၌ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် လွှမ်းမိုး၍ တည်ရှိသော အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်အား ထိုသို့တည်ရှိစဉ်ပင်လျှင် ထိုရုပ်နာမ် နှစ်ဖြာ ခန္ဓာငါးပါးတို့သည် ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွါးကြရပါသည်။

သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွါးမှုတည်းဟူသော အကြောင်းကြောင့် ထိုအန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်အား သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော အကုသိုလ်တရားတို့ တိုးပွါး၍ ဖြစ်ရပါကုန်သည်။

နကုလပိတာ ဒါယကာ....၊ ဤဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ရူပကာယ ရော စိတ်သန္တာန်အစဉ်ပါ ဤနှစ်ဖြာသော ရုပ်ကိုယ် နာမ်ကိုယ် နှစ်ရပ်တို့၌ ရောဂါတုရ, ဇရာတုရ, ကိလေသာတုရ တည်းဟူသော နာကျင်ခြင်း သုံးမျိုးဖြင့် နှိပ်စက်ခံရခြင်း ဖြစ်ပါတော့သည်။

## ရုပ်သာပင်ပန်း စိတ်မနွမ်းနယ်သူ

နကုလပိတာ ဒါယကာ....၊ ပညာဗဟုသုတရှိသော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ် သူမြတ်သည်ကား အရိယာသူတော်ကောင်းတို့ကို ဉာဏ်မျက်စိဖြင့် ဖူးမျှော်ဘူး၊ အရိယာသူတော်ကောင်းတို့၏ ဗောဓိပက္ခိယတရားဘို့၌ လိမ္မာ၊ အရိယာသူတော်ကောင်းတို့၏ ဗောဓိပက္ခိယတရားဘို့၌ သံဝရဝိနည်း ပဟာန ဝိနည်း နှစ်ပါးဘို့ဖြင့် ယဉ်ကျေးအောင် ဆုံးမပြီးဖြစ်သည် ဖြစ်၍ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါးဝယ် နှစ်ဆယ်သော သက္ကာယဒိဋ္ဌိအစွဲတို့ဖြင့် စွဲလမ်းမှုလည်း မရှိပါ၊ ထိုခန္ဓာငါးပါးတို့၌ ငါသည် ရုပ်တည်း၊ ငါသည် ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ် တည်းဟု မာနစွဲအားဖြင့်၎င်း၊ ငါ၏ရုပ်, ငါ၏ဝေဒနာ, ငါ၏သညာ, ငါ၏သင်္ခါရ, ငါ၏ဝိညာဉ် ဟူ၍ တဏှာစွဲအားဖြင့်၎င်း လွှမ်းမိုး၍ တည်မှုလည်း မရှိပါ။

အို နကုလပိတာ ဒါယကာ....၊ ထိုသို့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါးတို့၌ တဏှာ မာန ဒိဋ္ဌိအားဖြင့် လွှမ်းမိုး၍ မတည်သော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်၏ သန္တာန်ဝယ် ထိုခန္ဓာငါးပါးတို့သည် ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွါးလေရာပါသည်။

သို့ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွါးသော်လည်း သက္ကာယဒိဋ္ဌိနှစ်ဆယ် နဂိုရ်ကပင် မငြိတွယ်သည် ဖြစ်သောကြောင့် ထို ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်အား ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးဘို့၏ ဖောက်ပြန် ထွေပြားစွာ ဖြစ်ပွါးမှုတည်းဟူသော အကြောင်းကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော နာမ်တရားတို့အပေါ်ဝယ် ကျရောက်သော အနာရောဂါမျိုး မဖြစ်နိုင်ပါ။

နကုလပိတာ ဒါယကာ....ဤဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အရိယာသာဝက ပုထုဇဉ်ပုဂ္ဂိုလ်သည် ရူပကာယသာလျှင် အနာရောဂါ တို့ဖြင့် ကျင်နာနှိပ်စက်၍၊ သို့ ကျင်နာနှိပ်စက်သော်လည်း စိတ်သန္တာန်အစဉ် ဝယ် ကိလေသာ တည်းဟူသော အနာရောဂါတို့ဖြင့် မကျင်နာမှု အနှိပ်စက် မခံရမှု ဖြစ်ပါသည် ဟူ၍ တရားစစ်မှူး ဖြစ်တော်မူသော ဓမ္မသေနာပတိ သာရိပုတ္တရာမထေရ်သူမြတ်သည် ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာ

အားဖြင့် နကုလပိတာ အမည်ရသော ဥပါသကာအား သဗ္ဗညုမြတ်စွာဘုရား အကျဉ်း ဟောကြားတော်မူအပ်သော အဆုံးအမစကားကို စိတ်ဖြာခွဲခြား အကျယ်အားဖြင့် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

နကုလပိတုသုတ် ပြီး၏

## အနိစ္စသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဒုတိယဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မသံဂါဟက မဟာထေရေဟိ ပဌမံ သံဂီတံ အနိစ္စသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ "ရူပံ ဘိက္ခဝေအနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ 'ဝိမုတ္တ'မိတိ ဉာဏံ ဟောတိ"တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုခန္ဓဝဂ္ဂသံယုတ်၌ပင်လျှင် ဒုတိယဝဂ်၌ ရှေးသံဂါယနာ တင် မဟာထေရ်မြတ်တို့ ရှေးဦးစွာ သံဂါယနာ တင်ထားခဲ့သော အနိစ္စသုတ် မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပဋိဂ္ဂါဟက-တရား နာ ရဟန်းတော်တို့ကို အကြောင်းပြု၍ ရူပံ ဘိက္ခဝေ အနိစ္စံ ဝေဒနာ ဘိက္ခဝေ အနိစ္စာ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ဤရူပက္ခန္ဓာသည် ဖြစ်ပြီးလျှင် ချုပ်ပျောက်လေ သောကြောင့် အနိစ္စသာတည်း၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

ဝိညာဏက္ခန္ဓာ တည်းဟူသော နာမ်ခန္ဓာ တရားတို့သည်လည်း ဖြစ်ပြီးလျှင် ခဏအတွင်း ချုပ်ပျောက်တတ်သောကြောင့် အနိစ္စတို့သာတည်း။

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော၊ ချစ်သား ရဟန်းတို့ ...၊ ဤသို့ ခန္ဓာငါးပါးတို့ကို အနိစ္စ ဟူ၍ ရှုမြင်သော ပညာဗဟုသုတနှင့် ပြည့်စုံသော ငါဘုရား၏တပည့်သားသာဝကသည် ခန္ဓာငါးပါးတို့၌ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ကို ရတော့သည်၊ နိဗ္ဗိဒါဉာဏ် ရင့်သန်လတ်သည်ရှိသော် ဝိရာဂအမည်ရသော တပ်ခြင်းကင်းသော ဉာဏ်အစဉ်သို့ ရောက်တော့သည်၊ ဝိရာဂမည်သော တပ်ခြင်းကင်းသော ဉာဏ်အစဉ်မှ အခြားမဲ့ဝယ် ဝိမုစ္စန မည်သော မဂ်ဉာဏ်၊ ထို၏အခြားမဲ့ဝယ် ဝိမုတ္တမည်သော ဖိုလ်ဉာဏ်သို့ရောက်၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကိလေသာတို့မှ လွတ်သည်ကို လွတ်သည် ဟူ၍ ကောင်းစွာ သိတော့သည် ဟူ၍ အရဟတ္တဖိုလ်အထွဋ်တပ်အပ်သည့် ဤအနိစ္စသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနိစ္စသုတ် ပြီး၏

## ဒုက္ခ နှင့် အနတ္တသုတ်

ပု။ ။ဒုက္ခအနတ္တသုတ္တာနိ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထိတ္ထ ဘာသိဘာနိ။

ဝိ။ ။သာဝတ္ထိယံ ယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ဝေဒနာ ဒုက္ခာ၊ သညာ ဒုက္ခာ၊ သင်္ခါရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒဘိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ 'ဝိမုတ္တ'မိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ဒုက္ခသုတ္တန် အနတ္တသုတ္တန်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်မှာပင် များစွာသော တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ဝေဒနာ ဒုက္ခာ၊ သညာ ဒုက္ခာ၊ သင်္ခါရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ အစရှိသည်ဖြင့်၎င်း၊ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ အစရှိသည်ဖြင့်၎င်း ယခင်အနိစ္စသုတ္တန်နည်းတူ အရဟတ္တဖိုလ် အထွဋ်တပ်လျက် ဤဒုက္ခသုတ္တန်ဒေသနာတော်မြတ် အနတ္တသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒုက္ခနှင့်အနတ္တသုတ် ပြီး၏

---

## ဘာရသုတ်

ပု။ ။ဘာရသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဘာရဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ၊ တံ သုဏာထ။ ကတမော စ ဘိက္ခဝေ ဘာရော၊ 'ပဉ္စုပါဒါနက္ခန္ဓာ' တိဿ ဝစနီယံ။ ကတမေ ပဉ္စ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဘာရသုတ္တန်မည်သော တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်မှာပင် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ ဘာရဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....သင်ချစ်သားတို့အား ငါဘုရားသည် ဝန်ထုပ် ဝန်ပိုးကြီး ငါးမျိုးကို၎င်း၊ ထိုဝန်ထုပ်ဝန်ပိုးကို သည်ပိုး၍ထားသော ပုဂ္ဂိုလ်ကို ၎င်း၊ထိုဝန်ထုပ်ဝန်ပိုးတို့ကို ဆွဲကိုင်တွယ်ယူကြောင်းဖြစ်သော တရားတို့ကို၎င်း၊ ထိုဝန်ထုပ်ဝန်ပိုးကြီး ငါးမျိုးတို့ကို စွန့်ပစ်ချသွန်ရာ ဖြစ်သော တရားကို၎င်း ဤလေးပါးသော တရားတို့ကို ငါဘုရားသည် အကျယ်အားဖြင့် ဟောကြား ပေအံ့ ဟူ၍ တိုက်တွန်းတော်မူပြီးလျှင် ကတမော စ ဘိက္ခဝေ ဘာရော- အစရှိသည်ဖြင့်—

## ဝန်ထုပ်ဝန်ပိုးစသော တရားငါးပါး

ချစ်သား ရဟန်းတို့....ဝန်ထုပ် ဝန်ပိုးကြီး ငါးမျိုး ဟူသည်မှာ အဘယ် တရားတို့ ဖြစ်ပါသနည်း ဟု မေးမြန်းလတ်သည်ရှိသော် ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ, တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး ဤတရားအစုတို့သည် ဝန်ထုပ် ဝန်ပိုးပါတည်း ဟု ဖြေကြားအပ်၏၊ ဝန်ထုပ် ဝန်ပိုး ဟူသော အမည်သည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အမည်သာလျှင် ဖြစ်ချေ၏။

ချစ်သားရဟန်းတို့....ဝန်ထုပ် ဝန်ပိုးကို သည်ပိုး၍ ထားသော ပုဂ္ဂိုလ် ဟူသည်မှာ ဗုဒ္ဓရက္ခိတ ဓမ္မရက္ခိတ စသော အမည်ရှိသော ကဿပအနွယ် ဝါသေဋ္ဌအနွယ် ဘာရဒွါဇအနွယ် စသည် အနွယ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ယူ ပညတ်အပ်သော သတ္တဝါသည်ပင်လျှင် ဝန်ထုပ်ဝန်ပိုးကို သည်ပိုး၍ ထမ်းသော ဝန်ထမ်းယောကျ်ားပင် ဖြစ်တော့သည်။

ချစ်သားရဟန်းတို့....ခန္ဓာငါးပါးတည်းဟူသော ဝန်ထုပ်ဝန်ပိုးကို ဆွဲကိုင် ကြောင်း တရား ဟူသည်မှာ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာအားဖြင့် ထွေပြားသည့် တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နန္ဒီရာဂသဘောနှင့်တကွ ဖြစ်သော လောဘတရားပင်လျှင် ဝန်ထုပ်ဝန်ပိုးကို ဆွဲဆောင်ကြောင်း တရား ဟူ၍ မှတ်ယူရာ၏။

ချစ်သား ရဟန်းတို့....၊ထိုတဏှာ၏အကြွင်းမဲ့ချုပ်ရာ တဏှာကို စွန့်ပစ်ရာ တဏှာမှ လွတ်ရာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားသည်ကား ဝန်ထုပ် ဝန်ပိုးကို ချဘို့ရာ ဌာနဖြစ်ပေ၏ ဟု ဟောကြားတော်မူ၍——

အဆုံးဝယ် ဤဒေသနာတော်ကို နိဂုံးချုပ်သော အနေအားဖြင့်——

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရော စ ပုဂ္ဂလော။
ဘာရာဒါနံ ဒုခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။
နိက္ခိပိတွာ ဂရုံ ဘာရံ၊ အညံ ဘာရံ အနာဒိယ။
သမူလံ တဏှမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

ဟူ၍ ဤဘာရမည်သော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် အရပ် ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဘာရသုတ် ပြီး၏

---

## နတုမှာကသုတ်

ပု။ ။န တုမှာကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ယံ ဘိက္ခဝေ နတုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ-ဘဝိဿတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။နတုမှာက သုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ယံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....၊အကြင် တရားသည် သင်ချစ်သားတို့၏ ဥစ္စာ မဟုတ်၊ သို့ သင်ချစ်သားတို့၏ ဥစ္စာမဟုတ်သော တရားကို သင်ချစ်သားတို့ သည် ပယ်စွန့်ကြကုန်လော့....။

ချစ်သားရဟန်းတို့....|မိမိတို့၏ ဥစ္စာမဟုတ်သောတရားဟူသည် အဘယ်တရား နည်းဟူမူကား—

## ကိုယ်ပိုင်ဥစ္စာ မဟုတ်

ချစ်သား ရဟန်းတို့....|ရူပက္ခန္ဓာတရားသည် သင်ချစ်သားတို့၏ ဥစ္စာမဟုတ်၊ ထိုရူပက္ခန္ဓာ၌ တွယ်တာတပ်မက်သော တဏှာကို ပယ်စွန့်သောအားဖြင့် သင်ချစ်သားတို့ ပယ်ရှားကြကုန်။

ဝေဒနာက္ခန္ဓာ။သညာက္ခန္ဓာ။ သင်္ခါရက္ခန္ဓာ။ ဝိညာဏက္ခန္ဓာသည်လည်း သင်ချစ်သားတို့၏ ဥစ္စာမဟုတ်၊ ထိုသင်ချစ်သားတို့၏ ဥစ္စာမဟုတ်သော ဝိညာဏက္ခန္ဓာကိုလည်း ထိုခန္ဓာကို အာရုံပြု၍ တွယ်တာသော တဏှာကို ပယ်သောအားဖြင့် သင်ချစ်သားတို့သည် ပယ်ရှားကြကုန်....။

ထိုသို့ ခန္ဓာငါးပါးတို့ကို ပယ်ရှားအပ်သည်ရှိသော် သင်ချစ်သားတို့အား ရှည်သျားစွာသော နေ့ညဥ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်လေရာ၏။

## ဇေတဝန်ရှိ ရုပ်လိုပင်

ချစ်သားရဟန်းတို့....၊ လောက ဥပမာအားဖြင့် ဤဇေတဝန်ကျောင်းအတွင်းဝယ် အမှိုက်သရိုက် မြက် သစ်ပင် ထင်းတုံးတို့ကို လူအပေါင်းသည် ပယ်ရှားသော်မူလည်း ပယ်ရှားသေရာ၏၊ မီးဘိုက်သော်မူလည်း မီးတိုက်လေရာ၏၊ အလိုရှိတိုင်း တစုံတခုကို ပြုသော်မူလည်း ပြုလေရာ၏၊ ထိုသို့ ပြုသောအခါ သင်ချစ်သားတို့၏ စိတ်သန္တာန်ဝယ် ဤလူအပေါင်းသည်ကား ငါတို့ကို ပယ်ရှား၏ ဟူ၍ငြင်း၊ ငါတို့ကို မီးတိုက်၏ ဟူ၍ငြင်း၊ ငါတို့ကို သူတို့ အလိုရှိရာ ပြု၏ဟူ၍ငြင်း မှတ်ထင်ပါကုန်သေးသလော ဟု မေးမြန်းတော်မူပါသည်။

မမှတ်ထင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် အဘယ်ကြောင့် ထိုသို့ မမှတ်ထင်သနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရဟန်းတော် အရှင်သူမြတ်တို့က—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤဇေတဝန်ကျောင်းအတွင်းဝယ် ရှိသော မြက်ထင်း သစ်ပင် သစ်ခက် အမှိုက်သရိုက် စသည်တို့သည် တပည့်တော်တို့၏ အတ္တလိပ်ပြာလည်း မဟုတ်ပါ၊ တပည့်တော်တို့၏ အတ္တ၏ဥစ္စာလည်း မဟုတ်ပါ၊ ထို့ဖြစ်သောကြောင့် တစုံတခု တုန်လှုပ်ခြင်း

မရှိပါ ဟု ပြန်ကြားလျှောက်ထားသည်ဘွင် သဗ္ဗညုမြတ်စွာဘုရားသည် ဧဝ မေဝ ခေါ ဘိက္ခဝေ ရူပံ န တုမှာကံ တံ ပဇဟထ-အစရှိသည်ဖြင့် —

ချစ်သား ရဟန်းတို့....ဤနည်းအတူပင်လျှင် သင်ချစ်သားတို့ သန္တာန်၌ ရှိသော ရူပက္ခန္ဓာသည်လည်း ဤဇေတဝန်ကျောင်းအဘွင်းမှာ တည်ရှိသော မြက် သစ်ပင် အမှိုက်သရိုက်ဘို့ကဲ့သို့ပင်လျှင် သင်ချစ်သားဘို့၏ ဥစ္စာမဟုတ် ပါတကား....၊ ဝေဒနာက္ခန္ဓာသည်လည်း ထို့အတူ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာငါးပါးတရားအစုသည် ဤဇေဝတန် ကျောင်းအတွင်းမှာ ရှိသော မြက် ထင်း သစ်ရွက် သစ်ခက် အမှိုက်သရိုက်တို့ အတူ သင်ချစ်သားတို့၏ ဥစ္စာဟူ၍ မြူမျှ မရှိပါတကား....။

သို့ သင်ချစ်သားတို့၏ ဥစ္စာစင်စစ်မဟုတ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တရားဘို့ကို ထိုတရားဘို့၌ တွယ်တာတပ်မက်တတ်သော တဏှာလောဘကို ပယ်ရှားသောအားဖြင့် သင်ချစ်သားတို့သည် ပယ်ရှား ကြကုန်လော့၊ သို့ ပယ်ရှားအပ်သည်ရှိသော် သင်ချစ်သားတို့ ရှည်လျားစွာ သော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်လေရာသည် ဟု ဤ နတုမှာက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် အရပ်ဝယ် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် များစွာသော ရဟန်းတော် တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

နတုမှာကသုတ် ပြီး၏

---

## အနတ္တလက္ခဏသုတ်

ပု။ ။အနတ္တလက္ခဏသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။ဗာရာဏသိယံ ဘန္တေ ဣသိပတနေ မိဂဒါယေ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ "ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘ ဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အနတ္တလက္ခဏသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောအရပ်ဝယ် ပဉ္စဝဂ္ဂီမထေရ် ငါးဦးတို့ကို အကြောင်းပြု၍ ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ-အစရှိသည်ဖြင့် ဤအနတ္တလက္ခဏသုတ္တန်ဒေသနာတော်မြတ်ကို ပဉ္စဝဂ္ဂီမထေရ် ငါးဦးတို့ကို အရဟတ္တဖိုလ်ပေါက်ရောက် စေတော်မူလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနတ္တလက္ခဏသုတ် ပြီး၏

---

## ယမကသုတ်

ပု။ ။ထေရဝဂ္ဂေ ပနာဝုသော တတိယံ သံဂီတံ ယမကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ယမကတ္ထေရံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။ အာယသ္မတော ဘန္တေ ယမကတ္ထေရဿ ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ “တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ ခီဏာ-သဝေါ ဘိက္ခု ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ၊ န ဟောတိ ပရံမရဏာ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “တံ ကိံ မညသိ အာဝုသော ယမက၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ”တိ ဧဝမာဒိနာ ဘန္တေ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။ထေရဝဂ်၌ သုံးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားသော ယမကသုတ်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော အဇ္ဈုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ယမက မည်သော မထေရ်သူမြတ်ကို အကြောင်းပြု၍ တရားစစ်သေနာပတိမှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူလတ်သောအခါ ယမကမည်သော မထေရ်သူမြတ်၏ စိတ်သန္တာန်ဝယ် ဤသို့ ဖောက်ပြန်မှားယွင်းသော အယူမှား မိစ္ဆာ အယူဘာခု ဖြစ်ခဲ့ပါသည်။

## ဥစ္ဆေဒ မလွတ်သော ယူနည်းမျိုး

အဘယ်သို့ ဖြစ်ပါသနည်းဟူမူ "ရဟန္တာဖြစ်သော ရဟန်းတော်အရှင်သူမြတ်သည် ဤကိုယ်ခန္ဓာပျက်သည်မှ နောက်ကာလဝယ် ပြတ်တော့သည်, ပျောက်တော့သည်, စုတိသည်မှ နောက်ကာလဝယ် တဖန် မဖြစ်တော့" ဟူ၍ ပုဂ္ဂလဒိဋ္ဌိ အတ္တဒိဋ္ဌိ အစွန်းမလွတ်သော ဥစ္ဆေဒအယူမျိုး ဖြစ်ပွါးခဲ့ပါသည်။

ထိုသတင်းကို ကြားသော များစွာသော ရဟန်းတော်တို့သည် အရှင်ယမကထံသို့ သွား၍ ဤသို့ ဖောက်ပြန်မှားယွင်းသော အယူကို မယူဘို့ရန် အကြိမ်ကြိမ်အဖန်ဖန်ပြောကြားသော်လည်း တရားပြသော်လည်း မရသဖြင့် များစွာသော ရဟန်းတော်တို့သည် ရှင်သာရိပုတ္တရာထံမှောက် သွားရောက်၍ ဤအကြောင်းကို လျှောက်ထားသည်တွင် ရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် ညနေချမ်းအခါဝယ် ယမက မထေရ်သူမြတ်ရှိရာ အရပ်သို့ ကြွရောက်တော်မူပြီးလျှင်——

ငါ့ရှင် ယမက....။သင်၏စိတ်သန္တာန်ဝယ် ရဟန္တာဖြစ်သော ရဟန်းတော်ပုဂ္ဂိုလ်သည် ဤဘဝကိုယ်ခန္ဓာပျက်သည်မှ နောက်ကာလဝယ် ပြတ်တော့သည်, ကင်းတော့သည်, ပျက်တော့သည်, စုတိသည်မှ နောက်ကာလ၌ မဖြစ်တော့ ဟူ၍ ပုဂ္ဂလဒိဋ္ဌိ အတ္တဒိဋ္ဌိ အစွန်းငြိသော မိစ္ဆာအယူ သင်၏သန္တာန်၌ ဖြစ်ပွါးသည် ဟူသည် မှန်ပါသလော ဟု မေးမြန်းတော်မူပါသည်။

မှန်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် တံ ကိံ မညသိ အာဝုသော ယမက၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ-အစရှိသည်ဖြင့်——

ငါ့ရှင် ယမက....၊ သင်သိပြီးသောအတိုင်း ရူပက္ခန္ဓာသည် နိစ္စလော အနိစ္စလော....။

အနိစ္စ ဖြစ်ပါသည်။

ငါ့ရှင်....၊ ဝေဒနာက္ခန္ဓာသည်။ သညာက္ခန္ဓာသည်။ သင်္ခါရက္ခန္ဓာသည်။ ဝိညာဏက္ခန္ဓာသည် နိစ္စလော အနိစ္စလော ဟု မေးမြန်းတော်မူသောအခါလည်း အနိစ္စဖြစ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် တသ္မာတိဟ ယမက ယံ ကိဉ္စိ ရူပံ အတီတံ အနာဂတံ ပစ္စုပ္ပန္နံ-အစရှိသည်ဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါးတို့ဝယ် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်တင်၍ ရှုပုံမှအစ အရဟတ္တဖိုလ်တိုင် ရောက်အောင် တေ ပရိဝဋ္ဋ ဓမ္မဒေသနာ တရားကို အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားပြီးသည်၏ အဆုံးဝယ် ထိုယမကမထေရ်သူမြတ်အား သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့တိုင်မြောက် ရောက်ခဲ့ပါသည်။

ဤသို့လျှင် သာဝတ္ထိပြည်အရပ်ဝယ် ယမက မထေရ်ကို အကြောင်းပြု၍ တရားစစ်မှူး ဖြစ်တော်မူသော ဓမ္မသေနာပတိ သာရိပုတ္တရာ မဟာထေရ်မြတ်သည် ဤယမကသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

## အကျယ်ချဲ့ဟောခြင်း

ပု။ ။ကထဉ္စာဝုသော တတ္ထ အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ အာယသ္မတော ယမကတ္ထေရဿ ပဋိဝိဒ္ဓသစ္စဿ ဒိဋ္ဌိသမ္ပန္နဿ အနုယောဂဝတ္တစျာပနဝသေန ပဋိပုစ္ဆိတွာ ဥတ္တရိ ဓမ္မဒေသနံ ဝိတ္ထာရေန ဒေသေသိ။

ဝိ။ ။တံ ကိံ မညသိ အာဝုသော ယမက၊ ရူပံ 'တထာဂတော'တိ သမနုပဿသီတိ။ 'နော ဟေတံ အာဝုသော'။ ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ 'တထာဂတော'တိ သမနုပဿသီတိ။ 'နော ဟေတံ အာဝုသော'တိ ဧဝမာဒိနာ ဘန္တေ အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ အာယသ္မတော ယမကတ္ထေရဿ အနုယောဂဝတ္တ-စျာပနဝသေန ပဋိပုစ္ဆိတွာ ပဋိပုစ္ဆိတွာ ဥတ္တရိ ဓမ္မဒေသနံ ပဝတ္တေသိ။

မေး။ ။ထိုယမကသုတ္တန် ဒေသနာတော်မြတ်၌ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် ထိုဘသိုင်အတွင်း၌ တရားနာစဉ်ပင်လျှင် သစ္စာလေးပါးကို သိမြင်၍ သောတာပန် အဖြစ်သို့ ရောက်၍ မှန်ကန်သော အယူအဖြစ်နှင့် ပြည့်စုံပြီးသော အရှင်ယမကမထေရ် မြတ်အား မိမိ၏ အယူကို ဖြေရှင်းစေရန် အဘယ့်ငှါ စစ်ဆေးထုတ်သည့် အနေ အားဖြင့် တဖန်ပြန်၍ မေးကာ မေးကာ တရားဒေသနာတော်ကို ထိုဆက် အသွန် ချွဲထွင်၍ ဘယ်ပုံ ဘယ်နည်းဖြင့် ဟောကြားတော်မူခဲ့ပြန်ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုယမကသုတ္တန် ဒေသနာတော်မြတ်၌ တရားစစ်မှူး ဖြစ်တော် မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် ယခုပင်လျှင် သောတာ ပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်ပြီးစ ဖြစ်တော်မူသော အရှင်ယမကမထေရ် သူမြတ်အား မိမိ၏အယူဝါဒကို ရှင်းလင်းစေရန် စစ်ဆေးထုတ်သော အနေ ဖြင့်—

တံ ကိံ မညသိ အာဝုသော ယမက၊ ငါ့ရှင် ယမက...၊ သင့် ငါမေးမည့် စကားကို သင်၏စိတ်သန္တာန်ဝယ် မည်သို့ မှတ်ထင်သဘောကျပါသနည်း၊ သင်သည် ရူပက္ခန္ဓာကိုပင် သတ္တဝါဟူ၍ ရှုပါသလော....၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာကို သတ္တဝါ ဟူ၍ ရှုပါသလော ဟု မေးမြန်းတော်မူပါသည်။

နော ဟေတံ အာဝုသော။

ဤသို့ ခန္ဓာငါးပါးကို သတ္တဝါဟူ၍သည်း မရှုပါ ဟု ပြန်ကြားဖြေဆို ပါသည်။

တဖန် ထပ်၍ တံ ကိံ မညသိ အာဝုသော ယမက "ရူပသ္မိံ တထာ ဂတောတိ သမနုပဿသိ"-အစရှိသည်ဖြင့်—

ငါ့ရှင် ယမက....၊ရူပက္ခန္ဓာ၌ သတ္တဝါသည်သည် ဟူ၍ သင်သည် ရှုပါ သလော....၊ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ၌ သတ္တဝါ တည်သည် ဟူ၍ သင်သည် ရှုပါသလော ဟု မေးမြန်းတော်မူပါသည်။

မရှုပါကြောင်း ပြန်ပြောင်းပြောဆိုသည်ဘွင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတည်းဟူသော ခန္ဓာငါးပါးကို

ဖယ်ရှား၍ သတ္တဝါကို တခြားတပါးအနေအားဖြင့် သင်ရှုပါသလော ဟု မေးမြန်းသောအခါ—

မရှုပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင်—

တံ ကိံ မညသိ အာဝုသော ယမက၊ ရူပံ၊ ဝေဒနံ၊ သညံ၊ သင်္ခါရေ၊ ဝိညာဏံ 'တထာဂတော'တိ သမနုပဿသိ ဟု—

ငါ့ရှင် ယမက....ခန္ဓာတပါးဘာပါးကို သတ္တဝါအနေနှင့် မရှုလျှင် ခန္ဓာငါးပါးအပေါင်းကိုမှ သတ္တဝါအနေဖြင့် ရှုပါသလော ဟု မေးမြန်းတော်မူပါသည်။

ထိုသို့လည်း မရှုပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်— ငါ့ရှင်ယမက....၊ သို့တပြီးကား သင်စွဲလမ်းမှတ်ထင်သည့် သတ္တဝါဟူသည် ရုပ်လည်းမဟုတ်၊ ဝေဒနာလည်း မဟုတ်၊ သညာလည်းမဟုတ်၊ သင်္ခါရလည်း မဟုတ်၊ ဝိညာဉ်လည်းမဟုတ်၊ ဤသို့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တို့မှ တခြား တပါးသော သတ္တဝါ ဟူ၍တည်း ရှုပါသလော ဟု မေးမြန်းတော်မူပါသည်။

ထိုသို့ မရှုပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—ဧတ္ထ စ တေ အာဝုသော ယမက ဒိဋ္ဌေဝ ဓမ္မေ သစ္စတော ထေတတော တထာဂတော အနုပလဗ္ဘိယမာနေ-အစရှိသည်ဖြင့်—

ငါ့ရှင်ယမက....၊ဤအရာဝယ် ဒိဋ္ဌဓမ္မဘဝ်ပင်လျှင် အမှန်အားဖြင့် အခိုင်အမာအားဖြင့် သတ္တဝါဟူသည် ပုဂ္ဂိုလ်ဟူသည် ပရမတ္ထအားဖြင့် မရအပ်လတ်သည်ရှိသော် သင်ငါ့ရှင်၏ အယူဝယ် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် စုတိသည်မှ နောက်ကာလ၌ ပြတ်တော့၏ ပျက်တော့၏၊တဖန်သေသည်မှ နောက်၌ မဖြစ်တော့ပြီ-ဟူ၍ ပုဂ္ဂိုလ်သတ္တဝါ အစွန်းမလွတ်သော အယူဒိဋ္ဌိဖြင့် ပြောဆိုဖြေကြားမှုသည် သင့်ရာပါသလော ဟု မေးမြန်းတော်မူပါသည်။

## မလိမ်မာမိက ယူခဲ့ပါသည်

ထိုအခါ အရှင်ယမကမထေရ်သူမြတ်သည် ငါ့ရှင် သာရိပုတ္တရာ....၊ရှေးအခါ မလိမ်မာမိက ဤသို့ ဖောက်ပြန် မှားယွင်းသော အယူသည် ငါတို့အား ဖြစ်ခဲ့ပါသည်၊ ယခုသော်မူ အရှင်သာရိပုတ္တရာ၏ ဓမ္မဒေသနာကို ကြားနာရသဖြင့် ထို ဖောက်ပြန်မှားယွင်းသော မိစ္ဆာအယူကိုလည်း ပယ်အပ်ပါပြီ၊

သစ္စာလေးပါးတရားကိုလည်း ထိုးထွင်း၍ သိသော သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်အမြင်ကို အကျွန်ုပ်ရအပ်ပါပြီ ဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်က ငါ့ရှင် ယမက....၊သင့်ကို တစုံတယောက်သော ပုဂ္ဂိုလ်တို့က "ငါ့ရှင်ယမက....၊ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် စုတေသည်မှ နောက်ကာလဝယ် အဘယ်သို့ ဖြစ်သနည်း" ဟု မေးမြန်းခဲ့လျှင် ငါ့ရှင်သည် အဘယ်သို့ ဖြေကြားမည်နည်း ဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ အရှင်ယမကမထေရ်သူမြတ်က အရှင်ဘုရား မေးမြန်းသည့်အတိုင်း "ငါ့ရှင် ယမက....၊ရဟန္တာပုဂ္ဂိုလ်သည် စုတိသည်မှ နောက်ကာလဝယ် အဘယ်သို့ ဖြစ်ပါသနည်း" ဟု သူတပါးတို့က မေးမြန်းလတ်သည်ရှိသော်—

## ဥစ္ဆေဒ လွတ်သော ယူနည်း

အိုငါ့ရှင်တို့....၊အကြင်ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တရားတို့ ရှိကြပါသည်၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား မမြဲသောတရားတို့ ဖြစ်ကြပါသည်၊ မမြဲသောတရားတို့ပီပီ ချုပ်ကြပါသည်၊ မမြဲသောတရားတို့သာလျှင်ချုပ်ကြ ကွယ်ပကြပါကုန်သည်၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ချုပ်သည် မဟုတ်၊ ကွယ်ပသည် မဟုတ် ဟူ၍သာလျှင် တပည့်တော် ဖြေဆိုပါမည် ဟူ၍ ပြန်ပြောင်းလျှောက်ထားပါသည် ဟူ၍ ဖြေဆိုလတ်သည်ဘွင်—

အရှင် သာရိပုတ္တရာ မထေရ်သူမြတ်သည် သာဓု သာဓု အာဝုသော ယမက အစရှိသည်ဖြင့် ကောင်းချီးပေးကာ ရှင်ယမက မထေရ်သူမြတ်အား ရန်သူကိုမိတ်ဆွေ ဟု အထင်မှားသော ယောကျ်ား၏ ဥပမာဖြင့် ထင်စွာပြ၍ အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်အဘို့ရာဝယ် မိမိကိုယ်ကို ရန်မူမည့် ရန်သူ သူသတ် ယောကျ်ားနှင့် တူသော ခန္ဓာငါးပါးတို့ဝယ် သက္ကာယဒိဋ္ဌိ အမြစ်နှစ်ဆယ် တွယ်ခဲ့သဖြင့် ထိုသက္ကာယဒိဋ္ဌိတို့၏ အနှိပ်စက်ခံရပုံကို ဖော်ပြ၍၎င်း၊ ရန်သူကို ရန်သူဟုန်းသိသဖြင့် မိမိထံသို့ မကပ်စေ မငြိတွယ်စေဘဲ ထိုရန်သူမှ ဝေးစွာရှောင်ရှားသော ယောကျ်ား၏ ဥပမာဖြင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါးတို့ဝယ် သက္ကာယဒိဋ္ဌိနှစ်ဆယ် ပယ်ရှားပုံကို၎င်း၊ ထိုသို့သက္ကာယဒိဋ္ဌိနှစ်ဆယ် ပယ်ရှားသဖြင့် ထိုခန္ဓာငါးပါးဘို့ဝယ် အနိစ္စဖြစ်သော ခန္ဓာကို

အနိစ္စဟူ၍သိပုံ၊ ဒုက္ခ အနတ္တ သင်္ခတ ဝဓကဖြစ်သော ခန္ဓာတို့ကို ဒုက္ခ အနတ္တ သင်္ခတ ဝဓက ခန္ဓာအားဖြင့် သိပုံ၊ သို့သိခြင်းဖြင့် ထိုခန္ဓာငါးပါးတို့ဝယ် တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်ပုံ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပုံ၊ ထိုခန္ဓာငါးပါးတို့ဝယ် ငါ၏ အတ္တလိပ်ပြာဟူ၍ မစွဲလမ်းပုံတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူလတ်ပါသည်။

ထိုအခါ ဒေသနာ၏ အဆုံးဝယ် အရှင်ယမကမထေရ်သည် အရဟတ္တဖိုလ်ပေါက်ရောက်ခဲ့ပါသည်။

ဤသို့လျှင် တရားစစ်မှုး ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သည် ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ယမက မထေရ်သည် မြတ်အား သောတာပန်ဖြစ်ပြီးစ အခါဝယ် တဖန် မိမိအယူကို ရှင်းလင်းဘိရန် မေးမြန်းကာ မေးမြန်းကာဖြင့် အရဟတ္တဖိုလ်ပေါက် အထက်ဖြစ်သော တရားဒေသနာကို စိတ်ဖြာခွဲခြား ဟောကြားပြသတော်မူအပ်ပါသည် အရှင်ဘုရား။

ယမကသုတ် ပြီး၏

## ဝက္ကလိသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ခန္ဓဝဂ္ဂသံယုတ္တေ ထေရဝဂ္ဂေ ပဉ္စမံ ဝက္ကလိသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တံ ဝက္ကလိံ ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ဝက္ကလိထေရော အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော ဘဂဝန္တံ ဧတဒဝေါစ "စိရပဋိကာဟံ ဘန္တေ ဘဂဝန္တံ ဒဿနာယ ဥပသင်္ကမိတုကာမော၊ နတ္ထိ စ မေ ကာယသ္မိံ တာဝတိကာ ဗလမတ္တာ၊ ယာဝတာဟံ ဘဂဝန္တံ ဒဿနာယ ဥပသင်္ကမေယျ"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "အလံ ဝက္ကလိ၊ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ။ ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ၊ မံ ပဿန္တော ဓမ္မံ ပဿတိ။ တံ ကိံ မညသိ

ဝက္ကလိ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ”တိ ဧဝမာဒိနာ ဘဂ္ဂေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ ပ။ ထိုမြတ်စွာဘုရားသခင်သည် ခန္ဓဝဂ်သံယုတ် ထေရဝဂ်၌ ငါးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထား သော ဝက္ကလိသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဝက္ကလိ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ ကိန်း အောင်းမွေ့လျော် နေတော်မူသောအခါ အရှင်ဝက္ကလိမထေရ်သူမြတ်သည် မြတ်စွာဘုရားထံမှောက် အဖူးအမျှော်လာရောက်သည်တွင် ရာဇဂြိုဟ်ပြည် အတွင်း၌ ပြင်းထန်စွာ မကျန်းမမာ ဖြစ်ခဲ့ပါ၍ အိုးထိန်းသည်ဘို့၏ အိုးဖုတ် သော တဲအရပ်ဝယ် သီဘင်းသုံး စံနေခဲ့ရပါသည်။

## မြတ်စွာဘုရားပင့်ရန် စေလွှတ်ခြင်း

ထိုအခါ အရှင်ဝက္ကလိမထေရ်သူမြတ်သည် မိမိ၏ အလုပ်အကျွေးဖြစ် သော ရဟန်းတော်အရှင်မြတ်ဘို့ကို ငါ့ရှင်ဘို့....၊ သွားကြပါကုန်ချေ၊ ဘုရား ရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ငါ၏စကားဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ဝက္ကလိ မည်သော ရဟန်းသည် အနာနှိပ်စက်၍ နေပါသည်၊ ဒုက္ခဝေဒနာ ပြင်းထန်စွာ ရောက်ရှိ၍ နေပါသည်၊ အသည်းအထန် မမာမကျန်း ဖြစ်၍ နေပါသည်၊ ထိုဝက္ကလိ ရဟန်းသည် ဘုန်းတော်ကြီးမြတ်တော်မူလှသော ရှင်တော်ဘုရား၏ ခြေတော် အစုံ ကြာပဒုံဘို့ကို ရှိခိုးဦးသွတ်ပါ၏။

ဤသို့ ငါ၏စကားဖြင့် မြတ်စွာဘုရားကို ရှိခိုးလျှောက်ထားကြပါကုန် လော၊ ဤသို့လည်း တဖန်ထပ်၍ လျှောက်ထားကြပါကုန်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ကရုဏာရှေ့ထား သနားတော်မူသောအားဖြင့် ဝက္ကလိရဟန်းရှိရာအရပ်သို့ ကြွတော်မူပါဘုရား

ဟူ၍ သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားကြပါကုန်လေ ဟု မိမိ၏ အလုပ်အကျွေး ဖြစ်သော ရဟန်းတော်တို့ကို မှာကြား၍ ဘုရားထံမှောက် လွှတ်လိုက်ပါသည်။

## မြတ်စွာဘုရား ကြွလာတော်မူခြင်း

ထိုရဟန်းတော်တို့သည် ရှင်ဝက္ကလိ မှာကြားသောအတိုင်း သဗ္ဗညု မြတ်စွာဘုရားအား လျှောက်ထားသည်တွင် ဘုရားရှင်သည် တခဏခြင်းပင် လျှင် ဝက္ကလိ မထေရ်ရှိရာအရပ်သို့ ကြွရောက်တော်မူခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ကြွလာတော်မူသဘ်သည့်ကို အဝေးမှ မြင်လတ် သည်ရှိသော် အရှင်ဝက္ကလိ မထေရ်သူမြတ်သည် မိမိလျှောင်းစက်ရာ ဖြစ်သော ညောင်စောင်း ဖထိုင်ပေါ်မှ ထအံ့သော အခြင်းအရာကို ပြုပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် 'အလံ ဝက္ကလိ' ရှိပစေ ချစ်သား ဝက္ကလိ....၊ သင်ချစ်သားသည် မိမိလျောင်းစက်ရာ ညောင်စောင်းဖထိုင်မှ မထ ပါနှင့်၊ ဤအရပ်၌ များစွာသော နေရာတို့သည် ခင်းကျင်း၍ ထားအပ်ပြီး ရှိကုန်သည်၊ ငါဘုရားသည် ခင်းထားအပ်သော နေရာ၌ နေအံ့ ဟူ၍ မိန့်ကြား တော်မူပြီးလျှင် ခင်းအပ်ပြီးသော တခုသော နေရာ၌ ဘုရားရှင် သီတင်းသုံး နေလတ်ပြီးသောအခါ "ကစ္စိ တေ ဝက္ကလိ ခမနီယံ၊ ကစ္စိ ယာပနီယံ" အစ ရှိသည်ဖြင့်—

ချစ်သားဝက္ကလိ....၊ သင်ချစ်သားသည် ရောဂါဝေဒနာ၏ ဒဏ်ကို ခံနိုင် စွမ်း ရှိပါ၏လော၊ ဣရိယာပထမျှတပါ၏လော၊ သင်ချစ်သား၏ သန္တာန်ဝယ် ရောဂါဝေဒနာတို့ ဆုတ်နစ်ပါ၏လော၊ မတိုးဘဲ ရှိပါ၏လော၊ ဆုတ်နစ်ဘို့ရန် ထင်ပါ၏လော၊ မတိုးဘို့ရန် ထင်ပါ၏လော ဟု မေးမြန်းတော်မူလတ်သော အခါ—

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်အား ဝေဒနာဒဏ်ကို မခံနိုင်လောက်အောင် ပြင်းထန်လှပါပေသည်၊ ဣရိယာပထ မမျှတဘဲ ရှိပါတော့သည်၊ သည်းထန်သော ဝေဒနာတို့သည် တပည့်တော် အား တိုး၍ တိုး၍သာ လာပါကုန်သည်၊ တိုးအံ့သော အခြင်းအရာသာ ထင်ရပါသည်၊ ဆုတ်နစ်အံ့သော အခြင်းအရာ မထင်ရပါ ဟူ၍ လျှောက်ထား သည်တွင်—

ချစ်သား ဝက္ကလိ....၊ သင်ချစ်သားအား အလိုလိုရှိခြင်း ကုက္ကုစ္စ၊ နှလုံး မသာမယာမှု ဝိပ္ပဋိသာရ မဖြစ်ဘဲ ရှိပါ၏လော ဟု မေးမြန်းတော်မူလတ်ပါ သည်။

ထိုအခါ ဝက္ကလိ မထေရ်သူမြတ်သည် "တဂ္ဃ မေ ဘန္တေ အနပ္ပကံ ကုက္ကုစ္စံ အနပ္ပကော ဝိပ္ပဋိသာရော" ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ စင်စစ် တပည့် တော်အား အနပ္ပကမ်း ဂဏန်းမချနိုင်လောက်အောင် များစွာသော ကုက္ကုစ္စ၊ များစွာသော နှလုံးမသာယာမှု ဝိပ္ပဋိသာရတရားတွေ ဖြစ်ပွါး၍ နေပါသည်ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ကစ္စိ ပန တံ ဝက္ကလိ အတ္တာ သီလတော န ဥပဝဒတိ" ဟု—

ချစ်သား ဝက္ကလိ....၊ သင်ချစ်သား ကိုယ်ကို သင်ချစ်သားသည် သီလ အားဖြင့် မစွပ်စွဲဘဲ ရှိပါ၏လော ဟု မေးမြန်းတော်မူလတ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော် ကိုယ်ကို တပည့်တော်သည် သီလအားဖြင့် စွပ်စွဲမှု မရှိပါ၊ ဤသို့ ပြန်ကြား လျှောက်ထားသည်တွင်—

ထိုသို့ သီလအားဖြင့် စွပ်စွဲဘွယ်ရာ မရှိပါဘဲလျက် အဘယ့်ကြောင့် သင်ချစ်သား၏ သန္တာန်ဝယ် ကုက္ကုစ္စ ဝိပ္ပဋိသာရတရား ဘယ်သို့လျှင် ဖြစ်ပွါး ပါသနည်း ဟု မေးမြန်းတော်မူလတ်ပါသည်။

## တရားကိုမြင်သူသည် ငါဘုရားကိုမြင်၏

ထိုအခါ အရှင်ဝက္ကလိ မထေရ်သူမြတ်သည် "စိရပဋိကာဟံ ဘန္တေ ဘဂဝန္တံ ဒဿနာယ ဥပသင်္ကမိတုကာမော" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား...၊တပည့်တော်သည် ရှင်တော်ဘုရားကို ဖူးမျှော်အံ့သောငှါ ကြာမြင့်စွာသော ကာလကပင်လျှင် ရှင်တော်ဘုရားထံမှောက်သို့ ချဉ်းကပ်ခြင်းငှါ အလိုရှိခဲ့ပါသည်၊ သို့စေကာမူ တပည့်တော်အား ရှင်တော်ဘုရားထံမှောက်သို့ အရောက်သွားနိုင်လောက် အောင် အားအင် မရမရှိ ဖြစ်ခဲ့ပါသည် ဟု ပြန်ကြားလျှောက်ထားသည် တွင်—

"အလံ ဝက္ကလိ၊ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန" အစရှိသည်ဖြင့်—

ချစ်သား ဝက္ကလိ....၊ ဤမြင်အပ်သော ပုပ်သော သဘောရှိသော ငါဘုရား၏ ရူပကာယဖြင့် သင်ချစ်သားအား အဘယ်အကျိုးရှိအံ့နည်း။

ချစ်သားဝက္ကလိ....၊စင်စစ်မှာမူ အမှတ်မထင် အကြင်တပည့်သား သာဝကသည် ဗောဓိပက္ခိယတရားတို့ကို မြင်၏၊ ထိုတရားကို မြင်သော ငါဘုရား၏ တပည့်သား သာဝကသည် ငါဘုရားကို မြင်သည်သာလျှင် မည်တော့၏။

ချစ်သားဝက္ကလိ....၊တရားကို မြင်သော ပုဂ္ဂိုလ်သည် ငါဘုရားကို မြင်သည်သာလျှင် ဖြစ်တော့သည်၊ ငါဘုရား၏ ဓမ္မကာယ ဖြစ်သော ကျေးဇူးတော် ဂုဏ်တော်ကို မြင်လျှင်လည်း တရားတော်ကို မြင်သည်ပင်လျှင် ဖြစ်တော့သည် ဟု မိန့်ကြားတော်မူပြီးလျှင်—

"တံ ကိံ မညသိ ဝက္ကလိ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ" အစရှိသည်ဖြင့်—

ချစ်သား ဝက္ကလိ....၊ယခု ငါဘုရား မေးမည့် စကားကို သင်ချစ်သား မည်သို့ မှတ်ထင်ပါသနည်း၊ ရူပက္ခန္ဓာကို နိစ္စဟူ၍တည်း မှတ်ထင်သလော၊ အနိစ္စဟူ၍တည်း မှတ်ထင်ပါသလော ဟု မေးမြန်းတော်မူပါသည်။

အနိစ္စံ ဘန္တေ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အနိစ္စ ဟူ၍ မှတ်ထင်ပါကြောင်း ပြန်ပြောင်း သျှောက်ထားသည် ဘွင်—

"ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ ဟု"—

အနိစ္စဖြစ်သော ဤရူပက္ခန္ဓာကို ဒုက္ခဟူ၍တည်း မှတ်ထင်ပါသလော၊ သုခဟူ၍တည်း မှတ်ထင်ပါသလော ဟု မေးမြန်းတော်မူခဲ့ပါသည်။

ဒုက္ခံ ဘန္တေ။

ဒုက္ခ ဟူ၍ မှတ်ယူပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်ဘွင်—

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" ဟု—

အကြင်ရူပက္ခန္ဓာသည် မြဲလည်းမမြဲ၊ ဆင်းလည်း ဆင်းရဲ၏၊ ဖောက်လဲဖောက်ပြန်လည်း ဖြစ်တတ်၏၊ ထိုသို့ မြဲလည်းမမြဲ ဆင်းလည်းဆင်းရဲလှ ဖောက်လွဲဖောက်ပြန်လည်း ဖြစ်တတ်လှသည့် ရူပက္ခန္ဓာကို ဧတံ မမ-ငါ၏ ဥစ္စာတည်း။ ဧသောဟမသ္မိ ငါပင်တည်း။ ဧသော မေ အတ္တာ-ငါ၏ အတ္တ လိပ်ပြာပင်တည်း ဟူ၍ ရှုကြည့်ခြင်းငှါ သင့်ပါအံ့လော ဟု မေးမြန်းတော်မူပါသည်။

နောဟေတံ ဘန္တေ။

မသင့်ပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ဤနည်းအတူ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါးလုံးတို့၌ "နေတံ မမ၊ နေသောဟမသ္မိ၊ နေသော မေ အတ္တာ"ဟူ၍-ရှုရမည့်အကြောင်း ဟောကြားခဲ့ပါသည်။

ထို၏ အခြားမဲ့၌ "တသ္မာတိဟ ဝက္ကလိ ယံ ကိဉ္စိ ရူပံ အတီတံ အနာဂတ ပစ္စုပ္ပန္နံ" အစရှိသည်ဖြင့် ဝိပဿနာ ရှုပုံကို အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင် အဆုံး၌ "ဧဝံ ပဿံ ဝက္ကလိ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ" အစရှိသည်ဖြင့် ဝိပဿနာ ရှုလတ်သည် ရှိသော် အရဟတ္တဖိုလ်ပေါက် အကျိုးရောက်အောင် အကျယ်တဝင့် ဖွင့်ပြဟောကြားခဲ့ပါသည်။

ဤသို့လျှင် ဝက္ကလိ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်သော အဌုပ္ပတ္တိကြောင့် ရှင်ဗြဟ္မာပြည်အရပ်ဝယ် ဝက္ကလိ မထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ရဟန်းတို့ကိုစေလွှတ်၍ အားပေးခြင်း**

ပု။ ။ကထဉ္စာဝုသော ပုနပိ ဘဂဝါ ဘိက္ခူ ပေသေတွာ အာယသ္မတော ဝက္ကလိတ္ထေရဿ ပဂ္ဂဟဝစနံ အာရောစာပေသိ။ သော ပိ ကထံ အတ္တနော ပဝတ္တိံ ဘဂဝတော ပစ္စာရောစာပေသိ။ ကထဉ္စဿ အဘိသမ္ပရာယော အဟောသိ။

ဝိ။ ။သုဏာဝုသော တွံ ဝက္ကလိ ဘဂဝတော ဝစနံ ဒ္ဝိန္နဉ္စ ဒေဝတာနံ၊ ဣမံ အာဝုသော ရတ္တိံ ဒွေ ဒေဝတာယော အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဂိဇ္ဈကူဋံ ဩဘာသေတွာ ယေန

ဘဂဝါ တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌံသု၊ ဧကမန္တံ ဌိတာ ခေါ အာဝုသော ဧကာ ဒေဝတာ ဘဂဝန္တံ ဧတဒဝေါစ 'ဝက္ကလိ ဘန္တေ ဘိက္ခု ဝိမောက္ခာယ စေတေတီ'တိ။ အပရာ ဒေဝတာ ဘဂဝန္တံ ဧတဒဝေါစ 'သော ဟိ နူန ဘန္တေ သုဝိမုတ္တော ဝိမုစ္စိဿတီ'တိ။ ဘဂဝါ စ တံ အာဝုသော ဝက္ကလိ ဧဝမာဟ 'မာ ဘာယိ ဝက္ကလိ၊ မာ ဘာယိ ဝက္ကလိ၊ အပါပကံ တေ မရဏံ ဘဝိဿတိ၊ အပါပိကာ ကာလကိရိယာ'တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝါ ပုနပိ ဘိက္ခူ ပေသေတွာ အာယသ္မတော ဝက္ကလိတ္ထေရဿ ပဂ္ဂဟာဝစနံ အာရောစာပေသိ။ သောပိ ဘန္တေ အာယသ္မာ တေန-ဟာဝုသော မမ ဝစနေန ဘဂဝတော ပါဒေ သိရသာ ဝန္ဒထ "ဝက္ကလိ ဘန္တေ ဘိက္ခု အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော၊ သော ဘဂဝတော ပါဒေ သိရသာ ဝန္ဒတီ"တိ၊ ဧဝဉ္စ ဝဒေထ "ရူပံ အနိစ္စံ၊ တာဟံ ဘန္တေ န ကင်္ခါမိ၊ ယဒနိစ္စံ တံ ဒုက္ခန္တိ နဝိစိကိစ္ဆာမိ၊ ယဒနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ နတ္ထိ မေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံဝါတိ န ဝိစိကိစ္ဆာမီ"တိ ဧဝမာဒိနာ ဘဂဝတော အတ္တနော ပဝတ္တိံ ပစ္စာရောစာပေသိ။ သော ဟိ ဘန္တေ အာယသ္မာ အစိရပက္ကန္တေသု တေသု ဘိက္ခူသု သတ္ထံ အာဟရိတွာ ဝေဒနံ ဝိက္ခမ္ဘေတွာ မူလ-ကမ္မဋ္ဌာနံ အာဒါယ သမ္မသာနော အရဟတ္တံ သစ္ဆိကတွာ ကာလမ-ကာသိ။ ဧဝံ ခေါ ဘန္တေ တဿ အာယသ္မတော အဘိသမ္ပရာယော အဟောသိ။

မေး။ ။သဗ္ဗညုမြတ်စွာဘုရားသခင်သည် ငါ့ရှင် ဖြေကြားခဲ့သည့် အတိုင်းပင် အရှင်ဝက္ကလိ မထေရ်အား အဆုံးအမ ဩဝါဒတရားကို ဟောကြားတော်မူခဲ့ပြီးသည့်နောက်၌ တဖန် ရဟန်းတော်တို့ကို စေလွှတ်၍ အရှင်ဝက္ကလိ မထေရ်အား အားပေးချီးမြှောက်စကားကို အဘယ်သို့လျှင်ပြောကြားစေခဲ့ပါသနည်း၊ ထိုအရှင်ဝက္ကလိ မထေရ်ကလည်း မိမိ၌ ဖြစ်ပေါ်နေသော အကြောင်းအရာကို မြတ်စွာဘုရားအား တဖန်ပြန်၍ အဘယ်သို့ လျှောက်ထားစေခဲ့ပါသနည်း၊ ထိုအရှင်ဝက္ကလိ မထေရ်အား နောက်ကာလ၌ ဉာဏ်၏အစွမ်းဖြင့် လာရောက်ခြင်း အဘိသမ္ပရာယသည် အဘယ်သို့ သဘောရှိခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဝက္ကလိသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသောအတိုင်း အရှင်ဝက္ကလိ မထေရ်သူမြတ်အား အရဟတ္တဖိုလ်ပေါက် အဆုံးအမဩဝါဒစကား ပေးတော်မူပြီးလျှင် ထိုအရပ်မှပင် ဂိဇ္ဈကုဋ်တောင်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့ပါသည်။

## မြို့တွင်းရွာတွင်းမှာ မသေလို

မြတ်စွာဘုရား ကြွသွားတော်မူပြီးသည့် နောက်ကာလဝယ် အရှင်ဝက္ကလိ မထေရ်သူမြတ်သည် မိမိ၏အလုပ်အကျွေးဖြစ်သော ရဟန်းတော်အရှင်သူမြတ်တို့ကို—

ငါ့ရှင်တို့....၊ ငါကဲ့သို့ သဘောရှိသော အမျိုးကောင်းသားတယောက်သည် မြို့တွင်းရွာတွင်း၌ စုတိပြတ်ကြွေ သေလွန်ကောင်း၏ ဟူ၍ အဘယ်မှာလျှင် မှတ်ထင်ကောင်းအံ့နည်း။

ငါ့ရှင်တို့....ယခုပင်လျှင် ငါ့ကို ဣသိဂိလိတောင်ယံ ကာဠသိလာမည်သော ကျောက်ဖျာအရပ်သို့ ဆောင်ကြကုန်ဟု ပြောဆိုပြီးလျှင် မိမိ၏ အလုပ်အကျွေး ဖြစ်သော ရဟန်းတော်တို့၏ ဆောင်ရွက်ချက်ဖြင့် အရှင်ဝက္ကလိ မထေရ်သူမြတ်သည် ဣသိဂိလိတောင်ယံ ကာဠသိလာ အမည်ရှိသော ကျောက်ဖျာအရပ်သို့ ရောက်ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားထံမှောက် ညဦးယံလွန်မြောက် သန်းခေါင်ယံ ရောက်လတ်သောအခါ နှစ်ယောက်သော နတ်သားတို့ လာလတ်၍ တယောက်သော နတ်သားက "ဝက္ကလိ ဘန္တေ ဘိက္ခု ဝိမောက္ခာယ စေတေတိ" ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဝက္ကလိရဟန်းသည် အရဟတ္တဖိုလ်အလို့ငှါ လုံ့လကြိုးကုတ် အားထုတ်၍ နေတော်မူပါသည်ဟု ဝမ်းသာစကား လျှောက်ထားခဲ့ပါသည်။

အခြားတပါးသော နတ်သားကမူ "သော ဟိ နူန ဘန္တေ သုဝိမုတ္တော ဝိမုစ္စိဿတိ" ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုဝက္ကလိရဟန်းတော် အရှင်သူမြတ်သည် အရဟတ္တဖိုလ်ပေါက်လျှင် ကိလေသာတို့မှ

ကောင်းစွာ လွတ်မြောက်ခြင်းဖြင့် လွတ်မြောက်တော်မူပါလိမ့်မည်ဟု ဝမ်းမြောက်စကား လျှောက်ထားခဲ့ပါသည်။

### အားပေးစကား ပြောကြားစေခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုညလွန်မြောက် မိုးသောက်ယံရောက်လတ်သောအခါ ရဟန်းတော်တို့ကို စေလွှတ်၍ ရှင်ဝက္ကလိအား ဤသို့ ပြောကြားစေပါသည်။

ငါ့ရှင် ဝက္ကလိ....၊ ဘုရား၏စကားကိုငင်း နှစ်ယောက်သော နတ်သားတို့ လျှောက်ထားလတ်သော စကားကိုငင်း နားထောင်ပါလော့ ဟု ဥယျောဇဉ် တိုက်တွန်းစကား ပြောကြားစေပါသည်။

ပဥ္စမဦးစွာ ဥယောဇဉ်တိုက်တွန်းစကား ရှင်ဝက္ကလိကြားသျှင်ပင် မိမိ၏ အလုပ်အကျွေးဖြစ်သော ရဟန်းတော်အရှင်သူမြတ်ဘို့ကို—

"ငါ့ရှင်တို့....ငါ့ကို ညောင်စောင်းပေါ်မှ အောက်သို့ ချကြကုန်၊ ငါ့ကဲ့သို့ သဘောရှိသော အမျိုးကောင်းသားသည် မြတ်စွာဘုရား၏ သတင်းစကားကို မြင့်ရာအရပ်မှ နာကောင်းသည် ဟူ၍ အဘယ်မှာလျှင် မှတ်ထင်ပါအံ့နည်း၊ ယခုပင် ငါ့ကို ညောင်စောင်းပေါ်မှ အောက်မြေပြင်သို့ ချကြကုန်" ဟူ၍ ပြောဆိုပါသည်။

ထိုအခါ အရှင်ဝက္ကလိ၏ အလုပ်အကျွေးဖြစ်သော ရဟန်းတော်အရှင်သူမြတ်တို့သည် အရှင်ဝက္ကလိကို လျှောင်းစက်ရာ ညောင်စောင်းမှ မြေပြင်သို့ ချကြပါသည်။

ထိုအခါ ဘုရားထံမှလာရောက်သော များစွာသော ရဟန်းတော် အရှင်သူမြတ်ဘို့က ဆက်လက်၍——

ငါ့ရှင်ဝက္ကလိ....၊လွန်ခဲ့သော ညဉ့်သန်းခေါင်ယံ အခါဝယ် နှစ်ယောက်သော နတ်သားဘို့ ဘုရားထံသို့ လာရောက်ပြီးသျှင် တယောက်သော နတ်သားက "ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား....၊ ဝက္ကလိ ရဟန်းသည် အရဟတ္တဖိုလ်ပေါက် ရောက်အံ့သောငှါ ကြိုးစားအားထုတ်၍ နေပါသည်" ဟု လျှောက်ဆိုပါသည်။

အခြားတပါးသော နတ်သားက "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ စင်စစ်လျှင် ထိုဝက္ကလိ ရဟန်းတော် အရှင်သူမြတ်သည်

ကိလေသာ အာသဝေါဘို့မှ ကောင်းစွာ လွတ်မြောက်ခြင်းဖြင့် အရဟတ္တဖိုလ်ပေါက် လွတ်မြောက်ခြင်းဖြင့် လွတ်မြောက်တော်မူပါလိမ့်မည်” ဟု လျှောက်ထားပါသည်။

ငါ့ရှင်ဝက္ကလိ....၊ သင့်ကို မြတ်စွာဘုရားကလည်း ဤသို့ မှာကြားလိုက်ပါသည်၊ မဘာယိ ဝက္ကလိ၊ မဘာယိ ဝက္ကလိ၊ ချစ်သားဝက္ကလိ....၊ မကြောက်လင့်၊ မကြောက်လင့် ချစ်သား ဝက္ကလိ....၊အပါပကံ တေ မရဏံ ဘဝိဿတိ၊ အပါပိကာ ကာလကိရိယာ-သင်ချစ်သား၏ စုတိပြတ်ကျေ သေလွန်ခြင်းသည် မယုတ်သော သေလွန်ခြင်းပင် ဖြစ်ပါလိမ့်မည် ဟု မိန့်ကြားတော်မူလိုက်ပါသည် ဟု ရဟန်းတော်ဘို့ ရှင်ဝက္ကလိအား ပြောကြားခဲ့ပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတော်ဘို့ကို စေလွှတ်၍ ရှင်ဝက္ကလိမထေရ်သူမြတ်အား အားပေးစကား ကြားစေခဲ့ပါသည်။

## အရှင်ဝက္ကလိထေရ်က ပြန်၍လျှောက်ကြားစေခြင်း

ထိုအခါ ဝက္ကလိ မထေရ်သူမြတ်က “တေန အာဝုသော မမ ဝစနေန ဘဂဝတော ပါဒေ သိရသာ ဝန္ဒထ” အစရှိသည်ဖြင့်—

ငါ့ရှင်တို့....သို့တပြီးကား ငါ၏လျှောက်ဆိုလိုက်သော စကားဖြင့် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို “ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ဝက္ကလိ ရဟန်းသည် အနာရောဂါ နှိပ်စက်၍ နေပါသည်၊ ဆင်းရဲဒုက္ခရောက်၍ နေပါသည်၊ သည်းထန်စွာ မမာမကျန်း ဖြစ်၍ နေပါသည်၊ ထိုဝက္ကလိသည် ရှင်တော်ဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို ရှိခိုးပါ၏” ဟူ၍ ငါ၏ကိုယ်စား မြတ်စွာဘုရားအား ရှိခိုးကြပါလော၊ ဤသို့လည်း လျှောက်ဆိုကြပါလေ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရူပက္ခန္ဓာသည် အနိစ္စတည်း။ ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုရူပက္ခန္ဓာ၏ အနိစ္စ ဟူသော သဘောအချက်ဝယ် တပည့်တော်အား ယုံမှားသံသယမရှိပါ၊ မမြဲသော အကြောင်းရူပက္ခန္ဓာသည် ရှိ၏၊ ထိုရူပက္ခန္ဓာသည် ဒုက္ခတည်းဟူသော ဤအချက်ဝယ် ယုံမှားသံသယမရှိပါ၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမ ဖြစ်သော ထိုရူပက္ခန္ဓာ၏ အပေါ်၌ တပည့်တော်အား ချစ်ခြင်း ပေမ, နှစ်သက်ခြင်း ရာဂ, တပ်စွမ်းခြင်း ဆန္ဒ, တစုံတရာမရှိ ဖြစ်ပါသည်။

ထိုအတူ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါး လုံး၌ပင် နှစ်သက်ခြင်း တပ်စွန်းခြင်း မရှိကြောင်း ပြန်ပြောင်းလျှောက်ထား ကြပါလေ ဟု ရှင်ဝက္ကလိ မထေရ်သူမြတ်သည် မိမိ၏ ဖြစ်ပုံကို သဗ္ဗညုမြတ်စွာ ဘုရားအား ပြန်ကြားလျှောက်ထားစေခဲ့ပါသည်။

ထိုအခါ ဘုရားထံမှ လာရောက်သော ရဟန်းတော်တို့သည် "ဝေမာဝု သော–ကောင်းပါပြီ ငါ့ရှင်" ဟု ဝန်ခံ၍ ဘုရားထံမှောက်သို့ ပြန်သွားကြပါ ကုန်သည်။

## သင်ဓုန်းဖြင့် မိမိလည်ကို လှီးခြင်း

ထိုရဟန်းတော်တို့ ပြန်ကြ၍ မကြာမြင့်မီပင်လျှင် အရှင်ဝက္ကလိမထေရ် သူမြတ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ဝယ် ကိလေသာတို့ဖြစ်ပွါးမှု မရှိသည်ကို မြင်သဖြင့် မိမိကိုယ်ကို မိမိ အရဟတ္တဖိုလ်ပေါက်ရောက်ပြီ အထင်ရှိလတ်၍ ဆင်းရဲငြိုငြင်စွာ ဤသို့ အသက်ရှင်ခြင်းဖြင့် အဘယ်သို့ အကျိုးရှိအံ့နည်း ဟု ကြံစည်ပြီးလျှင် မိမိ၏လည်ပင်းကို ထက်လှစွာသော သင်ဓုန်းဖြင့် မိမိကိုယ် တိုင်ပင် 'သတ္ထဟာရကကံ'ဆောင်တော်မူခဲ့ပါသည်။ သင်ဓုန်းဖြင့် လည်ပင်းကို လှီးခဲ့ပါသည်။

ထိုအခါ အရှင်ဝက္ကလိသန္တာန်ဝယ် သည်းထန်စွာသော ဒုက္ခဝေဒနာတို့ မခံသာသော ဝေဒနာဘို့ ဖြစ်ပွါးခဲ့ပါသည်။

ထိုအခါ အရှင်ဝက္ကလိမထေရ်သူမြတ်သည် မိမိကိုယ်ကို မိမိ ပုထုဇဉ် ဖြစ်သည်ကို ထင်းထင်းထင်ထင် သိမြင်တော်မူသည်ဖြစ်၍ မိမိမူလ နှလုံးသွင်း ရင်းဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာ ကမ္မဋ္ဌာန်းကို တဖန်ထပ်၍ နှလုံးသွင်းခဲ့ပါသည်၊ မိမိအပေါ်ရောက်သော ဝေဒနာကို ခွါခဲ့ပါသည်၊ ဝေဒနာကို ခွါပြီးလျှင် မူလကမ္မဋ္ဌာန်းဖြစ်သော ခန္ဓာကမ္မဋ္ဌာန်းကို သုံးသပ်ဆင်ခြင်တော်မူသဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်ရှိ တော်မူပြီးလျှင် သမသီသီ အမည်ရှိသော ရဟန္တာအရှင်သူမြတ်ဖြစ်၍ ပရိ နိဗ္ဗာန် ဝင်စံတော်မူခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ထိုအရှင် ဝက္ကလိ မထေရ်သူမြတ်၏ ဉာဏာဘိသမ္ပရာယ တည်းဟူသော အရဟတ္တဖိုလ် ပေါက် ရောက်ရှိတော်မူခြင်းသည် ထင်လင်းစွာ ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

**ဝက္ကလိသုတ် ပြီး၏**

## အသဃဇိသုတ်

ပု။ ။အသဃဇိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထန္တိ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တံ အသဃဇိံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ အသဃဇိ အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော ဘဂဝန္တံ ဧတဒဝေါစ "ပုဗ္ဗေ ခွါဟံ ဘန္တေ ဂေလညေ ပဿမ္ဘေတွာ ပဿမ္ဘေတွာ ကာယသင်္ခါရေ ဝိဟရာမိ၊ သောဟံ သမာဓိံ နပ္ပဋိလ-ဘာမိ။ တဿ မယှံ ဘန္တေ တံ သမာဓိံ အပ္ပဋိလဘတော ဧဝံ ဟောတိ နော စဿာဟံ ပရိဟာယာမီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယေ တေ အသဃဇိ သမဏဗြာဟ္မဏာ သမာဓိသာရကာ သမာဓိသာ-မညာ၊ တေသံ တံ သမာဓိံ အပ္ပဋိလဘတံ ဧဝံ ဟောတိ 'နော စဿု မယံ ပရိဟာယာမာ'တိ။ တံ ကိံ မညသိ အသဃဇိ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ "တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။အသဃဇိသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဠုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ရှင်အသဃဇိ မထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်းအရပ်ဝယ် ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူလတ်သောအခါ အရှင်အသဃဇိ မထေရ်သူမြတ်သည် ကဿပသူဌေး ဆောက်လုပ်လှူအပ်သော ကျောင်းတိုက်အတွင်း သီတင်းသုံးနေတော်မူဆဲ ဖြစ်ပါသည်။

ထိုအသဃဇိ မထေရ်သည် မမာမကျန်းဖြစ်၍ မိမိ၏ အလုပ်အကျွေးဖြစ်သော ရဟန်းတော်တို့ကို ရှေးဝက္ကလိဝတ္ထု၌ လျှောက်ဆိုအပ်ပြီးသောအတိုင်း ဘုရားထံမှောက် သွားရောက်စေ၍ သဗ္ဗညုမြတ်စွာဘုရားအား မိမိကိုယ်စား

ရှိခိုးစေခဲ့ပါသည်၊ မိမိထံသို့ မြတ်စွာဘုရား ကြွရောက်တော်မူဘို့ရန် တောင်းပန်လျှောက်ထားစေခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ညနေချမ်းအခါဝယ် တပါးတည်းကိန်းအောင်းတော်မူရာမှ ထတော်မူ၍ ရှင်အဿဇိရှိရာအရပ်သို့ ကြွတော်မူခဲ့ပါသည်၊ သဗ္ဗညုမြတ်စွာဘုရား ကြွလာသည်ကို မြင်လတ်လျှင် ရှင်အဿဇိသည် မိမိလျောင်းစက်ရာ ဖထိုင်ညောင်စောင်းမှ ထမည့်အခြင်းအရာ တလှုပ်လှုပ် တရှားရှား ပြုသည်ကို သဗ္ဗညုမြတ်စွာဘုရားက "အလံ အဿဇိ-ချစ်သား အဿဇိ....၊ရှိပါစေ၊ သင်ချစ်သားသည် မိမိ၏ အိပ်ရာ ညောင်စောင်း ဖထိုင်မှ မထပါလင့်၊ ဤမှာ များစွာသော နေရာတို့ ခင်းပြီး ရှိပါသည်၊ ခင်းပြီးသော နေရာမှာပင် ငါဘုရားထိုင်ပါအံ့"ဟု မိန့်ကြားတော်မူ၍ ခင်းအပ်ပြီးသောနေရာ၌ သဗ္ဗညုမြတ်စွာဘုရား ထိုင်တော်မူပြီးလျှင် "ကစ္စိ တေ အဿဇိ ခမနီယံ ယာပနီယံ" အစရှိသည်ဖြင့်——

ချစ်သား အဿဇိ....၊အသို့နည်း၊ သင်ချစ်သားသည် ဒုက္ခဝေဒနာဒဏ်ကို ခံနိုင်စွမ်းရှိပါ၏လော၊ ဣရိယာပထ မျှ တ ပါ၏လော၊ သင်ချစ်သားအား ဒုက္ခဝေဒနာတို့သည် ဆုတ်နစ်ကြပါကုန်၏လော၊ မတိုးတက်ဘဲ ရှိပါကုန်၏လော၊ ဆုတ်နစ်ဘို့ရန် အခြင်းအရာထင်၍ မတိုးတက်ဘို့ အခြင်းအရာ ထင်ပါ၏လော ဟု မေးမြန်းတော်မူလတ်သောအခါ——

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်အား ဝေဒနာဒဏ် မခံနိုင်လောက်အောင်ပင် ပြင်းထန်လှပါသည်၊ ဣရိယာပထ မမျှတအောင်ပင် ရှိပါသည်၊ ပြင်းထန်သည်းထန်လှစွာသော ဝေဒနာတို့သည် တိုး၍ တိုး၍သာလျှင် တက်ပွါးပါကုန်သည်၊ မဆုတ်နစ်ကြပါကုန်၊ တိုးဘို့ရာ အရိပ်သာ ထင်၍ ဆုတ်ယုတ်ဘို့အရိပ် မထင်ဘဲ ရှိပါတော့သည် ဟု ပြန်ပြောင်း လျှောက်ထားသည်တွင်——

ချစ်သား အဿဇိ....၊ သင်ချစ်သားအား တစုံတခုသော ကုက္ကုစ္စ၊ တစုံတခုသော နှလုံးမသာယာမှု ဝိပ္ပဋိသာရ မရှိဘဲ ရှိပါ၏လော ဟု မေးမြန်းတော်မူပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊တပည့်တော်အား အနပ္ပကမ်း ဂဏန်းမချနိုင်လောက်အောင် များစွာသော ကုက္ကုစ္စ၊ များစွာသော ဝိပ္ပဋိသာရတို့ ရှိပါသည် ဟု လျှောက်ထားသည်တွင်——

ချစ်သား အဿဇိ....၊သင်၏ ကိုယ်ကို သင်ချစ်သားသည် သီလအားဖြင့် မစွပ်စွဲဘဲ ရှိပါ၏လော ဟု မေးမြန်းတော်မူသည်တွင်—

"မစွပ်စွဲပါကြောင်း" ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

သို့တပြီးကား သင်ချစ်သားအား အဘယ်မည်သော အကြောင်းကြောင့် ကုက္ကုစ္စ, ဝိပ္ပဋိသာရ ဖြစ်ရသနည်း ဟု မေးမြန်းတော်မူလတ်သော အခါ—

## စျာန်အတွက် နှလုံးမသာယာဖြစ်ခြင်း

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှေးအခါက တပည့်တော်သည် မမာမကျန်းဖြစ်သောအခါ၌ ကာယသင်္ခါရ အမည်ရသော ထွက်သက် ဝင်သက်တို့ကို ငြိမ်းစေ ငြိမ်းစေပြီးလျှင် စတုတ္ထစျာန် သမာပတ်ကို ဝင်စား၍ နေခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုတပည့်တော်သည် ယခုအခါ အနာနှိပ်စက်သဖြင့် ရှေးကနည်းတူ ကာယသင်္ခါရ ခေါ်သော အဿာသ ပဿာသ တို့ကို ချုပ်စေ၍ စတုတ္ထစျာန်ကို ဝင်စားအံ့ ဟု ဝင်စားပါသော်လည်း ထိုစတုတ္ထစျာန် သမာဓိကို မရဘဲ ရှိပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုစတုတ္ထစျာန် သမာဓိကို မရသော တပည့်တော်အား "ငါသည် သာသနာတော်မှ မဆုံးရှုံးပါစေလင့်" ဟူ၍ပင် ကုက္ကုစ္စ၊ နှလုံးမသာမယာခြင်း ဝိပ္ပဋိသာရ ဖြစ်ခဲ့ပါသည် ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

## ဗုဒ္ဓသာသနာသည် စျာန်လောက်ကို မရည်ရွယ်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

ချစ်သား အဿဇိ....၊ အကြင်ရဟန်းပုဏ္ဏားတို့သည် သမာဓိသာလျှင် အနှစ်သာရ, သမာဓိသာလျှင် ရဟန်းတို့၏ အလုပ်ကိစ္စ ဟူ၍ မှတ်ထင်ကြကုန်၏၊ ထိုသို့သမာဓိသာလျှင် အနှစ်သာရရှိ၏ ဟူ၍ ယူဆသော ရဟန်းပုဏ္ဏားတို့အဘို့ ထိုသမာဓိကို မရရှိလျှင် ထိုကဲ့သို့ပင် ငါတို့သည် သာသနာမှ မရွေ့လျောဘဲ ရှိပါကုန်၏လော ဟူ၍ ကုက္ကုစ္စ, ဝိပ္ပဋိသာရ ဖြစ်ကြရသည်။

ချစ်သား အဿဇိ....၊ငါဘုရား၏သာသနာကား သမာဓိလျှင် အနှစ်သာရရှိသော သာသနာမဟုတ်၊ သမာဓိလျှင် ရဟန်းကိစ္စ ပြီးဆုံးခြင်းရှိသော

သာသနာမဟုတ်၊ စင်စစ်မှာမူ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ တည်းဟူသော ပညာသာလျှင် အနှစ်သာရရှိသော သာသနာဖြစ်သည်၊ ပညာသာလျှင် ရဟန်းကိစ္စ အဆုံးရောက်သော သာသနာဖြစ်သည်ဟု မိန့်ကြားတော်မူပြီးလျှင် ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ တည်းဟူသော ပညာတို့ကို ဖော်ပြတော်မူလိုသဖြင့် "တံ ကိံ မညသိ အဿဇိ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ" အစရှိသည်ဖြင့် ရှေး ရှင်ဝက္ကလိအား ဆုံးမတော်မူသကဲ့သို့ တိပရိဝဋ္ဋဓမ္မဒေသနာဖြင့် ရှင်အဿဇိမထေရ်သူမြတ်အား ဆုံးမဟောကြားတော်မူခဲ့ပါသည်။

ထိုဒေသနာတော်၏ အဆုံးဝယ် အရှင်အဿဇိမထေရ်သူမြတ်သည် တရားတော်ကို အစဉ်လျှောက်၍ ဝိပဿနာသုံးသပ်သဖြင့် တရားတော် ပြီးဆုံးလျှင်ပင် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုအဿဇိမထေရ်သူမြတ်အား အရဟတ္တဖိုလ်ပေါက် ရောက်ပြီးသော ပုဂ္ဂိုလ်တို့သည် သုခ ဒုက္ခ ဥပေက္ခာဝေဒနာသုံးပါးတို့တွင် အဘယ်ဝေဒနာကိုပင် ခံစားစေကာမူ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်းမရှိကြောင်း၊တဏှာ မာန ဒိဋ္ဌိတို့နှင့် မယှဉ်မူ၍ သာလျှင် သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့ကို သုံးစွဲသည် မည်ကြောင်း စသည်ကို ဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် မမာမကျန်းဖြစ်သော ရှင်အဿဇိမထေရ်ကို အကြောင်းပြု၍ ဤအဿဇိသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အဿဇိသုတ် ပြီး၏

## ခေမကသုတ်

ပု။ ။ခေမကသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဠ ဘာသိတံ။

ဝိ။ ။ကောသမ္ဗိယံ ဘန္တေ သမ္ဗဟုလေ ထေရေ ဘိက္ခူ အာရဗ္ဘ အာယသ္မတာ ခေမကတ္ထေရေန ဘာသိတံ။ သမ္ဗဟုလာ ဘန္တေ ထေရာ ဘိက္ခူ အာယသ္မန္တံ ဒါသကံ ပေသေတွာ စတုက္ခတ္တုံ အာယသ္မန္တံ ခေမကံ အာဗာဓိကံ ဒုက္ခိတံ ဗာဠှဂိလာနံ ဂေလညကာရဏာဠ ဓမ္မဠ

ပုစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ပဉ္စိမေ အာဝုသော ဥပါဒါနက္ခန္ဓာ ဝုတ္တာ ဘဂဝတာ။ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါ-နက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါ-နက္ခန္ဓော၊ ဣမေသု ခွါဟံ အာဝုသော ပဉ္စသု ဥပါဒါနက္ခန္ဓေသု န ကိဉ္စိ အတ္တံ ဝါ အတ္တနိယံ ဝါ သမနုပဿာမီ"တိ ဧဝမာဒိနာ ဘန္တေ အာယသ္မတာ ခေမကတ္ထေရေန ဘာသိတံ။

မေး။ ။ခေမကသုတ္တန် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသမ္ဗီပြည်အရပ်ဝယ် များစွာသော မထေရ်မြတ်တို့ကို အကြောင်းပြု၍ အရှင်ခေမက မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်၊ များစွာသော မထေရ်သူမြတ်တို့သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူကြဆဲ ဖြစ်ပါသည်။

ထိုအခါ အရှင်ခေမက မထေရ်သူမြတ်သည် ဃောသိတာရုံကျောင်းမှ တဂါဝုတ်လောက် ဝေးကွာသော ပဒရိကာရုံကျောင်း၌ မမာမကျန်း ဖြစ်၍ နေပါသည်။

## တမန်လွှတ်၍ ဂိလာနသတင်းမေးခြင်း

ထိုအခါ ဃောသိတာရုံကျောင်းနေ များစွာသော မထေရ်သူမြတ်တို့သည် ညနေချမ်းအခါ တပါးတည်းကိန်းအောင်းရာမှ ထကြ၍ အရှင်ဒါသက မထေရ်သူမြတ်ကို အရှင်ခေမက မထေရ်သူမြတ်ထံသို့ စေလွှတ်ကြပါကုန်သည်။

ငါ့ရှင် ဒါသက....၊ သွားပါချေ၊ ခေမကရဟန်းထံ သွားရောက်၍ မထေရ်ကြီးတို့က ဂိလာနအကြောင်း မေးမြန်းလိုက်ကြောင်း ပြောဆိုပါလေ ဟူ၍ မှာကြားပြီးလျှင် အရှင်ဒါသကကို လွှတ်ကြပါသည်။

အရှင်ဒါသကသည် အရှင်ခေမကထံမှောက်သို့ သွားရောက်၍ ငါ့ရှင် ခေမက....၊ မထေရ်ကြီးဖြစ်သော ရဟန်းတော်တို့သည် ဤသို့ ငါ့ရှင်ကို မှာလိုက်ကြပါကုန်သည်။

အသို့နည်း ငါ့ရှင်သည် ဝေဒနာဒဏ်ကို ခံနိုင်စွမ်းရှိပါ၏လော၊ ဣရိယာပထ မျှတပါ၏လော၊ မေးမြန်းလိုက်ပါသည်ဟု ပြောဆိုလျှောက်ထားသည်တွင်——

ဝေဒနာဒဏ် မခံနိုင်ကြောင်း၊ ဣရိယာပထ မမျှတကြောင်း၊ သည်းထန်စွာသော ဒုက္ခဝေဒနာတို့သည် တိုး၍ တိုး၍သာ လာကြောင်း၊ဝေဒနာတို့သည် တိုးရိပ်သာထင်၍ ဆုတ်နစ်ဘို့ရာ အရိပ်အရောင် မထင်ကြောင်း ပြန်ပြောင်း မိန့်ဆိုလိုက်ပါသည်။

## ပြဿနာမေး လွှတ်ကြပြန်ခြင်း

ထိုအခါ ရှင်ဒါသကသည် မထေရ်ကြီးတို့ထံ တဖန်ပြန်၍ ထိုအကြောင်းကို လျှောက်ထားသည်တွင် မထေရ်သူမြတ်တို့သည်လည်း တဖန်ထပ်၍ ရှင်ဒါသကကို ငါ့ရှင်ဒါသက....၊တဖန်ထပ်၍ သွားပါချေ၊ ခေမကရဟန်းထံမှောက် သွားရောက်၍ ဤသို့ မေးမြန်းလျှောက်ထားပါလေ။

ငါ့ရှင်ခေမက....၊ သဗ္ဗညုမြတ်စွာဘုရားသည် ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ တည်းဟူသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဟောကြားတော်မူခဲ့ပါသည်၊ အရှင်ခေမကသည် ထိုဥပါဒါနက္ခန္ဓာငါးပါးတို့တွင် တပါးပါးကိုမျှ အတ္တလိပ်ပြာ ဟူ၍၎င်း ငါ၏ဥစ္စာဟူ၍၎င်း ရှုကြည့်မှုကင်းပါသလော ဟု မေးမြန်းပါလေ ဟု မှာကြား၍ အရှင်ဒါသကမထေရ်မြတ်ကို အရှင်ခေမကထံသို့ တဖန် လွှတ်တော်မူကြပြန်ပါသည်။

ရှင်ဒါသကမထေရ်သည် ရှင်ခေမကမထေရ်ရှိရာသို့ သွားရောက်တော်မူ၍ မထေရ်ကြီးတို့ မှာထားလိုက်သည့်အတိုင်း မေးမြန်းတော်မူသည်တွင် ရှင်ခေမက မထေရ်သူမြတ်က——

ငါ့ရှင် ဒါသက....၊ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့တွင် တပါးပါးကိုမျှ ငါသည် အတ္တဟူ၍၎င်း အတ္တနိယ-ကိုယ်၏ဥစ္စာဟူ၍၎င်း မရှုကြည့်ပါ ဟု ပြန်ပြောင်းမိန့်ကြားသည်တွင် ရှင်ဒါသကမထေရ်သည်လည်း မထေရ်ကြီးတို့ထံ တဖန်ပြန်လာ၍ ရှင်ခေမက မှာထားလိုက်သည့်အတိုင်း ပြန်ကြားလျှောက်ထားပါသည်။

တဖန် မထေရ်ကြီးတို့သည် ရှင်ဒါသကကိုပင် စေလွှတ်၍——

## အတ္တဟု မရှုလျှင် ရဟန္တာလော

ငါ့ရှင်ဒါသက....၊ သွားပါချေ၊ ရှင်ခေမက ရဟန်းကို ဤသို့ လျှောက်ထားပါလေ....၊ ငါ့ရှင် ခေမကသည် ဥပါဒါနက္ခန္ဓာငါးပါး ဤတရားတို့၌ အကယ်၍ အတ္တဟူ၍ရှင်း အတ္တနိယဟူ၍ရှင်း မရှုခဲ့ပါလျှင် အရှင်ခေမကသည် ကိလေသာ အာသဝေါ ကုန်ခန်း ရဟန္တာ ဟူ၍ မှတ်ရပါအံ့လော ဟု မေးမြန်းပါလေ ဟု လွှတ်လိုက်ပါသည်။

ထိုအခါ ရှင်ဒါသကမထေရ်သည် ရှင်ခေမက မထေရ်ထံ သွားရောက်၍ မထေရ်ကြီးတို့ မှာကြားလိုက်သည့် စကားကို လျှောက်ထားသည်တွင် အရှင်ခေမက မထေရ်သူမြတ်သည်——

ငါ့ရှင်....ငါကား ဥပါဒါနက္ခန္ဓာ ငါးပါးတို့တွင် တပါးပါးကိုမျှ အတ္တလိပ်ပြာ ဟူ၍ရှင်း အတ္တလိပ်ပြာ၏ ဥစ္စာဟူ၍ရှင်း မရှုပါ၊ သို့စေကာမူ ငါတမူကား ရဟန္တာမဟုတ်သေးပါ၊ ကိလေသာ အာသဝေါ ကုန်ခန်း ရဟန္တာစင်စစ် မဟုတ်သေးပါ၊ စင်စစ်မှာမူ ငါ့သန္တာန်ဝယ် ငါဟူ၍ သိမ်မွေ့နူးညံ့သော မာနတရား ထင်ရှားရှိပါသေးသည်၊ ဥပါဒါနက္ခန္ဓာငါးပါးတို့တွင် တပါးပါးကိုမျှ ဤသည်ပင် ငါတည်း ဟူ၍ အတ္တလိပ်ပြာ တည်းဟူ၍ စွဲလမ်းမှု ရှုဆင်ခြင်မှု မရှိ ဟု ပြန်ပြောင်းလျှောက်ထား ပြောဆိုခဲ့ပါသည်။

ထိုအခါ ရှင်ဒါသကသည် ရှင်ခေမက မိန့်ကြားတော်မူသည့်အတိုင်း မထေရ်ကြီးတို့ထံ တဖန်ပြန်ကြား လျှောက်ထားသည်တွင် ထိုမထေရ်သူမြတ်တို့က တဖန် ဒါသကမထေရ်ကိုပင် စေလွှတ်၍——

ငါ့ရှင် ဒါသက....၊ တဖန် သွားပါချေ၊ ရှင်ခေမကသည် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အတ္တ အတ္တနိယ ဟူ၍ မရှု၊ ရဟန္တာလည်း မဟုတ်၊ အသို-ငါဟူ၍ နူးညံ့သော မာနတရား ဖြစ်ခဲ့သည်ဆိုသော စကားအရ ရုပ်ကိုပင် ငါဟူ၍ ရှုပါသလော၊ သို့မဟုတ် ရုပ်မှတပါး၊ ရုပ်ကို အလွတ်ထား၍ ငါဟူ၍ ရှုပါသလော၊ ဝေဒနာကို။ သညာကို။ သင်္ခါရကို။ ဝိညာဉ်ကိုပင် ငါဟူ၍ ရှုပါသလော၊ ဝိညာဉ်ကို အလွတ်ထား၍ ငါဟု ရှုပါသလော ဟု မေးမြန်းပါချေ ဟု ရှင်ဒါသကကို လွှတ်ပြန်ပါသည်။

ထိုသို့ ရှင်ဒါသက သွားရောက်၍ မထေရ်သူမြတ်တို့ မှာတမ်းလိုက်သည့် အတိုင်း ရှင်ခေမကအား မေးမြန်းလျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော မထေရ်ကြီးတို့၏ အထပ်ထပ် လေးကြိမ်တိုင်မြောက် ရှင်ခေမက၏ မမာမကျန်းမှုကို မေးမြန်းခြင်း တရားတော်ကို မေးမြန်းခြင်း ဟူသော အဋ္ဌုပ္ပတ်ကြောင့် ဤခေမက သုတ္တန်ဒေသနာတော်မြတ်ကို ထိုခေမကမထေရ်သူမြတ်သည် ကောသမ္ဗီပြည်အရပ်ဝယ် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပု။ • ။ကထဥ္စာဝုသော တတ္ထ အာယသ္မာ ခေမကော ဥတ္တရိ ဓမ္မဒေသနံ ပဝဍ္ဎေတွာ ဝိတ္ထာရေန ထေရာနံ ဘိက္ခူနံ ဒေသေသိ။ ကီဒိသော စ နေသံ ဓမ္မဒေသကဓမ္မပ္ပဋိဂ္ဂါဟကာနံ ဓမ္မဒေသနာယ အာနိသံသော အဓိဂတော။

ဝိ။ ။စတုတ္ထေ ဘန္တေ ဝါရေ အာယသ္မာ ခေမကော "အလံ အာဝုသော ဒါသက ကိံ ဣမာယ သန္ဓာဝနိကာယ၊ အာဟရာဝုသော ဒဏ္ဍံ၊ အဟမေဝ ထေရာနံ သန္တိကံ ဂမိဿာမီ"တိ ဒဏ္ဍမောလုဗ္ဘ အာယသ္မာ ခေမကော ယေန ထေရာ ဘိက္ခူ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ထေရေဟိ ဘိက္ခူဟိ ပုဋ္ဌော "နခွါဟံ အာဝုသော ရူပံ အသ္မီတိ ဝဒါမိ၊ နပိ အညတြ ရူပါ အသ္မီတိ ဝဒါမိ။ န ခွါဟံ အာဝုသော ဝေဒနံ အသ္မီတိ ဝဒါမိ၊ နပိ အညတြ ဝေဒနာ အသ္မီတိ ဝဒါမီ"တိ ဧဝမာဒိနာ ဘန္တေ အာယသ္မာ ခေမကော ဥတ္တရိပိ ဓမ္မဒေသနံ ပဝဍ္ဎေတွာ ဝိတ္ထာရေန ဒေသေသိ။ ဣမသ္မိံ စ ပန ဘန္တေ ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ထေရာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု အာယသ္မတောစ ခေမကဿ။ ဧဝံ ခေါ ဘန္တေ တေသံ ထေရာနံ ဓမ္မဒေသကဓမ္မပ္ပဋိဂ္ဂါဟကာနံ ဓမ္မာဘိသမယော အဟောသိ။

မေး။ ။ထိုခေမကသုတ္တန် ဒေသနာတော်မြတ်၌ အရှင်ခေမက မထေရ်သည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကြိမ်ကြိမ်အဖန်ဖန်လာ၍ မေးသည်ကို ဖြေကြားပြီးသည့်နောက်၌ ထိုတရားဒေသနာတော်ကို တဆင့်တိုးပွါးစေ၍ ထိုမထေရ်ကြီးတို့အား အဘယ်သို့လျှင် အကျယ်အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း၊ ထိုသို့ အကျယ်အားဖြင့် တရားဒေသနာတော်ကို ဟောကြားသည့်အတွက် ဟောကြားသော ပုဂ္ဂိုလ်အားရင်း နာခံသော ပုဂ္ဂိုလ်တို့အား

ငှင်း တရားနာရခြင်း၏ အကျိုးအာနိသင်ကို အဘယ်သို့လျှင် ရရှိသွားပါသနည်း ငါ့ရှင်....။

ဖြေ။ ။စတုတ္ထအကြိမ်မြောက် အရှင်ဒါသက သွားရောက်၍ မေးလျှောက်သောအခါဝယ် အရှင်ခေမက မထေရ်သူမြတ်သည်——

"အလံ အာဝုသော ဒါသက ဣမာယ သန္ဓာဝနိကာယ-ငါ့ရှင် ဒါသက....၊ ဤသို့ ငါ့ရှင်အပြန်ပြန် အခေါက်ခေါက် သွားရောက်နေခြင်းဖြင့် အကျိုးမရှိ၊ အာဟရ ဒဏ္ဍံ-တောင်ဝှေးကို ဆောင်ခဲ့ပါ၊ ယခုပင် ငါသည် မထေရ်ကြီးတို့ထံ သွားရောက်၍ လျှောက်ဆိုပါအံ့" ဟု တောင်ဝှေးကို ထောက်၍ မထေရ်ကြီးတို့ထံ ရှင်ခေမက ရောက်ရှိတော်မူလတ်ပါသည်။

မထေရ်ကြီးတို့နှင့် ဝမ်းမြောက်ဝမ်းသာ စကား နှီးနှော ပြောဆိုပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေသော အရှင်ခေမက မထေရ်သူမြတ်ကို မထေရ်ကြီးတို့က——

ငါ့ရှင်ခေမက....၊ သင်သည် အသ္မိ-ငါဟူ၍ စွဲယူကြောင်းကို ပြောဆိုပါသည်၊ ရုပ်ကိုတည်း ငါဟူ၍ စွဲယူသလော၊ ရုပ်ကို အလွတ်ထား၍ ငါဟု မှတ်ထင်ပါသလော၊ ဝေဒနာကို။ သညာကို။ သင်္ခါရကို။ ဝိညာဉ်ကိုတည်း ငါဟူ၍ မှတ်ထင်ပါသလော၊ ဝိညာဉ်ကို အလွတ်ထား၍ ငါဟူ၍ မှတ်ထင်ပါသလော ဟု မေးမြန်းတော်မူကြပါသည်။

## သိမ်မွေ့နူးညံ့သော မာနစွဲ

ထိုသို့ မေးမြန်းအပ်သော အရှင်ဒါသကမထေရ်သည်——

ငါ့ရှင်တို့....၊ ငါ့အား ငါသည် ရုပ်ကိုတည်း ငါဟူ၍ အမှတ်မထင် မစွဲလမ်းပါ။ ရုပ်ကိုဖယ်ရှား အလွတ်အားဖြင့်လည်း မမှတ်ထင် မစွဲလမ်းပါ။ ဝေဒနာကို။ သညာကို။ သင်္ခါရကို။ ဝိညာဉ်ကိုတည်း ငါဟူ၍ မှတ်ထင်သည် မဟုတ်ပါ။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ကို အလွတ်ဖယ်ရှားထား၍လည်း ငါဟူ၍ မာနဖြင့် မှတ်ထင်မှုမရှိပါ၊ စင်စစ်သော်မူ ဤခန္ဓာငါးပါးလုံးတို့ **အပေါ်၌** ငါဟူ၍ သိမ်မွေ့ နူးညံ့သော မာနစွဲ ရှိခဲ့ပါသည်။

သို့စေကာမူ ဤရူပက္ခန္ဓာ ဤဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာသည်ပင်လျှင် ငါကောင်တည်း ဟူ၍ ထိထိမိမိ ရန့်ရင်းသော စွဲလမ်းမှု ရှုကြည့်မှုလည်း မရှိပါ ဟူ၍ ပြန်ကြားမိန့်ဆိုတော်မူပြီးလျှင်——

## ပဒုမ္မာကြာနှင့် ဥပမာ

ငါ့ရှင်တို့....၊ ဥပမာအားဖြင့် တစုံတခုသော ပဒုမ္မာကြာနှင့် ကြာညိုနှင့် တစုံတခုသော ကြာပုဏ္ဍရိက်အနံ့သည် ရှိသည် ဆိုပါစို့။

အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည် ထိုကြာ၏ အနံ့ကို စကားပြောဆိုသောအခါ ဤအနံ့သည်ကား အရွက်၏အနံ့တည်း၊ ဤအနံ့သည်ကား အညှာ၏အနံ့တည်း၊ ဤအနံ့သည်ကား ဝတ်မှုံဝတ်ဆံ၏အနံ့တည်း ဟု ပြောဆိုလျှင် ကောင်းသော ပြောဆိုခြင်း ဖြစ်ပါမည်လော ဟု မေးမြန်းတော်မူပါသည်။

ထိုသို့ပြောဆို၍ မဖြစ်ကြောင်း မထေရ်ကြီးတို့က ပြောကြားသည်တွင်——

ဘယ်ပုံ ဘယ်ပန်းအားဖြင့် ပြောဆိုလျှင် မှန်ကန်သော ဖြေကြားခြင်း ဖြစ်မည်နည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ မထေရ်သူမြတ်တို့က ပန်းပွင့်၏ ရနံ့ ဟူ၍ ပြောဆိုမှသာလျှင် မှန်ကန်သော ပြောဆိုခြင်း ဖြစ်မည်ဖြစ်ကြောင်း၊ ရွက်ချပ်၏အနံ့ အညှာ၏အနံ့ ဝတ်မှုံ၏အနံ့ ဟု ပြောဆိုလျှင် မှန်ကန်သော ပြောဆိုမှု မဖြစ်နိုင်ကြောင်း ပြန်ပြောင်း၍ မိန့်ကြားတော်မူကြပါသည်။

ထိုအခါ ရှင်ခေမက မထေရ်သူမြတ်က ငါ့ရှင်တို့....၊ဤနည်းအတူပင်လျှင် ငါသည် ရုပ်ကိုင်း ဝေဒနာကိုင်း သညာကိုင်း သင်္ခါရကိုင်း ဝိညာဉ်ကိုင်း တပါး တပါးစီကို ငါဟူ၍ စွဲလမ်းသည်,ငါဟူ၍ ထင်မှတ်သည် မဟုတ်ပါ၊ စင်စစ်သော်မူ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါး အပေါင်း၌ပင်လျှင် ငါဟူ၍ သိမ်မွေ့နူးညံ့သော မာနတရား ဖြစ်ပွါးခဲ့ပါသည်။

ငါ့ရှင်တို့....၊ ထိုသို့ အရိယာသာဝကပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ရောက်မြောက်လတ်သောအခါ အောက်ဘုံသို့ ဆွဲဆောင်တတ်သော ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့ကို ပယ်ရှားပြီးပင် ဖြစ်ပါသည်၊ သို့စေကာမူ ထိုအနာဂါမ်ပုဂ္ဂိုလ်အား သိမ်မွေ့နူးညံ့သော ငါဟူ၍ မှတ်ထင်သောမာန, ငါဟူ၍ စွဲလမ်းသောဆန္ဒ ထင်ရှားကြွင်းကျန်ခဲ့ပါသေးသည်။

## ဥဒယဗ္ဗယဉာဏ်ဖြင့် အဖန်ဖန်ရှုလျှင်

ထိုအရိယာသာဝက အနာဂါမ်ပုဂ္ဂိုလ်သည် နောက်အခါဝယ် ခန္ဓာငါးပါးတို့၌ ရုပ်ကား ဤသို့ ဤမျှတည်း၊ ဤမည် ဤမည်သော အကြောင်းကြောင့်

ရုပ်ဖြစ်၏၊ ဤမည် ဤမည်သော အကြောင်းကြောင့် ရုပ်ကား ချုပ်၏ ဟူ၍ ရူပက္ခန္ဓာ၌ရှင်း, ထို့အတူ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာ၌ရှင်း ဤသို့လျှင် ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်း ပျက်ခြင်းတို့ကို ဥဒယဗ္ဗယ ဉာဏ်ဖြင့် အဖန်ဖန် ရှုမြင်သော အရိယာသာဝက အနာဂါမ်ပုဂ္ဂိုလ်အား ရှေးအခါ မဂ်ဖြင့် မပယ်ရသေးသော သိမ်မွေ့နူးညံ့သော မာနာနုသယကို အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြင့် ပယ်သတ်ရပါတော့သည်။

ငါ့ရှင်တို့....၊ လောကဥပမာအားဖြင့် တစုံတယောက်သော အဝတ် အထည်တို့၏ အရှင်တို့သည် ညစ်နွမ်းသော အဝတ်အထည်ကို ကဝါသည်ထံ အပ်သည် ဆိုကြပါစို့၊ ထိုညစ်နွမ်းသော အဝတ်အထည်ကို ကဝါသည်သည် သုံးမျိုးသော ဆပ်ပြာတို့ဖြင့် ဖွပ်လျှော်၍ပြီးလျှင် ထိုအထည်ရှင်တို့အား စင်ကြယ်သောအဝတ်ကို တဖန် ပြန်၍ အပ်ခဲ့ပါသည်၊ ထိုအဝတ်ဝယ် အညစ် အကြေးတို့ စင်ကြယ်ပြီးပင် ဖြစ်ပါသော်လည်း ဆပ်ပြာနံ့ကား အနည်းငယ်မျှ ကြွင်းကျန်၍ ရှိခဲ့ပါသည်၊ ထိုဆပ်ပြာနံ့ အနည်းငယ်မျှ ကြွင်းကျန်၍ ရှိခဲ့သော အဝတ်အထည်ကို အထည်ရှင် ဖြစ်သော ပုဂ္ဂိုလ်တို့သည် နံ့သာကြုပ်၌ သိုမှီး၍ ထားသောအခါ ထိုသိမ်မွေ့နူးညံ့လှသော ဆပ်ပြာ၏အနံ့သည် ပျောက်ခဲ့ ပါသည်။

ထို့အတူပင်လျှင် အနာဂါမ်ဖြစ်သော အရိယာသာဝကပုဂ္ဂိုလ်အား အောက်ကာမဘုံသို့ ဆွဲဆောင်တတ်သော ပဉ္စောရမ္ဘာဂိယ သံယောဇဉ်တို့ကို ပယ်ရှားပြီးပင် ဖြစ်ပါသော်လည်း သိမ်မွေ့နူးညံ့သော ငါဟူ၍ စွဲလမ်းမှတ်ထင်မှု မာနာနုသယကိုကား မပယ်အပ်သေး ရှိပါသည်။

သို့စေကာမူ ထိုအနာဂါမ် ဖြစ်သော အရိယာသာဝက ပုဂ္ဂိုလ်သည် နောက်ကာလ၌ ခန္ဓာငါးပါးဝယ် ဥဒယဗ္ဗယဉာဏ်ဖြင့် အဖန်ဖန် ရှုဆင်ခြင် လတ်သည်ရှိသော် ထိုရှေးက မပယ်ရသေးသော သိမ်မွေ့နူးညံ့သော မာနာ နုသယကို အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြင့် အကြွင်းမဲ့ ပယ်သတ်၍ ကိလေသာ အနံ့ အကြွင်းမဲ့ပင် ပျောက်ခဲ့ပါသည် ဟု အရဟတ္တဖိုလ် အထွဋ်တပ်၍ ဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ရှင်ခေမကမထေရ်သူမြတ်သည် အထက်၌လည်း အရဟတ္တ ဖိုလ်ရောက် ဒေသနာတော်ကို တိုးချဲ့၍ အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော် မူခဲ့ပါသည်။

ထိုဒေသနာတော်ကို ကြားနာရသည်၏ အဆုံး၀ယ် ဓမ္မဒေသက ဖြစ်တော်မူသော အရှင်ခေမက မထေရ်သူမြတ်နှင့် ထိုခြောက်ကျိပ်တပါးသော ဓမ္မဒေသက ဓမ္မပ္ပဋိဂ္ဂါဟက မထေရ်သူမြတ်တို့၏ စိတ်တော်အစဉ်တို့သည် တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ ကိလေသာခပ်သိမ်းတို့မှ အလွတ်မြောက်ကြီး လွတ်မြောက်တော်မူခဲ့ကြပါကုန်သည်၊ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ကြပါကုန်သည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း ဓမ္မဒေသက ဓမ္မပ္ပဋိဂ္ဂါဟက ဖြစ်တော်မူကြသော ထိုခြောက်ကျိပ်သော မထေရ်သူမြတ်တို့နှင့် ရှင်ခေမကမထေရ်သူမြတ်တို့၏ အရဟတ္တဖိုလ်ပေါက် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းတည်းဟူသော တရားဟောရခြင်း တရားနာရခြင်း အကျိုးအာနိသင်အထူးကို ရရှိတော်မူအပ်ပါသည် အရှင်ဘုရား။

ခေမကသုတ် ပြီး၏

---

## ဆန္နသုတ်

ပု။ ။ဆန္နသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ၀တ္ထုသ္မိံ ကေန ကထဋ္ဌ ဘာသိတံ။

၀ိ။ ။ကောသမ္ဗိယံ ဘန္တေ အာယသ္မန္တံ ဆန္နတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ဆန္နတ္ထေရော အာယသ္မန္တံ အာနန္ဒံ တေဒဝေါစ "သြဝဒတု မံ အာယသ္မာ အာနန္ဒော၊ အနုသာသတု မံ အာယသ္မာ အာနန္ဒော၊ ကရောတု မေ အာယသ္မာ အာနန္ဒော ဓမ္မိံ ကထံ၊ ယထာဟံ ဓမ္မံ ပဿေယျ"န္တိ။ တသ္မိံ ဘန္တေ ၀တ္ထုသ္မိံ "သမ္မုခါ မေ တံ အာဝုသော ဆန္န ဘဂဝတော သုတံ၊ သမ္မုခါ ပဋိဂ္ဂဟိတံ ကစ္စာနဂေါတ္တံ ဘိက္ခုံ သြဝဒန္တဿ၊ ဒွယနိဿိတော ခွါယံ ကစ္စာန လောကော ယေဘုယျေန အတ္ထိတဉ္စေ၀ နတ္ထိတဉ္စ၊ လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ နတ္ထိတာ၊ သာ န ဟောတိ"တိ ဧ၀မာဒိနာ ဘန္တေ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။

မေး။ ။ဆန္နသုတ် တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသမ္ဗီပြည်အရပ်ဝယ် မြတ်စွာဘုရား၏ ဘွားဘက်တော်ဖြစ်တော်မူသော အရှင်ဆန္နမထေရ်မြတ်ကို အကြောင်းပြု၍ တရားဘဏ္ဍာစိုးဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

## အရှင်ဆန္န မထေရ်

သဗ္ဗညုမြတ်စွာဘုရား နိဗ္ဗာန်လားတော်မူပြီးသည်မှ နောက်ကာလဝယ် ရှင်ဆန္နအား ဗြဟ္မဒဏ် ထားသဖြင့် အရှင်ဆန္နသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောအရပ်သို့ သွားရောက်၍ မထေရ်သူမြတ်တို့ထံ ချဉ်းကပ်ပြီးလျှင်——

မထေရ်သူမြတ်တို့သည် တပည့်တော်အား ဆုံးမတော်မူကြပါကုန်၊ မထေရ်သူမြတ်တို့သည် တပည့်တော်ကို အနုသာသနီစကား မိန့်ကြားတော်မူကြပါကုန်၊ မထေရ်သူမြတ်တို့သည် တပည့်တော်အား တရားနှင့်ယှဉ်သော စကားကို ဟောကြားတော်မူကြပါကုန်၊ ဤသို့ တောင်းပန်လျှောက်ထားပါသည်။

ထိုအခါ များစွာသော မထေရ်သူမြတ်တို့က ငါ့ရှင်ဆန္န....၊ရူပက္ခန္ဓာကား အနိစ္စ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏက္ခန္ဓာကား အနိစ္စတည်း။ရူပက္ခန္ဓာကား အနတ္တ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဤခန္ဓာငါးပါး လုံးပင်လျှင် အနတ္တတည်း။ အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် အနတ္တတည်း၊ အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် အနိစ္စတည်း ဟူ၍ ဟောကြားတော်မူကြပါသည်။

ထိုအခါ အရှင်ဆန္နအား ငါ၏ စိတ်သန္တာန်ဝယ် ဤသို့လျှင် ခန္ဓာငါးပါးလုံး အနိစ္စ၊ ခန္ဓာငါးပါးလုံးပင်လျှင် အနတ္တ၊ အလုံးစုံသော သင်္ခါရဓမ္မတို့သည် အနိစ္စ၊ အလုံးစုံသော တရားအစုသည် အနတ္တဟူ၍ ထင်ပါ၏ သိပါ၏။ သိစေကာမူ ငါ၏စိတ်သည် ကိလေသာ အာသဝေါတရားတို့၏ ကုန်ခန်းရာ ဖြစ်သော

နိဗ္ဗာန်၌ မတည်ခဲ့ မညွတ်ခဲ့ မသက်ဝင်ခဲ့ ဖြစ်ပါပေသည်၊ တရားကို သိသော ပုဂ္ဂိုလ်အား ဤသို့ ဖြစ်ရမည် မဟုတ်ပါချေ၊ ငါ့အား မည်သူသည် တရားကို မြင်အောင် ဟောကြားတော်မူပါလိမ့်မည်နည်း ဟူ၍ အကြံ ဖြစ်ပါသည်။

## အရှင်အာနန္ဒာထံ သွားခြင်း

ထိုအခါ အရှင်ဆန္နမထေရ်သူမြတ်အား ဤသို့ တဖန် အကြံ ဖြစ်ပြန်ပါသည်။

အရှင်အာနန္ဒာ မထေရ်သူမြတ်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေတော်မူ၏၊ ထိုရှင်အာနန္ဒာ မထေရ်သူမြတ်ကို သက်တော်ထင်ရှား ဘုရားရှိစဉ်ကလည်း သဗ္ဗညုမြတ်စွာဘုရား ချီးမွမ်းတော်မူအပ်ပါပေသည်၊ သီတင်းသုံးဘော် ပညာရှိ ရဟန်းတော်တို့ကလည်း ချီးမွမ်းတော်မူအပ်ပါပေသည်၊ ငါ့အား ရှင်အာနန္ဒာသည် တရားကို ဟောခြင်းငှါ စွမ်းနိုင်လေရာ၏၊ ငါ့အား ရှင်အာနန္ဒာ၌ အကျွမ်းဝင်မှုလည်း ရှိပါပေ၏၊ ငါသည် ရှင်အာနန္ဒာထံ သွားရောက်၍ တရားနာဘို့ရန် တောင်းပန်ရမူ ကောင်းလေစွ ဟု အကြံ ဖြစ်ပြီးလျှင် ဗာရာဏသီပြည်မှသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း ရှင်အာနန္ဒာထံမှောက်သို့ သွားရောက်၍ မိမိသည် ဗာရာဏသီပြည်၌ မထေရ်တို့ထံ ဤသို့ လျှောက်ဆိုဘူးကြောင်း၊ မထေရ်တို့က ဤသို့ ဟောကြားကြောင်း၊ ထိုအခါ မိမိသည် ဤသို့ အကြံဖြစ်၍ ကောသမ္ဗီပြည်သို့ ယခု ရှင်အာနန္ဒာထံမှောက်သို့ ရောက်လာပါကြောင်း ပြန်ပြောင်း လျှောက်ထား ပြီးလျှင်——

ဩဝဒတု မံ အာယသ္မာ အာနန္ဒော၊ အနုသာသတု မံ အာယသ္မာ အာနန္ဒော။

အို အရှင်ဘုရား အာနန္ဒာ....၊ အရှင်အာနန္ဒာသည် တပည့်တော်ကို အဆုံးအမဩဝါဒကို ပေးတော်မူပါ၊ တပည့်တော်ကို အနုသာသနီ စကား မိန့်ကြားတော်မူပါ၊ တပည့်တော်အား အရှင်အာနန္ဒာ မထေရ်သူမြတ်သည် တရားနှင့်ယှဉ်သော စကားကို ဟောကြားတော်မူပါ၊အကြင်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူသည်ရှိသော် တပည့်တော်သည် တရားတော်ကို မြင်နိုင်ရာပါ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် တရားနှင့်ယှဉ်သော စကားကို ဟောကြားတော်မူပါဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

## အရှင်အာနန္ဒာ တရားဟောခြင်း

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်သည် "ဧတ္တကေနပိ မယံ အာ-ယသ္မတော ဆန္နဿ အတ္တမနာ" အစရှိသည်ဖြင့်—

အို အရှင်ဆန္န....၊တပည့်တော်တို့သည် ဤမျှသော အရှင်ဘုရား၏ မာန်မာန နှိမ့်ချသော စကားကို ပြောကြားခြင်းဖြင့်လည်း လွန်စွာ လွန်စွာ နှစ်လိုအားရမ်း ဝမ်းမြောက်သျပါကုန်သည်။

အို အရှင်ဆန္နမထေရ်သူမြတ်ဘုရား....၊နားကို ထောင်တော်မူပါ၊ အရှင်ဘုရားသည် တရားတော်ကို သိခြင်းငှါ ထိုက်တော်မူပါသည်ဟု အားပေးစကား မိန့်ကြားတော်မူပြီးလျှင် ကစ္စာနဂေါတ္တသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အခြင်းအရာအတိုင်း မိမိကြားခဲ့သည့်အတိုင်း ရှင်ဆန္နအား ပြန်ကြား၍ "ဒွယနိဿိတော ခွါယံ ကစ္စာန လောကော" အစရှိသည်ဖြင့် ကစ္စာနဂေါတ္တသုတ္တန်ဒေသနာတရားကို ရှင်ဆန္နမထေရ်အား ရှင်အာနန္ဒာဟောကြားခဲ့ပါသည်။

ဒေသနာ၏အဆုံးဝယ် အရှင်ဆန္န မထေရ်သူမြတ်သည် သောတာပန်တည်ခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အဌုပ္ပတ္တိကြောင့် ဘွားဘက်တော်ဖြစ်တော်မူသော အရှင်ဆန္နမထေရ်သူမြတ်ကို အကြောင်းပြု၍ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်သည် ဤဆန္နသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားသည့်နည်းအတိုင်း ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဆန္နသုတ် ပြီး၏

---

## ပုပ္ဖသုတ်

ပု။ ။တေနာဝုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန ခန္ဓဝဂ္ဂသံယုတ္တေ ပုပ္ဖဝဂ္ဂေ ပုပ္ဖ-သုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကထေဿ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကောဝ မယာ ဝိဝဒတိ၊ န ဘိက္ခဝေ

ဓမ္မဝါဒီ ကေနစိ လောကသ္မိံ ဝိဝဒတိ၊ ယံ ဘိက္ခဝေ နတ္ထိ သမ္မတံ လောကေ ပဏ္ဍိတာနံ၊ အဟမ္ပိ တံ "နတ္ထီ"တိ ဝဒါမိ၊ ယံ ဘိက္ခဝေ အတ္ထိသမ္မတံ လောကေ ပဏ္ဍိတာနံ၊ အဟမ္ပိ တံ "အတ္ထီ"တိ ဝဒါမီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် ခန္ဓသံယုတ် ပုပ္ဖဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ပုပ္ဖသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက တရား နာ ရဟန်းတော်တို့ကို အကြောင်းပြု၍——

နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ။

ချစ်သား ရဟန်းတို့....ငါဘုရားသည် သတ္တလောကကြီးနှင့် ငြင်းခုံစကား ဆန့်ကျင်ဘက်စကား ပြောကြား၍ နေသည် မဟုတ်၊ သတ္တလောကရှိသမျှ သော နတ်လူအပေါင်းတို့ကသာလျှင် ငါဘုရားနှင့်တရားသဘောမှ ဆန့်ကျင် သော ငြင်းခုံစကား ပြောကြား၍ နေကြပါသည်။

## ဓမ္မဝါဒီ ပုဂ္ဂိုလ်

န ဘိက္ခဝေ ဓမ္မဝါဒီ ကေနစိ လောကသ္မိံ ဝိဝဒတိ။

ချစ်သား ရဟန်းတို့....တရားကို ဟောဆိုလေ့ရှိသော ပုဂ္ဂိုလ်သည် ဤ လောက၌ တစုံတယောက်သောသူနှင့်မျှ ငြင်းခုံစကား ပြောကြားသည် မမည်ပါ။

ချစ်သား ရဟန်းတို့....ဤလောက၌ ပညာရှိတို့က အကြင်တရားကို မရှိ ဟူ၍ သမုတ်အပ်၏၊ ငါဘုရားသည်လည်း ထိုတရားကို မရှိ ဟူ၍ပင် ဟော ကြားသည်။

ချစ်သား ရဟန်းတို့....လောက၌ ပညာရှိတို့က အကြင်တရားကို ထင် ရှားရှိ၏ ဟု သမုတ်အပ်၏၊ ငါဘုရားသည်လည်း ထိုတရားကို ထင်ရှားရှိ၏ ဟူ၍သာလျှင် ဟောဆိုပေသည်။

## မရှိဟူ၍ သမုတ်အပ်သောတရား

ချစ်သား ရဟန်းတို့....ပညာရှိတို့ကလည်း မရှိ ဟူ၍ သမုတ်အပ်၊ ငါဘုရားသည်လည်း မရှိ ဟူ၍ ဟောကြားအပ်သော ထိုတရား ဟူသည် အဘယ်တရားတို့နည်းဟူမူကား—

ချစ်သား ရဟန်းတို့....မဖောက်မပြန် မြဲမြဲခိုင်မာ၍ အခါခပ်သိမ်း တည်ရှိနိုင်သောရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဟူ၍ မရှိဟူ၍သာလျှင် လောက၌ ပညာရှိတို့သည် သမုတ်အပ်သည်၊ ငါဘုရားသည်လည်း ထိုအတူပင်လျှင် မဖောက်မပြန် မြဲမြဲခိုင်ခံ့၍ အခါခပ်သိမ်း တည်တံ့နိုင်သည့် ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဟူ၍မရှိ ဟူ၍သာလျှင် ဟောကြားခဲ့ပေသည်။

ချစ်သား ရဟန်းတို့....ဤသည်ကား ပညာရှိတို့ကလည်း လောက၌ မရှိဟူ၍ သမုတ်အပ်၊ ငါဘုရားသည်လည်း ထိုတရားကို မရှိဟူ၍ပင် ဟောကြားအပ်သော တရားဖြစ်ပေသည်။

## ရှိ၏ဟူ၍ သမုတ်အပ်သောတရား

ချစ်သား ရဟန်းတို့....လောက၌ ပညာရှိတို့က ရှိ၏ ဟူ၍ သမုတ်အပ်ပြီး ငါဘုရားသည်လည်း ရှိ၏ ဟူ၍ ဟောကြားအပ်သော တရား ဟူသည် အဘယ်နည်းဟူမူကား—

ချစ်သား ရဟန်းတို့....ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွါးတတ်သော သဘောရှိသော မမြဲသော မခိုင်မာသော အခါခပ်သိမ်း မတည်တံ့နိုင်သော ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ သာလျှင် ရှိ၏ဟူ၍ ပညာရှိတို့က သမုတ်အပ်သည်၊ ငါဘုရားသည်လည်း ဖောက်ဖောက်ပြန်ပြန်ထွေထွေပြားပြား ဖြစ်ပွါးတတ်၍ မမြဲသော မခိုင်သော အခါခပ်သိမ်း မတည်တံ့နိုင်သော ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါ-ရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ရှိ၏ ဟူ၍ သာလျှင် ဟောဆိုခဲ့ပါသည်။

ချစ်သားရဟန်းတို့....ဤဆိုအပ်ခဲ့ပြီးသည်ကား လောက၌ ပညာရှိတို့ကလည်း ရှိ၏ဟူ၍ သမုတ်အပ်၊ ငါဘုရားသည်လည်း ရှိ၏ ဟူ၍ ဟောကြားအပ်သော တရားပင် ဖြစ်ပေသည်။

ချစ်သား ရဟန်းတို့....၊ဤလောက၌ ဖြစ်တတ် ပျက်တတ်သော လောက ဝယ် ဖြစ်တတ် ပျက်တတ်သော တရားတို့သည်ကား ထင်ရှားရှိပါပေသည်၊ ထိုထင်ရှားရှိသော ဖြစ်တတ် ပျက်တတ်သော လောက၌ အကျုံးဝင်သည့် ဖြစ်တတ် ပျက်တတ်သော တရားကို ငါဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် ထိုးထွင်းကုန်စင် သိမြင်၍ ဝေနေယျသတ္တဝါတို့အား အကျဉ်းအားဖြင့်ရင်း အကျယ်အားဖြင့်ရင်း ဟောကြားခဲ့ပါပေသည်။

## ခန္ဓာငါးပါးမှတပါး အခြားမရှိ

ချစ်သား ရဟန်းတို့....၊ဖြစ်တတ်ပျက်တတ်သော လောက၌ အကျုံးဝင်၍ လောက၌ ထင်ရှားရှိသော ဖြစ်တတ် ပျက်တတ်သော တရားတိ ဟူသည်မှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဟူ၍ ဤတရားငါးမျိုးတို့သည်ပင်လျှင် ဖြစ်တတ် ပျက်တတ်သော လောက၏အတွင်း၌ ထင်ရှားရှိသော ဖြစ်တတ် ပျတ်တတ်သော တရားမျိုး ဖြစ်ပါပေသည်၊ ထို ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါးမှ အလွတ် ဖြစ်တတ် ပျက်တတ်သော လောက၏ အတွင်း၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား တပါးဟူ၍ မရှိပါ။

သို့ ထင်ရှားရှိသော တရားကိုလည်း ငါဘုရားသည် အကျဉ်းအားဖြင့် ရင်း အကျယ်အားဖြင့်ရင်း ဟောကြားခဲ့ပါသည်။

## အန္ဓဗာလ ပုထုဇဉ်

ဤသို့ ငါဘုရားသည် အကျဉ်း အကျယ် နှစ်သွယ်အားဖြင့် လောက၌ ထင်ရှားရှိသော တရားသဘောကို ဟောပြောပါသော်လည်း မသိသော မမြင် သော အန္ဓဗာလပုထုဇဉ်အတွက် ငါဘုရားသည် မည်သို့မျှ မပြုနိုင်အောင်ပင် ရှိပါတော့သည်။

ချစ်သား ရဟန်းတို့....၊လောကဥပမာအားဖြင့် ကြာညိုသည်ရင်း ပဒုမ္မာ ကြာသည်ရင်း ကြာပုဏ္ဍရိက်သည်ရင်း ရေ၌ ပေါက်ပွါး ရေ၌ပင် ကြီးပွါး၍ ရေ၏အထက်ဝယ် စွင့်စွင့်တက်၍ နေခဲ့ပါပေသည်၊ ရေနှင့်လည်း မလိမ်းမကျံ တည်ခဲ့ပါပေသည်။

ထိုအတူပင်လျှင် ရှေးဘုရားတို့အစဉ် လာခြင်းကောင်းတော်မူသော ငါ ဘုရားသည်လည်း ဖြစ်တတ်ပျက်တတ်သော သတ္တလောက၏ အတွင်း၌ ပေါက်

ဖွား၍ သတ္တလောက၏ အတွင်း၌ပင်လျှင် ကြီးပွါးပြီးလျှင် ဤသတ္တလောက ကြီးကို လွှမ်းမိုးအုပ်စိုး၍ တည်နေပါပေသည်၊ ဤသတ္တလောကကြီးဖြင့်လည်း ပိန်းကြာဖက်ဘွင် ရေမဘင် မငြိကပ်ဘိသကဲ့သို့ ငါဘုရားသည်လည်း ဤသတ္တ လောကကြီးကို မငြိမတွယ် မကပ်ရောက်ဘဲ ရှိပါတော့သည်ဟု ဤပုပ္ဖ မည် သော ပဒုမ္မာကြာပန်းနှင့် ဥပမာပြု၍ ဟောကြားရာ ဖြစ်သော သုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်၌ များစွာသော ဓမ္မပ္ပဒ္ဒိဂ္ဂါဟက ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါ သည် အရှင်ဘုရား။

ပုပ္ဖသုတ် ပြီး၏

---

## ဖေဏပိဏ္ဍူပမသုတ်

ပု။ ။တတ္ထ အာဝုသော ဖေဏပိဏ္ဍူပမသုတ္တံ ဘဂဝတာ ကတ္ထ ကိံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။အယုဇ္ဈာယံ ဘန္တေ ဂင်္ဂါယ နဒိယာ တီရေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "သေယျထာပိ ဘိက္ခဝေ အယံ ဂင်္ဂါ နဒီ မဟန္တံ ဖေဏပိဏ္ဍံ အာဝဟေယျ၊ တမေနံ စက္ခုမာ ပုရိသော ပဿေယျ နိဇ္ဈာယေယျ ယောနိသော ဥပပရိက္ခေယျ၊ တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေ၀ ခါယေယျ၊ တုစ္ဆကညေ၀ ခါယေယျ၊ အသာရကညေ၀ ခါယေယျ၊ ကိံ ဟိ သိယာ ဘိက္ခဝေ ဖေဏပိဏ္ဍေ သာရော။ ဧဝမေဝ ခေါ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာ-နာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ တံ ဘိက္ခု ပဿတိ နိဇ္ဈာယတိ ယောနိသော ဥပပရိက္ခတိ၊ တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေ၀ ခါယတိ၊ တုစ္ဆကညေ၀ ခါယတိ၊ အသာရကညေ၀ ခါယတိ၊ ကိံ ဟိ သိယာ ဘိက္ခဝေ ရူပေ သာရော"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုခန္ဓသံယုတ် ပုပ္ဖဝဂ်၌ပင်လျှင် ရှေးသံဂါယနာတင် ဆရာ **မြတ်ဘို့ သံဂါယနာ တင်ထားခဲ့သော တဘိယသုတ် ဖြစ်သော ဖေဏပိဏ္ဍူပမ**

သုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အယုဇ္ဈပြည်၏အနီး ဂင်္ဂါမြစ်ဆိပ်ဝယ် အယုဇ္ဈပြည်သားတို့ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအရပ်၌ များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

အယုဇ္ဈပုရမြို့၏အနီး ဂင်္ဂါမြစ်ဆိပ်ကျောင်းအရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံး စံနေတော်မူသောအခါ ညနေချမ်းအချိန်ဝယ် ဂင်္ဂါမြစ်ဆိပ်၌ ခင်းထားအပ်သော နေရာဝယ် သဗ္ဗညုမြတ်စွာဘုရား များစွာသော ရဟန်းတော် အပေါင်း ခြံရံလျက် သီတင်းသုံးနေတော်မူဆဲ ရှိပါသည်။

ထိုအခါ ဂင်္ဂါမြစ်အတွင်းမှ မျော၍လာသော ရေမြှုပ်ဆိုင်ကို မြင်တော်မူသဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် ထိုရေမြှုပ်ဆိုင်ကိုပင် ဒိဋ္ဌဓမ္မ သက်သေ ဥပမာပြု၍ "သေယျထာပိ ဘိက္ခဝေ အယံ ဂင်္ဂါနဒီ မဟန္တံ ဖေဏပိဏ္ဍံ အာဝဟေယျ" အစရှိသည်ဖြင့်—

## ရေမြှုပ်ဆိုင်ပမာ ရူပက္ခန္ဓာ

ချစ်သား ရဟန်းတို့....ဤဂင်္ဂါမြစ်အတွင်းဝယ် မျော၍ လာသော ရေမြှုပ်ဆိုင်ကြီးကို ပကတိ မျက်စိ အမြင်ရှိသော ယောကျ်ားသည် အရပ်လေး မျက်နှာမှ စေ့စေ့ငုငု ကြည့်ရှုလတ်သည်ရှိသော် အခိုင်အမာ အနှစ်သာရ ရှာမရ၊ အချည်းနှီး အသုံးမကျသည်ကိုသာလျှင် တွေ့ရမြင်ရဘိသကဲ့သို့၊ ထို အတူ ယောဂါဝစရ ဖြစ်တော်မူသော ရဟန်းတော်အရှင်သူမြတ်သည်လည်း ပစ္စုပ္ပန် အတိတ် အနာဂတ် အားဖြင့်၎င်း အဇ္ဈတ္တ ဗဟိဒ္ဓအားဖြင့်၎င်း အကြမ်း အနုအားဖြင့်၎င်း အယုတ် အမြတ်အားဖြင့်၎င်း အနီးအဝေးအားဖြင့်၎င်း တဆယ့်တပါး အပြားရှိသော ရူပက္ခန္ဓာ ရုပ်တရားအစုကို ဝိပဿနာဉာဏ် မျက်စိဖြင့် စေ့စေ့ငုငု ကြည့်ရှုလတ်သည်ရှိသော် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး နိစ္စ သုခ အနှစ်သာရမဖက် သက်သက်ဆိတ်သုဉ်းသော မခိုင်မာသော သဘောကိုသာလျှင် ထင်ရပါသည် တွေ့ရပါသည် မြင်ရပါသည်။

## ရေပွက်ပမာ ဝေဒနာက္ခန္ဓာ

ချစ်သား ရဟန်းတို့....၊မိုးလအဆုံး တန်ဆောင်မုန်းကာလ မိုးကြီးသည်းထန်စွာ ရွာသွန်းသောအခါ၌ ဂင်္ဂါမြစ်ရေအပြင်၌ ဖြစ်စေ,ရေကန် ရေအပြင်၌ ဖြစ်စေ ရေပွက်တို့သည် ခဏအတွင်းဖြစ်၍ ခဏအတွင်း ချုပ်ကုန်ပါကုန်သည်။

ထိုသို့ ရေပွက်ဘို့ တဖြစ်ချုပ်ချုပ်နေမည်ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ကြည့်ရှုလတ်သည်ရှိသော် အခိုင်အမာ အနှစ်သာရ ဟူ၍ မှာမရဘိသကဲ့သို့ ထို့အတူ ပစ္စုပ္ပန် အတိတ် အနာဂတ် စသည် တဆယ့်တပါး အပြားရှိသော ဝေဒနာက္ခန္ဓာကို ယောဂါဝစရ ရဟန်းတော် အရှင်သူမြတ်သည် စေ့စေ့ငုငု ကြည့်ရှုလတ်သည်ရှိသော် နိစ္စ သုခ အတ္တ ဟူသော အနှစ်သာရ မဖက် သက်သက်ဆိတ်သုဉ်းသော သဘောကိုသာလျှင် တွေ့ရပါသည်။

## တံလျှပ်ပမာ သညာက္ခန္ဓာ

ချစ်သား ရဟန်းတို့....၊နွေလဘို့၏ အဆုံးဖြစ်သောလဝယ် လင်းလပ်ဟူ၍ငင်း တံလျှပ်ဟူ၍ငင်း ခေါ်ဆိုရသော အရာဝတ္ထုသည် တလျှပ်လျှပ် တုန်လှုပ်၍ နေရပါသည်၊ ထိုလင်းလပ် တံလျှပ်ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် အရပ်လေးမျက်နှာမှ ကြည့်ရှုလတ်သည်ရှိသော် အခိုင်အမာ အနှစ်သာရ ရှာ၍မရဘိသကဲ့သို့ ထို့အတူ ယောဂါဝစရ ရဟန်းတော်အရှင်သူမြတ်သည်လည်း ပစ္စုပ္ပန် အတိတ် အနာဂတ် စသည် တဆယ့်တပါး အပြားရှိသော သညာက္ခန္ဓာကို ဝိပဿနာဉာဏ်မျက်စိဖြင့် စေ့စေ့ငုငု ကြည့်ရှုလတ်သည်ရှိသော် ထိုဆိုအပ်ပြီးသော တံလျှပ် ပုံပမာကဲ့သို့ ခိုင်မာသော အနှစ်သာရမှ လုံးဝဆိတ်သုဉ်းသည် ကိုသာလျှင် တွေ့ရပါသည်။

## ငှက်ပျောတုံးပမာ သင်္ခါရက္ခန္ဓာ

ချစ်သား ရဟန်းတို့....၊ အနှစ်သာရကို အလိုရှိသော ယောကျ်ား တယောက်သည် ဖြောင့်မတ်သုစွာသောငှက်ပျောပင်မှ အရင်းအဖျားကိုပယ်၍ ငှက်ပျောပင်အလွှာတို့ကို အထပ်ထပ် ခွါပင် ခွါသော်လည်း အကာကိုမျှ မရနိုင်၊ အနှစ်ကိုကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိပါအံ့နည်း။

ချစ်သား ရဟန်းဘို့....၊ထိုသို့ ငှက်ပျောတုံးကို ကြည့်ရှုသော မျက်စိအမြင်ရှိသော ပုဂ္ဂိုလ်သည် အနှစ်သာရဆိတ်သုဉ်းသည်ကိုသာ တွေ့ရဘိသကဲ့

သို့ ထိုအတူ သင်္ခါရက္ခန္ဓာကိုလည်း ယောဂါဝစရ ရဟန်းတော်အရှင်သူမြတ်သည် ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရှုလတ်သည်ရှိသော် ငှက်ပျောတုံးပမာ အလှာသာများ၍ နိစ္စ သုခ အတ္တ တည်းဟူသော အနှစ်သာရမရှိသည်ကိုသာလျှင် တွေ့ရပါသည်။

## မျက်လှည့်ပမာဝိညာဏက္ခန္ဓာ

ချစ်သားရဟန်းတို့....၊မျက်လှည့်ရုပ်ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် စေ့စေ့ငုငု ကြည့်ရှုလတ်သည်ရှိသော် အနှစ်သာရ ရှာမရဘိသကဲ့သို့ ယောဂါဝစရ ရဟန်းတော်အရှင်သူမြတ်သည်လည်း ပစ္စုပ္ပန် အတိတ် အနာဂတ် စသည်အားဖြင့် တဆယ့်တပါး အပြားရှိသော ဝိညာဏက္ခန္ဓာကို ဝိပဿနာ ဉာဏ်မျက်စိဖြင့် အထပ်ထပ်ကြည့်ရှုလတ်သည်ရှိသော် နိစ္စ သုခ အတ္တ သုဘ တည်းဟူသော အနှစ်သာရဆိတ်သုဉ်းသည်ကိုသာလျှင် မြင်ရတွေ့ရပါပေတော့သည်။

## ဉာဏ်အဆင့်ဆင့်မြောက် အရဟတ္တဖိုလ်ရောက်

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

ချစ်သားရဟန်းတို့....၊ဤသို့ ရူပက္ခန္ဓာကို ရေမြှုပ်ဥပမာ၊ဝေဒနာက္ခန္ဓာကို ရေပွက်ဥပမာ၊ သညာက္ခန္ဓာကို တံလျှပ်ဥပမာ၊ သင်္ခါရက္ခန္ဓာကို အလှာများသည့် ငှက်ပျောတုံးဥပမာ၊ ဝိညာဏက္ခန္ဓာကို မျက်လှည့်ရုပ် ဥပမာ ထား၍ အနိစ္စ ဒုက္ခ အနတ္တ အနေဖြင့် အဖန်ဖန် ကြည့်ရှုလတ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တိုင်အောင်သော အဆင့်ဆင့်သော လောကုတ္တရာကျေးဇူး အရဟတ္တဖိုလ် တိုင်မြောက် ရောက်ပါလိမ့်မည်ဟု မိန့်ကြားတော်မူပြီးလျှင် တိက္ခပညပုဂ္ဂိုလ်တို့အား အကျဉ်းအားဖြင့် သိသာပါစိမ့်သောငှါ——

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။
ယထာ ယထာ နိဇ္ဈာယတိ၊ ယောနိသော ဥပပရိက္ခတိ။
ရိတ္တကံ တုစ္ဆကံ ဟောတိ၊ ယော နံ ပဿတိ ယောနိသော။

ဣမဥ္စ ကာယံ အာရဗ္ဘ၊ ဘူရိပညေန ဒေသိတံ။
ပဟာနံ တိဏ္ဏံ ဓမ္မာနံ၊ ရူပံ ပဿထ ဆဒ္ဒိတံ။
အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။
ဧတာဒိသာယံ သန္တာနော၊ မာယာယံ ဗာလလာပိနီ။
ဝဓကော ဧသ အက္ခာတော၊ သာရော ဧတ္ထ န ဝိဇ္ဇတိ။
ဧဝံ ခန္ဓေ အဝေက္ခေယျ၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဒိဝါ ဝါ ယဒိ ဝါ ရတ္တိံ၊ သမ္ပဇာနော ပဋိဿတော။
ဇဟေယျ သဗ္ဗသံယောဂံ၊ ကရေယျ သရဏတ္တနော။
စရေယျာဒိတ္တသီသောဝ၊ ပတ္ထယံ အစ္စုတံ ပဒံ။

ဟု ဤဖေဏပိဏ္ဍူပမသုတ္တန် ဒေသနာတော်မြတ်ကို အယုဇ္ဈပြည်အရပ် ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဖေဏပိဏ္ဍူပမသုတ် ပြီး၏

---

## ဒုတိယဓမ္မကထိကသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဓမ္မကထိကဝဂ္ဂေ ဒုတိယဓမ္မကထိကသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ဘာသိတံ။ အညတရော ဘန္တေ ဘိက္ခု ဘဂဝန္တံ ဧတဒဝေါစ "ဓမ္မကထိကော ဓမ္မကထိကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ ဓမ္မကထိကော ဟောတိ၊ ကိတ္တာဝတာ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဟောတိ၊ ကိတ္တာဝတာ ဒိဋ္ဌဓမ္မ-နိဗ္ဗာနပ္ပတ္တော ဟောတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ 'ဓမ္မ-ကထိကော ဘိက္ခူ'တိ အလံ ဝစနာယာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုခန္ဓသံယုတ်၌ ဓမ္မကထိကဝဂ်၌ ရှေးသံဂါယနာတင် မဟာ ထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော ဒုတိယ ဓမ္မကထိကသုတ်ဟု အမည်

ရသော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် အညတြရဟန်းတပါးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် သီတင်းသုံးနေတော်မူသောအခါ ပညာအမြော်အမြင် အဆင်ခြင်နှင့် ပြည့်စုံသော ရဟန်းတော်တပါးသည် ဘုရားထံမှောက် သွားရောက်၍—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဓမ္မကထိက ရဟန်း ဓမ္မကထိက ရဟန်း-တရားဟော ရဟန်း ဟူ၍ ပြောဆိုအပ်ပါသည်၊ အဘယ်မျှသော အင်္ဂါဖြင့် အဘယ်ကဲ့သို့ ဟောဆိုမှ ဓမ္မကထိကစင်စစ် ဖြစ်နိုင်ပါသနည်း။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အဘယ်မျှသော အကျင့်တရားဖြင့် ဓမ္မာနုဓမ္မပ္ပဋိပန္န လောကုတ္တရာ မဂ်ဖိုလ်အား လျော်သော တရားကို ကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်ပါသနည်း။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊အဘယ်မျှသော အတိုင်းအရှည်ဖြင့် မျက်မှောက်ဘဝ၌ပင်လျှင် နိဗ္ဗာန်သို့ရောက်၍ နေသော ပုဂ္ဂိုလ်ဖြစ်နိုင်ပါသနည်းဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

## ဓမ္မကထိက စသောပုဂ္ဂိုလ် သုံးဦး

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ ဓမ္မကထိကော ဘိက္ခူတိ အလံ ဝစနာယ-အစရှိသည်ဖြင့်—

ချစ်သားရဟန်း....၊အမှတ်မထင် အကြင်ရဟန်းသည်ရူပက္ခန္ဓာကိုငြီးငွေ့ဘို့ရန်၊ ရူပက္ခန္ဓာကို တပ်ခြင်းကင်းဘို့ရန်၊ ရူပက္ခန္ဓာ၌ တွယ်တာတပ်မက်တတ်သော တဏှာလောဘ၏ ချုပ်ငြိမ်းဘို့ရန် တရားကို ဟောကြား၏၊ ထိုသို့

ရူပက္ခန္ဓာ၌ တပ်ခြင်းကင်းဘိုရန်, ငြီးငွေ့ရန်, တွယ်တာတပ်မက်မှု ကင်းဘိုရန် ဟောကြားသော ပုဂ္ဂိုလ်သည် သာလျှင် ဓမ္မကထိကစင်စစ် ဧကန် ဖြစ်နိုင်သည်။

ချစ်သားရဟန်း....၊အကြင်ရဟန်းသည် ရူပက္ခန္ဓာ၌ နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ် ရင့်သန်ဘိုရန်ငှင်း၊ ရူပက္ခန္ဓာ၌ တွယ်တာတပ်မက်သော တဏှာလောဘ ချုပ်ငြိမ်းရန်ငှင်း ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်မှ သာလျှင် လောကုတ္တရာတရား ကိုးပါးအား လျော်ပတ်သောအကျင့် ပဋိပတ်ကို ကျင့်ကြံသည့် ဓမ္မာနုဓမ္မပ္ပဋိပန္န ရဟန်းတော်စင်စစ် ဖြစ်နိုင်သည်။

ချစ်သားရဟန်း....၊အကြင်ရဟန်းသည် ရူပက္ခန္ဓာ၌ ငြီးငွေ့ခြင်းကြောင့်ငှင်း၊ တပ်ခြင်းကင်းခြင်းကြောင့်ငှင်း၊ ရူပက္ခန္ဓာကို တွယ်တာတပ်မက်တတ်သော တဏှာလောဘ ချုပ်ငြိမ်းခြင်းကြောင့်ငှင်း တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ ကိလေသာ အာသဝေါတို့မှ လွတ်မြောက်သည်၊ ထိုရဟန်းသည်သာလျှင် ဒိဋ္ဌဓမ္မ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းစင်စစ် ဟူ၍ ဆိုထိုက်ပေသည်။

ထို့အတူ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့ဖြင့်လည်း ဝေဘန်၍ ဟောကြားတော်မူအပ်ပါသည်။

ဤသို့လျှင် ဒုတိယဓမ္မကထိက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်သော အဌုပ္ပတ်ကြောင့် မထင်မရှား ဉာဏ်ပညာအဆင်ခြင်နှင့် ပြည့်စုံသော ရဟန်းတပါးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒုတိယဓမ္မကထိသုတ် ပြီး၏

## သီလဝန္တသုတ်နှင့် သုတဝန္တသုတ်

ပု။ ။တတ္ထ ဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ သံဂီတံ သီလဝန္တသုတ္တဉ္စ သုတဝန္တသုတ္တဉ္စ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။ဗာရာဏသိယံ ဘန္တေ အာယသ္မန္တံ မဟာကောဋ္ဌိကံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။ အာယသ္မာ ဘန္တေ မဟာကောဋ္ဌိကော သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ သာရိပုတ္တော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစ "သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။ သုတဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ၊ သုတဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ"တိ ဧဝံ မာဒိနာ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။ထိုခန္ဓသံယုတ် ဓမ္မကထိကဝဂ်ဥ်ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော သီလဝန္တမည်သောသုတ် တရားဒေသနာတော်ကိုရင်း သုတဝန္တမည်သောသုတ် တရားဒေသနာတော် ကိုရင်း အဘယ်အရပ်ဌာန၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဠုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗာရာဏသီပြည်အရပ်ဝယ် မဟာသာဝကအဝင်အပါ မဟာကောဋ္ဌိက မထေရ်သူမြတ်ကို အကြောင်းပြု၍ တရားစစ်မူး ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားတော်မူအပ်ခဲ့ပါသည်။

ရှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိက မထေရ်သူမြတ်တို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် သီတင်းသုံးနေတော်မူကြသော အခါ ညနေချမ်းအချိန်ဝယ် အရှင်မဟာကောဋ္ဌိက မထေရ်သည် ရှင်သာရိပုတ္တရာမထေရ်အထံသို့ သွားရောက်၍ သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ-အစရှိသည်ဖြင့်——

ငါ့ရှင် သာရိပုတ္တရာ....၊စတုပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည် သီလနှင့် ပြည့်စုံပြီးသော အခါ အဘယ်တရားတို့ကို အသင့် အားဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်း။

ငါ့ရှင် သာရိပုတ္တရာ....၊ဗဟုသုတနှင့် ပြည့်စုံသော ရဟန်းတော်အရှင် သူမြတ်သည် ထိုဗဟုသုတနှင့် ပြည့်စုံပြီးသောအခါ အဘယ်မည်သော တရား တို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်း ဟု မေးမြန်းတော်မူပါ သည်။

## သောတာပန်ဖြင့်ဘို မလွဲနိုင်

ထိုအခါ တရားစစ်မှူး ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သူမြတ်က "သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ၊ သုတာဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ" အစရှိသည်ဖြင့်——

ငါ့ရှင် ကောဋ္ဌိက....၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည်၎င်း ဗဟုသုတအကြားအမြင်နှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည်၎င်း ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ တည်းဟူသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ ဟူ၍၎င်း ဒုက္ခဟူ၍၎င်း ရောဂါမျိုးဟူ၍၎င်း အိုင်း အမာမျိုး ဟူ၍၎င်း မြားငြောင့်တံသင်းမျိုးဟူ၍၎င်း ဒုက္ခမျိုးဟူ၍၎င်း အနာ ရောဂါမျိုး ဟူ၍၎င်း တစိမ်းပြင်ပဟူ၍၎င်း နိစ္စ သုခ စသည်မှ ဆိတ်သုဉ်းသော အားဖြင့်၎င်း အတ္တသိပ်ပြာမဟုတ်ဟူ၍၎င်း ဤသို့ အသင့်အားဖြင့် ဆင်ခြင် အပ် ရှုမြင်အပ်ပါပေသည်။

ငါ့ရှင် ကောဋ္ဌိက....၊ဤသို့ အသင့်အားဖြင့် တဆယ့်တပါးသော အခြင်း အရာဖြင့် ရှုမြင်သော သီလနှင့်ပြည့်စုံသော,သုတနှင့်ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုဘို့ရန် မလွဲသော အကြောင်းတရား ရှိနိုင်ပါပေသည် ဟု ဖြေကြားတော်မူခဲ့ပါသည်။

တဖန် ဆင့်လျှောက်၍ သောတာပန် ဖြစ်ပြီးသော ရဟန်းတော်အရှင် သူမြတ်သည်ကား အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ် ပါကုန် သနည်း ဟု မေးမြန်းတော်မူလတ်သောအခါ——

ငါ့ရှင်ကောဋ္ဌိက....၊သောတာပန် ဖြစ်သော ရဟန်းတော် အသျှင်သူမြတ်သည်လည်း ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင်လျှင် ဆိုအပ်ပြီးသော အခြင်းအရာဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သည်။

ဤသို့ သောတာပန်ပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ယောနိသော မနသိကာရဖြင့် နှလုံးသွင်း ဆင်ခြင်လတ်သည်ရှိသော် သကဒါဂါမိဖိုလ်သို့ ရောက်ဘို့ရန် မှန်ကန်သော အကြောင်းရှိပါပေသည် ဟု ဖြေကြားတော်မူပြန်ပါသည်။

သကဒါဂါမ် ဖြစ်သော ရဟန်းတော်အရှင်သူမြတ်သည်ကား အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်း ဟု တဖန် စစ်သျှောက် မေးမြန်းတော်မူသဘ်သော အခါ——

ငါ့ရှင် ကောဋ္ဌိက....၊ သကဒါဂါမ်ဖြစ်သော ရဟန်းသည်လည်း ထိုအတူ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင်လျှင် အနိစ္စ ဒုက္ခ အနတ္တဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ပါပေကုန်သည်၊ သို့ နှလုံးသွင်းလျှင် အနာဂါမိမဂ်ဖိုလ်ကို ရဘို့ရန် မှန်ကန်သော အကြောင်းရှိပါပေသည် ဟု မိန့်ကြားတော်မူပါသည်။

အနာဂါမ် ဖြစ်သော ရဟန်းမူကား အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်းဟု တဖန်မေးမြန်းသောအခါလည်း ထိုအတူပင် ဥပါဒါနက္ခန္ဓာငါးပါးဘို့ကို အနိစ္စ ဒုက္ခ အနတ္တဟူ၍ နှလုံးသွင်းအပ်ပါကုန်သည်၊ သို့နှလုံးသွင်းလျှင် ထိုအနာဂါမ်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ရဘို့ရန် အကြောင်းရှိပါပေသည်ဟု ဖြေကြားဘော်မူပါသည်။

## ရဟန္တာဖြစ်ပြီးချိန်

ငါ့ရှင် သာရိပုတ္တရာ....၊ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည်ကား အဘယ်တရားဘို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်း ဟု မေးမြန်းတော်မူသတ်ပြန်ပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က——

ငါ့ရှင် ကောဋ္ဌိက....၊ ရဟန္တာဖြစ်သော အရှင်သူမြတ်သည်လည်း ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ပါကုန်သည်။

ငါ့ရှင် ကောဋ္ဌိက....၊ ရဟန္တာအရှင်သူမြတ်အားကား ရဟန်းကိစ္စပြုဘွယ်ရန် အကြွင်းအကျန်လည်းမရှိ၊ ပြုပြီးသော ရဟန်းကိစ္စကို တဖန် ထပ်၍ ပွါးများဘို့ရန်လည်း မရှိတော့ပါ၊ စင်စစ်သော်မူ ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ပွါးများအပ် အဖန်ဖန်လေ့လာအပ်ကုန်သည်ရှိသော် ဖလသမာပတ်သို့ ရောက်ရှိ၍ ဒိဋ္ဌဓမ္မ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း အကျိုးငှါရင်း သတိသမ္ပဇဉ် အလို့ငှါရင်း ဖြစ်ပါတော့သည် ဟု အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် အရှင်ကောဋ္ဌိကမထေရ်သူမြတ်ကို အကြောင်းပြု၍ လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ဤသုတ္တန် ဒေသနာတော် နှစ်ရပ်ကို စိတ်ဖြာ၍ခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သီလဝန္တသုတ်နှင့် သုတဝန္တသုတ် ပြီး၏

---

## ရာဓသံယုတ်

## သတ္တသုတ်

ပု။ ။ရာဓသံယုတ္တေ ပနာဝုသော ဒုတိယံ သတ္တသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထန္တိ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ရာဓတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ရာဓတ္ထေရော ဘဂဝန္တံ ဧတဒဝေါစ "သတ္တော သတ္တောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ သတ္တောတိ ဝုစ္စတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ရူပေ ခေါ ရာဓ ယော ဆန္ဒော ယော ရာဂေါ ယာ နန္ဒီ ယာ တဏှာ၊ တတြ သတ္တော တတြ ဝိသတ္တော၊ တသ္မာ သတ္တောတိ ဝုစ္စတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ရာဓသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ဒုတိယမြောက် ဖြစ်သော သတ္တသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် **ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။**

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ရှင်ရာဓ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး နေတော်မူသောအခါ ရာဓ မထေရ်သည်မြတ်သည် ဘုရားထံမှောက် သွားရောက်၍ "သတ္တော သတ္တောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနု ခေါ ဘန္တေ သတ္တောတိ ဝုစ္စတိ" ဟူ၍ —

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ သတ္တဝါ သတ္တဝါ ဟူ၍ လောက၌ ခေါ်ဆိုပညတ် သမုတ်အပ်ပါပေသည်၊ အဘယ်မျှသော အကြောင်းကြောင့် သတ္တဝါ ဟူ၍ ခေါ်ဆိုပညတ်အပ်ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

## သတ္တဝါ

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ရူပေ ခေါ ရာဓ ယော ဆန္ဒော ယော ရာဂေါ ယာ နန္ဒီ ယာ တဏှာ"-အစရှိသည်ဖြင့် —

ချစ်သားရာဓ....၊ ရူပက္ခန္ဓာ၌ရှင်း၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါ-ရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၌ရှင်း အကြင်အလိုရှိတတ် တပ်မက်တတ် နှစ်သက်တတ် တပ်စွန်းတတ်သော တဏှာလောဘသည် မှိ၏၊ ထို ရုပ် ဒေဝနာ သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ခန္ဓာငါးပါး၌ တပ်စွန်းတတ်သောကြောင့် သတ္တဝါ သတ္တဝါဟူ၍ ခေါ်ဆိုအပ်ပေသည်။

ချစ်သား ရာဓ....၊ လောကဥပမာအားဖြင့် ရွာသူ သားငယ် ကလေးသူငယ်မတို့သည် လမ်းလေးခွဝယ် မြေမှုန့်ဘိုဖြင့် ပြီးသော မြေမှုန့်အိမ်တို့ဖြင့် ကစားမြူးထူး ပျော်ပါးကြကုန်သည်၊ အကြင်မျှလောက် ထိုကလေးသူငယ်လူမမယ်တို့သည် ထိုမြေအိမ်တို့၌ တပ်စွန်းခြင်းရာဂ မကင်းကြကုန်သေး၊ ထိုမျှလောက် ထိုမြေအိမ်တို့ကို ငြိကပ်တွယ်တာကြပေကုန်သည်၊ အကြင်အခါ၌ ထိုမြေအိမ်တို့ကို တပ်စွန်းခြင်း ကင်းကြပါပေကုန်၏၊ ထိုအခါ ထိုမြေအိမ်တို့ကို လက်တို့ဖြင့်ရှင်း ခြေတို့ဖြင့်ရှင်း ဖျက်ဆီး၍ ရစရာမရှိအောင် မှုန့်မှုန့်ညက်ညက် ပြန့်ကြဲဖြစ်စေကြပေကုန်သည်။

ချစ်သား ရာဓ....၊ ဤနည်းအတူပင်လျှင် သင်ချစ်သားတို့သည်လည်း **ရူပက္ခန္ဓာကိုရှင်း ဝေဒနာက္ခန္ဓာကိုရှင်း သညာက္ခန္ဓာကိုရှင်း သင်္ခါရက္ခန္ဓာကိုရှင်း**

ဝိညာဏက္ခန္ဓာကိုင်း တပ်ခြင်းကင်းဘို့ရန် ဖရိုဖရဲကြဲ၍ သွားဘို့ရန် ရုပ်၌တွယ်တာတပ်မက်သော တဏှာလောဘ.ကိုပယ်ရှားဘို့ရန် ကျင့်ကြံကြကုန်လော့။

ချစ်သားရာဓ....၊ တဏှာ၏ကုန်ရာသည်ကား နိဗ္ဗာန်လျှင် ဖြစ်တော့သည်၊ တဏှာကင်းလျှင် နိဗ္ဗာန်သို့ သင်ချစ်သားတို့ ရောက်ပေလိမ့်မည်ဟု ဤသတ္တမည်သော သုတ္တန်ဒေသနာတော်မြတ်.ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် အရှင် ရာဓမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သတ္တသုတ် ပြီး၏

---

## ဒိဋ္ဌိသံယုတ်

## သောအတ္တာသုတ်

ပု။ ။ဒိဋ္ဌိသံယုတ္တေ ပနာဝုသော တတိယံ သံဂီတံ သောအတ္တာ သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ကိသ္မိံ နု ခေါ ဘိက္ခဝေ သတိ ကိံ ဥပါဒါယ ကိံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ သော အတ္တာ သော လောကော သော ပေစ္စ ဘဝိဿာမိ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ဒိဋ္ဌိသံယုတ်၌ တတိယသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားသော သောအတ္တာမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ်များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။ မြတ်စွာဘုရားသခင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် တနေ့ **သောအခါ မြတ်စွာဘုရားက တရားသဘင်ဝယ် ရဟန်းတော်တို့ကို "ကိသ္မိံ**

နသ္ခါ ဘိက္ခဝေ သဘိ ကိံ ဥပါဒါယ ကိံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ” အစရှိသည်ဖြင့် “ရဟန်းတို့....၊အဘယ်တရား ထင်ရှားရှိလတ်သော် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်းပြီးလျှင် ထိုတရားသည် အတ္တတည်း၊ ထိုတရားသည် လောကတည်း၊ ထိုငါသည် တမလွန်ဘဝ၌ မြဲမြံသောသူ ခိုင်ခံ့သောသူ အခါခပ်သိမ်း ထင်ရှားရှိသောသူ ဖြစ်ပေလိမ့်မည်” ဟူ၍ မိစ္ဆာအယူ ဖြစ်နိုင်သနည်း ဟု မေးမြန်းတော်မူလတ်သည်တွင်—

ရဟန်းတော် အရှင်မြတ်တို့က “ဘဂဝံမူလကာ နော ဘန္တေ ဓမ္မာ၊ ဘဂဝံ နေတ္တိကာ၊ ဘဂဝံ ပဋိသရဏာ” အစရှိသည်ဖြင့် ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား....၊ တပည့်တော်တို့၏ တရားအလုံးစုံတို့သည် မြတ်စွာဘုရားလျှင် အမွန်မူလ ရှိပါကုန်သည်၊ မြတ်စွာဘုရားလျှင် ရှေ့သွားရှေ့ဆောင် ရှိပါကုန်သည်၊ မြတ်စွာဘုရားလျှင် ကိုးစားရာ လားရာရှိပါကုန်သည်၊ တပည့်တော်များ တောင်းပန်လျှောက်ထားပါကုန်၏၊ ဤစကားတော်၏ အနက်အဓိပ္ပါယ် အကျယ်ကို ရှင်တော်ဘုရား၏ ဉာဏ်တော်ဝယ် ထင်စေချင်ပါသည်၊ ဟောကြားတော်မူစေချင်ပါသည်၊ ရှင်တော်ဘုရား၏ ထံမှ ကြား၍ ရဟန်းတော်တို့သည် ဆောင်ကြပါလိမ့်မည် ဟု တောင်းပန်စကား လျှောက်ထားကြသောအခါ—

မြတ်စွာဘုရားသခင်က “ရူပေ ခေါ ဘိက္ခဝေ သတိ ရူပံ ဥပါဒါယ ရူပံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ” အစရှိသည်ဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါးတို့ ထင်ရှားရှိလတ်သော် ထိုခန္ဓာငါးပါးကို အစွဲပြု၍ ထိုခန္ဓာငါးပါးကို အမှားနှလုံးသွင်း၍ ဖော်ပြရာပါ အတ္တဒိဋ္ဌိ ဖြစ်နိုင်ကြောင်းကိုရင်း၊ ထိုခန္ဓာငါးပါးနှင့် အာရုံခြောက်ပါးတို့ဝယ် အနိစ္စ ဟု သိ၍ မစွဲလမ်းလျှင် ထိုအတ္တဒိဋ္ဌိ မဖြစ်နိုင်ကြောင်း ကိုရင်း၊ ထိုခန္ဓာငါးပါး အာရုံခြောက်ပါးတို့၌ ယုံမှားသံသယကို ပယ်အပ်သည်ရှိသော် သစ္စာလေးရပ်၌ပင် ယုံမှားသံသယကို ပယ်အပ်ပြီးဖြစ်ကြောင်း သောတာပန်စင်စစ် ဖြစ်ကြောင်းတို့ကို ဖော်ပြ၍ ဤ(သောအတ္တာ)မည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သောအတ္တာသုတ် ပြီး၏**

## နတ္ထိဒိန္နသုတ်

ပ॥ ॥တတ္ထေဝ အာဝုသော ပဌမံ နတ္ထိဒိန္နသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ॥

ဝိ॥ ॥သာဝတ္ထိယံ ယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ကိသ္မိံ နု ခေါ ဘိက္ခဝေ သတိ ကိံ ဥပါဒါယ ကိံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ॥

မေး॥ ॥ထိုဒိဋ္ဌိသံယုတ်၌ပင်လျှင် ငါးခုမြောက် ဖြစ်သော နတ္ထိဒိန္န မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....॥

ဖြေ॥ ॥သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

### ဒသဝတ္ထုကနှင့် ဥစ္ဆေဒဒိဋ္ဌိ

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် တနေ့သောအခါ မြတ်စွာဘုရားက တရားသဘင်ဝယ် ရဟန်းတော်တို့ကို "ကိသ္မိံ နု ခေါ ဘိက္ခဝေ သတိ ကိံ ဥပါဒါယ ကိံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ" အစရှိသည်ဖြင့် ရဟန်းတို့....၊အဘယ်တရား ထင်ရှားရှိလတ်သော် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်းပြီးလျှင် "လှူအပ်သော အလှူဒါနမရှိ၊ ပူဇော်အပ်သော မဟာဒါနမရှိ အစရှိသည့် အလှူဒါနကြီးငယ် ကောင်းမှု မကောင်းမှုတို့၏ အကျိုးတရား၊ ဤလောက တမလွန်လောကနှစ်ပါး၊ အမိ အဘ ဥပပါတ်သတ္တဝါများနှင့်တကွ လောကနှစ်ပါးကို သိမြင်တတ်သည့် ရဟန်းပုဏ္ဏားတို့ကို ပယ်ရှားသည့် ဆယ်ပါးပါးသော ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိတရား ဖြစ်ပွါးနိုင်သနည်း" ဟု မေးမြန်းတော်မူလတ်သည်တွင်——

ရဟန်းတော် အရှင်မြတ်တို့က “ဘဂဝံ မူလကာ နော ဘန္တေ ဓမ္မာ ဘဂဝံ နေတ္တိကာ ဘဂဝံ ပဋိသရဏာ” အစရှိသည်ဖြင့် ဘုန်းတော်ကြီးမြတ်ဘော်ဖူးသော မြတ်စွာဘုရား....၊ တပည့်တော်တို့၏ တရားအလုံးစုံတို့သည် မြတ်စွာဘုရားလျှင် အမွန်မူလ ရှိပါကုန်သည်၊ မြတ်စွာဘုရားလျှင် ရှေ့သွားရှေ့ဆောင် ရှိပါကုန်သည်၊မြတ်စွာဘုရားလျှင် ကိုးစားရာ လားရာရှိပါကုန်သည်၊ တပည့်တော်များ တောင်းပန်လျှောက်ထားပါကုန်၏၊ ဤအမေးစကားတော်၏ အနက် အဓိပ္ပါယ် အကျယ်ကို ရှင်တော်ဘုရား၏ ဉာဏ်တော်ဝယ် ထင်စေချင်ပါသည်၊ ဟောကြားတော်မူစေချင်ပါသည်။ ရှင်တော်ဘုရား၏ထံမှကြား၍ ရဟန်းတော်တို့သည် ဆောင်ကြပါလိမ့်မည်ဟု တောင်းပန်စကားလျှောက်ထားကြသောအခါ —

မြတ်စွာဘုရားသခင်က “ရူပေ ခေါ ဘိက္ခဝေ သတိ ရူပံ ဥပါဒါယ ရူပံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ” အစရှိသည်ဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်းဟူသော ခန္ဓာငါးပါးတို့ ထင်ရှားရှိလတ်သော် ထိုခန္ဓာငါးပါးကို အစွဲပြု အမှားနှလုံးသွင်း၍ မေးမြန်းဖော်ပြရာပါ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တို့ ဖြစ်နိုင်ကြောင်း ကိုရင်း ထိုခန္ဓာငါးပါး အာရုံခြောက်ပါးတို့၌ အနိစ္စဟု သိ၍ မစွဲလမ်းလျှင် ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ မဖြစ်နိုင်ကြောင်းကို ရင်း ထိုခန္ဓာငါးပါး အာရုံခြောက်ပါးတို့၌ ယုံမှားသံသယကို ပယ်အပ်သည် ရှိသော် သစ္စာလေးရပ်၌ပင် ယုံမှားသံသယ ကို ပယ်အပ်ပြီးဖြစ်၍ သောတာပန် စင်စစ် ဖြစ်တော့ကြောင်းတို့ကိုဖော်ပြ၍ ဤနတ္ထိဒိန္နမည်သော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

နတ္ထိဒိန္နသုတ် ပြီး၏

---

## ဩက္ကန္တသံယုတ်

### စက္ခုသုတ်

ပ။ ။ဩက္ကန္တသံယုတ္တေ ပနာဝုသော ပဌမံ စက္ခုသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ “စက္ခုံ ဘိက္ခဝေ အနိစ္စံ ဝိပရိဏာမိ အညထာဘာဝိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယော။ မနော အနိစ္စော ဝိပရိဏာမိ အညထာဘာဝီ”တိ ဧဝမာဒိနာ ဘာဂဝတာ ဘာသိတံ။

မေး။ ။သြက္ကန္တသံယုတ်၌ ရှေးဦးစွာသော စက္ခုသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

## သဒ္ဓါနုသာရီ နှင့် ဓမ္မာနုသာရီပုဂ္ဂိုလ်

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ “စက္ခုံ ဘိက္ခဝေ အနိစ္စံ ဝိပရိဏာမိ အညထာဘာဝိ” အစရှိသည်ဖြင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော အဇ္ဈတ္တိက အာယတန ခြောက်ပါးတို့၏ အနိစ္စဖြစ်ပုံ ဖောက်ပြန်တတ်ပုံ (ပကတိသဘော ကို စွန့်တတ်ပုံ)တပါးသော အခြင်းအရာဖြင့် ဖြစ်တတ်ပုံတို့ကိုရင်း ထိုခြောက် ပါးတို့၏ အနိစ္စဖြစ်ပုံ ဝိပရိဏာမဖြစ်ပုံ အညထာဘာဝ ဖြစ်ပုံကို သဒ္ဓါဖြင့် လွန်ကဲသော ဝိပဿနာဉာဏ်ဖြင့် သိလျှင် သဒ္ဓါနုသာရီ မည်သော သောတာ ပတ္တိမဂ္ဂဋ္ဌ ပုဂ္ဂိုလ်ဖြစ်၍ ပညာဖြင့် လွန်ကဲသော ဝိပဿနာဉာဏ်ဖြင့် သိလျှင် ဓမ္မာနုသာရီ မည်သော သောတာပတ္တိမဂ္ဂဋ္ဌ ပုဂ္ဂိုလ်ဖြစ်၍ ပုထုဇန်ဘုံကို လွန်မြောက် အရိယာဘုံသို့ သက်ရောက်ကြောင်းကိုရင်း၊ ထိုပုဂ္ဂိုလ်သည် အပါယ်လေးပါးသို့ ရောက်ကြောင်း မကောင်းမှု အကုသိုလ်ကံကို ပြုခြင်းငှါ မထိုက်ကြောင်း၊ အဘယ်နည်းဖြင့်မျှ မပြုဘော့ကြောင်းကိုရင်း ထိုသောတာ ပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်သို့ မရောက်ဘဲ စုတိပြတ်ကြွေသေလွန် မှု မရှိကြောင်းတို့ကို ဖော်ပြ၍ ဤစက္ခုမည်သော သုတ္တန်ဒေသနာတော် မြတ်ကို လျှောက်ဆိုအပ်သော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

စက္ခုသုတ် ပြီး၏

## သာရိပုတ္တသံယုတ်

### သုစိမုခီသုတ်

ပု။ ။သာရိပုတ္တသံယုတ္တေ ပန္နာဝုသော ဒသမံ သုစိမုခီသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ သုစိမုခိံ ပရိဗ္ဗာဇိကံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။ သုစိမုခီ ဘန္တေ ပရိဗ္ဗာဇိကာ အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစ "ကိံ နု ခေါ သမဏ အဓောမုခေါ ဘုဉ္ဇသီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "န ခွါဟံ ဘဂိနိ အဓောမုခေါ ဘုဉ္ဇာမီ"တိ ဧဝမာဒိနာ ပဋိက္ခိပိတွာ "ယေ ဟိ ကေစိ ဘဂိနိ သမဏဗြာဟ္မဏာ ဝတ္ထုဝိဇ္ဇာ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိကံ ကပ္ပေန္တိ၊ ဣမေ ဝုစ္စန္တိ ဘဂိနိ သမဏဗြာဟ္မဏာ အဓောမုခါ ဘုဉ္ဇန္တီ"တိ ဧဝမာဒိနာ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။သာရိပုတ္တသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော ဒသမသုတ်ဖြစ်သော သုစိမုခီ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အစ္ဆုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်ဝယ် သုစိမုခီ အမည်ရှိသော ပရိဗိုဇ်မကို အကြောင်းပြု၍ တရားစစ်မှူး ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားဘော်မူခဲ့ပါသည်။

ရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံလှည့်လည်ပြီး၍ တခုသော တိုက်နံရံ အခြေဝယ် ဆွမ်းဘုဉ်းပေးဆဲ ရှိပါသည်။

ထိုအခါ သုစိမုခီ အမည်ရှိသော ပရိဗိုဇ်မသည် ရှင်သာရိပုတ္တရာ မထေရ်သူမြတ်ထံသို့ သွားရောက်၍ ——

ကိံ နု ခေါ သမဏ အဓောမုခေါ ဘုဉ္ဇသီ။

အို ရဟန်း....၊အဘယ့်ကြောင့် အသင်သည် အောက်သို့ မျက်လွှာချ၍ စားသုံးနေဘိသနည်း ? ဟု ပြောင်လှောင်စကား ပြောကြားခဲ့ပါပေသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က —

န ခွါဟံ ဘဂိနိ အဓောမုခေါ ဘုဉ္ဇာမိ။

အို နှစ်မအရွယ်ရှိသော ပရိဗိုဇ်မ....၊ ငါသည်တမူကား အောက်သို့ မျက်နှာပြု၍ ဆွမ်းကို စားသည် မဟုတ်ပေဟု ဖြေကြားတော်မူခဲ့ပါပေသည်။

ထိုအခါ သုစိမုခီ ပရိဗိုဇ်မက —

တေန ဟိ သမဏ ဥဗ္ဘမုခေါ ဘုဉ္ဇသိ။

ဒါဖြင့်လျှင် အသင်ရဟန်းသည် အထက်သို့ မျက်နှာမော်၍ ဆွမ်းကို စားသလော ဟု မေးမြန်းပြန်ပါသည်။

န ခွါဟံ ဘဂိနိ ဥဗ္ဘမုခေါ ဘုဉ္ဇာမိ။

အို နှစ်မအရွယ် ပရိဗိုဇ်မ....၊ငါသည် အထက်သို့ မျက်နှာမော်၍လည်း ဆွမ်းကို စားသည် မဟုတ်ပေဟု ဖြေကြားတော်မူပြန်ပါသည်။

ထိုအခါ သုစိမုခီ ပရိဗိုဇ်မက —

သို့တပြီးကား ရဟန်း....၊အသင်သည် အရှေ့ အနောက် တောင်မြောက် တည်းဟူသော တူရူအရပ်သို့ မျက်နှာမူ၍ ဆွမ်းကို စားသလော ဟု မေးမြန်းသောအခါ—

ထိုသို့လည်း မစားကြောင်း ပြန်ပြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

သို့တပြီးကား အိုရဟန်း....၊အသင်သည် အထောင့်ဖြစ်သော အရပ်သို့ မျက်နှာမူ၍ ဆွမ်းကို စားသလော ဟု မေးသောအခါ၌လည်း—

အထောင့် ဖြစ်သော အရပ်မျက်နှာသို့လည်း မျက်နှာမူ၍ ငါသည် ဆွမ်းမစား ဟု ဖြေကြားခဲ့ပါသည်။

ထိုအခါ သုစိမုခီ ပရိဗိုဇ်မက —

သို့တပြီးကား ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် အရှင်ရဟန်းသည် ဆွမ်းကို ဘဉ်းပေးပါသနည်း ဟု မေးမြန်းလတ်ပါသည်။

## အောက်မြေပြင်ကြည့်၍ စားသူ

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က "ယေ ဟိ ကေစိ ဘဂိနိ သမဏဗြာဟ္မဏာ ဝတ္ထုဝိဇ္ဇာ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိကံ ကပ္ပေန္တိ" အစရှိသည်ဖြင့်——

အို နှစ်မအရွယ် ပရိဗိုဇ်မ....၊အမှတ်မထင် အကြင်ရဟန်းပုဏ္ဏားတို့သည် ဝတ္ထုဝိဇ္ဇာခေါ်သော မြေကြန်အတတ်, မဂ်ဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သော တိရစ္ဆာန ဝိဇ္ဇာဖြင့် ယုတ်မာသော အသက်မွေးခြင်းဖြင့် အသက်မွေး၍ နေကြပေကုန်သည်၊ မြေအတတ်ကို ဟောကြား၍ ပစ္စည်းလေးပါးကို သုံးစား၍ နေကုန်သော ထိုရဟန်းပုဏ္ဏားတို့ကိုသာလျှင် အောက်သို့ မျက်နှာမူ၍ စား သော သူတို့ ဟူ၍ ဆိုအပ်ပါပေကုန်သည်။

## ကောင်းကင်မော်၍ စားသူ

အို ပရိဗိုဇ်မယ်....၊အမှတ်မထင် အကြင်ရဟန်း, အမှတ်မထင် အကြင် ပုဏ္ဏားတို့သည် အထက်ကောင်းကင်သို့ မော့ကာ နက္ခတ်ဝိဇ္ဇာဖြင့် သာသနာ တော်၏ ဖီလာကန့်လန့်, မဂ်ဖိုလ်၏ ဖီလာကန့်လန့် ဖြစ်သော တိရစ္ဆာနဝိဇ္ဇာ အတတ်ပညာဖြင့် ကောင်းကင်နက္ခတ်ကို ဗေဒင်ဟောကာ ပစ္စည်းလေးဖြာကို မိစ္ဆာဇီဝဖြင့် ရယူသုံးစွဲ၍ အသက်ရှင်ကြပါပေကုန်သည်၊ ထိုသို့ သဘောရှိ သော ရဟန်း, ထိုသို့သဘောရှိသော ပုဏ္ဏားတို့ကိုသာလျှင် အထက်သို့မော်၍ ဆွမ်းကို စားသော သူတို့ ဟူ၍ ဆိုအပ်ပါပေကုန်သည်။

## အရပ်လေးမျက်နှာ မျက်နှာမူ၍ စားသူ

အို သုစိသုခီ ပရိဗိုဇ်မ...၊ အမှတ်မထင် အကြင်ရဟန်း, အမှတ်မထင် အကြင်ပုဏ္ဏားတို့သည် တရွာမှ တရွာသို့ အစေအပါးခံခြင်း၊ တရွာတွင်းမှာပင် တအိမ်မှ တအိမ်သို့ အစေအပါးခံခြင်းဖြင့် သူတပါးတို့ သာယာ၍ ကြည်ဖြူ၍ လှူအပ်တန်းအပ် ပေးကမ်းအပ်သော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါးတို့ကို မှီ၍ ယုတ်မာသော အသက်မွေးခြင်းဖြင့် အသက်မွေးကြပါ ကုန်၏၊ ထိုပုဂ္ဂိုလ်တို့ကိုသာလျှင် အရှေ့ အနောက် တောင် မြောက် အရပ်လေး မျက်နှာ ရောက်တတ်ရာရာ သွား၍ ပစ္စည်းလေးပါး ရှာကြံတတ်သောကြောင့်

အရပ်လေးမျက်နှာသိ မျက်နှာမူကာ ဆွမ်းစားသော ပုဂ္ဂိုလ်ဘို့ ဟူ၍ ခေါ်ဆို အပ်ပါကုန်သည်။

## အထောင့်မျက်နှာသို့ လှည့်၍ စားသူ

အို သုစိမုခီ အမည်ရသော ပရိဗိုဇ်မ နှစ်မငယ်....၊ အမှတ်မထင်သော အကြင်ရဟန်း, အကြင်ပုဏ္ဏားတို့သည် လက်ခြေ အင်္ဂါ အစရှိသော အင်္ဂါကြီးငယ်ကို ဟောကြားတတ်သော အင်္ဂဝိဇ္ဇာ အမည်ရသော မင်္ဂဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သော တိရစ္ဆာနဝိဇ္ဇာဖြင့် ရအပ်သော ပစ္စည်းလေးပါးတို့ကို မှီ၍ ယုတ်မာသော အသက်မွေးခြင်းဖြင့် အသက်မွေးကြပါပေကုန်သည်။

အို သုစိမုခီ အမည်ရသော ပရိဗိုဇ်မ နှစ်မငယ်....၊ထိုသို့ အင်္ဂဝိဇ္ဇာ အတတ်ဖြင့် ဗေဒင်ဟောကာ လက္ခဏာဟောကာ ပစ္စည်းလေးဖြာတို့ကို ရှာ၍ မိစ္ဆာဇီဝဖြင့် အသက်မွေးသော ပုဂ္ဂိုလ်ဘို့ကို သာလျှင် အထောင့် ဖြစ်သော မျက်နှာသို့ မျက်နှာမူ၍ ဆွမ်းစားသော ပုဂ္ဂိုလ်ဘို့ ဟူ၍ ဆိုအပ်ပါကုန်သည်။

ငါတမူကား အောက်အပြင်သို့ ကြည့်၍ မြေကြန်အတတ်ဖြင့်ရင်း၊ ကောင်းကင်သို့ မော်ကြည့်၍ နက္ခတ်ဝိဇ္ဇာ အတတ်ဖြင့်ရင်း၊ တရွာမှ တရွာ တအိမ်မှ တအိမ်သို့ အရှေ့ အနောက် တောင် မြောက် အစေအပါးခံခြင်းဖြင့်ရင်း၊ အင်္ဂဝိဇ္ဇာအတတ်ဖြင့်ရင်း ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို မှီဝဲသူ မဟုတ်ပေ၊ တရားမျှတသော နည်းလမ်းဖြင့်သာလျှင် အရိယာတို့၏ ရှာမှီးခြင်းဖြင့် ဆွမ်းကို ရှာမှီးခဲ့ပေသည်။ သို့ရှာမှီး၍ ရသော ဆွမ်းကို သာလျှင် သုံးဆောင်ခဲ့ပေသည်ဟု ပြန်ကြားဟောပြတော်မူခဲ့ပါသည်။

## သတင်းကောင်း ကြေညာခြင်း

ထိုအခါ သုစိမုခီ အမည်ရှိသော ပရိဗိုဇ်မသည် ရာဇဂြိုဟ်ပြည်တွင်းဝယ် ခရီးလမ်းဘခုမှ ခရီးသွမ်းဘခုသို့ ခရီးသွမ်းဆုံတခုမှ လမ်းဆုံတခုသို့ လှည့်လည်၍—

အို လူအပေါင်းတို့....၊သကျပုတ္တိယ သာကီဝင်မင်းသား ဘုရားသားတော် ဖြစ်တော်မူကြကုန်သော ရဟန်းတော်အရှင်သူမြတ်တို့သည် တရားနှင့် လျော်ညီသော ဆွမ်းကိုသာလျှင် ဘုဉ်းပေးသုံးဆောင်တော်မူကြပါပေကုန်သည်။

အိုလူအပေါင်းတို့....၊သာကီဝင် မင်းသား ဘုရားသားတော် ဖြစ်တော်မူကြသော ရဟန်းတော်အရှင်သူမြတ်တို့သည် အပြစ်ကင်းသော ဆွမ်းပစ္စည်းကို သာလျှင် သုံးဆောင်တော်မူကြပါပေကုန်သည်။

အို လူအပေါင်းတို့....၊သာကီဝင်မင်းသား မြတ်စွာဘုရား၏ သားတော် ဖြစ်တော်မူကြကုန်သော တရားကို စောင့်ရှောက်တော်မူကြကုန်သော ရဟန်းတော် အရှင်သူမြတ်တို့အား ဆွမ်းပစ္စည်းကို လှူဒါန်းကြပါကုန်လော့ ဟု ကြွေးကြော်နှိုးဆော် တိုက်တွန်းခဲ့ပါပေသည်။

ဤသို့လျှင် သုစိမုခီ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို ရာဇဂြိုဟ်ပြည်အရပ်ဝယ် လျှောက်ဆိုအပ်ပြီးသော သုစိမုခီ ပရိဗိုဇ်မသည် လျှောက်ထားသော အဌုပ္ပတ်ကြောင့် ဓမ္မသေနာပတိ တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သုစိမုခီသုတ် ပြီး၏

**ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အမေး အဖြေ ပြီးပြီ**

# သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် အမေး အဖြေ

## အနိစ္စ နှစ်သုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန သဠာယတနဝဂ္ဂ-သံယုတ္တေ ပဌမံ အဇ္ဈတ္တာနိစ္စသုတ္တံ စ စတုတ္ထံ ဗာဟိရာနိစ္စသုတ္တံ စ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "စက္ခုံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗ"န္တိ ဧဝမာဒိနာ စ။ "ရူပါ ဘိက္ခဝေ အနိစ္စာ။ ယဒနိစ္စံ တံ ဒုက္ခံ၊ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ စ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

## အတွင်းအပြင် ရှုရန်နည်း

မေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော။ပ။ ထိုမြတ်စွာဘုရားသခင်သည် သဠာယတနဝဂ္ဂသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော ပဌမအဇ္ဈတ္တအနိစ္စသုတ်ကိုရင်း စတုတ္ထ ဗာဟိရအနိစ္စသုတ်ကိုရင်း အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ "စက္ခုံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" အစရှိသည်ဖြင့်----

ချစ်သား ရဟန်းတို့....၊အဇ္ဈတ္တိကာယတန ခြောက်ပါးဖြစ်သော စက္ခာယတနသည်၎င်း သောတာယတနသည်၎င်း ဃာနာယတနသည်၎င်း ဇိဝှါယတနသည်၎င်း ကာယာယတနသည်၎င်း မနာယတနသည်၎င်း၊ ဗာဟိရာယတနမျိုး ဖြစ်ကြသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ

တည်းဟူသော အာရုံခြောက်ပါး တရားတို့သည်၎င်း၊ ယင်း အဇ္ဈတ္တိကာယတန ဗာဟိရာယတန တရားအစုတို့သည် အနိစ္စမျိုးတို့သာတည်း၊ အနိစ္စဖြစ်ကလည်း ဒုက္ခစင်စစ်သာလျှင်တည်း၊ ဒုက္ခဖြစ်ကလည်း ကိုယ်ပိုင်အတ္တမဟုတ်၊ အနတ္တ စင်စစ်သာလျှင်တည်း၊ ယင်းသို့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သော အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိရာယတနခြောက်ပါး တည်းဟူသော အာယတန တဆယ့်နှစ်ပါးကို သင်ချစ်သားတို့သည် "နေတံ မမ၊ ငါ၏ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ၊ ငါမဟုတ်ပါတကား၊ န မေသော အတ္တာ၊ ငါ၏အတ္တ လိပ်ပြာ မဟုတ်ပါတကား"ဟူ၍ ဤသို့လျှင် ယထာဘူတ နေရာကျ သိမြင်သော ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် အထပ်ထပ် ရှုဆင်ခြင်အပ်ပေသည်။

ချစ်သား ရဟန်းတို့....၊ ဤသို့ ရှုမြင်သော ယောဂါဝစရ ငါဘုရား၏ တပည့်သား သာဝက ပုဂ္ဂိုလ်သည် အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာ ယတန ခြောက်ပါး တည်းဟူသော အာယတန တဆယ့်နှစ်ပါးလုံး၌ပင်လျှင် နိစ္စ သုခ အတ္တ သုဘ ဟူ၍ ရှာမရသော ငြီးငွေ့သည့် နိဗ္ဗိဒါဉာဏ် ရင့်သန်၍ လာလိမ့်မည်။

နိဗ္ဗိဒါဉာဏ် ရင့်သန်လာသောအခါ ထိုအာယတနတဆယ့်နှစ်ပါးတို့၌ တပ်ခြင်းကင်းသော ဝိရာဂဉာဏ် ရင့်သန်လာလိမ့်မည်၊ ဝိရာဂဉာဏ် ရင့်သန် လတ်သည်ရှိသော် ကိလေသာအာသဝေါတို့မှ လွတ်မြောက်ဆဲ ဖြစ်သော မဂ်ဉာဏ်၊ ကိလေသာအာသဝေါတို့မှ လွတ်မြောက်ပြီးဖြစ်သော ဖိုလ်ဉာဏ် လေးပါးတို့ ဖြစ်ပေါ်လိမ့်မည်၊ ဖိုလ်ဉာဏ်တို့၏ အခြားမဲ့၌ ပစ္စဝေက္ခဏာဉာဏ် တဆယ့်ကိုးတန်တို့ ပေါ်လိမ့်မည်ဟု အရဟတ္တဖိုလ်ဖြင့် အထွဋ်ဘပ်အပ်သော ဤအဇ္ဈတ္တိကာနိစ္စသုတ္တန် ဗာဟိရာနိစ္စသုတ္တန် ဒေသနာတော် နှစ်ရပ်ကို သာ ဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနိစ္စနှစ်သုတ် ပြီး၏

---

## သဗ္ဗဝဂ်
## အာဒိတ္တသုတ်

ပု။ ။ဝုတ္တာဝုသော သဗ္ဗဝဂ္ဂေ ဆဋ္ဌံ အာဒိတ္တသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။ဂယာယံ ဘဂဝန္တေ ဂယာသီသေ ပုရာဏဇဋိလံ ဘိက္ခုသဟဿံ အာရဗ္ဘ "သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ။ စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခု-သမ္ဖဿော အာဒိတ္တော၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အာဒိတ္တံ။ ကေန အာဒိတ္တံ။ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ"တိ ဧဝမာဒိနာ ဘာဂဝတာ ဘာသိတံ။

မေး။ ။ထိုသဥ္ဇာယတနသံယုတ် သဗ္ဗဝဂ်၌ ခြောက်ခုမြောက်သုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားအပ်သော အာဒိတ္တသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဂယာ၏အနီး ဂယာသီသ မည်သော မြေအရပ်၌ ရသေ့ညီနောင် ရှင်တထောင် ဖြစ်ခဲ့ဘူးကြသည့် ယခုမှ ရဟန်းပြုသစ်စ ဖြစ်တော်မူကြသော ရဟန်းတော်တထောင်ကို အကြောင်းပြု၍"သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ" အစရှိသည်ဖြင့်——

## တပြောင်ပြောင် တောက်လောင်နေသောတရား

ချစ်သား ရဟန်းတို့....ကြွင်းမဲ့ဥဿုံ ကုန်အောင်စုံသော အလုံးစုံသော တေဘူမကဓမ္မကို ရဲရဲပြောင်ပြောင် တောက်လောင်၍ နေအပ်ပါပေသည်၊ အလုံးစုံ ရဲရဲပြောင်ပြောင် တောက်လောင်၍ နေအပ်သော တရားဘို့ ဟူသည် အဘယ် တရားတို့ နည်းဟူမူကား ဒွါရခြောက်ပါး အာရုံခြောက်ပါး ဝိညာဉ်ခြောက်ပါး ဖဿခြောက်ပါး ဖဿပစ္စယာဝေဒနာ ခြောက်မျိုး ဤတရားတို့ပင် ဖြစ်တော့သည်။

ဤတရားမျိုးဘို့သည် အဘယ်မည်သော တရားဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်၍ နေအပ်ပါသနည်း ဟူမူ ရာဂမီး ဒေါသမီး မောဟမီး ဇာတိ

မီး ဇရာမီး မရဏမီး သောကမီး ပရိဒေဝမီး ဒုက္ခမီး ဒေါမနဿမီး ဥပါယာသမီး တည်းဟူသော တဆယ့်ဘမီးတို့ဖြင့် တညီးညီး တပြောင်ပြောင် တောက်လောင်၍ နေအပ်ပါပေသည်။

## သံသရာဇာတ်သိမ်းမည့် လမ်းစဉ်

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော နည်းအတိုင်း ဒွါရခြောက်ပါးကိုရင်း အာရုံခြောက်ပါးကိုရင်း ဝိညာဏ်ခြောက်ပါး ဖဿခြောက်ပါး၊ ဖဿခြောက်ပါးကို အကြောင်းပြု၍ ဖြစ်သော ဝေဒနာခြောက်ပါးကိုရင်း တဆယ့်တသီး မီးတို့ဖြင့် တညီးညီး တပြောင်ပြောင် တောက်လောင်၍ နေပုံကို ဝိပဿနာဉာဏ်မျက်စိဖြင့် အဖန်ဖန် ရှုကြည့်လတ်သည်ရှိသော် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ် ဝိမုစ္စန မည်သော မဂ်ဉာဏ်၊ ဝိမုတ္တမည်သော ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်သို့ အဆင့်ဆင့်ရောက်၍ ဘဝသံသရာ ဇာတ်သိမ်း ငြိမ်းရလိမ့်မည်ဟု အရဟတ္တဖိုလ် အထွဋ်တပ်အပ်သော ဤအာဒိတ္တသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူခဲ့ပါသည်။

ထိုဒေသနာ၏ အဆုံးဝယ် ရှေးအတိုင်း မီးကို ပူဇော်ကြသည့် အဂ္ဂိဟုတ ဖြစ်ကြသော ယခုအခါ ရဟန်းပြုသစ်စ ဖြစ်တော်မူကြသော ရသေ့ညီနောင် ရှင်တထောင် ရဟန်းတော် အရှင်သူမြတ်တို့သည် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်တော်မူခဲ့ကြပါပေသည်။

ဤသို့လျှင် ဤအာဒိတ္တသုတ္တန် အမည်ရသော ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဆံကျစ်ရသေ့ ဖြစ်ခဲ့ကြဘူးသော ရဟန်းတော်ဘထောင်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အာဒိတ္တသုတ် ပြီး၏

---

## မိဂဇာလဝဂ်

## ပဌမ မိဂဇာလသုတ်

ပု။ ။မိဂဇာလဝဂ္ဂေ အာဝုသော ပဌမမိဂဇာလသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဓ္ဓ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ မိဂဇာလတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ မိဂဇာလတ္ထေရော ဘဂဝန္တံ ဧတဒဝေါစ "ဧကဝိ- ဟာရီ ဧကဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနုခေါ ဘန္တေ ဧကဝိဟာရီ ဟောတိ၊ ကိတ္တာဝတာစ ပန သဒုတိယဝိဟာရီ ဟောတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "သန္တိ ခေါ မိဂဇာလ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တဉ္စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ နန္ဒိယာ သတိ သာရာဂေါ ဟောတိ၊ သာရာဂေ သတိ သံယောဂေါ ဟောတိ၊ နန္ဒိသံယောဇနသံယုတ္တော ခေါ မိဂဇာလ ဘိက္ခု သဒုတိယဝိဟာရီတိ ဝုစ္စတီ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။မိဂဇာလဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှေးဦးစွာ သံဂါယနာ တင်ထားခဲ့သော ပဌမမိဂဇာလသုတ် မည်သော တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အရှင်မိဂဇာလ မထေရ် သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် သီတင်းသုံးနေတော်မူသောအခါ အရှင်မိဂဇာလ မထေရ်သူမြတ် သည် ဘုရားထံမှောက် သွားရောက်၍ "ဧကဝိဟာရီ ဧကဝိဟာရီတိ ဘန္တေ ဝုစ္စတိ" အစရှိသည်ဖြင့် —

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အဖော်မမှီး တကိုယ်တည်း နေလေ့ရှိသောသူ၊ အဖော်မမှီး တကိုယ်တည်းနေလေ့ရှိသောသူ ဟူ၍ ခေါ်ဆို ပညတ်အပ်သော စကားဘရပ် ရှိပါပေသည်၊ အဘယ်မျှသော အတိုင်းအရှည်ဖြင့် အဘယ်ပုံ အဘယ်ပန်းနေက အဖော်မမှီး တကိုယ်တည်း

နေလေ့ရှိသောသူ ဖြစ်၍ အဘယ်မျှသော အတိုင်းအရှည်ဖြင့် အဖော်နှင့် နေသော သူဖြစ်ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "သန္တိ ခေါ မိဂဇာလ စက္ခုဝိညေ-ယျာ ရူပါ" အစရှိသည်ဖြင့် —

ချစ်သား မိဂဇာလ....။အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးများစေတတ်ကုန်သော ရူပါရုံ အမျိုးမျိုးတို့သည်၎င်း၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အမျိုးမျိုးတို့သည်၎င်း လောက၌ ထင်ရှားရှိကြပါပေကုန်သည်။

## အဖော်ကလေးနှင့် နေသူ

ချစ်သား မိဂဇာလ....။ဤဆိုအပ်ခဲ့ပြီးသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တည်းဟူသော အာရုံခြောက်ပါးကို အမှတ်မထင် အကြင်ရဟန်းသည် ပီတိနှင့်တကွ ဖြစ်သော တဏှာလောဘဖြင့် နှစ်သက်ငြားအံ့၊ ဒိဋ္ဌိနှင့် တကွ ဖြစ်သော လောဘဖြင့် ငါ-ငါ့ဥစ္စာဟူ၍ ပြောဆိုပါငြားအံ့၊ တဏှာလွှမ်းမိုးသော စိတ်နှလုံးဖြင့် မျိုသိပ်လျှမတတ် တည်ရှိပါငြားအံ့၊ ထိုသို့ အာရုံခြောက်ပါးကို သပ္ပီတိက, တဏှာ, ဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာ လွန်ကဲသော တဏှာတို့ဖြင့် မျိုသိပ်၍ တည်သော ရဟန်းအား နန္ဒီမည်သော တပ်မက်သော တဏှာလောဘ ဖြစ်ပေသည်၊ ထိုနန္ဒီမည်သော တပ်မက်သော တဏှာလောဘ ဖြစ်သည်ရှိသော် သံယောဇဉ် နှောင်ဖွဲ့ရိုး ဖြစ်တော့သည်၊ နန္ဒီရာဂသံယောဇဉ်ကြိုးဖြင့် အနှောင်အဖွဲ့ခံရသော ရဟန်းကို ချစ်သား မိဂဇာလ တောအရပ်ဝယ် တကိုယ်တည်းပင် နေစေကာမူ ထိုသို့ သဘောရှိသော ရဟန်းကို ထိုရဟန်း၏အဖော်ဖြစ်သော တဏှာကို မပယ်အပ်သေးသူ ဖြစ်သောကြောင့် အဖော်နှင့်တကွနေသောသူဟူ၍ပင်လျှင် ငါဘုရားဟော ကြားအပ် ပေတော့သည်။

## တကိုယ်တည်း နေသူ

ချစ်သားမိဂဇာလ....။ဤလောက၌ အလိုရှိအပ် နှစ်သက်အပ် တောင့်တ အပ် မြတ်နိုးအပ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တည်းဟူသော အာရုံခြောက်ပါးတို့ ထင်ရှားရှိကြပေကုန်သည်။

ထိုအာရုံခြောက်ပါးကို အမှတ်မထင် အကြင်ရဟန်းတော် အရှင်သူမြတ်သည် ပီတိနှင့်တကွ ဖြစ်သော တဏှာဖြင့်လည်း နှစ်သက်ခြင်းမရှိ၊ ဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာလောဘဖြင့်လည်း ငါ-ငါ့ဥစ္စာ ဟူ၍ ပြောဆိုခြင်းမရှိ၊ လွန်ကဲသောတဏှာဖြင့်လည်း မျိုသိပ်လျှမတတ် တည်နေခြင်းလည်း မရှိ။

ချစ်သား မိဂဇာလ....၊ထိုသို့ မရှိသော ရဟန်းသည် မြို့ရွာတို့၏ အလည်ဝယ် များစွာသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာ, မင်း,မင်းအမတ်, တိတ္ထိ, တိတ္ထိတို့၏ တပည့်သားသာဝကတို့နှင့် ခြံရံ၍ ရောပြွမ်း၍ပင် နေသော်လည်း ထိုသို့သဘောရှိသော ရဟန်းတော် အရှင်သူမြတ်ကို ငါဘုရားသည် အဖော်ဖြစ်သော တဏှာမှ ကင်း၍ နေရကား အဖော်မမှီး တကိုယ်တည်းနေသော သူဟူ၍ပင်လျှင် ငါဘုရားဟောဆိုအပ်ပါသည်ဟု တဏှာရှိလျှင် အဖော်ရှိကြောင်း၊ တဏှာမရှိလျှင် လူသူလေးပါးတို့၏ အလည်ဝယ် နေစေကာမူလည်း အဖော်မရှိကြောင်း ထင်စွာဖော်ပြသည့် ဤပဌမ မိဂဇာလသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိပြည်အရပ်ဝယ် အရှင်မိဂဇာလမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဌမ မိဂဇာလသုတ် ပြီး၏

## ပဌမ ဆဖဿာယတနသုတ်

ပု။ ။တတ္ထေဝ နဝမံ သံဂီတံ ပဌမဆဖဿာယတနသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဆန္နံ ဖဿာယတနာနံ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ အဿာဒဥ္စ အာဒီနဝဥ္စ နိဿရဏဥ္စ ယထာဘူတံ နပ္ပဇာနာတိ၊ အဝုသိတံ တေန ဗြဟ္မစရိယံ၊ အာရကာ သော ဣမသ္မာ ဓမ္မဝိနယာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုမိဂဇာလဝဂ်၌ ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ကိုးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားအပ်သော ပဌမ ဆဖဿာယတနသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်

ဒေသဉ် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် များစွာသော တရားနာ ဓမ္မပဋိဂ္ဂါ ဟက ရဟန်းတော်တို့ကို အကြောင်းပြု၍ "ယောဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ နပ္ပဇာနာတိ" အစရှိသည်ဖြင့်——

## သာသနာတော်မှ ဝေးကွာလှသူ

ချစ်သား ရဟန်းတို့....၊သီတင်းကြီးပင် ဖြစ်စေ၊သီတင်းလတ်ပင် ဖြစ်စေ၊ သီတင်းငယ်ပင် ဖြစ်စေ အမှတ်မထင် အကြင် ရဟန်းတပါးပါးသည် ခြောက်ပါး အပြားရှိသော ဖဿာယတန၊ ဖဿာယတန အမည်ရသော စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော ဒွါရ ခြောက်ပါးတို့၏ ဖြစ်ပုံ သမုဒယကိုလည်း ချုပ်ပုံ အတ္ထင်္ဂမကိုလည်း ထိုဖဿာယတန ခြောက်ပါးတို့ဝယ် သာယာဘွယ် အဿာဒကိုလည်း ထိုဖဿာယတန ခြောက်ပါးတို့၌ စွန်းငြိသော အပြစ်ဒေါသ အာဒီနဝကိုလည်း ထိုဖဿာယတန ခြောက်ပါးတို့မှ လွတ်မြောက် ခြင်း နိဿရဏကိုလည်း ဤငါးပါးကို ပိုင်းခြားထင်ထင် ယထာဘူတ နေရာကျ မသိမြင်၊ သို့မသိမြင်သော ထေရ, နဝ, မဇ္ဈိမ ဖြစ်သော ရဟန်းသည် ဤ ငါဘုရား၏ သာသနာတော်ဝယ် မဂ်တည်းဟူသော ဗြဟ္မစရိယကို ကျင့်သုံး အပ်သည်မမည်၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ငါဘုရား၏ ဓမ္မဝိနယ သာသနာတော်မှ အဝေးမှာပင် တည်ရှိသည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

## ရဟန်းတော်တပါး

ထိုအခါ မထင်မရှား တပါးသော ရဟန်းသည်——

ဧတ္ထာဟံ ဘန္တေ အနဿသံ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော် သည် ဤရှင်တော်ဘုရား သာသနာတော်၌ ဆုံးရှုံးနစ်နာ ပျက်စီးခဲ့ပါပြီ။

အဟံ ဟိ ဘန္တေ ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာ- ဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ နပ္ပဇာနာမိ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဘုရားတပည့် တော်သည် ဖဿာယတန ခြောက်ပါးတို့၏ ဖြစ်ပုံ သမုဒယကိုလည်း, ချုပ်ပုံ

အတ္တဂ်မကိုင်း၊ သာသာဘွယ် အဿာဒ၊ အပြစ်ဒေါသ အာဒီနဝ၊ လွတ်မြောက်ပုံ နိဿရဏ ဤငါးပါးကို တည့်သော်သည် ယထာဘူတ နေရာကျ မသိမြင်ဘဲ ရှိပါဘောသည်ဟု လျှောက်ထားခဲ့ပါသည်။

**ဝဋ္ဋဒုက္ခဆုံးရာသို့ ရောက်ကြောင်း**

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းအား သက်သာရာရစိမ့်သောငှါ "တံ ကိံ မညသိ ဘိက္ခု" အစရှိသည်ဖြင့် —

ချစ်သား ရဟန်း....၊ယခု ငါဘုရား မေးမည့်စကားကို သင်ချစ်သား မည်သို့ မှတ်ထင်သနည်း။

စက္ခုံ တေံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ သမနုပဿသိ။

ချစ်သား....၊ သင်ချစ်သားသည် စက္ခုဒွါရခေါ်သော မျက်စိ အကြည်ဓာတ်ကို ငါ၏ဥစ္စာ, ငါ, ငါ၏ အတ္တလိပ်ပြာ ဟူ၍ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ရှုကြည့်ပါသလော ဟု မေးမြန်းတော်မူပါသည်။

နော ဟေတံ ဘန္တေ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ထိုသို့ မရှုကြည့်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် —

သာဓု ဘိက္ခု၊ ကောင်းပြီ ချစ်သား....။

ဧတ္ထ စ တေ ဘိက္ခု စက္ခု နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ ဘဝိဿတိ၊ ဧသေဝန္တော ဒုက္ခဿ။

ချစ်သား ရဟန်း....၊ဤစက္ခုဒွါရ အရာ၌ စက္ခုဒွါရ မျက်စိ ခေါ်သော ရုပ်အကြည်ဓာတ်သည်ကား ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ငါ၏ လိပ်ပြာမဟုတ် ဟူ၍ သင်ချစ်သား၏ ဉာဏ်အမြင်သည် ကောင်းစွာ မြင်အပ်သည် ဖြစ်ပါမူကား သို့မြင်ခြင်းပင်လျှင် သံသရာဝဋ္ဋဒုက္ခ၏ အဆုံးတည်း၊ သို့ မြင်ခြင်းပင်လျှင် သံသရာဝဋ္ဋဒုက္ခ၏ အဆုံးသို့ ရောက်ကြောင်းတည်း။

ထို့အတူ သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော ဒွါရခြောက်ပါးတို့ဝယ် "နေဘံ မမ၊ ငါ၏ ဥစ္စာ မဟုတ်ပါဘကား၊ နေသောဟမသ္မိ၊ ငါမဟုတ်ပါဘကား၊န မေသော အတ္တာ၊ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကား"

ဟူ၍ ယထာဘူတ နေရာကျ ဝိပဿာနာ ဉာဏ်မျက်စိဖြင့် သင်ချစ်သား ရှုမြင်အပ်သည်ရှိသော် ဤသို့ ရှုမြင်ခြင်း သည်ပင်လျှင် ဒုက္ခ၏ အဆုံးတည်း၊ ဒုက္ခ၏ အဆုံးသို့ ရောက်ကြောင်း အကျင့်ပဋိပတ်တည်း ဟု ဤဆဖဿာယတန အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်း အရာဖြင့် ရာဇဂြိုဟ်ပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဌမ ဆဖဿာယတနသုတ် ပြီး၏

---

## ဂိလာနဝဂ်

### ပဌမ ဂိလာနသုတ်

ပု။ ။ဂိလာနဝဂ္ဂေ ပနာဝုသော ပဌမံ ဂိလာနသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ နဝံ ဘိက္ခုံ ဂိလာနံ အာဗာဓိကံ ဒုက္ခိတံ ဗာဠ္ဟဂိလာနံ အာရဗ္ဘ ဘာသိတံ။အညတရော ဘန္တေ ဘိက္ခု ဂိလာနော အာဗာဓိကော ဒုက္ခိတော ဗာဠ္ဟဂိလာနော ဘဂဝန္တံ ဧတဒဝေါစ "နခွါဟံ ဘန္တေ သီလဝိသုဒ္ဓတ္ထံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ တံ ဘိက္ခုံ ပဋိပုစ္ဆိတွာ တဿ စ ဝစနံ သာဓုကာရံ ဒတွာ "ရာဂဝိရာဂတ္ထော ဟိ ဘိက္ခု မယာ ဓမ္မော ဒေသိတော၊ တံ ကိံ မညသိ ဘိက္ခု၊ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဂိလာနဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင် ထားခဲ့သော ပဌမဂိလာနသုတ်မည်သော တရားဒေသနာ တော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် သို့သော အဠုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် မထင်မရှား မကျန်းမာသော ရဟန်းငယ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ရှင်းပြ လျှောက်ထားလိုပါသည်၊ သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသော အခါ မထင်ရှားသော ရဟန်းငယ်တပါးသည် မမာမကျန်း ဖြစ်၍ နေပါသည်။

ထိုအခါ ရဟန်းတော်တပါးသည် ဘုရားထံမှောက် သွားရောက်၍ "ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤမည်သော ကျောင်း၌ မထင်မရှားသော ရဟန်းပြုသစ်စ မကြာလှသေးသော ရဟန်းငယ်တပါးသည် အနာနှိပ်စက်၍ နေပါသည်၊ ကာယိကဒုက္ခ ပြင်းထန်စွာ ရောက်၍ နေပါသည်၊ အသည်းအထန် မမာမကျန်း ဖြစ်၍ နေပါတော့သည်၊ ဘုန်းတော်ကြီးမြတ် တော်မူလှသော မြတ်စွာဘုရားသည် ကရုဏာရှေ့ထား၍ ထိုရဟန်း၏ အထံသို့ ကြွရောက်တော်မူပါဘုရား" ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် သီတင်းငယ်ဟူသောစကား, မမာ မကျန်းဟူသောစကား ကို ကြားလျှင်ပင် ထိုရဟန်းအား ဂုဏ်အားဖြင့် မထင် ရှားသော ရဟန်းတော်တည်းဟု သိမြင်တော်မူပြီး၍ သီတင်းငယ် ဖြစ်ခြင်း မမာမကျန်း ဖြစ်ခြင်း အတွက် ကြောင့်ကြတခု ဂရုပြုမူတော်မူသောအားဖြင့် ထိုခဏမှာပင် ထိုဂိလာနရဟန်းငယ်ရှိရာ အရပ်သို့ ကြွတော်မူခဲ့ပါပေသည်။

ထိုဂိလာန ရဟန်းငယ်သည် သဗ္ဗညုမြတ်စွာဘုရား ကြွလာတော်မူသည် ကို အဝေးမှပင် မြင်လတ်၍ မိမိလျောင်းစက်ရာ ဖထိုင်ညောင်စောင်းမှ ထအံ့ သော အခြင်းအရာ တလှုပ်လှုပ်တရှားရှား ပြုပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အလံ ဘိက္ခု မာ တွံ မဉ္စကေ သမ- ဓောသိ၊ ချစ်သားရဟန်း....၊ရှိပါစေ၊ သင်ချစ်သားသည် ဖထိုင်ညောင်စောင်း၌ လျောင်းစက်ရာမှ ထအံ့သော အခြင်းအရာ တလှုပ်ရှားရှား မပြုပါလင့်။

သန္တိမာနိ အာသနာနိ ပညတ္တာနိ၊ ဤမှာနေရာတွေ ခင်းထားသည်ကား အများကြီး ရှိကုန်သည်၊ ဤခင်းထားအပ်သော နေရာဝယ် ငါဘုရား ထိုင်မည် ဟု မိန့်ကြားတော်မူပြီး၍ ခင်းအပ်သော နေရာ၌ ထိုင်တော်မူပြီးလျှင်——

ကစ္စိ တေ ဘိက္ခု ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ချစ်သား....၊ သင်ချစ်သားသည် ဝေဒနာဒုက္ခကို ခံနိုင်စွမ်းရှိပါ၏လော၊ ဣရိယာပထ မျှတပါ၏လော၊ ဒုက္ခဝေဒနာတို့သည် သင်ချစ်သားအား ဆုတ်နစ်ကြပါကုန်၏လော၊ မတိုးပွါးဘဲ ရှိပါကုန်၏လော၊ ဆုတ်နစ်ဘို့ အရိပ်အရောင် ထင်ပါ၏လော၊ မတိုးပွါးဘို့ အရိပ်အရောင် ထင်ပါ၏လော ဟု မေးမြန်းတော်မူပါသည်။

န မေ ဘန္တေ ခမနီယံ။

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်သည် ဝေဒနာဒုက္ခ မခံနိုင်အောင်ပင် ရှိပါတော့သည်၊ ဣရိယာပထ မမျှတဘဲ ရှိပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်အား သည်းထန်စွာသော ဒုက္ခဝေဒနာတို့သည် တိုး၍ တိုး၍ သာလျှင် လာပါကုန်တော့သည်၊ တိုးအံ့သော အရိပ်အရောင်သာ ထင်၍ ဆုတ်နစ်အံ့သော အရိပ်အရောင် မထင်ခဲ့ပါဘုရား ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ချစ်သား....၊သင်ချစ်သားအား တစုံတခုသော ကုက္ကုစ္စ, တစုံတခုသော နှလုံးမသာယာမှုရှိပါသလောဟု မေးမြန်းတော်မူလတ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်အား အနပ္ပကမ်း ဂဏန်းမချနိုင်လောက်အောင်ပင် များစွာသော ကုက္ကုစ္စ, များစွာသော နှလုံးမသာယာခြင်း ရှိပါသည်ဟု ပြန်ပြောင်းလျှောက်ထားသည်တွင်—

သဗ္ဗညုမြတ်စွာဘုရားက ချစ်သား....၊ သင်ချစ်သားသည် သီလ ဟူသော အကြောင်းကြောင့် မိမိကိုယ်ကို မိမိစွပ်စွဲပါသလော ဟု မေးမြန်းတော်မူပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်သည် တပည့်တော်ကိုယ်ကို သီလဖြင့် စွပ်စွဲမှု စဉ်းငယ်မျှ မရှိပါဘုရား ဟု ပြန်ကြားလျှောက်ထားသည်တွင်—

ချစ်သား....၊ ဤသို့ မိမိကိုယ်ကို မိမိသီလနှင့် စပ်လျဉ်း၍ စွပ်စွဲဘွယ် အလျဉ်းမရှိပါမူ အဘယ်ကြောင့် သင်ချစ်သားအား ကုက္ကုစ္စ, နှလုံးမသာယာခြင်း ဝိပ္ပဋိသာရ ဖြစ်ရပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ထိုဂိလာန ရဟန်းငယ်က "န ခွါဟံ ဘန္တေ သီလဝိသုဒ္ဓတ္ထံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ"-ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊တပည့်တော်သည် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားက သီလဝိသုဒ္ဓိအလို့ငှါ တရားဟောတော်မူသည်ကို မသိဘဲ ရှိပါတော့သည်ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

## ရာဂကင်းဘို့ရန် တရားဟောသည်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ချစ်သား ရဟန်း....၊သီလဝိသုဒ္ဓိအလို့ငှါ ငါဘုရား တရားဟောသည်ကို သင်ချစ်သားမသိခဲ့လျှင် အဘယ်အလို့ငှါ တရားဟောသည်ကိုကား သင်ချစ်သား သိပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရာဂ၏ ကင်းခြင်း အလို့ငှါ ရှင်တော်ဘုရား တရားဟောတော်မူသည်ကို တပည့်တော်သိပါသည်ဘုရား ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်း၏ စကားကို "သာဓု သာဓု ဘိက္ခု" ဟု သာဓု ကောင်းချီး ပေးတော်မူပြီးမှ—

သာဓု ခေါ တွံ ဘိက္ခု ရာဂဝိရာဂတ္ထံ မယာ ဓမ္မံ ဒေသိတံ အာဇာနာသိ၊

ချစ်သား ရဟန်း....၊ရာဂကင်းဘို့ရန် ငါဘုရား တရားဟောသည်ကို အသင်ချစ်သား မှတ်မိ သိရှိသည်ကား လွန်စွာ့ လွန်စွာ ကောင်းမြတ်လှပါပေသည်။

ချစ်သား ရဟန်း....၊ငါဘုရားသည် ရာဂကင်းဘို့ရန် အလို့ငှါ တရားဒေသနာကို ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

ချစ်သား....၊ ယခု ငါဘုရားမေးမည့် စကားကို သင်ချစ်သား မည်သို့ မှတ်ထင်သနည်း၊ စက္ခုဒွါရသည် နိစ္စသော အနိစ္စလော။

အနိစ္စ ဖြစ်ပါသည်ဘုရား။

အကြင် စက္ခုဒွါရသည် အနိစ္စ ဖြစ်၏၊ အနိစ္စဖြစ်သော ထိုစက္ခုဒွါရသည် ဒုက္ခလော သုခလော။

ဒုက္ခဖြစ်ပါသည် ဘုရား။

အကြင် စက္ခုဒွါရသည် မြဲလည်း မမြဲ၊ ဆင်းရဲလည်း ဆင်းရဲလှ၏၊ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်ပေ၏၊ထိုသို့ မြဲလည်း မမြဲ ဆင်းရဲလည်း ဆင်းရဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်သော စက္ခုပသာဒ စက္ခုဒွါရကို ငါ၏ဥစ္စာ, ငါ,ငါ၏ အတ္တလိပ်ပြာ ဟူ၍ ရှုကြည့်ခြင်းငှါ ထိုက်ပါသလော ဟု မေးမြန်းတော်မူပါသည်။

မထိုက်ပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအတူ သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါး ဒွါရခြောက်ပါးတို့ကိုပင် မေးမြန်းတော်မူပြီး၍ "ဝေံ ပဿံ ဘိက္ခု သုတဝါ အရိယသာဝကော"အစရှိသည်ဖြင့် အဇ္ဈတ္တိကာယတန ဒွါရခြောက်ပါးတို့၌ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ၊ ငါ၏ ဥစ္စာမဟုတ်၊ငါမဟုတ်၊ငါ၏ အတ္တလိပ်ပြာ မဟုတ်"ဟူ၍ ဝိပဿနာဉာဏ်အမြင် ဖြင့် ယထာဘူတ နေရာကျ ရှုမြင်သော အရိယာသာဝက ငါဘုရား၏ တပည့် သား သာဝကသည် အရဟတ္တဖိုလ် ပေါက်ရောက်နိုင်သည်ဟု အရဟတ္တဖိုလ် အထွဋ်တပ်၍ ဤသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ခဲ့ပါသည်။

## ဉာဏ်ပညာ ခံတွင်း ဆန့်ရုံသာ

ဒေသနာတော်၏ အဆုံးဝယ် ဘခင်ဖြစ်သော ပုဂ္ဂိုလ်သည် ကြီးစွာသော စေတနာဖြင့် ကြီးစွာသော ထမင်းလုပ်ကို မိမိလက်တွင်းတဆုပ်ပြုလုပ်၍ သားငယ်အား ခွံ့ပါသော်လည်း ထိုသားငယ်သည် မိမိခံတွင်းနှင့် ဆန့်ရုံသာ ထမင်းလုပ်ကို ယူနိုင်သကဲ့သို့ ထိုအတူ ဤဒေသနာတော် အဆုံးဝယ် သဗ္ဗညု မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ပေါက် ဟောကြားတော်မူအပ်ပါသော် လည်း ထိုဂိလာန ရဟန်းငယ်သည် မိမိ၏ ဉာဏ်ပညာ တည်းဟူသော ခံတွင်း ဆန့်ရုံ သောတာပတ္တိ မဂ်ဖိုလ်တိုင်ရုံသော တရားထူးကို ရရှိခဲ့ပါသည်။

ဤသို့လျှင် ဤပဌမဂိလာနသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆို အပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိပြည်အရပ်ဝယ် မထင်မရှား ဂိလာန

ရဟန်းတပါးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူ အပ်ပါသည် အရှင်ဘုရား။

ပဥ္စမ ဂိလာနသုတ် ပြီး၏

---

## ဆဠာယတနဝဂ်

## ပုဏ္ဏာသုတ်

ပု။ ။ဆဠာယတနဝဂ္ဂေ ပနာဝုသော ပဥ္စမံ သံဂီတံ ပုဏ္ဏသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ပုဏ္ဏတ္ထေရံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ ဘန္တေ ပုဏ္ဏတ္ထေရော ဘဂဝန္တံ ဧတဒဝေါစ "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊ ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျ"န္တိ။ တသ္မိံ ဝတ္ထုသ္မိံ "သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တဥ္စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ နန္ဒီ သမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ဆဠာယတနဝဂ်၌ ရွေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ငါးခု မြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ပုဏ္ဏသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအား ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်ဝယ် သုနာပရန္တ ဇနပုဒ် ဝါဏိဇ္ဇဂါမရွာသား အရှင်ပုဏ္ဏမထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ သုနာပရန္တဇနပုဒ် အဝင်အပါ ဝါဏိဇ္ဇဂါမရွာသား အရှင်ပုဏ္ဏမထေရ်သူမြတ်သည် ဘုရားထံမှောက် ချဉ်းကပ်ရောက်၍ "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"-အစရှိသည်ဖြင့် —

ဘုန်းတော်ကြီးမြတ်တော် မူလှသော မြတ်စွာဘုရား....၊ ဘုရားတပည့်တော်သည် ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော အကြင်တရားကို နှလုံးသွင်းကာ အဖော်မမှီး တကိုယ်တည်းဖြစ်၍ ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ်ပြီးလျှင် ရဟန်းတရားဖြင့် နေနိုင်ရာ နေနိုင်ကြောင်း ကောင်းမြတ်သော တရားစကားကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူပါဘုရား ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသခင်က "သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ"-အစရှိသည်ဖြင့်—

ချစ်သား ပုဏ္ဏ....၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ် ချစ်ခင်အပ်သော သဘောရှိသော ကာမတို့နှင့်စပ်သော တပ်စွန်းခြင်းကို ဖြစ်ပွါးစေတတ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တည်းဟူသော အာရုံခြောက်ပါးတရားတို့ ရှိပေသည်။

ထိုအာရုံခြောက်ပါး တရားတို့ဝယ် ပီတိနှင့်တကွ ဖြစ်သော တဏှာဖြင့် တပ်မက်ခြင်း,ဒိဋ္ဌိနှင့်ဝ-ကူဖြစ်သော တဏှာဖြင့် ငါ့,ငါ ဥစ္စာ ဟူ၍ ပြောဆိုခြင်း, လွန်ကဲသော တဏှာဖြင့် မျိုသိပ်လုမတတ် တည်နေခြင်း ရှိသော ရဟန်း၏ သန္တာန်ဝယ် နန္ဒီမည်သော ဘဝတဏှာ ဖြစ်ပွါးတော့သည်၊ နန္ဒီမည်သော ဒုက္ခသမုဒယတဏှာ ဖြစ်လတ်သည်ရှိသော် အကြောင်းဖြစ်က အကျိုးဖြစ်မြဲ ဖြစ်သောကြောင့် ဒုက္ခသစ္စာတရားကား ဖြစ်၏ဟူ၍ပင်လျှင် ငါဘုရား ဟောဆိုအပ်ပေသည်ဟု ဝဋ္ဋဒေသနာတော်ကိုရင်း၊ ထိုမှ အပြန်အားဖြင့်—

ချစ်သား ပုဏ္ဏ....၊ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တည်းဟူသော ဤအာရုံခြောက်ပါး တရားတို့၌ တဏှာဘိနန္ဒန,ဒိဋ္ဌာဘိနန္ဒန,မာနာဘိနန္ဒန အစရှိသော အဘိနန္ဒနတို့ဖြင့် နှစ်သက်မှု လုံးလုံးမရှိသော ရဟန်းအား

နန္ဒိ မည်သော ဒုက္ခသမုဒယ-ဒုက္ခသစ္စာ၏ အကြောင်းတရား ချုပ်ငြိမ်းပေတော့သည်၊ ဒုက္ခသမုဒယ ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော တရား ချုပ်ငြိမ်းလတ်သော် ဒုက္ခသစ္စာတရား ချုပ်ငြိမ်းပြီ ဟူ၍ ငါဘုရားဟောဆိုပေသည် ဟု ဝိဝဋ္ဋမေ့ကထာကိုရင်း၊ ဤသို့ ဝဋ္ဋ ဝိဝဋ္ဋ နှစ်ပါးစုံ ဖော်ပြ၍ ဤပုဏ္ဏမည်သော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ငယ် အရှင်ပုဏ္ဏမထေရ် သူမြတ်ကို အကြောင်းပြု၍ လျှောက်ဆိုအပ်ပြီးသော အဠုပ္ပတ္တိကြောင့် သဗ္ဗညု မြတ်စွာဘုရား အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ဝေဠာဝုသော ဘဂဝါ အာယသ္မတော ပုဏ္ဏတ္ထေရဿ သံခိတ္တေန သြဝါဒံ ဒတွာ ကထဋ္ဌ နံ ပဋိပုစ္ဆိ၊ ကထဋ္ဌ သော ဘဂဝတော အာ-ရောစေသိ၊ ကထဋ္ဌဿာယသ္မတော ပုဏ္ဏတ္ထေရဿ အဘိသမ္ပရာယော အဟောသိ။

ဝိ။ ။ဧဝံ ခေါ ဘန္တေ ဘဂဝါ အာယသ္မတော ပုဏ္ဏတ္ထေရဿ သံခိတ္တေန သြဝါဒံ ဒတွာ "ဣမိနာ တွံ ပုဏ္ဏ မယာ သံခိတ္တေန သြဝါဒေန သြဝဒိတော ကတမသ္မိံ ဇနပဒေ ဝိဟရိဿသီ"တိ တံ အာယသ္မန္တံ ပုဏ္ဏတ္ထေရံ ပဋိပုစ္ဆိ။ သော စ ဘန္တေ အာယသ္မာ "အတ္ထိ ဘန္တေ သုနာပရန္တော နာမ ဇနပဒေါ၊ တတ္ထာဟံ ဝိဟရိဿာမီ"တိ ဧဝမာဒိနာ ဘဂဝတော အာရောစေသိ။ သော ဟိ ဘန္တေ အာယသ္မာ သုနာပရန္တေ ဇနပဒေ ဝသိတွာ တေနေဝ အန္တရဝဿေန တိဿော ဝိဇ္ဇာ သစ္ဆာကာသိ။ တေနေဝ အန္တရဝဿေန ပရိနိဗ္ဗာယိ။ ဧဝံ ခေါ ဘန္တေ တဿ အာယသ္မတော အဘိသမ္ပရာယော အဟောသိ။

မေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် ငါ့ရှင်ဖြေဆိုသည့် အတိုင်းပင် အရှင်ပုဏ္ဏမထေရ်အား အကျဉ်းချုပ်အားဖြင့် အဆုံးအမ သြဝါဒစကား ဟောကြားတော်မူပြီးလျှင် ထိုအသျှင်ပုဏ္ဏမထေရ်ကို တဖန်ပြန်၍ အဘယ်သို့ မေးမြန်းတော်မူခဲ့ပါသနည်း၊ ထိုသို့ မေးမြန်းသောအခါ အရှင်ပုဏ္ဏမထေရ်ကလည်း မြတ်စွာဘုရားသခင်အား အဘယ်သို့ လျှောက်ထားခဲ့ပါသနည်း၊ ထိုအရှင်ပုဏ္ဏမထေရ်၏ ဘဝ်၏ အစွမ်းဖြင့် လားရောက်ရာ အဘိသမ္ပရာယသည် အဘယ်သို့ သဘော ရှိခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသို့ သဗ္ဗညုမြတ်စွာဘုရားသခင်သည် အရှင်ပုဏ္ဏမထေရ် သူမြတ်အား အကျဉ်းချုပ်အားဖြင့် ဩဝါဒစကား မိန့်ကြားပေးသနားတော် မူပြီးလတ်သည်ရှိသော် "ဣမိနာ တွံ ပုဏ္ဏ မယာ သံခိတ္တေန ဩဝါဒေန ဩဝဒိတော ကတမသ္မိံ ဇနပဒေ ဝိဟရိဿသိ" အစရှိသည်ဖြင့်—

ချစ်သားပုဏ္ဏ....၊ သင်ချစ်သားသည် ယခု ငါဘုရား အကျဉ်းချုပ် ဩဝါဒဖြင့် ဆုံးမပေးအပ်ပြီးသည်ရှိသော် အဘယ်အရပ်၌ အသင်ချစ်သား နေမည်နည်းဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ အရှင်ပုဏ္ဏမထေရ်သူမြတ်က အတ္ထိ ဘန္တေ သုနာပရန္တော နာမ ဇနပဒေါ၊ တတ္ထာဟံ ဝိဟရိဿာမိ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ သုနာပရန္တ အမည်ရသော ဇနပုဒ်သည် ရှိပါ၏၊ တပည့်တော်တို့၏ ဘွားရာဇာတိ ထိုသုနာ ပရန္တ ဇနပုဒ်၌ပင် တပည့်တော်နေပါအံ့ ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

## ခန္တိဂုဏ် ဖြည့်ကျင့်နည်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "စဏ္ဍာ ခေါ ပုဏ္ဏ သုနာပရန္တကာ မနုဿာ။ ဖရုသာ ခေါ ပုဏ္ဏ သုနာပရန္တကာ မနုဿာ" အစရှိသည်ဖြင့်—

ချစ်သားပုဏ္ဏ....၊သုနာပရန္တဇနပုဒ်သား တို့သည် လွန်စွာ အမျက်ဒေါသ ကြီးကြပေကုန်သည်၊ လွန်စွာကြမ်းတမ်းလှကုန်သည်။

ချစ်သားပုဏ္ဏ....၊အသင်ချစ်သားကို သုနာပရန္တ ဇနပုဒ်သား လူကြမ်း များက ဆဲရေးတိုင်းထွာခဲ့သော်ငြင်း လွှမ်းမိုးစကား ပြောကြားခဲ့သော်ငြင်း သင်ချစ်သားသည် မည်သို့ စိတ်ကို ထားမည်နည်း ဟု မေးမြန်းတော်မူပါသည်၊ ထိုအခါ ရှင်ပုဏ္ဏမထေရ်သူမြတ်က—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊သုနာပရန္တ ဇနပုဒ်သား လူကြမ်းအများတို့သည် ဘုရားတပည့်တော်ကို ဆဲရေးတိုင်းထွာ စကား ပြောကြားခဲ့ကုန်သော်ငြင်း လွှမ်းမိုးခြောက်လှန့် စကား ပြောကြားခဲ့ ကုန်သော်ငြင်း ဤသုနာပရန္တ ဇနပုဒ်သား လူအများတို့သည်ကား ငါ့အပေါ် ဝယ် လက်ဖြင့်မျှ ပုတ်ခတ်ခြင်းအမှုကို မပြုကြကုန်ပေသေး၊ ကောင်းကြပါပေ

ကုန်၏၊ အလွန့် အလွန် ကောင်းကြပါပေကုန်၏ ဟူ၍သာ ဘုရားတပည့်တော် စိတ်အကြံ ဖြစ်ပါစေမည်ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ချစ်သား ပုဏ္ဏ....၊ သုနာပရန္တက ဇနပုဒ်သား လူအများတို့သည် သင် ချစ်သားအား လက်ဖြင့် ပုတ်ခတ်မှုကို ပေးကြကုန်သည်ရှိသော် သို့လက်ဖြင့် ပုတ်ခတ်ရာ၌ အသင်ချစ်သား၏ စိတ်ကို မည်သို့ဖြစ်စေ မည်နည်းဟု မေး မြန်းတော်မူပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အကယ်၍ လက် ဖြင့် ပုတ်ခတ်လတ်သည်ရှိသော် ခဲ အုတ်ခဲတို့ဖြင့် ပုတ်ခတ်ခြင်း အမှုကို မပြုကြ ကုန်သေးဟူ၍ စိတ်ကို ဖြေဖျောက်ပါမည်ဟု ပြန်ကြားလျှောက်ထားပါသည်။

ချစ်သားပုဏ္ဏ....၊အကယ်၍ ခဲတို့ဖြင့် ပစ်ခတ်ပုတ်ခတ်ခြင်း အမှုကို ပြုကြ ကုန်မူကား သင်ချစ်သား မည်သို့ စိတ်ထားမည်နည်း ဟု မေးမြန်းတော်မူ ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ခဲတို့ဖြင့် ပစ်ခတ် ပုတ်ခတ်ကြပါကုန်မူကား တုတ်လှံကန်တို့ဖြင့် မရိုက်ကြကုန်သေးဟု စိတ်ကို ချုပ်ကာ သည်းခံပါမည်ဘုရား ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

အကယ်၍ တုတ်လှံကန်တို့ဖြင့် ရိုက်ခတ်ခဲ့သော် သင်ချစ်သား၏ စိတ်ကို မည်သို့ ဖြစ်စေမည်နည်း ဟု မေးမြန်းတော်မူပြန်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တုတ်လှံကန်တို့ ဖြင့် ရိုက်ပုတ်ခြင်း အမှုကို ပြုကြကုန်သည်ရှိသော် ဓားလက်နက်ဖြင့် ငါ့ကို မခုတ်ကြကုန်သေး ဟူ၍ စိတ်ကို ဖြေဖျောက် သည်းခံပါမည်ဘုရား ဟူ၍ ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ချစ်သားပုဏ္ဏ....၊ ထိုသုနာပရန္တက ဇနပုဒ်သား လူကြမ်းအများတို့သည် သင်ချစ်သားအား ဓားလက်လက်တို့ဖြင့် ခုတ်ဖြတ်ကုန်သည်ရှိသော် သင် ချစ်သား၏ စိတ်ကို မည်သို့ ဖြစ်စေမည်နည်း ဟု မေးမြန်းတော်မူလတ်ပါသည်၊

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဓားလက်နက်တို့ ဖြင့် နာရုံ ကြင်ရုံမျှ ခုတ်ဖြတ်ကြကုန်သည်ရှိသော် ဤသုနာပရန္တ က ဇနပုဒ် သား လူအများတို့သည် တော်ကြပါကုန်သေး၏၊ ငါ့ကို ထက်လှစွာသော ဓားသံလျက်ဖြင့် ဦးခေါင်းဖြတ် ဇီဝိတိန္ဒြေမှ အကြွင်းပြတ်အောင် မသတ်ကြ

ကုန်သေး ဟူ၍ သည်းခံရေးနှလုံး သုံးပါမည် ဘုရား ဟူ၍ ပြန်ကြားလျှောက် ထားခဲ့ပါသည်။

ချစ်သားပုဏ္ဏ....၊ အကယ်၍ သင်ချစ်သားကို သုနာပရန္တ ဇနပုဒ်သား လူအများတို့က ထက်လှစွာသော ဓားလက်နက်ဖြင့် အသက်ကုန်ဆုံးသည့်ဘိုင် အသက်ဇီဝိတိန္ဒြေမှ ချကြကုန် သတ်ကြကုန်သည်ရှိသော် သို့သတ်ရာ၌ သင် ချစ်သားသည် စိတ်ကို မည်သို့ ဖြစ်စေပါမည်နည်း ဟု မေးမြန်းတော်မူပါသည်၊

ထိုအခါ အရှင်ပုဏ္ဏ မထေရ်သူမြတ်က—

သန္တိ ခေါ တဿ ဘဂဝတော သာဝကာ ကာယေန စ ဇီဝိတေန စ အဋ္ဋီယမာနာ ဟရာယမာနာ ဇိဂုစ္ဆမာနာ သတ္ထဟာရကံ ပရိယေသန္တိ။

ဤသာသနာတော်ဝယ် ဘုန်းဘော်ကြီးမြတ်တော်မူလှသော ရှေးဘုရား တို့ အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ တပည့်သား သာဝကတို့အနက် ရူပကာယ၌ရင်း အသက်၌ရင်း ရှက်နိုးကုန် နာကျင်ကုန် စက်ဆုပ်ကုန်သည် ဖြစ်၍ သတ္ထဟာရက အမည်ရသော မိမိကိုယ်ကို မိမိ ဓားလက်နက်တို့ဖြင့် ခုတ်ဖြတ်မှုကို ပြုကြ ရှာမှီးကြသော ရဟန်းတော်တို့သည် များစွာ ရှိကြပါပေကုန်သည်၊ ငါမှာမူကား ထိုသို့ သတ္ထဟာရက အမည်ရ သော ဓားလက်နက်ဖြင့် မိမိကိုယ်ကို မိမိခုတ်ဖြတ်မှု သတ်ဖြတ်မှု တည်းဟူ သော သတ္ထဟာရက အမှုကို မရှာမှီးဘဲ အလိုလိုက်ကောင်း၍ ရသည်ဟူ၍ သာလျှင် တပည့်တော် သည်းခံနှလုံး သုံးပါမည်ဘုရား ဟု ပြန်ကြား လျှောက် ထားခဲ့ပါသည်။

## သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံလျှင်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "သာဓု သာဓု ပုဏ္ဏ၊ ချစ်သား ပုဏ္ဏ....၊ ကောင်းပေစွ ကောင်းပေစွ" ဟု သာဓုခေါ်တော်မူပြီးလျှင်—

သက္ခိဿသိ ခေါ တွံ ပုဏ္ဏ ဣမိနာ ဒမူပသမေန သမန္နာဂတော သုနာပရန္တသ္မိံ ဇနပဒေ ဝတ္ထုံ။

ချစ်သား ပုဏ္ဏ....၊ သင်ချစ်သားသည် ဤဆိုအပ်ပြီးသော သည်းခံခြင်း ဥပသမဂုဏ်နှင့် ပြည့်စုံလတ်ရကား ထိုလူကြမ်းတို့၏နေရာ သုနာပရန္တ ဇနပုဒ် ၌ အသင်ချစ်သားနေခြင်းငှါ စွမ်းနိုင်ပါလိမ့်မည်၊ အသင်ချစ်သား၏ သွားရာ

အချိန်ကို အသင်ချစ်သားပင် သိပါလေဟု ခွင့်ပြုတော်မူလတ်သည်ရှိသော် အရှင်ပုဏ္ဏမထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရားအား လက်ျာရစ် လှည့်လည် ရှိခိုးခဲ့ပြီး၍ ဘုရားထံမှ ဖဲခွါပြီးလျှင် ကျောင်းအိပ်ရာ နေရာ သိမ်းပြီး၍ သုနာပရန္တ ဇနပုဒ်အရပ်သို့ ကြွရောက်သီတင်းသုံး နေတော်မူခဲ့ပါသည်။

ထိုသို့ ကြွရောက်သည့် ဝါတွင်းမှာပင်လျှင် ထိုသုနာပရန္တတိုင်း သုနာပရန္တဇနပုဒ်သား ငါးရာသော ဥပါသကာ, ငါးရာသော ဥပါသိကာတို့ကို သရဏဂုံ သီလ၌ တည်စေခဲ့ပါပေသည်။

ထိုဝါတွင်းမှာပင်လျှင် မိမိကိုယ်ကို မိမိအဘိုလည်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးသို့ ရောက်အောင် ကြိုးကုတ် အားထုတ်တော်မူခဲ့ပါသည်၊ ထိုဝါတွင်းမှာပင်လျှင် ခန္ဓပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းခဲ့ပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရား အရှင်ပုဏ္ဏမထေရ်အား ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် မေးမြန်း၍ အပြန်ပြန်အထပ်ထပ်မေးကာ ဖြေကာဖြင့် အရှင်ပုဏ္ဏမထေရ်သည်လည်း ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း သဗ္ဗညုမြတ်စွာဘုရား၏ ရှေ့မှောက်ဝယ် မိမိ၏ သည်းခံခြင်း ဂုဏ်ရည်ကို ပြန်လျှောက်ခဲ့ပါသည်၊ ဤသို့ လျှောက်ဆိုအပ်ပြီးသည့်အတိုင်း ထိုအသျှင်ပုဏ္ဏ မထေရ်သူမြတ်၏ အရဟတ္တဖိုလ်ပေါက် အနုပါဒါပရိနိဗ္ဗာန်တိုင်ရောက်သော ဉာဏာဘိသမယာရယ တရား ထင်ရှားစွာ ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

ပုဏ္ဏသုတ် ပြီး၏

---

## သဠာယတနဝဂ်

## မာလုင်္ကျပုတ္တသုတ်

ပု။ ။တေန ခေါ သမယေန ဘဂဝတာ။ ပ။ သမ္မာသမ္ဗုဒ္ဓေန သဠာယတနဝဂ္ဂေ ဒုတိယံ မာလုင်္ကျပုတ္တသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထေသိ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ မာလုကျပုတ္တတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ မာလုကျပုတ္တတ္ထေရော ဘဂဝန္တံ ဧတဒဝေါစ "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊ ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျ"န္တိ။ တသ္မိံ ဝတ္ထုသ္မိံ "ဧတ္ထ ဒါနိ မာလုကျပုတ္တ ကိံ ဒဟရေ ဘိက္ခူ ဝက္ခာမာတိ"အာဒိနာ ထေရံ အပသာဒေတွာ စေဝ ဥဿာဒေတွာ စ "တံ ကိံ မညသိ မာလုကျပုတ္တ၊ ယေ တေ စက္ခုဝိညေယျာ ရူပါ အဒိဋ္ဌာ အဒိဋ္ဌပုဗ္ဗာ၊ န စ ပဿသိ၊ န စ တေ ဟောတိ ပဿေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် သဠာယတနသံယုတ် သဠဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ နှစ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော မာလုကျပုတ္တသုတ်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် မာလုကျာပုဏ္ဏေးမ၏သားဖြစ်၍ မာလုကျပုတ္တ အမည်ရသော မထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ အရှင်မာလုကျပုတ္တ မထေရ်သူမြတ်သည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"-အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်သည် ရှင်တော်ဘုရား ဟောကြားတော်မူအပ်သည့် အကြင်တရားကို ကြားနာရပြီးလျှင် အဖော်မမှီး တကိုယ်တည်း ဖြစ်၍ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ရဟန်းတရားကို ပွါးများကာ နေထိုင်နိုင်ရာပါ၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်အား ထိုသို့ သဘောရှိသော တရားတော်ကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူပါဘုရား ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

## ကဲ့လည်းကဲ့ရဲ့ ချီးလည်း ချီးမွမ်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ဧတ္ထ ဒါနိ မာလုကျပုတ္တ ကိံ ဒဟရေ ဘိက္ခူ ဝက္ခာမ"-အစရှိသည်ဖြင့်—

ချစ်သား မာလုကျပုတ္တ....၊ အကြင်သင်သည် ငယ်ရွယ်စဉ်ကာလဝယ် အာရုံငါးပါး၌ မေ့လျော့ပြီးမှ ကြီးပြင်းကြီးခါ ကာလတိုင်မှ ရဟန်းတရားကို ပွါးများဘို့ရန် အကျဉ်းချုပ် ဩဝါဒကို တောင်းပန်ဘိ၏၊ ဤသို့ အကျဉ်းချုပ် ဩဝါဒကို တောင်းပန်ရာဝယ် ငယ်ကုန် ငယ်ကုန်သော ရဟန်းတို့ အပေါ် အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း၊ သင်ပင်သော်လည်း ကြီးခါမှ ရဟန်းတရားကို အားထုတ်ကောင်းသည်ဟု အောက်မေ့ဘိ၏ ဟူ၍ အပြစ်တင်စကား ပြောကြားတော်မူ၍ရင်း။

ချစ်သား မာလုကျပုတ္တ....၊ သင်ချစ်သားသည် ကြီးခါမှပင်သော်လည်း ရဟန်းတရားကို ပွါးများကြိုးကုတ် အားထုတ်နိုင်ပေသေး၏၊ ငယ်ကုန် ငယ်ကုန်သော ရဟန်းငယ်တို့သည်ကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း၊ ရဟန်းတရားကို အားထုတ်သင့်သည်သာတည်း ဟု မာလုကျပုတ္တမထေရ် သူမြတ်အား ချီးမြှောက်စကား ပြောကြားတော်မူပြီး၍ရင်း "တံ ကိံ မညသိ မာလုကျပုတ္တ"-အစရှိသည်ဖြင့်—

ချစ်သား မာလုကျပုတ္တ....၊ယခု ငါဘုရားမေးမည့်စကားကို သင်ချစ်သား မည်သို့ မှတ်ထင်သနည်း၊ အကြင်ရူပါရုံ အကြင်သဒ္ဒါရုံ အကြင်ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့ကို ရှေးအခါကလည်း မမြင်ဘူး မကြားဘူး မနမ်းဘူး မလျက်ဘူး မတွေ့ဘူး မသိဘူး၊ ရှေးဘဝဘဝကလည်း မမြင်ခဲ့ဘူး မကြားခဲ့ဘူး မနမ်းခဲ့ဘူး မလျက်ခဲ့ဘူး မတွေ့ထိခဲ့ဘူး မသိခဲ့ဘူးချေ၊ ယခု ပစ္စုပ္ပန် ဝတ္တမာန်အခါမှာလည်း မြင်ဆဲမဟုတ် ကြားဆဲမဟုတ် နန်းရှုပ်ဆဲ မဟုတ် လျက်ဆဲမဟုတ် တွေ့ထိဆဲမဟုတ် သိဆဲမဟုတ်ချေ၊ သင်ချစ်သား၏ သန္တာန်မှာလည်း မြင်အံ့ ကြားအံ့ နမ်းအံ့ လျက်အံ့ တွေ့ထိအံ့ သိအံ့ ဟူ၍ နှလုံးသွင်း မရှိခဲ့ချေ။

## ဇောစိတ္တုပ္ပါဒ်၌ အကုသိုလ်မဖြစ်အောင်

ချစ်သား မာလုကျပုတ္တ....၊ ဤသို့ သဘောရှိသော အာရုံခြောက်ပါး၌ သင်ချစ်သား၏ သန္တာန်ဝယ် အလိုရှိခြင်းဆန္ဒ, တပ်မက်ခြင်းရာဂ, ချစ်ခင်ခြင်း ပေမ တရား ဖြစ်ပါသေးသလော ဟု မေးမြန်းတော်မူခဲ့ပါသည်။

နော ဟေတံ ဘန္တေ၊ မဖြစ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည် တွင်——

ချစ်သား မာလုကျပုတ္တ....၊ ဤဆိုအပ်ပြီးသော မြင်အပ် ကြားအပ် ရောက်အပ် သိအပ်သော အာရုံခြောက်ပါးတို့တွင် မြင်အပ်သော ရူပါရုံ၌ စက္ခုဝိညာဉ်မျှသာ ပမာဏရှိသည်ဖြစ်၍ရင်း၊ ကြားအပ်သော သဒ္ဒါရုံတို့၌ သောတဝိညာဉ်မျှသာ ပမာဏရှိသည်ဖြစ်၍ရင်း၊ နမ်းအပ် လျက်အပ် ထိအပ် သော အာရုံတို့၌ ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်မျှ ပမာဏရှိသည် ဖြစ်၍ရင်း၊ သိအပ်သော ဓမ္မာရုံတို့၌ မနောဒွါရာဝဇ္ဇန်းလျှင် ပမာဏရှိသည် ဖြစ်၍ရင်း၊ ထိုစက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် မနောဒွါရာဝဇ္ဇန်း တည်းဟူသော တရားတို့၌ လောဘ ဒေါသ မောဟ မပါသကဲ့သို့ ထို့အတူ အာရုံအရသာကို ပိုင်နိုင်စွာ ခံစားသော ဇောစိတ္တုပ္ပါဒ်ဇော၌လည်း လောဘ ဒေါသ မောဟတရားတို့ကို မဖြစ်ပွါး အောင်ပင် သင်ချစ်သား ကြိုးပမ်းအားထုတ် ပြုလုပ်လာသည်ရှိသော် သင် ချစ်သားသည် ရာဂဖြင့် တပ်သောသူ ဒေါသဖြင့် အမျက်ထွက်သောသူ မောဟဖြင့် တွေဝေသောသူ မဖြစ်နိုင်တော့ပေ။

ရာဂ ဒေါသ မောဟ ကင်းခဲ့သည်ရှိသော် ထိုအာရုံခြောက်ပါး၌ ငြိကပ်မှု အလျဉ်းမရှိတော့၊ ထိုအာရုံခြောက်ပါး၌ ငြိကပ်မှု စပ်ဘက်မှု အလျဉ်းမရှိလတ် သော် ဤလူ့ပြည်ဘဝ၌ရင်း ဤလူ၏ဂတိမှ ကြွင်းသောဂတိ၌ရင်း သင် ချစ်သား လားဘွယ်မရှိတော့ပြီ။

ဤသို့ ဂတိငါးပါး၌ သင်ချစ်သား လားနိုင်မှု မရှိခဲ့လတ်သော် ဂတိငါးပါး မှ အလွတ်ထား၍ အခြား လားဘွယ် မရှိရကား ဤသည်ပင်လျှင် ဒုက္ခ၏ အဆုံးပေတည်း ဟု သဗ္ဗညုမြတ်စွာဘုရားသည် မာလုကျပုတ္တမထေရ်သူမြတ် ကို အကြောင်းပြု၍ သာဝတ္ထိပြည်အရပ်ဝယ် ဤမာလုကျပုတ္တ သုတ္တန်ဒေသနာ တော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ဣမသ္မိံ စ ခေါ ပနာဝုသော ဘဂဝတာ ဩဝါဒေ သံခိတ္တေန ဘာသိတေ သော အာယသ္မာ မာလုကျပုတ္တတ္ထေရော ဘဂဝန္တံ ကိံ အဝေါစ ကထဉ္စဿ ဘဂဝါ အနုညာသိ။ ကီဒိသော စဿာယသ္မတော မာလုကျပုတ္တတ္ထေရဿ ဓမ္မာဘိသမယော အဟောသိ။

ဝိ။ ။ဣမသ္မိံ ခေါ ဘန္တေ ဩဝါဒေ ဘဂဝတာ သံခိတ္တေန ဘာသိတေ အာယသ္မာ မာလုကျပုတ္တတ္ထေရော ဘဂဝန္တံ ဧတဒဝေါစ “ဣမဿ ခွါဟံ ဘန္တေ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ။

ရူပံ ဒိသွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။
(ပေယျာလ)
န သော ရဇ္ဇတိ ဓမ္မေသု၊ ဓမ္မံ ဉတွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ ဇာနတော ဓမ္မံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတီ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတီတိ။

ဣမဿ ခွါဟံ ဘန္တေ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဧဝံ ဝိတ္ထာရေန အတ္ထံ အာဇာနာမီတိ။ ဘဂဝါ စ ဘန္တေ “သာဓု သာဓု မာလုကျပုတ္တ၊ သာဓု ခေါ တွံ မာလုကျပုတ္တ မယာ သံခိတ္တေန ဘာသိ-တဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသီ”တိ သာဓုကာရံ ဒတွာ—

“ရူပံ ဒိသွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတီ”တိ—

အာဒိနာ ထေရဿ ဝစနံ သမနုညာသိ။ သော စ ဘန္တေ အာယသ္မာ မာလုကျပုတ္တတ္ထေရော ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ

ပဟိတတ္တော ဝိဟရန္တော နစိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယ-ပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ၊ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ"တိ အဗ္ဘညာသိ။ အညတရောစ ပနာယသ္မာ မာလုကျ-ပုတ္တော အရဟတံ အဟောသိ။ ဇဝံ ခေါ ဘန္တေ တဿ အာယသ္မတော အဘိသမ္ပရာယော အဟောသိ။

မေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ငါ့ရှင်ဖြေဆိုသည့်အတိုင်းပင် ခြောက်ပါးသော ဒွါရတို့၌ လေးစုပြု၍ အကျဉ်းချုပ်အားဖြင့် အရဟတ္တဖိုလ်တိုင်အောင် ဝိပဿနာရှုပုံ အဆုံးအမ ဩဝါဒကို ဟောကြားတော်မူသည်ရှိသော် ထိုမာလုကျပုတ္တ မထေရ်သူမြတ်သည် မိမိနားလည်သော အနက် အဓိပ္ပါယ်ကို မြတ်စွာဘုရားသခင်အား အဘယ်သို့လျှင် လျှောက်ထားခဲ့ပါသနည်း၊ မြတ်စွာဘုရားသခင်ကလည်း ထိုမာလုကျပုတ္တမထေရ်၏ လျှောက်ထားသော စကားကို အဘယ်သို့လျှင် ခွင့်ပြုသဘောတူခဲ့ပါသနည်း၊ ထိုမာလုကျ ပုတ္တမထေရ်သူမြတ်၏ တရားကိုသိမြင်ခြင်း ဓမ္မာဘိသမယသည် အဘယ်သို့ သဘောရှိခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဤသို့ သဗ္ဗညုမြတ်စွာဘုရား အကျဉ်းချုပ်အားဖြင့် အရှင်မာလုကျပုတ္တ မထေရ်သူမြတ်အား အဆုံးအမ ဩဝါဒစကား ဟောကြားတော်မူလတ်သည်ရှိသော် မာလုကျပုတ္တ မထေရ်သူမြတ်သည်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရားသည် အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူအပ်သော ဤစကားတော်၏ အနက်အကျယ်အဓိပ္ပါယ်ကို ဘုရားတပည့်တော်သည် ဤပုံ ဤပန်း စိတ်ဖြာခွဲခြား၍ သိမိပါသည်။

## နှလုံးသွင်းမှားလျှင် သတိပျောက်သည်

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ရူပါရုံကို မြင်လျှင်သော်ငှင်း သဒ္ဒါရုံကို ကြားလျှင်သော်ငှင်း ဂန္ဓာရုံကို နမ်းရှူလျှင်သော်ငှင်း ရသာရုံကို လျက်လျှင်သော်ငှင်း ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလျှင်သော်ငှင်း ဓမ္မာရုံ

ကို သိရှိလတ်သည်ရှိသော်ရင်း သိရာနိမိတ်အနေဖြင့် နှလုံးသွင်းမှားသော ပုဂ္ဂိုလ်အား သတိသည် ပျောက်ခဲ့လေပြီ ပျက်ခဲ့လေပြီ။

ထိုသို့ သတိပျက်စီးသော ပုဂ္ဂိုလ်သည် ထိုအာရုံခြောက်ပါး ကို တပ်စွမ်းသော စိတ်ရှိသည်ဖြစ်၍ ထိုအာရုံ၏ အရသာကို ခံစားပါတော့သည်၊ ထိုအာရုံ၌ မျိုသိပ်၍ တည်နေပါတော့သည်၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား လောဘ ဒေါသ မောဟတို့နှင့် ယှဉ်သော ဇောဝေဒနာတို့သည် အခါခါ အထပ်ထပ် ဖြစ်ကြပါကုန်တော့သည်။

ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား အဘိဇ္ဈာဗျာပါဒတရားတို့သည်လည်း တဖွားဖွား ဖြစ်ကြပါကုန်တော့သည်၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်၏ စိတ်သန္တာန် အစဉ်ကို အဘိဇ္ဈာတရား ဝိဟေသတရားတို့သည် အမြဲတစေ ဖျက်ဆီးနှိပ်စက်၍ နေအပ်ပါပေကုန်သည်။

ထိုသို့လျှင် ဒုက္ခ၏ အကြောင်း မကောင်းသော အကုသိုလ်တရားတို့ကို ပွါးစေ ဆည်းပူးပေသော ပုဂ္ဂိုလ်အား နိဗ္ဗာန်တရားသည် လွန်စွာ လွန်စွာ ဝေးခြားလှပေ၏။

## သတိတရား လက်ကိုင်ထားပါက

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ရူပါရုံကို မြင်လျှင်ရင်း သဒ္ဒါရုံကို ကြားလျှင်ရင်း ဂန္ဓာရုံကို နမ်းရှူပ်လျှင်ရင်း ရသာရုံကို လျက်သော်ရင်း ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလတ်သော်ရင်း ဓမ္မာရုံကို စိတ်ဖြင့် သိလတ်သော်ရင်း သတိတရား လက်ကိုင်ထား၍ ထိုအာရုံခြောက်ပါး၌ အကြင်ပုဂ္ဂိုလ်သည် တပ်မက်ခြင်း မရှိခဲ့ချေ၊ ထိုပုဂ္ဂိုလ်သည် ထိုအာရုံခြောက်ပါးတို့၌ တပ်ခြင်း ကင်းသောစိတ်ဖြင့်ပင် အာရုံ၏ အရသာကို မဟာကုသိုလ်ဇော, ရူပါဝစရမဟာကြိယာဇော အစရှိသော ကောင်းမြတ်သော ဇောတို့ဖြင့်သာလျှင် ထိုအာရုံ၏ အရသာကို ခံစားပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊ရူပါရုံကို မြင်သောအခါ။ သဒ္ဒါရုံ။ ဂန္ဓာရုံ။ ရသာရုံ။ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသောအခါ ဓမ္မာရုံကို မနောဒွါရာဝဇ္ဇန်းဖြင့် သိရှိသောအခါဝယ် လောဘ ဒေါသ မောဟ အကုသိုလ် တရားတို့ မဖြစ်ပွါးသကဲ့သို့ ထိုအတူ ထိုပုဂ္ဂိုလ်အား ဇောဝေဒနာဖြင့် အာရုံ၏ အရသာကို ခံစားသော အခါ၌လည်း လောဘ ဒေါသ မောဟ

တို့ မဖြစ်တော့ပါ၊ ဤသို့လျှင် ထိုပုဂ္ဂိုလ်သည် သတိတရား လက်ကိုင်ထား၍ အာရုံခြောက်ပါးကို သုံးစားခဲ့ပါသည်။

ထိုသို့လျှင် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို ပယ်ဖျက်လေ့ရှိသော ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား လောဘတရား ဒေါသတရား မောဟတရားတို့သည် မဂ်ဖြင့်ပင် ကုန်ခဲ့ ခန်းခဲ့လေပါပြီ၊ နောက်ထပ်တဖန် တိုးပွါးခြင်း မရှိတော့ပါ။

ဤသို့ ဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာ အကြောင်းဖြစ်သော တရားတို့ကို ဖျက်ဆီးလေ့ရှိသောပုဂ္ဂိုလ်၏ သန္တာန်ဝယ် နိဗ္ဗာန်တည်းဟူသော တရားသည် လွန်စွာ နီးကပ်လှပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရား အကျဉ်းချုပ် ဟောကြားတော်မူအပ်သော စကားတော်၏ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့် တပည့်တော် ဤသို့ သိအပ်ခဲ့ပါသည် ဘုရားဟု သဗ္ဗညု မြတ်စွာဘုရားအား မိမိ၏သိမြင်ပုံအခြင်းအရာကို လျှောက်ထားခဲ့ပါပေသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သာဓု-သာဓု မာလုကျပုတ္တ အစရှိသည်ဖြင့် "ချစ်သား မာလုကျပုတ္တ....၊ သင်ချစ်သားသည် ငါဘုရား အကျဉ်းချုပ် ဟောကြားအပ်သည့် စကားကို အကျယ်တဝင့် ဖွင့်ပြစိတ်ဖြာ ဝေဘန်၍ သိနိုင်ပါပေ၏၊ ကောင်းပါပေစွ၊ ကောင်းပါပေစွ ဟု ကောင်းချီးနုမော် သာဓုခေါ်တော်မူပြီးလျှင် ရှင်မာလုကျပုတ္တ ဖွင့်ဆိုလျှောက်ထားသည့် အတိုင်း နှစ်ဆယ့်လေးရပ်သော ဂါထာတို့ဖြင့်—

ရူပံ ဒိသွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဥ္စ အဇ္ဈောသ တိဋ္ဌတိ။

အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါပေသည်။

ထိုအခါ အရှင်မာလုကျပုတ္တ မထေရ်သူမြတ်သည် ဘုရားစကားကို ဝမ်းမြောက်ဝမ်းသာ နှစ်လိုအားရမ်း ခံယူပြီးလျှင် နောက်ကာလဝယ် အဖော်မမှီး တကိုယ်တည်းဖြစ်၍ ရဟန်းတရား ပွါးများ အားထုတ်လတ်သည်ရှိသော် အရဟတ္တဖိုလ်တိုင်မြောက် ရောက်တော်မူလတ်၍ ရဟန္တာမထေရ်မြတ်တို့တွင် ရဟန္တာတပါး အပါအဝင် ဖြစ်တော်မူခဲ့ပါပေသည်။

ဤသို့လျှင် ထိုမာလုကျပုတ္တမထေရ်သူမြတ်၏ ဉာဏ်ပညာ၏ လားမှု ရောက်မှု သိမှုတည်းဟူသော အဘိသမ္ဗရာယသည် အရဟတ္တဖိုလ်တိုင်ပေါက် ဖြစ်မြောက်ခဲ့ပါသည် အရှင်ဘုရား။

မာလုကျပုတ္တသုတ် ပြီး၏

## ပမာဒဝိဟာရီသုတ်

ပု။ ။တတ္ထေဝ အာဝုသော စတုတ္ထံ ပမာဒဝိဟာရီသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ပမာဒဝိဟာရိဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အပ္ပမာဒဝိဟာရိဉ္စ၊ တံ သုဏာထ။ ကထဉ္စ ဘိက္ခဝေ ပမာဒဝိဟာရီ ဟောတိ။ စက္ခုန္ဒြိယံ အသံဝုတဿ ဘိက္ခဝေ ဝိဟရတော စိတ္တံ ဗျာသိဉ္စတိ စက္ခုဝိညေယျေသု ရူပေသု၊ တဿ ဗျာသိတ္တစိတ္တဿ ပါမောဇ္ဇံ န ဟောတိ၊ ပါမောဇ္ဇေ အသတိ ပီတိ န ဟောတိ၊ ပီတိယာ အသတိ ပဿဒ္ဓိ န ဟောတိ၊ ပဿဒ္ဓိယာ အသတိ ဒုက္ခံ ဟောတိ၊ ဒုက္ခိနော စိတ္တံ န သမာဓိယတိ၊ အသမာဟိတေ စိတ္တေ ဓမ္မာ န ပါတုဘဝန္တိ၊ ဓမ္မာနံ အပါတုဘာဝါ ပမာဒဝိဟာရီတွေဝ သင်္ခံ ဂစ္ဆတိ"တိ ဝေမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

### မေ့လျော့သောပုဂ္ဂိုလ်နှင့် မမေ့လျော့သောပုဂ္ဂိုလ်

မေး။ ။ထိုသဋ္ဌဝဂ်၌ပင်လျှင် လေးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားသော ပမာဒဝိဟာရီ သုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတို့ကို အကြောင်းပြု၍ "ပမာဒဝိဟာရိဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အပ္ပမာဒ ဝိဟာရိဉ္စ၊ တံ သုဏာထ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊သင်ချစ်သားတို့အား ငါဘုရားသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသောသူကိုရင်း မမေ့မလျော့ မပေါ့မတန်နေ

သောသူကိုရင်း အကျယ်စိတ်ဖြာ ဟောကြားပေအံ့၊ သင်ချစ်သားတို့သည် နာကြားကြကုန်၊ မြဲမြံစွာ နှလုံးသွင်းကြကုန်၊ အကျယ်အားဖြင့် ငါဘုရား ဟောအံ့ ဟူ၍ မိန့်ကြားတိုက်တွန်းတော်မူပြီးလျှင် "ကထဉ္စ ဘိက္ခဝေ ပမာဒ-ဝိဟာရီ ဟောတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊မည်သို့ မည်ပုံ နေလတ်သည်ရှိသော် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသောသူ မည်သနည်းဟူမူကား—

ချစ်သား ရဟန်းတို့....၊စက္ခုန္ဒြေကိုရင်း၊ သောတိန္ဒြေကိုရင်း၊ဃာနိန္ဒြေကိုရင်း၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေကိုရင်း ဤဣန္ဒြေခြောက်ပါး တခါးကြီး ခြောက်ပေါက်တို့ကို သတိ တည်းဟူသော အပိတ်အဆို့ အစောင့်အရှောက်ဖြင့် စောင့်ရှောက်မှု လုံးဝမပြုဘဲ ပေါက်လွှတ်ပဲစားနေသော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် နုသော ဝမ်းမြောက်ခြင်း တည်းဟူသော ပါမောဇ္ဇတရား မဖြစ်နိုင်။

နုသော ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရား မဖြစ်လတ်သော် ရင့်သော ကြီးကျယ်သော ဝမ်းမြောက်ခြင်း တည်းဟူသော ပီတိတရား မဖြစ်နိုင်။

ပီတိတရား မဖြစ်လတ်သော် ကိုယ်စိတ်တို့၏ ငြိမ်းချမ်းမှု ပဿဒ္ဓိတရား မဖြစ်နိုင်။

ကိုယ်စိတ်တို့၏ ငြိမ်းခြင်း ပဿဒ္ဓိတရား မဖြစ်လတ်သော် ဆင်းရဲစွာ သာလျှင် နေရတော့သည်။

ထိုသို့ ကာယိကဒုက္ခ စေတသိကဒုက္ခနှင့် အချိန်မရွေး တွေ့ရှိနေသော ပုဂ္ဂိုလ်၏ စိတ်သန္တာန်သည် တရံတခါမျှ တည်ကြည်ခြင်း မရှိနိုင်။

ထိုသို့ တည်ကြည်ခြင်း မရှိသော သမာဓိကင်းမဲ့သောပုဂ္ဂိုလ်၏ ဉာဏ်ဝယ် သမထ, ဝိပဿနာ တရားတို့သည် အဘယ်မှာလျှင် ထင်ကုန်အံ့နည်း၊ မထင်ဘဲ ရှိကုန်တော့သည်။

ချစ်သား ရဟန်းတို့....၊သမထဝိပဿနာ တရားတို့ မထင်ရှားလတ်သည် ရှိသော် ထိုကဲ့သို့သော ပုဂ္ဂိုလ်သည် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသော ပုဂ္ဂိုလ်ဟူ၍သာလျှင် ခေါ်ဆိုခံရခြင်းသို့ ရောက်လေတော့သည်။

ချစ်သား ရဟန်းတို့....၊ဤသည်ကား မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသော ပုဂ္ဂိုလ်ပါပေတည်း၊ ဤပုံ အခြင်းအရာအားဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသောပုဂ္ဂိုလ် ဖြစ်ပေသည်။

ချစ်သား ရဟန်းတို့....။အဘယ်ပုံ အခြင်းအရာဖြင့် မမေ့မလျော့ မပေါ့မတန်နေသော ပုဂ္ဂိုလ်ဖြစ်ပါသနည်း။

ဤသာသနာတော်ဝယ် အမှတ်မထင် အကြင်ရဟန်းသည် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ တည်းဟူသော ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်မှ အကုသိုလ်ခိုးသားတို့ ဝင်ရောက်၍ မိမိအဇ္ဈတ္တသန္တာန်ဝယ် ထင်ရှားရှိသော သမထဝိပဿနာ ကုသိုလ်တရားရတနာတို့ကို မတိုက်ဖျက် မလုယူအောင် သတိတည်းဟူသော တံခါးမှူးဖြင့် ပိတ်ဆို့စောင့်ရှောက်ခဲ့ပါပေသည်။

ထိုသို့ ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်ဝယ် သတိတည်းဟူသော တံခါးမှူး ဆို့ကွပ်၍ အကုသိုလ်ခိုးသားတို့ မဝင်ရောက်အောင် စောင့်ရှောက်သော ရဟန်း၏သန္တာန်ဝယ် နုသော ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြစ်နိုင်ပေသည်။

ပါမောဇ္ဇ ဖြစ်သည်ရှိသော် ရင့်သော ဝမ်းမြောက်ခြင်း ပီတိ ဖြစ်ပေတော့သည်။

ပီတိ ဖြစ်သည်ရှိသော် ကိုယ်စိတ်တို့၏ ငြိမ်းခြင်း ပဿဒ္ဓိ ဖြစ်ပေတော့သည်။

ပဿဒ္ဓိတရား ဖြစ်ပွါးလတ်သည်ရှိသော် ကိုယ်စိတ်တို့၏ ချမ်းသာခြင်း သုခတရား ဖြစ်ပေတော့သည်။

ကိုယ်စိတ်တို့၏ ချမ်းသာခြင်း သုခတရား ဖြစ်ပွါးလတ်သည်ရှိသော် စိတ်သည် တခုသော အာရုံဝယ် တည်ကြည်နိုင်ပေတော့သည်။

ထိုသို့ သမာဓိရရှိပါလျှင် သမထဝိပဿနာ တရားတို့သည် ထင်ကုန် လင်းကုန်ပေတော့သည်။

ထိုသို့ သမထဝိပဿနာတရားတို့ ထင်လင်းမှု ဟူသော အကြောင်းကြောင့် ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည် မမေ့မလျော့ မပေါ့မတန် အပ္ပမာဒတရား လက်ကိုင်ထား၍ နေသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရသော အဖြစ်သို့ ရောက်ပေတော့သည်။

ချစ်သားတို့....။ဤပုံ ဤပန်း အခြင်းအရာအားဖြင့် မမေ့မလျော့ မပေါ့မတန် နေသော ပုဂ္ဂိုလ်ဖြစ်နိုင်ပါပေသည်ဟု ဤပမာဒဝိဟာရီသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပမာဒဝိဟာရီသုတ် ပြီး၏

---

**လောကကာမဂုဏဝဂ်**

**ရာဟုလောဝါဒသုတ်**

ပု။ ။လောကကာမဂုဏဝဂ္ဂေ အာဝုသော အဋ္ဌမံ ရာဟုလောဝါဒသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထ္ထ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ယေဝ ဘန္တေ အာယသ္မန္တံ ရာဟုလံ အာရဗ္ဘ "တံ ကိံ မညသိ ရာဟုလ၊ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ။ နော ဟေတံ ဘန္တေ"တိ ဝေမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။လောကကာမဂုဏဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှစ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ရာဟုလောဝါဒသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ရဟန်းဖြစ်စ ဝါမရသေးသော သားတော်ရာဟုလာ မထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအရပ်၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ နံနက်မိုးသောက် ရောက်သောအချိန်၌ "ပရိပက္ကာ ခေါ ရာဟုလဿ ဝိမုတ္တိပရိပါစနိယာ ဓမ္မာ" အစရှိသည်ဖြင့်—

ငါ၏သားတော် ရာဟုလာ ရဟန်းငယ်၏ သန္တာန်ဝယ် အရဟတ္တဖိုလ်ကို ရင့်သန်စေနိုင်သည့် တဆယ့်ငါးပါးသော တရားတို့သည်ကား ရင့်ခဲ့လေကုန်ပြီ၊ ကျက်ခဲ့လေကုန်ပြီ၊ ရင့်သန်ထွားကျိုင်းခဲ့လေကုန်ပြီ။

ယံ နူနာဟံ ရာဟုလံ ဥတ္တရိံ အာသဝါနံ ခယေ ဝိနေယျံ။

ယနေ့မူကား ငါဘုရားသည် စင်စစ်လျှင် ရာဟုလာကို အရဟတ္တဖိုလ်ပေါက် ဆုံးမချွေချွတ်တော့အံ့ ဟု အကြံတော် ဖြစ်ပြီးလျှင် သာဝတ္ထိပြည်အတွင်း ဆွမ်းခံလှည့်လည်တော်မူပြီး၍ ဆွမ်းခံရာမှ အပြန်တွင်—

ဂဏှာဟိ ရာဟုလ နိသီဒနံ။

ချစ်သား ရာဟုလာ....၊နိသီဒိုင် ထိုင်စရာ သားရေနယ်အခင်းကို ယူခဲ့လော့၊ အန္ဓဝန်တောရှိရာအရပ်သို့ နေ့သန့်အံ့သောငှါ သွားကုန်အံ့ ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ရှင်ရာဟုလာမထေရ်သူမြတ်သည်လည်း သဗ္ဗညုမြတ်စွာဘုရားနောက်မှ နိသီဒိုင် နေရာထိုင် သားရေပိုင်းကို ယူ၍ ဘုရား၏နောက်မှ အစဉ်တစိုက် လိုက်ခဲ့ပါတော့သည်။

## ဆုတောင်းဘက် နတ်ဗြဟ္မာတွေ

ထိုအခါဝယ် လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ရာဟုလာမထေရ်သူမြတ်သည် ပါလိတနဂါးမင်းဖြစ်၍ ဗျာဒိတ်ခံစဉ်ဝယ် အတူတကွ ဆုတောင်း ဆုယူ ပြုခဲ့ကြဘူးသော အရာမက အထောင်မက များစွာသော ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး စတုမဟာရာဇ် အစရှိသော နတ်ဗြဟ္မာအပေါင်းတို့သည် "ယနေ့ သဗ္ဗညုမြတ်စွာဘုရားသည် ရာဟုလာအရှင်သူမြတ်ကို အရဟတ္တဖိုလ်ပေါက် ဆုံးမတော်မူလိမ့်မည်" ဟု ဘုရား၏နောက်မှပင် အစဉ်တစိုက် လိုက်ပါလျက် ရှိကြပါပေကုန်သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အန္ဓဝန်တောအတွင်း ရှင်ရာဟုလာ ခင်း၍ထားအပ်သော နိသီဒိုင် ထိုင်စရာ သားရေပိုင်း၌ ထိုင်တော်မူပြီးလျှင်

ရာဟုလာမထေရ်သူမြတ်သည်လည်း သဗ္ဗညုမြတ်စွာဘုရားအား ဝပ်တွား ရိုကျိုး ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုအခါ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ရာဟုလာ မထေရ်သူမြတ်အား အရဟတ္တဖိုလ်ပေါက် ဆုံးမချွေချွတ်တော်မူအံ့သော ငှါ "တံ ကိံ မညသိ ရာဟုလ၊ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါ"အစရှိသည်ဖြင့်—

ချစ်သား ရာဟုလာ....၊စက္ခုဒွါရကို သင်ချစ်သားသည် နိစ္စ ဟု မှတ်ထင် သလော၊ အနိစ္စဟု မှတ်ထင်သလော၊ ဤသို့ မေးမြန်းတော်မူပါသည်။

အနိစ္စံ ဘန္တေ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊အနိစ္စ ဟု မှတ် ထင်ပါသည် ဘုရား ဟူ၍ ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ဤနည်းဖြင့် စက္ခုဒွါရ။ ရူပါရုံ။ စက္ခုဝိညာဉ်။ စက္ခုသမ္ဖဿ။ ထိုစက္ခု သမ္ဖဿကို အကြောင်းပြု၍ ဖြစ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တည်း ဟူသော နာမ်ခန္ဓာလေးပါး။ ထို့အတူ သောတ။ ဃာန။ ဇိဝှါ။ ကာယ၊ မနောဒွါရ ဓမ္မာရုံ။ မနောဝိညာဉ်။ မနောသမ္ဖဿ။ ထိုမနောသမ္ဖဿကို အကြောင်းပြု၍ ဖြစ်ပွါးသမျှသော နောက်နောက်သော ဝေဒနာ သညာ သင်္ခါရဝိညာဉ် တည်းဟူသော ခန္ဓာလေးပါး။ ဤတရား အစုတို့ဝယ် "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ငါ၏ဥစ္စာ မဟုတ်ပါတကား၊ ငါ မဟုတ်ပါတကား၊ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား ဟူ၍ ရှုကြည့်ရန် အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင် "ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော စက္ခုသ္မိမ္ပိ နိဗ္ဗိန္ဒတိ" အစရှိသည်ဖြင့်—

ချစ်သား ရာဟုလာ....၊ဤဆိုအပ်ပြီးသောအတိုင်း ဒွါရခြောက်ပါး၊အာရုံ ခြောက်ပါး၊ ဝိညာဉ်ခြောက်ပါး၊ ဖဿခြောက်ပါး။ ထိုဖဿခြောက်ပါးကို အကြောင်းပြု၍ ဖြစ်ပွါးသမျှ နောက်နောက်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ခန္ဓာလေးပါး။ဤတရား အစုတို့၌ "နေတံ မမ၊နေသော ဟမသ္မိ၊ န မေ သော အတ္တာ"-တဏှာ မာန ဒိဋ္ဌိတို့ဖြင့် အစွဲကင်းအောင် ငါ၏ ဥစ္စာမဟုတ်၊ငါမဟုတ်၊ငါ၏အတ္တလိပ်ပြာ မဟုတ် ဟူ၍ အဖန်ဖန် ရှုကြည့်သော ငါဘုရား၏တပည့်သား သာဝကသည် ဒွါရခြောက်ပါး အာရုံခြောက်ပါး ဝိညာဉ်ခြောက်ပါး၊ ဖဿခြောက်ပါး ဖဿပစ္စယဝေဒနာ သညာ သင်္ခါရ

ဝိညာဉ် တည်းဟူသော ဤတရားအစုတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်၊ နိဗ္ဗိဒါဉာဏ်ကို အကြောင်းပြု၍ တပ်ခြင်း ကင်းခြင်း ဝိရာဂဉာဏ်၊ထိုဝိရာဂဉာဏ်မှ ကျေးဇူးပြုသဖြင့် လေးတန်သောမဂ်, လေးချက်သောဖိုလ်, ဖိုလ်၏နောက်ဝယ် ပစ္စဝေက္ခဏာဉာဏ် တဆဲ့ကိုးတန်သို့ အစဉ်ရောက်သဖြင့် အနုပါဒါပရိနိဗ္ဗာန်တိုင်အောင် ခံနိုင်ပေသည်ဟု အရဟတ္တဖိုလ်အထွဋ်ရှိ တပ်သော ဤသုတ္တန်ဒေသနာတော်ကို ဟောလတ်သည်ရှိသော် ရှင်ရာဟုလာ မထေရ်သူမြတ်သည် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ပါပေသည်။

ထိုဆိုအပ်ပြီးသော များစွာသော နတ်ပြဟ္မာအပေါင်းတို့အားလည်း အချို့သောတာပန် အချို့သကဒါဂါမ် အချို့အနာဂါမ် အချို့ရဟန္တာဘုံတိုင်မြောက် ရောက်ခဲ့ပါသည်။

ဤသို့လျှင် ရာဟုလောဝါဒ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် ရဟန်းဖြစ်စ ဝါမရသေးသည့် ရာဟုလာမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ရာဟုလောဝါဒသုတ် ပြီး၏

---

**ဂဟပတိဝဂ်**

**ဘာရဒွါဇသုတ်**

ပု။ ။ဂဟပတိဝဂ္ဂေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ စတုတ္ထံ သံဂီတံ ဘာရဒွါဇသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဥ္စ ဘာသိတံ။

ဝိ။ ။ကောသမ္ဗိယံ ဘန္တေ ရာဇာနံ ဥဒေနံ အာရဗ္ဘ အာယသ္မတာ ပိဏ္ဍောလဘာရဒွါဇတ္ထေရေန ဘာသိတံ။ ရာဇာ ဘန္တေ ဥဒေနော အာယသ္မန္တံ ပိဏ္ဍောလဘာရဒွါဇံ ဧတဒဝေါစ "ကော နု ခေါ ဘော ဘာရဒွါဇ ဟေတု ကော ပစ္စယော၊ ယေနိမေ ဒဟရာ ဘိက္ခူ သုသူ ကာဠကေသာ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေန ဝယသာ အနိကီဠိတာဝိနော ကာမေသု ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဉ္စ အာပါဒေန္တီ"တိ။ တသ္မိံ ဝတ္ထုသ္မိံ "ဝုတ္တံ ခေါ

တော် မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဧထ တုမှေ ဘိက္ခဝေ မာတုမတ္တီသု မာတုစိတ္တံ ဥပဋ္ဌပေထ။ ဘဂနိမတ္တီသု ဘဂိနိစိတ္တံ ဥပဋ္ဌပေထ၊ ဓီတုမတ္တီသု ဓီတုစိတ္တံ ဥပဋ္ဌပေထာ”တိ ဧဝမာဒိနာ ဘန္တေ အာယသ္မတာ ပိဏ္ဍောလ-ဘာရဒွါဇတ္ထေရေန ဘာသိတံ။

မေး။ ။ဂဟပတိဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ လေးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ဘာရဒွါဇသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း• ငါ့ရှင်....။

ဖြေ။ ။ကောသမ္ဗီပြည် အရပ်ဝယ် ဥဒေနမင်းကို အကြောင်းပြု၍ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

## ဥဒေနမင်း မေးခွန်း

အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်သူမြတ်သည် ဥဒေနမင်း၏ ဥယျာဉ် အတွင်းဝယ် နေ့သန့်တော်မူနေသောအခါ ဥဒေနမင်းသည် အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်ရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် “ကော နု ခေါ ဘော ဘာရဒွါဇ ဟေတု ကော ပစ္စယော”အစရှိသည်ဖြင့်——

အို အရှင်ဘုရား ဘာရဒွါဇ....၊ အကြင်သို့သော အကြောင်းကြောင့် ဤရဟန်းငယ်တို့သည် အသက်အရွယ်အားဖြင့် နုနယ်ပျိုမြစ်ကြသူ ဖြစ်ကြပါပေကုန်လျက် အာရုံငါးပါး ကာမဂုဏ်တရားတို့ဝယ် သုံးစား ခြင်း အလျဉ်းမရှိကြဘဲ အသက်ထက်ဆုံး သာသနာတော်တည်းဟူသော အကျင့်ကို ကျင့်သုံးတော်မူနိုင်ကြပါပေကုန်၏၊ သာသနာတော်အစဉ် အဆက်ကိုလည်း မပျက်အောင် စောင့်ရှောက်တော်မူနိုင်ကြပါပေ ကုန်၏။

အို အရှင်ဘာရဒွါဇ....၊ ထိုသို့ စောင့်ရှောက်နိုင်ကြောင်း ထိုသို့ အသက်ထက်ဆုံး မြတ်သော အကျင့်ကို ကျင့်သုံးနိုင်ကြောင်း

အကြောင်းဥပါယ်ကား အဘယ်ပါနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်သူမြတ်က "ဝုတ္တံ ခေါ တေံ မဟာရာဇ"အစရှိသည်ဖြင့်—

မြတ်သော မင်းကြီး....၊သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုသဗ္ဗညုမြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော အဆုံးအမဩဝါဒတရား စကားကို ဟောကြား၍ ထားအပ်ခဲ့ပါသည်။

## ဘုရားရှင်၏ ဩဝါဒလမ်းစဉ်

ချစ်သားတို့....၊ လာကြကုန်၊ မိခင်မျှ အရွယ်ရှိသော အမျိုးကောင်းသမီးကြီးတို့၌ သင်ချစ်သားတို့သည် မိခင်ဟူသော စိတ်နှလုံးကို ထားကြကုန်။

ချစ်သား ရဟန်းတို့....၊ သင်ချစ်သားတို့သည် အစ်မ နှမ အရွယ်ရှိသော အမျိုးကောင်းသမီးတို့၌ အစ်မရင်း နှမရင်း တည်းဟူသော စိတ်ကို ထားကြကုန်။

ချစ်သား ရဟန်းတို့....၊ သမီးအရွယ် အတိုင်းအရှည်ရှိသော အမျိုးကောင်း သမီးတို့၌ သင်ချစ်သားတို့သည် သမီးရင်း ဟူသော စိတ်ကို မွေးမြူ ဖြစ်ပွါးထားကြကုန် ဟူ၍ အဆုံးအမ ဩဝါဒစကား မိန့်ကြားတော်မူခဲ့ပါပေသည်။

ဤသည်ပင်လျှင် ရဟန်းငယ် သီတင်းငယ်တို့သည် ဤသာသနာတော်၌ အသက်ရှည်သမျှ ကာလပတ်လုံး မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ကြောင်း သာသနာ့ပဝေဏီ အစဉ်အဆက် မပျက်အောင် စောင့်ရှောက်နိုင်ကြောင်း ဖြစ်ပါသည်ဟု ပြန်ကြားမိန့်ဆိုခဲ့ပါသည်။

## အရွယ်မရွေး တပ်မက်နိုင်ကြသည်

ထိုအခါ ဥဒေနမင်းတရားသည် အို အရှင်ဘာရဒွါဇ....၊ ဤသတ္တဝါတို့၏ စိတ်သန္တာန်အစဉ်သည်ကား လွန်စွာ့ လွန်စွာ လျပ်ပေါ် လော်လည် လှောက်လှဲ့လှုပါပေသည်၊ မိခင်မျှ အတိုင်းအရှည်ရှိသော အမျိုးသမီးတို့၌လည်း

လောဘတရားတို့သည် ဖြစ်ပွါးတတ်ပါပေကုန်၏၊ အစ်မ နှစ်မမျှ အတိုင်း အရှည်ရှိသော အမျိုးသမီးတို့၌လည်း လောဘတရားသည် ဖြစ်ပွါးတတ်ပါပေ၏၊ သမီးမျှ အတိုင်းအရှည်ရှိသော အမျိုးသမီးတို့၌လည်း လောဘတရား ဖြစ်ပွါးတတ်ပါပေ၏၊ သို့ဖြင့် တပည့်တော်၏ စိတ်သန္တာန်ဝယ် ဤမျှဖြင့် အကြောင်းမလုံမလောက် ရှိနေပါပေသည်။

## သုံးဆဲ့နှစ်ကောဋ္ဌာသ

အို အရှင်ဘာရဒွါဇ....၊ ထို့မှတပါး သဗ္ဗညုမြတ်စွာဘုရား ဟောကြားအပ်သော တပါးသော အကြောင်းရှိပါသေးသလော ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်သူမြတ်သည် တပါးသော အကြောင်းကို ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းပင်လျှင် ရဟန်းငယ် အရှင်သူမြတ်တို့၏ အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်း, သာသနာအစဉ်အဆက် မပျက်အောင် စောင့်ရှောက်နိုင်ခြင်း၏ အကြောင်း ဖြစ်ကြောင်း တဖန် ပြန်ပြောင်း မိန့်ကြားတော်မူလတ်ပြန်ပါသည်။

## ဥဒေန သဘောမကျနိုင်

ထိုအခါလည်း ဥဒေနမင်းတရားသည် အလုံးစုံ လက်မခံနိုင်သည် ဖြစ်၍—

အို ပိဏ္ဍောလဘာရဒွါဇ မထေရ်သူမြတ်ဘုရား....၊ အရှင်ဘုရားတို့ကဲ့သို့ သိတင်းကြီး၍ ကိုယ်စိတ်နှစ်ပါးကို ပွါးများတော်မူကြပြီး ဖြစ်သော သီလ သမာဓိ ပညာကို ပွါးများတော်မူကြပြီး ဖြစ်သော ပုဂ္ဂိုလ်တို့ အဘို့ရန် ထိုကဲ့သို့ ဒွတ္တိံသာကာရ သက်ရှိဘာဝနာကို ပွါးများဘို့ရန် မခဲယဉ်းသော်လည်း ကာယဘာဝနာ စိတ္တဘာဝနာ သီလ သမာဓိ ပညာ ဘာဝနာကို မပွါးများ ရသေးသော သိတင်းသိက္ခာ အသက်အရွယ်ငယ်သော ပုဂ္ဂိုလ်တို့အဘို့ရန် ထိုသို့ နှလုံးသွင်းဘို့ရန် ခဲယဉ်းလှပါသည်။

အို အရှင်ဘာရဒွါဇ....၊ တရံတခါမှာ အသုဘအနေဖြင့် နှလုံးသွင်းပါသော်ကော ဟု နှလုံးသွင်းပါသော်လည်း သုဘအနေဖြင့်ပင် အာရုံတို့သည် ထင်တတ်ပါပေသည်။

အိုအရှင်ဘာရဒွါဇ....၊ထိုမှတပါး သဗ္ဗညုမြတ်စွာဘုရား ဟောကြားထား ခဲ့သည့် အသက်ထက်ဆုံး ရဟန်းငယ်တို့ သာသနာတော်ဝယ် မြတ်သော အကျင့်ကို ကျင့်သုံးနိုင်ခြင်း၏ အကြောင်း သာသနာအစဉ်အဆက်မပျက် အောင် စောင့်ရှောက်နိုင်ကြောင်း တရားတပါးရှိပါသေးသလော ဟု မေးမြန်း လျှောက်ထားခဲ့ပါပေသည်။

## ဣန္ဒြိယသံဝရ သီလ

ထိုအခါ အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်မြတ်က—

မြတ်သော မင်းကြီး....၊သဗ္ဗညုမြတ်စွာဘုရားဟောကြား၍ ထားတော်မူ အပ်သည့် စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော-တည်းဟူသော ဣန္ဒြေ ခြောက်ပါး တံခါးကြီး ခြောက်ဝဝယ် အကုသိုလ်ခိုးသားတို့ မဝင်ရောက်နိုင် အောင် သတိနှင့်စောင့်ရှောက်ခြင်း တည်းဟူသော ဣန္ဒြိယသံဝရတရားကို သဗ္ဗညုမြတ်စွာဘုရား ဟောကြား၍ ထားတော်မူခဲ့ပါသည်၊ ဤဣန္ဒြိယသံဝရ တရားသည် ဆိုအပ်ပြီးသောအတိုင်း ရဟန်းငယ် သီတင်းငယ်တို့ သာသနာ တော်ဝယ် အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်း၏ အကြောင်း, သာသနာပဝေဏီ အစဉ်အဆက် မပျက်အောင် စောင့်ရှောက် နိုင်ခြင်း၏အကြောင်း ဖြစ်ပါပေသည်ဟု ပြန်ကြားမိန့်တော်မူပါပေသည်။

## ဥဒေနမင်း ကောင်းချီးပေးခြင်း

ထိုအခါ ဥဒေနမင်းတရားသည် လွန်စွာ လွန်စွာ နှစ်သက်အားရမ်း ရှိလှ သည်ဖြစ်၍ "အစ္ဆရိယံ ဘော ဘာရဒွါဇ၊ အဗ္ဘုတံ ဘော ဘာရဒွါဇ" အစရှိ သည်ဖြင့်—

အို အရှင်ဘုရား ဘာရဒွါဇ....၊လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ၊ မဖြစ် စဘူး အထူး ဖြစ်ပါပေစွ။

အို အရှင်ဘာရဒွါဇ....၊ဤဣန္ဒြိယသံဝရသီလသည်ပင်လျှင် ဤသာသနာ တော်ဝယ် သီတင်းငယ်တို့ အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သုံးနိုင် ခြင်း၏ အကြောင်း၊ သာသနာပဝေဏီ အစဉ်အဆက် ရှည်လျားအောင် စောင့်ရှောက်နိုင်ကြောင်း ဖြစ်ပါတော့သည်။

## ကိုယ်တွေ့ပါ ဘုရား

အို အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်သူမြတ်ဘုရား....၊ရဟန်းတော်များကို မဆိုထားဘိ တပည့်တော်ပင်သော်လည်း တရံတခါ မစောင့်စည်းအပ်သော ကိုယ်, မစောင့်စည်းအပ်သောနှုတ်, မစောင့်စည်းအပ်သော စိတ်ရှိသည်ဖြစ်၍ ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို မစောင့်စည်းဘဲ မစောင့်စည်းအပ်သော ဣန္ဒြေတို့ဖြင့် နန်းတော်အတွင်းဝင်ခဲ့လျှင် တပည့်တော်၏ စိတ်သန္တာန်ကို လောဘ အကုသိုလ်တရားဆိုးတို့သည် လွှမ်းမိုးနှိပ်စက်ကြပါပေကုန်သည်၊ စောင့်စည်းအပ်သော သတိတရား လက်ရှိထား၍ နန်းတော်သို့ ဝင်သောအခါ ထိုကဲ့သို့ အနှိပ်အစက် မခံရပါ။

အို အရှင်ဘုရား ပိဏ္ဍောလဘာရဒွါဇ....၊ "အဘိက္ကန္တံ ဘန္တေ၊ နှစ်လိုဘွယ် ရှိပါပေစွ" အစရှိသည်ဖြင့် ချီးမွမ်းပြီးလျှင် သရဏဂုံ ခံယူခဲ့ပါပေသည်။

ဤသို့လျှင် ဘာရဒွါဇ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို ကောသမ္ဗီပြည်အရပ်ဝယ် ပိဏ္ဍောလဘာရဒွါဇ မထေရ်သူမြတ်သည် ဥဒေန မင်းတရားကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ဘာရဒွါဇသုတ် ပြီး၏

---

## ဝေရဟစ္စာနိသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ဒသမံ သံဂီတံ ဝေရဟစ္စာနိသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။ကာမဏ္ဍာယံ ဘန္တေ ဝေရဟစ္စာနိဂေါတ္တံ ဗြာဟ္မဏိံ အာရဗ္ဘ အာယသ္မတာ ဥဒါယိတ္ထေရေန ဘာသိတံ။ဝေရဟစ္စာနိဂေါတ္တာ ဘန္တေ ဗြာဟ္မဏီ အာယသ္မန္တံ ဥဒါယိတ္ထေရံ ဧတဒဝေါစ "ကိသ္မိံ နု ခေါ ဘန္တေ သတိ အရဟန္တော သုခဒုက္ခံ ပညပေန္တိ၊ ကိသ္မိံ အသတိ အရဟန္တော သုခဒုက္ခံ န ပညပေန္တီ"တိ။ တသ္မိံ ဝတ္ထုသ္မိံ "စက္ခုသ္မိံ ခေါ ဘဂိနိ

သတိ အရဟန္တော သုခဒုက္ခံ ပညပေန္တိ၊ စက္ခုသ္မိံ အသတိ အရဟန္တော သုခဒုက္ခံ န ပညပေန္တိ”တိ ဝေမာဒိနာ ဘန္တေ အာယသ္မတာ ဥဒါယိတ္ထေရေန ဘာသိတံ။

မေး။ ။ထိုဂဟပတိဝဂ္ဂ်ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဆယ်ခုမြောက်သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ဝေရဟာစ္စာနိ သုတ်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကာမဏ္ဍာ အမည်ရှိသော ပြည်အရပ်ဝယ် ဝေရဟာစ္စာနီ အနွယ်ပုဏ္ဏေးမကို အကြောင်းပြု၍ အရှင်ဥဒါယီ မထေရ်သူမြတ် ဟောကြားတော်မူအပ်ခဲ့ပါသည်။

ရှင်ဥဒါယီ မထေရ်သူမြတ်သည် ကာမဏ္ဍာမြို့၏ အနီး တောဒေယျပုဏ္ဏား၏ သရက်ဥယျာဉ်တောဝယ် သီတင်းသုံးနေတော်မူသောအခါ ဝေရဟာစ္စာနီ အနွယ်ဝင် ပုဏ္ဏေးမ၏ အနီးနေ တပည့်ဖြစ်သော လုလင်တယောက်သည် အရှင်ဥဒါယီထံမှောက် လာရောက်သည်တွင် ရှင်ဥဒါယီက တရားစကားဟောပြောပြသ ဆုံးမလွှတ်လိုက်ပါသည်။

ထိုအခါ ထိုလုလင်ငယ်သည် ဝေရဟာစ္စာနီ ပုဏ္ဏေးမအထံသို့ သွားရောက်၍ ရှင်ဥဒါယီ မထေရ်သူမြတ်သည် အစအလယ်အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော တရားစကားကို ဟောကြားကြောင်း၊ ရှင်ဥဒါယီမထေရ်သူမြတ်၏ ဂုဏ်သတင်းကောင်းကို ပြန်ပြောင်း ပြောကြားသည်တွင် ရှင်ဥဒါယီမထေရ်သူမြတ်ကို ဝေရဟာစ္စာနီပုဏ္ဏေးမသည် မိမိအိမ်သို့ နက်ဖြန် ဆွမ်းအလို့ငှါ ပင့်ဖိတ်စေပါသည်။

နောက်တနေ့ ရှင်ဥဒါယီ မထေရ်သူမြတ်သည် ဝေရဟာစ္စာနီပုဏ္ဏေးမအိမ်သို့ ဆွမ်းစားကြွရောက်တော် မူခဲ့ပါသည်၊ ဝေရဟာစ္စာနီပုဏ္ဏေးမသည် ရှင်ဥဒါယီ မထေရ်သူမြတ်ကို မွန်မြတ်သော ဆွမ်းခဲဘွယ်တို့ဖြင့် မိမိလက်ဖြင့် ပင်လျှင် ရောင့်ရဲစေပါသည်၊ တန်ပြီ ဟု မြစ်သည့်တိုင်အောင် သက္ကစ္စဒါန မြောက် လှူဒါန်းခဲ့ပါသည်။

**အမေးအဖြေ ၇–၈**

## နေထိုင်ပုံ နေရာမကျ၍ တရားမဟော

ဆွမ်းစားပြီးလတ်သည်ရှိသော် ဝေရဟစ္စာနီပုဏ္ဏေးမသည် ဘိနပ်တို့ကို စီးလျက်ရှင်း မြင့်သောအရပ်က ထိုင်နေ၍ရှင်း ဦးခေါင်းကို ခြုံ၍ရှင်း "ဘဏ သမဏ ဓမ္မံ၊ အိုအရှင် ရဟန်း....၊တရားကို ဟောကြားပါလော့"ဟူ၍ ပြောဆိုခဲ့ပါပေသည်။

ထိုအခါ အရှင်ဥဒါယီ မထေရ်သူမြတ်သည်"ဘဝိဿတိ ဘဂိနိ သမယော၊ အို နှစ်မအရှယ် ဝေရဟစ္စာနီ ပုဏ္ဏေးမယ်....၊တရားဟောဘို့ရန် အချိန်အခါ သည်ကား အခါကောင်း အခွင့်ကောင်း ရောက်ကောင်း ရောက်ပါလိမ့်မည်၊ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်"ဟု မိန့်ကြားတော်မူပြီးလျှင် တရားမဟောဘဲ နေရာမှ ထတော်မူခဲ့ပါပေသည်။

ဒုတိယအကြိမ်လည်း ထိုဝေရဟစ္စာနီ ပုဏ္ဏေးမ၏ အတွင်းနေ အနီးနေ တပည့်သည် ရှင်ဥဒါယီထံမှောက် သွားရောက်သည်တွင် ရှေးနည်းအတူ တရားနာခဲ့ရ၍ ဝေရဟစ္စာနီ ပုဏ္ဏေးမအထံ ပြန်ပြောင်းပြောကြားသည်တွင် တဖန်ထပ်၍ ရှင်ဥဒါယီကိုပင် ဖိတ်စေပါသည်။

## ဆင်းရဲချမ်းသာ ဖြစ်ပေါ်ခြင်း အကြောင်း

ဤအကြိမ်၌မူကား ရှင်ဥဒါယီ ဆွမ်းစားပြီးလတ်သည်ရှိသော် ဝေရဟစ္စာနီ ပုဏ္ဏေးမသည် ဘိနပ်တို့ကိုလည်း မစီးမူ၍ နိမ့်သောအရပ်မှာပင် ထိုင်နေလျက် ဦးခေါင်းမြီးခြုံကိုလည်း ဖွင့်လှစ်ပြီးလျှင်——

> အရှင် သူမြတ်ဘုရား....၊အဘယ်မည်သော တရားစု ရှိလတ်သော် ရဟန္တာ အရှင်သူမြတ်တို့သည် ဆင်းရဲချမ်းသာ တရားဖြစ်ပွါးသည်ဟု ပညတ်ဟောကြား ကြပါကုန်သနည်း၊ အဘယ်တရား မရှိလတ်သော် ဆင်းရဲချမ်းသာတရားမရှိဟု၍ ရဟန္တာအရှင်သူမြတ်တို့ ပညတ်ဟောကြားပါသနည်းဟု အကျဉ်းချုပ်အား မေးလျှောက်ထားခဲ့ပါသည်။

ထိုအခါ အရှင်ဥဒါယီမထေရ်သူမြတ်က "စက္ခုသ္မိံ ခေါ ဘဂိနိ သတိ အရဟန္တော သုခဒုက္ခံ ပညပေန္တိ၊ စက္ခုသ္မိံ အသတိ အရဟန္တော သုခဒုက္ခံ နပညပေန္တိ" အစရှိသည်ဖြင့်—

အို ဝေရဟစ္စာနိအမည်ရှိသော ပုဏ္ဏားမ....၊စက္ခုဒွါရ,သောတဒွါရ,ဃာန, ဇိဝှါ, ကာယ, မနောဒွါရတည်းဟူသော ဒွါရခြောက်ပါး အဇ္ဈတ္တိကာယတန တရားတို့ ထင်ရှားလတ်သည်ရှိသော် သုခဒုက္ခဖြစ်သည် ဟူ၍ ဘုရား ရဟန္တာ အရိယာ အရှင်သူမြတ်တို့ ဟောကြားခဲ့ပါပေသည်၊ ဒွါရခြောက်ပါးတို့ မရှိလတ်သော် ထိုသုခဒုက္ခ တရားတို့ မဖြစ်ပွါးဟူ၍ ဘုရားအစရှိသော အရိယာ, သခင်သူမြတ်တို့ ဟောကြားခဲ့ပါပေသည်ဟု အကျဉ်းချုပ်အား ဟောကြားတော်မူခဲ့ပါသည်။

ဤဒေသနာအဆုံးဝယ် ဝေရဟစ္စာနိ ပုဏ္ဏားမသည် ဤသာသနာ၌ သရဏဂုံ တည်သူ ဖြစ်ခဲ့ပါပေသည်။

ဤသို့လျှင် ဝေရဟစ္စာနိ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို ကာမဏ္ဍာပြည်အရပ်ဝယ် ဝေရဟစ္စာနိအနွယ် ပုဏ္ဏားမကို အကြောင်းပြု၍ ဥဒါယီမထေရ်သူမြတ် ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ဝေရဟစ္စာနိသုတ် ပြီး၏

## ဒေဝဒဟဝဂ်

## ခဏသုတ်

ပု။ ။ဒေဝဒဟဝဂ္ဂေ အာဝုသော ခဏသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထေတ္ထ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ဒေဝဒဟေ နာမ သက်ျာနံ နိဂမေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "လာဘာ ဝေါ ဘိက္ခဝေ၊ သုလဒ္ဓံ ဝေါ ဘိက္ခဝေ၊ ခဏော ဝေါ ပဋိလဒ္ဓေါ ဗြဟ္မစရိယဝါသာယာ" တိ ဝေမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ဒေဝဒဟဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ခဏသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ဒေဝဒဟ အမည်ရသော သာကီဝင်တို့၏ နိဂုံး၌ . များစွာသောရဟန်းတို့ကို အကြောင်းပြု၍ "လာဘာ ဝေါ ဘိက္ခဝေ၊ သုလဒ္ဓံ ဝေါ ဘိက္ခဝေ၊ ခဏော ဝေါ ပဋိလဒ္ဓေါ ဗြဟ္မစရိယဝါသာယ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊သင်ချစ်သားတို့သည် ဤလူ၏ ကိုယ်ခန္ဓာတို့ကို အရတော်ပါပေကုန်စွ၊ ဤလူ၏ အဖြစ်ကို ကောင်းစွာ ရအပ်ပါပေစွ၊ ဤလူ၏ ကိုယ်ခန္ဓာ ဤလူ၏ဘဝမှာသာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးဘို့ရန် အခွင့်ကောင်း အခါကောင်းကို ရနိုင်ပေသည်။

## ငရဲပြည်ရှိ အာရုံခြောက်ပါး

ချစ်သား ရဟန်းတို့....၊ငါဘုရားသည် ဆဖဿာယတနိက အမည်ရသည့် ငရဲပြည်လောကကို ငါဘုရား၏ သဗ္ဗညုတဉာဏ်ဖြင့် သိမြင်အပ်ပေသည်၊ ဆဖဿာယတနိက အမည်ရသော ထိုငရဲပြည်လောကဝယ် အကြင်ရူပါရုံ အကြင်သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံကို မြင်အပ် ကြားအပ် နံအပ် လျက်အပ် ထိအပ် သိအပ်ပါပေ၏၊ ထိုမြင်သမျှ ကြားသမျှ နံသမျှ လျက်သမျှ ထိသမျှ သိသမျှသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့မှာ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ် စိတ်နှလုံးကို မပွါးစေတတ်သည့် အာရုံခြောက်ပါးကိုသာလျှင် မြင်ရ ကြားရ နံရ လျက်ရ ထိရ သိရပေသည်၊ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် စိတ်နှလုံးကို ပွါးစေတတ်သည့် အာရုံခြောက်ပါးကို မမြင်ရ မကြားရ မနံရ မလျက်ရ မထိရ မသိရ ဖြစ်တော့သည်။

## နတ်ပြည်ရှိ အာရုံခြောက်ပါး

ချစ်သားရဟန်းတို့....၊ဆဖဿာယတနိက အမည်ရသော နတ်ရွာသုဂတိကိုလည်း ငါဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် သိမြင်အပ်ခဲ့ပေသည်၊ ဆဖဿာယတနိက အမည်ရသည့် ထိုနတ်ရွာမှာလည်း အကြင်ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံကို မြင်အပ် ကြားအပ် နံအပ် လျက်အပ် ထိအပ် သိအပ် ပါပေသည်၊ ထို မြင်သမျှ ကြားသမျှ နံသမျှ လျက်သမျှ တွေ့သမျှ ထိသမျှ သိသမျှသော အာရုံခြောက်ပါးအစုသည် ကေန္တ အလိုရှိအပ် နှစ်သက်

အပ် စိတ်နှလုံးကို ပွါးများစေတတ်သည့် အာရုံခြောက်ပါးသာလျှင် ဖြစ်ပေတော့သည်၊ စိတ်နှလုံးကို မပွါးများစေတတ် အလိုမရှိအပ် မနှစ်သက်အပ်သည့် အာရုံခြောက်ပါးဟူ၍ မရှိ ဖြစ်ပေတော့သည်။

## နတ်ပြည်နှင့် ငရဲပြည်မှာ မကျင့်နိုင်

ချစ်သား ရဟန်းတို့....၊နတ်ပြည်လောက၌လည်း သုခချမ်းသာ လွန်စွာ များပြားလှသဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးခြင်းငှါအခွင့်ကို မရရှိနိုင်ပေ၊ ငရဲပြည်လောက၌လည်း ဒုက္ခသာလျှင် သန္တာန်ဆက်၍ တည်သောကြောင့် သာသနာတော် တည်းဟူသော မြတ်သော အကျင့်ကို မကျင့်နိုင်ဘဲ ရှိရပေသည်။

## လူ့ပြည်၌ ကျင့်သုံးနိုင်သည်

ချစ်သား ရဟန်းတို့....၊ ဤလူ့ပြည်လောကမှာ သင်ချစ်သားတို့သည် လူ့ခန္ဓာကို ယခုရကြခြင်းသည်ကား အရတော်ပါပေကုန်စွ၊ လူ၏ အဖြစ်ကို ယခုရခြင်းသည်ကား အရတော်ပါပေကုန်စွ၊ အကြောင်းသော်ကား ဤဆိုအပ်ပြီးသော အတိုင်း ရံခါ သုခ ရံခါဒုက္ခမျှသာ တွေ့ကြုံ၍ မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ဘို့ရန် အခါကောင်း အခွင့်ကောင်းကို သင်ချစ်သားတို့ ရမည် ဖြစ်ရကား လူ၏ ကိုယ်ခန္ဓာ လူ၏ဘဝကို သင်ချစ်သားတို့ ရခြင်းသည် အရတော်ပါပေစွ ဟူ၍ ခဏမည်သော အခွင့်ကောင်း အခါကောင်းကို ရရှိပုံကို ဖော်ပြသည့် ဤသုတ္တန်ဒေသနာတော်မြတ်ကို သက္ကတိုင်း ဒေဝဒဟ နိဂုံးအရပ် ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ခဏသုတ် ပြီး၏

---

### သမုဒ္ဒဝဂ်

### ဗာဠဳသိကောပမသုတ်

ပု။ ။သမုဒ္ဒဝဂ္ဂေ ပနာဝုသော တတိယံ ဗာဠိသိကောပမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ ဇီဝကမ္ဗဝနေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "သေယျ-ထာပိ ဘိက္ခဝေ ဗာဠိသိကော အာမိသဂတဗဠိသံ ဂမ္ဘီရေ ဥဒကရ-ဟဒေ ပက္ခိပေယျာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သမုဒ္ဒဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သုံးခု မြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ဗာဠိသိကောပမသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည် ဇီဝကသမားတော် လှူဒါန်းအပ်သော သရက်တောကျောင်းတိုက်အတွင်း သီတင်းသုံးနေတော်မူလတ်သောအခါ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ "သေယျထာပိ ဘိက္ခဝေ ဗာဠိ-သိကော အာမိသဂတဗဠိသံ ဂမ္ဘီရေ ဥဒကရဟဒေ ပက္ခိပေယျ" အစရှိ သည်ဖြင့်——

ချစ်သား ရဟန်းတို့....ငါးများသမားသည် အစာတပ်သော ငါးမျှား ချိတ်ကို နက်လှစွာသော ရေကန် ရေအိုင် အတွင်းဝယ် ပစ်ချ၍ ထားရာ၏၊ ထိုရေကန် ရေအိုင်အတွင်း ငါးမျှားသမား ပစ်ချ၍ ထားအပ်သော အစာတပ် သည့် ငါးမျှားချိတ်ကို အစာ၌ စုံမက် နှစ်သက်သော မျက်လုံးရှိသော ငါး တကောင်သည် မျိုမိလေရာ၏။

ချစ်သား ရဟန်းတို့....ဤသို့ မျိုမိသည်ရှိသော် ထိုငါးကား ငါးဖမ်းသူ၏ ငါးမျှားချိတ်ကိုသာလျှင် မျိုအပ်သည် မည်ပေ၏၊ အစာကို မျိုအပ်သည် မမည်ပေ၊ ချစ်သား ရဟန်းတို့....၊ထိုငါးကား အကျိုးမဲ့ပျက်စီးခြင်း အကျိုးမဲ့ ဆင်းရဲခြင်းသို့ ရောက်ခဲ့လေပြီ၊ ငါးမျှားသမား၏ အလိုရှိတိုင်း ပြုနိုင်သော အခြေသို့ ရောက်ခဲ့လေပြီ။

## ငါးမျှားချိတ်နှင့်တူသော တရားခြောက်ပါး

ချစ်သား ရဟန်းတို့....၊ ထို့အတူပင်လျှင် ဤလောကဝယ် သတ္တဝါတို့ ဆင်းရဲဘို့ရန် သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းပန်းဘို့ရန်အတွက် ငါးမျှားချိတ်နှင့်

တူသော တရားခြောက်ပါးတို့ ရှိပေသည်၊ ထိုတရားခြောက်ပါးတို့ ဟူသည် အဘယ်တို့ နည်းဟူမူကား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တည်းဟူသော အာရုံခြောက်ပါး တရားတို့ပင် ဖြစ်ပါတော့သည်။

အကြင်ရဟန်းသည် ထိုအာရုံခြောက်ပါး တရားတို့၌ ပီတိနှင့်တကွ ဖြစ်သော တဏှာဖြင့် နှစ်သက်မှုလည်း နှစ်သက်ငြားအံ့၊ ဒိဋ္ဌိနှင့်ယှဉ်သော တဏှာဖြင့် ငါ့,ငါ၏ဥစ္စာ ဟူ၍ ပြောဆိုမူလည်း ပြောဆိုငြားအံ့၊ လွန်ကဲသော တဏှာဖြင့် မျိုသိပ်၍ တည်မူလည်း တည်ငြားအံ့၊ ချစ်သား ရဟန်းတို့....၊ ဤသို့ အာရုံခြောက်ပါး၌ တဏှာ မာန ဒိဋ္ဌိတို့နှင့်တကွသော လောဘတရားဖြင့် တပ်မက်သော ရဟန်းကား မာရ်နတ်၏ ငါးမျှားချိတ်ဝယ် ချိတ်မိသော ရဟန်း ပင်ဖြစ်တော့သည်၊ ထိုရဟန်းကား ပျက်စီးခြင်းသို့ ရောက်ခဲ့လေပြီ၊ အကျိုးမဲ့ ပျက်စီးခြင်း ဆင်းရဲခြင်းသို့ ရောက်ခဲ့လေပြီ၊ ယုတ်မာသောမာရ်နတ် အလိုရှိ တိုင်း ပြုနိုင်သောဘဝသို့ ရောက်ခဲ့လေပြီ။

## မာရ်မင်း၏ ငါးမျှားချိတ်မှ လွတ်သူ

ချစ်သား ရဟန်းတို့....၊ဤလောကဝယ် နှစ်သက်အပ်သော သဘောရှိသော အလိုရှိအပ် မြတ်နိုးအပ်သော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ တည်းဟူသော အာရုံခြောက်ပါးတို့ ရှိကြပါပေသည်၊ ထိုအာရုံခြောက်ပါး တရားများ ကို ဉာဏ်ပညာ ဗဟုသုတမျက်စိနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကသည် တဏှာ မာန ဒိဋ္ဌိတို့နှင့် တွဲဖက်၍ ထိုအာရုံခြောက်ပါး၌ တပ်မက် ခြင်း မရှိခဲ့။

ထိုသို့ အာရုံခြောက်ပါးဝယ် တပ်မက်ခြင်း အလျဉ်းကင်းမဲ့သော ရဟန်း သည် မာရ်မင်း၏ အာရုံခြောက်ပါး တည်းဟူသော ငါးမျှားချိတ်မှ လွတ် မြောက်သော ပုဂ္ဂိုလ်ဖြစ်ပေတော့သည်။ ထိုပုဂ္ဂိုလ်သည် မာရ်မင်း၏ အာရုံ ခြောက်ပါး ငါးမျှားချိတ်ကို ချိုးကာ ဖဲ့ကာ ဖျက်ဆီးနိုင်သော ပုဂ္ဂိုလ်ဖြစ်ပေ တော့သည်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည် ဆင်းရဲခြင်းသို့ မရောက်နိုင်၊ ပျက်စီး ခြင်းသို့ မရောက်နိုင်၊ ယုတ်မာလှစွာသော မာရ်နတ်၏ အလိုရှိတိုင်း မပြုပိုင် သော ပုဂ္ဂိုလ်ဖြစ်ပါပေသည်ဟု ဤဗာဟိုသိကောပမအမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို ရာဇဂြိုဟ်ပြည် ဇီဝက သမားတော် လှူဒါန်းအပ်သော

သရက်တောကျောင်းတိုက် အတွင်းဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည်အရှင်ဘုရား။

ဗာဠိသိကောပမသုတ် ပြီး၏

---

## အာဒိတ္တပရိယာယသုတ်

ပု။ ။သဠာယတနဝဂ္ဂသံယုတ္တေ သမုဒ္ဒဝဂ္ဂေ ပန္နာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ သံဂီတံ အဋ္ဌမံ အာဒိတ္တပရိယာယသုတ္တံ ဘဂဝတာ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သမ္ဗဟုလေ ဘိက္ခု အာရဗ္ဘ "အာဒိတ္တပရိယာယံ ဝေါ ဘိက္ခဝေ ဓမ္မပရိယာယံ ဒေသေဿာမိ၊ တံ သုဏာထ။ ကတမော စ ဘိက္ခဝေ အာဒိတ္တပရိယာယော ဓမ္မပရိယာယော။ ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော"တိ အာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သဠာယတနဝဂ္ဂသံယုတ် သမုဒ္ဒဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ရှစ်ခုမြောက် အာဒိတ္တပရိယာယသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဤအာဒိတ္တပရိယာယ အမည်ရသော ဓမ္မဒေသနာ သုတ္တန်တရားတော်မြတ်ကို များစွာသော ဓမ္မပဋိဂ္ဂါဟက တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍"အာဒိတ္တပရိယာယံ ဝေါ ဘိက္ခဝေ ဓမ္မပရိယာယံ ဒေသေဿာမိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊သင်ချစ်သားတို့အား ငါဘုရားသည် အာဒိတ္တပရိယာယ အမည်ရှိသော တရားဒေသနာကို အကျယ်အားဖြင့် ဟောကြားပေ

အံ့၊ ထိုအာဒိတ္တပရိယာယ အမည်ရှိသော တရားဒေသနာကို သင်ချစ်သားတို့သည် နာကြားကြကုန်လော့၊ မြဲမြံစွာ နှလုံးသွင်းကြကုန်လော့၊ အကျယ်အားဖြင့် ငါဘုရား ဟောကြားပေအံ့ ဟု တိုက်တွန်းတော်မူလတ်ပြီးလျှင် "ကတမော စ ဘိက္ခဝေ အာဒိတ္တပရိယာယော ဓမ္မပရိယာယော" အစရှိသည်ဖြင့်—

## စက္ခုန္ဒြေ

ချစ်သားရဟန်းတို့....၊အာဒိတ္တပရိယာယ အမည်ရသော တရားဒေသနာဟူသည် အဘယ်နည်းဟူမူကား ချစ်သား ရဟန်းတို့....၊လောလောပူသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော သံချောင်းဖြင့် ဤစက္ခုန္ဒြေကို မွှေ၍ ဆွ၍ ပစ်ရခြင်းကပင်လျှင် မြတ်လှပါသေး၏၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သော ရူပါရုံ အမျိုးမျိုးတို့၌ အစိတ်အစိတ် အင်္ဂါအားဖြင့်သော်၎င်း အပေါင်းအားဖြင့်သော်၎င်း စွဲယူခြင်းသည် မမြတ်လှပါ။

ချစ်သားရဟန်းတို့....၊အပေါင်းအင်္ဂါ၌ သာယာတပ်မက်ခြင်းဖြင့် ဖွဲ့ယှဉ်အပ်သော အစိတ်အစိတ် အင်္ဂါ၌ သာယာတပ်မက်ခြင်းဖြင့် ဖွဲ့ယှဉ်အပ်သော အကုသိုလ်ဇောစိတ္တုပ္ပါဒ် ဝိညာဉ်တည်သော်မူ တည်လေရာ၏။

ထိုသို့ အစိတ်အပေါင်းအင်္ဂါတို့၌ စွဲမက်တပ်နှစ်သက်တတ်သော စိတ်နှင့်ယှဉ်၍ တည်နေဆဲ အခိုက်အတန့်ဝယ် စုတိပြတ်ကြွေ အကယ်၍ သေလွန်၍ သွားပါမူကား နိရယဂတိ, တိရစ္ဆာနဂတိ တည်းဟူသော ဂတိနှစ်ပါးတို့ကွင် အမှတ်မထင် တပါးပါးသော ဂဘိသို့ လားရန် ရောက်ရန်သာ အကြောင်းရှိတော့သည်။

ချစ်သား ရဟန်းတို့....၊ဤသို့သော အပြစ်ကို မြင်သဖြင့် ငါဘုရားသည် လောလောပူသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော သံချောင်းဖြင့် စက္ခုန္ဒြေကို မွှေ၍ ပစ်ခြင်းက မြတ်လှသေးသည် ဟု ဟောကြားအပ်ပေသည်။

## သောတိန္ဒြေ

ချစ်သား ရဟန်းတို့....၊ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော သံကောက်ဖြင့် သောတိန္ဒြေကို မွှေ၍ ပစ်ခြင်းကပင်

မြတ်လှပါသေး၏၊ သောတဝိညာဉ်ဖြင့် သိအပ်သော သဒ္ဒါရုံတို့၌ အစိတ် အစိတ်အားဖြင့်ငှင်း အပေါင်းအားဖြင့်ငှင်း စွဲမက်၍နေခြင်းသည် မမြတ်လှပါ။

ချစ်သား ရဟန်းတို့....၊အစိတ်ကို ဖြစ်စေ အပေါင်းကိုဖြစ်စေ သဒ္ဒါရုံကို တွယ်တာတပ်မက်တတ်သော တဏှာလောဘနှင့်ယှဉ်သော စိတ်သည် တည်၍ နေစဉ် ခဏဝယ် စုတိပြတ်ကြွေ သေလွန်လတ်သည်ရှိသော် ရှေးဆိုအပ်ပြီး သော အတိုင်း ငရဲကို၌သော်ငှင်း တိရစ္ဆာန်ဘုံ၌သော်၍ငှင်း ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရာတော့သည်၊ ထိုငရဲတိရစ္ဆာန်ဘုံ၌ ကြီးစွာသော ဒုက္ခကို ရရှိခံစား၍ နေရာတော့သည်။

ချစ်သားရဟန်းတို့....၊ဤသို့သော အပြစ်ဒေါသ အာဒီနဝကို မြင်သဖြင့် ငါဘုရားသည် ဤသို့လျှင် ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော ထက်လှစွာသော သံကောက် သံချိတ်ဖြင့် သောတိန္ဒြေခေါ်သော နားရွက်ကို အကြွင်းမဲ့ မွှေခြင်း နှောက်ခြင်း ထိုးခုတ်၍ ပစ်ခြင်းက မြတ်လှသေးသည်ဟု ငါဘုရား ဟောကြားအပ်ပေသည်။

## ဃာနိန္ဒြေ

ချစ်သား ရဟန်းတို့....၊ ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက် လောင်၍ နေသော လက်သည်းစောင်းမား လက်သည်းလှီးမားဖြင့် ဃာနိန္ဒြေ ကို အကြွင်းမဲ့ နှောက်မွှေ ချေဖျက်၍ ပစ်ခြင်းကပင် မြတ်လှပါသေး၏၊ ဃာန ဝိညာဉ်ဖြင့် သိအပ်သော ဂန္ဓာရုံတို့အပေါ်ဝယ် အစိတ်အားဖြင့် ဖြစ်စေ အပေါင်းအားဖြင့် ဖြစ်စေ စွဲမက်သာယာ၍ ယူနေခြင်းကား မမြတ်လှပါ။

ဂန္ဓာရုံ တည်းဟူသော တည်ရာဝယ် အစိတ်အားဖြင့် ဖြစ်စေ အပေါင်း အားဖြင့် ဖြစ်စေ စွဲမက်သာယာသော တဏှာလောဘ အကုသိုလ်စိတ် ထင်ရှား ရှိနေခိုက် ထိုစိတ်သန္တာန် မပြတ်သေးမီ စုတိပြတ်ကြွေ သေလွန်လတ်သည် ရှိသော် ကြီးစွာသော ဆင်းရဲဒုက္ခတို့၏ တည်ရာ ငရဲဘုံ တိရစ္ဆာန်ဘုံသို့ ပဋိ သန္ဓေ ကပ်ရောက်ဘွယ် ရှိပေသည်၊ ဤအဖြစ်ကို မြင်တော်မူ၍ ငါဘုရား သည် ဤဆိုအပ်ပြီးသောအတိုင်း ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက် လောင်၍ နေသော လက်သည်းစောင်းမား လက်သည်းလှီးမားဖြင့် ဃာန ဒွါရ ဃာနိန္ဒြေကို နှောက်မွှေ ခုတ်ဖြတ်၍ ပစ်ခြင်းက မြတ်လှသေးသည် ဟူ၍ ဟောကြားအပ်ပေသည်။

## ဇိဝှါ ဒွေ

ချစ်သား ရဟန်းတို့....၊ ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော သင်ဓုန်းဖြင့် ဇိဝှါ ဒွေ အမည်ရသော ဤလျှာကို အရင်းမှ ဖြတ်၍ ပစ်ခြင်းက မြတ်လှပါသေး၏၊ ဇိဝှါဝိညာဉ်ဖြင့် သိအပ်သော ရသာရုံအမျိုးမျိုးတို့၌ အစိတ်အားဖြင့် ဖြစ်စေ အပေါင်းအားဖြင့် ဖြစ်စေ စွဲမက်သာယာ၍ နေခြင်းသည် မမြတ်လှပါ။

ချစ်သား ရဟန်းတို့....၊ရသာရုံဝယ် အစိတ်အားဖြင့် ဖြစ်စေ အပေါင်းအားဖြင့် ဖြစ်စေ စွဲမက်သာယာသော တဏှာလောဘ အကုသိုလ်စိတ် ထင်ရှားရှိနေခိုက် စုတိပြတ်ကြွေ သေလွန်ခဲ့ပါမူကား ကြီးစွာသော ဆင်းရဲဒုက္ခတို့၏ တည်ရာဖြစ်သော ငရဲဘုံ တိရစ္ဆာန်ဘုံသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရာပေမည်။

ဤအပြစ်ကို မြင်သဖြင့် ငါဘုရားသည် ထက်လှစွာသော သင်ဓုန်းသွားဖြင့် လျှာရင်းက ဖြတ်တောက်၍ ပစ်ချခြင်းသည် မြတ်လှသေးသည်ဟု ဟောကြားအပ်ပေသည်။

## ကာယိန္ဒြေ

ချစ်သား ရဟန်းတို့....၊ ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော အရိုးတပ်သော မားမဖြင့် ဤကာယိန္ဒြေကို နုတ်နုတ်ပါအောင်စဉ်း၍ ပစ်ရခြင်းက မြတ်လှပါသေး၏၊ ကာယဝိညာဉ်ဖြင့် သိအပ်သောဖောဋ္ဌဗ္ဗာရုံတို့၌ အစိတ်အားဖြင့် ဖြစ်စေ အပေါင်းအားဖြင့် ဖြစ်စေ တွယ်တာတပ်မက်သော တဏှာလောဘစိတ်ဖြင့် စွဲယူခြင်းသည် မမြတ်လှပါ။

ချစ်သားရဟန်းတို့....၊ဖောဋ္ဌဗ္ဗာရုံဝယ် အစိတ်အားဖြင့် ဖြစ်စေ၊ အပေါင်းအားဖြင့် ဖြစ်စေ တွယ်တာတပ်မက်သော အကုသိုလ် လောဘမူဇောစိတ္တုပ္ပါဒ်ဝိညာဉ် ထင်ရှားရှိနေခိုက် သန္တာန်မပြတ်သေးခိုက် စုတိပြတ်ကြွေ သေလွန်လတ်သည်ရှိသော် ကြီးစွာသော ဆင်းရဲဒုက္ခတို့ကို နေ့ည ရှည်လျားစွာ ခံစံရာဖြစ်သော ငရဲဘုံ တိရစ္ဆာန်ဘုံသို့ ပဋိသန္ဓေ ကပ်ရောက်၍ နေရာတော့သည်။

ဤအပြစ်ကို မြင်သဖြင့် ငါဘုရားသည် ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော အရိုးရှိသော ဓားဖြင့် ဤကိုယ်ကာယကို

နုတ်နုတ်ပါအောင် စဉ်း၍ ဖြတ်တောက်၍ ပစ်ခြင်းက မြတ်လှသေးသည်ဟု ဟောကြားအပ်ပေသည်။

## မနိန္ဒြေ

ချစ်သားရဟန်းတို့....၊အိပ်၍ နေခြင်းကပင် မြတ်လှပါသေးသည်၊ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက် တည်းဟူသော အကုသိုလ်ဝိတက်တွေကို မနေဒ္ဒါရ မနိန္ဒြေဖြင့် ကြံဆ၍ နေခြင်းက မမြတ်လှပါ။

ချစ်သား ရဟန်းတို့....၊အိပ်၍နေခြင်းကား အကျိုးမပြီးသော အသက်ရှင်ခြင်းမျှ ဖြစ်ပေသည်၊ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်တို့ကို ကြံစည်၍ နေခြင်းကား သံဃဘေဒကကံ တိုင်အောင်ပင် အပြစ်ကို လွန်ကျူးနိုင်ကြောင်း မကောင်းသော ဥပါယ်တမျည် ဖြစ်တော့သည်၊ ဤအပြစ်ကို မြင်သဖြင့် ငါဘုရားသည် အိပ်၍ နေခြင်းကသာ မြတ်လှသည်ဟု ဟောကြားအပ်ပေသည်။

## ပညာရှိပုဂ္ဂိုလ် ဆင်ခြင်ပုံ

ချစ်သား ရဟန်းတို့....၊ဤအရာဝယ် ဉာဏ်ပညာဗဟုသုတနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကသည် ဤသို့ ဆင်ခြင် စဉ်းစား နှလုံးသွင်းတော့သည်။

ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော သံချောင်းဖြင့် စက္ခုန္ဒြေကို မွှေ၍ပစ်ခြင်းကို ထားဘိဦး၊ ငါသည် စက္ခုန္ဒြေကိုရင်း ရူပါရုံကိုရင်း စက္ခုဝိညာဉ်ကိုရင်း စက္ခုဝိညာဉ်ကို မှီ၍ ဖြစ်သော မျက်စိအတွေ့ စက္ခုသမ္ဖဿကိုရင်း ထိုစက္ခုသမ္ဖဿကို အကြောင်းပြု၍ ဖြစ်ပွါးသမျှသော သုခ ဒုက္ခ ဥပေက္ခာဝေဒနာကိုရင်း အနိစ္စ ဟု ရှုကြည့်အံ့ ဟု နှလုံးသွင်းတော့သည်။

ချစ်သားရဟန်းတို့....၊ ပညာဗဟုသုတနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကသည် ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော သံကောက် သံချိတ်ဖြင့် သောတိန္ဒြေကို မွှေ၍ပစ်ခြင်းကို ထားဘိဦး၊ ရှေးဦးစွာ ငါသည် သောတိန္ဒြေကိုရင်း သဒ္ဒါရုံကိုရင်း သောတဝိညာဉ်ကိုရင်း သောတသမ္ဖဿကိုရင်း ထိုသောတသမ္ဖဿကို အကြောင်းပြု၍

ဖြစ်ပွါးသမျှသော သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့ကိုရင်း အနိစ္စ ဟူ၍ ရှုကြည့်အံ့ ဟု နှလုံးသွင်းတော့သည်။

ချစ်သား ရဟန်းတို့....၊ ပညာဗဟုသုတနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကသည်ကား ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော လက်သည်းလှီး ဓားဖြင့် ဤဃာနိန္ဒြေကို နှောက်မွှေ၍ ပစ်မှုကို ထားဘိဦး၊ ရှေးဦးစွာ ငါသည် ဃာနိန္ဒြေ ဃာနပသာဒ ဃာနဒွါရကို ရင်း ဂန္ဓာရုံကိုရင်း ဃာနဝိညာဉ်ကိုရင်း ဃာနသမ္ဖဿကိုရင်း ထိုဃာနသမ္ဖဿကို အကြောင်းပြု၍ ဖြစ်ပွါးသမျှသော သုခ ဒုက္ခ ဥပေက္ခာဝေဒနာကိုရင်း အနိစ္စဟူ၍ ရှုမြင်အံ့ဟု နှလုံးသွင်းတော့သည်။

ချစ်သား ရဟန်းတို့....၊ဉာဏ်ပညာဗဟုသုတနှင့် ပြည့်စုံသောငါဘုရား၏ တပည့်သား သာဝကသည် ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော သင်ဓုန်းသွားဖြင့် ဤဇိဝှိန္ဒြေ ဇိဝှါဒွါရခေါ်သော လျှာကို အရင်းကဖြတ်တောက်၍ ပစ်ခြင်းကို ထားဘိဦး၊ ငါသည် ရှေးဦးစွာ ဇိဝှါဒွါရကိုရင်း ရသာရုံကိုရင်း ဇိဝှါဝိညာဉ်ကိုရင်း ဇိဝှါသမ္ဖဿကိုရင်း ထိုဇိဝှါသမ္ဖဿကို အကြောင်းပြု၍ ဖြစ်ပွါးသမျှသော သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုရင်း အနိစ္စဟူ၍ ရှုကြည့်အံ့ ဟု နှလုံးသွင်း ဆင်ခြင်တော့သည်။

ချစ်သား ရဟန်းတို့....၊ပညာ ဗဟုသုတနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကသည် ထက်လှစွာသော ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော အရိုးတပ်သော ဓားမဖြင့် ဤကိုယ်ကာယကို နုတ်နုတ်ပါအောင် စဉ်းမှုကို ထားဘိဦး ရှိဘိဦး၊ငါသည် ရှေးဦးစွာ ကာယိန္ဒြေ ဖောဋ္ဌဗ္ဗာရုံ ကာယဝိညာဉ် ကာယသမ္ဖဿ ထိုကာယသမ္ဖဿကို အကြောင်းပြု၍ ဖြစ်ပွါးသမျှသော သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ ဤတရားအစုကို အနိစ္စဟူ၍ ရှုမြင်အံ့ ဟု နှလုံးသွင်းတော့သည်။

ချစ်သား ရဟန်းတို့....၊သုတသာဝက-သုတနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကသည် အိပ်ပျော်၍ နေခြင်းကို ထားဘိဦး၊ ငါသည် တမူကား မနိန္ဒြေကိုရင်း ဓမ္မာရုံကိုရင်း မနောဝိညာဉ်ကိုရင်း မနောသမ္ဖဿကိုရင်း ထိုမနောသမ္ဖဿကို အကြောင်းပြု၍ ဖြစ်ပွါးသမျှသော သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကိုရင်း အနိစ္စဟူ၍ ရှုမြင်အံ့ ဟု နှလုံးသွင်းတော့သည်။

ချစ်သား ရဟန်းတို့....၊ ဤဆိုအပ်ပြီးသော အတိုင်း ဒွါရခြောက်ပါး အာရုံခြောက်ပါး ဝိညာဉ်ခြောက်ပါး ဖဿခြောက်ပါး ဖဿပစ္စယဝေဒနာ ခြောက်မျိုး၊ဤတရားအစုကို အနိစ္စ ဟူ၍ ရှုမြင်လတ်သည်ရှိသော် နိဗ္ဗိဒါဉာဏ် ရင့်သန်သည်၊ နိဗ္ဗိဒါဉာဏ် ရင့်သန်လျှင် ဝိရာဂဉာဏ်၊ ဝိရာဂဉာဏ် ရင့်သန် လျှင် ဝိမုစ္စနမည်သော မဂ်ဉာဏ်၊ ထိုမဂ်ဉာဏ်၏ အခြားမဲ့ဝယ် လေးပါး သော ဖိုလ်ဉာဏ်၊ ထိုလေးပါးသော ဖိုလ်ဉာဏ်တို့၏ အခြားမဲ့ဝယ် ပစ္စ-ဝေက္ခဏာဉာဏ် တဆယ့်ကိုးတန်ရောက်၍ အရဟတ္တဖိုလ်ပေါက် ရောက်နိုင် တော့သည်ဟု ဤ အာဒိတ္တပရိယာယ အမည်ရသော တရားဒေသနာတော် မြတ်ကို အရဟတ္တဖိုလ် အထွဋ်တပ်လျက် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင် ဘုရား။

အာဒိတ္တပရိယာယသုတ် ပြီး၏

---

## အာသီဝိသဝဂ်

### ပဌမဒါရုက္ခန္ဓောပမသုတ်

ပု။ ။အာသီဝိသဝဂ္ဂေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာ ထေရေဟိ စတုတ္ထံ သံဂီတံ ပဌမဒါရုက္ခန္ဓောပမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။ကောသမ္ဗိယံ ဘန္တေ ဂင်္ဂါယ နဒိယာ တီရေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ပဿထ နော တုမှေ ဘိက္ခဝေ အမုံ 'မဟန္တံ ဒါရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာန" န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတာ။

မေး။ ။အာသီဝိသဝဂ်၌ ရှေးသံဂါယနာမထေရ်မြတ်တို့ စတုတ္ထသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားသော ပဌမဒါရုက္ခန္ဓောပမ သုတ္တန် တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း

ပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသမ္ဗီပြည် ဂင်္ဂါမြစ်ဆိပ်၏အနီး အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဂင်္ဂါမြစ်ဆိပ်ဝယ် သီတင်းသုံးနေတော်မူသောအခါ ဂင်္ဂါမြစ်အတွင်း၌ တခုသော သစ်တုံးသည် မျော၍ လာခဲ့ပါသည်။

## သစ်တုံးကို ပမာပြု၍

သို့မျော၍ လာသော သစ်တုံးကို သဗ္ဗညုမြတ်စွာဘုရား မြင်တော်မူလတ်သည်ရှိသော် ဂင်္ဂါမြစ်ကြော မျော၍ လာသော ဤသစ်တုံးကို ပမာပြု၍ ရဟန်းတော်တို့အား ဓမ္မဒေသနာတရား ဟောကြားအံ့ ဟု နှလုံးသွင်းတော်မူပြီးလျှင် "ပဿထ နော တုမှေ ဘိက္ခဝေ အမုံ မဟန္တံ ဒါရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ဂင်္ဂါမြစ်ရေကြောဝယ် ဤယခု မျော၍လာသော သစ်တုံးကို သင်ချစ်သားတို့ မြင်ကြပါကုန်၏လော ဟု မေးမြန်းတော်မူလတ်ပါသည်။

မြင်ကြပါကြောင်း ပြန်ပြောင်းလျှောက်ထားလတ်သောအခါ "သစေ သော ဘိက္ခဝေ ဒါရုက္ခန္ဓော န ဩရိမံ တီရံ ဥပဂစ္ဆတိ၊ န ပါရိမံ တီရံ ဥပဂစ္ဆတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ဤသင်ချစ်သားတို့ ယခုမြင်ရသော ဂင်္ဂါမြစ်ကြော မျော၍ လာသော သစ်တုံးသည် ဤမှာဘက်ကမ်းသို့လည်း အကယ်၍ မကပ်ငြားအံ့၊ ထိုမှာဘက်ကမ်းသို့လည်း အကယ်၍ မကပ်ငြားအံ့၊

ရေလည်ခေါင်မှာလည်း အကယ်၍ မမြုပ်သည် ဖြစ်ပါအံ့။

ကမ်းထိပ်ဝယ် တစုံတယောက် တင်၍ လည်း မထားငြားအံ့။

လူကမူလည်း မဆယ်ငြားအံ့။

နတ်ကမူလည်း မဆယ်သည် ဖြစ်ပါငြားအံ့။

ဝဲမူလည်း မစုပ်သည် ဖြစ်ပါငြားအံ့။

သမုဒ္ဒရာသို့မရောက်မီ လမ်းခရီးအကြားဝယ် ပုပ်ဆွေး၍လည်း မသွားပါမူ ဖြစ်ပါငြားအံ့၊ ချစ်သား ရဟန်းတို့....ဤသို့ ဖြစ်သည်ရှိသော် ဤဂင်္ဂါမြစ်ကြော မျောချ၍လာသော သစ်တုံးသည် သမုဒ္ဒရာသာလျှင် ကိုင်းရာ ရှိုင်းရာ ညွတ်ရာရှိတော့သည်။

## အင်္ဂါရှစ်တန်ပြည့်စုံလျှင်

ထို့အတူပင် သင်ချစ်သားတို့သည်လည်း ဤမှာဘက်ကမ်း၌ မကပ်ရောက်ကုန်သည် ဖြစ်အံ့။

ထိုမှာဘက်ကမ်းသို့လည်း မကပ်ရောက်ကုန်သည် ဖြစ်အံ့။

အလယ်ကြောဝယ် နစ်မြုပ်ခြင်း မရှိကြကုန်သည် ဖြစ်အံ့။

ကြည်းကုန်းထက်ဝယ် ဆယ်တင်၍ မထားအပ်သည် ဖြစ်အံ့။

တစုံတယောက်သောလူ ဆယ်ယူ၍ မသွားသည် ဖြစ်ပါအံ့။

တစုံတယောက်သော နတ်က ဆယ်ယူ၍ မသွားသည် ဖြစ်ပါအံ့။

ဝဲအစုပ်မခံရသည် ဖြစ်ပါအံ့။

အတွင်းမှ ပုပ်ဆွေးမှု မရှိသည် ဖြစ်ပါအံ့။

ဤသို့ အင်္ဂါရှစ်ပါး နှင့် ပြည့်စုံလတ်သည်ရှိသော် သင်ချစ်သားတို့သည်လည်း နိဗ္ဗာန်သို့ ညွတ်ရာ ကိုင်းရာ ရှိုင်းရာ ရှိကြကုန်လိမ့်မည်။

ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကား ချစ်သားတို့....ငါဘုရား၏ သာသနာဝယ် သမ္မာဒိဋ္ဌိ တည်းဟူသော ရေကြောသည် နိဗ္ဗာန်လျှင် ညွတ်ရာ ကိုင်းရာ ရှိုင်းရာ ရှိတော့သည်ဟု အကျဉ်းချုပ်အားဖြင့် အရိပ်အမြွက်ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရားသည် ဒါရုက္ခန္ဓောပမ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ကရုဏာ ရှေ့ထား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

## ဥပစာစကားတွေ၏ အဓိပ္ပါယ်

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဩရိမတီရာဒီနံ ဥပစာရဝစနာနံ အတ္ထော ဝိတ္ထာရေန ဝိဘဇိတ္ဝာ ပကာသိတော။

ဝိ။ ။ဩရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။ ပါရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ။ မဇ္ဈေ သံသီဒေါတိ ခေါ ဘိက္ခု နန္ဒိရာဂဿေတံ အဓိဝစနံ။ ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနန္တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ တတ္ထ ဩရိမတီရာဒီနံ ဥပစာရဝစနာနံ အတ္ထော ဝိတ္ထာရေန ဝိဘဇိတ္ဝာ ပကာသိတော။

မေး။ ။ထိုဒါရုက္ခန္ဓောပမသုတ္တန်၌ ဤမှာဘက်ကမ်း စသည်ဖြင့် တင်စား၍ ပြောဆိုထားသော ဥပစာ စကားတို့၏ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် အကျယ်အားဖြင့် ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဤဒါရုက္ခန္ဓောပမသုတ္တန် ဒေသနာဘော်မြတ်၌ ဤမှာဘက်ကမ်း ထိုမှာဘက်ကမ်း အစရှိသည်ဖြင့် သဒိသူပစာ ဥပမာအား တင်ထား၍ ဟောကြားအပ်သော စကားတော်တို့၌ အနက်အဓိပ္ပါယ် အနုသန္ဓေ အဆက်အစပ်ကို လိမ်မာသော ရဟန်းတော်အရှင်သူမြတ်တပါးသည် မြတ်စွာဘုရားအကျဉ်းအားဖြင့် ဟောပြတော်မူပြီးလတ်သည်ရှိသော် သဗ္ဗညုမြတ်စွာဘုရားကို "ကိံ နု ခေါ ဘန္တေ ဩရိမံ တီရံ ကိံ ပါရိမံ တီရံ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ဤမှာဘက်ကမ်း ဆိုသည်မှာ အဘယ်ကို ခေါ်ဆိုပါသနည်း။

ထိုမှာဘက်ကမ်း ဟူသည် အဘယ်ကို ခေါ်ဆိုပါသနည်း။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရေလယ်၌ နစ်မြုပ်၍ သွားခြင်း ဟူသည် အဘယ်ကို ခေါ်ဆိုပါသနည်း။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ကြည်းကုန်းထက်သို့ တင်၍ထားခြင်း ဟူသည် အဘယ်ကို ခေါ်ဆိုပါသနည်း။

**အမေးအဖြေ ၇–၉**

လူဆည်၍ သွားခြင်းဟူသည်၊ နတ်ဆည်၍ သွားခြင်း ဟူသည်၊ ဝဲစုပ်၍ သွားခြင်းဟူသည်၊ အတွင်းဝယ် ပုပ်ဆွေး၍ သွားခြင်း ဟူသည် အဘယ်ကို ခေါ်ပါသနည်း ဟု ရှစ်ရပ်သော ပုစ္ဆာပြဿနာတို့ကို မေးလျှောက်ပါသည်။

## သဒိသူပစာ ဖြေရှင်းချက်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသခင်က "ဩရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်း....၊ဤမှာဘက်ကမ်း ဟူသည်မှာ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော ဤသင်တို့၏ ခန္ဓာကိုယ်အတွင်း ထင်ရှား ရှိသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အမည် ဖြစ်တော့သည်။

ချစ်သား ရဟန်း....၊ ထိုမှာဘက်ကမ်း ဟူသည်မှာ ဗဟိဒ္ဓသန္တာန်မှာ ရစကောင်းသည့် ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာ-ယတန ဓမ္မာယတန တည်းဟူသော ဗာဟိရာယတန ခြောက်ပါးတို့၏ အမည်ပင် ဖြစ်တော့သည်။

ချစ်သား ရဟန်း....၊ရေလည်ကြော၌ နစ်မြုပ်ခြင်း ဟူသည်မှာ နန္ဒိရာဂ ခေါ်သော တဏှာ၏အမည်ပင် ဖြစ်တော့သည်။

ချစ်သား ရဟန်း....၊ကြည်းကုန်းခေါင်ခေါင် တင်၍ အထားခံရခြင်း ဟူသည်မှာ ငါဟူ၍ ထောင်လွှားခြင်း မာန်မာနပင် ဖြစ်တော့သည်။

ချစ်သားရဟန်း....၊ လူဆည်ခံရခြင်း ဟူသည်မှာ ဤသာသနာတော်ဝယ် အချို့သော ရဟန်းသည် လူတို့နှင့် ရောနှောခြင်းဖြင့် ရောနှော၍ နေ၏။ ဆင်းရဲမက္ခာ ချမ်းသာတူမျှ သုခိတေသု-သုခိတော ဒုက္ခိတေသု-ဒုက္ခိတော၊ ဒကာတို့ ချမ်းသာလျှင် ချမ်းသာခြင်း၊ ဒကာ ဒကာမတို့ ဆင်းရဲလျှင် ဆင်းရဲခြင်း ပြုဖွယ်ကိစ္စ အဝဝတို့ ပေါ်ပေါက်လာသည်ရှိသော် ကိုယ်တိုင် ပင်လျှင် ထိုအမှုကိစ္စတို့၌ ပြုလုပ်ခြင်း၊ ဤသို့ ပြုလုပ်ခြင်းသည် လူအဆည်ခံရခြင်းပင် ဖြစ်တော့သည်။

ချစ်သားရဟန်း....၊ နတ်၏ အဆည်ခံရခြင်း ဟူသည်မှာ ဤသာသနာတော်ဝယ် အချို့သော ရဟန်းသည် တစုံတခုသော နတ်ပြည်လောကကို တောင့်တ၍ ငါသည် ဤအကျင့်ပဋိပတ်ဖြင့် နတ်မင်းသော်ရင်း နတ်၏ အခြွေအရံ ပရိသတ်သော်ရင်း ဖြစ်အံ့၊ ဟူ၍ မြတ်သော အကျင့်ကို ကျင့်သုံး

တတ်သည်၊ ဤသို့ နတ်ပြည်လောကကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် နတ်ဆည်ခံရခြင်းပင် ဖြစ်တော့သည်။

ချစ်သားရဟန်း....၊ဝဲအစုပ်ခံရခြင်း ဟူသည်မှာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါးအတွင်း နစ်မြုပ်၍ သွားခြင်းကို ဆိုလိုသည်။

ချစ်သား ရဟန်း....၊အဘွင်းပုပ် ပုတ်ဆွေး၍ သွားခြင်းဟူသည်မှာ သာသနာဝန်ထမ်း ရဟန်းတော်ဖြစ်ပါလျက် လုံးဝသီလမရှိမှု ဒုဿီလဖြစ်၍ နေခြင်းကိုပင် ဆိုလိုသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ထိုဒါရုက္ခန္ဓောပမ သုတ္တန် ဒေသနာတော်မြတ်၌ ဤမှာဘက်ကမ်း၊ ထိုမှာဘက်ကမ်း အစရှိသည် ဖြင့် သဒိသူပစာ ဥပမာဘင်ထား ဟောကြားခဲ့သော စကားတော်ရှစ်ရပ်၏ အကျယ်ဝိတ္ထာရ ဖြစ်သော အနက်အဓိပ္ပါယ်ကို ဤသို့လျှင် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပု။ ။ဣမသ္မိံ ခေါ ပန အာဝုသော သုတ္တေ ဘဂဝတာ ဘာသိတေ ဝိသေသတော ကဿ ကီဒိသော အတ္ထော ကထဥ္စ ပဋိလဒ္ဓေါ။

ဝိ။ ။ဣမသ္မိံ ဘန္တေ သုတ္တေ ဘဂဝတာ ဘာသိတေ ဝိသေသတော နန္ဒဿ ဂေါပါလကဿ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ ယာဝ အရဟတ္တာစ ဝိသေ-သတော အတ္ထော အဓိဂတော။

မေး။ ။ဤဒါရုက္ခန္ဓောပမ သုတ္တာန်ကို မြတ်စွာဘုရား ဟောကြား တော်မူသည်ရှိသော် ထိုအခါကာလ၌ အထူးဝိသေသအားဖြင့် အဘယ်ပုဂ္ဂိုလ် သည် အဘယ်သို့သော အကျိုးထူးကို အဘယ်ပုံ အဘယ်နည်းဖြင့် ရရှိသွားခဲ့ ပါသနည်း ငါ့ရှင်။

**နွားကျောင်းသား နန္ဒ**

ဖြေ။ ။ဤဒါရုက္ခန္ဓောပမသုတ္တန် ဒေသနာဘော်မြတ်ကို သဗ္ဗညု မြတ်စွာဘုရား ဟောကြားဘော်မူပြီးလတ်သည်ရှိသော် ထိုသို့ သဗ္ဗညုမြတ်စွာ ဘုရား ဒါရုက္ခန္ဓောပမသုတ္တန်ကို ဟောကြားတော်မူသောအခိုက် အနီးအပါး ဝယ် နန္ဒအမည်ရှိသော နွားကျောင်းသားသယောက် ရှိခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ဒါရုက္ခန္ဓောပမသုတ္တန် ဟောကြားသည်ကို အစမှ အဆုံးတိုင် တရားနာသျက် ရှိနေပါသည်၊ ဤဒါရုက္ခန္ဓောပမသုတ္တန် ပြီးဆုံး

လတ်သောအခါ ထိုနန္ဒအမည်ရှိသော နွားကျောင်းသားသည် သဗ္ဗညုဘုရား ထံမှောက်သို့ ဝင်ရောက်ပြီးလျှင် "အဟံ ခေါ ဘန္တေ န ဩရိမံ တီရံ ဥပဂစ္ဆာမိ၊ န ပါရိမံ တီရံ ဥပဂစ္ဆာမိ" အစရှိသည်ဖြင့်—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ဘုရားတပည့် တော်သည် ဤမှာ ဘက်ကမ်း တည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါး ကိုလည်း ကပ်ရောက်သော အားဖြင့် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလန်းဘဲ ရှိပါမည်။ ဟိုမှာဘက်ကမ်း တည်းဟူသော ဗာဟိရာယတနခြောက်ပါးတို့သို့လည်း ဘုရား တပည့်တော်သည် တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်အောင် နေပါမည်။ ဘုရား တပည့်တော်သည် အလယ်ခေါင်၌ နစ်မြုပ်ခြင်း တည်းဟူသော နန္ဒိရာဂ တဏှာ ဖြင့် အနှစ်မြုပ်မခံရအောင် နေပါမည်။ ဘုရားတပည့်တော်သည် အသ္မိမာန တည်းဟူသော ငါဟူသော မာန်မာန ထောင်လွှားခြင်း မရှိအောင် ကြည်း ကုန်း၌ အတင်မခံရအောင် နေပါမည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဘုရားတပည့် တော်သည် လူအဆယ်,နတ်အဆယ်,အာရုံ ငါးပါး ကာမဂုဏ်တရား တည်းဟူ သော ဝဲအစုပ်မခံရအောင် နေပါမည်။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ဘုရားတပည့် တော်သည် အတွင်းပုတ်ဆွေး ဒုဿီလပုဂ္ဂိုလ် မဖြစ်အောင် နေပါမည်။

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ဘုရားတပည့် တော်သည် ရှင်တော်ဘုရား ထံ၌ ရှင်အဖြစ်ကိုလည်း ရပါရစေ၊ရဟန်းအဖြစ်ကို လည်း ရပါရစေ ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

တေန ဟိ တွံ နန္ဒ သာမိကာနံ ဂါဝေါ နိယျာတေဟိ။

### နွားကျောင်းသား အရဟတ္တဖိုလ်ရပုံ

နန္ဒ....၊ သို့တပြီးကား အသင်သည် နွားအရှင်ဖြစ်သော ပုဂ္ဂိုလ်တို့အား သင်၏ နွားမများကို ပြန်၍ အပ်နှင်းချေဦး ဟု မိန့်ကြားတော်မူပါသည်။

ဂမိဿန္တိ ဘန္တေ ဂါဝေါ ဝစ္ဆဂိဒ္ဓိနိယော။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဘုရားတပည့်တော် ယခု ကျောင်းရသော နွားမအပေါင်းတို့သည် သားသည် အမိ ဖြစ်ကြသဖြင့် မိမိတို့၏ သားဖြစ်သော နွားငယ်တို့ကို တပ်မက်သဖြင့် အလိုလိုပင် ခြံရှိရာသို့ သွားကြပါကုန်လိမ့်မည်။ ဘုရားတပည့်တော် သွားရောက်၍ အပ်နှင်းဖွယ် မရှိပါဟု ပြန်ကြားလျှောက်ထားသည်တွင်—

"နိယျာတေဟေဝ တွံ နန္ဒ သာမိကာနံ ဂါဝေါ" ဟု နန္ဒ....၊သင်သည် ငါဘုရား မိန့်ကြားသည့် အတိုင်း နွားအရှင်ဖြစ်သော ပုဂ္ဂိုလ်တို့အား ဤနွားမတို့ကို တဖန် ပြန်၍ အပ်သာအပ်ချေပါဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ နန္ဒ နွားကျောင်းသားသည် မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း မိမိကျောင်းအပ်သော နွားတို့ကို နွားရှင်တို့ထံ အပ်နှံပြီးလျှင် ဘုရားထံမှောက် တဖန်ပြန်ရောက်၍ ရှင်အဖြစ် ရဟန်းအဖြစ်ကို တောင်းခံခဲ့ပါသည်။

တောင်းခံသည့်အတိုင်း ဤဘုရားသာသနာဝယ် ရှင်အဖြစ် ရဟန်းအဖြစ်ကို ရရှိခဲ့ပါသည်။ ရဟန်းဖြစ်ပြီးနောက် အဖော်မဲ့ဒိုး တကိုယ်တည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်၍ အပ္ပမာဒတရား လက်ရှိထားပြီးလျှင် ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ရဟန်းတရား ပွါးများအားထုတ်လတ်သောအခါ အရဟတ္တဖိုလ်ပေါက် ရောက်ရှိခဲ့လတ်ပါသည်။

ဤသို့လျှင် ဤဒါရုက္ခန္ဓောပမသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူပြီးသည်၏ အဆုံး၌ အထူးအားဖြင့် နန္ဒ အမည်ရှိသော နွားကျောင်းသား လုလင်အား ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း အရဟတ္တဖိုလ်ပေါက် ပြီးမြောက်သော အကျိုးကျေးဇူး တရားကို ခံစားရရှိခဲ့ပါသည် အရှင်ဘုရား။

ဒါရုက္ခန္ဓောပမသုတ် ပြီး၏

## ကိံသုကောပမသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေ-ရေဟိ အဋ္ဌမံ သံဂီတံ ကိံသုကောပမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဠ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ အညတရံ ကာရကံ ဘိက္ခုံ အာရဗ္ဘ ဘာသိတံ။ အညတရော ဘန္တေ ကာရကော ဘိက္ခု စတ္တာရော ခီဏာသဝေ ဘိက္ခူ ဉာဏဒဿနဝိသုဒ္ဓိံ ပုစ္ဆိတွာ အသန္တု-ဋ္ဌော တေသံ ဘိက္ခူနံ ပဉ္စာဝေယျာကရဏေန ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ ဘဂဝန္တံ ဧတဒဝေါစ "ကိတ္တာဝတာ နု ခေါ ဘန္တေ ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတီ"တိ။ တသ္မိံ ဝတ္ထုသ္မိံ "သေယျထာပိ ဘိက္ခု ပုရိသဿ ကိံသုကော အဒိဋ္ဌပုဗ္ဗော အဿ၊ သော ယေနညတရော ပုရိသော ကိံသုကဿ ဒဿာဝီ တေနုပသင်္ကမေယျာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအာသီဝိသဝဂ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ အဋ္ဌမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော ကိံသုကောပမသုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်ဝယ် တရားအားထုတ်သော ရဟန်းတော်တပါးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းဝယ် ကိန်းကောင်းမွေ့လျော် နေတော်မူသောအခါ ကာရကဟူ၍ ခေါ်ဆိုရသော ရဟန်းတရားကို ပွါးများကြိုးကုတ် အားထုတ်ဆဲ ဖြစ်သော ရဟန်းအရှင်သူမြတ်တပါးသည် ခီဏာသဝ ရဟန္တာမထေရ်သူမြတ်တပါးထံ သွားရောက်၍ "ကိတ္တာဝတာ နုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ" ဟောတိ ဟု—

အို ငါ့ရှင်....၊အဘယ်မျှသော အတိုင်းအရှည်ဖြင့် ဘယ်ပုံ ဘယ်ပန်း ရှုမြင်လတ်သည်ရှိသော် ရဟန်းတော်အား မဂ်ဉာဏ်လေးပါး စင်ကြယ်မှု ဖြစ်ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

## မဂ်ဉာဏ်လေးပါး စင်ကြယ်မှု

ထိုအခါ ထိုရဟန္တာ အရှင်သူမြတ်က ငါ့ရှင်....၊ဖဿာယတနခြောက်ပါးတို့၏ ဖြစ်ပုံ ပျက်ပုံ သမုဒယ အတ္ထင်္ဂမကို ယထာဘူတ နေရာကျ သိခြင်းဖြင့် မဂ်ဉာဏ်လေးပါး စင်ကြယ်နိုင်သည်ဟု မိမိအားထုတ်ရင်း တရားကို ပြန်ကြားဖြေဆိုခဲ့ပါသည်။

ထိုရဟန်းသည် ဤရဟန်း၏ အဖြေစကားဖြင့်လည်း တင်းတိမ်ရောင့်ရဲခြင်း မရှိသဖြင့် တပါးသော ရဟန္တာမထေရ်သူမြတ်ထံ ချဉ်းကပ်၍ ရှေးနည်းအတူ မေးမြန်းဘော်မူလတ်သည်ရှိသော် ထိုရဟန္တာမထေရ်သူမြတ်က ငါ့ရှင်....၊ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဖြစ်ပုံ ချုပ်ပုံ အလုံးစုံကို ယထာဘူတ နေရာကျ သိလတ်သည်ရှိသော် မဂ်ဉာဏ်အမြင် စင်ကြယ်သည်ဟု မိမိအားထုတ်ရင်း ဥပါဒါနက္ခန္ဓာ ကမ္မဋ္ဌာန်းကို ဟောကြားပါသော်လည်း ထိုရဟန္တာ အရှင်မြတ်၏ အဖြေနှင့် နှစ်သက်အားရ ရောင့်ရဲခြင်း မရှိဘဲ အခြားတပါးသော ရဟန္တာမထေရ်သူမြတ်ထံ ချဉ်းကပ်ပြီးလျှင် ရှေးနည်းအတူ မေးမြန်းလတ်ပါသည်။

ထိုရဟန္တာမထေရ်သူမြတ်ကလည်း မိမိအားထုတ်ရင်း ဖြစ်သော အတိုင်း ငါ့ရှင်....၊မဟာဘုတ်လေးပါးတို့၏ဖြစ်ခြင်း ပျက်ခြင်းကို ယထာဘူတ နေရာကျ ကြွင်းမဲ့ကုန်စင် သိမြင်လတ်သည်ရှိသော် မဂ်ဉာဏ်လေးပါးအမြင် သန့်စင်တော့သည်ဟု မဟာဘူတ ကမ္မဋ္ဌာန်းကို ဖြေကြားခဲ့ပါပေသည်။

ထိုရဟန်းသည် ဤရဟန်း၏ ဖြေကြားခြင်းဖြင့်လည်း ရှေးနည်းအတူ ရောင့်ရဲအားရ တင်းတိမ်ခြင်းမရှိဘဲ အခြားတပါးသော ရဟန္တာမထေရ်သူမြတ်ထံ ချဉ်းကပ်၍ ငါ့ရှင်....၊မည်မျှသော အတိုင်းအရှည်,မည်မျှသော ကျင့်စဉ်ဖြင့် မဂ်ဉာဏ် အမြင်လေးပါး စင်ကြယ်မှု ဖြစ်ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုမေးမြန်းခံရသော ရဟန္တာမထေရ်သူမြတ်ကလည်း ငါ့ရှင်....၊တော်ဘူမက သင်္ခါရတရားတို့၌ "ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ" ဟု ဖြစ်ပုံ ပျက်ပုံ သမုဒယ အတ္ထင်္ဂမ နှစ်ပါးစုံကို လင်းလင်းထင်ထင် သိမြင်သော ရဟန်း

တော်၏ မဂ်ဉာဏ်အမြင်သည်ကား စင်ကြယ်ပါသည်ဟု မိမိ အားထုတ်ရင်း ဖြစ်သော တေဘူမကကမ္မဋ္ဌာန်းကိုပင် ပြန်ကြားဖြေဆိုခဲ့ပါသည်။

## ဘုရားထံမှောက် မေးလျှောက်ပုံ

ထိုရဟန်းသည် ဤသို့ လေးပါးသော ရဟန္တာမထေရ်သူမြတ်တို့၏ အသီး အသီး ဖြေဆိုခြင်းဖြင့် ရောင့်ရဲတင်းတိမ် အားရခြင်း မရှိဘဲ သဗ္ဗညုမြတ်စွာ ဘုရားထံမှောက်သို့ သွားရောက်ပြီးလျှင် ထိုရဟန္တာမထေရ်မြတ် လေးပါးတို့ အထံဝယ် မိမိက မေးလျှောက်ပုံ ထိုရဟန္တာမထေရ်မြတ် လေးပါးတို့ ဖြေဆိုပုံ အသီးသီးကို ပြန်ကြားလျှောက်ထားပြီးလျှင်—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အဘယ်မျှ အဘိုင်းအရှည်ရှိသော ကျင့်စဉ်ပဋိပတ်ဖြင့် မဂ်ဉာဏ်လေးရပ် စင်ကြယ်မှု ဖြစ်နိုင်ပါသနည်း ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတော်အား ထိုလေးပါး သော ရဟန္တာမထေရ်မြတ်တို့သည် မှန်ကန်သည့်အတိုင်းပင် ဖြေဆိုသည်။ သင်ကား အန္ဓဗာလဖြစ်၍ မသိရှိဟု မောင်းမဲတော်မမူဘဲ ဤရဟန်းသည် တကယ်ပင် ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်လို၍ မေးမြန်းရှာသည် ဟု မဟာကရုဏာတော် ပြဋ္ဌာန်းပြီးလျှင် "သေယျထာပိ ဘိက္ခု ပုရိသဿ ကိံ သုကော အဒိဋ္ဌပုဗ္ဗော အဿ" အစရှိသည်ဖြင့်—

## ပေါက်ပင် ဥပမာ

ချစ်သား ရဟန်း....၊လောကဥပမာအားဖြင့် ရှေးကဖြစ်ဘူး အကြောင်း ထူးတရပ်မှာ တခုသော မြို့အလယ်ဝယ် ပညာစွမ်းရည်နှင့် ပြည့်စုံသော ဆေး ဆရာတဦး ရှိသည်။ ထိုဆရာထံမှောက်သို့ ပန်းနာရောဂါ နှိပ်စက်သော တယောက်သော ရောဂါသည်သည် သွားရောက်၍ ဆေးကို တောင်းခံရာတွင် ပေါက်ပင်၏ ပြာကို ယူဆောင်၍ ထိုပေါက်ပင်၏ ပြာမှ ဖြစ်သော ဆားဖြင့် ဤမည် ဤမည်သောဆေးတို့ဖြင့် ယှဉ်၍ စားသုံးလေဟု ပြောဆိုသည်။ ပြောဆိုညွှန်ကြားသည့်အတိုင်း စားသုံးသောအခါ ထိုရောဂါဝေဒနာ ပျောက် ကင်းပေသည်။

ထိုနည်းအတူပင်လျှင် အရှေ့အရပ် အနောက်အရပ် တောင်အရပ် မြောက်အရပ် အရပ်လေးမျက်နှာမှ ပန်းနာသည် အပေါင်းတို့ ပေါက်ပြာ

ပေါက်ဆားဖြင့် ဆေးတို့ကိုယူ၍ စားသုံးခြင်းဖြင့် အနာရောဂါပျောက်ကင်းခြင်း ဖြစ်ခဲ့ပေသည်။

ထိုအခါ ကျေးတောအရပ်ဝယ် ပန်းနာရောဂါ နှိပ်စက်သော ယောကျ်ားတယောက် လာလတ်၍ ရှေးဦးစွာ ပန်းနာရောဂါ ပျောက်ပြီးသောသူထံသို့ သွားရောက်၍ အို အမောင်....၊အဘင်သည် မည်သည့်ဆေးတို့ဖြင့် ဤပန်းနာရောဂါမှ ထခဲ့ပါသနည်းဟု မေးမြန်းလတ်သည်ရှိသော် ပေါက်ဆားဖြင့် မိမိရောဂါမှ ထကြောင်း ပြန်ပြောင်းပြောဆိုသည်တွင် ပေါက်ပင်၏အခြင်းအရာကို အကျွန်ုပ်အား မိန့်ကြားပါ ဟု ပြောဆိုမေးမြန်းလတ်သောအခါ ထိုပဌမယောကျ်ားသည် မိမိပေါက်ပင်ကို ယူစဉ်က အရွက်မရှိ အပွင့်မရှိ အသီးမရှိအကိုင်းချဉ်းဖြစ်၍ ညိုမဲမည်းနက်သော အဆင်းရှိသည်ကို အစွဲပြုပြီးလျှင် အိုအမောင်....၊ ပေါက်ပင်ဟူသည်မှာ မီးလောင်သစ်ငုတ်ကဲ့သို့ ဖြစ်ပါသည်ဟု ပြောကြားခဲ့ပါသည်။

ထိုစကားကို ထိုယောကျ်ား မနှစ်သက်နိုင်သည်ဖြစ်၍ သင်မှ တပါး ပေါက်ပင်ကို သိသောသူ ရှိပါသေးသလော ဟု မေးမြန်းသည်ရှိသော် ဤမည်သော အရပ်ဝယ် ဤမည်သောသူ သိပါသည်ဟု ပြောဆိုသဖြင့် ထိုသူထံမှောက် သွားရောက်၍ အို အမောင်....၊ ပေါက်ပင်သည်ကား အဘယ်သို့သဘောရှိပါသနည်း ဟု မေးမြန်းလတ်ပေသည်။

ထိုဒုတိယ ယောကျ်ားသည်လည်း မိမိမြင်ခဲ့သော အခြင်းအရာအတိုင်း ပေါက်ပင်ပွင့်စဉ်တွင် မိမိမြင်ခဲ့ရသော အခြင်းအရာအတိုင်း အိုအမောင်....၊ ပေါက်ပင်ဟူသည်မှာ သားတစ်ကဲ့သို့ ချင်းချင်းနီ၍ နေပါတော့သည်ဟု မိန့်ကြားလတ်သည်ရှိသော် ထိုသူ၏စကားနှင့် ပဌမလူ၏စကားသည် ဆန့်ကျင်လှချေစွတကားဟု နှစ်ဦးစလုံးသော သူတို့၏စကားကို မယုံနိုင်သဖြင့် တတိယပေါက်ပင်ကို သိသော သူထံသို့ သွားရောက်ပြီးလျှင် အိုအမောင်....၊ ပေါက်ပင်ဟူသည် ဘယ်ပုံ ဘယ်ပန်း သဘောရှိပါသနည်း ဟု မေးမြန်းပေသည်။

ထိုတတိယယောကျ်ားသည်လည်း မိမိပေါက်ပင်သို့ သွားရောက်စဉ်အခါကာလက အသီးသီး၍ နေသည်ကို မြင်ခဲ့သဖြင့် အိုအမောင်လုလင်....၊ ပေါက်ပင် ဟူသည်မှာ တွဲလျားကျသော အမျှင်တို့ ရှိကြပါပေကုန်သည်။ ကုက္ကိုပြင်ပမာ တွဲလျားကျသောအသီး, သန်လျက်အိမ်ကို တွဲလရွဲချိတ်၍ထား

သည့်ပမာ တွဲလျားကျသော အသီးရှိပါသည်ဟု ပေါက်ပင်၏အခြင်းအရာ မိမိမြင်သော ပုံပန်းအတိုင်း ပြောကြားခဲ့ပေသည်။

ထိုတတိယ လူယောကျ်ား၏ စကားကိုလည်း မယုံနိုင်သဖြင့် စတုတ္ထ ပေါက်ပင်ကိုသိသော ယောကျ်ားအထံသို့ သွားလတ်ပြီးလျှင် ပေါက်ပင်၏ အခြင်းအရာကို မေးမြန်းလတ်သောအခါ ထိုစတုတ္ထယောကျ်ားကလည်း မိမိပေါက်ပင်ကို မြင်ရသော အချိန်က မြင်ရသည့်အခြင်းအရာအတိုင်း ပင်လျှင် အို အမောင်....၊ပေါက်ပင်ဟူသည်မှာ စိပ်သော တခဲနက် ပိတ်ဆို့သော အရွက် အကိုင်းအခက် ရှိပါသည်၊ စပ်၍ နေသော အရိပ်ရှိပါသည်၊ လောကဥပမာ အားဖြင့် ပညောင်ပင်ကြီးနှင့် တူလှပါပေသည်ဟု မိမိမြင်သောအတိုင်း ယထာ ဘူတ အမှန်အတိုင်းပင် ပြောကြားသည်။

ချစ်သား ရဟန်း....၊ဤပေါက်ပင်ကို မြင်ဘူးသော ယောကျ်ားလေး ယောက်ဘို့နည်းဘူ သင်ချစ်သားမေးမြန်းခဲ့သော ရဟန္တာမထေရ်မြတ်လေး ပါးဘို့သည်လည်း မိမိဘို့ သိမြင်သည့်အတိုင်း ပဌမရဟန်းသည် ဆဖဿာ ယတနိက ကမ္မဋ္ဌာန်း၊ ဒုတိယရဟန်းသည် ဥပါဒါနက္ခန္ဓကမ္မဋ္ဌာန်း၊ တတိယ ရဟန်းသည် မဟာဘူတကမ္မဋ္ဌာန်း၊ စတုတ္ထရဟန်းသည် တေဘူမကကမ္မဋ္ဌာန်း တို့ကို သင်ချစ်သားအား အမှန်အတိုင်းပင်လျှင် မိမိတို့ နှလုံးသွင်းသည့်အတိုင်း ကောင်းသော ဖြေကြားခြင်းဖြင့် ဖြေကြားခြင်း ဖြစ်ပေသည်ဟု မိန့်ကြား တော်မူလတ်ပြီးလျှင် ဥပမာတပါးဖြင့် ထိုရဟန်းတော်အား တရားဓမ္မကို ဟောပြတော်မူလိုသဖြင့် —

**လိမ္မာလှသော သူရဲကောင်း**

ချစ်သား ရဟန်း....၊လောကဥပမာအားဖြင့် တခုသောအရပ်ဝယ် တံခါး ခြောက်ပေါက်ရှိသော မြို့ကြီးတခုရှိရာသည်။ ထိုမြို့ကို ကြီးစိုး၍ နေသော မင်းသားသည်ကား သေသောက်ကြူးအစရှိသော ပုဂ္ဂိုလ်တို့နှင့် မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် လမ်းလေးခွဝယ် နေလေရာ၏။ ထိုမြို့၏ တံခါးဝ ဝယ် လိမ္မာလှစွာသော တံခါးမှူးသည် စောင့်ရှောက်၍ နေလျက် ရှိရာ၏။

ထိုအခါ ထိုမင်းသားကို ခန့်ထားသော ဘခမည်းတော်ထံမှ လိမ္မာလှ သော အမတ်ယောကျ်ား, လိမ္မာလှသော သူရဲကောင်း၊ ဤတမန်ယောကျ်ား နှစ်ဦးသားတို့ လာလတ်၍ တံခါးမှူးကို အမောင် တံခါးမှူး....၊ဤမြို့ကို စိုးအုပ် သောမင်းသား အဘယ်အရပ်မှာနည်း ဟု မေးမြန်းလေရာ၏။

မင်းသားသည် လမ်းလေးခွ အလယ်ဝယ် များစွာသော သေသောက်ကြူးတို့နှင့် မူးမေ့၍ နေပါကြောင်း ပြောဆိုလိုက်သည်တွင် ထိုနှစ်ယောက်သော ပညာရှိအမတ်နှင့် သူရဲကောင်းတို့သည် ထိုမင်းသားထံမှောက်သို့ သွားရောက်ပြီးလျှင် ခမည်းတော် မင်းတရား မှာကြားသည့် ယထာဘူတစကားကို ပြောကြား၍ မိမိတို့ လာခဲ့မြဲတိုင်းသော လမ်းဖြင့် ပင် ပြန်သွားကြပေကုန်ရာ၏။

ချစ်သား ရဟန်း....၊ ငါဘုရားသည် သင်ချစ်သားအား ဥပမာစကား ပြောကြားခဲ့လေပြီ။ ဤဆိုလတ္တံ့သည်ကား သင်ချစ်သားမှတ်ယူနိုင်ရန် ဥပမေယျ စကား ဖြစ်သည်။

ချစ်သား ရဟန်း....၊မြို့ဟူသောအမည်မှာ သက္ကာယဟူ၍ ခေါ်ဆိုသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အမည်ပင် ဖြစ်သည်။

## မြို့တွင်းတံခါးကြီး ခြောက်ပေါက်

ထိုမြို့အတွင်းတံခါးကြီးခြောက်ပေါက်တို့ ဟူသည်မှာ စက္ခုဒွါရ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဒွါရ တည်းဟူသော ဒွါရခြောက်ပါးပင် ဖြစ်တော့သည်။

ထိုမြို့အတွင်းဝယ် စိုးအုပ်၍ သေသောက်ကြူးတို့နှင့် မူးမူးမေ့မေ့ နေလေ့ရှိသော မင်းသား ဟူသည်မှာ ထိုသက္ကာယဖြစ်သော ခန္ဓာကိုယ်အတွင်းဝယ် ကာမစ္ဆန္ဒ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ တည်းဟူသော နီဝရဏတရား သေသောက်ကြူးတို့နှင့် ရောယှက်၍ မူးမူးမေ့မေ့ လျော့လျော့ ပေါ့ပေါ့ တန်တန် နေသော စိတ်ဝိညာဉ်ကို ဆိုလိုသည်။

လမ်းလေးခွ ဟူသော အမည်မှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တည်းဟူသော မဟာဘုတ်လေးပါးကို ဆိုလိုသည်။

ချစ်သား ရဟန်း....၊ ဘခမည်းတော်ထံမှ စေလွှတ်လိုက်သော သူရဲကောင်းနှင့် အမတ်လိမ္မာ ဤသူနှစ်ယောက်တို့ ဟူသည်မှာ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ ဤနှစ်ပါး ကိုပင် ဆိုလိုသည်။

ခမည်းတော်ထံမှ မှာကြားလိုက်သော ယထာဘူတ အမှန်စကား ဟူသည်မှာ နိဗ္ဗာန်တရား ကိုပင် ဆိုလိုသည်။

မိမိတို့ လာမြဲသော ပကတိလမ်းမှန်အတိုင်း ချမ်းသာရာ လမ်းစဉ်အတိုင်း ပြန်သွားကြသည် ဟူသော စကားအရ ယထာဘူတ လာမြဲတိုင်းသော

လမ်းစဉ် လမ်းဖြောင့် ဟူသည်မှာ အရိယာ အဋ္ဌင်္ဂိက မဂ္ဂင်ကိုပင် ဆိုလိုသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် အရိယာ အဋ္ဌင်္ဂိကမဂ္ဂ မဇ္ဈိမပဋိပဒါ လမ်းကို ပြ၍ ဤကိံသုကောပမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို တပါး သော တရားအားထုတ်လိုသည့် ရဟန်းဘော်ကို အကြောင်းပြု၍ ကရုဏာ ရှေ့ထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကိံသုကောပမသုတ် ပြီး၏

## ဆပ္ပါဏကောပမသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာ ထေရေဟိ ဒသမံ သံဂီတံ ဆပ္ပါဏကောပမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။သက္ကေသုယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "သေယျထာပိ ဘိက္ခဝေ ပုရိသော အရုဂတ္တော ပက္ကဂတ္တော သရဝနံ ပဝိသေယျာ' တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအာသီဝိသဝဂ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ မြတ်တို့ ဆယ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော ဆပ္ပါဏကောပမသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင် ။

ဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ များစွာ သော ရဟန်းတော်တို့ကို အကြောင်းပြု၍ "သေယျထာပိ ဘိက္ခဝေ ပုရိသော အရုဂတ္တော ပက္ကဂတ္တော သရဝနံ ပဝိသေယျ" အစရှိသည်ဖြင့်—

## အနာပေါက်သောယောကျ်ား

ချစ်သား ရဟန်းတို့....၊လောကဥပမာအားဖြင့် ယောကျ်ားတယောက် သည် အနာပေါက်သော ကိုယ်ရှိသည်ဖြစ်၍ အနာတို့ မှည့်သောကိုယ်ရှိသည် ဖြစ်၍ သမန်းမြက်တောသို့ ဝင်ရောက်လေရာသည်။ ထိုယောကျ်ား၏ ခြေ

တို့ကို သမန်းမြက်ဆူးတို့သည်လည်း စူးရာကုန်သည်၊ ထိုယောကျ်ား၏ ကိုယ်အလုံးကို သမန်းမြက်တို့သည်လည်း ရှရာကုန်သည်။

ချစ်သား ရဟန်းတို့....၊ဤသို့ ဖြစ်လတ်သည်ရှိသော် ထိုယောကျ်ားအား အတိုင်းထက်အလွန် ဒုက္ခ ဒေါမနဿ ဝေဒနာတို့ကို ခံစားရာတော့သည်။

ဤနည်းအတူပင်လျှင် ဤသာသနာတော်ဝယ် အချို့သော ရဟန်းသည် ရွာသို့ပင် သွားသည်ဖြစ်စေ မြို့သို့ပင် သွားသည်ဖြစ်စေ တောအရပ်သို့ပင် သွားသည်ဖြစ်စေ များစွာသော ရဟန်းတော်အရှင်သူမြတ်တို့က ဤသူကား မကောင်းသော ကာယသမာစာရရှိသူတည်း၊ ဤသူကား မကျက်စားအပ်သော အဂေါစရဌာနဌ် ကျက်စားသော ပုဂ္ဂိုလ်တည်း၊ ဤသူသည်ကား မစင်ကြယ်သောအားဖြင့် ရွာဝယ် ရွာသူရွာသားတို့၏ ငြောင့်ဆူးသဖွယ် ဖြစ်ပေသည်ဟု ထိုရဟန်း၏ ဣန္ဒြေခြောက်ပါး မစောင့်စည်းမှုကို အကြောင်းပြု၍ ပြောဆိုကြရာသည်။

ချစ်သားရဟန်းတို့....၊ကဏ္ဍက ငြောင့်ဆူးဟူ၍ သိခဲ့လျှင် ဤအရာဝယ် သံဝရ အသံဝရ နှစ်ပါး အာရုံခြောက်ပါး ဒွါရခြောက်ပါးကို၊ စောင့်စည်းမှု မစောင့်စည်းမှု နှစ်ပါးကို သင်ချစ်သားတို့ နားလယ်၍ ကျင့်ရမည်ဟု အကျဉ်းချုပ်အားဖြင့် ဤဆပ္ပါဏကောပမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ အသံဝရော ဝိတ္ထာရေန ဝိဘဇိတွာ ဒေသိတော။

ဝိ။ ။ကထဉ္စ ဘိက္ခဝေ အသံဝရော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ ပိယရူပေ ရူပေ အဓိမုစ္စတိ၊ အပ္ပိယရူပေ ရူပေ ဗျာပဇ္ဇတိ၊ အနုပဋ္ဌိတကာယဿတိ စ ဝိဟရတိ ပရိတ္တစေတသော။ တဉ္စ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ယထာဘူတံ နပ္ပဇာနာတိ၊ ယတ္ထဿ တေ ဥပ္ပန္နာ ပါပကာ အကုသလာ ဓမ္မာ အပရိသေသာ နိရုဇ္ဈန္တိတိ ဧဝမာဒိနာ ဘဂ္ဂေ ဘဂဝတာ တတ္ထ အသံဝရော ဝိတ္ထာရေန ဝိဘဇိတွာ ဒေသိတော။

## မစောင့်စည်းမှုကို ဝေဘန်၍ပြခြင်း

မေး။ ။ထို ဆပ္ပါဏကောပမသုတ္တန် တရားဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အသံဝရ မစောင့်စည်းမှု မစောင့်စည်းပုံကို အဘယ်သို့လျှင် အကျယ်အားဖြင့် ဝေဘန်ခွဲခြား၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဆပ္ပါဏကောပမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် "ကထဉ္စ ဘိက္ခု အသံဝရော ဟောတိ" အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့....၊မစောင့်စည်းမှု မစောင့်စည်းပုံ အဘယ်ပုံ အဘယ်ပန်း ဖြစ်သနည်းဟူမူကား——ဤသာသနာတော်ဝယ် တစုံတယောက်သော ရဟန်းသည် စက္ခုဒွါရဖြင့် ရူပါရုံကို မြင်၍သော်၎င်း သောတဒွါရဖြင့် သဒ္ဒါရုံကို ကြား၍သော်၎င်း ဃာနဒွါရဖြင့် ဂန္ဓာရုံကို နမ်းရှုပ်၍သော်၎င်း ဇိဝှါဒွါရဖြင့် ရသာရုံကို လျက်၍သော်၎င်း ကာယဒွါရဖြင့် ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိ၍သော်၎င်း မနောဒွါရဖြင့် ဓမ္မာရုံကို သိရှိ၍သော်၎င်း မိမိမနှစ်သက်အပ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့ ဖြစ်ခဲ့လျှင် ဒေါသတရားကြီးစွာ ဖြစ်ပွါးခဲ့ပေသည်။ နှစ်သက်အပ်သော အာရုံခြောက်ပါး ဖြစ်ခဲ့ပါလျှင် ထိုချစ်နှစ်သက်အပ်သော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မတည်းဟူသော အာရုံခြောက်ပါးပါးတို့၌ လောဘဖြင့် စိတ်ညွတ်၍ နေတော့သည်။ထိုပုဂ္ဂိုလ်အား ကာယဂတာသတိလည်း လုံးဝမထင်ဘဲ ရှိတော့သည်။ ထိုပုဂ္ဂိုလ်အား စေတောဝိမုတ္တိ ပညာဝိမုတ္တိ အမည်ရသော အကုသိုလ်တရားတို့၏ ချုပ်ငြိမ်းရာ အရဟတ္တမဂ် အရဟတ္တဖိုလ် တရားကို လုံးလုံးပင် မသိ ဖြစ်ပေတော့သည်။

## သတ္တဝါခြောက်မျိုး

ချစ်သား ရဟန်းတို့....၊ လောကဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် မြွေကိုင်း,မိကျောင်းကိုင်း,ကောင်းကင်မှာ ပျံသန်းသော ငှက်ဆင်ကိုင်း,အိမ်ခွေးကိုင်း,တောခွေးကိုင်း,မျောက်ကိုင်း၊ ဤခြောက်မျိုးသော သတ္တဝါတို့ကို အသီးအသီး မြဲမြံစွာ ကြိုးဖြင့် ဖွဲ့နှောင် အလည်ခေါင်ဝယ် အထုံးပြု၍ ထိုခြောက်မျိုးသော သတ္တဝါတို့အား လွှတ်၍ ထားခဲ့ရာ၏။

ထိုခြောက်မျိုးသော သတ္တဝါတို့သည် မိမိတို့ ကျက်စားရာ စားကျက် ရှိရာသို့ပင်လျှင် မြွေသည် တောင်ဘို့ ရှိရာသို့ ဆွဲခဲ့လေသည်။ မိကျောင်းသည် လည်း ရေအတွင်းသို့ ဆွဲဆောင်ခဲ့လေသည်။ ငှက်သည်လည်း ကောင်းကင်သို့ ဆွဲဆောင်ခဲ့လေသည်။ အိမ်ခွေးသည်လည်း ရွာ၏အတွင်း ခုံလောက်တို့၏ အကြားသို့ ဆွဲဆောင်ခဲ့လေသည်။ တောခွေးသည်လည်း မိမိ၏ ကျက်စား ရာ ဂေါစရဂမ် ဖြစ်သော သုသာန်တစ သင်းချိုင်းဝသို့ ဆွဲဆောင်ခဲ့ရာလေ သည်။ မျောက်သည်လည်း မိမိစားကျက် ဖြစ်သော တောအရပ်သို့ ဆွဲ ဆောင်ရာလေသည်။

ချစ်သား ရဟန်းတို့....၊အကြင်အခါ၌ ထိုခြောက်မျိုးသော သတ္တဝါတို့ သည် ပင်ပန်းကြကုန်ငြားအံ့၊ ထိုအခါ အားရှိရာ သတ္တဝါနောက်သို့ ကောက် ကောက်ပါအောင် လိုက်၍ သွားကြရကုန်သည်။

ထိုအတူပင်လျှင် ချစ်သား ရဟန်းတို့....၊အမှတ်မထင် အကြင်ရဟန်း၏ သန္တာန်ဝယ် ကာယဂတာသတိ တည်းဟူသော ဒွတ္တိံသကာယကို သတိဖြင့် နှလုံးသွင်းမှု အလျဉ်းမရှိခဲ့။ ဒွတ္တိံသ ကာယဂတာသတိ ကင်းမဲ့သော ထို ရဟန်းအား စက္ခုဒွါရဖြင့် ရူပါရုံ, သောတဒွါရဖြင့် သဒ္ဒါရုံ, ဃာနဒွါရဖြင့် ဂန္ဓာရုံ, ဇိဝှါဒွါရဖြင့် ရသာရုံ, ကာယဒွါရဖြင့် ဖောဋ္ဌဗ္ဗာရုံ, မနောဒွါရဖြင့် ဓမ္မာရုံဝယ် ဆိုအပ်ပြီးသော ခြောက်မျိုးသော သတ္တဝါတို့သည် အသီးအသီး မိမိတို့၏ စားကျက်သို့ ဆွဲဆောင်ဘိသကဲ့သို့ ထိုရဟန်းအား ထိုဒွါရခြောက် ပါးတို့သည် ထိုအာရုံခြောက်မျိုး တည်းဟူသော မိမိတို့ စားကျက်သို့ ဆွဲ ဆောင်ရာတော့သည်။

ချစ်သား ရဟန်းတို့....၊ဤသည်ပင်လျှင် မစောင့်စည်းပုံ ဖြစ်တော့သည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် မစောင့်စည်းပုံ အခြင်းအရာကို ခြောက်မျိုး သော သတ္တဝါတို့ကို ဥပမာထား၍ စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါ သည် အရှင်ဘုရား။

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ သံဝရော ဝိဘဇိတွာ ဝိတ္ထာရေန ဒေသိတော။

ဝိ။ ။ကထဉ္စ· ဘိက္ခဝေ သံဝရော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ ပိယာရူပေ ရူပေ နာဓိမုစ္စတိ၊အပ္ပိယရူပေ ရူပေ န ဗျာပဇ္ဇတိတိ၊

ဧဝမာဒိနာ ဘန္တေ ဘဂဝတာ တတ္ထ သံဝရော ဝိဘဇိတွာ ဝိတ္ထာရေန ဒေသိတော။

## စောင့်စည်းမှုကို ဝေဘန်၍ပြခြင်း

မေး။ ။ထိုဆပ္ပါဏကောပမ သုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညု မြတ်စွာဘုရားသခင်သည် သံဝရစောင့်စည်းမှု ဖြစ်ပုံကို အဘယ်သို့လျှင် အကျယ်အားဖြင့် ဝေဘန်ခွဲခြား၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဆပ္ပါဏကောပမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညု မြတ်စွာဘုရားသည်"ကထဉ္စ ဘိက္ခဝေ သံဝရော ဟောတိ"အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊စောင့်စည်းမှု သံဝရဖြစ်ပုံကား ဤသာသနာတော် ဝယ် အမှတ်မထင် တစုံတယောက်သော ရဟန်းသည် စက္ခုဒွါရဖြင့် ရူပါရုံကို မြင်၍သော်၎င်း သောတဒွါရဖြင့် သဒ္ဒါရုံကို ကြား၍သော်၎င်း ဃာနဒွါရဖြင့် ဂန္ဓာရုံကို နမ်းရှုပ်၍သော်၎င်း ဇိဝှါဒွါရဖြင့် ရသာရုံကို လျက်၍သော်၎င်း ကာယဒွါရဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍သော်၎င်း မနောဒွါရဖြင့် ဓမ္မာရုံကို သိရှိ၍သော်၎င်း မိမိနှစ်သက်အပ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာ ရုံ ဓမ္မာရုံတို့၌ သတိတရား လက်ရှိထားပြီးလျှင် လောဘဖြင့် ညွတ်ကိုင်းမှုမရှိခဲ့ ချေ၊ မိမိမနှစ်သက်အပ်သော အာရုံခြောက်ပါးပင် ဖြစ်သင့်ကစား သတိတရား ကို လက်ရှိထား၍ အမျက်တရားကို မပွါးများစေခဲ့။

ချစ်သားရဟန်းတို့....၊ထိုသို့ သတိတရား လက်ရှိထားသော ရဟန်းတော် အရှင်သူမြတ်သည် ကာယဂတာသတိ လက်ရှိထား၍လည်း နေပေ၏။ ဆို အပ်ပြီးသော အကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာ စေတောဝိမုတ္တိ, ပညာဝိမုတ္တိ အမည်ရသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကိုလည်း ဉာဏ်ဖြင့် ဆကာ သိ၍ နေရာပါပေ၏။

## သတ္တဝါခြောက်မျိုးကို ကြိုးဖြင့်ဘမ်းခြင်း

ချစ်သားရဟန်းတို့....၊လောကဥပမာအားဖြင့် ဆိုအပ်ပြီးသော ခြောက် မျိုးသော သတ္တဝါတို့ကိုပင် ဉာဏ်အမြင်ရှိသော ယောကျ်ားတယောက်သည် ဘမ်းယူ၍ ရှေးဦးစွာ မြွေကို ခိုင်မာသော ကြိုးဖြင့် ဘမ်းယူရာသည်။ ထို့နောက်

မိကျောင်းကိုင်း,ထို့နောက် ငှက်ကိုင်း,ထို့နောက် အိမ်ခွေးကိုင်း, ထို့နောင် တောခွေးကိုင်း, ထို့နောင် တောမျောက်ကိုင်း အသီးအသီး တချောင်း တချောင်းစီသော ကြိုးဖြင့် ဖွဲ့နှောင်ပြီးလျှင် ထိုခြောက်မျိုးသော သတ္တဝါတို့ကို မြဲခိုင်စွာ စိုက်အပ်သော ငုတ်၌ဖြစ်စေ, တိုင်၌ ဖြစ်စေ မြဲမြံစွာ ချည်၍ ထားရာပေသည်။

ချစ်သား ရဟန်းတို့....၊ ထိုခြောက်မျိုးသော သတ္တဝါတို့သည် မိမိတို့ စားကျက်ရှိရာ အရပ်သို့ပင်လျှင် မြွေသည်လည်း တောင်ပို့ရှိရာ အရပ်သို့ တအားကုန် ဆွဲငင်၍ ရုန်းကန်ရာ၏၊ မိကျောင်းသည်လည်း ရေသို့ပင် ဆွဲငင် ရုန်းကန်လေရာ၏။

ချစ်သား ရဟန်းတို့....၊ ငှက်ဆင်သည်လည်း မိမိ၏စားကျက်ရှိရာ ကောင်းကင်သို့ ရုန်းကန်လေရာ၏။ အိမ်ခွေးသည်လည်း မိမိ၏စားကျက်ဖြစ် သော ရွာတွင်းသို့ပင်လျှင် တအား ရုန်းကန်လေရာ၏၊ တောခွေးသည်လည်း မိမိ၏စားကျက်ဖြစ်သော သုသာန်တစ သင်းချိုင်းဝသို့ သာလျှင် ရည်ရွယ်၍ ရုန်းကန်လေရာ၏။ မျောက်သည်လည်း မိမိ၏စားကျက်ဖြစ်သော တောအရပ် သို့ ရောက်အောင်ဟူ၍ ရုန်းကန်လေရာ၏။

ချစ်သား ရဟန်းတို့....၊အကြင်အခါဝယ် ထိုခြောက်မျိုးသော သတ္တဝါတို့ သည် မည်သို့ပင် ရုန်းကန်သော်လည်း ခိုင်မာသော တိုင်၌ ချည်အပ် ဖွဲ့နှောင် အပ်သည်ဖြစ်၍ ရုန်းကန်ခြင်းငှါ မစွမ်းနိုင်ဘဲ ပင်ပန်းနွမ်းနယ်ကြကုန်၏။ ထိုအခါဝယ် ထိုခြောက်မျိုးသော သတ္တဝါတို့သည် ဖွဲ့နှောင်ရာတိုင်၏ အရင်း မှာပင်လျှင် လျောင်း၍သော်ငြား ထိုင်၍သော်ငြား ရပ်၍သော်ငြား ခွေ၍ သာလျှင် နေရာဘိသကဲ့သို့ ထို့အတူ ဤသာသနာတော်ဝယ် အမှတ်မထင် အကြင်ရဟန်းအား ကာယဂတာသတိ တရားကို ပွါးများပြီး အားထုတ်ပြီး ဖြစ်ပါတော့၏။ ထိုရဟန်း၏ သန္တာန်ဝယ် ဆိုအပ်ပြီးသော သတ္တဝါခြောက်မျိုး နှင့် တူလှသော ရှေးဦးစွာ မြွေနှင့်တူသော စက္ခုန္ဒြေသည် ရူပါရုံရှိရာစားကျက် သို့ ရုန်းကန်သော်လည်း ရူပါရုံ စားကျက်သို့ မသွားနိုင်ဘဲ ရှိရာတော့သည်။

မိကျောင်းနှင့်တူသော သောတိန္ဒြေသည်လည်း မိမိ၏စားကျက်ဖြစ် သော သဒ္ဒါရုံရှိရာအရပ်သို့ ရုန်းကန်ပါသော်လည်း သတိတည်းဟူသော တိုင်

ဝယ် ဖွဲ့နှောင်၍ ထားအပ်သဖြင့် မိမိစားကျက်သို့ မသွားရောက်နိုင်ဘဲ ရှိတော့သည်။

ဃာနိန္ဒြေ တည်းဟူသော ငှက်ဆင်သည်လည်း မိမိ၏ စားကျက်ဖြစ်သော ဂန္ဓာရုံ ရှိရာအရပ်သို့ ဆွဲဆောင်ခြင်းငှါ မစွမ်းနိုင်ဘဲ သတိတည်းဟူသော တိုင်၏ ခြေရင်းဝယ် ခွေစင်း၍သာ နေရာပေသည်။

ဇိဝှိန္ဒြေ တည်းဟူသော အိမ်ခွေးသည်လည်း မိမိ၏စားကျက် ဖြစ်သော ရွာတွင်း ခုံလောက်တွင်းနှင့် တူသော ရသာရုံသို့ ဆွဲဆောင်ခြင်းငှါ မစွမ်းနိုင်ဘဲ သတိတည်းဟူသော တိုင်၏ခြေရင်းဝယ် ဝပ်စင်း၍သာလျှင် နေရာတော့သည်။

ကာယိန္ဒြေ ကာယဒွါရ တည်းဟူသော တောခွေးသည်လည်း သုသာန်တစ သင်းချိုင်းဝနှင့် တူသော မိမိ၏စားကျက် ဖြစ်သော ဖောဋ္ဌဗ္ဗာရုံသို့ ဤခန္ဓာကိုယ်၏ စိတ်ကို ဆွဲဆောင်ခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ သတိ တည်းဟူသော တိုင်၏ခြေရင်းမှာပင် ဝပ်စင်း၍ နေရာတော့သည်။

မနိန္ဒြေ မနောဒွါရ တည်းဟူသော တောမျောက်သည်လည်း မိမိ၏ ကျက်စားရာ စားကျက်ဖြစ်သော တောနှင့်တူသည့် ဓမ္မာရုံသို့ စိတ်ကို ဆွဲဆောင်ခြင်းငှါ မတတ်နိုင်ဘဲ သတိ တည်းဟူသော တိုင်ခြေရင်းမှာပင် ခွေစင်း၍ နေရာတော့သည်။

ချစ်သား ရဟန်းတို့....၊ဤနည်းအတူပင်လျှင် အမှတ်မထင်သော အကြင် ရဟန်းတော်အား ကာယဂတာသတိ ဘာဝနာကို မြဲမြံစွာ အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် လေ့လာပွါးများအပ်သည် ဖြစ်ငြားအံ့၊ ထိုရဟန်း၏ သန္တာန်ဝယ် စက္ခုန္ဒြေသည်လည်း ရူပါရုံသို့ လောဘဖြင့် မဆွဲဆောင်၊ ဒေါသဖြင့်လည်း မဆွဲဆောင်နိုင်ဘဲ ရှိတော့သည်။ သောတိန္ဒြေသည် သဒ္ဒါရုံသို့၊ ဃာနိန္ဒြေသည် ဂန္ဓာရုံသို့၊ ဇိဝှိန္ဒြေသည် ရသာရုံသို့၊ ကာယိန္ဒြေသည် ဖောဋ္ဌဗ္ဗာရုံသို့၊ မနိန္ဒြေသည် ဓမ္မာရုံသို့ စိတ်ကို ဆွဲဆောင်ခြင်းငှါ မစွမ်းနိုင်ဘဲ ရှိရာတော့သည်။

ချစ်သား ရဟန်းတို့....၊မြဲမြံစွာ ဖွဲ့နှောင်ရာတိုင် ဟူသော အမည်သည်ကား ကာယဂတာသတိ၏ အမည်ပင် ဖြစ်တော့သည်။ သို့ရကား သင်ချစ်သားတို့သည် ငါတို့သည်ကား ကာယဂတာသတိ ဘာဝနာကို ကောင်းစွာ လေ့လာပွါးများတော့မည် ဟူ၍ ဤသို့လျှင် သင်ချစ်သားတို့သည် ကျင့်ကြံကြိုးကုတ်

အားထုတ်ရာသည် ဟူ၍ သံဝရတရားဝယ် ကာယဂတာသတိ ဩဝါဒအဆုံး အမကို ဖော်ပြ၍ ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် သံဝရတရားကို အကျယ်အားဖြင့် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

ဆပ္ပါဏကောပမသုတ် ပြီး၏။

---

## ဝေဒနာသံယုတ်

## ဒွေဗွသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဝေဒနာသံယုတ္တေ ပဌမံ ဒွေဗွသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ။ ကတမာ တိဿော၊ သုခါ ဝေဒနာ ဒုက္ခာဝေဒနာ အဒုက္ခမသုခါ ဝေဒနာ။ သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ၊ ဒုက္ခာ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ၊ အဒုက္ခမသုခါ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ မြတ်စွာဘုရားသခင်သည် ဝေဒနာသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင် ထားခဲ့သော ငါးခုမြောက်ဖြစ်သော ဒွေဗွသုတ် တရားတော်ကို အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

### ဝေဒနာသုံးမျိုး

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း အရပ်၌ များစွာသော တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ "တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ။ကတမာ တိဿော၊ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ" အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....၊ခံစားမှု ဝေဒနာသဘောတို့ ဟူသည် သုံးပါးရှိကုန် သည်။ သုံးပါးတို့ ဟူသည်မှာ မပင်မပန်း ချမ်းသာစွာ ခံစားခြင်း သုခဝေဒနာ

တပါး၊ ပင်ပန်းရှိရှားစွာ ခံစားခြင်းဒုက္ခဒေဝနာတပါး၊ အလယ်အလတ် လျစ်လျူရှုသောအားဖြင့် ခံစားခြင်း ဥပေက္ခာဝေဒနာတပါး ဟူ၍ သုံးပါးတို့ ဖြစ်သည်။

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

ချစ်သား ရဟန်းတို့...၊သုခဝေဒနာကို သုခဝေဒနာအနေဖြင့် မရှုဘဲ ဖောက်ပြန်ပျက်စီးမည့် ဒုက္ခအရိပ်နိမိတ်ကို ဆင်ခြင်ပြီးလျှင် ဒုက္ခဟူ၍သာလျှင် ဉာဏ်ပညာမျက်စိဖြင့် အဖန်ဖန်အထပ်ထပ် ရှုကြည့်အပ် ရှုကြည့်သင့်ပေ သည်။

ဒုက္ခဒေဝနာကိုကား စူးဝင်တတ်သော မြှားငြောင့်မျိုးအနေဖြင့် အဖန် ဖန် အထပ်ထပ် ဉာဏ်ပညာမျက်စိဖြင့် ရှုမြင်အပ် ရှုမြင်သင့် ပေသည်။

ဥပေက္ခာဝေဒနာကိုကား အနိစ္စအခြင်းအရာအားဖြင့် ဉာဏ်ပညာ မျက်စိဖြင့် ရှုမြင်အပ် ရှုကြည့်အပ် ရှုကြည့်သင့်ပေသည်။

ချစ်သား ရဟန်းတို့...၊အကြင်အခါ၌ ရဟန်း၏ ဉာဏ်ဝဝယ် သုခဝေဒနာ ကို ဝိပရိဏာမ ဒုက္ခအနေအားဖြင့်၎င်း, ဒုက္ခဝေဒနာကိုမြှားငြောင့်မျိုးအနေ အားဖြင့်၎င်း,ဥပေက္ခာဝေဒနာကို အနိစ္စ အခြင်းအရာအားဖြင့်၎င်း ကောင်းစွာ မြင်အပ်သည် ရှုအပ်သည် ဖြစ်ပါငြားအံ့၊ ထိုရဟန်းကို ကောင်းစွာ ဉာဏ် အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရတော့သည်။ ထိုရဟန်းသည် တဏှာသမုဒယ သံယောဇဉ်ကို ဖြတ်တောက်သည် ဖြစ်တော့သည်။ သံယော ဇဉ်ကို နစ်စေ ရပ်စေသော ရဟန်းပင် ဖြစ်တော့သည်။ မာနကို အကြွင်းမဲ့ ပယ်ပြီး ဖြစ်သောကြောင့် ဆင်းရဲဒုက္ခ၏အဆုံးကို ပြုပြီးပင် ဖြစ်တော့သည်ဟု မိန့်ကြားတော်မူပြီးလျှင် တိက္ခပညာပုဂ္ဂိုလ်တို့၏ အလိုငှါ——

ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခမဒ္ဒက္ခိ သလ္လတော။
အဒုက္ခမသုခံ သန္တံ၊ အဒ္ဒက္ခိ နံ အနိစ္စတော။
သ ဝေ သမ္မဒ္ဒသော ဘိက္ခု၊ ပရိဇာနာတိ ဝေဒနာ။
သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။

ဟု ဤဒဋ္ဌဗ္ဗသုတ္တန် အမည်ရသော ဝေဒနာသုံးပါး၌ ဉာဏ်ပညာမျက်စိဖြင့် ရှုကြည့်ပုံ အခြင်းအရာကို ဖော်ပြရာ ဖြစ်သော တရားဒေသနာတော်မြတ်ကို သက္ကတိုင်း ကပိလဝတ်ပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒဋ္ဌဗ္ဗသုတ် ပြီး၏

---

## သလ္လသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဆဋ္ဌံ သလ္လသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "အဿုတဝါ ဘိက္ခဝေ ပုထုဇ္ဇနော သုခမ္ပိ ဝေဒနံ ဝေဒယတိ၊ ဒုက္ခမ္ပိ ဝေဒနံ ဝေဒယတိ၊အဒုက္ခမသုခမ္ပိ ဝေဒနံ ဝေဒယတိ။ သုတဝါ ဘိက္ခဝေ အရိယသာဝကော သုခမ္ပိ ဝေဒနံ ဝေဒယတိ၊ ဒုက္ခမ္ပိ ဝေဒနံ ဝေဒယတိ၊ အဒုက္ခမသုခမ္ပိ ဝေဒနံ ဝေဒယတိ။ တတြ ဘိက္ခဝေ ကော ဝိသေသော၊ ကော အဓိပ္ပယာသော၊ ကိံ နာနာကရဏံ သုတဝတော အရိယသာဝကဿ အဿုတဝတာ ပုထုဇ္ဇနေနာ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဝေဒနာသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ခြောက်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော သလ္လသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းအရပ်ဝယ် များစွာသော တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ "အဿုတဝါ ဘိက္ခဝေ ပုထုဇ္ဇနော သုခမ္ပိ ဝေဒနံ ဝေဒယတိ" အစရှိသည်ဖြင့်—

## ဝေဒနာသုံးမျိုး ခံစားပုံ

ချစ်သားရဟန်းတို့....သင်ချစ်သားတို့အား ငါဘုရား တခုမေးမြန်းမည်။ ပညာဗဟုဿုတ အလျှဉ်းကင်းမဲ့သော အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်သည် သုခ ဝေဒနာကိုလည်း ခံစားသည်၊ ဒုက္ခဝေဒနာကိုလည်း ခံစားသည်။ ဥပေက္ခာ ဝေဒနာကိုလည်း ခံစားသည်။ ပညာဗဟုဿုတနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သားသည်လည်း သုခဝေဒနာကိုလည်း ခံစားသည်၊ ဒုက္ခဝေဒနာကို လည်း ခံစားပေသည်၊ ဥပေက္ခာဝေဒနာကိုလည်း ခံစားပေသည်။

ချစ်သား ရဟန်းတို့....ထိုသို့ အန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်နှင့် ဉာဏ်ပညာ ဗဟုဿုတနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သားသာဝကတို့ သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့ကို ခံစားရာ၌ ဉာဏ်ပညာဗဟုဿုတနှင့် ပြည့်စုံသော ငါ ဘုရား၏ တပည့်သား သာဝကနှင့် အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ခြားနား ချက် ထူးခြားချက်ကား အဘယ်သို့ ရှိပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ များစွာသော ရဟန်းတော်အရှင်သူမြတ်တို့က "ဘဂဝံ မူလကာ နော ဘန္တေ ဓမ္မာ၊ ဘဂဝံ နေတ္တိကာ၊ ဘဂဝံ ပဋိသရဏာ" အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်တို့ သိအပ်သော တရားတော် အလုံးစုံတို့သည် ရှင်တော်ဘုရားလျှင် အရင်းအမြစ် ရှိပါကုန်တော့သည်၊ ရှင်တော်ဘုရားလျှင် ရှေ့သွားရှိပါကုန်တော့သည်၊ ရှင် တော်ဘုရားလျှင် လည်းလျှောင်းရာ ရှိပါကုန်သည်။

သာဓု ဝတ ဘန္တေ ဘဂဝန္တံ ယေဝ ပဋိဘာတု——ဘုန်းတော်ကြီးမြတ် တော်မူလှသော မြတ်စွာဘုရား....၊ ဤယခုမေးမြန်းအပ်သော စကားတော်၏ အနက်အဓိပ္ပါယ် အကျယ်ဝိတ္ထာရ ဖြစ်သော သဘောကို ရှင်တော်ဘုရား၏ ဉာဏ်ဝမှာပင် ထင်တော်မူပါ၊ဟောကြားတော်မူပါ၊ ရှင်တော်ဘုရား၏ အထံမှ ကြားနာကြရကုန်သည်ရှိသော် များစွာသော ရဟန်းတော်တို့သည် မှတ်သား နာယူကြပါကုန်လိမ့်မည် ဟု တောင်းပန်လျှောက်ထားလာတ်ပါသည်။

## အန္ဓဗာလပုထုဇဉ်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ချစ်သား ရဟန်းတို့....၊ဤလောက၌ ဉာဏ်ပညာဗဟုဿုတမရှိသော အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာကို

ခံစားသည် ဆိုပါစို့....၊ထိုအန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်သည် ရှေးကံအကြောင်း မကောင်းသဖြင့် အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ဆုံ၍ ကာယိက ဒုက္ခဝေဒနာ မိမိကိုယ်ပေါ်သို့ ရောက်ရှိလာသောအခါ ယောနိသော မနသိကာရကို မရရှိဘဲ စိုးရိမ်သည်၊ပင်ပန်းသည်၊ ငိုကြွေးသည်၊ ရင်ပပ် စည်တီး မြည်တမ်းတော့သည်၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်ပါတော့သည်။

ချစ်သားရဟန်းတို့....၊ထိုသို့ ဖြစ်သောအခါ ထိုအန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်သည် မူလပဌမ ကျရောက်ရင်း ဖြစ်သော ကာယိကဒုက္ခဝေဒနာ, နောက်ထပ် စိတ်ပေါ်ဝယ် ကျရောက်သော စေတသိက ဒုက္ခဝေဒနာ နှစ်မျိုးကို ခံစားရပေတော့သည်။

ချစ်သားရဟန်းတို့....၊လောကဉပမာအားဖြင့် ကံမကောင်း အကြောင်းမလှသော ယောကျ်ားတယောက်၏ ကိုယ်ခန္ဓာပေါ်ဝယ် ပဌမဦးစွာ မြှားတစင်း ကျရောက်လာသည် ဆိုပါစို့....၊ထိုပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာပေါ်မှာပင် နောက်ထပ်တဖန် မြှားတစင်း ကျရောက်ပြန်သောအခါ ထိုယောကျ်ားသည် နှစ်ခုသော မြှားတို့ဖြင့် သည်းစွာသော ဒုက္ခဝေဒနာကို ခံစားရသကဲ့သို့ ထို့အတူပင်လျှင် အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်အား ရှေးဦးစွာ ကျရောက်သော ကာယိက ဒုက္ခဝေဒနာ,ယောနိသော မနသိကာရ နှလုံးသွင်းကောင်း မရရှိသဖြင့် နောက်ထပ်တဖန် စိတ်သန္တာန်ဝယ် ကျရောက်သော စေတသိက ဒုက္ခဝေဒနာ နှစ်မျိုးကို သည်းထန်စွာပင် ခံစားရပေတော့သည်။

ချစ်သားရဟန်းတို့....၊ထိုအန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်သည် ဤသို့ ကာယိက ဒုက္ခ စေတသိက ဒုက္ခဝေဒနာ နှစ်ပါးတို့ဖြင့် တွေ့ထိနှိပ်စက်အပ်သည်ရှိသော် ဒုက္ခဝေဒနာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း နိဿရဏတရားကောင်း အစစ်အမှန်ကို မသိနိုင်ရှာသည့်အတွက် ကာမချမ်းသာကိုပင်လျှင် အဖန်ဖန် အထပ်ထပ် တောင့်တနေပေတော့သည်။

ချစ်သား ရဟန်းတို့....၊ထိုအန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ နှိပ်စက်လေလေ ကာမချမ်းသာကို တောင့်တလေလေ ဖြစ်တော့သည်။

ချစ်သား ရဟန်းတို့....၊ထိုအန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်သည် ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်ပါးကို ခံစားလတ်သည်ရှိသော် ပြင်းထန်စွာ အမျက်ထွက်လတ်တော့သည်။ ထိုသို့ ပြင်းထန်စွာ အမျက်ထွက်သော ထိုအန္ဓဗာလပုထုဇဉ်

ပုဂ္ဂိုလ်အား ဒုက္ခဝေဒနာပေါ်၌ နောက်ထပ်တဖန် ဒေါသဖြစ်ဘို့ရန် ပဋိဃာနုသယ မျိုးစေ့ကား ကိန်းအောင်းခဲ့လေတော့သည်။

ချစ်သားရဟန်းတို့....၊ထိုအန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်သည် ထိုဒုက္ခဝေဒနာနှစ်မျိုးတို့ဖြင့် အဖန်ဖန်အထပ်ထပ် နှိပ်စက်အပ်သည်ရှိသော် အခြားတပါးသော ဒုက္ခဝေဒနာမှ လွတ်မြောက်ကြောင်း ကောင်းသော ဥပါယ်ကို မမြင်လတ်သည်ဖြစ်၍ ကာမချမ်းသာကိုပင် ထပ်ကာ ထပ်ကာ တောင့်တလေတော့သည်။ ထိုသို့ တောင့်တသော အဿုတဝါ ပုထုဇဉ်, အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်ကား ကာမချမ်းသာ ပေါ်ခိုက် ကာမရာဂါနုသယ တည်းဟူသော လောဘဖြစ် ဘို့ရန် အနုသယမျိုးစေ့ကား ကိန်းဝပ်စွဲတည်ခဲ့ပေတော့သည်။

ချစ်သား ရဟန်းတို့....၊ ထိုအန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော သုခဝေဒနာ ဒုက္ခဝေဒနာ တို့၏ဖြစ်ပုံ သမုဒယကိုရင်း, ချုပ်ပုံ အတ္ထင်္ဂမကိုရင်း, သာယာဖွယ် အဿာဒအပြစ်ဒေါသ အာဒီနဝလွတ်မြောက်ကြောင်း နိဿရဏကိုရင်း ယထာဘူတ နေရာကျ မသိဘဲ ရှိတော့သည်။ သို့မသိသော အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်အား ဥပေက္ခာဝေဒနာလျှင် တည်ရာဘူမိ ရှိသော အဝိဇ္ဇာနုသယ နောက်တဖန် ဤသန္တာန်ဝယ် မောဟတို့ ဖြစ်ပွါးဘို့ရန် အဝိဇ္ဇာ မျိုးစေ့သည် ကိန်းတည် စွဲဝပ်ခဲ့လေတော့သည်။

ချစ်သား ရဟန်းတို့....၊ထိုသို့ သုခဝေဒနာ၌ ကာမရာဂါနုသယ၊ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ၊ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ မကင်းသော အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်သည် သုခဝေဒနာကိုပင် ခံစားသည် ဖြစ်စေ, ဒုက္ခဝေဒနာကိုပင် ခံစားသည်ဖြစ်စေ, ဥပေက္ခာဝေဒနာကိုပင် ခံစားသည်ဖြစ်စေ, လောဘ ဒေါသ မောဟတို့နှင့် ယှဉ်၍သာလျှင် ခံစားတော့သည်။

ဤသို့ ဝေဒနာသုံးပါးကို လောဘ ဒေါသ မောဟ အကုသိုလ်တရားတို့နှင့် ယှဉ်၍ ခံစားသော ပုဂ္ဂိုလ်ကို ဇာတိနှင့်ယှဉ်မိ တွဲမိ စပ်မိ ဖွဲ့မိသောပုဂ္ဂိုလ်၊ ဇရာနှင့်၊ မရဏနှင့်၊ သောကနှင့်၊ ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသနှင့် ယှဉ်မိ တွဲမိ စပ်မိ ဖွဲ့မိသောပုဂ္ဂိုလ်၊ သံသရာဝဋ်ဒုက္ခနှင့် ယှဉ်မိ တွဲမိ စပ်မိ ဖွဲ့မိသော ပုဂ္ဂိုလ်ဟူ၍သာလျှင် ငါဘုရားဟောဆိုအပ်တော့သည်။

## တပည့်သာဝကမျိုးနှင့် ဝေဒနာသုံးမျိုး

ချစ်သား ရဟန်းတို့....ဤဏ်ပညာဗဟုဿုတနှင့်ပြည့်စုံသော ငါဘုရား၏ တပည့်သားသာဝကသည်မူကား တစုံတခု ရှေးကံအကြောင်း မကောင်းလှသဖြင့် ကိုယ်ကာယပေါ်ဝယ် အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံကျရောက်သဖြင့်ကာယိကဒုက္ခ ဝေဒနာကို ခံစားရသောအခါ ရှိပါသည်။ ထိုအခါ ယောနိသော မနသိကာရ လက်ကိုင်ထားရှိသဖြင့် ထိုကာယိကဒုက္ခဝေဒနာအပေါ်ဝယ် ထိုငါဘုရား၏ တပည့်သား သာဝကသည် စိုးရိမ်ခြင်းလည်းမရှိ။ ပင်ပန်းခြင်းလည်းမရှိ။ ငို ကြွေးမြည်တမ်း ခြင်းလည်း မရှိ၊ ပြင်းစွာတွေဝေခြင်းလည်းမရှိ။ သို့ရကား ထိုငါဘုရား၏ တပည့်သား သာဝကသည် ကာယိကဒုက္ခဝေဒနာ တမျိုးကို သာလျှင် ခံစားရပေတော့သည်။

ချစ်သား ရဟန်းတို့....ထိုအရိယာသာဝက ငါဘုရား၏တပည့်သားသည် ကာယိကဒုက္ခ ကိုယ်ခန္ဓာဝယ် နှိပ်စက်ကျရောက်သောအခါ အမျက်ဒေါသ ပဋိဃတရားကိုလည်း မဖြစ်စေ၊ သို့မဖြစ်စေရကား ဒုက္ခဝေဒနာပေါ်ဝယ် ပဋိဃာနုသယလည်း မကိန်းတော့ပေ။

ချစ်သား ရဟန်းတို့....ငါဘုရား၏ တပည့်သား သာဝက ဖြစ်သော ထိုသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်သူမြတ်သည် ကာယိကဒုက္ခဝေဒနာဖြင့် နှိပ်စက် လတ်သောအခါ ဒုက္ခဝေဒနာ၏ တကယ်လွတ်ရာ လွတ်ကြောင်း နိဿရဏ အစစ်အမှန် တရားကောင်းကို သိသဖြင့် ကာမချမ်းသာတို့ကို တောင့်တခြင်း မရှိခဲ့။ သို့ မတောင့်တသဖြင့် ကာမသုခဝေဒနာပေါ်၌ နောက်ထပ်တဖန် လောဘဖြစ်ရန် ရာဂါနုသယလည်း မကိန်းတော့ပေ။

ချစ်သား ရဟန်းတို့....ငါဘုရား၏တပည့်သား သာဝကဖြစ်သော သုတ ဝန္တ ပုဂ္ဂိုလ်သည် ထိုဆိုအပ်ပြီးသော ဝေဒနာတို့၏ ဖြစ်ပုံ သမုဒယ, ချုပ်ပုံ အတ္ထင်္ဂမ, သာယာဘွယ် အဿာဒ, အပြစ်ဒေါသ အာဒီနဝ, လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နိဿရဏတည်းဟူသော တရားကောင်းတို့ကို ယထာ ဘူတ နေရာကျပင် သိမြင်ပေတော့သည်။ သို့ သိမြင်သော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်၏သန္တာန်ဝယ် အဝိဇ္ဇာနုသယကား မကိန်းဘဲ ရှိပေတော့သည်။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အတိုင်း သုခဝေဒနာ၌ ရာဂါ နုသယ,ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ,ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ မကိန်း

မတည်သော ကလျာဏပုထုဇဉ် ငါဘုရား၏တပည့်သား သာဝကပုဂ္ဂိုလ်သည် သုခဝေဒနာကိုပင်ဖြစ်စေ, ဒုက္ခဝေဒနာကိုပင်ဖြစ်စေ, ဥပေက္ခာဝေဒနာကိုပင် ဖြစ်စေ ခံစားလတ်သောအခါ ရာဂ ဒေါသ မောဟ တို့နှင့် မယှဉ်မူ၍သာလျှင် ဝေဒနာသုံးပါးကို ခံစားတော့သည်။

ချစ်သား ရဟန်းတို့....။ဤသို့ ရာဂ ဒေါသ မောဟတို့နှင့် မယှဉ်မူ၍ ဝေဒနာသုံးရပ်ကို ခံစားသော ငါဘုရား၏ တပည့်သား သာဝကကို ဇာတိနှင့် မယှဉ် မစပ် အဖွဲ့အနှောင် မခံရသော ပုဂ္ဂိုလ်။ ဇရာနှင့်၊ ဗျာဓိနှင့်၊ မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, သံသရာဝဋ်ဒုက္ခနှင့် မယှဉ် မနှောင် မဖွဲ့ မစပ်မိသော ပုဂ္ဂိုလ် ဟူ၍ ငါဘုရား ဆိုအပ်ပေသည်။

ချစ်သား ရဟန်းတို့....၊ ဤဆိုအပ်ပြီးသော အတိုင်း ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံသော ငါဘုရား၏တပည့်သား သာဝကနှင့် ဉာဏ်ပညာဗဟုသုတ မရှိသော အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်တို့၏ ဝေဒနာသုံးပါးကို ခံစားရာ၌ ခြားနားပုံ ထူးခြားပုံ ဖြစ်တော့သည်ဟု ဤသလ္လသုတ္တန် ဒေသနာတော်မြတ်ကို များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သလ္လသုတ် ပြီး၏

---

## ဇမ္ဗုခါဒကသံယုတ်

## နိဗ္ဗာနပဉှာသုတ်

ပု။ ။ဇမ္ဗုခါဒကသံယုတ္တေ အာဝုသော ပဌမံ နိဗ္ဗာနပဉှာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။မဂဓေသု ဘန္တေ နာလကဂါမကေ ဇမ္ဗုခါဒကံ ပရိဗ္ဗာဇကံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။ ဇမ္ဗုခါဒကော ဘန္တေ ပရိဗ္ဗာဇကော အာယသ္မန္တံ သာရိပုတ္တံ တေဒဝေါစ "နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ ကတမံ နုခေါ အာဝုသော နိဗ္ဗာန"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ

"ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခ-ယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာန"န္တိ ဝေမာဒိနာ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။ဇမ္ဗုခါဒကသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှေးဦးစွာ သံဂါယနာ တင်လာခဲ့သော နိဗ္ဗာနပဉ္စာ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မဂဓတိုင်း အဝင်အပါ နာလကရွာ၌ ရှင်သာရိပုတ္တရာ မထေရ်သူမြတ်၏ တူဖြစ်သော ဇမ္ဗုခါဒက ပရိဗိုဇ်ကို အကြောင်းပြု၍ ဦးရီးတော် ဖြစ်သော တရားစစ်မှူး ရှင်သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

## နိဗ္ဗာန်ဟူသည် အဘယ်တရားနည်း

အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် မဂဓတိုင်း အဝင်အပါ နာလကရွာ၌ သီတင်းသုံး နေတော်မူသောအခါ တူအရင်းဖြစ်သော ဇမ္ဗုခါဒက ပရိဗိုဇ်သည် ရှင်သာရိပုတ္တရာထံမှောက် လာရောက်၍ ဝမ်းမြောက် ဝမ်းသာ စကား ပြောကြားပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေ၍ "နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ကတမံ နု ခေါ နိဗ္ဗာနံ" ဟု—

ငါ့ရှင် သာရိပုတ္တရာ....၊နိဗ္ဗာန် နိဗ္ဗာန်ဟူ၍ ပြောဆိုအပ်ပါ၏၊ နိဗ္ဗာန်ဟူသည် အဘယ်မည်သော တရား ဖြစ်ပါသနည်း။ အဘယ်မည်သော တရားသည် နိဗ္ဗာန်ပါနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ တရားစစ်မှူး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာမထေရ်သူမြတ်က "ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ နိဗ္ဗာနံ" ဟု——

ငါ့ရှင် ဇမ္ဗုခါဒက ပရိဗိုဇ်....၊အကြင်တရားကို အာရုံပြု၍ ရာဂ ဒေါသ မောဟတို့သည် အကြွင်းမဲ့ချုပ်ငြိမ်းကုန်ခန်းတော့သည်။ ထိုသို့ ရာဂကုန်ရာ

ကုန်ကြောင်း ဒေါသကုန်ရာ ကုန်ကြောင်း မောဟကုန်ရာကုန်ကြောင်း ရာဂတရား ဒေါသတရား မောဟတရားတို့ အကြွင်းမဲ့ချုပ်ရာ ချုပ်ကြောင်း ဖြစ်သော တရားကို နိဗ္ဗာန်ဟူ၍ ခေါ်ဆိုအပ်ပါသည် ဟု ဖြေကြားတော်မူအပ်ခဲ့ပါသည်။

ထိုအခါ ဇမ္ဗုခါဒက ပရိဗိုဇ်က "အတ္ထိ ပနာဝုသော မဂ္ဂေါ၊ အတ္ထိ ပဋိပဒါ ဧတဿ နိဗ္ဗာနဿ သစ္ဆိကိရိယာယ" ဟု—

ငါ့ရှင် ထိုနိဗ္ဗာန်တရားကို မျက်မှောက်ပြုဘို့ရန် အလို့ငှါ သွားရာ သွားကြောင်း ဖြစ်သော လမ်းခရီး,နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ပဋိပတ်တရား ရှိပါသလော ဟု မေးမြန်းပြန်ပါသည်။

## နိဗ္ဗာန်လမ်း အကျင့်

အရှင်သာရိပုတ္တရာမထေရ်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်ပဋိပတ် ရှိကြောင်း ပြန်ပြောင်းမိန့်ကြားသည်တွင် "ကတမော ပနာဝုသော မဂ္ဂေါ၊ကတမာ ပဋိပဒါ ဧတဿ နိဗ္ဗာနဿ သစ္ဆိကိရိယာယ" ဟု—

ငါ့ရှင် သာရိပုတ္တရာ....၊ ထိုနိဗ္ဗာန်ရွှေပြည်မြဘ်ကို မျက်မှောက်ပြုဘို့ရန် အဘွက် ကောင်းမြတ်သော လမ်းကြောင်း ကောင်းမြတ်သောအကျင့် ပဋိပဒါ ဟူသည် အဘယ်တရားပါနည်း ဟု မေးမြန်းပါသည်။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က "အယမေဝ ခေါ အာဝုသော အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဧတဿ နိဗ္ဗာနဿ ဘစ္ဆိကိရိယာယ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ"-အစရှိသည်ဖြင့်—

ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်....၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာ-ကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင် တည်းဟူသော ဤဖြူစင်သော အရိယာ အဋ္ဌင်္ဂိကမဂ်တရားသည်ပင်လျှင် နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်း, နိဗ္ဗာန်ကို သိကြောင်း ကောင်းမြတ်သော အကျင့်ပဋိပဒါ ဖြစ်သည်ဟု ဖြေကြားတော်မူပါသည်။

ထိုအခါ ဇမ္ဗုခါဒကပရိဗိုဇ်သည် "ဘဒ္ဒကော အာဝုသော မဂ္ဂေါ ဘဒ္ဒိကာ ပဋိပဒါ ဧတဿ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ အလဉ္စ ပနာဝုသော သာရိပုတ္တ အပ္ပမာဒါယ" ဟု—

ငါ့ရှင် သာရိပုတ္တရာ....နိဗ္ဗာန်ကို မျက်မှောက်ပြုကြောင်း မဂ္ဂင် ရှစ်ပါး တည်းဟူသော လမ်းကြောင်း အကျင့် ပဋိပတ်သည်ကား ကောင်းမြတ်လှပါ ပေ၏။

ငါ့ရှင် သာရိပုတ္တရာ....မမေ့ မလျော့ မပေါ့မတန်ခြင်းငှါ သင့်တင့်လှပေ သည်ဟု တဖန်ပြန်ကြား လျှောက်ထားခဲ့ပါပေသည်။

ဤသို့လျှင် နိဗ္ဗာနပဉ္စာ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို မဂဓတိုင်းအဝင်အပါ နာလကရွာ၌ တရားစစ်မူး ဖြစ်တော်မူသော ရှင်သာရိ ပုတ္တရာမထေရ်သူမြတ်သည် မိမိ၏တူအရင်းဖြစ်သော ဇမ္ဗုခါဒကပရိဗိုဇ်ကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင် ဘုရား။

နိဗ္ဗာနပဉ္စာသုတ် ပြီး၏

---

## ဓမ္မဝါဒီပဉ္စာသုတ်

ပု။ ။တတ္ထ ဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ တတိယံ သံဂီတံ ဓမ္မဝါဒီပဉ္စာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။မဂဓေသုယေဝ ဘန္တေ နာလကဂါမေ ဇမ္ဗုခါဒကံ ပရိဗ္ဗာဇကံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။ ဇမ္ဗုခါဒကော ဘန္တေ ပရိဗ္ဗာဇကော အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစ "ကေ နု ခေါ အာဝုသော သာရိပုတ္တ လောကေ ဓမ္မဝါဒိနော၊ ကေ လောကေ သုပ္ပဋိပန္နာ၊ ကေ လောကေ သုဂတာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယေ ခေါ အာဝုသော ရာဂပ္ပဟာနာယ ဓမ္မံ ဒေသေန္တိ၊ ဒေါသပ္ပဟာနာယ ဓမ္မံ ဒေသေန္တိ၊ မောဟပ္ပဟာနာယ ဓမ္မံ ဒေသေန္တိ။ တေ လောကေ ဓမ္မဝါဒိနော"တိ ဧဝမာဒိနာ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။ထိုဇမ္ဗုခါဒက သံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာ ထေရ်မြတ်တို့ သုံးခုမြောက် တတိယသုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့

သော ဓမ္မဝါဒီပဥှာမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မဂဓတိုင်း အဝင်အပါ နာလကရွာ၌ ပင်လျှင် ရှင်သာရိပုတ္တရာ၏ တူအရင်းဖြစ်သော ဇမ္ဗုခါဒက ပရိဗိုဇ်ကို အကြောင်းပြု၍ တရားစစ်မှူးဖြစ်တော်မူသော ရှင်သာရိပုတ္တရာမထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

ရှေးဆိုအပ်ပြီးသော အတိုင်း ဇမ္ဗုခါဒက ပရိဗိုဇ်သည် ရှင်သာရိပုတ္တရာထံမှောက်သို့ သွားရောက်၍ “ကေ နု ခေါ အာဝုသော သာရိပုတ္တ လောကေ ဓမ္မဝါဒိနော” အစရှိသည်ဖြင့် —

ငါ့ရှင် သာရိပုတ္တရာ....၊ ဤလောက၌ တရားကို ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်တို့ဟူသည် အဘယ်ပုဂ္ဂိုလ်တို့ ဖြစ်ပါကုန်သနည်း။

ကေ လောကေ သုပ္ပဋိပန္နာ။

ဤလောကဝယ် ကောင်းစွာ ကျင့်ကြံသော ပုဂ္ဂိုလ်တို့ ဟူသည် အဘယ်ပုဂ္ဂိုလ်တို့ ဖြစ်ပါကုန်သနည်း။

ကေ လောကေ သုဂတာ။

ဤလောကဝယ် အဘယ်ပုဂ္ဂိုလ်တို့သည် ကောင်းသော အလာနှိပြီး ဖြစ်ကြပါကုန်သနည်း။ ကောင်းသောတရားသို့ ရောက်ပြီး ဖြစ်ကြပါသနည်းဟု မေးလျှောက်ပါသည်။

## ဓမ္မဝါဒီတရားဟော ပုဂ္ဂိုလ်

ထိုအခါ တရားစစ်မှူး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် “ယေ ခေါ အာဝုသော ရာဂပ္ပဟာနာယ ဓမ္မံ ဒေသေန္တိ၊ ဒေါသပ္ပဟာ-နာယ ဓမ္မံ ဒေသေန္တိ၊ မောဟပ္ပဟာနာယ ဓမ္မံ ဒေသေန္တိ၊ ကေ လောကေ ဓမ္မဝါဒိနော” အစရှိသည်ဖြင့် —

ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်....၊ဤလောက၌ အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့သည် ရာဂကို ပယ်ဘို့ရန် ဒေါသကိုပယ်ဘို့ရန် မောဟကိုပယ်ဘို့ရန် တရားကို ဟောကြားတော်မူကြပေကုန်၏။ ထိုသို့ ရာဂ ဒေါသ မောဟပယ်ကြောင်း ကောင်းမြတ်သော တရားစကားကို ဟောကြားသော ပုဂ္ဂိုလ်တို့သည်သာလျှင် ဓမ္မဝါဒီတရားကို ဟောဆိုသော ပုဂ္ဂိုလ်တို့ မည်ကြပေကုန်သည်။

## ကောင်းစွာကျင့်ကြံသော ပုဂ္ဂိုလ်

ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်....၊အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့သည် ရာဂ ပယ်ဘို့ရန် ဒေါသပယ်ဘို့ရန် မောဟပယ်ဘို့ရန် သဗ္ဗညုမြတ်စွာဘုရား ဟောကြားသည့် သမထဝိပဿနာဘာဝနာတရားတို့ကို ပွါးများကြိုးကုတ် အားထုတ်ကြပါကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ကောင်းသော ကျင့်ကြံခြင်းရှိသော ပုဂ္ဂိုလ်တို့, ကောင်းစွာ ကျင့်ကြံသော ပုဂ္ဂိုလ်တို့ မည်ကြပေကုန်သည်။

ငါ့ရှင် ဇမ္ဗုခါဒက ပရိဗိုဇ်....၊ဤလောကဝယ် အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့သည် ရာဂကိုရင်း ဒေါသကိုရင်း မောဟကိုရင်း ပယ်အပ်ပြီး ဖြစ်ပါတော့သည်။ အမြစ်အရင်းမကျန် တွန်းလှန်ပယ်နှုတ်အပ်ပြီးပင် ဖြစ်ပါတော့သည်။ ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး ဖြစ်ပါတော့သည်။ နောက်တဖန် ဤသန္တာန်ဝယ် မဖြစ်အောင် ပြုအပ်ပြီး ဖြစ်ပါတော့သည်။ နောက်အခါ ဤသန္တာန်၌ မဖြစ်ခြင်း သဘောသို့ ရာဂ ဒေါသ မောဟတို့ ရောက်ကြပါတော့သည်။

ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်....၊ဤသို့ ရာဂ ဒေါသ မောဟတို့ တရံတခါမှ တဖန်ပြန်၍ မဖြစ်သော ပုဂ္ဂိုလ်မျိုးကိုသာ သုဂတ ကောင်းသောအလားရှိပြီးသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်ပါသည်ဟု ဖြေကြားတော်မူလတ်ပါသည်။

ထိုအခါ ဇမ္ဗုခါဒက ပရိဗိုဇ်က "အတ္ထိ ပနာဝုသော မဂ္ဂေါ၊ အတ္ထိ ပဋိပဒါ တေသံ ရာဂဿ ဒေါသဿ မောဟဿ ပဟာနာယ" ဟု——

ငါ့ရှင် သာရိပုတ္တရာ....၊ထိုရာဂ ဒေါသ မောဟ ကို ပယ်ခြင်းငှါ ကောင်းမြတ်သော လမ်းကြောင်း, ကောင်းမြတ်သောအကျင့် ပဋိပတ်တရား ရှိပါသလား ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သူမြတ်က "အတ္ထိ ခေါ အာဝုသော မဂ္ဂေါ၊ အတ္ထိ ပဋိပဒါ တေသံ ရာဂဿ ဒေါသဿ မောဟဿ ပဟာ-နာယ" ဟု—

## ကောင်းမြတ်သောလမ်းစဉ်

ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်....၊ထိုရာဂ ဒေါသ မောဟကို ပယ်ရှားဘို့ရန် ဤသာသနာတော်ဝယ် ကောင်းမြတ်သော လမ်းစဉ်, ကောင်းမြတ်သော အကျင့် ပဋိပတ်ရှိပါသည် ဟု ဖြေကြားတော်မူသည်တွင် ထိုကောင်းမြတ်သော လမ်းစဉ်, ကောင်းမြတ်သောအကျင့် ပဋိပတ်ဟူသည် အဘယ်ပါနည်း ဟု မေးလျှောက်ပြန်ပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က "အယမေဝ ခေါ အာဝုသော အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံ ရာဂဿ ဒေါသဿ မောဟဿ ပဟာနာယ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိ" ဟု—

ငါ့ရှင် ဇမ္ဗုခါဒက ပရိဗိုဇ်....၊သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင် တည်းဟူသော မဇ္ဈိမပဋိပဒါ အရိယာမဂ္ဂင်တရား ဤရှစ်ပါးသည်ပင် ဤဆို အပ်ပြီးသော ရာဂ ဒေါသ မောဟတို့ကို ပယ်ရှားဘို့ရန် ကောင်းမြတ်သော လမ်းကောင်းဖြစ်သော အကျင့်ပဋိပဒါ ဖြစ်ပါတော့သည်ဟု ဖြေကြားတော်မူခဲ့ပါသည်။

ထိုအခါ ဇမ္ဗုခါဒက ပရိဗိုဇ်သည် ရှေးသုတ်၌ ဆိုအပ်ပြီးသော အတိုင်း "ဘဒ္ဒကော အာဝုသော မဂ္ဂေါ၊ ဘဒ္ဒိကာ ပဋိပဒါ တေသံ ရာဂဿ ဒေါသဿ မောဟဿ ပဟာနာယ၊ အလဉ္စ ပနာဝုသော သာရိပုတ္တ အပ္ပမာဒါယ" ဟု—

ငါ့ရှင် သာရိပုတ္တရာ....၊ရာဂ ဒေါသ မောဟတို့ကို ပယ်ဘို့ရန် ဤအရိယာ အဋ္ဌင်္ဂိက မဂ္ဂင်တရားသည် အလွန်ကောင်းမြတ်သောလမ်းစဉ်, အလွန်ကောင်း မြတ်သော အကျင့် ပဋိပတ် ဖြစ်ပါပေသည်။

ငါ့ရှင်သာရိပုတ္တရာ....၊မမေ့မလျော့ မပေါ့မတန် ကျင့်ကြံပွါးများ အား ထုတ်ခြင်းငှါ ထိုက်တန်လှပါ၏ ဟု တဖန် ပြန်ကြား လျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် ဓမ္မဝါဒီပဥှာ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် မဂဓတိုင်း အဝင်အပါ နာလကရွာ၌ ဇမ္ဗုခါဒက ပရိဗိုဇ်ကို အကြောင်းပြု၍ တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဓမ္မဝါဒီ ပဥှာသုတ် ပြီး၏

---

## ဒုက္ကရပဥှာသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကေ မဟာထေရေဟိ ပရိယောသာနသုတ္တဘာဝေန သံဂီတံ ဒုက္ကရပဥှာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။မဂဓေသု ယေဝ နာလကဂါမေ ဇမ္ဗုခါဒကံ ပရိဗ္ဗာဇကံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။ ဇမ္ဗုခါဒကော ဘန္တေ ပရိဗ္ဗာဇကော အာယသ္မန္တံ သာရိပုတ္တံ တေဒဝေါစ “ကိံ နု ခေါ အာဝုသော သာရိပုတ္တ ဣမသ္မိံ ဓမ္မဝိနယေ ဒုက္ကရ”န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ပဗ္ဗဇ္ဇာ ခေါ အာဝုသော ဣမသ္မိံ ဓမ္မဝိနယေ ဒုက္ကရာ”တိ ဝေမာဒိနာ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။ထိုဇမ္ဗုခါဒကသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ နောက်ဆုံးသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော ဒုက္ကရပဥှာသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဠုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မဂဓတိုင်း အဝင်အပါ နာလကရွာ၌ပင်လျှင် ဇမ္ဗုခါဒက ပရိဗိုဇ်ကို အကြောင်းပြု၍ တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားအပ်ပါသည်။

ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ဇမ္ဗုခါဒကပရိဗိုဇ်သည် အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ထံသို့ ချဉ်းကပ်ပြီးလျှင် "ကိံ နု ခေါ အာဝုသော သာရိပုတ္တ ဣမသ္မိံ ဓမ္မဝိနယေ ဒုက္ကရံ" ဟု—

ငါ့ရှင်သာရိပုတ္တရာ....၊ဓမ္မဝိနယဖြင့် သင်္ဂြိုဟ်အပ်သော ဤမြတ်စွာဘုရားသာသနာတော်၌ ပြုလုပ်ဘို့ရန် ပင်ပန်းခဲယဉ်းစွာသော အမှုသည်ကား အဘယ်နည်းဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

## ရဟန်းအဖြစ်,ရှင်အဖြစ် စသည်ခဲယဉ်းပုံ

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က "ပဗ္ဗဇ္ဇာ ခေါ အာဝုသော ဣမသ္မိံ ဓမ္မဝိနယေ ဒုက္ကရာ" ဟု—

ငါ့ရှင် ဇမ္ဗုခါဒက ပရိဗိုဇ်....၊ဓမ္မဝိနယဟူသောဖြင့် သင်္ဂြိုဟ်ရေတွက်ရာ ဤဘုရားသာသနာ၌ ရဟန်းအဖြစ် ရှင်အဖြစ်သည် ရှေးဦးစွာ ပြုလုပ်ဘို့ရာခဲယဉ်းသော အလုပ် ဖြစ်ပါသည်ဟု ဖြေကြားတော်မူလတ်ပါပေသည်။

တဖန်ထပ်၍ ဇမ္ဗုခါဒက ပရိဗိုဇ်က "ပဗ္ဗဇိတေန ပနာဝုသော ကိံ ဒုက္ကရံ" ဟု—အို.... ငါ့ရှင် သာရိပုတ္တရာ....၊ ရှင်ရဟန်းပြုပြီးသော ပုဂ္ဂိုလ်သည် အဘယ်မည်သော အမှုကို ပြုလုပ်ခြင်းငှါ ခဲယဉ်းပါသနည်း ဟု တဖန် မေးမြန်းလျှောက်ထားပြန်ပါသည်။

"ပဗ္ဗဇိတေန ခေါ အဘိရတိ ဒုက္ကရာ" ဟု ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်....၊ ရှင်ပြုပြီး ရဟန်းပြုပြီး ဖြစ်သော ပုဂ္ဂိုလ်သည် ဤသာသနာတော်ဝယ် မွေ့လျော်ဘို့ရန် ခဲယဉ်းလှပါသည်ဟု ဒုတိယအမေးကို ဖြေကြားတော်မူလတ်ပါသည်။

တဖန် ထပ်၍ ဇမ္ဗုခါဒက ပရိဗိုဇ်က "အဘိရတေန ခေါ ကိံ ဒုက္ကရံ"–ငါ့ရှင် သာရိပုတ္တရာ....၊ဤသာသနာတော်ဝယ် မွေ့လျော်ပျော်ပိုက်၍ နေသော ရှင်ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် အဘယ်အမှုကို ပြုလုပ်ဘို့ရန် ခဲယဉ်းပြန်ပါသနည်း ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ တရားစစ်မှူး အရှင်သာရိပုတ္တရာ မထေရ်သူမြတ်က "အဘိရတေန ခေါ အာဝုသော ဓမ္မာနုဓမ္မပ္ပဋိပတ္တိ ဒုက္ကရာ" ဟု—ငါ့ရှင်

ဇမ္ဗုခါဒက....၊ ဤသာသနာတော်ဝယ် မွေလျော်ပျော်ပိုက်သော ပုဂ္ဂိုလ်သည် လောကုတ္တရာတရား ကိုးပါးအား လျောက်ပတ်သော သမထဝိပဿနာတရား ကျင့်ကြံဘို့ရန် ခဲယဉ်းလှပါသည်ဟု ဖြေကြားတော်မူပြန်ပါသည်။

တဖန် ထပ်၍ ဇမ္ဗုခါဒက ပရိဗိုဇ်က "ကီဝစိရံ ပနာဝုသော ဓမ္မာနုဓမ္မပ္ပဋိပန္နော ဘိက္ခု အရဟံ အဿ" ဟု—ငါ့ရှင် သာရိပုတ္တရာ....၊ အဘယ်မျှ ကြာအောင် သမထဝိပဿနာတရား ပွါးများ အားထုတ်သော ပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်နိုင်ပါသနည်း ဟု မေးမြန်းလျှောက်ထားပြန်ပါသည်။

ထိုအခါ ရှင်သာရိပုတ္တရာ မထေရ်သူမြတ်က "န စိရံ အာဝုသော" ဟု—ငါ့ရှင် ဇမ္ဗုခါဒက ပရိဗိုဇ်....၊ပါရမီဒဗ္ဗသမ္ဘာရနှင့် ပြည့်စုံလုံလောက်သော ပုဂ္ဂိုလ်ဖြစ်ပါမူကား နံနက်အခါ၌ ဆုံးမအပ်၍ နံနက်အခါကစ၍ တရားကို အားထုတ်လျှင် ညအခါ၌ပင်လျှင် အရဟတ္တဖိုလ်ပေါက် ရောက်နိုင်ပါသည်။ ညအခါ ဆုံးမအပ်၍ ညအခါ၌ တရားကို အားထုတ်လျှင် နံနက်အခါ၌ အရဟတ္တဖိုလ်ပေါက် ရောက်နိုင်ပါသည်။သို့ရကား ဤသာသနာတော်ဝယ် အရဟတ္တဖိုလ်ရောက် ရဟန္တာ ဖြစ်မြောက်ဘို့ရန် မကြာမြင့်ပါ ဟူ၍ ဤဒုက္ကရပဥှာအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် ဇမ္ဗုခါဒက ပရိဗိုဇ်ကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒုက္ကရပဥှာသုတ် ပြီး၏

---

## မောဂ္ဂလ္လာနသံယုတ်

## သက္ကသုတ်

ပု။ ။မောဂ္ဂလ္လာနသံယုတ္တေ အာဝုသော ဒသမံ သံဂီတံ သက္ကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကေန ကထဥ္စ ဘာသိတံ။

ဝိ။ ။ဒေဝေသု ဘန္တေ တာဝတိံသေသု သက္ကံ ဒေဝါနမိန္ဒံ အာရဗ္ဘ "သာဓု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓသရဏဂမနံ ဟောတိ၊ ဗုဒ္ဓသရဏဂမနဟေတု ခေါ

ဒေဝါနမိန္ဒ ဝေမိမေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တီ”တိ ဝေမာဒိနာ ဘန္တေ အာယသ္မတာ မဟာမောဂ္ဂလ္လာနတ္ထေရေန ဘာသိတံ။

မေး။ ။မောဂ္ဂလ္လာနသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ် မြတ်တို့ ဆယ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော သက္က သုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ် ကို အကြောင်းပြု၍ အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တာဝတိံသာ နတ်ပြည်ဝယ် နတ်တို့ကို အစိုးရသော သိကြားမင်းကို အကြောင်းပြု၍ တန်ခိုးအရာ ဧတဒဂ်ရရှိတော်မူသော အရှင် မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

ရှင်မဟာမောဂ္ဂလ္လာန် မထေရ်ဘူမြတ်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ကွေးသောလက်ကို ဆန့်သော ယောကျ်ား ဆန့်သောလက်ကို ကွေးသော ယောကျ်ား၏ ဥပမာ ဖြင့် ဇေတဝန်ကျောင်းအရပ်ဝယ် တန်ခိုးတော်ဖြင့် ကွယ်ခဲ့၍ တာဝတိံသာ နတ်ရွာ၌ ထင်ရှား ဖြစ်ခဲ့ပါသည်။

ထိုအခါ သိကြားမင်းသည် ပဌမအခေါက်ဝယ် ငါးရာသောနတ်အပေါင်း၊ ဒုတိယအခေါက်ဝယ် ခြောက်ရာ၊ တတိယအခေါက်ဝယ် ခုနစ်ရာ၊ စတုတ္ထ အခေါက်ဝယ် ရှစ်ရာ၊ ပဉ္စမအခေါက်ဝယ် ရှစ်သောင်းသော နတ်အပေါင်း ခြံရံလျက် ရှင်မဟာမောဂ္ဂလ္လာန်မဘေရ်သူမြတ်ထံသို့ ချဉ်းကပ်ခဲ့ပါသည်။

ထိုသို့ မိမိထံမှောက် ချဉ်းကပ်ရောက်ရှိလာသော နတ်တို့ကို အစိုးရသော သိကြားမင်းကို ရှင်မဟာမောဂ္ဂလ္လာန်မထေရ်သူမြတ်သည် “သာဓု ခေါ ဒေဝါန- မိန္ဒ ဗုဒ္ဓသရဏဂမနံ ဟောတိ”-အစရှိသည်ဖြင့် —

## သရဏဂုံသုံးပါးယုံကြည်မှု

နတ်တို့ကို အစိုးရသော သိကြားမင်း....၊မြတ်စွာဘုရား အား ဆည်းကပ် ကိုးကွယ်ခြင်း ဗုဒ္ဓသရဏဂုံသည်ရင်း တရားတော်ကို ဆည်းကပ် ကိုးကွယ်ခြင်း

ဓမ္မသရဏဂုံသည်ရှင်း သံဃာတော်ကို ဆည်းကပ်ကိုးကွယ်ခြင်း သံဃသရဏဂုံသည်ရှင်း ကောင်းမြတ်လှပါပေသည်၊ မွန်မြတ်လှ ချီးမွမ်းအပ်လှပါပေသည်။

နတ်တို့ကို အစိုးရသော သိကြားမင်း....၊ဗုဒ္ဓသရဏဂုံ ဓမ္မသရဏဂုံ သံဃသရဏဂုံ ဟူသော အကြောင်းကြောင့် ပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် ခန္ဓာပြဲကြွေ စုတေသည်မှ နောက်ကာလဝယ် နတ်ရွာသုဂတိသို့ လားရောက်ရပေကုန်သည်။ ဤသို့ မိန့်ကြားတော်မူသည်တွင် သိကြားမင်းသည်လည်း "သာခု ခေါ မာရိသ မောဂ္ဂလ္လာန ဗုဒ္ဓသရဏဂမနံ ဟောတိ" အစရှိသည်ဖြင့် ရှင်မဟာမောဂ္ဂလ္လာန် ဟောကြားတော်မူသည့်အတိုင်း သာဓု ကောင်းခြီး ခေါ်၍—

အို အရှင်ဘုရား....မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်....၊ဗုဒ္ဓသရဏဂုံ ဓမ္မသရဏဂုံ သံဃသရဏဂုံသည် ချီးမွမ်းအပ် မြတ်လှပါတော့သည်သာလျှင်တည်း။ အချို့သော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ ဓမ္မ သံဃ သရဏဂုံ ဟူသော အကြောင်းကြောင့်ပင်လျှင် လူ့ပြည်မှစုတေလတ်သည်ရှိသော် ကောင်းသော သူတို့၏ လားရာ သုဂတိနတ်ရွာသို့ ချဉ်းကပ်ရပါကုန်တော့သည်ဟု လျှောက်ထားခဲ့ပါသည်။

တဖန် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် တိုနတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းကို "သာခု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂမနံ ဟောတိ" အစရှိသည်ဖြင့်—

နတ်တို့ကို အစိုးရသော သိကြားမင်း....၊မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော မြတ်စွာဘုရား၏ အရဟံ-အစရှိသော ကျေးဇူးဂုဏ်တို့ကို ကြည်ညိုခြင်း ယုံကြည်ခြင်းသည်လည်း ကောင်းလှပါပေ၏။ နတ်တို့ကို အစိုးရသော သိကြားမင်း....၊ တရားတော်၏ သွာခါတတာ-အစရှိသော ကျေးဇူးဂုဏ် ခြောက်ပါးကိုလည်း မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်းသည်လည်း ကောင်းမြတ်လှပါပေ၏။ သံဃာတော်၏ သုပ္ပဋိပန္နတာ-အစရှိသော ကျေးဇူးဂုဏ် ကိုးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းသည်လည်း ကောင်းမြတ်လှပါပေ၏။ အရိယာတို့သည် နှစ်သက်အပ်သော ဘဝတမလွန်

ကူးသွားသော်လည်း မပျက်စီးနိုင်သော သီလနှင့် ပြည့်စုံခြင်းသည်လည်း ကောင်းမြတ်လှပါပေ၏။

နတ်တို့ကို အစိုးရသော သိကြားမင်း....၊ဘုရားဂုဏ်တော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ တရားဂုဏ်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊သံဃာ ဂုဏ်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ အရိယာတို့သည် နှစ်သက်အပ်သော တမလွန်ဘဝ၌ လည်း ပျက်စီးခြင်း မရှိသော သီလနှင့် ပြည့်စုံမှု ဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် သုဂတိဘုံဘဝသို့ ရောက်ရှိရပါသည်။နတ်ရွာ သုဂတိသို့ ရောက်ရှိရပါသည် ဟု တဖန် မိန့်တော်မူပြန်ပါသည်။

သိကြားမင်းသည်လည်း ရှင်မဟာမောဂ္ဂလ္လာန် မိန့်ကြားတော်မူသည့် အတိုင်းပင် ဝန်ခံပြန်ပါသည်။

တဖန် ထပ်၍ ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် နတ်တို့ကို အစိုးရသော သိကြားမင်း....၊ ဗုဒ္ဓသရဏဂုံ ဓမ္မသရဏဂုံ သံဃသရဏဂုံသည် ကား လွန်စွာ ချီးမွမ်းအပ် ကောင်းမြတ်လှပါပေ၏။

## သာလွန်သော အကြောင်းဆယ်မျိုး

နတ်တို့ကို အစိုးရသော သိကြားမင်း....၊ ဤလောကဝယ် အချို့သော ပုဂ္ဂိုလ်သည် သရဏဂုံ ဟူသော အကြောင်းကြောင့် လူ့ပြည်မှ စုတိပြတ်ကြွေ ခန္ဓာသေခဲ့သည်ရှိသော် နတ်တို့၏ ရွာသို့ ကပ်ရောက်ရပါသည်။ နတ်ပြည်၌ ထိုသရဏဂုံတည်သော ပုဂ္ဂိုလ်သည် ဆယ်ပါးသော အကြောင်းတို့ဖြင့် တပါးသော နတ်တို့ကို လွှမ်းမိုး၍ တည်နိုင်ပါပေသည်။

ဆယ်ပါးတို့ ဟူသည်မှာ နတ်၌ဖြစ်သောအသက်, နတ်၌ ဖြစ်သော အဆင်း,နတ်၌ ဖြစ်သော ချမ်းသာ, နတ်၌ ဖြစ်သော အခြံအရံ, နတ်၌ ဖြစ်သော အစိုးရခြင်း,နတ်၌ ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ ဤဆယ်ဌာနတို့ဖြင့် တပါးသော နတ်တို့ထက် တင့်တယ်လွန်ကဲ နိုင်ပါပေသည်ဟုတဖန် မိန့်ကြားတော်မူပြန်ပါသည်။

သိကြားမင်းသည်လည်း ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ် မိန့်ကြားသည့်အတိုင်း တဖန် ထပ်၍ ဟုတ်မှန်ကြောင်း ဝန်ခံခဲ့ပါပေသည်။

နောက်ဘဖန် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်ဘူမြတ်သည် "သာဓု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓ အဝေစ္စပ္ပသာဒေန သမန္နာဂမနံ ဟောတိ"-အစရှိသည်ဖြင့်——

နတ်တို့ကို အစိုးရသော သိကြားမင်း....မြတ်စွာဘုရား၏ ဂုဏ်ကိုရင်း တရားတော်၏ ဂုဏ်ကိုရင်း သံဃာတော်၏ဂုဏ်ကိုရင်း မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်း တည်းဟူသော အင်္ဂါသုံးပါးသည်ရင်း အရိယာတို့ နှစ်သက်အပ် သော တမလွန်ဘဝ၌လည်း မပျက်စီးနိုင်သော သီလနှင့် ပြည့်စုံခြင်းသည်ရင်း ကောင်းမြတ်လှပါပေ၏။

နတ်ဘိုကို အစိုးရသော သိကြားမင်း....ဤဆိုအပ်ပြီးသောအတိုင်း ဘုရားဂုဏ်တော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းကြောင့်ရင်း၊ တရား တော်ဂုဏ်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း ဟူသော အကြောင်းကြောင့် ရင်း၊ သံဃာတော်ဂုဏ်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း ဟူသော အ ကြောင်းကြောင့်ရင်း အရိယာတို့သည် မြတ်နိုးအပ်သော တမလွန်ဘဝ၌လည်း မပျက်စီးနိုင်သောသီလနှင့် ပြည့်စုံမှု ဟူသော အကြောင်းကြောင့်ရင်း အချို့ သော ပုဂ္ဂိုလ်တို့သည် လူ့ပြည်မှ စုတိပြတ်ကြွေ သေလွန်သည်ရှိသော် နတ်တို့ ရွာ၌ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရပါသည်။

သို့ နတ်ပြည်သို့ ကပ်ရောက်ရသောအခါ၊ တပါးသော နတ်တို့ကို ဤ ဆိုအပ်ပြီးသော ဘုရားဂုဏ်ကို သက်ဝင်ယုံကြည်မှု, တရားဂုဏ် သံဃဂုဏ်ကို သက်ဝင်ယုံကြည်မှု,အရိယာတို့ နှစ်သက်အပ်သော မပျက်စီးနိုင်သော သီလနှင့် ပြည့်စုံမှု ဟူသော အကြောင်းကြောင့်ပင် နတ်၌ ဖြစ်သောအသက်, နတ်၌ ဖြစ်သောအဆင်း, နတ်၌ ဖြစ်သောချမ်းသာ, နတ်၌ဖြစ်သော အခြံအရံ, နတ်၌ ဖြစ်သော အစိုးရခြင်း, နတ်၌ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ ဤဆယ်ပါးသော အကြောင်းတို့ဖြင့် တပါးသော နတ်တို့ကို လွှမ်း မိုး၍ တည်နိုင်ပါပေသည်ဟု ဤသက္ကအမည်ရသော သုတ္တန်ဒေသနာတော်မြတ် ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် တန်ခိုးအရာ ဧတဒဂ် ရရှိတော်မူသော အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် နတ်တို့ကို အစိုးရသော သိကြားမင်းကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြား တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သက္ကသုတ် ပြီး၏

## စိတ္တသံယုတ်

## နိဂဏ္ဌနာဋပုတ္တသုတ်

ပု။ ။စိတ္တသံယုတ္တေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ အဋ္ဌမံ သံဂီတံ နိဂဏ္ဌနာဋပုတ္တသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဥ္စ ဘာသိတံ။

ဝိ။ ။မစ္ဆိကာသဏ္ဍေ ဘန္တေ နိဂဏ္ဌံ နာဋပုတ္တံ အာရဗ္ဘ စိတ္တေန ဂဟပတိနာ ဘာသိတံ။ နိဂဏ္ဌော ဘန္တေ နာဋပုတ္တော စိတ္တံ ဂဟပတိံ ဧတဒဝေါစ "သဒ္ဒဟသိ တွံ ဂဟပတိ သမဏဿ ဂေါတမဿ အတ္ထိ အဝိတက္ကော အဝိစာရော သမာဓိ၊ အတ္ထိ ဝိတက္ကဝိစာရာနံ နိရောဓော"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "န ခွါဟံ ဧတ္ထ ဘန္တေ ဘဂဝတော သဒ္ဓါယ ဂစ္ဆာမိ၊ အတ္ထိ အဝိတက္ကော အဝိစာရော သမာဓိ၊ အတ္ထိ ဝိတက္ကဝိစာရာနံ နိရောဓော"တိ ဧဝမာဒိနာ စိတ္တေန ဂဟပတိနာ ဘာသိတံ။

မေး။ ။စိတ္တသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှစ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော နိဂဏ္ဌနာဋပုတ္တသုတ်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော အဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မစ္ဆိကာသဏ္ဍအရပ်ဝယ် မစ္ဆိကာသဏ္ဍ အမည်ရသော တောအုပ်အတွင်း၌ နာဋပုတ္တ အမည်ရသော နိဂဏ္ဌတက္ကဒ္ဒန်း ဆရာကြီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား သာသနာဝယ် ဒါယကာဘက်က စံတင်၍ ထားအပ်သော အနာဂါမ်တည် စိတ္တအမည်ရှိသော ဥပါသကာ ဒါယကာသည် ဟောကြားအပ်ခဲ့ပါသည်။

## နာဋပုတ္တဆရာကြီး ရည်ရွယ်ချက်

နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် စိတ္တသူကြွယ်အား မိမိဒါယကာအဖြစ် သိမ်းသွင်းရန် ရည်သန်၍ စိတ္တသူကြွယ်နေရာ မစ္ဆိကာသဏ္ဍ အရပ်သို့ များစွာသော နိဂဏ္ဌတက္ကဒ္ဒန်း ပရိသတ်အပေါင်း ခြံရံလျက် မစ္ဆိကာသဏ္ဍ တောအုပ်အရပ်သို့ ရောက်ရှိခဲ့ပါသည်။

နိဂဏ္ဌဆရာကြီး မစ္ဆိကာသဏ္ဍတောဒဒုပ်အတွင်း ရောက်ရှိကြောင်း သတင်းကို ကြားလတ်သည်ရှိသော် စိတ္တသူကြွယ်သည်လည်း များစွာသော သူကြွယ်အပေါင်း ဥပါသကာ ဒါယကာအပေါင်း ခြံရံလျက် နိဂဏ္ဌနာဋပုတ္တ ဆရာကြီးထံ သွားရောက်၍ ဝမ်းမြောက်ဝမ်းသာစကား နှီးနှောပြောဆိုပြီး လျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုအခါ နာဋပုတ္တဆရာကြီးက "သဒ္ဒဟသိ တွံ ဂဟပတိ သမဏဿ ဂေါတမဿ အတ္ထိ အဝိတက္ကော အဝိစာရော သမာဓိ၊ အတ္ထိ ဝိတက္ကဝိစာရာနံ နိရောဓော" ဟု—

အို စိတ္တသူကြွယ်....၊ အသင် စိတ္တသူကြွယ်သည် ရဟန်းကြီးဂေါတမ၏ ဟောပြသော စကားများအနက် ဝိတက် ဝိစာရ မရှိသော သမာဓိသည် ရှိ၏ ဟူသော စကား၊ ဝိတက် ဝိစာရတို့ကို ချုပ်စေရမည် ဟူသော စကား၊ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းဟူသော စကားကို အသင်စိတ္တသူကြွယ် သည် ယုံကြည်ပါသလော ဟု မေးမြန်းခဲ့ပါသည်။

## စိတ္တသူကြွယ်၏ ကိုယ်တွေ့ယုံကြည်မှု

ထိုအခါ စိတ္တ သူကြွယ်က မိမိသည် သဗ္ဗညုမြတ်စွာဘုရား ဟောကြား၍ ယုံကြည်သော သဒ္ဓါမျှဖြင့် ထိုစကားကို ယုံကြည်ခြင်းမဟုတ်။ မိမိကိုယ်တိုင် ဉာဏ်ဖြင့် ထိုးထွင်း သက်ဝင်၍ သိသဖြင့် ယုံကြည်ကြောင်းကို ပြန်ပြောင်း ပြောဆိုလိုသဖြင့် "နခွါဟံ ဧတ္ထ ဘန္တေ ဘဂဝတော သဒ္ဓါယ ဂစ္ဆာမိ" ဟု—

အို အရှင်နာဋပုတ္တဆရာကြီး....၊ ဤအရာဝယ် အကျွန်ုပ်သည် မြတ်စွာ ဘုရားအား ယုံကြည်သော သဒ္ဓါတရားမျှဖြင့် အဝိတက္က အဝိစာရ သမာဓိရှိ၏ ဟူ၍ရှင်း၊ဝိတက်ဝိစာရတို့ကို ချုပ်ငြိမ်းစေအပ်၏ ဟူ၍ရှင်း၊ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းသည် ရှိ၏ဟူ၍ရှင်း အကျွန်ုပ်သိသည်မဟုတ်ပါဟု အရိပ်အမြွက် မျှ ပြောဆိုသည်ကိုပင် နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် မိမိဘက်ပါပြီ အထင်ရှိ လတ်၍ ဝမ်းမြောက်ဝမ်းသာဖြင့် ခန္ဓာကိုယ်ကို မြင့်၍ထားပြီးလျှင်—

ဣဒံ ဘဝန္တော ပဿန္တု။

အို အရှင်တို့....၊ဤစိတ္တသူကြွယ်ကို ကြည့်ကြစမ်း။

ယာဝ ဥဇုကော စာယံ စိတ္တော ဂဟပတိ။

အလွန်ဖြောင့်မတ်သော စိတ္တသူကြွယ်ပါပေ။

ယာဝ အသင္ဂေ့ာ စာယံ စိတ္တော ဂဟပတိ—အလွန်မကောက်ကျစ် မစဉ်းလဲသောစိတ္တသူကြွယ်ပါပေ။အလွန့်အလွန် မာယာနည်းပါးသော စိတ္တသူကြွယ်ပါပေ။ အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည် ဝိတက် ဝိစာရတို့ကို ချုပ်ငြိမ်းစေရမည်ဟု မှတ်ယူငြားအံ့၊ ထိုပုဂ္ဂိုလ်သည် လေကို ကွန်ရက်ဖြင့် ဟန့်တားဘို့ရန် အောက်မေ့သကဲ့သို့ ဖြစ်ပါတော့သည်။ ဤသို့ ပြောဆိုလတ်သည်တွင် စိတ္တသူကြွယ်က "တံ ကိံ မညသိ ဘန္တေ၊ ကတမံ နု ခေါ ပဏီတတရံ ဉာဏံ ဝါ သဒ္ဓါ ဝါ" ဟု—

အို အရှင်နာဋပုတ္တဆရာကြီး....၊ဉာဏ်ပညာနှင့် သဒ္ဓါတရား ဤနှစ်ပါးတွင် အဘယ်က အထူးသဖြင့် မြတ်ပါသနည်း ဟု မေးမြန်းပါသည်။

ထိုအခါ နိဂဏ္ဌ နာဋပုတ္တ ဆရာကြီးက စိတ္တသူကြွယ်....၊ဉာဏ်ပညာသည်သာလျှင် သဒ္ဓါတရားထက် အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါကြောင်း ပြန်ပြောင်းဖြေဆိုသည်တွင်—

"အဟံ ခေါ ဘန္တေ ယာဝဒေဝ အာကင်္ခါမိ၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရာမိ" အစရှိသည်ဖြင့်—

## စိတ္တသူကြွယ် ဈာန်ဝင်စားနိုင်ပုံ

အို နိဂဏ္ဌ နာဋပုတ္တဆရာကြီး....၊အကျွန်ုပ်သည်ကား ဉာဏ်ပညာ မည်မျှထက်သည်ကို အရှင်စဉ်းစားတော်မူပါ၊ အကျွန်ုပ်သည် ပဌမဈာန်ကို ဝင်စားနိုင်ပါပေသည်၊ အလိုရှိသလောက် ဝိတက် ဝိစာရတို့၏ ငြိမ်းရာ ဒုတိယဈာန်ကိုလည်း ဝင်စားနိုင်ပါသည်။ အလိုရှိသလောက် ပီတိငြိမ်းရာ တတိယဈာန်ကိုလည်း ဝင်စားနိုင်ပါသည်။ အလိုရှိသလောက် သုခ ဒုက္ခတို့၏ ငြိမ်းရာ လွန်စွာချမ်းသာသည့် ဥပေက္ခာဝေဒနာနှင့် ယှဉ်သော စတုတ္ထဈာန်ကိုလည်း အကျွန်ုပ် ဝင်စားနိုင်ပါပေသည်။

သို့စဉ် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို အလိုရှိသလောက် ဝင်စားနိုင်သော အကျွန်ုပ်သည် ကိုယ်တိုင်ပင် ဝိတက် ဝိစာရကင်းသော သမာဓိ ရှိသည်ကို သိသည် ဖြစ်၍ မည်သို့ သဘောရှိသော တပါးသော ရဟန်း,တပါးသော ပုဏ္ဏားတို့ ပြောဆိုသော စကားကို ယုံကြည်ရမည်နည်း ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် မခံနိုင် မရပ်နိုင် ဖြစ်ပြီးလျှင်—

ဣဒံ ဘဝန္တော ပဿန္တု။

အို ဆရာတို့....ဤစိတ္တသူကြွယ်ကို ကြည့်ကြစမ်းပါကုန်ဦးလော့။ ဤစိတ္တသူကြွယ် သည် အလွန့် အလွန် မဖြောင့်မတ်သော သူပါပေတည်း။ ဤစိတ္တသူကြွယ်သည် အလွန့်အလွန် ကောက်ကျစ် စဉ်းလဲသော သူပါပေတည်း။ ဤစိတ္တသူကြွယ်သည်ကား အလွန့်အလွန် မာယာများသော ပုဂ္ဂိုလ်ပါပေတည်း ဟု ပြောဆိုခဲ့ပါသည်။

ထိုအခါ စိတ္တသူကြွယ်က အို ဆရာကြီး နိဂဏ္ဌ....ယခုပင်လျှင် အရှင်ဆရာကြီး ပြောဆိုတဲ့ စကားကို ဤစိတ္တသူကြွယ်ကား အလွန်ဖြောင့်မတ်သောသူ, မကောက်ကျစ်သောသူ, မာယာလှည့်ပတ် ဖြားယောင်းခြင်း မရှိသောသူ ဟု ပြောဆိုသည်ကိုလည်း အကျွန်ုပ်တို့ ကြားရပါသည်။ ယခုပင်လျှင် အရှင်ဘုရားပြောဆိုတဲ့စကားကို ဤစိတ္တသူကြွယ်ကား အလွန်မဖြောင့်မတ်သောသူ, အလွန်ကောက်ကျစ်သောသူ,အလွန့်အလွန် မာယာများသောသူ ဟု ပြောဆိုသည်ကိုလည်း ကြားရပါသည်။

အို ဆရာကြီး နိဂဏ္ဌ နာဋပုတ္တ....ဆရာကြီး၏စကားသည် ရှေ့စကားမှန်လျှင် နောက်စကား မှားရပါလိမ့်မည်။ နောက်စကားမှန်လျှင် ရှေ့စကားမှားရပါလိမ့်မည်၊ ရှိပါစေ....။

## ပြဿနာဆယ်ရပ်

ဆရာကြီး နိဂဏ္ဌ နာဋပုတ္တ....ယခုဖော်ပြလတ္တံ့သော အတိုင်း ဆရာကြီးတို့ အပေါ် ဝယ် တရားနှင့် လျော်သော ပုစ္ဆာပြဿနာ ဆယ်ရပ်ရောက်ရှိခဲ့ပါပြီ၊ အကျွန်ုပ်သည် ပုစ္ဆာပြဿနာ ဆယ်ရပ်ကို ဆရာကြီးဘို့ကို ယခု မေးပါမည်။ အကြင်အခါ၌ အကျွန်ုပ်မေးမြန်းသော ပုစ္ဆာပြဿနာတို့၏ အဖြေအနက်ကို သိပါ၏၊ ထိုအခါ ဆရာကြီးကို မဆိုထားဘိ ဆရာကြီးနှင့်တကွ တပည့်ပရိသတ်အပေါင်းတို့ပါ အကျွန်ုပ်ထံ လာရောက်၍ ပြောကြားနိုင်ပါသည်၊ ဖြေရှင်းနိုင်ပါသည်ဟု လျှောက်ဆိုပြီးလျှင် —

“ဧကော ပဉှော ဧကော ဥဒ္ဒေသော ဧကံ ဝေယျာကရဏံ” အစရှိသည်ဖြင့်တရား တပါးဟူသည် အဘယ်ပါနည်း၊တရားနှစ်ပါးဟူသည် အဘယ်ပါနည်း တရားသုံးမျိုးဟူသည် အဘယ်ပါနည်း၊ တရားလေးမျိုး, ငါးမျိုး, ခြောက်မျိုး

ခုနစ်မျိုး,ရှစ်မျိုး, ကိုးမျိုး, ဆယ်မျိုးနှင့် စပ်သော အမေးပုစ္ဆာ ပြဿနာအစဉ် ရှိပါသည်။ တရား ဆယ်မျိုးတို့ ဟူသည် အဘယ်တရားတို့ ဖြစ်ပါသနည်း၊ ထို ဆယ်မျိုးသော တရားတို့၏ အဖြေကား အဘယ်ပါနည်းဟု ဆယ်ရပ်သော ပုစ္ဆာ ပြဿနာတို့ကို နိဂဏ္ဌနာဋပုတ္တ ဆရာကြီးကို မေးမြန်း၍ ပန်ကြားပြီးလျှင် မိမိအရပ်သို့ ပြန်ခဲ့ပါသည်။

ဤသို့လျှင် နိဂဏ္ဌနာဋပုတ္တ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း မစ္ဆိကာသဏ္ဍ တောအုပ်အရပ်၌ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးကို အကြောင်းပြု၍ အနာဂါမ်တည် စိတ္တသူကြွယ် ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

နိဂဏ္ဌနာဋပုတ္တသုတ် ပြီး၏

---

## အစေလကဿပသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ နဝမံ သံဂီတံ အစေလကဿပသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဥ္စ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ မစ္ဆိကာသဏ္ဍေ အစေလံ ကဿပံ အာရဗ္ဘ စိတ္တေန ဂဟပတိနာ ဘာသိတံ။ အစေလော ဘန္တေ ကဿပေါ စိတ္တံ ဂဟပတိံ ဧတဒဝေါစ "ဣမေဟိ ပန တေ ဂဟပတိ တိံသမတ္တေဟိ ဝဿေဟိ အတ္ထိ ကောစိ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရော"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဂိဟိနောပိ သိယာ ဘန္တေ အဟံ ဟိ ဘန္တေ ယာဝဒေဝ အာကင်္ခါမိ၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရာမီ"တိ ဝေမာဒိနာ စိတ္တေန ဂဟပတိနာ ဘာသိတံ။

မေး။ ။ထိုစိတ္တသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ကိုးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော အစေလကဿပ သုတ် မည်သော တရားဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်

ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မဇ္ဈိကာသဏ္ဍာအရပ်၌ပင်လျှင် မဇ္ဈိကာသဏ္ဍာတောအုပ် အတွင်းဝယ် အဝတ်မဆီး အချည်းနှီးသော ကဿပတက္ကဒွန်းကို အကြောင်းပြု၍ စိတ္တသူကြွယ် ဟောကြားအပ်ခဲ့ပါသည်။

အဝတ်မဆည်း အချည်းနှီးသော အစေလကဿပသည် ရှေးလူဖြစ်စဉ်အခါက စိတ္တသူကြွယ်နှင့် ငယ်သူငယ်ချင်း ဖြစ်ခဲ့ပါသည်။

ထိုအစေလကဿပသည် စိတ္တသူကြွယ်ရှိရာ ဖြစ်သော မဇ္ဈိကာသဏ္ဍာအရပ်သို့ သွားရောက်၍ မဇ္ဈိကာသဏ္ဍာတောအုပ်အတွင်း နေထိုင်သည်ကို စိတ္တသူကြွယ် သတင်းကြားသဖြင့် သွားရောက်ပြီးလျှင် ထိုအစေလကဿပကို စိတ္တသူကြွယ်က "ကီဝစိရံ ပဗ္ဗဇိတဿ ဘန္တေ ကဿပ" ဟု အိုအရှင်ဘုရားကဿပ....၊ အရှင်ဘုရားသည် ရဟန်းပြုတာ မည်မျှ ကြာပါသနည်း ဟု မေးမြန်းပါသည်။ အနှစ်သုံးဆယ် ကြာပြီ ဖြစ်ကြောင်း ပြန်ပြောင်းမိန့်ဆိုသည်တွင်—

အို အရှင်ဘုရား....၊ဤမျှ အနှစ်သုံးဆယ်တို့ဖြင့် ရဟန်းအဖြစ်သို့ရောက်သော အရှင်ဘုရားအား ပကတိ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဉတ္တရိမနုဿဓမ္မ ဈာန်မဂ်ဖိုလ်တရား ရပါ၏လောဟု မေးမြန်းလျှောက်ထားသောအခါ—

## အစေလကဿပ အလုပ်သုံးမျိုး

ဒါယကာ စိတ္တသူကြွယ်....၊ဤအနှစ်သုံးဆယ်တို့ဖြင့် ရဟန်းအဖြစ်သို့ရောက်သောငါ့မှာ အဝတ်မဆီး အချည်းနှီးနေရခြင်း, ဦးပြည်းကတုံး တုံးရခြင်း, တင်ပါးသားတို့ဝယ် ကပ်ရောက်သော မြူမှုန်ကို ပယ်ရှားဘို့ရန် ယပ်ကိုဆောင်ရခြင်း ဤသုံးမျိုးမှ လွဲ၍ ပကတိ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား, တရားဖြင့် ချမ်းသာစွာနေရာဖြစ်သော တရားထူးကို ရဘူးသည် ဟူ၍ မရှိပါဟု ပြန်ကြားမိန့်ဆိုသည်

တွင် စိတ္တသူကြွယ်သည် "အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော" အစရှိသည်ဖြင့်——

အရှင်တို့၏ တရား၏ ကောင်းစွာ ဟောကြားအပ်သည်၏ အဖြစ်သည် အလွန်အံ့ဘွယ် ရှိပါပေစွ။ ဤမျှ အနှစ်သုံးဆယ်ကြာ ရဟန်းအဖြစ်သို့ ကပ်ရောက်ပါလျက် တစုံတခု တရားထူးကို မရဘိ၏ ဟု ကဲ့ရဲ့စကား ပြောကြားခဲ့ပါသည်။

ထိုအခါ အစေလကဿပက ဒါယကာ စိတ္တသူကြွယ် အသင့်အားကား ရဟန်းကြီးဂေါတမ၏ တပည့်သား သာဝက ဥပါသကာ အဖြစ်သို့ ကပ်ရောက်သည်မှာ နှစ်ပေါင်းမည်မျှ ကြာပြီနည်း ဟု မေးမြန်းပြန်ပါသည်။

ထိုအခါ စိတ္တသူကြွယ်က ဘုရား၏ ဥပါသကာ ဒါယကာ အဖြစ်သို့ ကပ်ရောက်သည်မှာ အနှစ်သုံးဆယ် ကြာမြင့်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ဤမျှ အနှစ်သုံးဆယ်တို့ဖြင့် ဒါယကာ အဖြစ်သို့ ကပ်ရောက်သော အသင်စိတ္တသူကြွယ်အား တစုံတခု လူ့ဘို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ရပါ၏လော ဟု မေးမြန်းပြန်ပါသည်။

## အစေလကဿပ ချီးမွမ်းခြင်း

ထိုအခါ စိတ္တသူကြွယ်က"ဂိဟိနောပိ သိယာ ဘန္တေ"အစရှိသည်ဖြင့်——

အိုအရှင်ကဿပ....၊ အကျွန်ုပ်အား အဘယ်မှာလျှင် ဥတ္တရိမနုဿဓမ္မ-တရား မဖြစ်ဘဲ ရှိပါအံ့နည်း၊ အရှင်ကဿပ....၊အကျွန်ုပ်သည် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို အလိုရှိသမျှ ကာလအတိုင်း ဝင်စားနိုင်ပါသည်။ အိုအရှင် ကဿပ....၊ အကျွန်ုပ်သည် မြတ်စွာဘုရား အလျင် ဘဝတမလွန် စုတေခဲ့သော် မြတ်စွာဘုရားက စိတ္တသူကြွယ်သည် ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးကို အကြွင်းမဲ့ ပယ်ရှားပြီး ဖြစ်သဖြင့် ဤကာမဘုံသို့ တဖန် မပြန်တော့ပြီ'ဟူ၍ မိန့်ကြားသော်မူ မိန့်ကြားလေရာ၏၊ သို့မိန့်ကြားခြင်းကား အံ့ဘွယ်မဟုတ်ပါ။ အကျွန်ုပ်ကား အနာဂါမ် စင်စစ်ဖြစ်ပါတော့သည် ဟု ပြန်ကြားလျှောက်ထားသည်တွင် အစေလကဿပသည်လည်း ချီးမွမ်းစကား ပြောကြား၍ "လဘေယျာဟံ ဂဟပတိ ဣမသ္မိံ ဓမ္မဝိနယေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ" ဟု——

စိတ္တသူကြွယ်....ငါသည် ဤမြတ်စွာဘုရားသခင်၏ တရားသဖြင့် ဆုံးမရာ သာသနာ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ၏ ဟု ပြန်ပြောင်းပြောဆိုသည် တွင် စိတ္တသူကြွယ်သည် ထိုအစေလကဿပ....မိမိ၏ ငယ်သူငယ်ချင်းကို ခေါ် ဆောင်၍ များစွာသော မထေရ်သူမြတ်တို့ရှိရာ မစ္ဆိကာသဏ္ဍ တောအုပ် အတွင်းသို့ လာရောက်၍—

## ရဟန္တာဖြစ်ပုံ

အရှင် သူမြတ်တို့ဘုရား....၊ ဤအစေလကဿပသည် တပည့်တော်၏ ငယ်သူငယ်ချင်း ဖြစ်ပါသည်၊ ဤဓမ္မဝိနယသာသနာတော်ဝယ် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရလိုပါသည်။ အရှင်တို့သည် ဤအစေလကဿပကို ရှင်ရဟန်း ပြုပေးတော်မူပါ၊ အရှင်ဆရာ ကဿပ၏ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ပစ္စည်း လေးပါးတို့အတွက်ကို တပည့်တော် တာဝန်ရှိပါစေဟု လျှောက်ထားသည် တွင် မထေရ်သူမြတ်တို့သည်လည်း ထိုကဿပကို ရှင်ရဟန်း ပြုပေးခဲ့ပါသည်။

ရဟန်းဖြစ်ပြီး ရှင်ဖြစ်ပြီးသည့်နောက် မကြာမီပင်လျှင် ထိုကဿပ ရဟန်းတော်အရှင်သူမြတ်သည် အဖော်မမှီး တကိုယ်တည်း ဖြစ်၍ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်ပြီးလျှင် မမေ့မလျော့ သော အပ္ပမာဒတရား လက်ရှိ ထား၍ ကိလေသာတရားတို့ကို ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လနှင့် ပြည့်စုံစွာ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ ရဟန်းတရား ပွါးများ အားထုတ်သဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်ခဲ့ပါပေသည်။

ဤသို့လျှင် အစေလကဿပ အမည်ရသော ဤသုတ္တန်ဒေသနာတော် မြတ်ကို မစ္ဆိကာသဏ္ဍအရပ်ဝယ် အနာဂါမ်တည် ဥပါသကာဖြစ်သော စိတ္တ သူကြွယ် ဒါယကာသည် အစေလကဿပ အမည်ရသော မိမိ၏ငယ်သူငယ်ချင်း တက္ကဒွန်းကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

အစေလကဿပသုတ် ပြီး၏

---

## ဂါမဏိသံယုတ်

## စဏ္ဍသုတ်

ပု။ ။တေန ခေါ ပန သမယေန ဘဂဝါ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဂါမဏိသံယုတ္တေ ပဌမံ စဏ္ဍသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ စလ္လာ့ ဂါမဏိ ံ အာရဗ္ဘ ဘာသိတံ။ စဏ္ဍော ဘန္တေ ဂါမဏိ ဘဂဝန္တံ ဧတဒဝေါစ "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စော စဏ္ဍော စဏ္ဍောတွေဝ သင်္ခံ ဂစ္ဆတိ။ ကော ပန ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စော သောရတော သောရတောတွေဝ သင်္ခံ ဂစ္ဆတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဣဓ ဂါမဏိ ဧကစ္စဿ ရာဂေါ အပ္ပဟီနော ဟောတိ၊ ရာဂဿ အပ္ပဟီနတ္တာ ပရေ ကောပေန္တိ၊ ပရေဟိ ကောပိယမာနော ကောပံ ပါတုကရောတိ၊ သော စဏ္ဍောတွေဝ သင်္ခံ ဂစ္ဆတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် ဂါမဏိသံယုတ်၌ ရှေးဦးစွာ သံဂါယနာ တင်ထားသော စဏ္ဍသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအား ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် စဏ္ဍ အမည်ရှိသော ရွာသူကြီးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ စဏ္ဍအမည်ရှိသေ ရွာသူကြီးသည် ဘုရားထံမှောက် သွားရောက်၍ ရှိသေစွာ ရှိခိုးဦးညွှတ်ပြီးလျှင် အပြစ်လွတ်သော အရပ်၌ ထိုင်နေ၍ "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စော စဏ္ဍော စဏ္ဍောတွေဝ သင်္ခံ ဂစ္ဆတိ" အစရှိသည်ဖြင့်—

## စဏ္ဍရွာသူကြီး

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အကြင်သို့သော အကြောင်းကြောင့် ဤလောကဝယ် အချို့သော ပုဂ္ဂိုလ်သည် ကြမ်းတမ်းသောသူ ကြမ်းတမ်းသောသူ ဟူ၍သာလျှင် ခေါ်ဆိုရေတွက်ခြင်းသို့ ရောက်ရပါသည်။ ထိုသို့ ကြမ်းတမ်းသောသူ ကြမ်းတမ်းသောသူ ဟူ၍ ခေါ်ဆိုရေတွက်ရခြင်း၏ အကြောင်းတရားကား အဘယ်ပါနည်းဘုရား။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် နူးညံ့သိမ်မွေ့ ကောင်းသောအမှု၌ မွေ့လျော်သောသူ နူးညံ့သိမ်မွေ့ ကောင်းသောအမှု၌ မွေ့လျော်သောသူ ဟူ၍သာလျှင် ခေါ်ဆို ပညတ်ခြင်းသို့ ရောက်ခဲ့ပါသည်။ ထိုသို့ နူးညံ့သိမ်မွေ့ ကောင်းသောအမှု၌ မွေ့လျော်သောသူ ဟူ၍ ခေါ်ဆိုပညတ်ကြောင်းကား အဘယ်ပါနည်းဘုရား ဟူ၍ မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ဣဓ ဂါမဏိ ဧကစ္စဿ ရာဂေါ အပ္ပ-ဟီနော ဟောတိ" အစရှိသည်ဖြင့်—

## ကြမ်းတမ်းသူ

စင်္ကာမည်သော ရွာသူကြီး....၊ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား ရာဂ တရားကို မပယ်ရှားအပ်သေး ဒေါသတရားကို မပယ်ရှားအပ်သေး၊ မောဟ တရားကို မပယ်ရှားအပ်သေး၊ ထိုသို့ ရာဂ ဒေါသ မောဟတို့ကို မပယ်ရှားအပ် သေးဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်ကို တပါးသော ပုဂ္ဂိုလ်တို့က အမျက်ထွက်အောင် ပြုလုပ်ကြသည်။ အမျက်ထွက်အောင် ပြုလုပ်ခြင်း ဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် ပြင်းထန်စွာ အမျက်ထွက် ခဲ့သည်။ ထိုသို့သူတပါးတို့ အမျက်ထွက်အောင် ပြုလုပ်သဖြင့် ပြင်းထန်စွာ အမျက်ထွက်သော ပုဂ္ဂိုလ်သည် ကြမ်းတမ်းသောသူ ဟူ၍ သာလျှင် ရေတွက် ခေါ်ဆို ပညတ်ခြင်းသို့ရောက်ခဲ့ပေသည်။

စင်္ကာ မည်သော ရွာသူကြီး....၊ဤဆိုအပ်ပြီးသောအတိုင်း ရာဂ ဒေါသ မောဟတို့ကို မပယ်ရသေးခြင်း, ရာဂ ဒေါသ မောဟဓာတ်ကို မပယ်ရသေးမှု ဟူသော အကြောင်းကြောင့် သူတပါးတို့ အမျက်ထွက်အောင် ပြုလုပ်လျှင် အမျက်ကို ထင်စွာပြုခြင်း တည်းဟူသော ဤတရားသည်ပင်လျှင် ဤလောက ၌ ကြမ်းတမ်းသောသူ ကြမ်းဘမ်းသောသူ ဟူ၍ ခေါ်ယူပညတ်သမုတ်ဘို့ရန် အကြောင်းရင်း ဖြစ်ပေတော့သည်။

## သိမ်မွေ့သူ

စင်္ကာမည်သော ရွာသူကြီး....၊ဤလောက၌ အချို့သော ယောနိသော မနသိကာရ လက်ရှိပြီးဖြစ်သော ပုဂ္ဂိုလ်အား လောဘကိုရင်း ဒေါသကိုရင်း

မောဟကိုငင်း ပယ်ရှားအပ်ပြီး ဖြစ်ပါပေတော့သည်။ သို့လောဘ ဒေါသ မောဟကို ပယ်ရှားအပ်ပြီး ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်ကို သူတပါးတို့က အမျက်ထွက်အောင်ပင် ပြုလုပ်အပ်သော်လည်း ထိုပုဂ္ဂိုလ်သည် အမျက်မထွက်တော့ပေ၊ အမျက်ကို ထင်စွာ မပြုတော့ပေ။ သို့မိမိ၏အမျက်ကို ထင်စွာ မပြုသော ပုဂ္ဂိုလ်သည် ကောင်းသောအမှု၌ မွေ့လျော်သောသူ သိမ်မွေ့သော သူ ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ခြင်းသို့ ရောက်ပေတော့သည်။

စဏ္ဍမည်သော ရွာသူကြီး....၊ ဤဆိုအပ်ပြီးသောအတိုင်း ရာဂ ဒေါသ မောဟတို့ကို ပယ်ရှားပြီး ဖြစ်ခြင်း, သို့ပယ်ရှားပြီး ဖြစ်ခြင်း ဟူသော အကြောင်းကြောင့် သူတပါးတို့က အမျက်ဒေါသထွက်အောင် ပြုလုပ်သော်လည်း အမျက်ဒေါသကို ထင်စွာမပြုခြင်းသည်ပင်လျှင် သိမ်မွေ့သောသူဟူ၍ ခေါ်ဆိုပညတ် သမုတ်ခြင်း၏အကြောင်း ဖြစ်သည်ဟူ၍ စိတ်ဖြာ ခွဲခြား ဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် စဏ္ဍမည်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆို အပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိပြည်အရပ်ဝယ် စဏ္ဍမည်သော ရွာသူကြီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါ သည် အရှင်ဘုရား။

စဏ္ဍသုတ် ပြီး၏

---

## ခေတ္တူပမသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ သတ္တမံ သံဂီတံ ခေတ္တူပမသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။နာဠန္ဒာယံ ဘန္တေ ပါဝါရိကမ္ဗဝနေ အသိဗန္ဓကပုတ္တံ ဂါမဏိံ အာရဗ္ဘ ဘာသိတံ။ အသိဗန္ဓကပုတ္တော ဘန္တေ ဂါမဏိ ဘဂဝန္တံ ဧတဒဝေါစ “နနု ဘန္တေ ဘဂဝါ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတီတိ။ ဧဝံ ဂါမဏိ တထာဂတော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတီတိ။ အထ ကိဉ္စရဟိ ဘန္တေ ဘဂဝါ ဧကစ္စာနံ သက္ကစ္စံ ဓမ္မံ ဒေသေတိ၊ ဧကစ္စာနံ နော

တထာ သက္ကစ္စံ ဓမ္မံ ဒေသေတီ”တိ။ တသ္မိံ ဘန္တေ ဝတ္တုသ္မိံ “တေန ဟိ ဂါမဏိ တညေဝေတ္တ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ”တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဂါမဏိသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ခုနစ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားသော ခေတ္တူပမသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။နာဠန္ဒာပြည် ပါဝါရိက သူဌေးဆောက်လုပ်လှူဒါန်းသော သရက်တောကျောင်းတိုက်အတွင်းဝယ် အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညု မြတ်စွာဘုရားသည် နာဠန္ဒာပြည် ပါဝါရိက သူဌေး လှူဒါန်းသော သရက်ဥယျာဉ်ကျောင်းအတွင်း သီတင်းသုံးနေတော်မူလတ်သောအခါ အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီးသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် ရိုသေစွာ ရှိခိုးဦးညွှတ်၍ အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် “နနု ဘန္တေ ဘဂဝါ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ” ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ရှင်တော်ဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ စီးပွါးချမ်းသာကို လိုလားတော်မူသည်ဖြစ်၍ နေတော်မူသည် မဟုတ်ပါသော ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက “ဧဝံ ဂါမဏိ တထာဂတော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ” ဟု—

ဒါယကာ....၊အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီး....၊သင်လျှောက်ဆိုသည့်အတိုင်း မှန်ပေသည်။ ရှေးဘုရားတို့ အတူ လာခြင်းကောင်းတော်မူ

သော သဗ္ဗညုမြတ်စွာဘုရားသည် ဝေနေယျကြွာ သတ္တဝါအပေါင်းတို့၏ စီးပွါးချမ်းသာကို လိုလားတော်မူသည်ဖြစ်၍ နေထိုင်သည်ဟု မိန့်ကြားတော်မူလတ်သည်တွင် "အထ ကိဉ္စရဟိ ဘန္တေ ဘဂဝါ ကေစ္စာနံ သက္ကစ္စံ ဓမ္မံ ဒေသေတိ" အစရှိသည်ဖြင့်—

သို့ဖြစ်လျှင် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ရှင်တော်ဘုရားသည် အဘယ်အကြောင်းကြောင့် အချို့သော ပုဂ္ဂိုလ်တို့အား တရိုတသေ တရားဟော၍ တချို့သော ပုဂ္ဂိုလ်တို့အား ထိုမျှလောက်ရိုသေမှု သက္ကစ္စမှု မရှိဘဲ တရားဟောပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "တေန ဟိ ဂါမဏိ တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ" အစရှိသည်ဖြင့်—

သို့တပြီးကား-အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီး....ဤအရာ၌ သင့်ကိုပင် တဖန်ပြန်၍ မေးမြန်းအံ့၊ သင်နှစ်သက်သဘောကျသည့်အတိုင်း ဖြေဆိုနိုင်ခွင့် ရှိပေသည်။

အသိဗန္ဓကပုတ္တ အမည်ရသော 'ရွာသူကြီး....ယခု ငါဘုရားမေးမည့် စကားကို အသင် မည်သို့ မှတ်ထင်ပါသနည်း၊ ဤလောကဝယ် တယောက်သော လယ်သမားအား အလွန်ကောင်းသောလယ်, အလယ်အလတ်ကောင်းသောလယ်, ယုတ်ညံ့သော လယ်ဟူ၍ လယ်သုံးမျိုး ရှိရာသည်။

အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီး....ယခု ငါဘုရားမေးမည့် စကားကို သင်မည်သို့ မှတ်ထင်ပါသနည်း။ ထိုလယ်သမားသည် ထိုလယ် သုံးမျိုးတို့တွင် မျိုးစေ့တို့ကို ကြဲချသောအခါ အဘယ်လယ်၌ ရှေးဦးစွာ မျိုးစေ့တို့ကို ကြဲချပါအံ့နည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီးက-ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ထိုလိမ်မာလှစွာသော လယ်သမားသည် ထိုလယ်သုံးမျိုးရှိသည့်အနက် မျိုးစေ့တို့ကို ကြဲချလတ်သည်ရှိသော် ရှေးဦးစွာ အလွန်ကောင်းသောလယ်၌ မျိုးစေ့တို့ကို ကြဲချပါမည်။ ထို့နောင်မှ အလယ်အလတ်။ထို့နောင်မှ အညံ့ဆုံး ဖြစ်သော လယ်တို့၌ မျိုးစေ့ကို ကြဲချလိုလျှင်လည်း ကြဲချပါလိမ့်မည် မကြဲချလိုလျှင်လည်း မကြဲချဘဲ ရှိပါလိမ့်မည်။

အကြောင်းသော်ကား–ထိုညွှံဖျင်းသော လယ်မြေ၌ နွားစာသော်လည်း ဖြစ်လိမ့်မည်ဟု ကြံစည်၍ ကြဲသော်ငြင်း ကြဲရာပါသည်။ မကြဲသော်ငြင်း မကြဲဘဲ ရှိရာပါသည်။ ဤသို့ ပြန်ကြား လျှောက်ထားသည်တွင်—

အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီး....၊ဤနည်းအတူပင်လျှင် ဤငါဘုရား၏ သာသနာတော်ဝယ် ဘိက္ခု ဘိက္ခုနီ ဟူသော ပုဂ္ဂိုလ်နှစ်ပါးတို့သည် ပဌမအဦး အကောင်းဆုံးသော လယ်မြေနှင့် တူလှပေသည်။ အကောင်းဆုံးသော လယ်မြေနှင့် တူလှသော ထိုဘိက္ခု ဘိက္ခုနီ တပည့်သား သာဝကတို့အား ငါဘုရားသည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံသော တရားဓမ္မကို ဟောပြပေသည်။

အသိဗန္ဓကပုတ္တအမည်ရှိသော ရွာသူကြီး....၊အလယ် အလတ် ဖြစ်သော လယ်ကဲ့သို့ ဤငါဘုရား၏ သာသနာဝယ် သဒ္ဓါသက်ဝင် ယုံကြည်လေ့ရှိကြသော ဥပါသကာ ဥပါသိကာတို့သည် ဖြစ်ကြသည် ရှိကြသည်။ ထိုဥပါသကာ ဥပါသိကာတို့အားလည်း ငါဘုရားသည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော တရားဓမ္မကို ဟောပြပေသည်။

အသိဗန္ဓကပုတ္တရွာသူကြီး....၊အညံ့ဆုံးဖြစ်သော လယ်ကဲ့သို့ ထို့အတူပင်လျှင် သာသနာပြင်ပ အညတိတ္ထိယ အမည်ရသော ရဟန်းပုဏ္ဏား ပရိဗိုဇ်တို့ ရှိကြသည်။ ထိုသာသနာပြင်ပ အညတိတ္ထိယ ဖြစ်သော ရဟန်းပုဏ္ဏား ပရိဗိုဇ်တို့အားလည်း ငါဘုရားသည် တပုဒ် တဂါထာကိုရလျှင် သိလျှင် ထိုပုဂ္ဂိုလ်တို့အား များစွာ အကျိုးရှိသည်ဟု နှလုံးသွင်းတော်မူပြီးလျှင် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော တရားဓမ္မကို ကျကျနနပင် ဟောပြခဲ့ပါသည်။

အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....၊ဥပမာတနည်းသော်ကား ဤလောကဝယ် တစုံတယောက်သော ယောကျ်ားအား ရေလှောင်အိုး သုံးမျိုး ရှိရာပါသည်။ ပဌမတမျိုးမှာ အပေါက်လည်းမရှိ၊ ရေလည်းမစိမ့်သော အိုး ဖြစ်ပေသည်။ ဒုတိယရေအိုးမှာ အပေါက်ကားမရှိ၊ ရေစိမ့်သောအိုးပင် ဖြစ်ပေသည်။ တတိယအိုးမှာ အပေါက်လည်းရှိ၍ ရေလည်းစိမ့်သော အိုးဖြစ်ပေသည်။

ဤသို့ ရေလှောင်အိုး သုံးအိုးရှိသော ယောကျ်ားတယောက်သည် ထိုရေလှောင်အိုး သုံးအိုးတို့အနက် ရေကို လှောင်လို, ထည့်လို, သွင်းလိုသည်ရှိ

သော် ရှေးဦးစွာ အဘယ်ရေအိုင်၌ရေကို ထည့်ရာ သွင်းရာ လှောင်ရာပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုယောကျ်ားသည် ထိုရေလှောင်အိုး သုံးအိုးရှိသည့်အနက် ရေကို ထည့်လို သွင်းလို လှောင်လိုသည်ရှိသော် လုံလည်း လုံလဲ့,စိမ့်လည်း မစိမ့်ထွက်သော ရေအိုး၌ ရှေးဦးစွာ ရေကို ထည့်ရာ သွင်းရာ လှောင်ရာပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ထိုရေအိုး၌ ထည့်သွင်းပြီးသောအခါ လုံသာလုံ၍ ရေစိမ့်သော ဒုတိယအိုး၌ ထည့်ရာ လှောင်ရာ ပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တတိယမြောက် ဝယ် တစုံတခု အိုးခွက်ဘဏ္ဍာ စသည် ဆေးရန် ဖြစ်ဘိဟူ၍ ရည်သန်ပြီးလျှင် လုံလည်းမလုံ စိမ့်လည်း စိမ့်သော အိုးဝယ် ရေကို ထည့်လှောင် သွင်းထားရာပါသည် ဘုရားဟူ၍ ပြန်ကြားလျှောက်ထားခဲ့ပါပေသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....၊ဤအတူပင်လျှင် လုံလည်းလုံ၍ ရေလည်း စိမ့်မထွက်သော ရေအိုးပမာ ဤငါဘုရားသာသနာဝယ် ဘိက္ခု ဘိက္ခုနီ ပုဂ္ဂိုလ်နှစ်ပါးတို့ထင်ရှားရှိကြပေသည်။ ဘိက္ခု ဘိက္ခုနီပုဂ္ဂိုလ် နှစ်ပါးတို့သည် လုံလည်း လုံလဲ ရေလည်း စိမ့်မထွက်သော ရေအိုးတို့နှင့် တူကြပါပေသည်။ ထိုဘိက္ခု ဘိက္ခုနီ ပုဂ္ဂိုလ်နှစ်ပါးတို့အားလည်း ငါဘုရားသည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံသော တရားစကားကို ဟောကြားပေသည်။

အသိဗန္ဓက ရွာသူကြီး....၊ ရေသာလုံ၍ စိမ့်ယိုထွက်သော အိုးဥပမာ ဤငါဘုရား သာသနာဝယ် ဉပါသကာ ဉပါသိကာ တည်းဟူသော ပရိသတ် နှစ်မျိုး ရှိပေသည်။ ထိုပရိသတ် နှစ်မျိုးတို့အားလည်း ငါဘုရားသည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော တရားဓမ္မကို ဟောပြပေသည်။

အသိဗန္ဓကရွာသူကြီး....၊ တတိယမြောက်ဖြစ်သော လုံလည်းမလုံ ရေလည်းစိမ့်ယိုသော အိုးဉပမာ ဤသာသနာတော်မှ ပြင်ပ အညတိတ္ထိယ ဖြစ်ကြသော ရဟန်း ပုဏ္ဏား ပရိဗိုဇ်တို့ ရှိကြကုန်သည်။ ထိုသာသနာပြင်ပ ရဟန်း

ပုဏ္ဏား ပရိဗိုဇ်တို့အားလည်း ငါဘုရားသည် တပုဒ် တဂါထာကို သိလျှင်ပင် ထိုပုဂ္ဂိုလ်တို့အား ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်ရာသည်ဟု အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော တရားဓမ္မကို သက္ကစ္စအားဖြင့်ပင် ဟောကြားခဲ့ပေသည်ဟု ပုဂ္ဂိုလ်သုံးမျိုးစလုံး အားပင်လျှင် ရိုသေစွာ သက္ကစ္စ တရားကို ဂရုဂါရဝပြု၍ ဟောကြားတော်မူကြောင်း မိန့်ကြားခဲ့ပါသည်။

ဤသို့လျှင် ခေတ္တူပမ အမည်ရသော လယ်သုံးမျိုး ဥပမာ, ရေအိုးသုံးမျိုး ဥပမာပြု၍ ဟောကြားရာဖြစ်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် နာဠန္ဒာပြည်အရပ်ဝယ် အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ခေတ္တူပမသုတ် ပြီး၏

---

## သင်္ခဓမသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟက မဟာထေရေဟိ အဋ္ဌမံ သံဂီတံ သင်္ခဓမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။နာဠန္ဒာယံ ယေဝ ဘန္တေ ပါဝါရိကမ္ဗဝနေ အသိဗန္ဓကပုတ္တံ ဂါမဏိံ နိဂဏ္ဌသာဝကံ အာရဗ္ဘ ဘာသိတံ။ ဘဂဝါ ဘန္တေ အသိဗန္ဓကပုတ္တံ ဂါမဏိံ နိဂဏ္ဌသာဝကံ ဧတဒဝေါစ "ကထံ နု ခေါ ဂါမဏိ နိဂဏ္ဌော နာဋပုတ္တော သာဝကာနံ ဓမ္မံ ဒေသေတီ"တိ။ ဧဝံ ခေါ ဘန္တေ နိဂဏ္ဌော နာဋပုတ္တော သာဝကာနံ ဓမ္မံ ဒေသေတိ "ယော ကောစိ ပါဏံ အတိပါတေတိ၊ သဗ္ဗော သော အာပါယိကော နေရယိကော။ (ပေယျာလ) ယံဗဟုလံ ယံဗဟုလံ ဝိဟရတိ၊ တေန တေန နီယတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယံဗဟုလံ ယံ-ဗဟုလဉ္စ ဂါမဏိ ဝိဟရတိ၊ တေန တေန နီယတိ၊ ဧဝံ သန္တေ န ကောစိ အာပါယိကော နေရယိကော ဘဝိဿတိ၊ ယထာ နိဂဏ္ဌဿ နာဋပုတ္တဿ ဝစန"န္တိ ဧဝံ ခေါ ဘဂဝတာ သံခိတ္တေန ဘာသိတံ။

မေး။ ။ထိုဂါမဏိသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှစ်ခုမြောက် အဋ္ဌမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားသော သခ်ဓမ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။နာဠန္ဒာပြည်အရပ်၌ပင်လျှင် နိဂဏ္ဌနာဋပုတ္တ ဆရာကြီး၏ တပည့်ဖြစ်သော အသိဗန္ဓကပုတ္တရွာသူကြီးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

## နာဋပုတ္တဆရာကြီးတရား

သဗ္ဗညုမြတ်စွာဘုရား နာဠန္ဒာပြည် ပါဝါရိကသူဌေး ဆောက်လုပ်လှူဒါန်းသော သရက်ဥယျာဉ် တောကျောင်း၌ သီတင်းသုံးနေတော်မူလတ်သော အခါ နိဂဏ္ဌနာဋပုတ္တဆရာကြီး၏တပည့်ဖြစ်သော အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီးသည် ဘုရားထံမှောက် လာရောက်ပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ကထံ နု ခေါ ဂါမဏိ နိဂဏ္ဌော နာဋပုတ္တော သာဝကာနံ ဓမ္မံ ဒေသေတိ"ဟု——

အသိဗန္ဓကပုတ္တရွာသူကြီး....၊သင်တို့၏ဆရာဖြစ်သောနာဋပုတ္တဆရာကြီးသည် တပည့်သား သာဝကတို့အား ဘယ်ပုံ ဘယ်ပန်း အခြင်းအရာအားဖြင့် တရားဓမ္မကို ဟောပြပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ အသိဗန္ဓကပုတ္တရွာသူကြီးက "ဧဝံ ခေါ ဘန္တေ နိဂဏ္ဌော နာဋပုတ္တော သာဝကာနံ ဓမ္မံ ဒေသေတိ"-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်တို့၏ ဆရာဖြစ်သော နာဋပုတ္တဆရာကြီးသည် အမှတ်မထင် အကြင်တစုံတယောက်သော သူသည် ပါဏာတိပါတ ဒုစရိုက်မှုကို ပြုငြားအံ့၊ ထိုပါဏာတိပါတ ဒုစရိုက်မှုကို ပြုလုပ်သော ပုဂ္ဂိုလ်တိုင်းသည်ပင်လျှင် အပါယ်ဘုံသို့ လားရောက်

ရသည်၊ ငရဲဘုံသို့ လားရောက်ရသည်။ အဒိန္နာဒါန် ပြုလုပ်သော ပုဂ္ဂိုလ်တိုင်း၊ ကာမေသုမိစ္ဆာစာရပြုလုပ်သော ပုဂ္ဂိုလ်တိုင်း၊မုသာဝါဒဒုစရိုက်မှု ပြုလုပ်သော ပုဂ္ဂိုလ်တိုင်းသည်ပင်လျှင် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် အပါယ်ငရဲ၌ ကျရောက်ရသည်။ ထိုမှတပါး အထူးအားဖြင့် အကြင်သို့သော အမှုကများ၍ များ၍ နေရာပါ၏။ ထိုထိုများသော အမှုသည်ပင်လျှင် သတ္တဝါကို ဆွဲဆောင်အပ်သည် ဟု ဤသို့ နာဋပုတ္တ ဆရာကြီးဟောကြားပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ယံဗဟုလံ ယံဗဟုလဉ္စ ဂါမဏိ ဝိဟာရတိ၊ တေန တေန နီယတိ"အစရှိသည်ဖြင့်——

အသိဗန္ဓကပုတ္တအမည်ရှိသော ရွာသူကြီး....၊ အကြင်အရာကများ၍ အကြင်အရာကများလျက် နေငြားအံ့၊ ထိုများရာ များရာကသာလျှင် ထို သတ္တဝါကို ဆွဲဆောင်၍ သွားတယ်ပ ဆိုလျှင် ထိုနာဋပုတ္တဆရာကြီး၏ စကား အတိုင်း တစုံတယောက်သော သူမျှပင်လျှင် အပါယ်ငရဲသို့ ကျရောက်ဘွယ် မရှိပေဟု အရိပ်အမြွက်မျှ အကျဉ်းချုပ်အားဖြင့် သိသာရုံ သဗ္ဗညုမြတ်စွာ ဘုရားသည် ဤသခ်ဓမသုတ္တန်အဦးအစဝယ် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် နာဋဋ္ဌာပြည်အရပ်ဝယ် အသိဗန္ဓကပုတ္တ အမည်ရသော နာဋ ပုတ္တဆရာကြီး၏ တပြည့်ဖြစ်သော ရွာသူကြီးကို အကြောင်းပြု၍ ကရုဏာ ရှေ့ထား ဟောကြားဘော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

## ယံ ဗဟုလဝါဒ၌ အပြစ်

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ယံဗဟုလဝါဒေ ဒေါသော ပကာသိတော။

ဝိ။ ။တံ ကိံ မညသိ ဂါမဏိ၊ ယော သော ပုရိသော ပါဏာတိပါတီ ရတ္တိယာ ဝါ ဒိဝသဿ ဝါ သမယာသမယံ ဥပါဒါယ ကတမော ဗဟုတရော သမယော ယံ ဝါသော ပါဏမတိပါတေတိ။ ယံ ဝါ သော ပါဏံ နာတိပါတေတီတိ ဝေမာဒိနာ ဘဂ္ဂေ တတ္ထ ဘဂဝတာ အသိဗန္ဓကံ နိဂဏ္ဌနာဋပုတ္တဿ သာဝကံ ဂါမဏိံ ပုစ္ဆိတ္ဝာ ပုစ္ဆိတ္ဝာ ယံဗဟုလဝါဒေ ဒေါသော ပကာသိတော။

မေး။ ။ထိုသုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အကြင်မကောင်းမှုကံဖြင့် များစွာနေထိုင်၏။ ထိုမကောင်းမှုကံသည်ပင်လျှင် ဒုဂ္ဂတိဘဝသို့ ဆွဲဆောင်၍ သွားသည် ဟူသော ယံဗဟုလဝါဒ၌ ကျရောက်သော အပြစ်ဒေါသကို ကရုဏာရှေ့ထား၍ အဘယ်ကဲ့သို့လျှင် ဟောကြားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသခ်ဓမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် "တံ ကိံ မညသိ ဂါမဏိ ယော သော ပုရိသော" အစရှိသည်ဖြင့်——

အသိဗန္ဓကပုတ္တရွာသူကြီး....။ယခု ငါဘုရားမေးမည့် စကားကို မည်သို့မှတ်ထင်ပါသနည်း။ အမှတ်မထင် အကြင်ယောကျ်ားတယောက်သည် ပါဏာတိပါတ အမှုကို ပြုသည်ဆိုပါစို့....၊ ထိုသူ ပါဏာတိပါတအမှု ပြုလုပ်သော အချိန်အခါနှင့် ပါဏာတိပါတ မပြုလုပ်သော အချိန်အခါသည် တနေ့အဘို့ရန် တညအဘို့ရန်ဝယ် အဘယ်အခါက များသနည်းဟု မေးမြန်းတော်မူလတ်ပါသည်။

## သူ့အသက်သတ်သူ

ထိုအခါ အသိဗန္ဓကပုတ္တရွာသူကြီးက——ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုယောကျ်ား ပါဏာတိပါတသမားသည် နေ့မှာဖြစ်စေ ညမှာဖြစ်စေ ပါဏာတိပါတပြုလုပ်သော အချိန်ကား အနည်းငယ်မျှသာ ဖြစ်ပါသည်။ ပါဏာတိပါတ မပြုလုပ်သော အချိန်ကား များလှပါသည်ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ယံဗဟုလံ ယံဗဟုလဉ္စ ဂါမဏိ ဝိဟရတိ၊ တေန တေန နီယတိ" အစရှိသည်ဖြင့်——

အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....၊သင်တို့၏ ဆရာဖြစ်သော နာဋပုတ္တဆရာကြီး ပြောဆိုသည့်အတိုင်း ပါဏာတိပါတ ပြုသောအခြင်းအရာ မပြုသောအခြင်းအရာ နှစ်ပါးတို့တွင် အကြင်အခြင်းအရာကား များ၍ နေသည် ဖြစ်အံ့၊ ထိုများသော အခြင်းအရာကပင်လျှင် သတ္တဝါကို ဆွဲဆောင်၍

သွားသည်ဟု ယူအပ်ခဲ့သည်ရှိသော် ယခု သင်ဖြေဆိုခဲ့သည့်အတိုင်း ပါဏာတိပါတအမှု ပြုလုပ်သော ပုဂ္ဂိုလ်ဝယ် ပြုလုပ်သော အချိန်ထက် ပါဏာတိပါတ မပြုလုပ်သော အချိန်ကသာ များရကား သင်တို့၏ဆရာ နိဂဏ္ဌနာဋပုတ္တ၏ စကားအတိုင်း ဆိုလျှင် ထိုပါဏာတိပါတသမားသည် ပါဏာတိပါတမပြုလုပ်သော အချိန်ကသာ များလေသောကြောင့် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် အပါယ်ငရဲသို့ ကျရောက်ဖွယ် မရှိပါ။

## သူတပါးပစ္စည်းခိုးသူ

အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီး....၊ ယခု ငါဘုရားမေးမည့် စကားကို သင်မည်သို့ မှတ်ထင်သနည်း၊ အကြင် အမှတ်မထင်သော ယောကျ်ားသည် အဒိန္နာဒါန် အမှုကိုပြု၏၊ ကာမေသု မိစ္ဆာစာရ အမှုကိုပြု၏၊ မုသာဝါဒ အမှုကို ပြု၏။ ထိုမုသာဝါဒအမှုကို ပြောဆိုသောပုဂ္ဂိုလ်၏ သန္တာန်ဝယ် နေ့အဘို့ရှိ ညဥ့်အဘို့ရှိ ဤအချိန်နှစ်တန်ဝယ် မုသားစကား ပြောကြားသော အချိန်နှင့် မုသာဝါဒစကား မပြောကြားသော အချိန်တွင် အဘယ်အချိန်က များသနည်းဟု မေးမြန်းတော်မူပါသည်။

## မုသားစကားပြောသူ

ထိုအခါ အသိဗန္ဓကရွာသူကြီးက–ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊မုသာဝါဒသမား မုသားပြောကြားသောအချိန်နှင့် မုသားစကား မပြောကြားသောအချိန် နှစ်ပါးတို့တွင် မုသားစကား ပြောကြားသောအချိန်ကား အနည်းငယ်သာ ဖြစ်ပါသည်။ မုသားစကား မပြောကြားသောအချိန်မှာ တနေ့တရက် အဘို့ရှိမှာ များလှပါသည်ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက–အကြင်အရာက များ၏၊ ထိုများသော အရာက သတ္တဝါကို ဆွဲဆောင်၍ သွားသည်ဟူသော သင်တို့၏ဆရာ နိဂဏ္ဌနာဋပုတ္တ၏ စကားအတိုင်းဆိုလျှင် ထိုမုသာဝါဒ ဒုစရိုက်သမားသည် မုသားစကား ပြောကြားသောအချိန်နှင့် မပြောကြားသော အချိန်တို့အနက်မပြောကြားသော အချိန်ကသာ များလေရကား အပါယ်ငရဲသို့ ကျရောက်မည်မဟုတ်ရာ ဟု ဤသို့လျှင် ယံဗဟုလဝါဒ အမည်ရသော နာဋပုတ္တ ဆရာကြီး၏

စကားဝယ် အပြစ်ဒေါသ အာဒီနဝကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရားသည် အသိဗန္ဓကပုတ္တအမည်ရသော ရွာသူကြီးအား မေးမြန်းကာ မေးမြန်းကာဖြင့် စိတ်ဖြာခွဲခြား ထင်ရှားစွာ ပြအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ အနေကံသ ဝိပါကကမ္မဿ ကော သဝိပါကဝါဒေ ဒေါသော ပကာသိတော။

ဝိ။ ။ဣမ ဂါမဏိ ကေစ္စော သတ္ထာ ဧဝံဝါဒီ ဟောတိ ဧဝံဒိဋ္ဌိ ယော ကောစိ ပါဏမတိပါတေတိ၊ သဗ္ဗော သော အာပါယိကော နေရယိကော တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ အနေကံသ ကမ္မဝိပါကဿ ကော်သဝိပါကဝါဒေ ဒေါသော ဝိတ္ထာရေတွာ ပကာသိတော။

မေး။ ။ထိုသခ်ဓမသုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ကေန်အကျိုးပေးလေ့ မရှိသော အကုသိုလ်ကံကို ကေန်ပင် အကျိုးပေးသည်ဟု ဟောပြသောဝါဒ၌ ကျရောက်သော အပြစ်ဒေါသကို ကရုဏာရှေ့ထားလျက် အဘယ်သို့လျှင် ထင်ရှားဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသခ်ဓမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် "ဣမ ဂါမဏိ ကေစ္စော သတ္ထာ ဧဝံဝါဒီ ဟောတိ ဧဝံဒိဋ္ဌိ" အစရှိသည်ဖြင့်——

## ဘုရားအမည်ခံဆရာတို့အယူ

အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....၊ဤလောက၌ အချို့သော ဘုရားအမည်ခံ ဆရာပုဂ္ဂိုလ်တို့သည် ဤသို့ အယူရှိကြပေသည်၊ ဤသို့ ပြောဆိုကြပေသည်၊"ပါဏာတိပါတ ပြုလုပ်တိုင်း အဒိန္နာဒါန် အမှုပြုလုပ်တိုင်း ကာမေသုမိစ္ဆာစာရ အမှုပြုလုပ်တိုင်း မုသာဝါဒအမှုပြောဆိုသော ပုဂ္ဂိုလ်အလုံးစုံသည်ပင်လျှင် အပါယ်ရဲသို့ ကျသည်" ဟူ၍ ပြောဆိုကြပါသည်၊ ဤသို့လည်း အယူရှိကြပါသည်။

အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....၊ ထိုသို့သဘောရှိသော ဘုရားအမည်ခံ ဆရာ့အပေါ်၌ အလွန့်အလွန် ကြည်ညိုသော တပည့်သား

သာ၀ကသည်လည်း ရှိပေသည်။ ထိုတပည့်သာ၀က၏ စိတ်သန္တာန်ဝယ် ထိုဆရာ၏ ပြောဆိုသော ဝါဒကို အစွဲပြု၍ ဤသို့ အကြံဖြစ်ရာသည်။ "ငါတို့၏ဆရာ ဘုရားဖြစ်သော ပုဂ္ဂိုလ်သည် ပါဏာတိပါတ အမှုကို ပြုလုပ်သော ပုဂ္ဂိုလ်အားလုံးသည်ပင်လျှင် အပါယ်ငရဲသို့ ကျရောက်ရာသည်။ အဒိန္နာဒါန်မှုကို ပြုလုပ်သော ပုဂ္ဂိုလ်အားလုံးသည်ပင်လျှင် ကာမေသုမိစ္ဆာစာရအမှု၊ မုသာဝါဒအမှု ပြုလုပ်ပြောဆိုသော ပုဂ္ဂိုလ်အားလုံးသည်ပင်လျှင် ငရဲသို့ ကျရောက်သည်"ဟု ငါတို့၏ဆရာသည် ဤသို့ ဟောကြားလေ့ ဤသို့ အယူရှိလေ့ ရှိပါပေသည်။

ငါသည်လည်း ပါဏာတိပါတ အမှုပြုလုပ်ထားသည်ရှိ၏၊ အဒိန္နာဒါန် အမှု ပြုလုပ်ထားသည် ငါ့မှာ ရှိ၏။ ကာမေသုမိစ္ဆာစာရ အမှု ပြုလုပ်ထားသည် ငါ့မှာရှိပေ၏၊ ငါသည်လည်း မုသာဝါဒအမှုကို ပြုလုပ်ထားသည်ကား ရှိပေ၏။ ငါသည်လည်း ငါ၏ဆရာဘုရား ဟောကြားသည့်အတိုင်း ပါဏာတိပါတအမှု, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ အမှုကို ပြုလုပ်သူပင် ဖြစ်သောကြောင့် ငါသည်လည်း စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလဝယ် အပါယ်ငရဲသို့ ရောက်မည် ကေန္တ ဟူ၍ မှားယွင်းသော မိစ္ဆာအယူ ထိုပုဂ္ဂိုလ်သန္တာန်ဝယ် ဖြစ်ပေါ်၍ လာပါသည်။

အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....၊ထိုပုဂ္ဂိုလ်သည် ထိုဆိုအပ်ပြီးသောအတိုင်း ကေန် အကျိုးပေးသော ကံမဟုတ်သည်ကို ကေန်ပင် အကျိုးပေး၏ ဟူ၍ မှားသောအယူကို ယူခြင်း, ထိုမှားသော အယူကို မယူဘဲ၊ မှားသော အထင်အမြင် စိတ်ကို မဖျောက်ဘဲ ထိုမှားသော စကားကို မပယ်ရှားဘဲ စုတိပြတ်ကြွေ သေလွန်ခဲ့သည်ရှိသော် အပါယ်ငရဲသို့ ကျရာသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် အနေကံသ အကျိုးရှိသော ကေန်စင်စစ် အကျိုးပေးခြင်း မမြဲသော အကုသိုလ်ကံအရာ၌ ကေန်အကျိုးပေးခြင်း မြဲသည်ဟု ပြောဆိုသော နာဋပုတ္တ ဆရာကြီး၏ ဝါဒဝယ် ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် အပြစ်ဒေါသကို ဖော်ပြ၍ အကျယ်တဝင့် စိတ်ဖြာ ခွဲခြား ထင်ရှားစွာ ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ယထာဓမ္မသာသနေ ဂုဏော- ဝိဘာဝိတော့ ပကာသိတော။

ဝိ။ ။ဣဓ ပန ဂါမဏိ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာ-
သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော-
ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ၊ သော
အနေကပရိယာယေန ပါဏာတိပါတံ ဂရဟတိ ဝိဂရဟတိ။
"ပါဏာတိပါတာ ဝိရမထာ"တိ စာဟာတိ ဝေမာဒိနာ ဘန္တေ
ဘာဂဝာ တတ္ထ ယထာဓမ္မသာသနေ ဂုဏော ဝိတ္ထာရေတွာ
ပကာသိတော။

## သာမန်နှင့်မုချ ကိန်းသေကံများ

မေး။ ။ထိုသခ်ဓမသုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်
ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် သာမန်
ပါဏာဘိပါတ အစရှိသော မုချကိန်းသေအားဖြင့် အကျိုးပေးလေ့မရှိသော
အကုသိုလ်ကံဘို့ကို မုချကိန်းသေအားဖြင့် အကျိုးပေးလေ့မရှိသည်၏ အဖြစ်
ဖြင့်ရင်း၊ ပဥ္စာနန္တရိယကံ အစရှိသော မုချကိန်းသေအားဖြင့် အကျိုးပေးလေ့
ရှိသော အကုသိုလ်ကံဘို့ကို မုချကိန်းသေအားဖြင့် အကျိုးပေးလေ့ရှိသည်၏
အဖြစ်ဖြင့်ရင်း တရားလမ်းမှန်အတိုင်း ဟောပြဆုံးမရာဖြစ်သော မြတ်စွာဘုရား
၏ သာသနာတော်၌ ရရှိအပ်သော အကျိုးကျေးဇူး ဂုဏ်ထူးတရားကို အဘယ်
သို့လျှင် ဝေဘန်ခွဲခြား၍ ဟောကြားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသခ်ဓမသုတ္တန် ဒေသနာတော်မြတ်၌ "သဗ္ဗညုမြတ်စွာ
ဘုရားသည် "ဣဓ ဂါမဏိ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာ
သမ္ဗုဒ္ဓေါ" အစရှိသည်ဖြင့်—

အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....ဤလောကဝယ် အရဟံ
အစ ဘဂဝါ အဆုံးရှိသော ကိုးပါးသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရှေး
ဘုရားတို့ အတူလာခြင်း ကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်
ပွင့်တော်မူလာပေ၏။

ထိုမြတ်စွာဘုရားသည် ပါဏာတိပါတကို ကဲ့ရဲ့တော်မူ အထူးသဖြင့်
ကဲ့ရဲ့တော်မူပေ၏။ ပါဏာတိပါတမှ ရှောင်ကြဉ်ကြကုန်လော့ ဟူ၍ လည်း
ဟောဆိုတော်မူပေ၏။ အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, မုသား

စကား ပြောကြားခြင်းကို ကဲ့ရဲ့တော်မူ အထူးသဖြင့် ကဲ့ရဲ့တော်မူပါပေ၏။ မုသားစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ကြကုန် ဟူ၍လည်း ဟောကြားတော်မူပါပေ၏။

## ယုံကြည်မှုရှိသော တပည့်သား

အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီး....ဤလောကဝယ် အရဟံ အစ ဘဂဝါအဆုံးရှိသော ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာ ဘုရား၌ အလွန့်အလွန် သဒ္ဓါသက်ဝင် ယုံကြည်သော တပည့်သား သာဝက သည် ထင်ရှားရှိပေ၏။ ထိုမြတ်စွာဘုရား၏ တပည့်သား သာဝကသည် ဤသို့ ဆင်ခြင်ပေ၏။

ငါတို့၏ ဆရာဖြစ်တော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ပါဏာတိပါတ ဒုစရိုက်အမှုကို အလွန်အမင်း ကဲ့ရဲ့ရှုတ်ချတော်မူပါပေ၏။ ပါဏာတိပါတမှ ရှောင်ကြဉ် ကြကုန်လော့ ဟူ၍ ဟောကြားတော်မူပါပေ၏။ ငါသည်လည်း တစုံ တခု ဤ၍ ဤမျှသော ပါဏာတိပါတအမှုကို ပြုခဲ့သည်ကား ရှိပေ၏။ ငါပြုအပ်ပြီးသော ပါဏာတိပါတ ဒုစရိုက်မှုသည်ကား မကောင်းကျိုး ကေန် ပေးနိုင်သည် မှန်ပေ၏။ သို့စေကာမူ ငါသည် ထိုပြုမှားမိသော ပါဏာတိပါတ ဒုစရိုက် ဟူသော အကြောင်းကြောင့် နောင်တတဖန် စိတ်နှလုံးကို ပူပန်၍ နေသော်လည်း ထိုပြုအပ်ပြီးသော ပါဏာတိပါတ ဒုစရိုက်ကို မပြုအပ်သည် ပယ်ရှားအပ်သည် မမည်နိုင်လေရာ။

ဤသို့ နှလုံးသွင်းပြီးလျှင် ထိုအမျိုးကောင်းသား ဘုရား၏တပည့်သား သာဝကသည် မိမိပြုအပ်ပြီးသော ပါဏာတိပါတ ဒုစရိုက်မှုကို ပယ်ဘို့ရန် ထိုဒုစရိုက်အကျိုးမပေးဘို့ရန် သမထဝိပဿနာ တရားတို့ကို ပွါးများအားထုတ် ခဲ့ပေသည်။ ထိုပါဏာတိပါတ ဒုစရိုက်အမှုမျိုးကို နောင်ကာလ၌လည်း တရံ တခါမျှ မလွန်ကျူးဘဲ ရှိတော့သည်။

## ဒုစရိုက်မှုကိုရှောင်ကြဉ်ပုံ

အသိဗန္ဓကပုတ္တ အမည်ရှိသော ရွာသူကြီး....ထို့အတူပင်လျှင် ဤ လောကဝယ် ငါဘုရား၏တပည့်သား သာဝကသည် ဤသို့ ဆင်ခြင်ပေသည်။

ငါတို့၏ဆရာ ဖြစ်တော်မူသော ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် အဒိန္နာဒါန်ကိုရှင်း, ကာမေသုမိစ္ဆာစာရကိုရှင်း, မုသာစကား ပြောကြားခြင်းကိုရှင်း ကဲ့ရဲ့တော်မူ အထူးသဖြင့် ကဲ့ရဲ့တော်မူပါပေ၏၊ မုသာဝါဒမှ ရှောင်ကြဉ်ကြကုန်လော့ဟူ၍လည်း အဆုံးအမ ဩဝါဒစကား ဟောကြားတော် မူခဲ့ပါပေ၏။ ငါသည်လည်း ရှေးအခါ မသိမီ မလိမ်မာမီ မုသာစကား ဤ၍ ဤမျှ ပြောကြားခဲ့ဘူးလေပြီ။ ထိုငါပြောကြား မှားခဲ့သော မုသာစကား အစုသည် မကောင်းကျိုး ပေးနိုင်သည် မှန်ပါပေ၏။ ဒုစရိုက်ကား မှန်ပါပေ၏။ သို့စေကာမူ ငါသည် ထိုဒုစရိုက် ဟူသော အကြောင်းကြောင့် နောင်တ တဖန် နှလုံးပူပန်နေခြင်းဖြင့် ထိုဒုစရိုက်ကို ပယ်ရှားရာ ရောက်မည် မဟုတ်ချေ။ ထိုဒုစရိုက်ကို မပြုအပ်ရာ ရောက်မည်မဟုတ်ချေဟု—

နှလုံးသွင်း ယောနိသော မနသိကာရနှင့် ယှဉ်ပြီးလျှင် ထိုပြောမှားခဲ့မိသော မုသာဝါဒဒုစရိုက်ကို ပယ်ရှားဘို့ရန် ထိုမုသာဝါဒ ဒုစရိုက်၏ အကျိုးတရား မပေါ်ပေါက်ဘို့ရန်အတွက် သမထဝိပဿနာ ဘာဝနာတရားတို့ကို ပွါးများအားထုတ်ခြင်းဖြင့် ထိုမုသာဝါဒဒုစရိုက်ကို ပယ်ရှားခဲ့ပေသည်။ နောက်ကာလ၌လည်း ထိုမုသာဝါဒဒုစရိုက်ကို လုံးလုံးလျားလျား မပြုဘဲ ဝေးစွာ ရှောင်ကြဉ်ခဲ့ပေသည်။

အသိဗန္ဓကပုတ္တ အမည်ရသော ရွာသူကြီး....၊ထိုငါဘုရား၏ တပည့်သားသာဝကသည် ဆိုအပ်ပြီးသောအတိုင်း ပါဏာတိပါတကို ရှောင်ကြဉ်၍ ပါဏာတိပါတကို ပယ်၍ ပါဏာတိပါတမှ ရှောင်ကြဉ်ခဲ့ပါပေသည်။ အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ တည်းဟူသော ဒုစရိုက် ဆယ်ပါးကို ပယ်ရှားစွန့်ခွါ၍ သုစရိုက် ဆယ်ပါးကို ပွါးများကြိုးကုတ် အားထုတ်ခဲ့ပေသည်။

## ဝိမုတ္တိတရားလေးပါး

ထိုသို့ သုစရိုက်သမား စင်စစ်ဖြစ်ခဲ့သော ငါဘုရား၏ တပည့်သားသာဝကသည် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တည်းဟူသော စေတောဝိမုတ္တိတရားလေးပါးတို့ကို ပွါးများအားထုတ်၍ နေပေတော့သည်။

ထိုသို့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တည်းဟူသော စေတော ဝိမုတ္တိ တရားလေးပါးဘို့ဘွင် တပါးပါးကို ပွါးများအားထုတ်၍ နေသော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် ပမာဏကို ပြုတတ်သော နှိုင်းခိုင်းမှုကို ပြုတတ်သော ကာမာဝစရကံ ဟူသမျှသည် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တည်းဟူ သော အပ္ပမညာ စေတောဝိမုတ္တိစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏သန္တာန်ဝယ် အကြွင်းအကျန်မရှိ ပယ်ပြီး ဖြစ်ပေတော့သည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ယထာဓမ္မာ တရားသဖြင့် ဟောပြရာ ဖြစ်သော ဤသာသနာတော်၌ မဇ္ဈိမာ ပဋိပဒါ လမ်းမှန်ကျအောင် ယူပုံ ကျေးဇူးဂုဏ်ကို ဤပုံ ဤပန်း အခြင်းအရာ ဖြင့် စိတ်ဖြာခွဲခြား ပြသတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သင်္ခမသုတ် ပြီး၏

---

## ဘဒြကသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ မမ္မသံဂါယကာမဟာထေရေဟိ ကောဒသမံ သံဂီတံ ဘဒြကသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။မလ္လေသု ဘန္တေ ဥရုဝေလကပ္ပေနာမ မလ္လာနံ နိဂမေ ဘဒြကံ ဂါမဏိံ အာရဗ္ဘ ဘာသိတံ။ ဘဒြကော ဘန္တေ ဂါမဏိ ဘဂဝန္တံ ဧတဒဝေါစ "သာဓု မေ ဘန္တေ ဘဂဝါ ဒုက္ခဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေတူ" တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "အဟဉ္စေ တေ ဂါမဏိ အတီတမဒ္ဓါနံ အာရဗ္ဘ ဒုက္ခဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေယျံ 'ဧဝံ အဟောသိ အတီတမဒ္ဓါန'န္တိ။ တတြ တေ သိယာ ကင်္ခါ သိယာ ဝိမတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဂါမဏိသံယုတ်၌ ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ် မြတ်တို့ တဆယ့်တခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ဘဒြကသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်ဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

**အမေးအဖြေ ၃–၁၃**

## ဘဒြကရွာသူကြီး

ဖြေ။ ။မလ္လတိုင်း အဝင်အပါ ဥရုဝေလကပ္ပ အမည်ရှိသော နိဂုံး၌ ဘဒြက အမည်ရှိသော ရွာသူကြီးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား မလ္လတိုင်း ဥရုဝေလကပ္ပအမည်ရှိသော နိဂုံး၌ သီတင်းသုံးနေတော်မူလတ်သောအခါ ဘဒြက အမည်ရှိသော ရွာသူကြီး သည် ဘုရားထံမှောက် လာရောက်ပြီးလျှင်—

သာဓု မေ ဘန္တေ ဘဂဝါ ဒုက္ခဿ

သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေတု-ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရား သည် တပည့်တော်အား ဒုက္ခ၏ဖြစ်ခြင်း ဖြစ်ကြောင်းကိုငှင်း, ဒုက္ခ၏ချုပ်ခြင်း ချုပ်ကြောင်းကိုငှင်း ဟောကြားတော်မူပါဘုရား ဟု တောင်းပန် လျှောက် ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အဟဉ္စေ တေ ဂါမဏိ အတီတမဒ္ဓါနံ အာရဗ္ဘ ဒုက္ခဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေယျံ" အစရှိသည်ဖြင့်—

ဘဒြက ရွာသူကြီး....၊သင့်အား ငါဘုရားသည် အတိတ်အခွန့် အတိတ် အခါကို အကြောင်းပြု၍ အတိတ်အခွန့် အတိတ်အခါကို စွဲ၍ ဤပုံဤပန်း အတိတ်အခါက ဖြစ်ခဲ့ဘူးပြီ ဟု ဟောကြားခဲ့သည်ရှိသော် ထိုအတိတ်အခွန့် အတိတ်အခါကာလဝယ် သင့်အား ယုံမှားခြင်း တွေဝေခြင်း ဖြစ်ပေါ်လေရာ သည်။

ဘဒြက အမည်ရှိသော ရွာသူကြီး....၊သင့်အား ငါဘုရားသည် အကယ် ၍ အနာဂတ်အဘို့ကို အာရုံပြု၍ အနာဂတ်၌ ဤပုံဤပန်း ဖြစ်လတ္တံ့ဟူ၍ အနာဂတ် ဒုက္ခ၏ ဖြစ်ပုံ ချုပ်ပုံကို ဟောကြားလျှင်လည်း ထိုအနာဂတ်ဒုက္ခ၌ သင့်အား ယုံမှားမှု ရှိလေရာသည်။

### ဥရုဝေလကပ္ပနိဂုံးသူများ

ဘဒြက အမည်ရှိသော ရွာသူကြီး....၊ စင်စစ်သော်ကား ငါဘုရားသည် ဤနေရာ၌ ထိုင်စဉ်ပင်လျှင် ဤနေရာ၌ ထိုင်နေသော သင့်အား ခုဝတ္တမာန်

ပစ္စုပ္ပန်ဘ၀ဝယ် ဒုက္ခ၏ ဖြစ်ပုံ ချုပ်ပုံ အလုံးစုံကို အကျယ်တဝင့် ဟောပြမည်ဟု မိန့်ကြားတော်မူလတ်ပြီးလျှင်—

"တံ ကိ ံ မညသိ ဂါမဏိ၊ အတ္ထိ တေ ဥရုဝေလကပ္ပေ မနုဿာ" အစ ရှိသည်ဖြင့်—

ဘဒြက ရွာသူကြီး....၊ယခု ငါဘုရားမေးမည့် စကားကို သင်မည်သို့ မှတ်ထင်ပါသနည်း။ ဤဥရုဝေလကပ္ပနိဂုံး၌ အကြင်ပုဂ္ဂိုလ်တို့အား သတ်ခြင်း နှောင့်ဖွဲ့ခြင်း အစရှိသော မင်းဘေး စိုးဘေး သင့်ရောက်လာလျှင် သင်၏ သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်မည့် ဥရုဝေလ နိဂုံးသား လူအများ ရှိပါသလား ဟု မေးမြန်းတော်မူပါသည်။

ထိုသို့ သဘောရှိသောလူများလည်း ရှိပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ဘဒြက ရွာသူကြီး....၊ဤဥရုဝေလကပ္ပနိဂုံး၌ မင်းဘေးစိုးဒဏ် သင့်သဖြင့် သင်၏စိတ်သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မရောက်မည့် လူများကော ရှိပါသလောဟု မေးမြန်းတော်မူလတ်သော် ထိုသို့ သဘောရှိသော လူများလည်း ရှိပါကြောင်း ပြန်ပြောင်းလျှောက်ထား ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဘဒြကရွာသူကြီး....၊ဤဥရုဝေလကပ္ပ နိဂုံးသားတို့အနက် အချို့ပုဂ္ဂိုလ်တို့ ဒုက္ခရောက်သည်ရှိသော် သင့်သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဖြစ်၍ အချို့ပုဂ္ဂိုလ်တို့ ဒုက္ခရောက်သည် ရှိသော် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ သင့်သန္တာန်ဝယ် မဖြစ်ရခြင်းကား အဘယ်အကြောင်းကြောင့်နည်း။ မဖြစ်ခြင်း၏ အကြောင်းကား အဘယ်နည်းဟု မေးမြန်းတော်မူလတ်ပါသည်။

## ဆန္ဒရာဂ,တဏှာလောဘ

ထိုအခါ ဘဒြက ရွာသူကြီးက ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊အကြင်ပုဂ္ဂိုလ်တို့၏ အပေါ်၌ တပည့်တော်၏ ဆန္ဒရာဂ တည်းဟူသော ချစ်ခင်မှု ဂေဟဿိတပေမ တဏှာလောဘ ရှိပါသည်။ ထိုပုဂ္ဂိုလ်တို့ ဒုက္ခရောက်သောအခါ တပည့်တော်၏ သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ပါသည်။ အကြင်ပုဂ္ဂိုလ်ဘို့၏ အပေါ်၌ တပည့်

တော်၏ ဆန္ဒရာဂ ဂေဟာဿိတပေမ တည်းဟူသော ချစ်ခင်မှု တွယ်တာမှု ဂေဟာဿိတ တဏှာလောဘမရှိပါ။ ထိုပုဂ္ဂိုလ်တို့ ဒုက္ခရောက်သောအခါ၌ကား တပည့်တော်၏သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ မဖြစ်ပါ။

သို့ရကား သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော ဒုက္ခတရားတို့ ဖြစ်ကြောင်းကား ဆန္ဒ ရာဂရှိခြင်း, ဆန္ဒရာဂမရှိခြင်းပင် ဖြစ်ပါ တော့သည်ဟု ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဣမိနာ တွံ ဂါမဏိ ဓမ္မေန ဒိဋ္ဌေန" အစရှိသည်ဖြင့်—

ဘဒြကရွာသူကြီး....၊ ဤသင်၏ကိုယ်တိုင်ပင်လျှင် သိအပ် ရောက်အပ် သော ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားဖြင့် အတိတ်ဖြစ်သောတရား အနာဂတ် ဖြစ်သောတရား အတိတ်ဖြစ်သောဒုက္ခ အနာဂတ်၌ဖြစ်သော ဒုက္ခ ၌လည်း နည်းကိုဆောင်၍ သိပါလေ၊ ဖြစ်ခဲ့ပြီးသော အတိတ်ဒုက္ခ ဖြစ်လတ္တံ့ သော အနာဂတ်ဒုက္ခ အမျိုးမျိုးတို့သည်လည်း ဆန္ဒလျှင် အကြောင်းရင်း ရှိချေသည်၊ ဆန္ဒရာဂ တဏှာ လောဘသည် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ သော ဒုက္ခတို့၏ အကြောင်းရင်း ဖြစ်သည်ဟူ၍ သင်၏ဉာဏ်ဝယ် သိပါလေဟု မိန့်ကြားတော်မူလတ်ပါပေသည်။

## အံ့ဘွယ်ဖြစ်ခြင်း

ထိုအခါ ဘဒြက အမည်ရှိသော ရွာသူကြီးသည် "အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော သဗ္ဗညု ရှင်တော်ဘုရား၏ ကောင်းမြတ်သော သုဘာသိတ စကားတော် ဖြစ်တော် မူပေသော"ဆန္ဒရာဂ တဏှာလောဘသည် ဒုက္ခဖြစ်ခြင်း၏ အကြောင်းတည်း၊ ဒုက္ခဟူသမျှသည် ဆန္ဒရာဂ တဏှာလောဘလျှင် အကြောင်းရင်းရှိ၏" ဟူသော စကားသည် အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ။

## စိရဝါသီ ကျောင်းသား

သက်သေအားဖြင့် တပည့်တော်ကိုယ်တွေ့ လျှောက်ထားရပါမူ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊တပည့်တော်အား စိရဝါသီ အမည်ရှိသော သားတယောက်ရှိပါသည်။ ထိုတပည့်တော်၏သားဖြစ်သော စိရဝါသီ အမည်ရှိသော သူငယ်ကို မြို့၏ပြင်ပဝယ် ကျောင်းသွားထားခဲ့ပါသည်။ တပည့်တော်သည် နံနက်တိုင်းပင်လျှင် တပည့်တော်၏ ရင်သွေးသည်းချာသားဖြစ်သော စိရဝါသီ သူငယ်ရှိရာ ကျောင်းသို့ လူတယောက်တယောက်လွှတ်၍သာလျှင် အမြဲတစေ စုံစမ်းခိုင်းလေ့ရှိပါသည်။

အမောင် သွားပါချေ၊ ငါ၏ရင်သွေးသည်းချာ သားဖြစ်သော စိရဝါသီ၏ ကျန်းမာကြောင်း ချမ်းသာကြောင်းကို သိအောင်ကြိုးကုတ် အားထုတ်စုံစမ်းခဲ့ပါ ဟူ၍ လွှတ်လိုက်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အကြင်မျှလောက် ထိုလွှတ်လိုက်သော ယောကျ်ားမပြန်လာသေး၊ ထိုမျှလောက် တပည့်တော်၏ စိတ်သန္တာန်ဝယ် စိရဝါသီ အမည်ရှိသော ငါ၏ ရင်သွေးသည်းချာအား တစုံတခုသော ရောဂါအန္တရာယ် မနှိပ်စက်ပါစေလင့် ဟု စိတ်ဝယ် ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား မချမ်းသာမှု ဖြစ်ရပါတော့သည် ဘုရား ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဘဒြက အမည်ရှိသော ရွာသူကြီး....၊ ယခု ငါဘုရားမေးမည့် စကားကို သင်မည်သို့ မှတ်ထင်ပါသနည်း၊ သင်၏ ရင်သွေးသည်းချာဖြစ်သော စိရဝါသီ အမည်ရှိသော သားငယ်၏ အနှောင်အဖွဲ့ ခံရခြင်း အသတ်အဖြတ် ခံရခြင်း ဥစ္စာပစ္စည်း ဆုံးရှုံးစေခြင်း အကဲ့ရဲ့အရှုတ်ချ ခံရခြင်း ဟူသော အကြောင်းကြောင့် သင့်သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော တရားတို့ ဖြစ်ပွါးရာပါသလောဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဘဒြက ရွာသူကြီးက ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊တပည့်တော်၏ ရင်သွေးသည်းချာဖြစ်သော စိရဝါသီ သူငယ် ဒုက္ခရောက်ပါမူ တပည့်တော်၏ အသက်ပင်သော်လည်း တစုံတခု ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်သွားဘွယ်ရာ ရှိပါသည်။ အဘယ်မှာ

လျှင် တပည့်တော်၏သန္တာန်ဝယ် သောကဒုက္ခ, ပရိဒေဝဒုက္ခ, ဒုက္ခဒုက္ခ, ဒေါမနဿဒုက္ခ, ဥပါယာသဒုက္ခတရားတို့ မဖြစ်ပွါးဘဲ ရှိပါအံ့နည်းဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဤသင်၏လက်တွေ့ ဖြစ်သော အကြောင်းဖြင့်လည်း အလုံးစုံသော ဒုက္ခမှန်သမျှသည် တဏှာလောဘ ဆန္ဒရာဂလျှင် အကြောင်းရင်းရှိကြောင်း သင်သိပါလေဟု မိန့်ကြားတော်မူလတ်ပါပေသည်။

## စိရဝါသီ၏မိခင်

တဖန် ဆက်လက်၍ သဗ္ဗညုမြတ်စွာဘုရားက ဘဒြကရွာသူကြီး....၊ ယခု ငါဘုရားမေးမည့် စကားကို သင်မည်သို့ မှတ်ထင်ပါသနည်း၊ စိရဝါသီ အမည်ရှိသော သူငယ်၏မိခင်ကို သင်မမြင်ရခင် မကြားရခင် ရှေးကာလက ချစ်ခင်နှစ်သက်ခြင်း တဏှာလောဘ ပေမတရားများ ဖြစ်ပါသလော ဟု မေးမြန်းပါသည်။

မဖြစ်ပွါးပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

မြင်သောအခါ ကြားသောအခါမှ မြင်ခြင်း ကြားခြင်းကို အစွဲပြု၍ စိရဝါသီ သူငယ်၏ မိခင်အပေါ်ဝယ် ဆန္ဒ ရာဂ ပေမ တည်းဟူသော လောဘတရားများ ဖြစ်ပွါးပါသလောဟု မေးမြန်းတော်မူလတ်သည်ရှိသော် ဖြစ်ပွါးပါကြောင်း ပြန်ပြောင်း လျှောက်ထားခဲ့ပါသည်။

ဘဒြကရွာသူကြီး....၊ယခု ငါဘုရားမေးမည့် စကားကို သင်မည်သို့ မှတ်ထင်ပါသနည်း၊ စိရဝါသီ၏ မိခင် တစုံတခုသော မင်းပြစ်စိုးဒဏ် သင့်၍ အသတ်ခံရသည်ဖြစ်စေ အနှောင်အဖွဲ့ ခံရသည် ဖြစ်စေ စည်းစိမ်ဥစ္စာ ဆုံးရှုံးအောင် အသိမ်းအယူခံရသည်ဖြစ်စေ ကဲ့ရဲ့ရှုတ်ချခံရသည်ဖြစ်စေ သင့်သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့ မဖြစ်ပွါးရာပါသလော....၊ ဖြစ်ပွါးရာပါသလော ဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ ဘဒြကရွာသူကြီးက ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊တပည့်တော် အလုပ်အကျွေးအိမ်သူ ဖြစ်ပါသော စိရဝါသီ၏မိခင် ရာဇဝတ် မင်းဒဏ်သင့်၍ အသတ်အဖြတ်ခံရသော်၄င်း အနှောင်အဖွဲ့ ခံရသော်

ငှင်း တပည့်တော်၏ အသက်ပင်သော်လည်း ဖောက်ဖောက်ပြန်ပြန် ထွေထွေ ပြားပြား ဖြစ်သွားဖွယ်ရာရှိပါသည်။ အဘယ်မှာလျှင် တပည့်တော်၏ သန္တာန်ဝယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော ဒုက္ခ အမျိုးမျိုး မဖြစ်ပွါးဘဲ နေပါအံ့နည်း ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဣမိနာပိ ခေါ တေ ဂါမဏိ ပရိယာယေန ဧဝဒိတဗ္ဗံ" အစရှိသည်ဖြင့်—

ဘဒြက ရွာသူကြီး....ဤသင်၏ ကိုယ်တွေ့ဖြစ်သော စိရဝါသီ၏မိခင် ဒုက္ခရောက်သောအခါ ထိုစိရဝါသီ၏ မိခင်အပေါ်၌ တဏှာ လောဘ ဆန္ဒရာဂ ဂေဟဿိတ ပေမ မကင်းခြင်း ဟူသော အကြောင်းကြောင့် သင်၏အသက်ကို ပင်သော်လည်း စိုးရိမ်လောက်သော ဒုက္ခရောက်ပုံကို သက်သေ အထောက် အထား ထား၍ ပစ္စုပ္ပန် အတိတ် အနာဂတ် တည်းဟူသော ကာလသုံးပါးဝယ် ဖြစ်ပွါးသမျှသော ဒုက္ခခပ်သိမ်းတို့၏ အကြောင်းရင်းတရားကား တဏှာ လောဘ ဆန္ဒရာဂ တရားဖြစ်သည်ကို သင်သည် ပိုင်နိုင်စွာ မှတ်လော့ ဟူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ကာလသုံးပါးဝယ် ထင်ရှား ဖြစ်ပွါးသမျှသော ဒုက္ခအလုံးစုံတို့၏ ဆန္ဒရာဂ တဏှာလောဘလျှင် အကြောင်းရင်းရှိပုံကို အကျယ်တဝင့် ဖွင့်ပြရာ ဖြစ်သော ဤဘဒြက အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ဥရုဝေလ ကပ္ပ နိဂုံးအရပ်ဝယ် ဘဒြက အမည်ရှိသော ရွာသူကြီးကို အကြောင်းပြု၍ ကချဏာရှေ့ထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဘဒြကသုတ် ပြီး၏

---

## ရာသိယသုတ်

ပ။ ။တေန ခေါ ပန သမယေန ဘဂဝတာ။ ပ။ သမ္မာသမ္ဗုဒ္ဓေန ဂါမဏိသံယုတ္တေ ဒွါဒသမံ သံဂီတံ ရာသိယသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။မလ္လေသု ဘန္တေ ဥရုဝေလကပ္ပေနာမ မလ္လာနံ နိဂမေ ရာသိယံ ဂါမဏိံ အာရဗ္ဘ ဘာသိတံ။ ရာသိယော ဘန္တေ ဂါမဏိ ဘဂဝန္တံ ဥပသင်္ကမိတွာ

တေဒဒေါစ "သုတံ မေ ဘန္တေ 'သမဏော ဂေါတမော သဗ္ဗံ တပံ ဂရဟတိ၊ သဗ္ဗံ တပဿိံ လူခဇီဝိံ ဧကံသေန ဥပဝဒတိ ဥပက္ကောသတီ'တိ။ ယေ တေ ဘန္တေ ဧဝမာဟံသု 'သမဏော ဂေါတမော သဗ္ဗံ တပံ ဂရဟတိ၊ သဗ္ဗံ တပဿိံ လူခဇီဝိံ ဧကံသေန ဥပဝဒတိ ဥပက္ကောသတီ'တိ။ ကစ္စိ တေ ဘန္တေ ဘဂဝတော ဝုတ္တဝါဒိနော၊ န စ ဘဂဝန္တံ အဘူတေန အဗ္ဘာစိက္ခန္တိ၊ ဓမ္မဿ စာနုဓမ္မံ ဗျာကရောန္တိ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ယေ တေ ဂါမဏိ ဧဝမာဟံသု "သမဏော ဂေါတမော သဗ္ဗံ တပံ ဂရဟတိ၊ သဗ္ဗံ တပဿိံ လူခဇီဝိံ ဧကံသေန ဥပဝဒတိ ဥပက္ကောသတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် ဂါမဏိသံယုတ်၌ ဆဲ့နှစ်ခုမြောက် ဒွါဒသမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားသော ရာသိယ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မလ္လတိုင်း အဝင်အပါ ဥရုဝေလကပ္ပ နိဂုံးအရပ်၌ အမေးပုစ္ဆာ ပြဿနာတို့ကို စုပေါင်း၍ လျှောက်ဆိုတတ်သောကြောင့် ရာသိယဟူ၍ ဓမ္မသံဂါဟက သံဂါယနာတင် မထေရ်မြတ်တို့ အမည်မှည့် ခေါ်ဝေါ်အပ်သော ရွာသူကြီးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား မလ္လတိုင်း အဝင်အပါ ဥရုဝေလကပ္ပနိဂုံး၌ သီတင်းသုံး နေတော်မူသောအခါ ရာသိယ အမည်ရှိသော ရွာသူကြီးသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင်"သုတံ မေ ဘန္တေ သမဏော ဂေါတမော သဗ္ဗံ တပံ ဂရဟတိ"အစရှိသည်ဖြင့်—

## အကျင့်ကို ကဲ့ရဲ့သူ

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရဟန်းကြီး ဂေါတမသည် အလုံးစုံသော တပအကျင့် မှန်သမျှကို ကဲ့ရဲ့တတ်ပေ၏။ အလုံးစုံသော ခြိုးခြံစွာ ကျင့်ကြံလေ့ရှိသော ခေါင်းပါးစွာ အသက်မွေးလေ့

ရှိသော ပုဂ္ဂိုလ်များကို တခုသော အဘို့အစုအားဖြင့် ကဲ့ရဲ့ရှုတ်ချစကား ပြော ကြားတဘ်၏ ဟူ၍ ပြောဆိုသံကို ကြားရဘူးပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုသို့ပြောဆို သော ပုဂ္ဂိုလ်တို့သည် ရှင်တော်ဘုရား ဟောကြားအပ်သည့် စကားကိုပင် အတုလိုက်ကာ ပြောဆိုကြခြင်း ဖြစ်ပါကုန်သလော?။ ရှင်တော်ဘုရားကို ထို ပုဂ္ဂိုလ်တို့သည် မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲခြင်းမှ ကင်းကြပါကုန်၏ လော ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ယေ တေ ဂါမဏိ ဝေ မာဟံသု" အစရှိ သည်ဖြင့်—

ရာသိယ ရွာသူကြီး....၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့သည် "ရဟန်းကြီး ဂေါတမကား အလုံးစုံသော ခြိုးခြံသော အကျင့်ကို ကဲ့ရဲ့ရှုတ်ချ၏။ အလုံးစုံ သော ခြိုးခြံသော အကျင့်ကို ကျင့်ကြံသောပုဂ္ဂိုလ်, ခေါင်းပါးစွာ အသက် မွေးလေ့ရှိသောပုဂ္ဂိုလ်ကို တခုသော အဘို့အစုအားဖြင့် ကဲ့ရဲ့ရှုတ်ချစကား ပြောကြား၏" ဟု ပြောဆိုသော ပုဂ္ဂိုလ်တို့သည် ငါဘုရား၏ ပြောကြား ဟောကြားအပ်သော စကားကို အတုလိုက်၍ ဟောကြားကြခြင်း မဟုတ် ကြကုန်။ ငါဘုရားကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲပြောဆိုခြင်းမျှသာ ဖြစ်ကြကုန်၏။

## အယုတ်တရား နှစ်ပါး

ရာသိယ ရွာသူကြီး....၊ဤလောကဝယ် ပကတိ ကာမဘောဂီ-လူစည်းစိမ် ကို ခံစားသော ပုဂ္ဂိုလ်တို့ လိုက်စားသုံးစွဲအပ်သည့် ကာမသုခလ္လိကာနုယောဂ- ဟူ၍ အယုတ်တပါး၊ သာသနာဝင်၍ အနာဂါရိယ-အိမ်ရာမထောင် ရဟန်း ဘောင် ဝင်ရောက် ရဟန်းဟူ၍ အမည်ခံပြီးလျှင် အတ္တကိလမထာနုယောဂ- မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်အောင် ဆူးပေါ်၌ အိပ်ခြင်း အစရှိသည်ဖြင့် ကြိုး ပမ်း အားထုတ်ခြင်း ကည်းဟူသော အတ္တကိလမထာနုယောဂ-အစွန်းတရား ဟူ၍ နှစ်ပါးပင် ရှိတော့သည်။

ကာမသုခလ္လိကာနုယောဂ ဖြစ်ကြသော ပကတိ ကာမချမ်းသာကို သုံးစားတတ်သော လူပုဂ္ဂိုလ်တို့၏ အလုပ်ကိုပင်သော်လည်း ငါဘုရားသည်

အလုံးစုံကိုပင် ကဲ့ရဲ့တော်မူခြင်း မဟုတ်ပေ။ အချို့ ကဲ့ရဲ့သင့် ကဲ့ရဲ့ထိုက်သော အရာကိုသာလျှင် ကဲ့ရဲ့၍ ချီးမွမ်းသင့် ချီးမွမ်းထိုက်သော အရာကို ငါဘုရား သည် ချီးမွမ်းစကား ပြောကြားလေ့ရှိပေသည်။

## မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်အောင်

အိမ်ရာမထောင် ရဟန်းဘောင်၌ ဝင်ရောက်ပြီးလျှင် အတ္တကိလမထာ နုယောဂအလုပ်-မိမိကိုယ်ကို မိမိပင်ပန်းနွမ်းနယ်အောင် အားထုတ်ခြင်း အလုပ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်တို့ အဘို့မှာလည်း အလုံး စုံ ကိုပင် ငါဘုရားသည် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားသည်မဟုတ်။ ကဲ့ရဲ့သင့် သည်ကိုသာ ကဲ့ရဲ့၍ ချီးမွမ်းသင့်သည်ကိုလည်း ငါဘုရား ချီးမွမ်းသည်။

## အလယ်လမ်း

ငါဘုရား၏ ဤသာသနာတော်မှာမူ ဤဆိုအပ်ပြီးသော ကာမသုခလ္လိ ကာနုယောဂ- တည်းဟူသော အယုတ်အစွန်း, အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်အစွန်း နှစ်ဘက်သို့မသက်ရောက် မချဉ်းနင်းမူ၍ မဂ် ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ ပေါက်ရောက် ပို့ဆောင်နိုင်သည့် သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင် တည်းဟူသော မဇ္ဈိမပဋိပဒါ တရားကို ငါဘုရားသည် ပိုင်းခြားထင်ထင် သိမြင်အပ်ခဲ့ပြီ ဟု ကိုယ်တော်မြတ် ကိုယ်တိုင်မူ မဇ္ဈိမ- ပဋိပဒါ၌ တည်ကြောင်း ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂ အလုပ်တို့ကိုလည်း ချီးမွမ်းသင့်သည်ကိုသာ ချီးမွမ်း၍ ကဲ့ရဲ့သင့်သည်ကိုသာ ကဲ့ရဲ့တော်မူကြောင်း အကျဉ်းအားဖြင့် ဖော်ပြရာ ဖြစ်သော ဤရာသိယ သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ရာသိယရွာသူကြီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဂရဟိတဗ္ဗာဂရဟိတဗ္ဗာ ကာမ- ဘောဂိနော ဝိတ္ထာရေန ဝိဘဇိတွာ ပကာသိတာ။

ဝိ။ ။တယော ခေါ မေ ဂါမဏိ ကာမဘောဂိနော သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော။ဣဓ ဂါမဏိ ဧကစ္စော ကာမဘောဂီ

အဓမ္မေန ဘောဂေ ပရိယေသတိ သာဟသေန၊ အဓမ္မေန ဘောဂေ ပရိယေသိတွာ သာဟသေန န အတ္တာနံ သုခေတိ န ပီဏေတိ၊ န သံဝိဘဇတိ န ပုညာနိ ကရောတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဂရဟိတဗ္ဗာဂရဟိတဗ္ဗာ ကာမဘောဂိနော ဝိတ္ထာရေန ဝိဘဇိတွာ ပကာသိတာ။

မေး။ ။ထို ရာသိယ သုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ကာမစည်းစိမ်ချမ်းသာကို ခံစားသော လူဝတ်ကြောင် ပုဂ္ဂိုလ်ဘို့ကြောင် ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်နှင့် မကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်တို့ကို အဘယ်သို့လျှင် ဝေဘန်ခွဲခြား၍ အကျယ်အားဖြင့် ဟောကြားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထို ရာသိယသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် "တယော ခေါ မေ ဂါမဏိ ကာမဘောဂိနော သန္တော သံဝိဇ္ဇမာနော လောကသ္မိံ" အစရှိသည်ဖြင့်—

## ကာမစည်းစိမ်ကို ခံစားသူများ

ရာသိယရွာသူကြီး....၊ဤလောက၌ ကာမစည်းစိမ်ကို သုံးဆောင်ခံစားကြသော လူဝတ်ကြောင် ပုဂ္ဂိုလ်တို့သည် သုံးမျိုး သုံးစုအားဖြင့် ထင်ရှားရှိကြပေကုန်သည်။ သုံးမျိုးတို့ ဟူသည်မှာ အဘယ်တို့ နည်းဟူမူကား—

(၁) ရာသိယရွာသူကြီး....၊ ဤလောက၌ အချို့သော ကာမဘောဂီ လူဝတ်ကြောင်ပုဂ္ဂိုလ်သည် မတရားသောနည်းလမ်းဖြင့်လူတဖက်သားတို့အား လွှမ်းမိုးကာသူ နှိပ်စက်မှု၍ စည်းစိမ်ဥစ္စာတို့ကို ရှာမှီးသည်။ မတရားသဖြင့် ရသော ထိုစည်းစိမ်ဥစ္စာတို့ကို မိမိကိုယ်တိုင်လည်း မသုံးစွဲ၊ သူတပါးတို့အားလည်း မပေးကမ်း၊ မလှူတန်းရက်ပဲ ရှိတော့သည်။

ရာသိယရွာသူကြီး....၊ ဤသို့သဘောရှိသော ကာမဘောဂီ လူဝတ်ကြောင်ပုဂ္ဂိုလ်ကို မတရားသဖြင့် စီးပွါးရှာခြင်း မိမိကိုယ်တိုင်လည်း မသုံးစွဲခြင်း သူတပါးတို့အားလည်း မလှူတန်း မပေးကမ်းခြင်း ဤအကြောင်းသုံးရပ်ကြောင့်ပင် ကဲ့ရဲ့အပ်ပေသည်၊ ဤအကြောင်းသုံးရပ်ကြောင့်ပင် ကဲ့ရဲ့အပ်သော ပုဂ္ဂိုလ်စင်စစ် ဖြစ်ပေတော့သည်။

(၂) ရာသိယရွာသူကြီး....၊ ဤလောကဝယ် အချို့သော ကာမဘောဂီ လူဝတ်ကြောင်ပုဂ္ဂိုလ်သည် စီးပွါးဥစ္စာတို့ကို မတရားသဖြင့် ရှာမှီး၏၊ မိမိကိုယ်ကိုကား ချမ်းသာစေပါ၏။ သူတပါးတို့အား မလှူတန်း မပေးကမ်းဘဲ ရှိပါ၏။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို မတရားသဖြင့် စီးပွါးရှာခြင်း သူတပါးတို့အား မလှူတန်း မပေးကမ်းခြင်း ဟူသော အကြောင်းနှစ်ပါးကြောင့် ကဲ့ရဲ့အပ်သည်။ မိမိကိုယ်ကို မိမိချမ်းသာစေခြင်း တည်းဟူသော အကြောင်းတပါးကြောင့် ချီးမွမ်းအပ်ပေသည်။

(၃) ရာသိယရွာသူကြီး....၊ဤလောကဝယ် အချို့သော ပုဂ္ဂိုလ်သည် မတရားသဖြင့် နိုင်ထက်ကလူ ပြုလုပ်မှု၍ စီးပွါးချမ်းသာတို့ကို ရှာမှီးခဲ့ပေ၏။ ထိုရရှိသော စီးပွါးချမ်းသာတို့ကို မိမိကိုယ်လည်း ချမ်းသာအောင် သုံးစွဲပေ၏။ တပါးသော ပုဂ္ဂိုလ်တို့အားလည်း စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိပါပေ၏။

ရာသိယရွာသူကြီး....၊ ဤပုဂ္ဂိုလ်ကိုကား မိမိကိုယ်ကို ချမ်းသာအောင် မွေးမြူခြင်း, သူတပါးတို့အား စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း တည်းဟူသော အကြောင်း နှစ်ပါးကြောင့် ချီးမွမ်းအပ်ပေသည်။ မတရားသဖြင့် စီးပွါးရှာမှု ဟူသော အကြောင်းတပါး ကြောင့်သာလျှင် ကဲ့ရဲ့အပ်ပေသည်။

(၄) ရာသိယ ရွာသူကြီး....၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် တရားသဖြင့်၎င်း မတရားသဖြင့်၎င်း (တရားသော မတရားသော) နှစ်ပါးရော၍ စီးပွါးဥစ္စာတို့ကို ရှာမှီးတတ်ပါသည်။ သို့ရှာမှီး၍ ရသော စီးပွါးဥစ္စာကို မိမိကိုယ်တိုင်လည်း မသုံးစွဲ မချမ်းသာစေ၊ သူတပါးတို့အားလည်း မပေးကမ်း၊ မလှူဒါန်းဘဲ ရှိချေ၏။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို မတရားသဖြင့် စီးပွါးရှာခြင်း ဟူသောအကြောင်း၊ မိမိကိုယ်တိုင်လည်း မချမ်းသာစေခြင်း ဟူသော အကြောင်း၊ သူတပါးတို့အားလည်း မပေးကမ်း မလှူတန်း မစွန့်ကြဲခြင်း ဟူသော အကြောင်းသုံးပါးကြောင့် ကဲ့ရဲ့အပ်ပါပေသည်။ တရားသဖြင့် စီးပွါးချမ်းသာတို့ကို ရှာမှီးခြင်း တည်းဟူသော အကြောင်းတစိတ်ကြောင့် ချီးမွမ်းအပ်ပါပေသည်။

(၅) ရာသိယ ရွာသူကြီး....၊ဤလောက၌ အချို့သော ကာမယောဂီ လူဝတ်ကြောင် ပုဂ္ဂိုလ်သည် တရားသော မတရားသော နှစ်ပါးရော၍ စီးပွါးဥစ္စာတို့ကို ရှာမှီးတတ်ပါပေသည်။ ရရှိသော စီးပွါးဥစ္စာတို့ကို မိမိကိုယ်ကို ချမ်းသာစေ၍ သူတပါးတို့အားကား ပေးကမ်းစွန့်ကြဲခြင်း အလျှင်းမရှိချေ။

ရာသိယ ရွာသူကြီး....၊ ဤသို့ သဘောရှိသော ဝတ်ကြောင်ပုဂ္ဂိုလ်ကို မတရားသဖြင့် စီးပွါးရှာခြင်း သူတပါးတို့အား မပေးကမ်း မလှူတန်းခြင်း တည်းဟူသော အကြောင်းနှစ်ပါးကြောင့် ကဲ့ရဲ့အပ်ပါပေသည်။ မိမိကိုယ်ကို ချမ်းသာစေခြင်း တရားသဖြင့် စီးပွါးရှာမှု တစိတ်တဒေသ ဤနှစ်ပါးသော အကြောင်းကြောင့်ကား ချီးမွမ်းအပ်ပါတော့သည်။

(၆) ရာသိယ ရွာသူကြီး....၊ဤလောက၌ အချို့သော ကာမဘောဂီ လူဝတ်ကြောင်ပုဂ္ဂိုလ်သည် တရားသော မတရားသော နှစ်ပါးရောရှ်၍ စီးပွါး ဉစ္စာကို ရှာမှီးတတ်ပါပေသည်၊ မိမိကိုယ်ကိုလည်း ချမ်းသာစေပါပေသည်။ သူတပါးတို့အားလည်း ပေးကမ်းစွန့်ကြဲလေ့ရှိပေသည်။ ထိုသို့သဘောရှိသော ကာမဘောဂီ လူဝတ်ကြောင်ပုဂ္ဂိုလ်ကို မတရားသဖြင့် စီးပွါးရှာမှီးခြင်း တည်းဟူသော တစိတ်တဒေသ အကြောင်းကြောင့်သာလျှင် ကဲ့ရဲ့အပ်ပေ သည်။ တရားသဖြင့် စီးပွါးရှာမှီးခြင်း ဟူသော တစိတ်တဒေသအကြောင်း မိမိကိုယ်ကို ချမ်းသာစေခြင်း ဟူသောအကြောင်း သူတပါးတို့အား ပေးကမ်း စွန့်ကြဲ လှူဒါန်းခြင်း ဟူသောအကြောင်း ဤအကြောင်းသုံးပါးကြောင့် ချီးမွမ်းအပ်ပါပေသည်။

(၇) ရာသိယရွာသူကြီး....၊ ဤလောကဝယ် အချို့သောပုဂ္ဂိုလ်သည် တရားသဖြင့် စီးပွါးရှာ၍ မိမိကိုယ်ကို မိမိကား မချမ်းသာစေ၊ သူတပါးတို့အား မပေးကမ်း မလှူဒါန်း မစွန့်ကြဲရက်ပါပေ။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို တရားသဖြင့် စီးပွါးရှာခြင်း တည်းဟူသော အကြောင်းတပါးကြောင့် ချီးမွမ်း အပ်ပါပေသည်။ မိမိကိုယ်တိုင် မသုံးစွဲခြင်း သူတပါးတို့အား မပေးကမ်း မလှူတန်းခြင်း တည်းဟူသော နှစ်ပါးသော အကြောင်းကြောင့် ကဲ့ရဲ့အပ်ပါ ပေသည်။

(၈) ရာသိယ ရွာသူကြီး....၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် တရားသဖြင့် စီးပွါးရှာမှီးပါသည်။ ထိုစီးပွါးဖြင့် မိမိကိုယ်ကို ချမ်းသာစေခဲ့ပါ သည်။ သူတပါးတို့အားကား ပေးကပ်း စွန့်ကြဲ လှူဒါန်းခြင်း အလျင်းမရှိပေ။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို တရားသဖြင့် စီးပွါးရှာခြင်း မိမိကိုယ်ကို မိမိ ချမ်းသာအောင် မွေးမြူခြင်း တည်းဟူသော ဤအကြောင်း နှစ်ပါးကြောင့် ချီးမွမ်းအပ်ပါပေသည်။ သူတပါးတို့အား မပေးကမ်း မလှူဒါန်း မစွန့်ကြဲရက် ခြင်း တည်းဟူသော အကြောင်းတပါးကြောင့် ကဲ့ရဲ့အပ်ပါပေသည်။

(၉) ရာသိယရွာသူကြီး....၊ ဤလောက၌ အချို့သော ကာမဘောဂီ လူဝတ်ကြောင်ပုဂ္ဂိုလ်သည် တရားသဖြင့် စီးပွါးရှာခဲ့ပါသည်။ ရရှိသော စီးပွါးဖြင့် မိမိကိုယ်ကို မိမိချမ်းသာစေခဲ့ပါသည်။ သူတပါးတို့အားလည်း ပေးကမ်းစွန့်ကြဲ လှူဒါန်းလေ့ရှိပါပေသည်။ သို့သော် ရရှိသော စီးပွါးဥစ္စာဖြင့် ကာမစည်းစိမ်တို့ကို သုံးဆောင်ခံစားရာ၌ တဏှာလောဘပြဋ္ဌာန်း၍တရားလက်လွှတ် သုံးဆောင်လေ့ရှိပါပေသည်။

ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို တရားသဖြင့် စီးပွါးရှာခြင်း, မိမိကိုယ်ကို မိမိချမ်းသာစေခြင်း, သူတပါးတို့အား ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း တည်းဟူသော ဤအကြောင်းသုံးပါးကြောင့် ချီးမွမ်းအပ်ပါပေသည်။ စီးပွါးချမ်းသာတို့၌ မွေ့မွေ့လျော့လျော့ ပေါ့ပေါ့တန်တန် တရားလက်လွှတ် အပြစ်ကို သိမြင်တတ်သော ဉာဏ်မရှိဘဲ သုံးစွဲမှု တည်းဟူသော အကြောင်းတပါးကြောင့် ကဲ့ရဲ့အပ်ပါပေသည်။

(၁၀) ရာသိယရွာသူကြီး....၊ ဤလောက၌ အချို့သော ကာမဘောဂီ လူဝတ်ကြောင် ပုဂ္ဂိုလ်သည်ကား တရားသဖြင့်လည်း စီးပွါးရှာပါပေသည်။ မိမိရရှိသော စီးပွါးဖြင့် မိမိကိုယ်ကို မိမိ ချမ်းသာအောင်လည်း စောင့်ရှောက်ပြုစု ကျွေးမွေးပါပေသည်။ သူတပါးတို့အားလည်း ပေးကမ်းစွန့်ကြဲ လှူဒါန်းလေ့ ရှိပါပေသည်။ စီးပွါးဥစ္စာတို့ကို သုံးစွဲရာ၌လည်း အပြစ်ဒေါသ အာဒီနဝကို မြင်၍ ဉာဏ်ဖြင့် ဆင်ခြင်ကာ သုံးစွဲလေ့ရှိပါပေသည်။

ဤသို့သဘောရှိသော ကာမဘောဂီ လူဝတ်ကြောင် ပုဂ္ဂိုလ်ကိုကား အပြစ်လုံးဝ လွတ်ကင်း၍ အပြစ်မရှိသော စီးပွါးရှာခြင်း ထိုစီးပွါးဖြင့် မိမိကိုယ်ကို ချမ်းသာစေခြင်း သူတပါးတို့အားလည်း ပစ္စုပ္ပန်ရေး တမလွန်ရေးကို မြော်တွေး၍ ပေးကမ်း စွန့်ကြဲ လှူဒါန်းခြင်း ဉာဏ်ပညာဖြင့် ပစ္စည်းတို့ကို သုံးစွဲခြင်း တည်းဟူသော ဤအကြောင်းလေးရပ်ကြောင့် ချီးမွမ်းအပ်ပါပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ကာမဘောဂီ ပကတိလူဝတ်ကြောင် ပုဂ္ဂိုလ်တို့တွင် ကဲ့ရဲ့အပ်သော ကဲ့ရဲ့ထိုက်သော လူဝတ်ကြောင် ပုဂ္ဂိုလ်, မကဲ့ရဲ့အပ် မကဲ့ရဲ့ထိုက်သော လူဝတ်ကြောင်ပုဂ္ဂိုလ် ဤပုဂ္ဂိုလ်တို့ကို ဤပုံ ဤပန်း အကျယ်ဝိတ္ထာရအားဖြင့် စိတ်ဖြာခွဲခြား ပြသတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဂရဟိတဗ္ဗာဂရဟိတဗ္ဗာ တပဿိနော လူခဇီဝိနော ဝိတ္ထာရေန ဝိဘဇိတွာ ပကာသိတာ။

ဝိ။ ။တယော မေ ဂါမဏိ တပဿိနော လူခဇီဝိနော သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော။ ဣဓ ဂါမဏိ ဧကစ္စော တပဿီ လူခဇီဝီ သဒ္ဓါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော ဟောတိ "အပ္ပေဝ နာမ ကုသလံ ဓမ္မံ အဓိဂစ္ဆေယျံ၊ အပ္ပေဝ နာမ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသံ သစ္ဆိကရေယျ"န္တိ၊ သော အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ကုသလဉ္စ ဓမ္မံ နာဓိဂစ္ဆတိ၊ ဥတ္တရိ စ မနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသံ န သစ္ဆိကရောတီတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဂရဟိတဗ္ဗာဂရဟိတဗ္ဗာ တပဿိနော လူခဇီဝိနော ဝိတ္ထာရေန ဝိဘဇိတွာ ပကာသိတာ။

မေး။ ။ထိုရာသိယသုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ခေါင်းပါးသော အဝတ်အစား အသုံးအဆောင်ဖြင့် မျှတ၍ အပြင်းအထန် ကျင့်ကြံအားထုတ်သော တပဿီ ရှင်ရဟန်းပုဂ္ဂိုလ်တို့တွင် ကဲ့ရှဲထိုက်သော တပဿီပုဂ္ဂိုလ်နှင့် မကဲ့ရှဲထိုက်သော တပဿီပုဂ္ဂိုလ်တို့ကို အဘယ်သို့ ဝေဘန်ခွဲခြား၍ အကျယ်အားဖြင့် ဟောကြားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုရာသိယသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် အတ္တကိလမထာနုယောဂအပါအဝင်ဖြစ်၍ အတ္တကိလမထာနုယောဂပင် ဖြစ်သော အဝတ်အစား အနေအထိုင် စသည် ခေါင်းခေါင်းပါးပါးနေ၍ ခေါင်းခေါင်းပါးပါး အသက်မွေးလေ့ရှိကြသော ပုဂ္ဂိုလ်တို့အနက် ကဲ့ရှဲအပ် မကဲ့ရှဲအပ်သော တပဿီ လူခဇီဝီ ပုဂ္ဂိုလ်တို့ကို "တယော ဓေါ မေ ဂါမဏိ တပဿိနော လူခဇီဝိနော"အစရှိသည်ဖြင့်—

## တပဿီဂိုဏ်းဝင်ပုဂ္ဂိုလ်များ

ရာသိယ ရွာသူကြီး....၊ ဤလောကဝယ် တပဿီအမည်ရ ခေါင်းခေါင်းပါးပါး အသက်မွေးလေ့ရှိသော ပုဂ္ဂိုလ်တို့သည် သုံးမျိုးတို့ ရှိကြသည်။ သုံးမျိုးတို့ ဟူသည်မှာ—

(၁) ဤလောက၌ အချို့သော တပဿီဂိုဏ်းဝင် ပုဂ္ဂိုလ်သည် ငါသည် ကုသိုလ်တရားကိုလည်း ရပေအံ့၊ ပကတိ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကိုလည်း ရပေအံ့ ဟု မြော်ကိုး၍ သဒ္ဓါတရားဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကူးပြောင်းသက်ဝင်ခဲ့ပါပေ၏။

ထိုဘပဿီအမည်ရသောပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိ ဆူးပေါ် ဖက်ပေါ် အိပ်ခြင်း အစရှိသည်ဖြင့် ပူပန်စေ, ထက်ဝန်းကျင် ပူပန်စေပါပေ၏။ ကုသိုလ်တရားကိုလည်း လုံးဝမရရှိခဲ့။ ဥတ္တရိမနုဿဓမ္မအမည်ရသော ဈာန်မဂ်ဖိုလ်တရားကိုလည်း လုံးလုံးလျားလျား မရရှိခဲ့။

ရာသိယ ရွာသူကြီး....၊ ဤဆိုအပ်ခဲ့ပြီးသော တပဿီပုဂ္ဂိုလ်မျိုးကို ငါဘုရားသည် မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်စေခြင်းဘည်းဟူသော အကြောင်း, ကုသိုလ်တရားတို့ကို မရခြင်း တည်းဟူသောအကြောင်း, ဥတ္တရိမနုဿဓမ္မ ဖြစ်သော ဈာန်မဂ်ဖိုလ်ဘရားကို မရခြင်း တည်းဟူသော အကြောင်း ဤအကြောင်း သုံးပါးကြောင့် ကဲ့ရဲ့အပ်ပေ၏။

(၂) ရာသိယ ရွာသူကြီး....၊ ဤလောက၌ အချို့သော တပဿီဂိုဏ်းဝင် ပုဂ္ဂိုလ်သည် ကုသိုလ်တရား,ဈာန်မဂ်ဖိုလ်တရား ရအံ့ ဟု နှလုံးသွင်း၍ တပဿီ, လူခဇိဝိပုဂ္ဂိုလ်ဘို့၏ အဝတ်သင်္ကန်း စသည်ကို ဝဘ်ရုံပြီးလျှင် မိမိကိုယ်ကို ပူပန်စေ ထက်ဝန်းကျင် ပူပန်စေပေ၏။ ကုသိုလ်မျှသာရ၍ ဈာန်မဂ်ဖိုလ်ကို ကား မရဘဲ ရှိပေ၏။

ထိုသို့သဘောရှိသော တပဿီပုဂ္ဂိုလ်ကို မိမိကိုယ်ကို ပင်ပန်းနွမ်းနယ် စေခြင်း, ဈာန်မဂ်ဖိုလ်တရားတို့ကို မရခြင်း တည်းဟူသော အကြောင်း နှစ်ပါးကြောင့် ကဲ့ရဲ့အပ်ပေ၏။ ကုသိုလ်တရားကို ရခြင်းတည်းဟူသော အကြောင်းတပါးကြောင့်ကား ချီးမွမ်းအပ်ပေ၏။

(၃) ရာသိယရွာသူကြီးသည် ဤလောက၌ အချို့သော တပဿီဂိုဏ်း ဝင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိပူပန်စေ,ထက်ဝန်းကျင်မှ ပင်ပန်းနွမ်းနယ်စေခဲ့ ပေ၏။ ကုသိုလ်တရားကိုလည်း ရရှိခဲ့ပါပေ၏။ ဈာန်မဂ်ဖိုလ်တရားကိုလည်း ရရှိခဲ့ပါပေ၏။

ထိုသို့ သဘောရှိသော တပဿီပုဂ္ဂိုလ် ကိလေသာတို့ကို ပူပန်စေတတ်သော ခေါင်းပါးသော အသက်မွေးခြင်းရှိသော ပုဂ္ဂိုလ်ကို မိမိကိုယ်ကို မိမိ ပင်ပန်းနွမ်းနယ်အောင် ကျင့်ကြံမှု တည်းဟူသော အကြောင်းတပါးကြောင့်သာ ကဲ့ရဲ့အပ်၍၊ ကုသိုလ်တရားတို့ကို ရရှိခြင်း, ဥတ္တရိမနုဿဓမ္မ အမည်ရသော စျာန်မဂ်ဖိုလ်တရားတို့ကို ရရှိခြင်း တည်းဟူသော အကြောင်း နှစ်ပါးကြောင့်ကား ချီးမွမ်းအပ်ပေ၏ ဟူ၍ သဗ္ဗညုမြတ်စွာဘုရားသည် တပဿီဂိုဏ်းဝင် ခြိုးခြံစွာ ကျင့်ကြံသော ပုဂ္ဂိုလ်တို့တွင် ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်, မကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်တို့ကို ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် စိတ်ဖြာခွဲခြား အကျယ်အားဖြင့် ပြသတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ရာသိယသုတ် ပြီး၏။

---

## အဗျာကတသံယုတ်

## ခေမာသုတ်

ပု။ ။အဗျာကတသံယုတ္တေ ပနာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟက မဟာထေရေဟိ ပဌမံ သံဂီတံ ခေမာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။ ကထဉ္စ တံ ဘဂဝတာပိ ပုန ဘာသိတံ။

ဝိ။ ။အန္တရာ စ ဘန္တေ သာဝတ္ထိံ အန္တရာ စ သာကေတံ တောရဏဝတ္ထုသ္မိံ ပဒေသေ ရာဇာနံ ပသေနဒိံ ကောသလံ အာရဗ္ဘ ခေမာယ ဘိက္ခုနိယာ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော ယေန ခေမာ ဘိက္ခုနီ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အဘိဝါဒေတွာ ကေမန္တံ နိသီဒိ၊ ကေမန္တံ နိသိန္နော ခေါ ဘန္တေ ရာဇာ ပသေနဒိကောသလော ခေမံ ဘိက္ခုနိံ တေဒဝေါစ "ကိံ နုခေါ အယျေ ဟောတိ တထာဂတော ပရံမရဏာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "အဗျာကတံ ခေါ တေံ မဟာရာဇ ဘဂဝတာ ဟောတိ တထာဂတော ပရံ မရဏာ"တိ ဧဝမာဒိနာ ခေမာယ ဘိက္ခုနိယာ ဘာသိတံ။ ဘဂဝတာ စ ဘန္တေ အပရေန သမယေန ရညာ ပသေနဒိကောသလေန ပုဋ္ဌေန ဧဝမေဝ ပုန ဘာသိတံ။

မေး။ ။အဗျာကတသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှေးဦးစွာ ပဌမသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ခေမာသုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဠုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း။ ထိုသို့ဟောကြားသောတရားကိုပင်လျှင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်လည်း တဖန် ထပ်မံ၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပြန်ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်နှင့် သာကေတမြို့၏အကြား တောရဏဝတ္ထုအမည်ရှိသော အရပ်၌ ပသေနဒိကောသလမင်းကို အကြောင်းပြု၍ ခေမာထေရီ ဘိက္ခုနီမ ဟောကြားအပ်ခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူဆဲအခါ ပညာတေဒဂ်ရ ဖြစ်သော ခေမာထေရီ ဘိက္ခုနီမသည် သာဝတ္ထိပြည်နှင့် သာကေတမြို့တို့၏အကြား တောရဏဝတ္ထုအမည်ရှိသော အရပ်၌ နေထိုင်လျက်ရှိပါသည်။

## ဆည်းကပ်သင့်သူကို အရှာခိုင်းခြင်း

ထိုအခါ ပသေနဒိ ကောသလမင်းသည်လည်း တောရဏဝတ္ထု အရပ်သို့ ရောက်၍ မင်းချင်းတယောက်ကို မိမိဆည်းကပ်သင့်သော ရဟန်းပုဏ္ဏားတို့ကို အရှာခိုင်းပါသော်လည်း တပါးသော ရဟန်းပုဏ္ဏားကိုမျှ မတွေ့ရှိ၊ ခေမာထေရီ ဘိက္ခုနီမကိုသာ တွေ့ရှိပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ပသေနဒိကောသလမင်းသည် ခေမာထေရီ ဘိက္ခုနီရှိရာအရပ်သို့ ကိုယ်တိုင်သွားရောက်၍ ခေမာထေရီ ဘိက္ခုနီမကို ရိုသေစွာ ရှိခိုးဦးညွှတ်ပြီးလျှင် အပြစ်ခြောက်ပါး လွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေ၍ "ကိံ နု ခေါ အယျေ ဟောတိ တထာဂတော ပရံ မရဏာ"အစရှိသည်ဖြင့်—

အိုအရှင်မ ခေမာထေရီ ဘိက္ခုနီ....၊ သတ္တဝါခေါ် ဆို ဤပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် တဖန် ဖြစ်ပါသေးသလော ဟု မေးမြန်းခဲ့ပါသည်။

## ခေမာထေရီ အဖြေ

ထိုအခါ ခေမာထေရီ ဘိက္ခုနီမက "အဗျာကတံ ခေါ တေံ မဟာရာဇ ဘဂဝတာ ဟောတိ တထာဂတော ပရံ မရဏာ"အစရှိသည်ဖြင့်——

ကောသလမဟာရာဇာ....၊သတ္တဝါခေါ်ဆို ဤပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် တဖန် ဖြစ်ပြန်သည် ဟူ၍လည်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဟောကြားတော် မမူအပ်ခဲ့ပါ။

ကိံ ပနယျေ နဟောတိ တထာဂတော ပရံ မရဏာ။

အိုအရှင်မ ခေမာထေရီ ဘိက္ခုနီ....၊သတ္တဝါခေါ်ဆို ဤပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် လုံးဝပင် မဖြစ်ဘဲ ပြတ်စဲ၍ သွားပါသလော ဟု မေးမြန်းပြန်သောအခါလည်း——

ကောသလမင်းကြီး....၊ သတ္တဝါခေါ်ဆို ဤပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် လုံးဝပြတ်စဲ၍ သွားသောဟူ၍လည်း သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မမူအပ်ခဲ့ပါ။

အို ခေမာထေရီဘိက္ခုနီ....၊သတ္တဝါခေါ်ဆို ဤပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် တချို့ဖြစ်၍ တချို့မဖြစ် ဟူ၍ပင် မှတ်ယူရပါအံ့လော ဟု မေးမြန်းလျှောက်ထားပြန်ပါသည်။

ထိုသို့လည်း သဗ္ဗညုမြတ်စွာဘုရား မဟောကြားကြောင်း ပြန်ပြောင်း မိန့်ဆိုသည်တွင်——

အို....၊ခေမာထေရီ ဘိက္ခုနီ....၊ သတ္တဝါခေါ်ဆို ဤပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ မှတ်ရပါအံ့သောဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါလည်း ထိုသို့ သဗ္ဗညုမြတ်စွာဘုရား မဟောကြားကြောင်း ပြန်ပြောင်းမိန့်ဆိုခဲ့ပါပေသည်။

**ဤအရာဝယ် ခေမာထေရီ ဘိက္ခုနီမသည် သတ္တဝါခေါ်ဆို ပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌ ဘဝပဋိသန္ဓေ တဖန်ဖြစ်၏ ဟု ယူဆလျှင် သဿတဒိဋ္ဌိ အယူရှိသော အပြစ်သင့်အံ့သည်ဖြစ်၍ ထိုသို့လည်း သဗ္ဗညုမြတ်စွာဘုရား မဟောကြားကြောင်း၊ မဖြစ်ဘူးဟူ၍ ယူဆလျှင်လည်း**

ဥစ္ဆေဒဒိဋ္ဌိ အပြစ်မလွတ်သဖြင့် သဗ္ဗညုမြတ်စွာဘုရား ထိုသို့လည်း မဟော ကြားကြောင်း၊ တချို့ဖြစ်၍ တချို့မဖြစ်ဟု ယူခဲ့သော် ဧကစ္စသဿတဒိဋ္ဌိ အပြစ်အစွန်း ငြိဘွယ်ရှိ၍ ထိုသို့လည်း သဗ္ဗညုမြတ်စွာဘုရား မဟောကြား ကြောင်း၊ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ ယူဆခဲ့သည် ရှိသော် အမရာဝိက္ခေပမိစ္ဆာဒိဋ္ဌိတည်း ဟူသော အပြစ်စွန်းငြိအံ့သည်ဖြစ်၍ သဗ္ဗညုမြတ်စွာဘုရား ထိုသို့လည်း မဟောကြားကြောင်း ပြန်ကြားဖြေဆိုရင်း ဖြစ်ပါသည်။

## မှန်ကန်သော ယူဆနည်း

ထိုအခါ ပသေနဒိကောသလမင်းသည် လေးပါးသော ဌာနမှာပင် သဗ္ဗညုမြတ်စွာဘုရား မဟောဆိုရခြင်း၏ အကြောင်းကား အဘယ်ပါနည်းဟု ပြန်ပြောင်းမေးလျှောက်ခဲ့ပါသည်။

ထိုအခါ ခေမာထေရီ ဘိက္ခုနီမသည် သို့တပြီးကား မြတ်သောမင်းကြီး ဤအရာဝယ် အသင်မင်းကြီးကိုပင်လျှင် ပြန်၍ မေးမြန်းပါအံ့၊ အရှင်မင်းကြီး နှစ်သက်သည့်အတိုင်း ဖြေဆိုနိုင်ခွင့် ရှိပါပေသည်။

အရှင်မင်းကြီး၏ နိုင်ငံဝယ် ဂင်္ဂါမြစ်၏ သဲမှုန့်တို့ကို ဤ၍ ဤမျှသော သဲမှုန့်,ဤ၍ ဤမျှသော သဲမှုန့်အရာ,ဤ၍ ဤမျှသော သဲမှုန့်အထောင်,သဲမှုန့် အသိန်း ဟူ၍ ရေတွက်နိုင်သော ဂဏန်းဆရာ လက်ဆစ်ချိုး အရေအတွက် ဆရာ သင်္ချာဆရာ ရှိပါသလော ဟု မေးမြန်းသောအခါ မရှိကြောင်း ပြန် ပြောင်း လျှောက်ဆိုသည်တွင်—

မဟာသမုဒ္ဒရာ၌ ရှိသော ရေတို့ကို ဤ၍ ဤမျှသော ရေခွက်အပေါင်း ဤ၍ ဤမျှသော ရေခွက် အသောင်း အသိန်း အသန်း အကုဋေ အပေါင်းဟူ၍ ရေတွက်နိုင်သော ဂဏန်းဟူးရာ ဆရာရှိပါသလော ဟု မေးမြန်းပြန်သောအခါ လည်း ထိုသို့ ရေတွက်နိုင်သော ဂဏန်းဆရာ ဟူးရားဆရာ သင်္ချာဆရာ မရှိပါ ကြောင်း ပြန်ပြောင်းလျှောက်ဆိုသည်တွင်—

အဘယ့်ကြောင့် မရေတွက်နိုင်ပါသနည်း ဟု မေးမြန်းခဲ့ပါသည်။

ထိုအခါ ပသေနဒိကောသလမင်းတရားက အို အရှင်မ ခေမာထေရီ ဘိက္ခုနီ....၊ မဟာသမုဒ္ဒရာကား လွန်စွာ လွန်စွာ ကြီးကျယ်လှပါပေ၏၊ မရေ တွက်နိုင်လောက်အောင်ပင် ရေစင်ကား များလှပါပေ၏၊ ဉာဏ်ဖြင့် သက်ဝင် ခြင်းငှါ ခဲယဉ်းလှပါပေ၏ ဟု ပြန်ပြောင်း လျှောက်ဆိုသည်တွင်—

မြတ်သော မင်းကြီး....၊ဤအတူပင်လျှင် အကြင်ရူပက္ခန္ဓာဖြင့် သတ္တဝါကို နောင်အနာဂတ် ကာလဝယ် သဗ္ဗညုမြတ်စွာဘုရား ပညတ်သော်မူ ပညတ်လေရာ၏၊ ထိုသို့ ပညတ်ဘို့ရန် ရူပက္ခန္ဓာအပေါ် ၌လည်း သဗ္ဗညုမြတ်စွာဘုရားအား တဏှာသမုဒယကို အကြွင်းမဲ့ ပယ်ပြီး အမြစ်မကျန် တွန်းလှန် ပယ်သတ်အပ်ပြီးပင် ဖြစ်ပါတော့သည်၊ ထို့အတူ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ခန္ဓာငါးပါးလုံးမှာပင်လျှင် တဏှာသမုဒယတို့ကို အကြွင်းမဲ့ ပယ်သတ်အပ်ပြီး ဖြစ်ပါတော့သည်။

ခန္ဓာငါးပါးဝယ် တဏှာသမုဒယ မကင်းကြသေးသော ပုဂ္ဂိုလ်တို့အဘို့မှာသာလျှင် ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ စွဲလမ်း၍ ဤပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ဖြစ်၏ ဟူ၍ ပုဂ္ဂိုလ်အဖြစ်အနေဖြင့် သဿတဒိဋ္ဌိအစွဲအားဖြင့်၎င်း ပုဂ္ဂိုလ်ပြတ်၏အနေဖြင့် ဥစ္ဆေဒဒိဋ္ဌိအစွဲအားဖြင့်၎င်း အချို့ဖြစ်၍ အချို့မဖြစ်ဟူသော ကေစ္စသဿတအစွဲအားဖြင့်၎င်း ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟု ပုဂ္ဂိုလ်ကိုပင် အစွဲတခုပြုကာ အမရာဝိက္ခေပဒိဋ္ဌိဖြင့်၎င်း ပြောကြားကြခြင်း ဖြစ်ပါတော့သည်။

သဗ္ဗညုမြတ်စွာဘုရားမှာကား ထိုခန္ဓာငါးပါး လုံးမှာပင်လျှင် တဏှာသမုဒယကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်သောကြောင့် ဘယ်ခန္ဓာကိုမှ အစွဲပြု၍ "ဟောတိ တထာဂတော ပရံ မရဏာ" စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် သတ္တဝါခေါ် ဆို ဤပုဂ္ဂိုလ်သည် ဖြစ်လိမ့်မည် ဟူ၍ သဿတအယူစကား၊ ပြတ်၏ ဟူ၍ ဥစ္ဆေဒအယူစကား၊ တချို့ဖြစ် တချို့မဖြစ် တချို့ဖြစ် တချို့ပြတ်၏ဟူသော ကေစ္စသဿတ အယူစကား၊ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော အမရာဝိက္ခေပ အယူစကားသည် သဗ္ဗညုမြတ်စွာဘုရားအား ဟောဆိုဘို့ရန် မသင့်ပင် ဖြစ်ပါတော့သည် ဟု ဖြေကြားတော်မူခဲ့ပါပေသည်။

## ဘုရားထံမှောက် သွားရောက်သည့်အခါ

ထိုအခါ ပသေနဒိ ကောသလမင်းတရားသည် ခေမာထေရီ ဘိက္ခုနီမ ဟောကြားအပ်သော စကားကို နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြု၍ ခေမာထေရီ ဘိက္ခုနီမအထံမှ ဖဲခဲ့ပါပေသည်၊ နောက်

တချိန်သော အခါဝယ် သဗ္ဗညုဘုရားထံမှောက် သွားရောက်၍ ဤဆိုအပ်ပြီး သော လေးချက်သော ပြဿနာတို့ကို လျှောက်ဆိုသောအခါ၌လည်း သဗ္ဗညု မြတ်စွာဘုရားသည် ခေမာထေရီ ဘိက္ခုနီမ ဟောကြားအပ်သည့်အတိုင်းပင် ခေမာထေရီ ဘိက္ခုနီမ ဟောကြားအပ်သော ပုဒ်ဗျည်းတို့ဖြင့် ပင်လျှင် ထို ပသေနဒီ ကောသလမင်းတရား၏ အမေးစကားကိုဖြေကြားတော်မူခဲ့ပါသည်။

ထိုအခါ ပသေနဒီကောသလမင်းတရားသည် "အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ယတြဟိ နာမ သတ္ထုစေဝ သာဝိကာယ စ အတ္ထေန အတ္ထော ဗျဉ္ဇနေန ဗျဉ္ဇနံ သံသန္ဒိဿတိ"အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဆရာဘုရား၏ တရားစကားနှင့် တပည့်မ သာဝိကာ၏ တရားစကား တရားဒေသနာသည် အက္ခရာချင်း ပုဒ်ချင်း ထပ်မျှ ညီတူ ဖြစ်ပါပေ၏၊ လက်ဖျစ်တီး၍ အံ့ချီးဘွယ် ထိုက်လှပါပေ၏၊ မဖြစ်စဘူး အထူးဖြစ်ပါပေ၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်သည် ရှေးအခါကလည်း ခေမာထေရီ ဘိက္ခုနီမအား ဤအမေးပုစ္ဆာပြဿနာတို့ကို မေးမြန်း လျှောက်ထားဘူးပါကြောင်း၊ ထိုအခါကလည်း ခေမာထေရီ ဘိက္ခုနီမသည် ယခု ရှင်တော်ဘုရား ဟောကြားတော်မူသည့်အတိုင်း ဤပုဒ် ဤဗျည်း ဤဝါကျတို့ဖြင့်ပင် ထပ်မျှ နည်းတူ ဟောပြခဲ့ပါကြောင်း ပြန်ပြောင်း လျှောက်ထားခဲ့ပါပေသည်။

ဤသို့လျှင် အဗျာကတ သံယုတ်၌ ခေမာသုတ္တန် အမည်ရသော ဤ သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသောအတိုင်း ပသေနဒီ ကောသလမင်းကို အကြောင်းပြု၍ ပသေနဒီ ကောသလမင်းတရား မေးမြန်း ခြင်း ဟူသော အကြောင်းအဌုပ္ပတ်ကြောင့် ပညာဧတဒဂ်ရ ဖြစ်သော ခေမာ ထေရီ ဘိက္ခုနီမ ဟောကြားအပ်ခဲ့ပါသည်၊ သဗ္ဗညုမြတ်စွာဘုရားသခင်သည် လည်း နောက်အခါဝယ် ပသေနဒီကောသလမင်းတရား မေးမြန်းလျှောက် ထားအပ်သဖြင့် ခေမာထေရီဘိက္ခုနီမ ဟောကြားအပ်သည့်အတိုင်း ဟော ကြားအပ်သော ပုဒ်ဗျည်းတို့ဖြင့် ပင်လျှင် ထပ်မျှ နည်းတူ တဖန်ထပ်၍ ဟော ကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ခေမာသုတ် ပြီး၏

## ကုတူဟလသာလာသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေ-
ရေဟိ နဝမံ သံဂီတံ ကုတူဟလသာလာသုတ္တံ ဘဂဝတာ ကတ္ထ
ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဠ ဘာသိတံ။

ဝိ။ ။ဝေသာလိယံ ဘန္တေ ဝစ္ဆဂေါတ္တံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။
ဝစ္ဆဂေါတ္တော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဥပသင်္ကမိတွာ "ပုရိမာနိ
ဘော ဂေါတမ ဒိဝသာနိ ပုရိမတရာနိ သမ္ဗဟုလာနံ နာနာတိတ္ထိယာနံ
သမဏဗြာဟ္မဏာနံ ပရိဗ္ဗာဇကာနံ ကုတူဟလသာလာယံ သန္နိသိန္နာနံ
သန္နိပတိတာနံ အယမန္တရာကထာ ဥဒပါဒိ"တိ ဧဝမာဒိကံ ဝစနံ
အဝေါစ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "အလံ ဟိ တေ ဝစ္ဆ ကင်္ခိတုံ၊
အလံ ဝိစိကိစ္ဆိတုံ။ ကင်္ခနီယေ စ ပန တေ ဌာနေ ဝိစိကိစ္ဆာ
ဥပ္ပန္နာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအဗျာကတ သံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာ
ထေရ်မြတ်တို့ ကိုးခုမြောက် နဝမသုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော
ကုတူဟလသာလာသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်
ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်
အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဠုပ္ပတ္တိ
ကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသ
နည်း ငါ့ရှင်....။

ဖြေ။ ။ဝေသာလီပြည်အရပ်ဝယ် ဝစ္ဆဂေါတ္တ ပရိဗိုဇ်ကို အကြောင်း
ပြု၍ ဟောကြားတော်မူအပ်ပါသည်။

### ဝစ္ဆဂေါတ္တပရိဗိုဇ်

သဗ္ဗညုမြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တောဝယ် သီတင်းသုံး
နေတော်မူသောအခါ ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဘုရားထံမှောက် သွားရောက်
ပြီးလျှင် "ပုရိမာနိ ဘော ဂေါတမ ဒိဝသာနိ ပုရိမတရာနိ"အစရှိသည်ဖြင့်——

အိုအရှင်ကြီး ဂေါတမ....၊ ရှေးရှေးရက်များက အထူးထူးအပြားပြား
အယူရှိကြသော များစွာကုန်သော သမဏဗြာဟ္မဏအမည်ခံ ပရိဗိုဇ်ပုဂ္ဂိုလ်တို့
အား ကုတူဟလသာလာခေါ်သော ဝါဒစကား အုတ်အုတ်ကြက်ကြက်

ပြောကြားရာစရပ်၌ စည်းဝေးညီမူကြကုန်စဉ် ဤသို့အကြားစကားတခုဖြစ်ခဲ့ပါပေသည်။

## ဆရာကြီး ခြောက်ဦး

အိုအရှင်တို့....။ဤလောကဝယ် ပူရဏကဿပဆရာကြီး, မက္ခလိဂေါသာလ ဆရာကြီး, အဇိတကေသကမ္ဗလဆရာကြီး, ပကုဓကစ္စာယန ဆရာကြီး, သဉ္စယဗေလဋ္ဌပုတ္တဆရာကြီး, နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီး ဤဆရာကြီး ခြောက်ပါးတို့သည် ဘုရားဟူ၍ မိမိတို့ နယ်ပယ်ဝယ် ထင်ရှားခဲ့ကြပါပေကုန်သည်။

ထိုဆရာကြီး ခြောက်ဦးတို့သည် မိမိတို့၏ တပည့်သား သာဝက စုတိပြတ်ကြွေ သေလွန်သောအခါ ဤသူသည် ဤမည်သောဘဝဝယ် ပဋိသန္ဓေတည်နေပါသည်ဟု မိမိတို့၏ တပည့်တို့၏ လားရာဘဝ ပဋိသန္ဓေကို ဖြေကြားခဲ့ပါပေသည်။

ထိုဆရာကြီးခြောက်ဦးတို့၏ အရဟတ္တဖိုလ်သို့ ရောက်ပါသည်ဆိုသော တပည့်ကိုလည်း စုတိပြတ်ကြွေ သေလွန်သောအခါဝယ် အရဟတ္တဖိုလ်သို့ ရောက်သည် ထိုအရဟတ္တဖိုလ်သို့ ရောက်ပြီးသော တပည့်သည် ဤမည်သော ဂတိဝယ် ပဋိသန္ဓေ ကပ်ရောက်တည်နေသည် ဟု ဖြေကြားခဲ့ပါပေသည်။

## ဂေါတမမြတ်စွာ

အို ဆရာတို့....။ရဟန်းကြီးဂေါတမသည်လည်း ဤလောကဝယ် ဘုရားဟူ၍ပင် ထင်ရှားကျော်ကြားခဲ့ပါပေသည်၊ ဂိုဏ်း၏အရှင် သံဃာ၏အရှင်ပင် ဖြစ်တော်မူပါပေသည်၊ ထိုရဟန်းကြီး ဂေါတမသည်လည်း ရိုးရိုးပကတိ သာဝကတို့ စုတိပြတ်ကြွေ သေလွန်ခဲ့သည်ရှိသော် ဤမည် ဤမည်သောသူသည်ကား ဤမည် ဤမည်သော ဂတိသို့ ကပ်ရောက်သည်ဟု မိမိ၏ သာဝကတို့၏ ဘဝပဋိသန္ဓေကို ဖြေကြားခဲ့ပါပေသည်။

အထူးအားဖြင့် ထိုရဟန်းကြီး ဂေါတမ၏ အရဟတ္တဖိုလ်သို့ ရောက်ရှိသော တပည့်သာဝက စုတိပြတ်ကြွေ သေလွန်သည်ကိုကား ရဟန်းကြီးဂေါတမသည် ဆသတ္ထာရ ဆရာကြီးတို့ကဲ့သို့ မိမိ၏တပည့် ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ် စုတိပြတ်ကြွေ သေလွန်သည်ကို ဤမည် ဤမည်သော ဂတိ၌ ပဋိသန္ဓေ တည်နေသည်ဟု မဖြေကြားခဲ့ပေ။

စင်စစ်သော်ကား ထိုရဟန္တာပုဂ္ဂိုလ်သည်ကား တဏှာကို အကြွင်းမဲ့ ဖြတ်ခဲ့လေပြီ၊ သံယောဇဉ်ကို အကြွင်းမဲ့ နှစ်စေ ရပ်စေခဲ့လေပြီ၊ မာနကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုပြီးဟူ၍သာ လျှင် ဖြေကြားခဲ့ပါပေသည်။

ဤသို့ အန္တရကထာ အကြားစကား ထိုအစည်းအဝေးဝယ် ဖြစ်ပွါးခဲ့ ပါသည်။

အိုအရှင်ကြီး ဂေါတမ....၊ထိုစကားကို ကြားရသော အကျွန်ုပ်အား ရဟန်းကြီးဂေါတမ၏တရားကို ဘယ်ပုံ ဘယ်ပန်း သိရပါအံ့နည်းဟူ၍ယုံမှား သက်ာ ဝိစိကိစ္ဆာဖြစ်ခဲ့ပါပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက် ထားခဲ့ပါသည်။

ထိုအခါ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားက "အလံ ဟိ တေ ဝစ္ဆ ကင်္ခိတုံ၊ ဝိစိကိစ္ဆိတုံ" အစရှိသည်ဖြင့်—

ဝစ္ဆဂေါတ္တ အနွယ်၌ဖြစ်သော ပရိဗိုဇ်....၊ သင့်အား ယုံမှားသက်ာ ဝိစိ ကိစ္ဆာ ဖြစ်ဘို့ရန် ထိုက်လှပါပေ၏၊ သင့်လှပါပေ၏။

ဝစ္ဆဂေါတ္တ ပရိဗိုဇ်....၊သင်၏ ယုံမှားသက်ာ ဝိစိကိစ္ဆာတရားကား ယုံမှား သင့်သော အရာ၌ပင်လျှင် ယုံမှားသက်ာ ဝိစိကိစ္ဆာ ဖြစ်ခဲ့ပါပေသည်၊ အကျဉ်းချုပ်အားဖြင့် ဤအရာဝယ် ငါဘုရားဖြေကြားရပါမူကား "သဉပါဒါ- နဿ ခွါဟံ ဝစ္ဆ ဉပပတ္တိံ ပညာပေမိ၊နော အနုပါဒါနဿ"အစရှိသည်ဖြင့်—

## လောင်စာ ဉပမာ

ဝစ္ဆဂေါတ္တ အနွယ်၌ ဖြစ်သော ပရိဗိုဇ်....၊ ဤလောကဝယ် မီးသည် စွဲငြိ စရာ လောင်စာ ရှိမှသာလျှင် တောက်လောင်ဘိသကဲ့သို့ လောင်စာမရှိလျှင် မီးသည် ငြိမ်းဘိသကဲ့သို့ ထိုအတူပင်လျှင် တဏှာဒိဋ္ဌိ တည်းဟူသော ဉပါဒါန် တရား စွဲရာငြိရာ ရှိမှသာလျှင် ထိုပုဂ္ဂိုလ်၏ ဘဝပဋိသန္ဓေကို ငါဘုရားသည် ပဋိသန္ဓေ တည်နေလိမ့်မည်ဟု ပညတ်ဟောကြားအပ်ပေသည်။

အကြင်ပုဂ္ဂိုလ်အားကား တဏှာ ဒိဋ္ဌိ တည်းဟူသော ဉပါဒါန် စွဲငြိရာ လောင်စာတရား အလျှင်းမရှိခဲ့၊ ထိုသို့ တဏှာဒိဋ္ဌိ တည်းဟူသော ဉပါဒါန်စွဲရာ လောင်စာတရား အလျှင်းမရှိသော ပုဂ္ဂိုလ်အားကား တစုံတခုသောဂတိ

တစုံတခုသော ယောနိ တစုံတခုသော ဝိညာဏဋ္ဌိတိ တစုံတခုသော သတ္တာဝါသမှာပင်လျှင် ဘဝပဋိသန္ဓေ တည်နေသော ဟူ၍ ငါဘုရားမဟောကြားပေဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤကုတူဟလသာလာ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ဝစ္ဆဂေါတ္တပရိဗိုဇ်ကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကုတူဟလသာလာသုတ် ပြီး၏

**သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် အမေးအဖြေ ပြီးပြီ**

# မဟာဝဂ္ဂသံယုတ်ပါဠိတော် အမေးအဖြေ

## အဝိဇ္ဇာဝဂ်

## ဥပစ္စသုတ်

ပု။ ။မဟာဝဂ္ဂသံယုတ္တေ ပန္နာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟက-မဟာထေရေဟိ ဒုတိယံ သံဂီတံ ဥပစ္စသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ သက္ကရေ နာမ သကျာနံ နိဂမေ အာယသ္မန္တံ အာနန္ဒတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ အာနန္ဒတ္ထေရော ဘဂဝန္တံ ဧတဒဝေါစ "ဥပစ္စမိဒံ ဘန္တေ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏ-မိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "မာ ဟေဝံ အာနန္ဒ၊ မာ ဟေဝံ အာနန္ဒ၊ သကလမေဝိဒံ အာနန္ဒ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။မဟာဝဂ္ဂသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ဒုတိယသုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားသော ဥပစ္စသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ သက္ကရ အမည်ရသော နိဂုံးအရပ်၌ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ် သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

### အရှင်အာနန္ဒာယူဆပုံ

သဗ္ဗညုမြတ်စွာဘုရား သက္ကတိုင်း အဝင်အပါ သက္ကရ အမည်ရသော နိဂုံး၌ သီတင်းသုံးနေတော်မူသောအခါ အရှင်အာနန္ဒာမထေရ်သူမြတ်သည်

ဘုရားသံမှောက် သွားရောက်၍ "ဥပဍ္ဎမိဒံ ဘန္တေ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏ-မိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ" ဟု—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ကလျာဏမိတ် ကောင်း အဆွေကောင်းကို ဆည်းကပ်ရမိခြင်းသည် ဤသာသနာတော် အတွက် တဝက်ပင် ပြည့်စုံပါသည်ဟု လျှောက်ထားခဲ့ပါသည်။

**အလုံးစုံအကျိုးပြီးနိုင်သည်**

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရှင်အာနန္ဒာမထေရ်မြတ်၏ စကား ကို အခိုင်အမာ ဟန့်တားတော်မူသောအားဖြင့် မာဟေဝံ အာနန္ဒ၊ မာဟေဝံ အာနန္ဒ။ ချစ်သားအာနန္ဒာ....၊ဤသို့ မပြောဆိုလင့်၊ ချစ်သား အာနန္ဒာ....၊ ဤသို့ မပြောဆိုလင့် ဟု နှစ်ကြိမ်တိုင်တိုင် ဟန့်တား မြစ်တားတော်မူပြီးလျှင် "သကလမေဝိဒံ အာနန္ဒ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏ-သဟာယတာ ကလျာဏသမ္ပဝင်္ကတာ" အစရှိသည်ဖြင့်—

ချစ်သား အာနန္ဒာ....၊ကလျာဏမိတ်ကောင်း သူတော်ကောင်းကို ပေါင်းသင်းဆက်ဆံရမိခြင်းသည် ဤသာသနာဝယ် အလုံးစုံ အကျိုးပြီး မြောက် ပေတော့သည်။

ချစ်သား အာနန္ဒာ....၊ကလျာဏမိတ်ကောင်း ပေါင်းသင်းမိသောသူ၏ အဘို့မှာသာလျှင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော အရိယာအဋ္ဌင်္ဂိက မဂ္ဂင်တရား ပွါးများမှုကို အလိုရှိအပ်ပါပေသည်၊ ကလျာဏမိတ်ကောင်း ပေါင်းသင်းမိသော ပုဂ္ဂိုလ်မှာသာလျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် အရိယာအဋ္ဌင်္ဂိက မဂ္ဂင်တရားကို ပွါးများအားထုတ်နိုင်ပေသည်။

ချစ်သားအာနန္ဒာ....၊ဤဆိုလတ္တံ့သော အကြောင်းဖြင့်လည်း ကလျာ ဏ မိတ်ကောင်း သူတော်ကောင်းကို ပေါင်းသင်းဆက်ဆံရမိခြင်းသည် ဤ သာသနာမြတ်ဝယ် အလုံးစုံပြည့်စုံခြင်း ဖြစ်ကြောင်းကို သင်ချစ်သားသည် သိအပ် သိသင့် သိထိုက်လှပေသည်။

မမံ ဟိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ။

ချစ်သား အာနန္ဒာ....၊ငါဘုရားတည်းဟူသော ကလျာဏမိတ်ကောင်းကို အမှီရကြသဖြင့် ဇာတိဒုက္ခ မကင်းကြသေးသောသတ္တဝါ, ဇရာဒုက္ခ, မရဏဒုက္ခ

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဒုက္ခမကင်းကြသေးသော သတ္တဝါအလုံးစုံတို့သည် ဇာတိဒုက္ခမှ လွတ်မြောက်ကြရပေသည်၊ ဇရာဒုက္ခ, မရဏဒုက္ခ, သောကဒုက္ခ, ပရိဒေဝဒုက္ခ, ဒုက္ခ ဒုက္ခ,ဒေါမနဿဒုက္ခ, ဥပါယာသ ဒုက္ခတို့မှ လွတ်မြောက်ကြရပေသည်။

ဤအချက်ကိုထောက်ထား၍လည်း ကလျာဏမိတ်ကောင်း ပေါင်းသင်း ရမိခြင်းသည် ဤသာသနာတော်အတွက် အလုံးစုံ အကျိုးပြည့်စုံလှပါသည်ဟု သင်ချစ်သား သိအပ် သိသင့် သိထိုက်လှပါပေသည်ဟု ဥပဍ္ဎ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သက္ကရနိဂုံးအရပ်ဝယ် ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဥပဍ္ဎသုတ် ပြီး၏။

---

## ဗောဇ္ဈင်္ဂသံယုတ်

## ကုဏ္ဍလိယ သုတ်

ပု။ ။ဗောဇ္ဈင်္ဂသံယုတ္တေ ပနာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟက-မဟာထေရေဟိ ဆဋ္ဌံ သံဂီတံ ကုဏ္ဍလိယသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာကေတေ ဘန္တေ အဉ္ဇနဝနေ မိဂဒါယေ ကုဏ္ဍလိယံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ ကုဏ္ဍလိယော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဥပသင်္ကမိတွာ "အဟမသ္မိ ဘော ဂေါတမ အာရာမနိဿယီ ပရိ-သာဝစရော၊ တဿ မယှံ ဘော ဂေါတမ ပစ္ဆာဘတ္တံ ဘုတ္တပါ-တရာသဿ အယမာစာရော ဟောတိ အာရာမေန အာရာမံ ဥယျာနေန ဥယျာနံ အနုစင်္ကမာမိ အနုဝိစရာမိ၊ သော တတ္ထ ပဿာမိ ဧကေ သမဏဗြာဟ္မဏေ ဣတိဝါဒပ္ပမောက္ခာနိသံသဉ္စေဝ ကထံ ကထေန္တေ ဥပါရမ္ဘာနိသံသဉ္စ၊ ဘဝံ ပန ဂေါတမော ကိမာနိ-သံသော ဝိဟရတီ"တိ ဧတံ ဝစနံ အဝေါစ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ

"ဝိဇ္ဇာဝိမုတ္တိဖလာနိသံသော ခေါ ကုဏ္ဍလိယ တထာဂတော ဝိဟရတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဗောဇ္ဈင်္ဂသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ခြောက်ခုမြောက် ဆင့္ဂသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော ကုဏ္ဍ-လိယ သုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သောအဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာကေတပြည်အနီး အဥ္စနတောအုပ်ဝယ် ကုဏ္ဍလိယအမည်ရသော ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

## ကုဏ္ဍလိယပရိဗိုဇ်

သဗ္ဗညုမြတ်စွာဘုရား သာကေတပြည် အဥ္စနတောအုပ်၌ သီတင်းသုံးနေတော်မူသောအခါ ကုဏ္ဍလိယပရိဗိုဇ်သည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် "အဟမသ္မိ ဘော ဂေါတမ အာရာမနိဿယီ ပရိသာဝစရော" အစရှိသည်ဖြင့်——

အို အရှင်ကြီးဂေါတမ....၊အကျွန်ုပ်သည်ကား အရံအတွင်း၌ အမြဲတစေမှီတင်း၍နေသော ပုဂ္ဂိုလ်ဖြစ်ပါပေသည်၊ ပရိသတ်၌ ကျက်စားသော ပုဂ္ဂိုလ်လည်း ဖြစ်ပါပေသည်။

အို အရှင်ကြီးဂေါတမ....၊ထိုအကျွန်ုပ်အား ဤကဲ့သို့ အကျင့်ဖြစ်ပါသည်၊ နေလွှဲအခါ နံနက်စာ စားပြီးလတ်သည်ရှိသော် အရံတခုမှ အရံတခုသို့ ဥယျာဉ်တခုမှ ဥယျာဉ်တခုသို့ လှည့်လည်ကာ စကြံသွားရောက်ခဲ့ပါပေသည်။

ထိုသို့ အရံတခုမှ တရံတခု ဥယျာဉ်တခုမှ ဥယျာဉ်တခုသို့ သွားရောက်သော အကျွန်ုပ်သည် ထိုထိုအရံဥယျာဉ်၌ အချို့သောရဟန်းပုဏ္ဏားတို့ကို ဤသို့တဲ့ဟု အပြစ်တင်မည့်စကားမှ လွတ်မြောက်ဘို့ရန် တပါးသူတို့အပေါ်ဝယ် အပြစ်ဒေါသတင်ခြင်း တည်းဟူသော အကျိုးရရှိရန် စကား ပြောကြားသည်ကို အကျွန်ုပ်မြင်ခဲ့ရပါပေသည်။

အရှင်ကြီးဂေါတမသည်ကား အဘယ်မည်သော အကျိုးအာနိသင်ကို ရယူလို၍ နေပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

ဝိဇ္ဇာဝိမုတ္တိဖလာနိသံသော ခေါ ကုဏ္ဍလိယ တထာဂတော ဝိဟရတိ။

ကုဏ္ဍလိယပရိဗိုဇ်....၊ရှေးဘုရားတို့ အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သာသနာပြင်ပ အညတိတ္ထိယပုဂ္ဂိုလ်တို့ကဲ့သို့ သူတပါးတို့အား အပြစ်ဒေါသတင်ဘို့ရန် အကျိုး မြော်ကိုး၍လည်း နေသည်မဟုတ်၊ သူတပါးတို့ အပြစ်တင်ခြင်းမှ လွတ်ဘို့ရန် အကျိုး မြော်ကိုး၍လည်း နေသည်မဟုတ်၊ စင်စစ်မှာမူ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး ဖလသမာပတ် တည်းဟူသော ဝိမုတ္တိတရား အကျိုးအာနိသင်ကို ရယူဘို့ရန်အတွက် အကျိုးအာနိသင် အတွက်သာလျှင် သဗ္ဗညုမြတ်စွာဘုရားသည် ဣရိယာပထလေးပါးမျှတ၍ သီတင်းသုံးခြင်း ဖြစ်သည်ဟု အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူခဲ့ပါပေသည်။

## အဆင့်ဆင့်ဖြေကြားတော်မူခြင်း

ထိုအခါ ကုဏ္ဍလိယပရိဗိုဇ်က အိုအရှင်ကြီးဂေါတမ....၊အဘယ်တရားတို့ကို လေ့လာပွါးများ အားထုတ်သည်ရှိသော် ဝိဇ္ဇာသုံးပါး ဝိမုတ္တိတရားတို့ ပြည့်နိုင်ပါသနည်း ဟု မေးမြန်းလျှောက်ထားသောအခါ—

ဗောဇ္ဈင်ခုနစ်ပါး တရားတို့ကို လေ့လာပွါးများ အားထုတ်အပ်သည်ရှိသော် ဝိဇ္ဇာသုံးပါး ဖလသမာပတ် တည်းဟူသော ဝိမုတ္တိတရားတို့ ပြည့်စုံနိုင်ပေသည်ဟု ဖြေကြားတော်မူခဲ့ပါပေသည်။

အဘယ်တရားတို့ကို ပွါးများလျှင် ဗောဇ္ဈင်ခုနစ်ပါးတို့ ပြည့်စုံနိုင်ပါသနည်းဟု တဖန် မေးမြန်းလျှောက်ထားပြန်သောအခါ—

သတိပဋ္ဌာန်လေးပါး တရားတို့ကို ပွါးများလျှင် ဗောဇ္ဈင်ခုနစ်ပါးတရားတို့ ပြည့်စုံနိုင်ကြောင်း ပြန်ပြောင်း ဖြေဆိုတော်မူခဲ့ပါပေသည်။

အဘယ်တရားတို့ကို ပွါးများလျှင် သတိပဋ္ဌာန် လေးပါးတရားတို့ ပြည့်စုံနိုင်ပါကြောင်း တဖန်ထပ်၍ မေးမြန်းလျှောက်ထားသည်တွင်—

ကာယ ဝစီ မနော တည်းဟူသော သုစရိုက်တရား သုံးပါးတို့ကို လေ့လာပွါးများ အားထုတ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါး ပြည့်စုံနိုင်ကြောင်း ဖြေကြားတော်မူခဲ့ပါသည်။

အဘယ်တရားတို့ကို လေ့လာပွါးများ အားထုတ်သည်ရှိသော် သုစရိုက် သုံးပါး တရားကောင်းတို့ ပြည့်စုံပါသနည်းဟု မေးမြန်းလျှောက်ထားသည် တွင်—

## ဣန္ဒြေစောင့်ခြင်းပါးစောင့်လျှင်

စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော ဣန္ဒြေခြောက် ပါး၌ အကုသိုလ်တရားတို့ ဝင်ရောက်၍ မနိုပ်စက် မဖျက်ဆီးနိုင်အောင် သတိ နှင့်စောင့်ရှောက်ခြင်း ဣန္ဒြိယသံဝရတရားကို ပွါးများကြိုးကုတ် အားထုတ် သည်ရှိသော် ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက် တည်းဟူသော သုစရိုက်တရား သုံးပါးတို့ ပြည့်စုံနိုင်ကြောင်း ဖြေကြားခဲ့ပါပေသည်။

ဤသို့လျှင် ကုဏ္ဍလိယ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ကုဏ္ဍလိယပရိဗိုဇ်ကို အကြောင်း ပြု၍ သာကေတမြို့အနီး အဥ္ဇနအမည်ရသော ဘေးမဲ့တောအုပ်ဝယ် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကုဏ္ဍလိယသုတ် ပြီး၏

---

## ပဌမ ဂိလာနသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ ဇာနတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဗောဇ္ဈင်္ဂ- သံယုတ္တေ ဒုတိယေ ဂိလာနဝဂ္ဂေ ပဌမဂိလာနသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ ပိပ္ပလိဂုဟာယံ အာယသ္မန္တံ မဟာကဿပတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ မဟာကဿပတ္ထေရော ပိပ္ပလိဂုဟာယံ ဝိဟရတိ အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော။ အထ ခေါ ဘန္တေ ဘဂဝါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ မဟာကဿပေါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ၊ နိသဇ္ဇ ခေါ ဘဂဝါ အာယသ္မန္တံ

မဟာကဿပံ ဧတဒဝေါစ–"ကစ္စိ တေ ကဿပ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နော အဘိက္ကမန္တိ၊ ပဋိက္ကမောသာနံ ပညာယတိ နော အဘိက္ကမောတိ။ န မေ ဘန္တေ ခမနီယံ န ယာပနီယံ၊ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ နော ပဋိက္ကမန္တိ၊ အဘိက္ကမောသာနံ ပညာယတိ နော ပဋိက္ကမော"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် ဗောဇ္ဈင်္ဂသံယုတ် ဂိလာနဝဂ်၌ သံဂါယနာတင်ထားသော မဟာကဿပ ဗောဇ္ဈင်သုတ် ဟူ၍လည်း ခေါ်ဝေါ်အပ်သော ပဌမဂိလာနသုတ္တန် တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည် ပိပ္ပလိလိုဏ်ဂူအရပ်ဝယ် မဟာကဿပ မထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ရှင်မဟာကဿပ မထေရ်သူမြတ်သည် အနာရောဂါ ကပ်ရောက်၍ ဆင်းရဲဒုက္ခ သည်းစွာ ပြင်းထန်သော ဝေဒနာ နှိပ်စက်သျက် ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံး နေတော်မူဆဲ ရှိလတ်ပါသည်။

## ဗောဇ္ဈင်သုတ်ကျေးဇူး

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ညနေချမ်းအခါ၌ တပါးတည်း ကိန်းတော်မူရာမှ ထခဲ့၍ ရှင်မဟာကဿပ မထေရ်ရှိရာအရပ်သို့ ကြွရောက်တော်မူပြီးလျှင် ခင်းထားအပ်သော အရပ်၌ ထိုင်နေတော်မူ၍ "ကစ္စိ တေ ကဿပ ခမနီယံ၊ ကစ္စိ ယာပနီယံ" အစရှိသည်ဖြင့်——

ချစ်သား ကဿပ....၊သင်ချစ်သားသည် ဝေဒနာဒဏ် ခံနိုင်စွမ်းရှိပါ၏လော....။ ဣရိယာပထ မျှတပါ၏လော....။ သင်ချစ်သား၏သန္တာန်ဝယ်

ဒုက္ခဝေဒနာတို့သည် နောက်သို့ဆုတ်၍ ရှေ့သို့မတိုးတက်ဘဲ ရှိပါကုန်၏လော....။ဒုက္ခဝေဒနာတို့ ဆုတ်ရိပ်ကိုသာထင်၍ တိုးရိပ်မထင်ဘဲ ရှိပါ၏လောဟု မေးမြန်းတော်မူခဲ့ပါသည်။

ထိုအခါ အရှင်မဟာကဿပမထေရ်သူမြတ်က"န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်သည် ဝေဒနာဒဏ် မခံနိုင်အောင်ပင် ပြင်းထန်လှပါပေတော့သည်၊ ဣရိယာပထ မမျှတဘဲပင် ရှိပါတော့သည်၊ သည်းထန်စွာသော ဝေဒနာတို့သည် တပည့်တော်အား တိုး၍ တိုး၍ သာလျှင် လာပါကုန်တော့သည်၊ နောက်သို့ မဆုတ်နစ်ကြပါကုန်၊ ဝေဒနာတို့သည် တိုးရောင်သာထင်၍ ဆုတ်ရောင် မထင်ခဲ့ပါကုန် ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်"သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာ-နာယ သံဝတ္တန္တိ" အစရှိသော ကဿပဗောဇ္ဈင် အမည်ရသော သုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူအပ်ပါသည်။

ထိုဒေသနာတော်၏ အဆုံးဝယ် ရှင်မဟာကဿပ မထေရ်သူမြတ်သည် ကပ်ရောက်ရင်းဖြစ်သော ရောဂါဝေဒနာမှ ထမြောက်ခဲ့ပါပေသည်။

ထို ရှင်မဟာကဿပ မထေရ်သန္တာန်၌ စွဲကပ်သော ဝေဒနာသည် ခွါအပ်ပြီးသော ပယ်ရှားအပ်ပြီးသော ကိလေသာပမာ နောက်တဖန် အရှင်မဟာကဿပမထေရ်သူမြတ်အထံသို့ မကပ်ရောက် မညှဉ်းဆဲ မနှိပ်စက်ဘဲရှိခဲ့ပါတော့သည်။

ဤသို့လျှင် ပဌမဂိလာန အမည်ရသော ကဿပဗောဇ္ဈင် ဟူ၍လည်း ခေါ်ယူပညတ် သမုတ်အပ်သော ဗောဇ္ဈင်ခုနစ်ပါး တရားတို့ကို ဖော်ပြရာဖြစ်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ရှင်မဟာကဿပမထေရ်သူမြတ်ကို အကြောင်းပြု၍ ရာဇဂြိုဟ်ပြည် ပိပ္ပလိလိုဏ်ဂူအရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဌမဂိလာနသုတ် ပြီး၏

## ဥဒါယိသုတ်

ပ॥ ။တတြွေဝ အာဝုသော တတိယေ ဥဒါယိဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မ-
သံဂါဟကမဟာထေရေဟိ ဒသမံ သံဂီတံ ဥဒါယိသုတ္တံ ဘဂဝတာ
ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဓ္ဓ ဘာသိတံ။

ဝိ॥ ။သုမ္ဘေသု ဘန္တေ သေတကေနာမ သုမ္ဘာနံ နိဂမေ အာယသ္မန္တံ
ဥဒါယိတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ဥဒါယိတ္ထေရော
ဘဂဝန္တံ ဥပသင်္ကမိတွာ "အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ
ဗဟုကတဉ္စ မေ ဘန္တေ ဘဂဝတိ ပေမဉ္စ ဂါရဝေါ စ ဟိရီ စ
ဩတ္တပ္ပဉ္စာတိ ဧဝမာဒိကံ ဝစနံ အဝေါစ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ
"သာဓု သာဓု ဥဒါယိ ဧသော ဟိ တေ ဥဒါယိ မဂ္ဂေါ ပဋိလဒ္ဓေါ။
ယော တေ ဘာဝိတော ဗဟုလီကတော၊ တထာ တထာ ဝိဟရန္တံ
တထတ္တာယ ဥပနေဿတိ၊ ယထာ တွံ 'ခီဏာ ဇာတိ၊ ဝုသိတံ
ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ'တိ ပဇာနိဿတီ"
တိ။ ဧဝံ ခေါ ဘဂဝတာ ဘာသိတံ။

မေး॥ ။ထိုဗောဇ္ဈင်္ဂသံယုတ်၌ပင်လျှင် တတိယမြောက် ဥဒါယိဝဂ်၌
ရေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ဆယ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါ
ယနာတင်ထားခဲ့သော ဥဒါယိသုတ် မည်သော တရားဒေသနာတော်ကို
ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်
သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့
သော အဠုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား
တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ॥ ။သုမ္ဘဇနပုဒ်အဝင်အပါ သေတကမည်သော နိဂုံးရွာ၌ အရှင်
ဥဒါယီ မထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အရှင်ဥဒါယီ မထေရ်သူမြတ်သည် မြတ်စွာဘုရားထံမှောက် ချဉ်းကပ်ပြီး
လျှင် "အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ" အစရှိသည်ဖြင့်—

### ရှင်တော်ဘုရား၌ ရှက်ကြောက်ရိုသေမှု

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ လက်ဖျစ်တီး၍
အံ့ခြီးခြင်းငှါ ထိုက်တန်ပါပေစွ....။ မဖြစ်စဖူး အထူးဖြစ်လှပါပေစွ....။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်၏ သန္တာန်ဝယ် ရှင်တော်ဘုရား၏ အပေါ်၌ လွန်စွာ လွန်စွာ မြတ်နိုးသော စိတ် အစဉ်ဖြင့် ချစ်ခင်မြတ်နိုးခြင်း, ရိုသေခြင်း, ရှက်ခြင်း, ကြောက်ခြင်း တည်းဟူ သော တရားတို့ ဖြစ်ခဲ့ပါပေသည်။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊တပည့်တော် သည် ရှေးလူဖြစ်စဉ် အခါက တရားတော်အပေါ်၌ရင်း သံဃာတော်မြတ် အပေါ်၌ရင်း များစွာ မြတ်နိုးခဲ့ခြင်း မရှိပါ၊ ထိုတပည့်တော်သည် ရှင်တော် ဘုရားအပေါ်၌ ချစ်ခင်ခြင်း ပေမ, ရိုသေခြင်း ဂါရဝ, ရှက်ကြောက်ခြင်း ဟိရီ ဩတ္တပ္ပတို့ကို မိမိသန္တာန်ဝယ် မြင်ရသဖြင့် အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ရဟန်းပြုခဲ့ပါသည်။

ထိုတပည့်တော်အား ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား သည် ကရုဏာရှေ့ထား၍ ဤသည်ကား ရုပ်တရား,ဤသည်ကား ဝေဒနာ, ဤသည်ကား သညာ, ဤကား သင်္ခါရ,ဤသည်ကား ဝိညာဉ်, ဤသည်ကား ရုပ်၏ ဖြစ်ကြောင်း ဖြစ်ခြင်း ဤသည်ကား ဝေဒနာ, သညာ, သင်္ခါရ ဝိညာဉ် ၏ ဖြစ်ကြောင်း ဖြစ်ခြင်း, ဤသည်ကား ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့၏ချုပ်ကြောင်း ချုပ်ခြင်းဟူ၍ ခန္ဓာငါးပါးတို့အပေါ်ဝယ် ဥဒယဗ္ဗယ ဉာဏ် ရင့်သန်အောင် ဟောကြားခဲ့ပါပေသည်။

## ဖြစ်ပျက်ရုပ်နာမ် အပြန်ပြန်သုံးသပ်

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုတပည့်တော် သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ဥဒယဗ္ဗယဉာဏ်ဖြင့် အပြန်ပြန်သုံးသပ် လေ့လာပွါးများ ဆင်ခြင်ဖန်များသဖြင့် ဤကား ဒုက္ခသစ္စာ, ဤကား သမု ဒယသစ္စာ, ဤကား နိရောဓသစ္စာ, ဤကား မဂ္ဂသစ္စာ ဟူ၍ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်သော မဂ်ဉာဏ်အမြင်သို့ ရောက်ခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုတပည့်တော် သည် အထက်မဂ်သို့ရောက်ကြောင်း ကောင်းမြတ်သော ဝိပဿနာတရားကို လည်း ပိုင်းခြားထင်ထင် သိမြင်အပ်ပါလေပြီ၊ အထက်မဂ်သို့ရောက်ကြောင်း ဝိပဿနာဘည်းဟူသော လမ်းကောင်းကိုလည်း တပည့်တော်ရအပ်ပါလေပြီ၊

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အကြင်သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်,ဥပေက္ခာသမ္ဗောဇ္ဈင် တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး တရားရတနာသည် ဘုရားတပည့်တော် ပွါးများလေ့လာအပ်သည် ရှိသော် အကြင်သို့သော အခြင်းအရာဖြင့် တပည့်တော်သည် ခီဏာ ဇာတိ၊ ငါ့အား ဘဝပဋိသန္ဓေ ကုန်လေပြီ။ ဝုသိတံ ဗြဟ္မစရိယံ၊ ငါကား မြတ်သော အကျင့်ကို ကျင့်သုံးအပ်ခဲ့လေပြီ။ ကတံ ကရဏီယံ၊ ရဟန်းကိစ္စ ဟူသမျှကို အဆုံးရောက် ပြုအပ်ပြီးပြီ။ နာပရံ ဣတ္ထတ္တာယ၊ ဤကိုယ်ခန္ဓာမှ နောက်တဖန် ဘဝသစ်ဝယ် ခန္ဓာငြိတွယ်ဖွယ်မရှိဟူ၍ မုချကေန် သိနိုင်ဘို့ရန်ဖြစ်သော မရှိဟူ၍ ပြောကြားနိုင်ကြောင်း၊ သို့ပြောကြားသော ဘုရားတပည့်တော်၏ စကားသည် မချွတ်ကေန် မှန်ကန်ခြင်းသို့ ရွက်ဆောင်နိုင်ကြောင်း ကောင်းမြတ်လှစွာသော ဟော်ကြားဆိုအပ်ပြီးသော ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသော တရားလမ်းစဉ်ကို ဘုရားတပည့်တော် သိအပ်ပါပြီဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားခဲ့ပါပေသည်။

## အရဟတ္တဖိုလ်ပေါက် ရောက်လိမ့်မည်

ထိုအခါ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် "သာဓု သာဓု ဥဒါယိ" အစရှိသည်ဖြင့် သာဓုကောင်းချီး ပေးတော်မူပြီးလျှင် အရှင်ဥဒါယီ လျှောက်ဆိုသည့်အတိုင်း—

ချစ်သား ဥဒါယီ....၊သင်ချစ်သားသည် အကြင်သို့ သဘောရှိသော ဗောဇ္ဈင်ခုနစ်ပါး တည်းဟူသော နိဗ္ဗာန်လမ်းကြောင်းကို ပွါးများလေ့လာအပ်သည်ရှိသော် အရဟတ္တဖိုလ်ပေါက် မုချရောက်လိမ့်မည်ဟု မိမိပြောဆိုသော စကားသည် မချွတ်လျှင် မှန်ကန်ခြင်းသို့ ရောက်အောင် ဆွဲဆောင်နိုင်သည့် ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသော နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို သင်ချစ်သားသည် ကောင်းကောင်းရအပ်ပေပြီ ဟု ဤဥဒါယိသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် အရှင်ဥဒါယီမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဥဒါယိသုတ် ပြီး၏

## သတိပဋ္ဌာနသံယုတ်

## သတိသုတ်

ပု။ ။သတိပဋ္ဌာနသံယုတ္တေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟက မဟာထေရေဟိ ဒုတိယံ သံဂီတံ သတိသုတ္တံ ဘဂဝတာ ကတ္ထ ကံ ကာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။ဝေသာလိယံ ဘန္တေ အမ္ဗပါလိဝနေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော အယံ ဝေါ အမှာကံ အနုသာသနီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သတိပဋ္ဌာနသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ဒုတိယနှစ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော သတိသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝေသာလီပြည် အမ္ဗပါလီဥယျာဉ်၌ များစွာသော ရဟန်း တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

## သတိတရား ဖြစ်စေနှင့်ခြင်း

သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ဝင်စံတော်မူမည့် နှစ်ကာလ ဝယ် ဝေသာလီပြည် အမ္ဗပါလီ ဥယျာဉ်၌ သီတင်းသုံးနေတော်မူလတ်သော အခါ မကြာမြင့်မီ အတွင်း အဆင်းအာရုံ ရူပါရုံတို့ဖြင့် တင့်တယ်လှစွာသော အမ္ဗပါလီ ပြည့်ကြီးတန်ဆာ လာရောက်မည်ကို သိမြင်တော်မူသဖြင့် ရဟန်း တော် အရှင်သူမြတ်တို့အား ရှေးဦးစွာ သတိပဋ္ဌာန်တရား လက်ရှိထားဘို့ရန် နှိုးဆော် တိုက်တွန်းတော်မူသောအားဖြင့် "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော အယံ ဝေါ အမှာကံ အနုသာသနီ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊သံသရာဘေးမှ ကြောက်ရွံ့တတ်သော ရဟန်း မည်သော ပုဂ္ဂိုလ်သည် သတိတရား လက်ရှိထား၍ သမ္ပဇဉ်တရားကိုလည်း လက်ရှိထား၍ နေရာသည်၊ ဤသို့ သတိ သမ္ပဇဉ်တရား နှစ်ပါးကို လက်ရှိ

ထား၍ နေဘို့ရန် ဟောကြားခြင်းသည် ငါဘုရားတို့၏ အဆုံးအမ ဩဝါဒ ဖြစ်ပေသည်။

ချစ်သား ရဟန်းတို့....။အဘယ်သို့လျှင် ရဟန်းသည် သတိနှင့် ပြည့်စုံသနည်း ဟူမူကား—

ဤသာသနာတော်၌ ရဟန်းသည် ကာယေ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာသု၊ စိတ္တေသု၊ ဓမ္မေသု ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါး တရားတို့တွင် မိမိနှစ်သက်ရာ တပါးပါးကို ပွါးများ၍ နေလတ်သည်ရှိသော် သတိနှင့် ပြည့်စုံ၍ နေခြင်းပင် ဖြစ်တော့သည်။

## သမ္ပဇဉ်

အဘယ်သို့သော အခြင်းအရာအားဖြင့် ရဟန်းတော်သည် သမ္ပဇညတရား လက်ရှိထား၍ နေသော ပုဂ္ဂိုလ်မည်သနည်း ဟူမူကား—

ဤသာသနာတော်ဝယ် ရဟန်းသည် ရှေ့သို့တက်သောအခါ နောက်သို့ဆုတ်သောအခါ တူရူတည့်တည့်ကြည့်သောအခါ တစောင်းကြည့်သောအခါ လက်ခြေတို့ကို ကွေးသောအခါ ဆန့်သောအခါ သပိတ်သင်္ကန်းကို ဆွဲကိုင်ဆောင်ယူသောအခါ စားဖွယ် သောက်ဖွယ် လျက်ဖွယ် ခဲဖွယ်တို့ကို စားသော သောက်သော လျက်သော ခဲသော အခါ ကျင်ကြီး ကျင်ငယ်မှုကို ပြုသောအခါ သွားသောအခါ ရပ်သောအခါ ထိုင်သောအခါ လျောင်းအိပ်သောအခါ နိုးကြားသောအခါ စကားမပြော တုဏှီဘောနေသောအခါ ဤသို့စသည့် များစွာသော ဣရိယာပိုထ်တိုင်း ဣရိယာပိုထ်တိုင်း၌ သာတ္ထကသမ္ပဇဉ် သပ္ပါယသမ္ပဇဉ် ဂေါစရသမ္ပဇဉ် အသမ္မောဟသမ္ပဇဉ် တည်းဟူသော သမ္ပဇဉ်လေးပါး လက်ရှိထား၍နေခြင်းသည် ပင်လျှင် သမ္ပဇညတရားနှင့် ပြည့်စုံစွာ နေသည်ဟူ၍ ဆိုအပ်ပေသည်။

ချစ်သားရဟန်းတို့....။ဘိက္ခုမည်မှန်း ရဟန်းတော်အရှင်မြတ်သည် ဤဆိုအပ်ပြီးသော အတိုင်း သတိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္ပဇဉ်လေးပါး တရားနှင့် ပြည့်စုံသည်ဖြစ်၍ နေရာသည်ဟု သတိသုတ္တန် အမည်ရသော ဤတရားဒေသနာတော်မြတ်ကို ဝေသာလီပြည် အမ္ဗပါလီ ဥယျာဉ်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သတိသုတ် ပြီး၏

## သာလသုတ်

ပု။ ။တတ္ထဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ စတုတ္ထံ သံဂီတံ သာလသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။ကောသလေသု ဘန္တေ သာလာယနာမ ကောသလာနံ ဗြာဟ္မဏဂါမေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ယေ တေ ဘိက္ခဝေ ဘိက္ခူ နဝါ အစိရပဗ္ဗဇိတာ အဓုနာဂတာ ဣမံ ဓမ္မဝိနယံ၊ တေ ဝေါ ဘိက္ခဝေ ဘိက္ခူ စတုန္နံ သတိပဋ္ဌာနာနံ ဘာဝနာယ သမာဒပေတဗ္ဗာ နိဝေသေ-တဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသတိပဋ္ဌာနသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ လေးခုမြောက် စတုတ္ထသုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော သာလသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသလတိုင်း အဝင်အပါ သာလာမည်သော ပုဏ္ဏားရွာ၌ များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ "ယေ တေ ဘိက္ခဝေ ဘိက္ခူ နဝါ အစိရပဗ္ဗဇိတာ အဓုနာဂတာ ဣမံ ဓမ္မဝိနယံ" အစရှိသည်ဖြင့်—

### သတိပဋ္ဌာန်တရားပွါးများရန်

ချစ်သား ရဟန်းတို့....၊အကြင်သီတင်းငယ် ရဟန်းတော်တို့သည် ဤသာသနာတော်သို့ ရောက်သစ်စဖြစ်၍ ရဟန်းပြု၍ မကြာမြင့်ကြကုန်သေး၊ သို့ ရဟန်းပြု၍ မကြာမြင့်ကြကုန်သေးသော သီတင်းငယ် ရဟန်းငယ်တို့ကို သင်ချစ်သားတို့သည် လေးပါးသော သတိပဋ္ဌာန်တရားတို့ကို ပွါးများဘို့ရန် ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ ထိုသတိပဋ္ဌာန်လေးပါးတို့၌ တည်စေအပ်ကုန်၏၊ ထိုလေးပါးတို့ ဟူသည် အဘယ်သည်တို့ နည်းဟူမူကား—

ချစ်သား ရဟန်းတို့....၊သင်ချစ်သားတို့သည် ထိုရဟန်းငယ်တို့ကို "ဧထ တုမှေ အာဝုသော ကာယေ ကာယာနုပဿိနော ဝိဟရထ"အစရှိသည်ဖြင့်—

ငါ့ရှင်တို့...၊လာကြပါကုန်လော့၊ သင် ငါ့ရှင်တို့သည် ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လ ဝီရိယနှင့် ပြည့်စုံကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ် အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ ရူပကာယဝယ် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟု မရှုဘဲ ရူပကာယအနေဖြင့်သာ ရှုကြပါကုန်လော့၊ ဝေဒနာတရားဝယ် ဝေဒနာအနေဖြင့် ရှုကြပါကုန်လော့၊ သရာဂ အစရှိသော တဆယ့်ခြောက်ပါးသော စိတ်တို့၌ စိတ်အနေဖြင့်သာ ရှုကြပါကုန်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟူ၍ မရှုကြပါကုန်လင့်....။

ခန္ဓာ အစရှိသော တရားတို့၌ ခန္ဓာတရား အာယတနတရား ဤသို့ အားဖြင့်သာ ရှုပါကုန်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟူ၍ မရှုကြပါကုန်လင့်....၊ ဤသို့ သတိပဋ္ဌာန်တရား လေးပါးတို့ကို ပွါးများ ဘို့ရန် သင်ချစ်သားတို့သည် တိုက်တွန်းအပ်ကုန်သည်၊ ဆောက်တည်စေအပ် ပေကုန်သည်၊ သွင်းထားအပ်ပေကုန်သည်၊ တည်စေအပ်ပေကုန်သည်။

## ပရိညာသုံးပါးပိုင်အောင်

ချစ်သား ရဟန်းတို့....၊သိက္ခာသုံးပါးကို ကျင့်ကြံဆဲ ဖြစ်ကြသော သေက္ခ ပုဂ္ဂိုလ်တို့သည်လည်း ဤဆိုအပ်ပြီးသော သတိပဋ္ဌာန် လေးပါးတို့ကို ပင်လျှင် ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ တည်းဟူသော ပရိညာသုံးပါး ပိုင်ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြဆဲ ဖြစ်ပေသည်။

ပရိညာသုံးပါး ပိုင်နိုင်တော်မူကြပြီးသော ရဟန္တာသခင် အရှင်သူမြတ် တို့သည်လည်း လောဘ ဒေါသ မောဟတို့နှင့် မယှဉ်ကြကုန်ဘဲ ဤဆိုအပ်ပြီး သော သတိပဋ္ဌာန်လေးပါး တရားတို့ကိုပင်လျှင် နေ့ရှိသမျှ ပွါးများကြိုးကုတ် အားထုတ်ကြပါကုန်သည်။

သို့ရကား သင်ချစ်သားတို့သည်လည်း ဤသာသနာတော်ဝယ် ယခု အခါမှ ရောက်သစ်စ ဖြစ်သော ရဟန်းငယ်တို့ကို—

ငါ့ရှင်တို့ လာကြကုန်၊ သတိပဋ္ဌာန်လေးပါး တရားတို့ကို ပိုင်းခြားထင် ထင် သိမြင်ရန် အလို့ငှါ ပွါးများကြကုန် ဟူ၍ သတိပဋ္ဌာန်လေးပါး ပွါးများကြ ဘို့ရန် ဆောက်တည်စေကြကုန်၊ သွင်းထားကြကုန်၊ သတိပဋ္ဌာန်တရား၌ တည် စေကြကုန်ဟု များစွာသော သီတင်းငယ် ရဟန်းတော်တို့ကို ကရုဏာရှေ့ထား သဖြင့် ဤသာလအမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို ကောသလတိုင်း

အဝင်အပါ သာလာမည်သော ပုဏ္ဏားရွာ၌ များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သာလသုတ် ပြီး၏

---

## သကုဏဂ္ဃိသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ဆဋ္ဌံ သံဂီတံ သကုဏဂ္ဃိသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထေ့ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္မာပုလေ ဘိက္ခူ အာရဗ္ဘ "ဘူတပုဗ္ဗံ ဘိက္ခဝေ သကုဏဂ္ဃိ လာပံ သကုဏံ သဟသာ အဇ္ဈပ္ပတ္တာ အဂ္ဂဟေသိ။ အထ ခေါ ဘိက္ခဝေ လာပေါ သကုဏော သကုဏဂ္ဃိယာ ဟရိယမာနော ဧဝံ ပရိဒေဝသိ မယမေဝမှ အလက္ခိကာ၊ မယံ အပ္ပပုညာ၊ ယေ မယံ အဂေါစရေ စရိမှ ပရဝိသယေ၊ သစေဇ္ဇ မယံ ဂေါစရေ စရေယျာမ သကေ ပေတ္တိကေ ဝိသယေ၊ န မျာယံ သကုဏဂ္ဃိ အလံ အဘာဝိဿ ယဒိဒံ ယုဒ္ဓါယာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထို သတိပဋ္ဌာနသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ခြောက်ခုမြောက် ဆဋ္ဌသုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော သကုဏဂ္ဃိမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ မိမိတို့၏ ကျက်စားရာ ဂေါစရဂါမ် မဟုတ်သည်၌ သွားရောက်ကျက်စားသောပုဂ္ဂိုလ်တို့ ပျက်ပြားရပုံကို သက်သေထင်ရှားပြလိုသဖြင့် "ဘူတပုဗ္ဗံ ဘိက္ခဝေ သကုဏဂ္ဃိ လာပံ သကုဏံ သဟသာ အဇ္ဈပ္ပတ္တာ အဂ္ဂဟေသိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ရှေးကဖြစ်ဘူး အကြောင်းထူးတရပ်မှာ သိန်းသတ္တဝါတကောင်သည် ဘီလုံးငှက်ယ်တကောင်ကို နိုင်ထက်ကလူ ပြုမူသောအားဖြင့် သုတ်ယူခဲ့ပေသည်။

## ဘီလုံးနှင့် သိန်းငှက်

ချစ်သား ရဟန်းတို့....ထိုအခါဝယ် ဘီလုံးငှက်ငယ်သည် သိန်း၏ လက်ဝှင်းမှ ဤသို့ ငိုကြွေးခဲ့ပေသည်။

မယမေဝမှ အလက္ခိကာ၊ မယံ အပ္ပပုညာ။

ငါတို့ကိုက ကြက်သရေမဲ့လှပါပေကုန်၏၊ ငါတို့ကိုက ဘုန်းကံနည်းပါးလှပါပေကုန်သည်၊ အကြင် ငါတို့သည် မိမိတို့၏ စားကျက်မဟုတ်သည့် သူတပါးတို့၏ နယ်ပယ်၌ ကျက်စားမှားခဲ့ကြပါကုန်ပြီ၊ အကယ်၍ ငါတို့သည် မိမိတို့၏ ဥစ္စာဖြစ်သော မိဘ၏အမွေအနှစ်ဖြစ်သော ငါတို့၏စားကျက်၌ အကယ်၍ ကျက်စားပါမူကား ဤသိန်းသတ္တဝါကို ငါသည် စစ်ထိုးခြင်းငှါ စွမ်းနိုင်ရာပါသည်ဟု ကျုံးဝါးသောအားဖြင့် ငိုကြွေးမြည်တမ်းခဲ့ပေသည်။

ထိုအခါ သိန်းငှက်က—

ကော ပန တေ လာပ ဂေါစရော သကော ပေတ္တိကော ဝိသယော။

ဟယ် ဘီလုံးငှက်ငယ်....၊သင်၏ဥစ္စာဖြစ်သော မိဘအမွေအနှစ်ဖြစ်သော သင်၏စားကျက် ဟူသည်မှာ အဘယ်နည်းဟု မေးမြန်းလတ်ပေသည်။

ထိုအခါ ဘီလုံးငှက်ငယ်က—

ယဒိဒံ နင်္ဂလကဋ္ဌကရဏံ လေဍ္ဍုဋ္ဌာနံ။

လယ်ထွန်ရာ မြေအရပ်ဝယ် ထွန်တုံးမြေစိုင်တို့၏ အကြားဖြစ်သော အရပ်သည် ငါ၏မိဘမှ ဆင်းသက်၍ အမွေဆက် အမွေခံ အဖြစ်ဖြင့် ရရှိအပ်သော ငါ၏စားကျက် ဂေါစရဂါမ် အရပ်ပင် ဖြစ်ပါသည်ဟု ပြောဆိုခဲ့ပေသည်။

ထိုအခါ သိန်းငှက်သည် မိမိအားကို ယုံကြည်ကိုးစားသဖြင့် "ဂစ္ဆ ခေါတွံ လာပ "ဟယ် ဘီလုံးငှက်ငယ်....၊သင်ကား သွားချေ၊ အသင်သွားသော်လည်း အသင်သည် ငါ၏လက်မှ လွတ်မြောက်နိုင်မည်မဟုတ်ဟု ပြောဆိုပြီးလျှင် ဘီလုံးငှက်ငယ်ကို လွှတ်လိုက်ပေသည်။

## ဘီလုံးငှက်ကျုံးဝါးသံ

ချစ်သားရဟန်းတို့....၊ထိုအခါဝယ် ဘီလုံးငှက်ငယ်သည် ထွန်တုံးမြေစိုင်သုံးခုတို့၏ စုဆုံရာအရပ်ဝယ် တခုသော မြေစိုင်ခဲ၏ အထက်၌ တည်၍—

ဟေ ခေါ ဒါနိ မေ သကုဏဂ္ဃိ၊ ဟေ ခေါ ဒါနိ မေ ဘာကုဏဂ္ဃိ၊

ဟယ် သိန်းငှက်....၊သင်သည် သတ္တိရှိလျှင် ယခုပင်လာလော့၊ အသင်သည် သတ္တိရှိလျှင် ယခုပင်လာလော့ ဟု သိန်းငှက်အား ကျုံးဝါးမာန်ထောင်၍ နေခဲ့ပေသည်။

ချစ်သား ရဟန်းတို့....၊ထိုအခါဝယ် သိန်းငှက်သည် မိမိ၏ခွန်အားကို ကိုးစားသဖြင့် အတောင်တို့ကို လေဟုန်ဖြင့် ရုပ်ပြီးလျှင် တအားကုန် ဘီလုံးငှက်ငယ်ကို ဖမ်းယူအံ့ ဟူ၍ အဟုန်ဖြင့် ဆင်းသက်ခဲ့ပေသည်။

အကြင်အခါ၌ ဘီလုံးငှက်ငယ်သည် "ဤသိန်းကား များစွာသော ခွန်အားဖြင့် တအားကုန် လာလေပြီ၊ နောက်သို့ ပြန်ဆုတ်ခြင်းငှါ မတတ်နိုင်ဟု" သိ၏၊ ထိုအခါဝယ် ဘီလုံးငှက်ငယ်သည် **ထင်းချောင်းတခုအတွင်းမှ** မိမိ၏ ဦးခေါင်းကို လျှိုးလျက် ထိုမြေစိုင်ခဲတို့၏ အတွင်းသို့ ချဉ်းနင်းသက်ဝင်၍ နေခဲ့ပေသည်။

(ဒါရုဂ္ဂဠောဝိယ ဝိနိဝတ္တိတွာ တဿေဝ လေဍ္ဍုဿ အန္တရေ ပစ္စုပါဒိ။ အဋ္ဌကထာ)

## အားကုန်သုတ်ခဲ့သောသိန်းငှက်

ချစ်သား ရဟန်းတို့....၊အားကုန်သုတ်ခဲ့သော သိန်းငှက်သည် မိမိ၏ ခွန်အားကို ပြန်၍ ရုပ်သိမ်းခြင်းငှါ မတတ်နိုင်ဘဲ ထိုဘီလုံးငှက်ငယ် နားရာဖြစ်သော မြေစိုင်ခဲ၌ပင်လျှင် ရင်ဖြင့်တိုက်၍ ထိုနေရာမှာပင်လျှင် နှလုံးကွဲ၍ ပျက်စီးခြင်းသို့ ရောက်ခဲ့ပေသည်။

ဧဝံ ဟိ တံ ဘိက္ခဝေ ဟောတိ ယော အဂေါစရေ စရတိ ပရဝိသယေ။

ချစ်သားရဟန်းတို့....၊အမှတ်မထင် အကြင်သူသည် မိမိ၏ ကျက်စားရာ စားကျက်မဟုတ်သောအရပ်၌ လှည့်လည်ကျက်စားပါမူ ဤသို့ပင် ဖြစ်တတ်ပေ၏။

တသ္မာတိဟ ဘိက္ခဝေ မာ အဂေါစရေ စရိတ္ထ ပရဝိသယေ။

ချစ်သား ရဟန်းတို့....၊သို့ရကား သင်ချစ်သားတို့သည်လည်း မိမိတို့၏ ကျက်စားရာ ဂေါစရဂါမ် မဟုတ်သောအရာ၌ သင်ချစ်သားတို့သည် မကျက်စားကြကုန်လင့်....။

ချစ်သားတို့....၊ကျက်စားရာ ဂေါစရဂါမ် မဟုတ်သော အရပ်ဌာန ဟူသည် အဘယ်နည်းဟူမူကား ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါး ကာမတရားသည် ရဟန်းတော်တို့၏ ကျက်စားရာ ဂေါစရဂါမ် မဟုတ်။

ဂေါစရေ ဘိက္ခဝေ စရထ သကေ ပေတ္တိကေ ဝိသယေ။

ချစ်သား ရဟန်းတို့....၊ သင်ချစ်သားတို့၏ ငါဘုရား ပေးအပ်ခဲ့သည့် ဘုရားရှင်၏ အမွေ အနှစ် ဖြစ်သော မိမိတို့၏ ဂေါစရဂါမ် စားကျက်၌ သင်ချစ်သားတို့ ကျက်စားကြကုန်။

ဂေါစရေ ဘိက္ခဝေ စရတံ သကေ ပေတ္တိကေ ဝိသယေ န လစ္ဆတိ မာရော ဩတာရံ၊ န လစ္ဆတိ မာရော အာရမ္မဏံ။

**အမွေဆက်ခံ**

ချစ်သား ရဟန်းတို့....၊သင်ချစ်သားတို့၏ ကိုယ်ပိုင် ဥစ္စာ ဖြစ်သော သင်တို့၏ ဘဘုရားသည် ပေးအပ်ခဲ့သော ဘခင်လက်ထက်မှ အမွေဆက် အမွေခံ ဖြစ်ခဲ့သော ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန် လေးပါး သင်ချစ်သားတို့၏ စားကျက်အတွင်း၌ သင်ချစ်သားတို့ ကျက်စားခဲ့ပါမူကား ကိလေသမာရ် ဒေဝပုတ္တမာရ် အစရှိသော မာရ်အပေါင်းသည် သင်ချစ်သားတို့အား နှိပ်စက်ဘို့ရန် အခွင့်အကြောင်းကို ရနိုင်မည် မဟုတ်ပေ ဟူ၍ ဤသကုဏဂ္ဃိ အမည်ရသော ဂေါစရဂါမ် မဟုတ်သည်၌ ကျက်စားသဖြင့် အပျက်စီးကြီး ပျက်စီး, အဆုံးရှုံးကြီး ဆုံးရှုံးရသော သိန်းငှက်ကို ဥပမာပြု၍ ဟောကြားရာ ဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သကုဏဂ္ဃိ သုတ်ပြီး၏

## ဘိက္ခုနုပဿယသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ဒသမံ သံဂီတံ ဘိက္ခုနုပဿယသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ အာနန္ဒတ္ထေရံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ အာနန္ဒော ယာဝတ္တကော အဟောသိ ဘိက္ခုနီဟိ သဒ္ဓိံ ကထာသလ္လာပေါ တံ သဗ္ဗံ ဘဂဝတော အာရောစေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဧဝမေတံ အာနန္ဒ, ဧဝမေတံ အာနန္ဒ၊ ယောဟိ ကောစိ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ စတူသု သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တော ဝိဟရတိ၊ တဿေတံ ပါဋိကင်္ခံ ဉဠာရံ ပုဗ္ဗေနာပရံ ဝိသေသံ သဉ္ဇာနိဿတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသတိပဋ္ဌာနသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ဆယ်ခုမြောက် ဒသမသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ဘိက္ခုနုပဿယ သုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဌုပ္ပတ္တိ ကြောင့် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါ သနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ရှင်အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ ရှင်အာနန္ဒာမထေရ်သူမြတ်သည် နံနက် စောစောအခါဝယ် သပိတ် သင်္ကန်းကို ယူဆောင်တော်မူ၍ ဘိက္ခုနီမကျောင်း တခုရှိရာအရပ်သို့ ကြွရောက်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင် နေပါသည်။

## တရားအထူးသိကြသည်

ထိုအခါ များစွာသော ဘိက္ခုနီမတို့ ရှင်အာနန္ဒာမထေရ်သူမြတ်ထံ လာရောက်၍ ရှိသေစွာ ရှိခိုးဦးညွှတ်ပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေ၍ "ဣဓ ဘန္တေ အာနန္ဒ သမ္ဗဟုလာ ဘိက္ခုနိယော စတူသု သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တာ ဝိဟရန္တိယော ဥဠာရံ ပုဗ္ဗေနာပရံ ဝိသေသံ သဉ္ဇာနန္တိ" ဟု—

အို အရှင်ဘုရား အာနန္ဒာ....ဤဘိက္ခုနီကျောင်း အရံအတွင်းဝယ် များစွာသော ဘိက္ခုနီမတို့သည် ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန် လေးပါး တရားတို့၌ ထင်သော တည်သောစိတ် ရှိကြကုန်သည်ဖြစ်၍ မိမိတို့သည် ရအပ်ပြီးသော ရှေးရှေးဖြစ်သော တရားအထူးမှ ထူးကာ ထူးကာ နောက်နောက်ဖြစ်သော အထက် အထက် ဖြစ်သော တရားအထူးကို သိကြပါကုန်သည်ဟု လျှောက်ဆိုကြပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်သည် "ဧဝမေတံ ဘဂိနိယော ဧဝမေတံ ဘဂိနိယော" အစရှိသည်ဖြင့်—

အစ်မ နှစ်မအရှယ် ဘိက္ခုနီမအပေါင်းတို့....သင်တို့ပြောဆိုသည့်အတိုင်း မှန်လှပါပေ၏၊ သင်တို့ပြောဆိုသည့်အတိုင်း မှန်လှပါပေ၏။ ဤသာသနာဝယ် အမှတ်မထင်သော အကြင်ရဟန်းသည်သော်ရင်း ဘိက္ခုနီသည်သော်ရင်း လေးပါးသော သတိပဋ္ဌာန်တို့၌ တည်သော ထင်သော စိတ်ရှိသည်ဖြစ်၍ နေအံ့၊ ထိုရဟန်း၏အဘို့ရန် ရှေးဖြစ်သော နာမရူပပရိစ္ဆေဒ အစရှိသော တရားအထူးမှ နောက်နောက် ဖြစ်သော ကလာပသမ္မသန အစ မဂ်ဖိုလ်တိုင်အောင်သော တရားအထူးတို့ကို သိနိုင်ဘို့ရန် လိုအပ်ပါပေသည်ဟု မိန့်ကြားတော်မူပြီးလျှင် ရှင်အာနန္ဒာမထေရ်သူမြတ် သာဝတ္ထိပြည်အတွင်း ဆွမ်းခံလှည့်လည်တော်မူပြီး၍ ဆွမ်းခံရာမှ ဖဲခဲ့သည်ရှိသော် ဘုရားထံမှောက် သွားရောက်ပြီးလျှင် အကြင်မျှလောက်သော စကားအစဉ်ဖြင့် ဘိက္ခုနီမတို့နှင့် စကားနှီးနှော ပြောဆိုခဲ့ပါ၏၊ ထိုမျှလောက်သော စကားအစဉ် အလုံးစုံကို သဗ္ဗညုမြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဧဝမေတံ အာနန္ဒ၊ ဧဝမေတံ အာနန္ဒ၊ ယောဟိ ကောစိ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ စတူသု သတိပဋ္ဌာနေသု သုပ္ပ-တိဋ္ဌိတစိတ္တော ဝိဟရတိ၊ တဿေတံ ပါဋိကင်္ခံ ဥဠာရံ ပုဗ္ဗေနာပရံ ဝိသေသံ သဉ္ဇာနိဿတိ" အစရှိသည်ဖြင့်——

ချစ်သား အာနန္ဒာ....၊သင်ချစ်သား လျှောက်ဆိုသည့်အတိုင်း သတိပဋ္ဌာန်လေးပါး၌ ထင်သော တည်သော စိတ်ရှိ၍နေသော ပုဂ္ဂိုလ်အားသာလျှင် ဆင့်ကဲ ဆင့်ကဲ တရား အထူး အထူးတို့ကို သိနိုင်ပေသည်ဟု မိန့်ကြားတော်မူပြီးလျှင်——

## ပဏိဓာယဘာဝနာ

ထိုသတိပဋ္ဌာန် လေးပါးတည်းဟူသော တရားတို့၌ ပဏိဓာယ ဘာဝနာ အပ္ပဏိဓာယ ဘာဝနာ ဟူ၍ နှစ်ပါးရှိကြောင်း၊ပဏိဓာယဘာဝနာဟူသည်မှာ ကာယာနုပဿနာသတိပဋ္ဌာန်,ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါး တို့တွင် တပါးပါးကို ပွါးများနေစဉ် တစုံတခု လောဘအကုသိုလ်စိတ် ဖြစ်ခဲ့သော်၎င်း ဒေါသနှစ်သောစိတ် ဖြစ်ခဲ့သော်၎င်း ပျံ့လွင့်သောစိတ် ဖြစ်ခဲ့သော်၎င်း ထိုယောဂါဝစရပုဂ္ဂိုလ်သည် မိမိနှလုံးသွင်းရင်း သတိပဋ္ဌာန် အာရုံမှ တပါးသော ကြည်ညိုဘွယ်ရှိသော ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် အစရှိသော အာရုံနိမိတ်၌ မိမိ၏စိတ်ကို ထားရမည်။

ထိုအာရုံနိမိတ်၌ မိမိစိတ်ကို ထားသောပုဂ္ဂိုလ်အား နုသော ဝမ်းမြောက်ခြင်း၊ ထိုနုသော ဝမ်းမြောက်ခြင်းမှ ကျေးဇူးပြု၍ ရင့်သော ဝမ်းမြောက်ခြင်း၊ ရင့်သော ဝမ်းမြောက်ခြင်းမှ ကျေးဇူးပြု၍ ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိ၊ ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိမှ အကြောင်းပြု၍ သုခဝေဒနာ၊ သုခဝေဒနာမှ အကြောင်းပြု၍ သမာဓိတရားကို ရရှိလိမ့်မည်၊ သို့သမာဓိ တရားကို ရရှိသောအခါ မိမိ၏စိတ်သန္တာန် အစဉ်ကို တဖန်ပြန်၍ နှလုံးသွင်းရင်း ဖြစ်သော သတိပဋ္ဌာန် အာရုံသို့ပင် ဆောင်ရမည်၊ သို့ဆောင်သော ရဟန်းသည် သတိပဋ္ဌာန်အာရုံသို့ မိမိ၏စိတ်ကို ဆောင်၍ ကာမနှင့်စပ်သော ဝိတက်ဝိစာရတို့ကိုလည်း မကြံစည်၊ ဤသို့ ပွါးများလျှင် ပဏိဓာယဘာဝနာ ဖြစ်ကြောင်း။

## အပ္ပဏိဓာယဘာဝနာ

အပ္ပဏိဓာယ ဘာဝနာဟူသည်မှာ သတိပဋ္ဌာန် နှလုံးသွင်းသည်မှအစ မဂ်ဖိုလ်ရသည်တိုင်အောင် ဤအတွင်းဝယ် တစုံတခုသော လောဘကိလေသာ စိတ်, ဆုတ်နစ်သောစိတ်, အာရုံတပါး ပျံ့လွင့်သောစိတ်ဘို မဖြစ်ဘဲ တရား အားမထုတ်မီ အားထုတ်စ ရှေးအဘို့နှင့် မဂ်ဖိုလ်ရသော နောက်ကာလ တဆက်ထည်းဝယ် အကြား အကြား၌ ဆုတ်နစ်သောစိတ် ပျံ့လွင့်သောစိတ်တို့ မခြားမူ၍ တရားသဘောတို့သည် လင်း၍ လင်း၍သာ သွားပြီးလျှင် အရဟတ္တ ဖိုလ်ပေါက်ရောက်သောဘာဝနာကိုကား အပ္ပဏိဓာယဘာဝနာ ခေါ်ကြောင်း အကျယ်တဝင့် ဟောပြတော်မူပြီးလျှင်——

ချစ်သား အာနန္ဒာ....၊သင်ချစ်သားတို့အား ငါဘုရားသည် ပဏိဓာယ ဘာဝနာ အပ္ပဏိဓာယဘာဝနာ နှစ်ပါးကိုပင် ဟောကြားအပ်ပြီးခဲ့လေပြီ၊ ကရုဏာရှေ့ထား၍ ကရုဏာသမ္ဗဇဥ်ယှဉ်သော ငါဘုရားတို့၏ သင်ချစ်သားတို့ အပေါ်မှာ ကြွင်းမဲ့ကုန်စင် ပြုအပ်ခဲ့ပြီးလေပြီ။

## နောင်မှ ပူပန်သူများ မဖြစ်ကြလေနှင့်

ချစ်သား အာနန္ဒာ....၊ဤအရပ်တို့သည်ကား ဆိတ်ငြိမ်သော အရပ်တို့ပါ တည်း၊ ဤသည်တို့ကား သစ်ပင်ရင်းတို့ပါတည်း။

စျာယထာနန္ဒ မာ ပမာဒတ္ထ။

ချစ်သား အာနန္ဒာ....၊ သင်ချစ်သားတို့သည် အာရမ္မဏူပနိဇ္ဈာနစျာန် အမည်ရသော သမထအာရုံကိုလည်း အဖန်ဖန်ရှုကြကုန်၊ လက္ခဏူပနိဇ္ဈာန စျာန် အမည်ရသော ဝိပဿနာ၏ အာရုံဖြစ်သော တေဘူမကတရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ သင်ချစ်သားတို့သည် အဖန်ဖန် ရှုကြကုန်၊ မမေ့ မလျော့ကြကုန်လင့်၊ နောက်အခါကာလမှ နောင်တတဖန် ပူပန်သူများ သင်ချစ်သားတို့ မဖြစ်ကြကုန်လင့်၊ ဤသည်ကား ငါဘုရားတို့၏ အဆုံးအမ ဩဝါဒပေတည်းဟူ၍ နိဂုံးကမ္ပတ် အဆုံးသတ်အပ်သော ဤဘိက္ခုနုပဿယ သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်ကို အကြောင်း ပြု၍ သာဝတ္ထိပြည်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ ပါသည် အရှင်ဘုရား။

ဘိက္ခုနုပဿယသုတ် ပြီး၏

**အမေးအဖြေ ၇-၁၆**

## စုန္ဒသုတ်

ပု။ ။တတ္ထ ဝ အာဝုသော ဒုတိယေ နာလန္ဒဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ တတိယံ သံဂီတံ စုန္ဒသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထေ္ဆ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံယေဝ အာနန္ဒတ္ထေရံ အာရဗ္ဘ ဘာသိတံ။အာယသ္မာ ဘန္တေ အာနန္ဒတ္ထေရော စုန္ဒေန သမဏုဒ္ဒေသေန သဒ္ဓိံ ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါ-ဒေတွာ ဧကမန္တံ နိသီဒိ။ ဧကမန္တံ နိသိန္နော ခေါ ဘန္တေ အာယသ္မာ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ “အယံ ဘန္တေ စုန္ဒော သမဏုဒ္ဒေသော ဧဝမာဟ ‘အာယသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော၊ ဣဒမဿ ပတ္တစီဝရ’န္တိ။ အပိ စ မေ ဘန္တေ မဓုရကဇာတော ဝိယ ကာယော၊ ဒိသာပိ မေ န ပက္ခာယန္တိ၊ ဓမ္မာပိ မံ နပ္ပဋိဘန္တိ ‘အာယသ္မာ သာရိပုတ္တော ပရိနိဗ္ဗုတော’တိ သုတွာ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ကိံ နု ခေါ တေ အာနန္ဒ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ သမာဓိက္ခန္ဓံ ဝါ၊ ပညာက္ခန္ဓံဝါ၊ ဝိမုတ္တိက္ခန္ဓံဝါ၊ ဝိမုတ္တိ-ဉာဏဒဿနက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသတိပဋ္ဌာနသံယုတ် ဒုတိယ နာလန္ဒဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သုံးခုမြောက် တတိယသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော စုန္ဒသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် တရားဘဏ္ဍာစိုး ဖြစ်တော်မူသော ရှင်အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်။

## အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီးချိန်

သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူမည့်နှစ်ဝယ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူလတ်သောအခါ ပညာတေဒဂ် လကျ်ာရံ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် မဂဓတိုင်း အဝင်အပါ နာလကရွာ ဖွားတော်မူရာ တိုက်ခန်း၌ ပရိနိဗ္ဗာန် စံတော်မူပြီးသည် ဖြစ်ရကား ရှင်သာရိပုတ္တရာ၏ ညီအရင်း ဖြစ်တော်မူသော အရှင်စုန္ဒ မထေရ်သူမြတ်သည် အရှင်သာရိပုတ္တရာမထေရ်သူမြတ်၏ ဓာတ်တော်ထည့်သော ရေစစ်, သပိတ် သင်္ကန်းတို့ကို ယူဆောင်၍ သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးရာ သာဝတ္ထိပြည်ဇေတဝန်ကျောင်းသို့ ရောက်ရှိပြီးလျှင် ရှင်အာနန္ဒာအား အကျိုးအကြောင်း လျှောက်ထား၍ ရှင်အာနန္ဒာနှင့်တကွ ဘုရားထံမှောက် သွားရောက်ခဲ့ပါပေသည်။

သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ ရောက်သောအခါ ရှင်အာနန္ဒာ မထေရ်သူမြတ်က—

အယံ ဘန္တေ စုန္ဒောသမဏုဒ္ဒေသော ဧဝမာဟ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤစုန္ဒမထေရ်သူမြတ်က အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီ ဟု ပြောကြားခဲ့ပါပေသည်၊ ဤသည်ကား အရှင်သာရိပုတ္တရာ မထေရ်သူမြတ်၏ သပိတ် သင်္ကန်း, ဤသည်ကား အရှင်သာရိပုတ္တရာမထေရ်သူမြတ်၏ ဓာတ်တော်ထည့်သော ရေစစ် ပါတည်း၊ ဤသို့ ပြောဆိုပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ထို "အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ပရိနိဗ္ဗာန် စံတော်မူပြီ" ဟူသော သတင်းစကားကို ကြားရသော တပည့်တော်၏ ဤရူပကာယသည် လေးလံထိုင်းမှိုင်း သကဲ့သို့ ဖြစ်၍သွားပါတော့သည်၊ အရှေ့ အနောက် တောင် မြောက် တည်းဟူသော အရပ်မျက်နှာတို့သည်ပင်လျှင် တပည့်တော်အဘို့ရန် မထင်မြင်နိုင် မလင်းနိုင်ဘဲ ရှိပါတော့သည်၊ တပည့်တော် ကျက်မှတ်ရင်းဖြစ်သော ပရိယတ္တိဓမ္မသည်လည်း တပည့်တော်၏ဉာဏ်ဝယ် မထင်ဘဲ ရှိပါတော့သည်ဟု လျှောက်ထားခဲ့ပါသည်။

## သီလစသောဂုဏ်ကျေးဇူးတွေ ယူသွားသလား ?

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ကိံ နု ခေါ တေ အာနန္ဒ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော" အစရှိသည်ဖြင့်—

ချစ်သား အာနန္ဒာ....၊ သာရိပုတ္တရာက သင်ချစ်သား၏ သီလကျေးဇူးတွေကို ယူ၍ ဖြစ်စေ, သမာဓိဂုဏ်ကျေးဇူးတွေ, ပညာဂုဏ်ကျေးဇူးတွေ, သင်ချစ်သား၏ ဝိမုတ္တိဂုဏ်ကျေးဇူး, သင်ချစ်သား၏ ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးတွေကို ယူသွား၍ ပရိနိဗ္ဗာန် စံသွားသလော ဟု မေးမြန်းတော်မူပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုသို့ ရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် တပည့်တော်၏ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန တည်းဟူသော ကျေးဇူးဂုဏ်တွေကို ယူ၍ ပရိနိဗ္ဗာန်စံသွားသည်ကား မဟုတ်ပါ၊ စင်စစ်မှာမူ အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည်ကား တပည့်တော်အပေါ်ဝယ် အဆုံးအမ ဩဝါဒ ပေးတော်မူတတ်သည့် ဩဝါဒါစရိယ ဆရာလည်း ဖြစ်တော်မူပါသည်၊ တရားဓမ္မ ဟောပြဘို့ရန် ဝန်မလေးလှသော ဆရာလည်း ဖြစ်ပါပေသည်၊ သီတင်းသုံးဖော် သံဃာတော်တို့အား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်သော ပုဂ္ဂိုလ်လည်း ဖြစ်ပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်တို့သည် ရှင်သာရိပုတ္တရာမထေရ်သူမြတ်၏ သက်တော်ရှိစဉ် ကာလက ချီးမြှောက်ထောက်ပံ့ခဲ့သော ဓမ္မာနုဂ္ဂဟ, ဓမ္မပရိဘောဂ, ဓမ္မောဇတို့ကို အဖန်ဖန် အထပ်ထပ် အောက်မေ့လှပါကုန်သည် ဟု လျှောက်ထားခဲ့ပါသည်။

## တရားရေအေး တိုက်ကျွေးတော်မူခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရှင်အာနန္ဒာ၏ သန္တာန်ဝယ် မခံသာအောင် ပူဆွေး၍ နေသော စိတ်နှလုံးကို ငြိမ်းအေးစေတော်မူလိုသဖြင့် "နနု တံ အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ" အစရှိသည်ဖြင့်—

ချစ်သား အာနန္ဒာ....ငါဘုရားသည် စောစောစီးစီးကပင်လျှင် အလုံးစုံသော ဖြစ်တတ် ပျက်တတ်သော သင်္ခါရတရားတို့နှင့် နာနာဘာဝ,ဝိနာဘာဝ, အညထာဘာဝ တရားကား မချွတ်လျှင် ကေန် ဖြစ်လိမ့်မည်၊ အကြင် ဖြစ်ဖြစ်သမျှသော သင်္ခတတရား အားလုံးရှိ၏၊ ထိုဖြစ်ပွါးသမျှ သင်္ခတ တရား

အားလုံးသည် မပျက်ပါစေလင့် ဟု ဟန့်တားဘွယ်ရာ အကြောင်းမရှိကြောင်း သင်ချစ်သားတို့အား ငါဘုရားသည် ရှေးဦးကပင်လျှင် ဟောကြားအပ်ပြီး မဟုတ်ပါလော။

## အကိုင်းအခက်ကြီး ကျိုး၍ကျလေပြီ

ချစ်သား အာနန္ဒာ....၊ လောကဥပမာအားဖြင့် ယူဇနာပတ်လည် ပြန့်ကျယ်သော ခိုင်ခန့်သော အနှစ်ရှိသော သစ်ပင်ကြီးမှ ကြီးစွာသော အကိုင်းကြီးသည် ကျိုး၍ ကျဘိသည့်ပမာ၊ များစွာသော သီလ သမာဓိ ပညာ တည်းဟူသော အနှစ်သာရနှင့် ပြည့်စုံသည့် ရဟန်းသံဃာတော် တည်းဟူသော ကမ္ဘာ၏ သစ်ပင်ကြီးမှ သာရိပုတ္တရာ တည်းဟူသော ကြီးစွာသော အကိုင်းအခက်ကြီးသည်ကား ကျိုး၍ ကျခဲ့လေပြီ။

ချစ်သား အာနန္ဒာ....၊ ဖြစ်သမျှ အလုံးစုံသော သင်္ခတ တရားတို့ဝယ် မပျက်ပါလင့် ဟူ၍ ဟန့်တားနိုင်ကြောင်း အဘယ်မှာလျှင် ရစကောင်းပါအံ့နည်း။

> တသ္မာတိဟာနန္ဒ အတ္တဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

ချစ်သား အာနန္ဒာ....၊ထိုသို့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ဝယ် ပျက်တတ်သော သဘောကို ဟန့်တား၍ ရနိုင်ရန် အကြောင်းမရှိသောကြောင့် သင်ချစ်သားတို့သည် ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွါးများခြင်း, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပွါးများခြင်း တည်းဟူသော တရားနှလုံး သုံးခြင်းဖြင့် မိမိကိုယ်လျှင် မှီခိုရာ ကိုင်းကျွန်း ရှိသည်ဖြစ်၍ မိမိကိုယ်လျှင် ကိုးစားရာရှိသည်ဖြစ်၍ သင်ချစ်သားတို့ နေကြကုန်ဟူ၍ သတိပဋ္ဌာန်လေးရပ် နိဂုံးသတ်အပ်သော ဤစူဠသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိပြည်အရပ်ဝယ် အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

စူဠသုတ် ပြီး၏

## ဗာဟိယသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသင်္ဂါဟကမဟာထေရေဟိ ပဌမံ သံဂီတံ ဗာဟိယသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဋ္ဌ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဗာဟိယံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ဗာဟိယော ဘဂဝန္တံ ဧတဒဝေါစ "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊ ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျ"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တသ္မာတိဟ တွံ ဗာဟိယ အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု။ ကော စာဒိ- ကုသလာနံ ဓမ္မာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိစ ဥဇုကာ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသတိပဋ္ဌာနသံယုတ် နာလန္ဒဝဂ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ပဌမသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ဗာဟိယသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ဗာဟိယ မထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသော အခါ အရှင်ဗာဟိယမထေရ်သူမြတ်သည် ဘုရားထံမှောက် သွားရောက်၍——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဘုရားတပည့်တော် တောင်းပန်လျှောက်ထားလိုပါသည်။ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော အကြင်တရားကို ကြားနာရ၍ တပည့်တော်သည် အဖော်မမှီး တကိုယ်တည်း ဖြစ်၍ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ကိလေသာ

ကို ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လနှင့် ပြည့်စုံသည် ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိ၍ ရဟန်းတရား ပွါးများအားထုတ်ကာ နေနိုင်ရာပါ၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ထိုသို့သဘော ရှိသော တရားကို တပည့်တော်အား အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူပါဘုရား ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "တသ္မာတိဟ တွံ ဗာဟိယ အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု"အစရှိသည်ဖြင့်—

## မိမိစိတ်ကို စင်အောင်ပြုလေ

ချစ်သား ဗာဟိယ....၊ သို့ရကား သင်ချစ်သားသည် ရှေးဦးစွာ ကုသိုလ်တရားတို့၌ မိမိစိတ်ကို စင်အောင်ပြုလုပ်လေ၊ ကုသိုလ်တရားတို့၌ အဦးအစ၌ ပင်လျှင် စိတ်ကို စင်အောင်ပြုလုပ်လေ၊ ကုသိုလ်တရားတို့၏ အဦးအစ ဟူသည် အဘယ်နည်းဟူမူကား- စတုပါရိသုဒ္ဓိသီလနှင့် ယထာဘူတ ရုပ်နာမ် ဓမ္မကို သိသော ဒိဋ္ဌုဇုကမ္မပညာပင် ဖြစ်တော့သည်။

ချစ်သား ဗာဟိယ....၊အကြင်အခါ သင်ချစ်သား၏ သန္တာန်ဝယ် သီလ လည်း စင်ကြယ်၍ အယူလည်း ဖြောင့်မတ်ရှိလာပေ၏၊ ထိုအခါ သင်ချစ်သား သည် ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါးတို့ကို သင် ချစ်သား ပွါးများကြိုးကုတ် အားထုတ်လေဟု သတိပဋ္ဌာနဒေသနာကို အကျယ်တဝင့် ဟောပြတော်မူခဲ့ပါသည်။

ထိုအခါ အရှင်ဗာဟိယမထေရ်သူမြတ်သည် မြတ်စွာဘုရား၏ စကား တော်ကို နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ ခံယူပြီးလျှင် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ ဘုရားထံမှ ဖဲခဲ့ပြီးလျှင် နောက်အခါဝယ် အဖော်မမှီး တကိုယ် တည်းဖြစ်၍ ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ်ပြီးလျှင် သတိပဋ္ဌာန်တရား ပွါးများ ကြိုးကုတ် အားထုတ်တော်မူသဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ပါ သည်။

ဤသို့လျှင် အရဟတ္တဖိုလ်အထွဋ်တပ်အပ်သည့် ဤဗာဟိယအမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဌုပ္ပတ်ကြောင့် သာဝတ္ထိပြည်အရပ်ဝယ် ဗာဟိယမထေရ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဗာဟိယသုတ် ပြီး၏

---

## သီလဋ္ဌိတိဝဂ်

## စိရဋ္ဌိတိသုတ်

ပု။ ။တတ္ထေဝ အာဝုသော တတိယေ သီလဋ္ဌိတိဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ဒုတိယံ သံဂီတံ စိရဋ္ဌိတိသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။ပါဋလိပုတ္တေ ဘဒ္ဒေ အာယသ္မန္တံ ဘဒ္ဒံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။ အာယသ္မာ ဘဒ္ဒေ ဘဒ္ဒေါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ အာနန္ဒော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ အာနန္ဒံ ဧတဒဝေါစ "ကော နု ခေါ အာဝုသော အာနန္ဒ ဟေတု ကော ပစ္စယော၊ ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော န စိရဋ္ဌိတိကော ဟောတိ၊ ကော ပနာဝုသော အာနန္ဒ ဟေတု ကော ပစ္စယော၊ ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော စိရဋ္ဌိတိကော ဟောတီ"တိ။ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ "သာဓု သာဓု အာဝုသော ဘဒ္ဒ၊ ဘဒ္ဒကော ခေါ တေ အာဝုသော ဘဒ္ဒ ဥမ္မင်္ဂေါ"တိ ဧဝမာဒိနာ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။

မေး။ ။ထိုသတိပဋ္ဌာန သံယုတ်၌ပင်လျှင် တတိယသီလဋ္ဌိတိဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ဒုတိယသုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော စိရဋ္ဌိတိသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပါဋလိပုတ်ပြည် ကုက္ကုဋ္ဋာရုံ ကျောင်းအရပ်ဝယ် ဘဒ္ဒအမည်ရှိသော မထေရ်သူမြတ်ကို အကြောင်းပြု၍ ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ် ဟောကြားတော်မူအပ်ပါသည်။

ရှင်အာနန္ဒာမထေရ်နှင့် ဘဒ္ဒမထေရ်သူမြတ်တို့သည် ပါဋလိပုတ်ပြည် ကုက္ကုဋ္ဋာရုံကျောင်း၌ သီတင်းသုံးနေတော်မူကြသောအခါ ညနေချမ်းအချိန်ဝယ် အရှင်ဘဒ္ဒသည် အရှင်အာနန္ဒာရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် "ကော နုခေါ အာဝုသော အာနန္ဒ ဟေတု ကော ပစ္စယော၊ ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော န စိရဋ္ဌိတိကော ဟောတိ"အစရှိသည်ဖြင့်——

ရှေးဘုရားတို့ အတူ လာခြင်း ကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန် လားတော်မူပြီးသည်မှ နောက်ကာလဝယ် သဒ္ဓမ္မသုံးဖြာ သာသနာတော် အဓွန့်ရှည်စွာ မတည်ခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ သဒ္ဓမ္မသုံးဖြား သာသနာတော်သုံးရပ် အဓွန့်ရှည်စွာ တည်ခြင်း၏ အကြောင်းကား အဘယ်ပါနည်းဟု မေးမြန်းလျှောက်ထားခဲ့ပါပေသည်။

ထိုအခါ ရှင်အာနန္ဒာမထေရ်သူမြတ်က——

ဘဒ္ဒကော တေ အာဝုသော ဘဒ္ဒ ဥမ္မင်္ဂေါ။

ငါ့ရှင် ဘဒ္ဒ....၊သင်၏အမေးပုစ္ဆာ ပြဿနာအစဉ်သည်ကား ကောင်းလှပါပေစွ၊ ငါ့ရှင်၏ အသိဉာဏ်ကား, ပဋိဘာန်ကား မွန်မြတ်လှပါပေစွ၊ ငါ့ရှင် အမေးသည် အပြစ် ကင်းစင်လှပါပေစွ။

## သာသနာတည်တံ့ခြင်း၏ အကြောင်းရင်း

ငါ့ရှင် ဘဒ္ဒ....၊ သင်သည် ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် သဒ္ဓမ္မသုံးဖြာ သာသနာတော် အဓွန့်ရှည်စွာ မတည်ကြောင်းတရား,အဓွန့်ရှည်စွာ တည်ကြောင်းတရားကား အဘယ်ပါနည်းဟု မေးသည် မှန်ပါသလော ဟု တဖန် ထပ်လျှောက်၍ မေးမြန်းပါသည်။

ဧဝမာဝုသော-ဤသို့ မေးသည် မှန်ပါသည် ငါ့ရှင် ဟူ၍ ပြန်ပြောင်းလျှောက်ဆိုသည်တွင်——

“စက္ကန္တိ ခေါ အာဝုသော သတိပဋ္ဌာနာနံ အဘာဝိတတ္တာ အဗဟုလီ-ကတတ္တာ တထာဂတေ ပရိနိဗ္ဗုတေ ဘဒ္ဒမှော န စိရဋ္ဌိတိကော ဟောတိ”အစရှိသည်ဖြင့်——

ငါ့ရှင် ဘဒ္ဒ....၊ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသည့် နောက်ကာလဝယ် သတိပဋ္ဌာန်လေးပါး တည်းဟူသော ကိုယ်ကျင့်တရားတို့ကို မပွါးများ မလေ့လာခြင်း ဟူသော အကြောင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်သည် အဓွန့်ရှည်စွာ မတည်တံ့ဘဲ ဖြစ်ရပါသည်၊ သတိပဋ္ဌာန် လေးပါး ကိုယ်ကျင့်တရားတို့ကို ပွါးများလေ့လာမှု ဟူသော အကြောင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်သည် သဗ္ဗညုမြတ်စွာဘုရား နိဗ္ဗာန်လားသော်လည်း ရှည်လျားစွာသော ကာလပတ်လုံး တည်နိုင်ပါသည်ဟု သာသနာတော်တည်တံ့ခြင်း၏ အကြောင်းရင်း ဖြစ်သော သတိပဋ္ဌာန်လေးပါးကို အကျယ်အားဖြင့် ဟောကြားရာဖြစ်သည့် ဤစိရဋ္ဌိတိက အမည်ရသည့် သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ပါဋ္ဌလိပုတ်ပြည် အရပ်ဝယ် ဘဒ္ဒ အမည်ရှိသော မထေရ်သူမြတ်ကို အကြောင်းပြု၍ ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်သည် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

စိရဋ္ဌိတိသုတ် ပြီး၏

---

## သီရိဝဍ္ဎသုတ်

ပု။ ။တသ္မာဝုသော ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပါဝစန-သမုဒယဘူတာယ မဟာဝဂ္ဂပါဠိယာ သတိပဋ္ဌာနသံယုတ္တေ သီလ-ဋ္ဌိတိဝဂ္ဂေ နဝမံ သီရိဝဍ္ဎသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထိတ္တံ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ သီရိဝဍ္ဎံ ဂဟပတိံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။ သီရိဝဍ္ဎော ဘန္တေ ဂဟပတိ အာဗာဓိကော ဟောတိ ဒုက္ခိတော ဗာဠ္ဟဂိလာနော။ အထခေါ ဘန္တေ အာယသ္မာ အာနန္ဒော ယေနသီရိဝဍ္ဎဿ ဂဟပတိဿ နိဝေသနံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ

နိသီဒိ။ နိသဇ္ဇ ခေါ အာယသ္မာ အာနန္ဒော သိရိဝဍ္ဎံ ဂဟပတိံ ဧတဒဝေါစ "ကစ္စိ တေ ဂဟပတိ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နော အဘိက္ကမန္တိ၊ ပဋိက္ကမောသာနံ ပညာယတိ နော အဘိက္ကမော"တိ။ န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ၊ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ နော ပဋိက္ကမန္တိ၊ အဘိက္ကမောသာနံ ပညာယတိ နော ပဋိက္ကမော"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ 'ကာယေ ကာယာနုပဿီ ဝိဟရိဿာမိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ဝေဒနာသု။ စိတ္တေ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရိဿာမိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿ'န္တိ။ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗ"န္တိ။ ဧဝံ ခေါ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာ-ဂါရိကေန ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်၏ ဟောကြားတော်မူခဲ့သော စကားတော်အပေါင်း ဖြစ်၍ ဖြစ်သော မဟာဝဂ္ဂ သံယုတ်ပါဠိတော်တွင် သတိပဋ္ဌာနသံယုတ် သီလဋ္ဌိတိဝဂ်၌ ကိုးခုမြောက် နဝမ သုတ် ဖြစ်သော သိရိဝစ္ဆမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိ ကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် သိရိဝစ္ဆ အမည်ရသော အနာဂါမ် တည် ဥပါသကာကို အကြောင်းပြု၍ ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင် အာနန္ဒာမထေရ်သူမြတ် ဟောကြားတော်မူအပ်ခဲ့ပါသည်။

## အနာဂါမ်တည် ဥပါသကာ

ရှင်အာနန္ဒာ မထေရ်သူမြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူဆဲအခါဖြစ်ပါသည်၊ ထိုအခါ သိရိဝစ္ဆ အမည်ရသော အနာဂါမ်တည် ဥပါသကာ ဒါယကာသည် အနာရောဂါနှိပ်စက် ဒုက္ခဝေဒနာလွှမ်းမိုး ကျင်နာ ခံခက် မမာမကျန်း ဖြစ်ရကား ရှင်အာနန္ဒာမထေရ်သူမြတ်ထံသို့ တယောက်

သော ယောကျ်ားကို စေလွှတ်၍ ရှင်အာနန္ဒာမထေရ်သူမြတ်အား မိမိအိမ်သို့ ပင့်လျှောက်စေပါသည်။

နောက်တနေ့နံနက် မိုးသောက်ထအခါဝယ် ရှင်အာနန္ဒာမထေရ်သူမြတ်သည် သိရိဝဍ္ဍဒါယကာ၏ အိမ်သို့ ကြွရောက်တော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီးလျှင်"ကစ္စိ တေ ဂဟပတိ ခမနီယံ၊ကစ္စိ ယာပနီယံ" အစရှိသည်ဖြင့်—

သိရိဝဍ္ဍဒါယကာ....၊အသင်သည် ဒုက္ခဝေဒနာဒဏ်ကိုခံနိုင်ရည်စွမ်းရှိပါ၏လော....၊ ဣရိယာပထ မျှတပါ၏လော....၊ အသင့်အား ဆင်းရဲဒုက္ခဝေဒနာတို့သည် မတိုးတက်ဘဲ ရှိပါကုန်၏လော....၊ ဆုတ်ယုတ်ကြပါကုန်၏လော....၊ ထိုဒုက္ခဒေဝနာတို့၏ ဆုတ်ယုတ်မည့် အရိပ်အရောင်ထင်၍ တိုးတက်မည့်အရိပ်အရောင်မထင်ဘဲ ရှိပါ၏လော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ သိရိဝဍ္ဍ ဒါယကာက "န မေ ဘန္တေ ခမနီယံ နယာပနီယံ" အစရှိသည်ဖြင့်—

အို အရှင်အာနန္ဒာ မထေရ်သူမြတ်ဘုရား....၊တပည့်တော်အား ဒုက္ခဝေဒနာဒဏ်ကို မခံနိုင်လောက်အောင် ပြင်းထန်လှပါပေသည်၊ ဣရိယာပထ မမျှတဘဲပင် ရှိပါတော့သည်၊ သည်းထန်လှစွာသော ဒုက္ခဝေဒနာတို့သည် တိုး၍ တိုး၍သာ လာပါကုန်သည်၊ နောက်သို့ မဆုတ်နစ်ပါကုန်၊ ထိုသည်းထန်စွာသော ဒုက္ခဝေဒနာတို့၏ တိုးမည့် အရိပ်နိမိတ်သာ ထင်၍ နောက်သို့ ဆုတ်မည့် အရိပ်နိမိတ် မထင်ရှိပါသည်ဟု ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်က "တသ္မာတိဟ တေ ဂဟပတိ ဧဝံသိက္ခိတဗ္ဗံ" အစရှိသည်ဖြင့်—

## သတိတရား လက်ကိုင်ထား၍

သိရိဝဍ္ဍဒါယကာ....၊သို့ရကား အသင်သိရိဝဍ္ဍဒါယကာသည် ငါတမူကား ကာယ၌,ဝေဒနာ၌,စိတ်၌,ဓမ္မ၌ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟု မရှုဘဲ ကာယဟူ၍သာလျှင် ဝေဒနာဟူ၍သာလျှင် စိတ္တဟူ၍သာလျှင် ဓမ္မဟူ၍သာလျှင် ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည် ဖြစ်၍ သမ္ပဇဉ်တရား လက်ရှိထားပြီးလျှင် သတိတရား လက်ကိုင်ထား၍

အဘိဇ္ဈာ ဒေါမနဿကို သတ္တသန်္တါနလောက၌ ပယ်ရှားပြီးလျှင် ငါတမူ ကား သတိပဋ္ဌာန်လေးပါးဖြင့် နေပေအံ့ ဟူ၍ အသင်သည် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရပါသည်ဟု သတိပဋ္ဌာန်တရား ဟောကြားတော်မူခဲ့ပါပေသည်။

ထိုအခါ သိရိဝဍ္ဍဒါယကာက "ယေ မေ ဘန္တေ ဘဂဝတာ စတ္တာရော သတိပဋ္ဌာနာ ဒေသိတာ၊ သံဝိဇ္ဇန္တိ တေ ဓမ္မာ မယိ၊ အဟဉ္စ တေသု ဓမ္မေသု သန္ဒိဿာမိ" အစရှိသည်ဖြင့်—

အို အရှင်ဘုရား အာနန္ဒာ....၊ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ သော သဗ္ဗညုမြတ်စွာဘုရားသည် အကြင် သတိပဋ္ဌာန်လေးပါး တရားတော် မြတ်ကို ဟောကြားတော်မူအပ်ပါပေကုန်ပြီ၊ ထိုသတိပဋ္ဌာန်လေးပါး တရား တော်မြတ်တို့သည် တပည့်တော်သန္တာန်၌ အဖန်ဖန် အခါခပ်သိမ်း ကိန်းတည် လျက်ရှိပါသည်၊ တပည့်တော်သည်လည်းထိုသတိပဋ္ဌာန်လေးပါးတို့၌သာလျှင် အမြဲတစေ ထင်၍ နေပါပေသည်။

အို အရှင်အာနန္ဒာ မထေရ်သူမြတ်ဘုရား....၊ တပည့်တော်သည် ဒွတ္တိံသာကာရ အစရှိသော ရူပကာယ၌ သမ္မပ္ပဓာန် လုံ့လနှင့် ပြည့်စုံသည် ဖြစ်၍ငင်း သမ္ပဇညတရားနှင့် ပြည့်စုံသည် ဖြစ်၍ငင်း သတိတရား လက်ရှိထား သည် ဖြစ်၍ငင်း သန်္တါနလောကဝယ် အဘိဇ္ဈာ ဒေါမနဿကို ပယ်ရှား၍ငင်း ဒွတ္တိံသာကာရ အစရှိသော ကာယကိုသာလျှင် ရှုကြည့်၍ တပည့်တော် နေခဲ့ပါပေသည်။

ဝေဒနာ, စိတ္တ, ဓမ္မ တည်းဟူသော တရားတို့၌လည်း ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ဟူ၍ ရှုမှုကို ဖယ်ရှားပြီးလျှင် သမ္မပ္ပဓာန် လုံ့လနှင့် ပြည့်စုံသည်ဖြစ်၍ သမ္ပဇညတရား လက်ရှိထားပြီးလျှင် သတိနှင့် ပြည့်စုံသည်ဖြစ်၍ သန်္တါန လောကဝယ် အဘိဇ္ဈာ ဒေါမနဿကို ပယ်ရှား၍ ထိုဝေဒနာ စိတ္တ ဓမ္မ တည်းဟူ သော တရားတို့၌ သဘာဝစင်စစ် အမှန်ဖြစ်သော ဝေဒနာ ဟူ၍သာ စိတ္တ ဟူ၍သာ ဓမ္မဟူ၍သာလျှင် ယထာဘူတ နေရာကျ ရှုကြည့်၍ နေပါပေသည်။

## ဩရမ္ဘာဂိယ သံယောဇဉ်

အို အရှင်ဘုရား အာနန္ဒာ....၊အကြင်သို့ သဘောရှိသော သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ တည်းဟူသော အောက်

ကာမဘုံသို့ ဆွဲဆောင်တတ်သည့် ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးတို့ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါကုန်ပြီ၊ ထိုဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးတို့အနက် တပည့်တော်၏ သန္တာန်ဝယ် တစုံတခု မပယ်ရသေးသည်ကို တပည့်တော် မမြင်ပါ၊ အလုံးစုံသော ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးလုံးကိုပင် ပယ်အပ်ပြီး ဖြစ်ပါသည် ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်က "လာဘာ တေ ဂဟပတိ၊ သုလဒ္ဓံ တေ ဂဟပတိ၊ အနာဂါမိဖလံ တယာ ဂဟပတိ ဗျာကတံ"ဟု—

သိရိဝဍ္ဎဒါယကာ....၊သင့်အား အရတော်ပါပေစွ၊အသင်သည် အနာဂါမိဖိုလ်ကို ဖြေကြားပါပေသည်ဟု ဤသိရိဝဍ္ဎ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ရာဇဂြိုဟ်ပြည် အရပ်ဝယ် သိရိဝဍ္ဎ အမည်ရသော အနာဂါမ်တည် ဥပါသကာ ဒါယကာကို အကြောင်းပြု၍ ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သိရိဝဍ္ဎသုတ် ပြီး၏

---

## ဣဒ္ဓိပါဒသံယုတ်

### မောဂ္ဂလ္လာနသုတ်

ပု။ ။ဣဒ္ဓိပါဒသံယုတ္တေ အာဝုသော စတုတ္ထံ မောဂ္ဂလ္လာနသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ဘာသိတံ။ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဟေဋ္ဌာမိဂါရမာတုပါသာဒေ ဝိဟရန္တိ ဥဒ္ဓတာ ဥန္နဠာ စပလာ မုခရာ ဝိကိဏ္ဏဝါစာ မုဋ္ဌဿတိနော အသမ္ပဇာနာ အသမာဟိတာ ဘန္တစိတ္တာ ပါကတိန္ဒြိယာ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အာယသ္မန္တံ မဟာမောဂ္ဂလ္လာနံ တေ ဘိက္ခူ သံဝေဇေတွာ "ကိံ နု တုမှေ ဘိက္ခဝေ သံဝိဂ္ဂါ လောမဟဋ္ဌဇာတာ ဧကမန္တံ ဌိတာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဣဒ္ဓိပါဒသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ စတုတ္ထလေးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော မောဂ္ဂလ္လာနသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းကော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

## ပုဗ္ဗာရုံကျောင်းအောက်ထပ်ရှိ ရဟန်းတော်များ

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် မိဂါရမာတုပါသာဒ အမည်ရသော ပုဗ္ဗာရုံကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူလတ်သောအခါ များစွာသော ရဟန်းတော်တို့သည် ဥဒ္ဓစ္စတရား လွှမ်းမိုးနှိပ်စက်ကြကုန်သည်ဖြစ်၍ ၎င်း ကျူရိုးပမာ ထောင်လွှားသော မာန်မာနရှိကြကုန်သည်ဖြစ်၍၎င်း လျှပ်ပေါ် လေ်လည်ကြကုန်သည် ဖြစ်၍၎င်း ဖရိုဖရဲ ကြဲသော စကားကို ပြောဆိုကြကုန်သည် ဖြစ်၍၎င်း ကြမ်းတမ်းသောနှုတ် ရှိကြကုန်သည် ဖြစ်၍ ၎င်း သတိသမ္ပဇဉ်လက်လွှတ် ဖြစ်ကြကုန်သည် ဖြစ်၍၎င်း တည်ကြည်သော စိတ် မရှိကြကုန်သည် ဖြစ်၍၎င်း တလျှပ်လျှပ် တုန်လှုပ်သော ဥဒ္ဓစ္စစိတ်မျိုးဖြင့် လွှမ်းမိုးနှိပ်စက်အပ်ကုန်သည် ဖြစ်၍၎င်း မပြုမပြင် မိမွေးတိုင်း ဘမွေးတိုင်းသော စက္ခု သောတ ဃာန ဇိဝှါ ကာယ မန တည်းဟူသော ဣန္ဒြေခြောက်ပါး ရှိကြကုန်သည်ဖြစ်၍၎င်း မိဂါရမာတုပြာသာဒ်၏အောက်ထပ်ဝယ် သီတင်းသုံး နေကြပါကုန်သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတို့၏ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေမှုကို ကရုဏာ ရှေ့ထား၍ ပယ်ရှားတော်မူလိုသဖြင့် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်ကို “ဧတေ ခေါ တေ မောဂ္ဂလ္လာန သဗြဟ္မစာရိနော ဟေဋ္ဌာမိဂါရမာတုပါသာဒေ ဝိဟရန္တိ ဥဒ္ဓတာ ဥန္နဠာ” အစရှိသည်ဖြင့်——

ချစ်သား မောဂ္ဂလ္လာန်....၊သင်ချစ်သား၏ သီတင်းသုံးဘော် ဖြစ်ကြကုန်သော ထိုများစွာသော ရဟန်းတို့သည် ဥဒ္ဓစ္စတရား လွှမ်းမိုးနှိပ်စက်ကြကုန်သည် ဖြစ်၍ငင်း ကျူပင် ကျူရိုးပမာ ထောင်လွှားသော မာန်မာန ရှိကြကုန်သည်ဖြစ်၍ ငင်း ပုဗ္ဗာရုံကျောင်း အောက်ထပ်ဝယ် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေကြပေကုန်သည်။

ဂစ္ဆ မောဂ္ဂလ္လာန၊ တေ ဘိက္ခူ သံဝေဇေဟိ-ချစ်သားမောဂ္ဂလ္လာန်....၊ သွားပါချေ၊ ထိုပမာဒဝိဟာရီ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသော ရဟန်းတို့ကို သင်ချစ်သားသည် တန်ခိုး အဘိညာဉ်ဖြင့် ထိတ်လန့်စေပါ ဟူ၍ တိုက်တွန်းတော်မူခဲ့ပါသည်။

## အဘိညာဉ်တန်ခိုးဖြင့် ထိတ်လန့်စေခြင်း

ထိုအခါ ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် ဧဝံ ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ကောင်းပါပြီဘုရား ဟူ၍ ဝန်ခံလျှောက်ထားခဲ့ပြီးလျှင် အကြင်သို့ သဘောရှိသော တန်ခိုးအဘိညာဉ်ကို ပြုလတ်သည်ရှိသော် ထိုမိဂါရမာတုပါသာဒ အမည်ရသော ပုဗ္ဗာရုံကျောင်း ဘယ်စောင်းညာနှဲ့ တိမ်းလှုပ်ရာပါ၏၊ ထိုသို့ သဘောရှိသော တန်ခိုးအဘိညာဉ်ကို ဖန်ဆင်းတော်မူခဲ့ပါသည်၊ ရှင်မဟာမောဂ္ဂလ္လာန်၏ တန်ခိုးအဘိညာဉ်ကြောင့် ပုဗ္ဗာရုံကျောင်းသည် တလှုပ်လှုပ်တရွှားရွှား ရှိခဲ့ပါပေသည်။

ထိုအခါ များစွာသော ရဟန်းတို့သည် ထိတ်လန့်ကြကုန်သည်ဖြစ်၍ ကြက်သီးမွေးညှင်းထကြကုန်သည်ဖြစ်၍ တခုသော အရပ်ဝယ် စုရုံးတည်နေကြပြီးလျှင်——

အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော။

ငါ့ရှင်တို့....၊ အံ့ဩဘွယ် ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ။

နိဝါတဉ္စ ပတ။

လေလည်း မတိုက်ခဲ့ပါတကား။

အယဉ္စ မိဂါရမာတုပါသာဒေါ ဂမ္ဘီရနေမော။

ဤမိဂါရမာတုပါသာဒ အမည်ရသော ပုဗ္ဗာရုံကျောင်းကြီးသည်လည်း နက်ရှိုင်းစွာသော တွင်းအတွင်းဝယ် ခိုင်မာလှစွာသော အုတ်မြစ်ချ၍ ခိုင်ခိုင်

ခန့်ခန့်ပင်လျှင် စိုက်ထူအပ်သော တည်ဆောက်အပ်သော ကျောင်းကြီးပင် ဖြစ်ပါလျက် ဤပုဗ္ဗာရုံ ကျောင်းကြီးသည်ကား ဘယ်စောင်းညာနွဲ့ တယိမ်းယိမ်း လှုပ်ခဲ့ပါပေကုန်သည်ဟု ထိတ်လန့် ကြက်သီးမွေးညင်းထခြင်း ဖြစ်ကြပါကုန်သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ကိံ နု တုမှေ ဘိက္ခဝေ သံဝိဂ္ဂါ လောမဟဋ္ဌဇာတာ ဧကမန္တံ ဌိတာ" ဟု—

ချစ်သား ရဟန်းတို့....၊ သင်ချစ်သားတို့သည် အဘယ်ကြောင့် ထိတ်ထိတ်လန့်လန့် ကြက်သီးမွေးညင်း ထကြကုန်လျက် တထောင့်ဘက္ကေးမှာ စုဝေးတည်နေကြပါကုန်သနည်းဟု မေးမြန်းတော်မူလဘ်လည်ရှိသော် လျှောက်ဆိုအပ်ပြီးသောအတိုင်း သဗ္ဗညုမြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားသည်တွင်—

တုမှေဝ ခေါ ဘိက္ခဝေ သံဝေဇေတုကာမေန မောဂ္ဂလ္လာနေန ဘိက္ခုနာ ပါဒင်္ဂုဋ္ဌကေန မိဂါရမာတုပါသာဒေါ သင်္ကမ္ပိတော သမ္ပကမ္ပိတော သမ္ပစာလိတော။

ချစ်သား ရဟန်းတို့....၊ သင်ချစ်သားတို့ကိုပင်လျှင် ထိတ်လန့်သံဝေဂ ရစေလိုသဖြင့် သင်တို့၏နောင်ကြီးဖြစ်သော ရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ခြေမဖြင့် ဤမိဂါရမာတုပါသာဒ အမည်ရသော ပုဗ္ဗာရုံကျောင်းပြာသာဒ်ကို တလျှပ်လျှပ် လှုပ်စေခဲ့ပေသည်။

တံ ကိံ မညထ ဘိက္ခဝေ၊ ကတမေသံ ဓမ္မာနံ ဘာဝိတတ္တာ ဗဟုလီကတတ္တာ မောဂ္ဂလ္လာနော ဘိက္ခု ဧဝံ မဟိဒ္ဓိကော ဧဝံ မဟာနုဘာဝေါ။

ချစ်သား ရဟန်းတို့....၊ ငါဘုရား ယခုမေးမည့်စကားကို သင်ချစ်သားတို့ မည်သို့ မှတ်ထင်ကုန်သနည်း၊ အဘယ်တရားတို့ကို ပွါးများ အဘယ်တရားတို့ကို အကြိမ်များစွာ လေ့လာသောကြောင့် သင်ချစ်သားတို့၏နောင်ကြီးဖြစ်သော ဤမဟာမောဂ္ဂလ္လာန်မထေရ်သည် ဤသို့ အဘိညာဉ်တန်ခိုး အာနုဘော်နှင့် ပြည့်စုံရပါသနည်းဟု မေးမြန်းတော်မူပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က "ဘဂဝံမူလကာ နော ဘန္တေ ဓမ္မာ ဘဂဝံနေတ္တိကာ ဘဂဝံပဋိသရဏာ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်တို့၏ တရားအလုံးစုံတို့သည် ရှင်တော်ဘုရားလျှင် အမြစ်အရင်းရှိပါကုန်တော့သည်၊ ရှင်တော်ဘုရားလျှင် ရှေ့သွားရှိပါကုန်သည်၊ ရှင်တော်ဘုရားလျှင် အားထားပုန်းအောင်း လည်းလျောင်းရာ ရှိပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်များ တောင်းပန်လျှောက်ထားကြပါကုန်၏၊ ရှင်တော်ဘုရား၏ ဉာဏ်ဝမှာပင်လျှင် ဤစကားတော်၏ အနက်အဓိပ္ပါယ် အကျယ်သည် ထင်စေတော်မူပါ၊ ဟောပြတော်မူပါ၊ ရှင်တော်ဘုရားထံမှ ကြားနာကြပြီးလျှင် များစွာသော ရဟန်းတော်တို့သည် နှုတ်ရဆောင်၍ မှတ်သားကြပါကုန်လိမ့်မည် ဟူ၍ ပြန်ကြား လျှောက်ထားခဲ့ပါသည်။

## ဣဒ္ဓိပါဒ်လေးပါး ပွါးများခဲ့လျှင်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "စတုန္နံ ခေါ ဘိက္ခဝေ ဣဒ္ဓိပါဒါနံ ဘာဝိတတ္တာ ဗဟုလီကတတ္တာ မောဂ္ဂလ္လာနော ဘိက္ခု ဧဝံ မဟိဒ္ဓိကော ဧဝံ မဟာနုဘာဝေါ" အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....၊ သင်တို့၏ နောင်ကြီး ဖြစ်သော ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ်လေးပါးကို တွန့်လည်း မတွန့်တိုအောင် အလွန်လည်း မပျံ့လွင့်အောင် အဇ္ဈတ္တ၌လည်း ဆုတ်နစ်ခြင်း မရှိအောင် ဗဟိဒ္ဓ၌လည်း ပျံ့လွင့်ခြင်း မရှိအောင် အောက် အထက် ညီမျှအောင် နေ့အခါ ညဉ့်အခါ ညီမျှအောင် ဣဒ္ဓိပါဒ်လေးပါး တရားတို့ကို ပြိုးပြိုးပြက်ပြက် တလက်လက် အရောင်ရှိသော စိတ်ရှိအောင် ပွါးများအားထုတ်သည် ဖြစ်ပေတော့သည်။

ဤသို့ ဣဒ္ဓိပါဒ် လေးပါးကို ပွါးများခြင်း ဟူသော အကြောင်း ကြိမ်ဖန်များစွာ လေ့လာခြင်း ဟူသော အကြောင်းကြောင့် သင်တို့နောင်ကြီး ဖြစ်သော မောဂ္ဂလ္လာန် မထေရ်သူမြတ်သည် ဤသို့ ကြီးစွာသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံပေသည်။

ချစ်သားရဟန်းတို့....ဤတွင်မျှမကသေး၊ဤဆိုအပ်ပြီးသော ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး အဓိပတိတရားတို့ကို သင်တို့နှောင်ကြိုး ဖြစ်သော မောဂ္ဂလ္လာန်မထေရ်သူမြတ်သည် ပွါးများအပ် အကြိမ်ကြိမ်အဖန်ဖန် လေ့လာအပ်ပြီးဖြစ်သော ကြောင့်ပင်လျှင် ဣဒ္ဓိဝိဓအဘိညာဉ်, ဒိဗ္ဗသောတအဘိညာဉ်, ပရစိတ္တဝိဇာနနအဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်, ယထာကမ္မုပဂအဘိညာဉ်, အာသဝက္ခယဉာဏ် တည်းဟူသော အဘိညာဉ်ခြောက်ပါး သို့လည်း ရောက်ရှိခဲ့ပေသည်ဟု ဤမောဂ္ဂလ္လာန အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ပုဗ္ဗာရုံ ကျောင်းအရပ်ဝယ် လျှောက်ဆိုအပ်ပြီးသော အင်္ဂုပ္ပတ်ကြောင့် များစွာသော ပမာဒဝိဟာရီ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေကြသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

မောဂ္ဂလ္လာနသုတ် ပြီး၏

---

## အနုရုဒ္ဓသံယုတ်

## ဗာဠဂိလာနသုတ်

ပု။ ။အနုရုဒ္ဓသံယုတ္တေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ဒသမံ သံဂီတံ ဗာဠဂိနာနသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အာယသ္မတာ အနုရုဒ္ဓတ္ထေရေန ဘာသိတံ။ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အာယသ္မန္တံ အနုရုဒ္ဓံ အာဗာဓိကံ ဒုက္ခိတံ ဗာဠဂိလာနံ ဧတဒဝေါစုံ "ကတမေနာယသ္မတော အနုရုဒ္ဓဿ ဝိဟာရေန ဝိဟရတော ဥပ္ပန္နာ သာရီရိကာ ဒုက္ခာ ဝေဒနာ စိတ္တံ န ပရိယာဒါယ တိဋ္ဌန္တီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "စတူသု ခေါ မေ အာဝုသော သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တဿ ဝိဟရတော ဥပ္ပန္နာ သာရီရိကာ ဒုက္ခာ ဝေဒနာ စိတ္တံ န ပရိယာဒါယ တိဋ္ဌန္တီ"တိ ဧဝမာဒိနာ အာယသ္မတာ အနုရုဒ္ဓတ္ထေရေန ဘာသိတံ။

မေး။ ။အနုရုဒ္ဓသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ဒသမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော ဗာဠ္ဟဂိလာနသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါ သနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ အရှင်အနုရုဒ္ဓါမထေရ်သူမြတ် ဟောကြားတော်မူအပ်ခဲ့ပါ သည်။

ရှင်အနုရုဒ္ဓါမထေရ်သူမြတ်သည် သာဝတ္ထိပြည်အနီး အန္ဓဝန်တောအုပ် အတွင်းဝယ် အနာရောဂါ နှိပ်စက်၍ ပြင်းထန်စွာ မမာမကျန်း ဖြစ်လျက်နေ တော်မူပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့သည် ရှင်အနုရုဒ္ဓါထံမှောက် သွား ရောက်ပြီးလျှင် "ကတမေနာယသ္မတော အနုရုဒ္ဓဿ ဝိဟာရေန ဝိဟရတော ဥပ္ပန္နာ သာရီရိကာ ဒုက္ခာ ဝေဒနာ စိတ္တံ န ပရိယာဒါယ တိဋ္ဌန္တိ" ဟု—

အရှင်အနုရုဒ္ဓါ....၊အရှင်ဘုရားအား အဘယ်မည်သော နေခြင်းဖြင့် နေ တော်မူလတ်သည်ရှိသော် အရှင်ဘုရား သန္တာန်ဝယ် ဖြစ်ပေါ်သမျှသော သာရီ ရိက ဒုက္ခဝေဒနာတို့သည် အရှင်ဘုရား၏စိတ်ကို လွှမ်းမိုးကာ ကုသိုလ်စိတ်တွေ ကို ထက်ဝန်းကျင် ကုန်ခန်းစေကာ မတည်ဘဲ ရှိပါသနည်းဟု မေးမြန်းလျှောက် ထားကြပါသည်။

## သတိပဋ္ဌာန် တန်ခိုးဇုဒ္ဓိပါဒ် ကြီးပုံ

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သူမြတ်က "စတူသု ခေါ မေ အာဝုသော သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တဿ ဝိဟရတော ဥပ္ပန္နာ သာရီရိကာ ဒုက္ခာ ဝေဒနာ စိတ္တံ န ပရိယာဒါယ တိဋ္ဌန္တိ" အစရှိသည်ဖြင့်—

ငါ့ရှင်တို့ ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော ဤ သတိပဋ္ဌာန်လေးပါး အရိယဝိဟာရတရား၌ ကောင်းစွာ တည်သော စိတ်ရှိ သည်ဖြစ်၍ နေသော ငါ့အား သို့သတိပဋ္ဌာန်အာရုံဖြင့် နေခြင်း ဟူသော

အကြောင်းကြောင့် မိမိကိုယ်ခန္ဓာဝယ် ကျရောက်သော ပြင်းထန်စွာသော ဒုက္ခဝေဒနာတို့သည် ငါ၏ကုသိုလ်စိတ်ကို လွှမ်းမိုး၍ ထက်ဝန်းကျင် ကုန်စေခန်းစေ ကျွမ်းစေ၍ မတည်နိုင်ဘဲ ရှိပါတော့သည်၊ ငါ၏သတိပဋ္ဌာန် ဘာဝနာစိတ်ကပင်လျှင် ထိုဝေဒနာတို့ကို လွှမ်းမိုးနိုင်ခဲ့ပါသည်ဟု ပြန်ကြားမိန့်ဆိုခဲ့ပါပေသည်။

ဤသို့လျှင် သတိပဋ္ဌာန်ဒေသနာတော်မြတ်၏ တန်ခိုးဣဒ္ဓိပါဒ် ကြီးပုံကို ဖော်ပြရာ ဖြစ်သော ဗာဠဂိလာန အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိပြည် အန္ဓဝန်တော အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ အနုရုဒ္ဓါ မထေရ်သူမြတ် ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဗာဠဂိလာနသုတ် ပြီး၏

---

## အာနာပါနသံယုတ်

## မဟာကပ္ပိနသုတ်

ပု။ ။အာနာပါနသံယုတ္တေ အာဝုသော ပေါရာဏကေဟိ မေ့သံဂါဟက-မဟာထေရေဟိ သတ္တမံ သံဂီတံ မဟာကပ္ပိနသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ပဿထ နော တုမှေ ဘိက္ခဝေ ဧတဿ ဘိက္ခုနော ကာယဿ ဣဉ္ဇိတတ္တံ ဝါ ဖန္ဒိတတ္တံ ဝါ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အာနာပါနသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ခုနစ်ခုမြောက် သတ္တမသုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော မဟာကပ္ပိနသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်ဘည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်း အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ အရှင်မဟာကပ္ပိန မထေရ်သူမြတ်သည် မြတ်စွာဘုရား၏ မနီးမဝေး ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှု မတုန်မလှုပ် ထိုင်နေတော်မူခဲ့ပါပေသည်။

သို့ထိုင်နေတော်မူသည်ကို သဗ္ဗညုမြတ်စွာဘုရား မြင်တော်မူ၍ များစွာသော ရဟန်းတော်တို့ကို "ပဿထ နော တုမှေ ဘိက္ခဝေ ဧတဿ ဘိက္ခုနော ကာယဿ ဣဉ္ဇိတတ္တံ ဝါ ဖန္ဒိတတ္တံ ဝါ" ဟု—

ချစ်သား ရဟန်းတို့....။ဤရဟန်း၏ ရူပကာယ၏ တုန်လှုပ်ခြင်း ထက်ဝန်းကျင် တုန်လှုပ်ခြင်းကို သင်ချစ်သားတို့သည် မြင်ကြကုန်၏လော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က "ယဒါပိ မယံ ဘန္တေ တံ အာယသ္မန္တံ ပဿာမ သံဃမဇ္ဈေ ဝါ နိသိန္နံ ဧကံ ဝါ ရဟော နိသိန္နံ" အစ ရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....။ထိုရှင်မဟာကပ္ပိန မထေရ်သူမြတ်ကို သံဃာတော်တို့၏ အလယ်၌ နေသည်ဖြစ်စေ တကိုယ်တည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်တော်မူ၍ နေတော်မူသည်ကိုပင် ဖြစ်စေ တပည့်တော်တို့သည် ထိုအရှင်သူမြတ်၏ ကိုယ်လှုပ်ရှားသည်ကို တခါမျှ မမြင်ရဘူးပါဘုရား ဟု ပြန်ကြားလျှောက်ထားခဲ့ပါပေသည်။

## အာနာပါန သမာဓိ ပွါးလျှင်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

ယဿ ဘိက္ခဝေ သမာဓိဿ ဘာဝိတတ္တာ ဗဟုလီကတတ္တာ နေဝ ကာယဿ ဣဉ္ဇိတတ္တံ ဝါ ဟောတိ ဖန္ဒိတတ္တံ ဝါ၊န စိတ္တဿ ဣဉ္ဇိတတ္တံ ဝါ ဟောတိ ဖန္ဒိတတ္တံ ဝါ၊ တဿ သော ဘိက္ခဝေ ဘိက္ခု သမာဓိဿ နိကာမလာဘီ အကိစ္ဆလာဘီ အကသိရလာဘီ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....။အကြင်သို့ သဘောရှိသော သမာဓိကို ပွါးများအပ် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် ရူပကာယ၏ငြင်း နာမကာယ၏ငြင်း တုန်လှုပ်ခြင်း အလျဉ်းမရှိ၊ ထိုသို့ သဘောရှိသော သမာဓိ

တရားကို ထိုကပ္ပိနမထေရ်သည် အလိုရှိတိုင်း ပွါးများအပ်ပြီ၊ အလိုရှိတိုင်း ရနိုင်သည်၊ မငြိုမငြင် မပင်မပန်း ရနိုင်သည်၊ ပြန့်ပြန့်ပြောပြော ရနိုင်လေ့ ရှိပေသည်။

ချစ်သား ရဟန်းတို့….၊အဘယ်သို့ သဘောရှိသော သမာဓိကို ပွါးများ အပ် ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော် ရုပကာယ၏ရင်း နာမကာယ ၏ရင်း တုန်လှုပ်ခြင်း ကင်းပါသနည်း ဟူမူကား-အာနာပါနဿတိ ဘာဝနာပင် ဖြစ်တော့သည်။

ချစ်သား ရဟန်းတို့….၊အာနာပါနဿတိ ဘာဝနာကို သတိနှင့်ယှဉ်၍ ထွက်သက်ဝင်သက်တို့ကို ရှုခြင်း ရှုက်ခြင်း အစရှိသော တဆယ့်ခြောက်ပါး သော အခြင်းအရာတို့ဖြင့် ပွါးများအပ် လေ့လာအပ်သည်ရှိသော် ရုပကာယ၏ ရင်း နာမကာယ၏ရင်း တုန်လှုပ်ခြင်း ကင်းမဲ့တော့သည်ဟု ဤမဟာကပ္ပိန အမည်ရသော အာနာပါနဿတိကြောင့် တုန်လှုပ်ခြင်း ကင်းမဲ့ပုံကို ဖော်ပြရာ ဖြစ်သော ဓမ္မဒေသနာသုတ္တန်တရားတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

မဟာကပ္ပိနသုတ် ပြီး၏

---

## ဂုလိဿ ဝနဂ်လသုတ်

ပု။ ။တတ္ထ ဝ အာဝုသော ဒုတိယဝဂ္ဂေ ပဉ္စမံ ဂုလိဿ ဝနဂ်လသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။ဂုလိဿ ဝနဂ်လေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "သစေ ခေါ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံ ပုစ္ဆေယျုံ 'ကတမေ နာဝုသော ဝိဟာရေန သမဏော ဂေါတမော ဝဿာဝါသံ ဗဟုလံ ဝိဟာသီ'တိ။ ဧဝံ ပုဋ္ဌာ တုမှေ ဘိက္ခဝေ တေသံ အညတိတ္ထိယာနံ ပရိဗ္ဗာဇကာနံ ဧဝံ ဗျာကရေယျာထ အာနာပါနဿတိသမာဓိနာ ခေါ အာဝုသော ဘဂဝါ ဝဿာဝါသံ ဗဟုလံ ဝိဟာသီ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအာနာပါနသံယုတ်၌ပင်လျှင် ဒုတိယဝဂ်၌ ရှေးဦးစွာ သံဂါယနာတင်ထားသော ဣစ္ဆာနင်္ဂလသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဣစ္ဆာနင်္ဂလ ဇနပုဒ်၏အနီး ဣစ္ဆာနင်္ဂလ အမည်ပင်ရသော တောအုပ်အတွင်း၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလ တောအုပ်အတွင်း သီတင်းသုံးနေတော်မူသော ထိုဝါတွင်းကာလဝယ် "ဣစ္ဆာမဟံ ဘိက္ခဝေ တေမာသံ ပဋိသလ္လီယိတုံ၊ နာမှိ ကေနစိ ဥပသင်္ကမိတဗ္ဗော အညတြ ဧကေန ပိဏ္ဍပါတနီဟာရကေန"ဟု—

ချစ်သား ရဟန်းတို့....၊ ငါဘုရားသည် အဖော်မမှီး တကိုယ်တည်းဖြစ်၍ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေအံ့သောငှါ အလိုရှိသည်၊ ငါဘုရားအထံမှောက်သို့ ဆွမ်းအပို့ရောက်သော ရဟန်းမှတပါး တစုံတယောက်သောသူသည် မလာရောက်အပ် မချဉ်းကပ်အပ် ဟူ၍ မိန့်ကြားတော်မူပြီးလျှင် ထိုဝါတွင်းသုံးလအတွင်းဝယ် တကိုယ်တည်း တပါးတည်း ကိန်းအောင်းမွေ့လျော် နေတော်မူခဲ့ပါပေသည်။

## မြတ်စွာဘုရားတို့၏နေခြင်း

သုံးလ လွန်မြောက်၍ တပါးတည်းကိန်းအောင်းရာမှထတော်မူပြီးသော အခါ များစွာသော ရဟန်းတော်တို့ကို "သစေ ခေါ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံ ပုစ္ဆေယျုံ"အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ သင်ချစ်သားတို့ကို သာသနာပြင်ပ အယူတပါးရှိကြသော ပရိဗိုဇ်တို့က "ကတမေ-နာဝုသော ဝိဟာရေန သမဏော ဂေါတမော ဝဿာဝါသံ ဗဟုလံ ဝိဟာသိ" ဟု—

ငါ့ရှင်တို့....၊ငါ့ရှင်တို့၏ ဆရာဖြစ်သော ရဟန်းကြီးဂေါတမသည် အဘယ်မည်သော ဝိဟာရဖြင့် အဘယ်မည်သော နေခြင်းမျိုးဖြင့် ဝါတွင်းသုံးလ

ပတ်လုံး များစွာနေခဲ့ပါသနည်း ဟု မေးမြန်းခဲ့သည်ရှိသော် သင်ချစ်သား တို့သည်——

ငါ့ရှင်တို့....၊ ငါတို့၏ဆရာ ဖြစ်တော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အာနာပါနဿတိ သမာဓိဖြင့် ဝါတွင်းသုံးလပတ်လုံး အများဆုံးနေတော်မူခဲ့ပါလည်ဟု ဖြေကြားရမည်။

ချစ်သား ရဟန်းတို့....၊ ငါဘုရားသည်ကား ဤဝါတွင်းသုံးလပတ်လုံး တဆယ့်ခြောက်ပါးသော အခြင်းအရာဖြင့် အာနာပါနဿတိ ဘာဝနာကို ပွါးများ၍ နေခဲ့ပေပြီ။

ချစ်သားရဟန်းတို့....၊အရိယဝိဟာရ အရိယာတို့၏ နေရာ,အရိယာတို့၏ နေခြင်းဟူ၍ရင်း ဗြဟ္မဝိဟာရ မြတ်သော နေရာ, မြတ်သောနေခြင်းဟူ၍ရင်း တထာဂတဝိဟာရ ရှေးဘုရားတို့နှင့်အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညု မြတ်စွာဘုရားတို့၏ နေရာ, နေခြင်းဟူ၍ရင်း ခေါ်ဆိုပညတ် ပြောဆို အပ်ပါမူကား အာနာပါနဿတိသမာဓိဘာဝနာကိုပင် ခေါ်ဆိုပညတ်ထိုက် ပါပေသည်။

ချစ်သား ရဟန်းတို့....၊ သိက္ခာသုံးရပ်ကို ဖြည့်ကျင့်ဆဲ ဖြစ်ကြသော ပုဂ္ဂိုလ်တို့အားလည်း အာနာပါနဿတိဘာဝနာကို လေ့လာပွါးများအပ်သည် ရှိသော် အာသဝက္ခယ အမည်ရသော အရဟတ္တမဂ်ကို ရစေနိုင် ရောက်စေနိုင် ဖြစ်စေနိုင်ပေသည်။

အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြပြီးသော ရဟန္တာ အရှင်မြတ်တို့အားလည်း အာနာပါနသာတိ သမာဓိဘာဝနာသည် ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော် ဒိဋ္ဌဓမ္မ ပစ္စက္ခဘဝ၌ပင်လျှင် ဖလ သမာပတ်သို့ ရောက်ရှိ၍ ချမ်းချမ်းသာသာနေရခြင်း သတိသမ္ပဇဉ်တရားကို ရရှိခြင်း တည်းဟူသော အကျိုးငှါ ဖြစ်ပါပေသည်ဟု ဤဗုစ္ဆာနဂ်လ အမည်ရ သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာ ဖြင့် ဗုစ္ဆာနဂ်လဇနပုဒ်၏အနီး ဗုစ္ဆာနဂ်လတောအုပ်အတွင်းဝယ် များစွာ သော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဗုစ္ဆာနဂ်လသုတ် ပြီး၏

## သောတာပတ္တိသံယုတ်

## စက္ကဝတ္တိရာဇသုတ်

ပု။ ။သောတာပတ္တိသံယုတ္တေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ပဌမံ သံဂီတံ စက္ကဝတ္တိရာဇသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ကိဉ္စာပိ ဘိက္ခဝေ ရာဇာ စက္ကဝတ္တီ စတုန္နံ ဒီပါနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ ဒေဝါနံ တာဝတိံသာနံ သဟဗျတံ၊ သော တတ္ထ နန္ဒနေဝနေ အစ္ဆရာသင်္ဃပရိဝုတော ဒိဗ္ဗေဟိ စ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေတိ သော စတူဟိ ဓမ္မေဟိ အသမန္နာဂတော၊ အထ ခေါ သော အပရိမုတ္တောဝ နိရယာ၊ အပရိမုတ္တော တိရစ္ဆာနယောနိယာ၊ အပရိမုတ္တော ပေတ္တိဝိသယာ၊ အပရိမုတ္တော အပါယဒုဂ္ဂတိဝိနိပါတာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သောတာပတ္တိသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ် မြတ်တို့ ရှေးဦးစွာ သံဂါယနာ တင်ထားခဲ့သော စက္ကဝတ္တိ ရာဇသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

## သောတာပတ္တိအင်္ဂါလေးပါးပြည့်စုံမှု

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတော်တို့ကို အကြောင်းပြု၍ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်း, တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, သံဃာ တော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, အရိယာတို့သည် ဘဝတမလွန် ရောက်သော်လည်း မစွန့်ပစ်သောအားဖြင့် မြတ်နိုးအပ် နှစ်သက်အပ်သော

သီလနှင့်ပြည့်စုံခြင်း တည်းဟူသော သောတာပတ္တိမဂ်ဖိုလ်သို့ရဘို့ရန် ရောက်ဘို့ရန် လေးရပ်သော အင်္ဂါတို့၏ ကျေးဇူးဥပကာရ များလှပုံကို ဖော်ပြတော်မူလိုသဖြင့် "ကိဉ္စာပိ ဘိက္ခဝေ ရာဇာ စက္ကဝတ္တိ စတုန္နံ ဒီပါနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေတွာ"အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ လေးကျွန်းသနင်း စကြာမင်းသည် လေးကျွန်းလုံးကို အစိုးရခြင်း မင်းအဖြစ်ကို ပြုလုပ်ပြီး၍ ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် တာဝတိံသာ နတ်ပြည်သို့ ကပ်ရောက်၍ ထိုတာဝတိံသာ နတ်ပြည် နန္ဒဝန်ဥယျာဉ်အတွင်းဝယ် များစွာသော နတ်သမီးအပေါင်း ခြံရံလျက် နတ်၌ဖြစ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့် တင့်တယ်စံပယ်၍ နေစေကာမူ ထိုစကြာသနင်း မင်း၏သန္တာန်ဝယ် ဆိုအပ်ပြီးသော ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, တရားတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, သံဃာဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, အရိယာတို့သည် နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်း တည်းဟူသော သောတာပတ္တိ အင်္ဂါလေးပါးနှင့်မပြည့်စုံခဲ့ပါမူ ထိုစကြာသနင်း လေးကျွန်းမင်းသည် ငရဲဘုံမှလည်း မလွတ်မြောက်နိုင်သေး၊ တိရစ္ဆာန်ဘုံ ပြိတ္တာဘုံမှလည်း မလွတ်မြောက်နိုင်သေး၊ အပါယ်ဒုဂ္ဂတိ ဝိနိပါတ ဘေးမှလည်း မလွတ်မြောက်နိုင်သေးပေ။

ချစ်သားရဟန်းတို့....၊ငါဘုရား၏ တပည့်သား သာဝကဖြစ်သော ပုဂ္ဂိုလ်သည်ကား သလုံးမြင်းခေါင်းဖြင့် တအိမ်တလုပ် ရင်းနှီး၍ ရသော ဆွမ်းကိုမှီ၍ မျှတနေစေကာမူ ကြမ်းတမ်းသော အဝတ်တို့ကို ဝတ်၍ နေစေကာမူ ဆိုအပ်ပြီးသော သောတာပတ္တိ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံပါမူကား ငါဘုရား၏ တပည့်သား သာဝကသည် စင်စစ်လျှင် နိရယဂတိ, တိရစ္ဆာနဂတိ, ပြိတ္တာဂတိ, အပါယ်ဒုဂ္ဂတိ ဝိနိပါတဘေးမှ လွတ်ပြီး ဖြစ်ပေတော့သည်။

## သောတာပတ္တိအင်္ဂါ အဘိုးတန်လှပုံ

လေးပါးသော သောတာပတ္တိ အင်္ဂါတရားတို့ ဟူသည် အဘယ်နည်းဟူမူကား မြတ်စွာဘုရား၌ အရဟံ အစရှိသော ကျေးဇူးဂုဏ်တို့ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, တရားတော်၌ သွာခါတ အစရှိသော ကျေးဇူးဂုဏ်ခြောက်ပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, သံဃာတော်၌ သုပ္ပဋိပန္န

အစရှိသော ကိုးရပ်သောကျေးဇူးဂုဏ်တို့ကို မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်း, အရိယာအရှင်သူမြတ်တို့သည် တမလွန်ဘဝရောက်သော်လည်း မစွန့်ပစ်နိုင် လောက်အောင် မြတ်နိုးအပ် နှစ်သက်အပ်သော ငါးရပ်သော သီလနှင့် ပြည့်စုံခြင်း၊ ဤလေးပါးတို့သည်ပင်လျှင် သောတာပတ္တိအင်္ဂါတို့ ဖြစ်တော့သည်၊ သောတာပန် ပုဂ္ဂိုလ်တို့၏ အင်္ဂါတို့ပင် ဖြစ်ပါတော့သည်၊ ဤအင်္ဂါလေးပါး နှင့် ပြည့်စုံလတ်သည်ရှိသော် သောတာပန် ပုဂ္ဂိုလ်ပင် ဖြစ်နိုင်ပေတော့သည်။

ချစ်သား ရဟန်းတို့....၊ စကြာသနင်း လေးကျွန်းမင်းတို့ ရအပ်သော အရှေ့ အနောက် တောင်မြောက် တည်းဟူသော ကျွန်းကြီးလေးကျွန်းကို ရခြင်းနှင့် ဤဆိုအပ်ပြီးသော ငါဘုရား၏ဘပည့်သားသာဝက ဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, တရားဂုဏ်, သံဃာဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, အရိယာတို့ နှစ်သက်အပ်သော တမလွန်ဘဝ ရောက်တောင်မှ မစွန့်ပစ်နိုင်သော သီလနှင့် ပြည့်စုံခြင်း တည်းဟူသော သောတာပတ္တိ အင်္ဂါလေးပါး နှစ်မျိုးကို နှိုင်းစာလတ်သည်ရှိသော် စကြာသနင်း လေးကျွန်းမင်း၏ ကျွန်းကြီးလေးရပ်ကို အစိုးရသော မင်းအဖြစ်ကို ရခြင်းသည် ငါဘုရား၏ တပည့်သား သာဝက ဖြစ်ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏ သောတာပတ္တိ အင်္ဂါလေးပါးတရားကို ရခြင်း ၏ နှစ်ရာ့ငါးဆယ် ခြောက်စိတ်-စိတ် (၂၅၆)တစိတ်မျှပင်လျှင် မထိုက်တန်ပေဟု ဤစကြာဝတေးမင်းကြီး၏ စည်းစိမ်နှင့် နှိုင်းစာ၍ သောတာပတ္တိ အင်္ဂါ၏ အဘိုးတန်ကြောင်း ကျေးဇူးကြီးမြတ်လှကြောင်းကို ဖော်ပြရာ ဖြစ်သော စက္ကဝတ္တိရာဇ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

စက္ကဝတ္တိရာဇသုတ် ပြီး၏

---

## ဒီဃာဝု ဥပါသကသုတ်

ပု။ ။တတ္ထေ၀ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ တတိယံ သံဂီတံ ဒီဃာဝုဥပါသကသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ ဒီဃာဝုံ ဥပါသကံ အာရဗ္ဘ ဘာသိတံ။ ဘဂဝါ ဘန္တေ ဒီဃာဝုံ ဥပါသကံ အာဗာဓိကံ ဒုက္ခိတံ ဗာဠ္ဟဂိလာနံ တေဒဝေါစ "ကစ္စိ တေ ဒီဃာဝု ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နော အဘိက္ကမန္တိ၊ ပဋိက္ကမောသာနံ ပညာယတိ နော အဘိက္ကမော"တိ။ န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ၊ ဗာဠ္ဟာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ နော ပဋိက္ကမန္တိ၊ အဘိက္ကမောသာနံ ပညာယတိ နော ပဋိက္ကမောတိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တသ္မာတိဟ တေ ဒီဃာဝု ဧဝံ သိက္ခိတဗ္ဗံ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဘဝိဿာမီ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသောတာပတ္တိ သံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ တတိယသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ဒီဃာဝုဥပါသက မည်သော သုတ္တန်တရားတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် အနာဂါမ်တည် ဥပါသကာ ဖြစ်သော ဒီဃာဝု သီတင်းသည်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ အနာဂါမ်တည် ဥပါသကာဖြစ်သော ဒီဃာဝုသီတင်းသည်သည် အနာရောဂါ ကပ်ရောက်နှိပ်စက်ဆဲ ဖြစ်၍ နေပါသည်။

## မြတ်စွာဘုရားအား ပင့်လျှောက်ခြင်း

ထိုအခါ ဒီဃာဝု သီတင်းသည်သည် မိမိ၏ ဘခင်ဖြစ်သော ဇောတိကသူကြွယ်ကို ဘုရားထံမှောက် သွားရောက်စေ၍ မိမိကိုယ်စား ဘုရားအား ရှိခိုးစေပြီးလျှင် မြတ်စွာဘုရားကို မိမိအိမ်သို့ ပင့်စေခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဒီဃာဝု ဥပါသကာ သီတင်းသည်၏ အိမ်သို့ ကြွရောက်တော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေပြီးလျှင် "ကစ္စိ တေ ဒီဃာဝု ခမနီယံ ယာပနီယံ"အစရှိသည်ဖြင့်——

ဒီဃာဝု ဥပါသကာ....၊ အသို့နည်း သင်သည် ဝေဒနာဒုက္ခကို ခံနိုင်ပါ၏ လော၊ ဣရိယာပထ မျှတပါ၏လော၊ သင့်အား ဒုက္ခဝေဒနာတို့သည် နောက်သို့ ဆုတ်ကြပါကုန်၏လော၊ မတိုးတက်ဘဲ ရှိပါကုန်၏လော၊ ဆုတ်ဘို့ရန် အရိပ်အရောင်ထင်၍ တိုးတက်ဘို့ရန် အရိပ်အရောင် မထင်ဘဲ ရှိပါ၏လော ဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ ဒီဃာဝု သီတင်းသည်က "န မေ ဘန္တေ ခမနီယံ န ယာပနီယံ" အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊တပည့်တော်သည် ဝေဒနာဒုက္ခကို မခံနိုင်လောက်အောင်ပင် ပြင်းထန်လှပါပေသည်၊ ဣရိယာပထ မမျှတအောင်ပင် ရှိလှပါတော့သည်၊ သည်းထန်လှစွာသော ဝေဒနာတို့သည် တပည့်တော်အား တိုး၍ တိုး၍သာ လာပါကုန်သည်။ မဆုတ်နစ်ကြပါကုန်၊ ထိုဝေဒနာတို့၏ တိုးဘို့ရန် အရိပ်အရောင်သာထင်၍ ဆုတ်ဘို့ရန် အရိပ်အရောင်မထင်ဘဲ ရှိပါတော့သည်ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "တသ္မာတိဟ တေ ဒီဃာဝု ဧဝံ သိက္ခိ-တဗ္ဗံ"အစရှိသည်ဖြင့်——

ဒါယကာ ဒီဃာဝု....၊ ထိုသို့ရောဂါဝေဒနာ နှိပ်စက် အခံခက်သည် ဖြစ်ရကား သင်သည် "ငါတမူကား မြတ်စွာဘုရား၏ အရဟံ အစရှိသော ကျေးဇူးဂုဏ် အပေါင်း၌ သူတပါးတို့ တပါးသော နတ်လူ ဗြဟ္မာ မာရ်နတ်တို့ ဖျက်ဆီးသော်လည်း မပျက်စီးနိုင်အောင် မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံအံ့" ဟူ၍၎င်း တရားတော်ဂုဏ် သံဃာတော်ဂုဏ်၌လည်း ထို့အတူ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံပေအံ့ ဟူ၍၎င်း အရိယာတို့သည် နှစ်သက်အပ်သော သီလဂုဏ်နှင့် ပြည့်စုံအံ့ ဟူ၍၎င်း ဤသောတာပတ္တိ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံဘို့ရန် အသင် ဒီဃာဝုသီတင်းသည်သည် ကျင့်ကြံကြိုးကုတ် အားထုတ်သင့်ပေသည်ဟု သောတာပတ္တိ အင်္ဂါလေးပါးတို့ဖြင့် အဆုံးအမစကား မိန့်ကြားတော်မူလတ်သည်ရှိသော်——

## ဒီဃာဝု လျှောက်ထားချက်

ယာနိမာနိ ဘန္တေ ဘဂဝတာ စတ္တာရိ သောတာပတ္တိယင်္ဂါနိ ဒေသိတာနိ၊ သံဝိဇ္ဇန္တေ တေ ဓမ္မာ မယိ-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရားသည် အကြင်သို့သဘောရှိသော သောတာပတ္တိ အင်္ဂါလေးပါးတို့ကို အကျယ်အားဖြင့် ဟောကြားအပ်ခဲ့ပါကုန်ပြီ၊ ထိုသောတာပန်၏ အင်္ဂါလေးပါး ကောင်းမြတ်သော တရားတို့သည် တပည့်တော်သန္တာန်၌ အခါခပ်သိမ်း ရှိပါကုန်သည်၊ တပည့်တော်သည်လည်း ထိုအင်္ဂါလေးပါး တရားကောင်းတို့၌ အမြဲတစေ ထင်၍ နေပါသည်။

ဘုန်းတော် ကြီးမြတ်ဘော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်ကား မြတ်စွာဘုရား၏ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်, တရားတော်၏ သွာခါတ အစရှိသော ခြောက်ပါးသောဂုဏ်, သံဃာတော်၏ သုပ္ပဋိပန္န အစရှိသော ကိုးပါးသော ဂုဏ်တို့၌ တစုံတယောက်သော နတ်ဖြစ်စေ, လူဖြစ်စေ, ဗြဟ္မာဖြစ်စေ မာရ်နတ်ဖြစ်စေ လာရောက်၍ နှောင့်ရှက် ဖျက်ဆီးသော်လည်း မပျက်မစီးနိုင်အောင် မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံပြီးသား ဖြစ်ပါတော့သည်၊ တမလွန်လောကသို့ ရောက်သော်လည်း မပျက်စီးနိုင်သော သီလနှင့် ပြည့်စုံသူ ဖြစ်ပါပေသည်၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားဟု ပြန်ကြား လျှောက်ထားသည်တွင်——

တသ္မာတိဟ တွံ ဒီဃာဝု ဣမေသု စတူသု သောတာပတ္တိယင်္ဂေသု ပတိဋ္ဌာယ ဆ ဝိဇ္ဇာဘာဂိယေ ဓမ္မေ ဥတ္တရိ ဘာဝေယျာသိ-အစရှိသည်ဖြင့်——

## ဝိဇ္ဇာဘာဂိယ တရားခြောက်ပါး

ချစ်သား ဒီဃာဝု....၊ သို့ရကား ထိုသို့ သင်ချစ်သားသည် သောတာပတ္တိ အင်္ဂါလေးပါးနှင့် ပြည့်စုံပြီးသူ ဖြစ်ရကား သောတာပန်တည်ပြီးသူ ဖြစ်ရကား အသင် ချစ်သား ဒီဃာဝုသည် ထို့ထက်အလွန် တဆင့်တိုး၍ ဝိဇ္ဇာဘာဂိယ အထက်ဖြစ်သော မဂ်ဉာဏ်တို့သို့ ရောက်စေတတ်သည့် အဘို့အစုရှိသော အနိစ္စသညာတရား, ဒုက္ခသညာ, အနတ္တသညာ, ပဟာနသညာ, ဝိရာဂသညာ,

နိရောဓသညာ တည်းဟူသော ဝိဇ္ဇာဘာဂိယတရား ခြောက်မျိုးတို့ကို သင်ချစ်သား ပွါးများပါလေဟု ဩဝါဒစကား မိန့်ကြားတော် မူခဲ့ပါပေသည်။

ထိုအခါ ဒီဃာဝု သီတင်းသည်က ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရား ဟောကြားတော်မူသည့် အထက်မဂ်အလို့ငှါ ပွါးများရမည့် ဝိဇ္ဇာဘာဂိယ တရား ခြောက်မျိုးတို့သည် တပည့်တော်သန္တာန်ဝယ် ထင်လျက်နေပါတော့သည်၊ တပည့်တော်သန္တာန်၌ ထင်ရှားရှိပါသည်၊ တပည့်တော်သည် ထိုတရားခြောက်မျိုးတို့၌ ထင်၍ပင် နေပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်သည်ကား ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ အနိစ္စဟု ရှု၍ရင်း အနိစ္စဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ဒုက္ခသညာရှိသည်ဖြစ်၍ရင်း ဒုက္ခဖြစ်သော သင်္ခါရဓမ္မတို့၌ အနတ္တသညာရှိသည် ဖြစ်၍ရင်း ပဟာနသညာ ဝိရာဂသညာ နိရောဓသညာ ရှိသည်ဖြစ်၍ရင်း ဤခြောက်ပါးသော ဝိဇ္ဇာဘာဂိယတရားတို့နှင့် တပည့်တော်သည် အခါခပ်သိမ်း နေခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ သိစေကာမူ တပည့်တော်၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံဖြစ်ပါသည်၊ တပည့်တော်၏ မွေးသဘခင် ကျေးဇူးရှင် ဖြစ်ပါသော ဤဇောတိက အမည်ရှိသော သူကြွယ်သည် တပည့်တော် စုတိပြတ်ကြွေ သေလွန်ခြင်းကို အကြောင်းပြု၍ မပင်ပန်း မနွမ်းနယ် မငိုကြွေး မမြည်တမ်းပါစေလင့် ဟု တပည့်တော် စိတ်သန္တာန် အကြံဖြစ်ပါသည်ဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည်။

ထိုအခါ ဇောတိကသူကြွယ်က——

မာ တွံ တာတ ဒီဃာဝု ဧဝံ မနသာကာသိ။

ချစ်သား ဒီဃာဝု....၊ ချစ်သားသည် ဤသို့ နှလုံးမသွင်းပါလင့်....။

ဣင်္ဃ တွံ တာတ ဒီဃာဝု ယဒေဝ တေ ဘဂဝါ အာဟ၊ တဒေဝ တွံ သာဓုကံ မနသိကရောဟိ။

ချစ်သား ဒီဃာဝု....၊ ငါတိုက်တွန်းပါသည်ကား သင့်အား မြတ်စွာဘုရားသည် အကြင်ခြောက်ပါးသော ဝိဇ္ဇာဘာဂိယတရားကို ဟောပြတော်မူပါပေ၏၊ ထိုသဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဝိဇ္ဇာဘာဂိယ

ဩဝါဒ အဆုံးအမ စကားကို သာလျှင် သင်ချစ်သား ရှိသေမြဲမြံစွာ နှလုံးသွင်းပါဟု ပြန်ကြားပြောဆိုခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဒီဃာဝု သီတင်းသည်အား ဤဆိုအပ်ပြီးသော ဝိဇ္ဇာဘာဂိယ ဓမ္မဒေသနာ ဩဝါဒ အဆုံးအမစကားကို ဟောကြားတော်မူပြီးလျှင် ပြန်ကြွတော်မူခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ပြန်ကြွတော်မူ၍ မကြာမြင့်မီပင်လျှင် ဒီဃာဝု သီတင်းသည်သည် စုတိပြတ်ကြွေ သေလွန်ခဲ့ပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က ဘုရားထံမှောက် သွားရောက်ပြီးလျှင်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဒီဃာဝုသီတင်းသည်ကို ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် အကျဉ်းချုပ်အားဖြင့် ဝိဇ္ဇာဘာဂိယ တရားခြောက်ပါး အဆုံးအမ ဩဝါဒစကားဖြင့် ဟောကြားဆုံးမအပ်ခဲ့ပါသည်၊ ထိုဒီဃာဝု သီတင်းသည်ကား ယခုအခါ စုတိပြတ်ကြွေ သေလွန်ခဲ့ပါသည်၊ ထိုဒီဃာဝု သီတင်းသည်၏ ဉာဏ်တည်းဟူသော အလား ဉာဏ်တည်းဟူသော ရောက်ရာ အဘိသမ္ပရာယ ဂတိတရားကား အဘယ်သို့ ဖြစ်ပါသနည်း ဟု လျှောက်ထားခဲ့ပါသည်။

## သုဒ္ဓါဝါသဘုံသို့ လားခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက——

ပဏ္ဍိတော ဘိက္ခဝေ ဒီဃာဝု ဥပါသကော။

ချစ်သားရဟန်းတို့....၊ဒီဃာဝု သီတင်းသည်ကား ကြီးကျယ်သော ဉာဏ်ပညာရှိသူ ဖြစ်ပါပေသည်။

ပစ္စပါဒိ ဓမ္မဿာနုဓမ္မံ။

ချစ်သား ရဟန်းတို့....၊ဒီဃာဝု သီတင်းသည်ကား လောကုတ္တရာ ကိုးပါးအားလျော်သော ဝိပဿနာဉာဏ် အထွဋ်အထိပ်သို့ ရောက်အောင် ကြိုးကုတ်အားထုတ်ခဲ့ပါပေသည်။

န စ မံ ဓမ္မာဓိကရဏံ ဝိဟေဌေဿသိ။

ငါဘုရားကို တရားတည်းဟူသော အကြောင်းကြောင့် များစွာ ဟောကြားမှု မပြုရဘဲ အကျဉ်းချုပ်မျှ ဟောကြားခြင်းဖြင့် အနာဂါမိဖိုလ်ရောက်ပေါက်ခဲ့သူ ဖြစ်သဖြင့် ငါဘုရားကို တရား တည်းဟူသော အကြောင်းကြောင့်လည်း ဒီဃာဝု သီဘင်းသည်သည် မနှိပ်စက် မညှဉ်းပန်းခဲ့ပေ။

ဒီဃာဝု ဘိက္ခဝေ ဥပါသကော ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကော တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော တသ္မာ လောကာ။

ချစ်သား ရဟန်းတို့....ဒီဃာဝု သီတင်းသည်ကား သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒ တည်းဟူသော အောက်ကာမဘုံသို့ ဆွဲဆောင်တတ်သည့် ဩရမ္ဘာဘာဂိယ သံယောဇဉ် ငါးမျိုးတို့ကို အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ ကုန်စေ ခန်းစေ ကျွမ်းစေ ဖြတ်တောက်အပ်ပြီးသည် ဖြစ်ရကား ထိုအထက်ဖြစ်သော သုဒ္ဓါဝါသ ဗြဟ္မာဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်စံမည်၊ ဤကာမဘုံသို့ တဖန် ပြန်မလာမည့်သူ ဖြစ်ပေတော့သည်ဟု ဤဒီဃာဝု ဥပါသက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ရာဇဂြိုဟ်ပြည် အရပ်ဝယ် ဒီဃာဝုသီတင်းသည်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒီဃာဝု ဥပါသကသုတ် ပြီး၏

---

## ဝေဠုဒ္ဒါရေယျသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန သောတာပတ္တိသံယုတ္တေ သတ္တမံ သံဂီတံ ဝေဠုဒ္ဒါရေယျသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။ကောသလေသု ဘန္တေ ဝေဠုဒ္ဒါရေ နာမ ကောသလာနံ ဗြာဟ္မဏဂါမေ ဝေဠုဒ္ဒါရေယျကေ ဗြာဟ္မဏဂဟပတိကေ အာရဗ္ဘ ဘာသိတံ။

ဝေဠုဒ္ဒါရေယျကာ ဘန္တေ ဗြာဟ္မဏဂဟပတိကာ ဘဂဝန္တံ ဧတဒဝေါစုံ “မယံ ဘော ဂေါတမ ဧဝံကာမာ ဧဝံဆန္ဒာ ဧဝံအဓိပ္ပါယာ ပုတ္တသမ္ဗာဓသယနံ အဇ္ဈာဝသေယျာမ။ပ။ ဇာတရူပရဇတံ သာဒိယေယျာမ၊ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျာမ၊ တေသံ နော ဘဝံ ဂေါတမော အမှာကံ ဧဝံကာမာနံ ဧဝံဆန္ဒာနံ ဧဝံအဓိပ္ပါယာနံ တထာ ဓမ္မံ ဒေသေတု၊ ယထာ မယံ ပုတ္တသမ္ဗာဓသယနံ အဇ္ဈာဝသေယျာမ။ပ။ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျာမာ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “အတ္တူပနာယိကံ ဝေါ ဂဟပတယော ဓမ္မပရိယာယံ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမီ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် သောတာပတ္တိသံယုတ်၌ သတ္တမသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားသော ဝေဠုဒ္ဒါရေယျ မည်သော သုတ္တန်ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ် သိသော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသလတိုင်း အဝင်အပါ ဝေဠုဒ္ဒါရ အမည်ရသော ပုဏ္ဏား ရွာ၌ ဝေဠုဒ္ဒါရရွာသား များစွာသော ပုဏ္ဏားသူကြွယ်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ကောသလတိုင်း၌ ခရီးဒေသစာရီ များစွာ သော ရဟန်းတော်ဘို့နှင့်တကွ ကြွချီတော်မူသည်ရှိသော် ကောသလတိုင်း အဝင်အပါ ဝေဠုဒ္ဒါရ အမည်ရသော ပုဏ္ဏားရွာသို့ ရောက်တော်မူလတ် ပါသည်။

## ကာမဂုဏ်မစွန့်ဘဲနှင့် နတ်ပြည်လှမ်းနိုင်သည့်နည်း

ထိုအခါ ဝေဠုဒ္ဒါရရွာသား များစွာသော ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရား၏ အရဟံ အစရှိသော ကျေးဇူးဂုဏ် အပေါင်းကို ကြားကြ သဖြင့် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ လာရောက်ကြပြီး၊လျှင်“မယံ ဘော ဂေါတမ ဧဝံကာမာ ဧဝံဆန္ဒာ ဧဝံအဓိပ္ပါယာ” အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ....।အကျွန်ုပ်တို့သည်ကား ဤဆိုလတ္တံ့သော အလိုဆန္ဒ အဓိပ္ပါယ်ရှိသူတို့ ဖြစ်ကြပါပေသည်၊ သားမယားတို့နှင့် ကျပ်တည်းကျဉ်းမြောင်းစွာလည်း နေလိုကြပါကုန်သည်၊ ကာသိကတိုင်းဖြစ် စန္ဒကူးတို့ကိုလည်း အမြဲတစေ သုံးစွဲလိုကြပါပေကုန်သည်၊ ပန်းနံ့သာ နံ့သာပျောင်းတို့ကိုလည်း ဆင်ယင်သုံးဆောင်လိုကြပါကုန်သည်၊ ရွှေငွေကိုလည်း သာယာလိုကြပါကုန်သည်၊ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏ လားရာဖြစ်သော သုဂတိဘုံဘဝသို့လည်း ရောက်လိုကြပါကုန်သည်။

အို အရှင်ကြီးဂေါတမ....।ထိုသို့ အလိုဆန္ဒ အဓိပ္ပါယ်ရှိကြသော အကျွန်ုပ်တို့အား အရှင်ကြီးဂေါတမသည် သားမယားတို့နှင့်လည်း နေနိုင်အောင် ကာသိကတိုင်းဖြစ် စန္ဒကူးနှစ်တို့ကိုလည်း သုံးဆောင်နိုင်အောင် ပန်းနံ့သာ နံ့သာပျောင်းတို့ကိုလည်း ဆင်မြန်းနိုင်လေအောင် ရွှေငွေကိုလည်း သာယာနိုင်လေအောင် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် နတ်ရွာသုဂတိသို့လည်း လားရလေအောင် တရားဓမ္မ ဟောပြတော်မူပါ ဟု လျှောက်ထားခဲ့ပါသည်။

## ကိုယ်ချင်းစာ တရား

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အတ္တူပနာယိကံ ဝေါ ဂဟပတယော ဓမ္မပရိယာယံ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမိ" အစရှိသည်ဖြင့်—

ဝေဠုဒွါရ ရွာသား....।များစွာသော ပုဏ္ဏားသူကြွယ်တို့....।သင်တို့အား ငါဘုရားသည် မိမိကိုယ်သို့ ကပ်၍ ဆောင်အပ်သော ကိုယ်ချင်းစာဖြစ်သော ဓမ္မပရိယာယတရားစကားကို ဟောကြားပေမည်၊ သို့ ကိုယ်ချင်းစာတရားကို သင် ဝေဠုဒွါရ ရွာသား ပုဏ္ဏားသူကြွယ်တို့သည် နာယူကြကုန်၊ မြဲမြံစွာ နှလုံးသွင်းကြကုန်၊ အကျယ်အားဖြင့် ငါဘုရားဟောကြားအံ့ ဟု တိုက်တွန်းတော်မူပြီးလျှင် "ကာာမော စ ဂဟပတယော အတ္တူပနာယိကော ဓမ္မပရိယာယော" အစရှိသည်ဖြင့်—

ဝေဠုဒ္ဒါရရွာသား....၊အို ပုဏ္ဏားသူကြွယ်တို့....ကိုယ်ချင်းစာတရား ဟူသည် အဘယ်နည်းဟူမူကား ဤလောကဝယ် ငါ့ဘုရား၏ တပည့်သား သာဝကသည် ဤသို့ ဆင်ခြင် စဉ်းစားပေသည်။

ငါသည် အသက်ရှည်လိုသောသူ မသေလိုသောသူ ဖြစ်ခဲ့ပါပေ၏၊ ချမ်းသာ သုခကိုသာ အလိုရှိ၍, ဆင်းရဲဒုက္ခကို အလိုမရှိသော သူဖြစ်ပါပေ၏၊ အသက်ရှည်လိုသူ ချမ်းသာလိုသူ ဖြစ်ပါလျက် ငါ့ကို တစုံတယောက်သော သူက ဇီဝိတိန္ဒြေမှ အကယ်၍ ချခဲ့သည်ရှိသော် ငါသည် ထိုသူ၏အမှုကို မနှစ်သက် မမြတ်နိုးနိုင်ပါ။

ထို့အတူပင်လျှင် ငါသည်လည်း သူတပါးကို အသက်ရှည်လိုသော ချမ်းသာလိုသောသူ ဖြစ်ပါလျက် ထိုသူတပါးကို ဇီဝိတိန္ဒြေမှ ချမိငြားအံ့၊ သတ်မိငြားအံ့၊ ထိုငါပြုမိသောအမှုကိုလည်း ထိုသူတပါးသည် နှစ်သက်နိုင်မည် စိတ်နှလုံးကို ပွါးစေနိုင်မည် မဟုတ်တန်ရာ။

အကြင်တရားကို ငါသည် မနှစ်သက်အပ်၊ ထိုတရားကို သူတပါးတို့လည်း မနှစ်သက်အပ်ချေ၊ အကြင်တရားကို ငါမနှစ်သက်အပ်၊ ထိုငါမနှစ်သက်အပ် မမြတ်နိုးအပ်သော တရားကို အဘယ်မှာလျှင် ငါသည် သူတပါးအား ထို ပါဏာတိပါတ ဒုစရိုက်မျိုးဖြင့် ယှဉ်စေအံ့ ပြုပါအံ့နည်း ဟု ကြံစည်ပြီးလျှင် မိမိကိုယ်တိုင်လည်း ပါဏာတိပါတမှ ရှောင်ကြဉ်ခဲ့ပေသည်၊ သူတပါးကိုလည်း ပါဏာတိပါတမှ ရှောင်ကြဉ်ဘို့ရန် ဆောက်တည်စေခဲ့ပေသည်၊ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးစကားကိုလည်း ပြောကြားခဲ့ပေသည်။

ဤသို့လျှင် ထိုပုဂ္ဂိုလ်၏ ကိုယ်ကျင့်တရားသည် သုံးပါးသော အစွန်းမှ လွတ်ကာ စင်ကြယ်သော ကိုယ်ကျင့်တရား ဖြစ်နိုင်ပေသည်။

ဝေဠုဒ္ဒါရ....ရွာသား များစွာသောသူကြွယ်အပေါင်းတို့....၊ထိုနည်းအတူပင်လျှင် ဤလောက၌ ငါ့ဘုရား၏ တပည့်သား သာဝကသည် ဤသို့ ဆင်ခြင်ပေ၏။

အမှုက်မထင် အကြင်တစုံတယောက်သော သူသည် ငါ၏ဥစ္စာကို ခိုးယူငြားအံ့။

ငါ၏ သားမယားတိကို လွန်ကျူးငြားအံ့။

မုသာဝါဒ စကားဖြင့် ငါ၏အကျိုးစီးပွါး ပျက်ပြားအောင် ပြုလုပ်ငြားအံ့။

ငါ၏ အဆွေခင်ပွန်းတို့နှင့် ကုန်းချောစကား ပြောကြားခြင်းဖြင့် ကွဲပြားစေငြားအံ့။

ငါ့ကို ကြမ်းတမ်းသော ဆဲရေးတိုင်းထွာသော စကားဖြင့် ပြောဆိုငြားအံ့။

ငါ့ကို အကျိုးမရှိ ပြိန်ဖျင်းသော စကားဖြင့် ပြောဆိုငြားအံ့၊

ထိုသူတို့ပြုလုပ်အပ်သမျှသော အဒိန္နာဒါန် အမှု, ကာမေသုမိစ္ဆာစာရ အမှု, မုသာဝါဒအမှု, ပိသုဏဝါစာ,ဖရုသဝါစာ, သမ္ဖပ္ပလာပအမှုတို့ကို ငါသည် နှစ်သက်နိုင်မည် မဟုတ်ချေ။

ထို့အတူ ငါသည်လည်း အကယ်၍ သူတပါး၏ဥစ္စာကို ခိုးယူငြားအံ့။

သူတပါးတို့၏ သားမယားကို လွန်ကျူးပါငြားအံ့။

မုသာဝါဒစကား ပြောကြားခြင်းဖြင့် သူတပါးတို့၏ အကျိုးကို ပျက်စီးစေငြားအံ့။

သူတပါးကို ကုန်းချောစကားဖြင့် အဆွေခင်းပွန်းတို့နှင့် ကွဲပြားအောင် ပြုလုပ်ငြားအံ့။

သူတပါးကို ဆဲရေးတိုင်းထွာ ရိုင်းပြကြမ်းတမ်းသော စကားကို ပြောဆိုငြားအံ့။

သူတပါးကို အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုငြားအံ့၊

ထိုသူတပါးသည်လည်း ထိုငါပြုသမျှ ပြောသမျှသော အဒိန္နာဒါန်ကံ, ကာမေသုမိစ္ဆာစာရကံ, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ တည်းဟူသော ကာယ ဝစီဒုစရိုက် အမှုများကို နှစ်သက်နိုင်မည်မဟုတ်ချေ။

အကြင် ဒုစရိုက်တရားကို ငါသည် မနှစ်သက်အပ်၊ ထိုဒုစရိုက်တရားကို သူတပါးသည်လည်း မနှစ်သက်အပ်ချေ၊ မိမိမနှစ်သက်သော ဒုစရိုက်တရားဖြင့်

ငါသည် သူတပါးကို အဘယ်မှာလျှင် ယှဉ်စေသင့်ပါအံ့နည်းဟု ကြံစည် စဉ်းစားပြီးလျှင် မိမိကိုယ်တိုင်လည်း အဒိန္နာဒါန်မှ ရှောင်ကြဉ်၊ကာမေသုမိစ္ဆာ စာရ, မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခဲ့ပေ သည်၊ သူတပါးကိုလည်း အဒိန္နာဒါန်မှ ရှောင်ကြဉ်ဘို့ရန် ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတို့မှ ရှောင်ကြဉ်စေဘို့ရန် ဆောက်တည်စေခဲ့ပါသည်။

အဒိန္နာဒါန်မှ ရှောင်ကြဉ်ခြင်း, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ,ပိသုဏာ ဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း၏ အကျိုးကျေးဇူး စကား ကိုလည်း အကျယ်အားဖြင့် ဟောကြားခဲ့ပေသည်။

ဝေဠုဒ္ဒါရရွာသား....အိုများစွာသော သူကြွယ်အပေါင်းတို့....၊ဤသို့လျှင် ထိုငါဘုရား၏ တပည့်သား သာဝကဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်ကျင့်တရား, ဝစီသမာစာရ တည်းဟူသော နှုတ်ကျင့်တရားသည် ဆိုအပ်ပြီးသော အတိုင်း မိမိကိုယ်တိုင်ပင် ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း, သူတပါးကိုလည်း ရှောင်ကြဉ်ဘို ရန် ဆောက်တည်စေခြင်း, ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးစကားကို ပြောကြားခြင်း တည်းဟူသော သုံးပါးသော အဖို့အစုဖြင့် စင်ကြယ်နိုင်ရာ ပါသည်။

## အာကင်္ခနိယဌာန လေးပါး

ဝေဠုဒ္ဒါရရွာသား များစွာသော ပုဏ္ဏားသူကြွယ်အပေါင်းတို့....၊ ထိုသို့ သော ငါဘုရား၏တပည့်သား သာဝကသည် မြတ်စွာဘုရားသည် အရဟံ အစရှိသော ကျေးဇူးဂုဏ်,တရားတော်၏ သွာခါတ အစရှိသော ကျေးဇူးဂုဏ်, သံဃာတော်၏ သုပ္ပဋိပန္နတာ အစရှိသော ကျေးဇူးဂုဏ်တို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်လည်း ပြည့်စုံပေသည်၊ မကျိုးမပေါက် မပြောက်မကျား တော်လှန်မင်းစစ် ဖြစ်၍ တဏှာမာနတို့ဖြင့် မသုံးသပ်အပ် သော သမာဓိကို ဖြစ်စေတတ်သော အရိယာအရှင် သခင်တို့သည် အသက် တမျှ မြတ်နိုးအပ်သော သီလဂုဏ်နှင့်လည်း ပြည့်စုံပေ၏။

ဝေဠုဒ္ဒါရရွာသား များစွာသော သူကြွယ်အပေါင်းတို့....၊ ငါဘုရား၏ တပည့်သား သာဝကသည် အကြင်အခါ၌ ဆိုအပ်ပြီးသောအတိုင်း ကာယ

ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါးနှင့် စပ်၍ သုံးပါးသော အစွန်းရှိသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်ပြီး ဖြစ်ပေတော့သည်။

ဤဆိုအပ်ပြီးသော အာကင်္ခနိယဋ္ဌာန သောတာပတ္တိ အင်္ဂါလေးပါး ဖြစ်သော ဘုရား၌ သက်ဝင်ကြည်ညိုခြင်း တရား၌ သက်ဝင်ကြည်ညိုခြင်း, သံဃာတော်၌ သက်ဝင်ကြည်ညိုခြင်း, မပျက်စီးနိုင်သော အရိယာတို့သည် အသက်တမျှ မြတ်နိုးအပ်သော သီလနှင့် ပြည့်စုံခြင်း တည်းဟူသော အင်္ဂါ လေးပါးနှင့်လည်း ပြည့်စုံခဲ့ပေသည်။

ထိုသို့ သဘောရှိသော ငါဘုရား၏ တပည့်သား သာဝကသည် ငါတမူ ကား ငရဲဘဝ ကုန်ခန်းလေပြီ၊ ငါတမူကား တိရစ္ဆာန်ဘဝကုန်ခန်းလေပြီ၊ ငါ တမူကား ပြိတ္တာဘဝကုန်ခန်းလေပြီ၊ ငါတမူကား အပါယ်ဒုဂ္ဂတိ ဝိနိပါတဘေးမှ အကြွင်းမဲ့ ကုန်ခန်းလေပြီ၊ ငါသည် သောတာပန်ဖြစ်လေပြီ၊ ငါသည် ဖရိုဖရဲ ကြဲ၍ ပျက်စီးခြင်း သဘောမရှိတော့ပြီ၊ ငါသည် အထက်မဂ်အဘို့ရန် မြဲတော့ ပြီ၊ အထက်မဂ်လျှင် လည်းလျောင်းရာ ပန်းအောင်းရာ ရှိတော့ပြီ ဟု မိမိကိုယ် ကို မိမိသောတာပန် ဟူ၍ ဝန်ခံလိုမူ ဝန်ခံနိုင်ကြောင်း ပြောကြားလိုမူ ပြော ကြားနိုင်ကြောင်းကို အကျယ်တဝင့် ဖွင့်ပြ၍ ဒေသနာတော်၏ အဆုံးဝယ် ဝေဠုဒွါရရွာသား များစွာသော ပုဏ္ဏားသူကြွယ်တို့ သရဏဂုံ တည်သော ဤဝေဠုဒွါရေယျ အမည်ရသော သုတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ် ကြောင့် ကောသလတိုင်း အဝင်အပါ ဝေဠုဒွါရပုဏ္ဏားရွာ၌ များစွာသော ဝေဠုဒွါရရွာသား ပုဏ္ဏားသူကြွယ်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဝေဠုဒွါရေယျသုတ် ပြီး၏

---

## သရဏာနိဝဂ်

## ပဌမ မဟာနာမသုတ်

ပု။ ။တတ္ထေဝ အာဝုသော တတိယေ သရဏာနိဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မသင်္ဂါဟကမဟာထေရေဟိ ပဌမံ သင်္ဂီတံ ပဌမမဟာနာမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ မဟာနာမံ သက္ကံ အာရဗ္ဘ ဘာသိတံ။ မဟာနာမော ဘန္တေ သက္ကော ဘဂဝန္တံ ဧတဒဝေါစ “ဣဒံ ဘန္တေ ကပိလဝတ္ထု ဣဒ္ဓဉ္စေဝ ဖီတဉ္စ ဗာဟုဇညံ အာကိဏ္ဏမနုဿံ သမ္ဗာဓဗျူဟံ၊ သော ခွါဟံ ဘန္တေ ဘဂဝန္တံ ဝါ ပယိရုပါသိတွာ မနောဘာဝနီယေ ဝါ ဘိက္ခူ သာယန္ဟသမယံ ကပိလဝတ္ထုံ ပဝိသန္တော ဘန္တေနပိ ဟတ္ထိနာ သမာဂစ္ဆာမိ၊ ဘန္တေနပိ အဿေန သမာဂစ္ဆာမိ၊ ဘန္တေနပိ ရထေန သမာဂစ္ဆာမိ၊ ဘန္တေနပိ သကဋေန သမာဂစ္ဆာမိ၊ ဘန္တေနပိ ပုရိသေန သမာဂစ္ဆာမိ၊ တဿ မယှံ ဘန္တေ တသ္မိံ သမယေ မုဿတေဝ ဘဂဝန္တံ အာရဗ္ဘ သတိ၊ မုဿတိ ဓမ္မံ အာရဗ္ဘ သတိ၊ မုဿတိ သံဃံ အာရဗ္ဘ သတိ၊ တဿ မယှံ ဘန္တေ ဧဝံ ဟောတိ ဣမမှိ စာဟံ သမယေ ကာလံ ကရေယျံ၊ ကာ မယှံ ဂတိ၊ ကော အဘိသမ္ပရာယော”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “မာ ဘာယိ မဟာနာမ၊ မာ ဘာယိ မဟာနာမ၊ အပါပကံ တေ မရဏံ ဘဝိဿတိ အပါပိကာ ကာလံ ကိရိယာ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသောတာပတ္တိသံယုတ်၌ပင်လျှင် သုံးခုမြောက် ဖြစ်သော သရဏာနိဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှေးဦးစွာ သံဂါယနာတင်ထားခဲ့သော ပဉ္စမမဟာနာမ မည်သော သုတ္တန်ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း အရပ်၌ မဟာနာမသာကီဝင်မင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း အရပ်၌ နေတော်မူလတ်သောအခါ မဟာနာမ သာကီဝင်မင်းသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက်၍“ဣဒံ ဘန္တေ ကပိလဝတ္ထု ဣဒ္ဓဉ္စေဝ ဖီတဉ္စ” အစရှိသည်ဖြင့်—

## ကပိလဝတ် နေပြည်တော်

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤကပိလဝတ် နေပြည်တော်သည်ကား ပြည့်လည်း ပြည့်စုံလှပါပေ၏၊ စည်လည်း စည်ပင်လှပါပေ၏၊ များစွာသော လူအပေါင်းလည်း ရှိပါပေ၏၊ ပြွမ်းသောလူများလည်း ရှိပါ၏၊ ကျပ်တည်းကျဉ်းမြောင်းသော လမ်းခရီးမလည်း ရှိပါပေ၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုတပည့်တော်သည် ရှင်တော်ဘုရားကိုရှင်း စိတ်နှလုံးကို ပွါးစေတော်မူတတ်သည့် ရဟန်းတော်အရှင်သူမြတ်တို့ကိုရှင်း ချဉ်းကပ်ခစား တရားနာပြီးလျှင် ညနေချမ်း အခါ ကပိလဝတ်ပြည်တွင်းသို့ ဝင်သောအခါ၌ တလျှပ်လျှပ်လှုပ်သော မျက်စိလည် လမ်းမှား၍ လာသော ဆင်နှင့်ရှင်း မြင်းနှင့်ရှင်း ရထားနှင့်ရှင်း လှည်းနှင့်ရှင်း ယောကျ်ားနှင့်ရှင်း တပည့်တော် တွေ့ကြုံရပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊သို့တွေ့ကြုံရသော တပည့်တော်၏ စိတ်သန္တာန်ဝယ် ထိုအခါ၌ ရှင်တော်ဘုရားကို အာရုံပြု၍ ဖြစ်သောသတိ, တရားတော်ကို အာရုံပြု၍ ဖြစ်သောသတိ, သံဃာတော်ကို အာရုံပြု၍ ဖြစ်သောသတိဘရားတွေ မေ့လျော့၍ သွားပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုတပည့်တော်အား ဤသို့ အကြံဖြစ်ပါသည် "ငါသည် အကယ်၍များ ဤအခါဝယ် စုတိ ပြတ်ကြွေ သေလွန်၍ သွားပါငြားအံ့၊ ငါ၏တမလွန်ဘဝ လားရာဂတိကား အဘယ်သို့ သဘောရှိပါလိမ့်မည်နည်း ဟု တပည့်တော် အကြံအစည် ဖြစ်ခဲ့ပါသည်" ဟု လျှောက်ထားလတ်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "မာ ဘာယိ မဟာနာမ၊ မာ ဘာယိ မဟာနာမ" အစရှိသည်ဖြင့်—

### တရားငါးပါး

မဟာနာမ သာကီဝင်....၊အသင်သည် မကြောက်ပါလင့်၊ မဟာနာမ သာကီဝင်....၊အသင်သည် မကြောက်ပါလင့်၊ သင်၏သေခြင်းကား မယုတ်မာသော သေခြင်းပင် ဖြစ်ပါလိမ့်မည်၊ မဟာနာမ သာကီဝင်....၊ဤလောကဝယ် တစုံတယောက်သော ပုဂ္ဂိုလ်၏ စိတ်ကား သဒ္ဓါ သီလ သုတ စာဂ ပညာ

တည်းဟူသော ကောင်းမြတ်သောတရား ငါးပါးတို့ဖြင့် အမြဲတစေ ထုံအပ်ပါပေ၏၊ ထုံအပ်သော စိတ်ဖြစ်၍ နေပါပေ၏။

မဟာနာမ သာကီဝင်....၊ ထိုသို့ သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားငါးပါးဖြင့် အမြဲတစေ ပွါးများထုံအပ်သော စိတ်ရှိသောပုဂ္ဂိုလ်၏ ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ ရရှိသော ဤကိုယ်ကို စုတိပြတ်ကြွေ သေလွန်ခဲ့သည်ရှိသော် ကျီး ငှင်းတ တောခွေး အိမ်ခွေး အထူးထူးသော ပိုးမွှားသတ္တဝါတို့သည် စားကြပေလိမ့်မည်။

ထိုပုဂ္ဂိုလ်သန္တာန်ဝယ် အဖန်ဖန် သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော ကောင်းမြတ်သော တရား ငါးပါးတို့ဖြင့် ထုံအပ် လေ့လာအပ် ပွါးများအပ်သော စိတ်သည်ကား အထက်ဖြစ်သော နတ်ရွာသုဂတိ အထက်အထက်ဖြစ်သော မဂ်ဖိုလ်သို့ပင် ရောက်အောင် ပို့ဆောင်ပေလိမ့်မည်။

## ရေထည်း၌ ဆီအိုးခွဲလိုက်သလို

မဟာနာမသာကီဝင်....၊လောကဥပမာအားဖြင့် တစုံတယောက်သောယောကျ်ားသည် ထောပတ်အိုးကိုပင် ဖြစ်စေ, ဆီဦးအိုးကိုပင် ဖြစ်စေ, နက်လှစွာသော ရေအိုင်၏အတွင်းဝယ် နှစ်၍ ထိုဆီဦးအိုး ထောပတ်အိုးကို ခွဲလိုက်သည်ရှိသော် ထိုဆီဦးအိုး ထောပတ်အိုး အတွင်း၌ အကြင်သို့သော သဘောရှိသော ကျောက်စရစ်ခဲ အိုးခြမ်းခဲတို့သည် ရှိကုန်သည်၊ ထိုကျောက်စရစ် အိုးခြမ်းခဲတို့သည်ကား အောက်မြေပြင်အရပ်သို့ သက်ဆင်းကြကုန်သည်၊ ထိုထောပတ်အိုး ဆီဦးအိုးတို့ဝယ် ပါရှိသော ထောပတ်ဆီတို့သည်ကား ရေအပြင်ဝယ် အပေါ်မှ သွားလေ့ရှိကြပေကုန်သည်။

ထို့အတူပင်လျှင် မဟာနာမသာကီဝင်....၊တစုံတယောက် အမှတ်မထင် အကြင်သို့သဘောရှိသော ပုဂ္ဂိုလ်၏ စိတ်သန္တာန်အစဉ်သည် သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားငါးပါးတို့ဖြင့် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ပွါးများထုံအပ်သည် ဖြစ်ငြားအံ့၊ ထိုသို့ သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားငါးပါးတို့ဖြင့် ပွါးထုံအပ်သော စိတ်နှလုံးရှိသော ပုဂ္ဂိုလ်၏ ဤလူ့ဘဝ ရူပကာယသည် စုတိပြတ်ကြွေ သေလွန်လတ်သည်ရှိသော် ဤရူပကာယကို ကျီး ခွေး ငှင်းတ အစရှိသော သတ္တဝါတို့သည် ခဲရစ်ကြ စားရစ်ကြလိမ့်မည်။

ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ် သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားငါးပါးတို့ဖြင့် အဖန်ဖန် နေ့ရှည်ရက်လျား ထုံအပ် ပွါးများအပ်သော စိတ်သန္တာန်အစဉ်သည်ကား အထက်ဖြစ်သော နတ်ရွာသုဂတိ အထက်ဖြစ်သော မဂ်ဖိုလ်သို့ပင် ဆောင်၍ သွားပါလိမ့်မည်။

မဟာနာမသာကီဝင်....၊သင်၏ စိတ်သန္တာန်အစဉ်ကား ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားငါးပါးတို့ဖြင့် ပွါးအပ်ပြီး ထုံအပ်ပြီးပင် ဖြစ်တော့သည်။

မာ ဘာယိ မဟာနာမ၊ မာ ဘာယိ မဟာနာမ။

မကြောက်ပါလင့် မဟာနာမသာကီဝင်၊ မကြောက်ပါလင့် မဟာနာမ သာကီဝင်၊ သင်၏ သေခြင်းသည်ကား မယုတ်မာသော သေခြင်း ကောင်းသော သေခြင်းပင် ဖြစ်လိမ့်မည်ဟု ပဌမ မဟာနာမ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဌုပ္ပတ်ကြောင့် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းအရပ်ဝယ် မဟာနာမ သာကီဝင်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဌမ မဟာနာမသုတ် ပြီး၏

---

## ဒုတိယ သရဏာနိသက္ကသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဓမ္မသံဂါဟကမဟာထေရေဟိ ပဌမံ သံဂီတံ ဒုတိယသရဏာနိသက္ကသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ မဟာနာမံယေဝ သက္ကံ အာရဗ္ဘ ဘာသိတံ။

မဟာနာမော ဘန္တေ သက္ကော ဘဂဝန္တံ ဧတဒဝေါစ "ဣဓ ဘန္တေ သရဏာနိ သက္ကော ကာလင်္ကတော၊ သော ဘဂဝတာ ဗျာကတော 'သောတာပန္နော အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော'တိ။ တတြ သုဒံ ဘန္တေ သမ္ဗဟုလာ သက္ကာ သင်္ဂမ္မ သမာဂမ္မ ဥဇ္ဈာယန္တိ ခီယန္တိ ဝိပါစေန္တိ 'အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ

ဘော၊ ဇွေ့ ဒါနိ ကော န သောတာပန္နော ဘဝိဿတိ၊ ယတြ ဟိ နာမ သရဏာနိ သက္ကော ကာလင်္ကတော၊သော ဘဂဝတာ ဗျာကတော 'သောတာပန္နော အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာ-ယဏော'တိ၊ သရဏာနိ သက္ကော သိက္ခာယ အပရိပူရကာရီ အဟော-သီ"တိ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယော သော မဟာနာမ ဒီဃရတ္တံ ဥပါသကော ဗုဒ္ဓံ သရဏံ ဂတော၊ ဓမ္မံ သရဏံ ဂတော၊ သံဃံ သရဏံ ဂတော၊ သော ကထံ ဝိနိပါတံ ဂစ္ဆေယျာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသရဏာနိဝဂ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ငါးခုခြောက် ပဌမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားသော ဒုတိယ သရဏာနိသက္ကသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းအရပ်၌ မဟာနာမသာကီဝင်ကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

## သောတာပန်မတည်သူ ရှိနိုင်ဦးမလား

သဗ္ဗညုမြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းအရပ်၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ကပိလဝတ်ပြည်အတွင်းဝယ် သရဏာနိ အမည်ရသော သာကီဝင်မင်းသည် စုတိပြတ်ကြွေ သေလွန်ခဲ့ပါသည်။

ထိုသရဏာနိအမည်ရသော သာကီဝင်ကို သဗ္ဗညုမြတ်စွာဘုရားကလည်း သောတာပန်ဟူ၍ ဗျာဒိတ်စကား ကြားတော်မူအပ်ပြီး ဖြစ်ပါပေသည်။

သို့ သရဏာနိ သာကီဝင် စုတိပြတ်ကြွေ သေလွန်ရာ၌ များစွာသော သာကီဝင်အပေါင်းတို့သည် စည်းဝေးညီမူကြပြီးလျှင် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြပါကုန်သည်။ အဘယ်သို့ ပြောကြားကြကုန်သနည်းဟူမူကား—

အို အရှင်တို့....၊လက်ဖျစ်တီး၍ အံ့ခြီးစဘွယ် ရှိပါပေစွ၊ သရဏာနိ အမည်ရသော သာကီဝင်ကား စုတိပြတ်ကြွေ သေလွန်ခဲ့လေပြီ၊ ယခုအခါ ဝယ် အဘယ်သူသည် သောတာပန် မတည်ဘဲ ရှိနိုင်ပါအံ့နည်း၊ လက်တွေ့ သက်သေအားဖြင့် ဖော်ပြရပါမူကား သရဏာနိ အမည်ရသော သာကီဝင် သည် စုတိပြတ်ကြွေ သေလွန်ခဲ့လေပြီ၊ ထိုသရဏာနိ သာကီဝင်ကို သဗ္ဗညု မြတ်စွာဘုရားက သောတာပန် ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါပေ သည်၊ ထိုသရဏာနိသာကီဝင်သည် မြတ်စွာဘုရား၏ သာသနာဝယ် သီလ သိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ တည်းဟူသော သိက္ခာသုံးပါးတရားကို ဖြည့်ကျင့်လေ့ရှိသည်မဟုတ်ပါ၊ ထိုသရဏာနိ သာကီဝင်သည်ကား သိက္ခာ တရား၌ အားနည်းသော သူ ဖြစ်ပါပေသည်၊ သေရည် အရက် သောက်သည် ကို ငါတို့ မျက်မြင် ဖြစ်ပါပေသည် ဟု ကဲ့ရဲ့စကား ပြောကြားခဲ့ကြပါပေသည်။

ထိုအခါ မဟာနာမ သာကီဝင်သည် ဘုရားထံမှောက် သွားရောက်ပြီး လျှင်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ကပိလဝတ်ပြည် အတွင်းဝယ် သရဏာနိ သာကီဝင် စုတိပြတ်ကြွေ သေလွန်ခဲ့ပါပြီ၊ ထိုသရဏာ နိ သာကီဝင်ကို သဗ္ဗညုမြတ်စွာဘုရားက သောတာပန် ဟူ၍ ဗျာဒိတ်စကား ကြားတော်မူအပ်ပြီး ဖြစ်ခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုအရာဝယ် များစွာသော သာကီဝင်အပေါင်းတို့သည် ညီမူ စည်းဝေး၍ ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊ ရှုတ်ချစကား ပြောကြားကြပါကုန်သည်။

အို အရှင်တို့....၊အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ ယခု အခါ အဘယ်သူသည် သောတာပန် မဖြစ်ဘဲ ရှိပါအံ့နည်း၊ သရဏာနိ သာကီ ဝင် စင်လျက်လည်း စုတိပြတ်ကြွေ သေလွန်ခဲ့လေပြီ၊ ထိုသရဏာနိ သာကီဝင် ကိုပင်သော်လည်း သဗ္ဗညုမြတ်စွာဘုရားက သောတာပန် ဟူ၍ ဗျာဒိတ်စကား ကြားတော်မူခဲ့ပေသည်၊ သရဏာနိ သာကီဝင်သည်ကား ငါတို့ ဒိဋ္ဌမျက်မြင် အားဖြင့် သိက္ခာသုံးပါးကို ဖြည့်ကျင့်သူ မဟုတ်ဟူ၍ ပြောဆိုနေကြပါသည်ဟု သဗ္ဗညုမြတ်စွာဘုရားအား မဟာနာမသာကီဝင် လျှောက်ထားခဲ့ပါသည်။

## အပါယ်ဘုံမရောက်နိုင်သော ပုဂ္ဂိုလ်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ယော သော မဟာနာမ ဒီဃရတ္တံ ဥပါသကော ဗုဒ္ဓံ သရဏံ ဂတော၊ ဓမ္မံ သရဏံ ဂတော" အစရှိသည်ဖြင့်—

မဟာနာမ သာကီဝင်....၊အမှတ်မထင် အကြင်သို့ သဘောရှိသော ဥပါ-သကာသည် မြတ်စွာဘုရားကို ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍ ဆည်းကပ်ခြင်း ဗုဒ္ဓသရဏာဂုံ, တရားတော်ကို ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍ ဆည်းကပ်ခြင်း ဓမ္မသရဏာဂုံ, သံဃာတော်ကို ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဟူ၍ ဆည်းကပ်ခြင်း သံဃသရဏာဂုံနှင့် ပြည့်စုံ ပေ၏။

ထိုသို့ သရဏာဂုံ တည်ရှိသော ဥပါသကာပုဂ္ဂိုလ်သည် အဘယ်မှာလျှင် ဖရိုဖရဲ အပါယ်လေးပါးထည်းသို့ ကျ၍ ဆင်းရဲဒုက္ခရောက်ပါအံ့နည်း။ သုဂတိ ဘုံဘဝလျှင် လားရာရှိတော့သည်သာတည်း။

မဟာနာမ သာကီဝင်....၊အမှတ်မထင် အကြင်ပုဂ္ဂိုလ်ကို ရှည်လျားစွာ သော နေ့ညဥ့်ပတ်လုံး သရဏာဂုံ တည်သောသူ ဟု ပြောဆိုလိုပါမူ သရဏာနိ သာကီဝင်ကိုပင် ပြောဆိုရချိမ့်မည်။

မဟာနာမ သာကီဝင်....၊သရဏာနိ သာကီဝင်ကား ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး ဗုဒ္ဓ,ဓမ္မ,သံဃ သရဏာဂုံ စွဲမြဲသောပုဂ္ဂိုလ်ပင် ဖြစ်ပေသည်။

မဟာနာမ သာကီဝင်....၊သရဏာနိ သာကီဝင်သည်သာလျှင် အပါယ် ငရဲသို့ မကျသည် မဟုတ်၊ ဤလောကဝယ် ရဟန္တာပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, သောတာပန်ပုဂ္ဂိုလ်, ဤပုဂ္ဂိုလ်တို့သည်လည်း ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် တည်းဟူသော အပါယ်ဝိနိပါတမှ လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်တို့ ဖြစ်ကြလေသည်၊ သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် နှစ်မျိုးသည်ကား အပါယ်ဂုံသို့ မသွားရောက်မည့် ပုဂ္ဂိုလ်တို့ပင် ဖြစ်ပေတော့သည်။

## ညှို့ဖျင်းသော မျိုးစေ့

မဟာနာမ သာကီဝင်....၊ဒုရက္ခာတ မကောင်းသဖြင့် ဟောကြားအပ် သည့် သံသရာဝဋ်မှ မကျွတ်လွတ်စေတတ်သည့် ငါဘုရား၏ သာသနာပြင်ပ

ဓမ္မဝိနယဟူ၍ ခေါ်ယူပညတ် သမုတ်အပ်သည့် အခြားတပါးသော သာသနာကိုကား မကောင်းသော လယ်မြေဟူ၍ပင် ငါဘုရားဟောဆိုပေသည်။

ထိုနိယျာနိက မဟုတ်သော သာသနာ၌ တပည့်သား သာဝကခံ၍ ထိုဆရာတို့ ဟောကြားသည့် အတိုင်း လိုက်နာကျင့်ကြံသော ပုဂ္ဂိုလ်ကိုကား ညံ့ဖျင်းသော မအောင်မြင်သော မျိုးစေ့ဟူ၍ သာလျှင် ငါဘုရားဟောဆိုပေသည်။

## လယ်ယာမြေကောင်း

မဟာနာမသာကီဝင်....၊ လောကဥပမာအားဖြင့် ကောင်းသော မြေအရပ်ဝယ် အောင်မြင်သော မျိုးစေ့ကို စိုက်ပျိုး၍ အချိန်အခါသင့် မိုးဩကြီးရွာသွန်းလတ်သည် ရှိသော် ထိုသစ်ပင်သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်သကဲ့သို့ ထို့အတူပင်လျှင် ကောင်းစွာ ဟောကြားအပ်သော သံသရာဝဋ်မှ ထွက်မြောက်စေတတ်သည့် နိယျာနိက ဖြစ်သော ငါဘုရား သာသနာကိုကား လယ်ယာမြေကောင်း ဟူ၍ ငါဘုရားဟောဆိုပေသည်။

ဤသို့ နိယျာနိက သာသနာ၌ ဓမ္မာနုဓမ္မပဋိပတ်ကို လိုက်နာကျင့်ကြံသော ပုဂ္ဂိုလ်ကိုကား ကောင်းသော အောင်မြင်သော မျိုးစေ့ ဟူ၍ ငါဘုရား ဟောဆိုပေသည်၊ သရဏာနိ သာကီဝင်ကိုကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း၊ ကောင်းမွန် အောင်မြင်သော မျိုးစေ့ပင် ဖြစ်ပေတော့သည်။

အကြောင်းသော်ကား မဟာနာမသာကီဝင်....၊ သရဏာနိ သာကီဝင်သည် စုတိပြတ်ကြွေ သေလွန်ကာနီး အခါဝယ် သီလ သမာဓိ ပညာ တည်းဟူသော သိက္ခာတို့ကို ပြည့်စုံစွာ ကျင့်ကြံ ကြိုးကုတ် အားထုတ်၍ သွားပေသည်ဟု ဤသရဏာနိ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် မဟာနာမသာကီဝင်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒုတိယ သရဏာနိသက္ကသုတ် ပြီး၏

## ပဌမ အနာထပိဏ္ဍိကသုတ်

ပု။ ။တတ္ထ ဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ဆဋ္ဌ သံဂီတံ ပဌမအနာထပိဏ္ဍိကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အနာထပိဏ္ဍိကံ ဂဟပတိံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

အာယသ္မာ ဘန္တေ သာရိပုတ္တတ္ထေရော အာယသ္မတာ အာနန္ဒတ္ထေ-ရေန ပစ္ဆာသမဏေန သဒ္ဓိံ ယေန အနာထပိဏ္ဍိကဿ ဂဟပတိဿ နိဝေသနံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ၊ နိသဇ္ဇ ခေါ အာယသ္မာ သာရိပုတ္တော အနာထပိဏ္ဍိကံ ဂဟပတိံ အာဗာဓိကံ ဒုက္ခိတံ ဗာဠှဂိလာနံ ဧတဒဝေါစ "ကစ္စိ တေ ဂဟပတိ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ၊ နော အဘိက္ကမန္တိ၊ ပဋိက္ကမောသာနံ ပညာယတိ၊ နော အဘိက္ကမော"တိ၊ န မေ ဘန္တေ ခမနီယံ၊န ယာပနီယံ၊ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ၊ အဘိက္ကမောသာနံ ပညာယတိ၊ နော ပဋိက္ကမောတိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယထာရူပေန ခေါ ဂဟပတိ ဗုဒ္ဓေ အပ္ပသာ-ဒေန သမန္နာဂတော အဿုတဝါ ပုထုဇ္ဇနော ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ တထာရူပေါ တေ ဗုဒ္ဓေ အပ္ပသာဒေါ နတ္ထိ၊ အတ္ထိ စ ခေါ တေ ဂဟပတိ ဗုဒ္ဓေ အဝေစ္စပ္ပ-သာဒေါ 'ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ပ။ ဘဂဝါ'တိ၊ တဉ္စ ပန တေ ဗုဒ္ဓေ အဝေစ္စပ္ပသာဒံ အတ္တနိ သမနုပဿတော ဌာနသော ဝေဒနာ ပဋိပ္ပဿမ္ဘေယျာ"တိ ဧဝမာဒိနာ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။ထိုသရဏာနိ ဝဂ်ဦပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ခြောက်ခုမြောက် ဆဋ္ဌသုဘ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ပဌမအနာထပိဏ္ဍိကသုတ် မည်သော တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိ

ကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်မည်သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဓမ္မစစ်သေနာပတိ ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

## အနာထပိဏ်သူဌေး မကျန်းမာချိန်

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် အနာရောဂါ စွဲရောက်ဆဲ ဖြစ်ပါသည်။

ထိုအခါ အနာထပိဏ်သူဌေးသည် ယောကျ်ားတယောက်ကို ရှင်သာရိပုတ္တရာထံမှောက်သို့ လွှတ်၍ မိမိစကားဖြင့် ရှင်သာရိပုတ္တရာ၏ ခြေတော်တို့ကို ရှိခိုးစေပြီးလျှင် မိမိအိမ်သို့ ရှင်သာရိပုတ္တရာ မထေရ်သူမြတ် ကြွလာတော်မူဘို့ရန် ပင့်လျှောက်ခဲ့ပါသည်။

နောက်တနေ့ဝယ် အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်ကို နောက်ပါရဟန်းအဖြစ်ဖြင့် ခေါ်ဆောင်တော်မူ၍ အနာထပိဏ်သူဌေးအိမ်သို့ ကြွရောက်တော်မူပြီးလျှင် ခင်းအပ်သောနေရာ၌ ထိုင်နေတော်မူပြီး၍ "ကစ္စိ တေ ဂဟပတိ ခမနီယံ၊ ကစ္စိ ယာပနီယံ" အစရှိသည်ဖြင့်—

အနာထပိဏ်သူဌေး....၊ သင်သည် ဝေဒနာဒဏ်ကို ခံနိုင်ပါ၏လော၊ ဣရိယာပထ မျှတပါ၏လော၊ သင့်အား ဒုက္ခဝေဒနာတို့သည် မတိုးတက်ဘဲ ရှိပါ၏လော၊ ဆုတ်ယုတ်ပါကုန်၏လော၊ သင်၏ ဒုက္ခဝေဒနာတို့၏ ဆုတ်ယုတ်အံ့သော အရိပ်နိမိတ်ထင်ပါ၏လော၊ တိုးတက်အံ့သော အရိပ်နိမိတ် မထင်ဘဲရှိပါ၏လော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ အနာထပိဏ်သူဌေးက "န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ" အစရှိသည်ဖြင့်—

အို အရှင်သာရိပုတ္တရာ မထေရ်သူမြတ်ဘုရား....၊ တပည့်တော်အား ဝေဒနာဒဏ်ကို မခံနိုင်လောက်အောင်ပင် ပြင်းထန်လှပါပေသည်၊ ဣရိယာပထ

မမျှတဘဲ ရှိပါပေသည်၊ သည်းထန်လှစွာသော ဝေဒနာတို့သည် တပည့်တော်အား တိုး၍ တိုး၍ လွှမ်းမိုး၍သာ လာကြပါကုန်သည်၊ နောက်သို့ မဆုတ်နစ်ကြပါကုန်၊ ဝေဒနာအရိပ်နိမိတ် တိုးပွါးမည့် အခြင်းအရာသာထင်၍ ယုတ်လျော့မည့် အခြင်းအရာမထင် ဖြစ်ပါတော့သည် ဟု လျှောက်ထားခဲ့ပါသည်။

## ခဏအတွင်း ရောဂါငြိမ်းဆေး

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က "ယထာ ရူပေန ခေါ ဂဟပတိ ဗုဒ္ဓေ အပ္ပသာဒေန သမန္နာဂတော" အစရှိသည်ဖြင့်—

အနာထပိဏ်သူဌေး....၊အကြင်သို့သဘောရှိသော ဘုရားဝယ် မကြည်ညိုမသဒ္ဒါခြင်းဖြင့် အသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှနောက်ကာလဝယ် အပါယ်ငရဲသို့ ကျရောက်နိုင်၏၊ ထိုသို့သဘောရှိသော သဗ္ဗညုမြတ်စွာဘုရား၌ မကြည်ညိုခြင်း အသဒ္ဓိယတရား အသင်အနာထပိဏ်သူဌေးအား လုံးလုံးလျားလျားမရှိ ဖြစ်ပေသည်။

စင်စစ်မှာမူ အသင်အနာထပိဏ်သူဌေးအား သဗ္ဗညုမြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရား ထင်ရှားရှိပါပေသည်၊ အသင်အနာထပိဏ်သူဌေးသည် မိမိ၏သန္တာန်ဝယ် ထိုဆိုအပ်ပြီးသော မြတ်စွာဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း တည်းဟူသော သောတာပန်၏အင်္ဂါတရားကို အဖန်တလဲလဲ စဉ်းစားဆင်ခြင်လတ်သည်ရှိသော် ခဏအတွင်းအသင်၏ ယခုရောက်ရှိနေသော ရောဂါဝေဒနာတို့သည် ငြိမ်းနိုင်ရာပါသည်။

## မိစ္ဆတ္တတရား ဆယ်ပါး

အနာထပိဏ်သူဌေး....၊ ထိုအတူပင်လျှင် အကြင်သို့ သဘောရှိသော တရားတော်ဝယ် မကြည်ညိုခြင်း အသဒ္ဓိယ, သံဃာတော်ဝယ် မကြည်ညိုခြင်း အသဒ္ဓိယ, သီလသိက္ခာပျက်ခြင်း တည်းဟူသော ဒုဿီလျ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဉာဏ, မိစ္ဆာဝိမုတ္တိ တည်းဟူသော မိစ္ဆတ္တ တရား ဆယ်ပါးနှင့် ပြည့်စုံခြင်းကြောင့် အသုတဝန္တ ပုထုဇဉ် ပညာဗဟုဿုတ မရှိသော

အန္တဗာလပုထုဇဉ် ပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ ဝယ် အပါယ်ငရဲသို့ ကျရောက်နိုင်ပေ၏။

ထိုသို့ အပါယ်ငရဲသို့ ကျရောက်နိုင်ကြောင်း တရားတော်၌ မကြည်ညို ခြင်း အသဒ္ဓိယ, သံဃာတော်၌ မကြည်ညိုခြင်း အသဒ္ဓိယ, သီလသိတင်း ပျက်စီးခြင်း ဒုဿီလျ,မိစ္ဆာဒိဋ္ဌိ,မိစ္ဆာသင်္ကပ္ပ-အစရှိသော မိစ္ဆတ္တတရား ဆယ်ပါး အသင်အနာထပိဏ်သူဌေးအား လုံးလုံးလျားလျား မရှိ ကင်းစင်ခဲ့ပါပေသည်။

## သမ္မတ္တတရား ဆယ်ပါး

အနာထပိဏ်သူဌေး....၊ စင်စစ်သော်ကား သင်၏သန္တာန်ဝယ် တရား တော်ဝယ် မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း ဓမ္မေ အဝေစ္စပ္ပသာဒ, သံဃာ တော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း သံဃေ အဝေစ္စပ္ပသာဒ, အရိယာ တို့သည် အသက်တမျှ မြတ်နိုးအပ်သော သီလနှင့်ပြည့်စုံခြင်း အရိယကန္တ သီလသမန္နာဂတ, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဉာဏ, သမ္မာဝိမုတ္တိ တည်းဟူသော သမ္မတ္တတရား ကောင်းသော သဘောရှိသော တရားဆယ်ပါး နှင့်သာလျှင် အသင်သည် ပြည့်စုံသည် ဖြစ်ပါပေသည်။

ဤသို့လျှင် သင့်သန္တာန်၌ ထင်ရှားရှိသော တရားတော်၌ ယုံကြည်ခြင်း, သံဃာတော်၌ ယုံကြည်ခြင်း, အရိယာတို့သည် နှစ်သက်အပ်သော သီလဂုဏ် နှင့် ပြည့်စုံခြင်း သမ္မတ္တတရား ဆယ်ပါး တည်းဟူသော ဤတရားအစုကို အသင်သည် အဖန်တလဲလဲ နှလုံးသွင်းလတ်သည်ရှိသော် တခဏအတွင်း အသင်၏ ဝေဒနာများသည် ငြိမ်းလေရာ, ချုပ်လေရာ, ပျောက်လေရာပါ သည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

## ရောဂါ ပျောက်ကင်းခြင်း

ဒေသနာကို အစဉ်လျှောက်၍ အနာထပိဏ်သူဌေးသည်လည်း မိမိ သန္တာန်၌ ထင်ရှားရှိသော သောတာပတ္တိအင်္ဂါလေးပါး, သမ္မတ္တတရား ဆယ် ပါးတို့ကို ရှင်သာရိပုတ္တရာ ဟောတိုင်း ဟောတိုင်း တရားစဉ် အစဉ်တစိုက် လိုက်၍ နှလုံးသွင်းလတ် အဖန်ဖန်အောက်မေ့လတ်သည်ရှိသော် ခဏအတွင်း

မှာပင်လျှင် မိမိ၌ စွဲကပ်ရင်း ဖြစ်သော ဝေဒနာတို့သည် ငြိမ်းခဲ့ ပျောက်ခဲ့ပါပေသည်။

ထိုအခါ အနာထပိဏ်သူဌေးသည် အရှင်အာနန္ဒာ အရှင်သာရိပုတ္တရာ မထေရ်မြတ် နှစ်ပါးကို မိမိအတွက် ပြင်ဆင်၍ ထားအပ်သော ဆွမ်းဖြင့် ပြုစုလုပ်ကျွေးခဲ့ပါသည်။

ဆွမ်းစားပြီးသော အရှင်သာရိပုတ္တရာမထေရ်မြတ်ထံသို့ ချဉ်းကပ်၍ လျောက်ပတ်သော အရပ်၌ ထိုင်နေသော အနာထပိဏ်သူဌေးကို အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည်—

ယဿ သဒ္ဓါ တထာဂတေ၊ အစလာ သုပ္ပတိဋ္ဌိတာ။
သီလဉ္စ ယဿ ကလျာဏံ၊ အရိယကန္တံ ပသံသိတံ။
သံဃေ ပသာဒေါ ယဿတ္ထိ၊ ဥဇုဘူတဉ္စ ဒဿနံ။
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။
တသ္မာ သဒ္ဓဉ္စ သီလဉ္စ၊ ပသာဒံ ဓမ္မဒဿနံ။
အနုယုဉ္ဇေထ မေဓာဝီ၊ သရံ ဗုဒ္ဓါနသာသနံ။

ဟု ဒေသနာတော်အဆုံး နိဂုံးသတ်တော်မူခဲ့ပါသည်။

ဤသို့လျှင် ပဌမအနာထပိဏ္ဍိက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဓမ္မစစ်သေနာပတိ ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်သူမြတ် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဌမ အနာထပိဏ္ဍိကသုတ် ပြီး၏

---

## ပုညာဘိသန္ဒဝဂ်

## မဟာနာမသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပုညာဘိသန္ဒဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ သတ္တမံ သံဂီတံ မဟာနာမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ မဟာနာမံ သက္ကံ အာရဗ္ဘ ဘာသိတံ။

မဟာနာမော ဘန္တေ သက္ကော ဘဂဝန္တံ ဧတဒဝေါစ “ကိတ္တာဝတာ နု ခေါ ဘန္တေ ဥပါသကော ဟောတီ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတီ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသောတာပတ္တိသံယုတ်၌ပင်လျှင် ပုညာဘိသန္ဒဝဂ်၌ ရှေး သံဂါယနာတင် မဟာထေရ်မြတ်တို့ ခုနစ်ခုမြောက် သတ္တမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော မဟာနာမသုတ္တန် မည်သော တရားဒေသနာ တော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် သို့သော အဋ္ဌုပ္ပတ္တိကြောင့်၊ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည် နိဂြောဓရုံ ကျောင်းအရပ်၌ မဟာနာမသာကီဝင်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ပါသည်။

## ဥပါသကာစစ်စစ်

သဗ္ဗညုမြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓရုံကျောင်းအရပ်ဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ မဟာနာမ သာကီဝင်သည် သဗ္ဗညု မြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍—

ကိတ္တာဝတာ နု ခေါ ဘန္တေ ဥပါသကော ဟောတိ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အဘယ်မျှသော ဂုဏ်အင်္ဂါဖြင့် ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာ ဖြစ်နိုင်ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက"ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ၊ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော ဟောတိ" ဟူ၍—

မဟာနာမ သာကီဝင်....၊အကြင်အခါ၌ မြတ်စွာဘုရားကို အပါယ်ဒုက္ခကို ဟန့်တားတတ်သော ဝတ္ထုမှန်, တရားတော်ကို အပါယ်ဒုက္ခကို ဟန့်တားတတ်သော ဝတ္ထုအစစ်အမှန်, သံဃာတော်ကို အပါယ်ဒုက္ခကို ဟန့်တားတတ်သော ဝတ္ထုအစစ်အမှန် ဟူ၍ သိမြင်သော ဗုဒ္ဓသရဏဂုံ ဓမ္မသရဏဂုံ, သံဃသရဏဂုံ တည်ခဲ့ပေ၏၊ ထိုသို့ ဗုဒ္ဓ ဓမ္မ သံဃ သရဏဂုံ တည်လျှင်ပင် ဥပါသကာစစ်စစ် ဖြစ်ပေတော့သည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

## ငါးပါးသီလ လုံခြုံလျှင်

တဖန် ထပ်၍ မဟာနာမ သာကီဝင်သည် "ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော သီလသမ္ပန္နော ဟောတိ" ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ သရဏဂုံတည် ဥပါသကာသည် မည်မျှ အတိုင်းအရှည်ရှိသော ကိုယ်ကျင့်တရားဖြင့် သီလနှင့် ပြည့်စုံသော ဥပါသကာ ဖြစ်နိုင်ပါသနည်းဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက"ယတော ခေါ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော" အစရှိသည်ဖြင့်—

မဟာနာမ သာကီဝင်....၊ရတနာသုံးရပ်ကို ဆည်းကပ်သော ဥပါသကာသည် ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း အဒိန္နာဒါန် ကာမေသုမိစ္ဆာစာရ မုသာဝါဒ သုရာမေရယမှ ရှောင်ကြဉ်ခြင်း တည်းဟူသော ငါးပါးသော တရားတို့မှ ရှောင်ကြဉ်မှုကို ပြုပေ၏၊ ဤသို့ ငါးပါးသီလ ပြည့်စုံလျှင်ပင် ဥပါသကာသည် သီလနှင့်ပြည့်စုံသော သီလသမ္ပန္န ပုဂ္ဂိုလ်ဖြစ်ပေတော့သည်ဟု ဖြေကြားတော်မူခဲ့ပါသည်။

## သဒ္ဓါတရားနှင့် ပြည့်စုံသူ

တဖန် ထပ်၍ မဟာနာမ သာကီဝင်က——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ရတနာသုံးရပ်ကို ဆည်းကပ်သော ဥပါသကာသည် အဘယ်မျှသော အတိုင်းအရှည်ဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်နိုင်ပါသနည်း ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဣဓ မဟာနာမ ဥပါသကော သဒ္ဓေါ ဟောတိ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ" အစရှိသည်ဖြင့်——

မဟာနာမ သာကီဝင်....၊ရတနာသုံးရပ်ကို ဆည်းကပ်သော ဥပါသကာသည် မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကိုရင်း အရဟံအစ ဘဂဝါအဆုံးရှိသော ကိုးပါးသောဂုဏ် အလုံးစုံကိုရင်း ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံပေ၏၊ ဤသို့ ဘုရားဂုဏ်ကို သက်ဝင်ယုံကြည်သော ဥပါသကာ ဒါယကာသည် သဒ္ဓါတရားနှင့် ပြည့်စုံသော သူပင် ဖြစ်ပေတော့သည် ဟု ဖြေကြားတော်မူပါသည်။

## စာဂတရားနှင့် ပြည့်စုံသူ

တဖန် ထပ်လျှောက်၍ "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊အဘယ်မျှသော အတိုင်းအရှည်ဖြင့် ဥပါသကာ ဒါယကာသည် စွန့်ကြဲခြင်းစာဂဘုရားနှင့် ပြည့်စုံသောသူ ဖြစ်ပါသနည်းဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက မဟာနာမ သာကီဝင်....၊ဥပါသကာ ဒါယကာသည် မစ္ဆေရ အညစ်အကြေးမှ ကင်းဝေးသော စိတ်ဖြင့် မိမိအိမ်ရာကို စိုးအုပ်၍ နေပေသည်၊ လွတ်လွတ် စွန့်ကြဲလေ့ရှိပေသည်၊ အခါခပ်သိမ်း အလှူအတန်း လှူဘို့ရန် ဆေးကြောအပ်ပြီးသော လက်ဖြင့် ဖြူစင်သော စိုစွတ်သော လက်ရှိ၍ နေပေသည်၊ စွန့်လှူခြင်း၌ အမြဲတစေ မွေ့လျော်သော ပုဂ္ဂိုလ်ဖြစ်ပါပေသည်၊ ပေးလှူခြင်း ခွဲခြမ်းစိတ်ဖြာဝေဘန်ခြင်း၌ မွေ့လျော်သော ပုဂ္ဂိုလ် ဖြစ်ပါပေသည်။ ဤမျှသော အတိုင်းအရှည်ဖြင့် ဥပါသကာ

ဒါယကာသည်ကား စွန့်ကြဲခြင်း စာဂတရားနှင့် ပြည့်စုံသောသူ ဟူ၍ ခေါ်ဆိုရပေသည် ဟု ဖြေကြားတော်မူပါသည်။

## ပညာရှိ ဥပါသကာ

တဖန် ထပ်၍ မဟာနာမ သာကီဝင် မေးလျှောက်ပြန်သည်မှာ—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရတနာသုံးရပ် ဆည်းကပ်သော ဥပါသကာသည် အဘယ်မျှသော ဂုဏ်အင်္ဂါဖြင့် ပညာရှိ ဥပါသကာ ဖြစ်နိုင်ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက“ဣဓ မဟာနာမ ဥပါသကော ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော” အစရှိသည်ဖြင့်—

မဟာနာမ သာကီဝင်....၊ ရတနာသုံးရပ် ဆည်းကပ်သော ဥပါသကာ ဒါယကာသည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုမြင်တတ်သော ဥဒယဗ္ဗယ ဉာဏ်ပညာနှင့် ပြည့်စုံငြားအံ့ ထိုသို့ သဘောရှိသော ဥပါသကာ ဒါယကာသည် ပညာရှိဥပါသကာ ဒါယကာပင် မည်တော့သည်ဟု ဤမဟာနာမ အမည်ရသော အမေးပုစ္ဆာ အဖြေငါးချက်တို့ဖြင့် တန်းဆာဆင်၍ ဟောကြားရာဖြစ်သော ဤတရားဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် မဟာနာမသာကီဝင်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

မဟာနာမသုတ် ပြီး၏

---

## ကာဠိဂေါဓသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသင်္ဂါဟကမဟာထေရေဟိ နဝမံ သံဂီတံ ကာဠိဂေါဓသုတ္တံ ဘဂဝတာ ကတ္ထ ကံ ကာရဗ္ဘ ကထဠ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကာဠိဂေါဓံ နာမ သာကိယာနိံ အာရဗ္ဘ “စတူဟိ ခေါ ဂေါဓေ ဓမ္မေဟိ သမန္နာဂတာ အရိယသာဝိကာ သောတာပန္နာ ဟောတိ အဝိနိပါတဓမ္မာ နိယတာ သမ္ဗောဓိပရာယဏာ”တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပုညာဘိသန္ဒဝဂ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်ဘို့ ကိုးခုမြောက် နဝမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော ကာဠိဂောဓသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည်၌ ကာဠိဂောဓာ အမည်ရသော သာကီဝင် မင်းသမီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရာ. သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူလတ်သောအခါ သဗ္ဗညုမြတ်စွာဘုရားသည် နံနက် အခါ၌ ကာဠိဂောဓာ အမည်ရသောသာကီဝင်မင်းသမီး၏ နန်းအိမ်သို့ ကြွရောက်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပါသည်။

## သောတာပန် စင်စစ်

ကာဠိဂောဓာ အမည်ရသော သာကီဝင် မင်းသမီးသည်လည်း ဘုရားထံမှောက် ချဉ်းကပ်ပြီးလျှင် သဗ္ဗညု မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ အပြစ်ခြောက်ပါး လွှတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

သို့ ထိုင်နေသော ကာဠိဂောဓာ အမည်ရသော သာကီဝင် မင်းသမီးကို သဗ္ဗညုမြတ်စွာဘုရားက "စတူဟိ ခေါ ဂေါဓေ ဓမ္မေဟိ သမန္နာဂတာ အရိယသာဝိကာ သောတာပန္နာ ဟောတိ အဝိနိပါတဓမ္မာ နိယတာ သမ္ဗောဓိပရာယဏာ" အစရှိသည်ဖြင့်—

ချစ်သမီး ဂေါဓာ မည်သော သာကီဝင် မင်းသမီး....၊ မြတ်စွာဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, တရားတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း,သံဃာတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, မစ္ဆေရ, မှုအညစ် အကြေး ကင်းဝေးသော စိတ်ဖြင့် မိမိအိမ်ရာကို စိုးအုပ်၍ တည်နေခြင်း တည်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ငါဘုရား၏

တမည့်မ ဖြစ်သော အရိယာသာဝိကာသည် သောတာပန် စင်စစ် ဖြစ်ပေတော့သည်၊ အပါယ်ငရဲသို့ ကျရောက်၍ ဖရိုဖရဲ ပျက်စီးခြင်း သဘောမရှိတော့ပြီ၊ အထက်မဂ် အလို့ငှါ မြဲပေတော့သည် ဟု မိန့်ကြားတော်မူလတ်ပါသည်။

ထိုအခါ ကာဠိဂေါဓာ အမည်ရသော သာကီဝင် မင်းသမီးက "ယာနိ မာနိ ဘန္တေ ဘဂဝတာ စတ္တာရိ သောတာပတ္တိယင်္ဂါနိ ဒေသိတာနိ၊ သံဝိဇ္ဇန္တေ-တေ ဓမ္မာ မယိ၊ အဟဉ္စ တေသု ဓမ္မေသု သန္ဒိဿာမိ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဘုရားဂုဏ်၌ သက်ဝင်ယုံကြည်ခြင်း, တရားဂုဏ်,သံဃာဂုဏ်၌ သက်ဝင်ယုံကြည်ခြင်း, မစ္ဆေရမှုအညစ်အကြေး ကင်းဝေးသောစိတ်ဖြင့် မိမိအိမ်ကို စိုးအုပ်၍ နေခြင်းတည်းဟူသော သောတာပတ္တိအင်္ဂါ အမျိုးသမီးကောင်းတို့ လိုက်နာကျင့်ကြံရမည့် သောတာပန်၏ အင်္ဂါလေးပါးတို့ကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပါပေပြီ။

ထိုရှင်တော်ဘုရား ဟောကြားတော်မူအပ်သော သောတာပန်၏ အင်္ဂါလေးပါး တရားတို့သည်ကား တပည့်တော်သန္တာန်ဝယ် အခါခပ်သိမ်း ရှိ၍နေပါတော့သည်၊ တပည့်တော်သည် အမြဲတစေ ဤအင်္ဂါလေးပါးတရားအစု၌ ထင်၍နေပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဘုရားတပည့်တော်သည်ကား ဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်ပါသည်၊ တရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံပါသည်၊ သံဃာဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်အိမ်ဝယ် ထင်ရှားရှိသမျှသော လှူဖွယ် တန်းဖွယ် ပေးကမ်းဖွယ် ဝတ္ထုဟူသမျှ အလုံးစုံကိုပင်လျှင် သီလရှိသော မြတ်သောအကျင့်ရှိသော ပုဂ္ဂိုလ်တို့နှင့် မဝေခြမ်းအပ်သော ပစ္စည်းမျိုးပင် ဖြစ်ပါတော့သည်။

တပည့်တော်အိမ်ဝယ် ထင်ရှားရှိသော လှူရန် တန်းရန် ပေးကမ်းရန် ဖြစ်သော ပစ္စည်းဝတ္ထုကို သီလဝန္တ, ကလျာဏဓမ္မ-ကောင်းသော အကျင့်ရှိ

သော သီလရှိသော ပုဂ္ဂိုလ်တို့အား အမြဲတစေ လှူဒါန်းရန် အသင့်ရှိပါပေသည် ဟု မိမိကိုယ်ကို မိမိသောတာပန် အင်္ဂါလေးပါးနှင့် ပြည့်စုံကြောင်း လျှောက်ထားသည်တွင်—

လာဘာ တေ ဂေါဓေ၊ သုလဒ္ဓံ တေ ဂေါဓေ၊ သောတာပတ္တိဖလံ တယာ ဂေါဓေ ဗျာကတံ-ဟု သဗ္ဗညုမြတ်စွာဘုရားက—

ချစ်သမီး ကာဠိဂေါဓာ....၊ အသင်သည် ဤလူ့ဘဝ ခန္ဓာငါးပါးတို့ကို အရတော်အပ်ပါပေကုန်စွ....၊ အသင်သည် လူ့အဖြစ်ကို ကောင်းစွာ ရအပ်ပါပေစွ....၊ အသင်ချစ်သမီးသည်ကား သောတာပတ္တိဖိုလ်ကို ဖြေကြားအပ်ပါပေသည်ဟု အမျိုးသမီးတို့ဘက်မှလည်း သောတာပန်တည် ဥပါသိကာ ထင်ရှားရှိကြောင်း ထင်စွာဖော်ပြရာ ဖြစ်သော ကာဠိဂေါဓာ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သက္ကတိုင်း ကပိလဝတ်ပြည် အရပ်ဝယ် ကာဠိဂေါဓာ အမည်ရသော သာကီဝင် မင်းသမီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကာဠိဂေါဓသုတ် ပြီး၏

---

## နန္ဒိယသက္ကသုတ်

ပု။ ။တေနာဝုသော ဇာနတာ။ပ။သမ္မာသမ္ဗုဒ္ဓေန သောတာပတ္တိသံယုတ္တေ ပုညာဘိသန္ဒဝဂ္ဂေ ဒသမံ နန္ဒိယသက္ကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ နန္ဒိယံ သက္ကံ အာရဗ္ဘ ဘာသိတံ။ နန္ဒိယော ဘန္တေ သက္ကော ဘဂဝန္တံ ဧတဒဝေါစ "ယဿေဝ နု ခေါ ဘန္တေ အရိယသာဝကဿ စတ္တာရိ သောတာပတ္တိယင်္ဂါနိ သဗ္ဗေန သဗ္ဗံ သဗ္ဗထာသဗ္ဗံ နတ္ထိ၊ သွေဝ နု ခေါ ဘန္တေ အရိယသာဝကော ပမာဒဝိဟာရီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယဿ ခေါ နန္ဒိယ စတ္တာရိ သောတာပတ္တိယင်္ဂါနိ သဗ္ဗေနသဗ္ဗံ သဗ္ဗထာသဗ္ဗံ နတ္ထိ၊ တမဟံ ဗာဟိရော ပုထုဇ္ဇနပက္ခေ ဌိတောတိ ဝဒါမီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် သောတာပတ္တိသံယုတ် ပုညာဘိသန္ဒဝဂ်၌ ရှေးသံဂါယနာတင် ဆရာမြတ်တို့ ဆယ်ခုမြောက် ဒသမသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော နန္ဒိယသက္ကသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သက္ကတိုင်း အဝင်အပါ ကာပိလဝတ်ပြည် နိဂြောဓာရုံကျောင်းအရပ်၌ နန္ဒိယ သာကီဝင်မင်းကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ နန္ဒိယ သာကီဝင်သည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် “ယဿဝ နု ခေါ ဘန္တေ အရိယသာဝကဿ စတ္တာရိ သောတာပတ္တိယင်္ဂါနိ သဗ္ဗေနသဗ္ဗံ သဗ္ဗထာသဗ္ဗံ နတ္ထိ” အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အကြင်လို့သဘောရှိသော အရိယာသာဝကအား သောတာပန်၏ အင်္ဂါလေးပါး တရားတို့သည် လုံးလုံးလျားလျား မရှိပါကုန်၊ ထိုသို့သဘောရှိသော မြတ်စွာဘုရား၏ တပည့်သား သာဝက အရိယာသာဝကသည်သာလျှင် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသောသူ မည်ပါသလော ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

## ပုထုဇဉ်ပက္ခတွင် ပါဝင်သူ

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက “ယဿ ခေါ နန္ဒိယ စတ္တာရိ သောတာပတ္တိယင်္ဂါနိ သဗ္ဗေနသဗ္ဗံ သဗ္ဗထာသဗ္ဗံ နတ္ထိ” အစရှိသည်ဖြင့်—

နန္ဒိယ သာကီဝင်....၊အမှတ်မထင် အကြင်ပုဂ္ဂိုလ်အား ဘုရား တရား သံဃာတို့၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်း မကျိုးမပေါက် မပြောက်မကျားသော အရိယာတို့သည် နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်း တည်းဟူသော သောတာပတ္တိ အင်္ဂါလေးပါးတရားတို့ လုံးလုံးမရှိပါကုန်၊

ထိုသို့ သောတာပတ္တိ အင်္ဂါလေးပါးမရှိသော ပုဂ္ဂိုလ်ကို ငါဘုရားသည် အပြင် အပ ပုထုဇဉ် ပက္ခ၌ တည်သော ပုဂ္ဂိုလ်ဟူ၍သာလျှင် ဟောဆိုပေသည်။

နန္ဒိယသာကီဝင်....၊ စင်စစ်လျှင် ငါဘုရားသည် အရိယာသာဝကသည် အကြင်အခြင်းအရာအားဖြင့် နေသည်ရှိသော် မေ့လျော့၍ နေသည်မည်သည် ကိုလည်း မမေ့မလျော့ မပေါ့ မတန် နေသည် မည်သည်ကိုလည်း အကျယ်တဝင့် ဟောကြားမည်၊ နာယူလော့၊ မြဲမြံစွာ နှလုံးသွင်းလော့ ဟု မိန့်ကြားတော်မူပြီးလျှင်──

## မေ့မေ့လျော့လျော့ နေသောပုဂ္ဂိုလ်

နန္ဒိယသာကီဝင်....၊ အဘယ်သို့သော အခြင်းအရာဖြင့် ငါဘုရား၏ တပည့်သား သာဝကသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသော ပုဂ္ဂိုလ်မည်ပါသနည်း၊ ဤသာသနာတော်၌ ငါဘုရား၏တပည့်သား သာဝကသည် မြတ်စွာဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, တရားတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, သံဃာဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, အရိယာသခင်တို့ နှစ်သက်အပ်သော သီလကျေးဇူးနှင့် ပြည့်စုံခြင်း ဤသောတာပတ္တိအင်္ဂါလေးပါးတို့နှင့် ပြည့်စုံ၍ နေပေသည်။

ထိုအခါ အင်္ဂါလေးပါး တရားလေးချက် ပြည့်စုံကာမျှဖြင့် မိမိကိုယ်ကို မိမိ တင်းတိမ်အားရ ရောင့်ရဲ၍ နေပြီးလျှင် အထက်ဖြစ်သော မဂ်ဖိုလ်အလို့ငှါ နေ့အခါဝယ် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ဘို့ရန် ညအခါဝယ် တကိုယ်တည်းထည်း ကိန်းအောင်း၍ သူတော်ကောင်းတရား ပွါးများဘို့ရန် လုံ့လကြိုးကုတ် အားမထုတ်ပါမူကား ငါဘုရား၏ တပည့်သား သာဝကသန္တာန်ဝယ် နုသော ဝမ်းမြောက်ခြင်းတည်းဟူသော ပါမောဇ္ဇတရားမဖြစ်နိုင်၊ ပါမောဇ္ဇတရား မဖြစ်လျှင် ရင့်သော အားကြီးသော ဝမ်းမြောက်ခြင်း တည်းဟူသော ပီတိတရား မဖြစ်နိုင်၊ ပီတိတရား မဖြစ်လျှင် ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိတရား မဖြစ်နိုင်၊ ကိုယ်စိတ်ဘို့၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိ မဖြစ်လျှင် ချမ်းသာစွာ မနေရ၊ ဆင်းရဲစွာလျှင် နေရပေသည်၊ ဆင်းရဲစွာ နေရသည်ရှိသော် စိတ်၏ တည်ကြည်မှုကို မရရှိနိုင်၊ စိတ်မတည်ကြည်လတ်သည်ရှိသော် နှလုံးသွင်း ရမည်ဖြစ်သော သမထဝိပဿနာတရားတို့သည် မထင်ရှားဘဲ ဖြစ်ကုန် တော့သည်။

ထိုသို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသဖြင့် သမထဝိပဿနာ တရားတို့ မထင်သော မကြည်လင်သောကြောင့်ပင်လျှင် ထိုငါဘုရား၏ တပည့်သား သာဝကဖြစ်သော ပုဂ္ဂိုလ်သည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ တန်တန်နေသော ပုဂ္ဂိုလ်မည်ပေတော့သည်။

## မမေ့မလျော့သော ပုဂ္ဂိုလ်

နန္ဒိယသာကီဝင်....၊ ဤသာသနာတော်၌ ငါဘုရား၏ တပည့်သား သာဝကသည် ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း လေးပါးသော သောတာပတ္တိ အင်္ဂါတရားတို့နှင့် ပြည့်စုံ၍ နေပေ၏၊ ထိုငါဘုရား၏ တပည့် သား သာဝကသည် ထိုသောတာပတ္တိအင်္ဂါလေးပါး တရားတို့မျှဖြင့် အားရ တင်းတိမ် ရောင့်ရဲခြင်း မရှိဘဲ အထက် အထက် ဖြစ်သော မဂ်ဖိုလ်သို့ ရဘို့ရန် ရောက်ဘို့ရန် အလို့ငှါ နေ့အခါ၌ အာရုံငါးပါးမှ ဆိတ်ငြိမ်ဘို့ရန် လွှတ်ဘို့ရန် ညအခါဝယ် တကိုယ်တည်းထည်း ကိန်းအောင်း၍ သူတော်ကောင်းတရား ပွါးများဘို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ပေသည်။

ထိုသို့ အပ္ပမာဒတရား လက်ရှိထား၍ နေသော ငါဘုရား၏ တပည့်သား သာဝကသန္တာန်ဝယ် နုသောဝမ်းမြောက်ခြင်း ပါမောဇ္ဇတရား ဖြစ်ပွါးတော့ သည်၊ ပါမောဇ္ဇဖြစ်လျှင် ရင့်သော ဝမ်းမြောက်ခြင်း တည်းဟူသော ပီတိ ဖြစ်ပွါးတော့သည်၊ ပီတိတရား ဖြစ်လျှင် ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိ တရား ဖြစ်ပွါးဘော့သည်၊ ပဿဒ္ဓိ တရား ဖြစ်လျှင် ကိုယ်စိတ်တို့၏ ချမ်းသာ ခြင်း သုခဝေဒနာကို ခံစားရတော့သည်၊ သုခဝေဒနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ၏ စိတ်အစဉ်သည် ဥပစာရသမာဓိ,အပ္ပနာသမာဓိ နှစ်ပါးတို့ဖြင့် တည်ကြည်၍ ပင် မနေပေတော့သည်။

ထိုသို့ သမာဓိဖြင့် တည်ကြည်၍နေခြင်း ဟူသော အကြောင်းကြောင့် သမထဝိပဿနာ ဘာဝနာတရားတို့သည် ထင်ကုန်လင်းကုန်တော့သည်၊ ဤသို့ သမထဝိပဿနာ နှလုံးသွင်းရင်း တရားတော်တို့ ထင်လင်းခြင်း ဟူသော အကြောင်းကြောင့် မမေ့မလျော့ မပေါ့မတန်သေးသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆို ပညတ် ရေတွက်ခြင်းသို့ ရောက်တော့သည်ဟု ဤနန္ဒိယသက္က အမည်ရသော မြတ်စွာဘုရား၏ တပည့်သား သာဝကဘို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန် တန် နေပုံနှင့် မမေ့မလျော့ မပေါ့မတန် အထက်အထက် ဖြစ်သော မဂ်ဖိုလ်

တရား အထူးကို ရဘိုရန် ကျင့်ကြံကြိုးကုတ် အားထုတ်ပုံကို အကျယ်တဝင့် ဖွင့်ပြရာ ဖြစ်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဌုပ္ပတ်ကြောင့် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းအရပ်ဝယ် နန္ဒိယ သာကီဝင်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ် ပါသည် အရှင်ဘုရား။

နန္ဒိယသက္ကသုတ် ပြီး၏။

---

## သစ္စသံယုတ်

## တိရစ္ဆာနကထာသုတ်

ပု။ ။သစ္စသံယုတ္တေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါယကမဟာထေရေဟိ ဒသမံ သံဂီတံ တိရစ္ဆာနကထာသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ မာ ဘိက္ခဝေ အနေကဝိဟိတံ တိရစ္ဆာနကထံ ကထေယျာထ။ သေယျထိဒံ၊ ရာဇကထံ စောရကထံ မဟာမတ္တကထံ သေနာကထံ ဘယကထံ ယုဒ္ဓကထံ အန္နကထံ ပါနကထံ ဝတ္ထကထံ သယနကထံ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သစ္စသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ဆယ်ခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော တိရစ္ဆာနကထာသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ "မာ ဘိက္ခဝေ အနေကဝိဟိတံ တိရစ္ဆာနကထံ ကထေယျာထ"အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....၊ သင်ချစ်သားတို့သည် မဂ်ဖိုလ်အား ကျေးဇူး ဥပကာရ မများသည့် သုံးဆယ့်နှစ်ပါး အပြားရှိသော တိရစ္ဆာနကထာ အကြောင်းအရာ စကားကို သင်ချစ်သားတို့ မပြောကြားကြကုန်လင့်....၊ သုံးဆယ့်နှစ်ပါးသော တိရစ္ဆာနကထာ အကြောင်းအရာစကားတို့ ဟူသည်မှာ မင်းနှင့်စပ်သော အကြောင်းအရာစကား, ခိုးသူနှင့်စပ်သော အကြောင်းအရာ စကား, အမတ်ကြီးတို့နှင့် စပ်သော အကြောင်းအရာစကား ဤသို့ စသည် အားဖြင့် သုံးဆဲ့နှစ်ပါးတို့ ရှိပေသည်။

ထိုသို့ သုံးဆဲ့နှစ်ပါးသော တိရစ္ဆာနကထာ အကြောင်းအရာ စကား တို့ကိုမပြောကြားကြလင့် ဟူ၍ ငါဘုရား မြစ်တားတော်မူရခြင်း၏ အကြောင်း ရင်းမှာကား ထိုသုံးဆဲ့နှစ်ဖြာသော တိရစ္ဆာနကထာသည် စင်စစ်လျှင် အကျိုးကျေးဇူးနှင့် စပ်ယှဉ်သည်မဟုတ်၊ ဗြဟ္မစရိယအတွက် ကျေးဇူးဥပကာရ လည်း များလှသည် မဟုတ်၊ အာဒိဗြဟ္မစရိယလည်း မဟုတ်၊ သံသရာဝဋ်မှ ငြီးငွေ့ဘို့ရန် တပ်ခြင်းကင်းဘို့ရန် သံသရာဒုက္ခငြိမ်းဘို့ရန် ချုပ်ဘို့ရန် ထူးသော မဂ်ဉာဏ်သို့ရောက်ဘို့ရန် နိဗ္ဗာန်သို့ရောက်ဘို့ရန် မဖြစ်။

ထိုသို့ နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်သောကြောင့် ထိုတိရစ္ဆာန ကထာ သုံးဆဲ့နှစ်ပါး အကြောင်းအရာ စကားဘို့ကို သင်ချစ်သားတို့ မပြော ကြားကြကုန်လင့်။

ချစ်သား ရဟန်းတို့....၊အဘယ်သို့သော စကားကို ပြောကြားရာသနည်း ဟူမူကား—

ဣဒံ ဒုက္ခန္တိ ကထေယျာထ။

ချစ်သား ရဟန်းတို့....၊ ဤတရား ဤတရားစုသည်ကား ဒုက္ခသစ္စာဂိုဏ်း ဝင် တရားအစုတည်း၊ ဤတရား ဤတရားအစုကား ဒုက္ခသစ္စာကို ဖြစ်စေ တတ်သည့် ဒုက္ခ၏အကြောင်း မကောင်းသော သမုဒယသစ္စာတရားတည်း၊ဤ တရား ဤတရားအစုသည်ကား ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသစ္စာတရား အစု ပေတည်း၊ ဤတရားအစုသည်ကား ဒုက္ခ၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ရောက် ကြောင်း ကောင်းမြတ်သောအကျင့် ပဋိပတ်ပေတည်း ဟူ၍ ဤသို့ သစ္စာ လေးပါးနှင့် စပ်သော စကားကိုသာလျှင် သင်ချစ်သားဘို့ ပြောဆိုကြမူ ပြောဆိုကြကုန်။

**အမေးအဖြေ ၇-၂၀**

ထိုသို့ တိုက်တွန်းရခြင်း၏ အကြောင်းရင်းသော်ကား ချစ်သား ရဟန်းတို့....၊ ဤသို့ သစ္စာလေးရပ်နှင့် စပ်သော စကားသည်သာလျှင် လောကုတ္တရာ အကျိုးတရားနှင့်လည်း စပ်ပါပေသည်၊ အာဒိဗြဟ္မစရိယတရားမျိုးလည်း ဖြစ်ပါပေသည်၊ သံသရာဝဋ်မှ ငြီးငွေ့ဘို့ရန် တပ်ခြင်းကင်းဘို့ရန် သံသရာဒုက္ခ ချုပ်ဘို့ရန် ငြိမ်းဘို့ရန် ထူးသောမဂ်ဉာဏ် အမြင်သို့ ပေါက်ရောက်ဘို့ရန် နိဗ္ဗာန်သို့ ရောက်ဘို့ရန် ဖြစ်ပေတော့သည်။

တသ္မာတိဟ ဘိက္ခဝေ ဣဒံ ဒုက္ခန္တိ ယောဂေါ ကရဏီယော။ပ။ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယောဂေါ ကရဏီယော။

သို့ရကား သင်ချစ်သားတို့သည် ဤတရား ဤတရား အစုကား ဒုက္ခ သစ္စာတည်း၊ ဤတရားအစုကား သမုဒယသစ္စာတည်း၊ ဤတရားအစုကား နိရောဓသစ္စာတည်း၊ ဤတရားအစုကား မဂ္ဂသစ္စာ တည်းဟူ၍ သစ္စာလေးပါး တရားတို့ကို သိဘို့ရန် မြင်ဘို့ရန် ကျင့်ကြံကြိုးကုတ် သင်ချစ်သားတို့သည် မနေမနား အားထုတ်သင့်လှသည်ဟု ဤတိရစ္ဆာနကထာ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ တိရစ္ဆာနကထာ-မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော စကားတို့ဖြင့် တပည့်သား သာဝကတို့ အချိန်ကို မကုန်လွန်စေမှုကို ရှေးရှုတော်မူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

တိရစ္ဆာနကထာသုတ် ပြီး၏

---

## ဓမ္မစက္ကပဝတ္တနသုတ်

ပု။ ။တတ္ထ အာဝုသော ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ပဌမံ သံဂီတံ ဓမ္မစက္ကပဝတ္တနသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။ဗာရာဏသိယံ ဘန္တေ ဣသိပတနေ မိဂဒါယေ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။ ကတမေ ဒွေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ

အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော၊
ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာပဋိပဒါ
တထာဂတေန အဘိသမ္ဗုဒ္ဓါ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသစ္စသံယုတ်၌ပင်လျှင် ဓမ္မစက္ကပဝတ္တနဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ဓမ္မစက္ကပဝတ္တနသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗာရာဏသီပြည် ဣသိပတန အမည်ရသော မိဂဒါဝုန်တော အရပ်ဝယ် တရားကျင့်ဘက် ပဉ္စဝဂ္ဂီမထေရ်ငါးဦးတို့ကို အကြောင်းပြု၍ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ"အစရှိသည်ဖြင့်—

## သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံချိန်

ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ကာမသုခလ္လိကာနုယောဂ,အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရား နှစ်ပါးတို့ကို မလိုက်စားသင့်ကြောင်း၊ ကိုယ်တော်ဘိုင်ပင်လျှင် အယုတ်တရား နှစ်ပါးတို့ကို ပယ်ရှား၍ မဇ္ဈိမပဋိပဒါ လမ်းမှန်ဖြစ်သော အရိယအဋ္ဌင်္ဂိက မဂ္ဂင်တရားကို သဗ္ဗညုတဉာဏ်ဖြင့် ထိုးထိုးထွင်းထွင်း သိမြင်တော်မူအပ်ပြီဖြစ်ကြောင်း ထိုမဂ္ဂင်ရှစ်ပါးတို့အနက် သစ္စာလေးရပ်ဝယ် သမ္မာဒိဋ္ဌိ ဖြစ်ပုံကိုရင်း၊ ကိုယ်တော်မြတ် ကိုယ်တိုင်ပင်လျှင် ထိုသစ္စာလေးပါးတို့၌ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော ဉာဏ်အမြင်ဖြစ်တော်မူပုံကိုရင်း၊ အကြင်မျှလောက် ဘဆယ့်နှစ်ပါးသော ဉာဏ်အမြင်ထင်ရှားမဖြစ်သေး၊ ထိုမျှလောက် သမ္မာသမ္ဗုဒ္ဓအဖြစ် ဝန်မခံသေးကြောင်း၊ တဆယ့်နှစ်ပြာသော ပစ္စယာကာရ ဉာဏ်အမြင် ထင်လင်းတော်မူပါမှ သမ္မာသမ္ဗုဒ္ဓ အဖြစ် ဝန်ခံတော်မူကြောင်း၊ ဒေသနာအဆုံးဝယ် အရှင်ကောဏ္ဍည မထေရ်သူမြတ် သောတာပန်တည်ကြောင်း၊ သဗ္ဗညုမြတ်စွာဘုရားသည် ဥဒါန်း ကျူးရင့်တော်မူကြောင်းတို့ဖြင့် တန်းဆာဆင်အပ်သော ဤဓမ္မစက္ကပဝတ္တနသုတ္တန် အမည်ရသော တရားဒေသနာတော်မြတ်ကို ဗာရာဏသီပြည်

မိဂဒါဝုန်တောအရပ်ဝယ် ပဉ္စဝဂ္ဂီမထေရ်ငါးဦးတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဓမ္မစက္ကပဝတ္တနသုတ် ပြီး၏

---

## အာသဝက္ခယသုတ်

ပု။ ။တတ္ထေဝ အာဝုသော ကောဋိဂါမဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ ပဉ္စမံ သံဂီတံ အာသဝက္ခယသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော အပဿတော။ ကိဉ္စ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ၊ ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ၊ အယံ ဒုက္ခသမုဒယောတိ၊ အယံ ဒုက္ခနိရောဓောတိ၊ အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။ ဧဝံ ခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။ တသ္မာ တိဟ ဘိက္ခဝေ "ဣဒံ ဒုက္ခ"န္တိ ယောဂေါ ကရဏီယော၊ အယံ ဒုက္ခသမုဒယောတိ၊ အယံ ဒုက္ခနိရောဓောတိ၊ အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ယောဂေါ ကရဏီယော"တိ ဧဝံ ခေါ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသစ္စသံယုတ်၌ပင်လျှင် ကောဋိဂါမဝဂ်၌ ရှေးသံဂါယနာကင် မဟာထေရ်မြတ်တို့ ပဉ္စမသုတ်အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော အာသဝက္ခယသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ "ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ" အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....၊သိသောပုဂ္ဂိုလ်မြင်သောပုဂ္ဂိုလ်၏ အဘို့သာလျှင် အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရောက်နိုင်သည် ရနိုင်သည် ဟု ငါဘုရားဟောကြားပေသည်၊ မသိသော မမြင်သောပုဂ္ဂိုလ်အား အရဟတ္တဖိုလ်သို့ ရောက်နိုင်သည် ဟူ၍ ငါဘုရား မဟောကြားပေ။

ချစ်သား ရဟန်းတို့....၊အဘယ်သို့ သဘောရှိသော တရားကိုမြင်သော သိသော ပုဂ္ဂိုလ်အား အာသဝက္ခယဉာဏ်,အာသဝလေးတန် ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ်ဖြစ်ပါသနည်းဟူမူ-ဤတရား ဤတရားအစုသည်ကား ဒုက္ခသစ္စာတရား အစုတည်း၊ ဤတရားသည်ကား ဒုက္ခဖြစ်ကြောင်း မကောင်းသော သမုဒယသစ္စာတရားတည်း၊ ဤတရားသည်ကား ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသစ္စာတရားတည်း၊ ဤတရားသည်ကား ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသော အကျင့်ပဋိပဒါ မဂ္ဂသစ္စာတရားတည်းဟု ပိုင်းပိုင်းခြားခြား အထွင်အထိပ်ပေါက် သိမြင်သော ပုဂ္ဂိုလ်၏သာလျှင် အာသဝက္ခယဉာဏ်,အာသဝလေးတန် ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် ဖြစ်နိုင်ပေသည်။

သို့ရကား သင်ချစ်သားတို့သည်လည်း ဤတရားအစုသည် ဒုက္ခသစ္စာတည်း၊ ဤတရားအစုသည် သမုဒယသစ္စာတည်း၊ ဤတရားအစုသည် နိရောဓသစ္စာ၊ ဤတရားအစုကား မဂ္ဂသစ္စာတည်းဟု ပိုင်းပိုင်းခြားခြား သိမြင်ဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ကြကုန် ဟု အရဟတ္တဖိုလ်ပေါက် တိုက်တွန်းတော်မူသောအားဖြင့် ဤအာသဝက္ခယ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အာသဝက္ခယသုတ် ပြီး၏

---

## သီသပါဝနသုတ်

ပု။ ။တတ္ထေဝ အာဝုသော သီသပါဝနဝဂ္ဂေ ပေါရာဏကေဟိ ဓမ္မ-သံဂါဟကမဟာထေရေဟိ ပဌမံ သံဂီတံ သီသပါဝနသုတ္တံ ဘဂဝ-တာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။ကောသမ္ဗိယံ ဘန္တေ သီသပါဝနေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နုခေါ ဗဟုတရံ ယာနိ ဝါ မယာ ပရိတ္တာနိ သီသပါပဏ္ဏာနိ ပါဏိနာ ဂဟိတာနိ ယဒိဒံ ဥပရိ သီသပါဝနေ"တိ ဝေမာဒိနာ ဘာဂဝတာ ဘာသိတံ။

မေး။ ။ထိုသစ္စသံယုတ်၌ပင်လျှင် သီသပါဝနဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ရှေးဦးစွာ သံဂါယနာတင်ထားခဲ့သော သီသပါဝန သုတ်မည်သော ဘုရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသမ္ဗီပြည်၏အနီး ယင်းတိုက်တောဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

**ယင်းတိုက်တော သီတင်းသုံးစဉ်**

သဗ္ဗညုမြတ်စွာဘုရားသည် ကောသမ္ဗီပြည် ယင်းတိုက်တော၌ သီတင်း သုံး နေတော်မူသောအခါ အနည်းငယ်မျှ လက်ဘွင်းဘဆုပ်မျှ အတိုင်း အရှည်ရှိသော ယင်းတိုက်ရွက်တို့ကို လက်တော်ဖြင့် ဆုပ်ကိုင်ပြီးလျှင် ရဟန်း တော်တို့အား ဒိဋ္ဌမျက်မြင် သက်သေပြ၍ တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နုခေါ ဗဟုတရံ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ယခု ငါဘုရားမေးမည့် စကားကို သင်ချစ်သားတို့ မည်သို့ မှတ်ထင်ကြကုန်သနည်း၊ ငါဘုရား ယခုလက်တော်အတွင်း ဆုပ်ယူ၍ ထားအပ်သော ယင်းတိုက်ရွက်တို့နှင့် ဤအထက်ဖြစ်သော ယင်းတိုက်တော အတွင်းဝယ် ထင်ရှားရှိကြသော ယင်းတိုက်ရွက် အပေါင်းတို့တွင် အဘယ်က သာလွန်၍ များသနည်းဟု မေးမြန်းတော်မူပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က "အပ္ပမတ္တကာနိ ဘန္တေ ဘဂဝတာ ပရိတ္တာနိ သီသပါပဏ္ဏာနိ ပါဏိနာ ဂဟိတာနိ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ရှင်ဘော်ဘုရား လက်တော်ဘွင်းဝယ် ဆုပ်ကိုင်၍ ထားအပ်သော ယင်းတိုက်ရွက်တို့သည်ကား

မပြောပလောက် အနည်းငယ်မျှသာ ဖြစ်ပါကုန်တော့သည်၊ စင်စစ်မှာမူ ကောင်းကင်အထက်ဝယ် တည်ရှိနေသော ယင်းတိုက်တောအတွင်းရှိ ယင်း တိုက်ရွက်တို့ကသာလျှင် မရေနိုင် မတွက်နိုင်အောင် များလှပါသည်ဘုရား ဟူ၍ ပြန်ကြားလျှောက်ထားခဲ့ပါသည်။

## မဟောကြားခဲ့သည့် တရားတွေ

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ချစ်သား ရဟန်းတို့....၊ဤနည်းအတူ ပင်လျှင် အကြင်တရား အကြင်သဘောတို့ကို ငါဘုရားသခင်သည် သဗ္ဗညုတ ဉာဏ်ဖြင့် သိသော်လည်း သင်ချစ်သားတို့အား မဟောကြားအပ်ပါ၊ ထိုသို့ သဗ္ဗညုတဉာဏ်ဖြင့် သိပါလျက် မဟောကြားအပ်သော အရာတို့ကသာလျှင် များလှပေသည်၊ ဤယင်းတိုက်တောအတွင်းဝယ် ထင်ရှားရှိသော ယင်းတိုက် ရွက်တို့မျှမက များလှပါပေကုန်သည်။

သို့စင် များပြားသော ငါဘုရားကိုယ်တိုင်သိသော တရားတို့ကို သင် ချစ်သားဘို့အား အဘယ့်ကြောင့် မဟောသနည်းဟူမူ-ထိုငါမဟောကြား သော တရားအစုသည်ကား သင်ချစ်သားဘို့အဘို့ရန် လောကုတ္တရာမဂ်ဖိုလ် အကျိုးငှါသည်း မဖြစ်၊ အကျိုးနှင့်လည်း မစပ်၊ အာဒိဗြဟ္မစရိယကသီလမျိုး လည်း မဟုတ်၊ သံသရာဝဋ္ဋဒုက္ခဋ္ဌ ငြီးငွေ့ဘို့ရန် တပ်ခြင်းကင်းဘို့ရန် သံသရာ ဒုက္ခချုပ်ဘို့ရန် ငြိမ်းဘို့ရန် ထူးသောမဂ်ဉာဏ် သမ္ဗောဓအမည်ရသော မဂ် ဉာဏ်သို့ရောက်ဘို့ရန် နိဗ္ဗာန်သို့ ရောက်ဘို့ရန် မဟုတ်သောကြောင့်သာလျှင် ငါဘုရားသည် ထိုစကားကို မဟောကြားဘဲ ရှိပေသည်။

## ယင်းတိုက်ရွက်ချင်း နှိုင်းစာသလို

ချစ်သား ရဟန်းတို့....၊ ငါဘုရားသည် ကိုယ်တိုင် သဗ္ဗညုတဉာဏ်ဖြင့် သိ၍ သင်ချစ်သားတို့အား ဟောကြားအပ်သော စကားသည်ကား ငါဘုရား ၏ လက်တော်ဘွင်း တည်ရှိသော ယင်းတိုက်ရွက်ဘို့ပမာ နည်းလှပါပေ သည်၊ ငါဘုရား ဟောကြားအပ်သော စကား အစု ဟူသည်မှာ ဤကား ဒုက္ခသစ္စာ, ဤကား သမုဒယ, ဤကား နိရောဓ, ဤကား မဂ္ဂသစ္စာ ဟူ၍ သာလျှင် ငါဘုရား ဟောကြားအပ်ပေသည်။

သို့စင်မျှ သစ္စာလေးပါးကိုသာလျှင် ငါဘုရား ဟောကြားရခြင်း၏ အကြောင်းရင်းကား ဤသစ္စာလေးပါး တရားအနက်သည်သာလျှင် သင် ချစ်သားတို့အဘို့ မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော အကျိုးနှင့် စပ်ပေသည်၊ အာဒိ ဗြဟ္မစရိယက တည်းဟူသော မြတ်သော ပဓာနဖြစ်သော အကျင့်လည်း ဖြစ်ပေသည်၊ သံသရာဝဋ်မှ ငြီးငွေ့ဘို့ရန် တပ်ခြင်း ကင်းဘို့ရန် သံသရာဒုက္ခ ချုပ်ဘို့ရန် ငြိမ်းဘို့ရန် အဘိညာသမ္ဗောဓ အမည်ရသော မဂ်ဉာဏ်ကို ရဘို့ရန် နိဗ္ဗာန်သို့ရောက်ဘို့ရန် ဤသစ္စာလေးပါး တရားသည်သာလျှင် ကျေးဇူး ဥပ ကာရပြုနိုင်ပေသည်။

သို့ရကား သင်ချစ်သားတို့သည် ဣဒံ ဒုက္ခံ၊ဤတရား ဤတရားအစုကား ဒုက္ခသစ္စာတည်း၊ ဤတရားအစုကား သမုဒယ၊ ဤတရားအစုကား နိရောဓ၊ ဤတရားအစုကား မဂ္ဂသစ္စာတည်းဟု သိအောင် ကြိုးကုတ် သင်ချစ်သားတို့ မနေမနား အားထုတ်သင့်လှပေသည်ဟု သီသပါဝန အမည်ရသောလက်တော် အတွင်း ဆုပ်၍ထားအပ်သော ယင်းဘိုက်ရွက်နှင့် တောတခုလုံး ထင်ရှားရှိ သော ယင်းတိုက်ရွက်တို့ကို ဥပမာထား၍ ဟောကြားရာဖြစ်သော ဤသုတ္တန် ဒေသနာတော်မြတ်ကို ကောသမ္ဗီပြည် ယင်းတိုက်တောအရပ်ဝယ် များစွာ သော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သီသပါဝနသုတ် ပြီး၏

---

**ပဉ္စဂတိပေယျာလဝဂ်**

ပု။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေ- ဟိ ပရိယောသာနဘာဝေန သံဂီတော ပဉ္စဂတိပေယျာလဝဂ္ဂေ၊ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတော။

ဝိ။ ။ဝေသာလိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ၊ ယော ဝါယံ မယာ ပရိတ္တော နခသိခါယံ ပံသု အာရောပိတော၊ အယံ ဝါ မဟာပထဝီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတော။

မေး။ ။ထိုသံယုတ္တနိကာယ် သစ္စသံယုတ်၌ပင်လျှင် ရှေးသံဂါယနာ တင် မဟာထေရ်မြတ်တို့သည် သံယုတ္တနိကာယ်၏ အဆုံးအဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော ပဋ္ဌဂတိပေယျာလဝဂ် ဟူ၍ ခေါ်ဆိုအပ်သော သုတ်ပေါင်း သုံးဆယ် အရေအတွက်ရှိသော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝေသာလီပြည် မဟာဝုန်တောအရပ်၌ များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

## မဟာဝုန်တော၌ သီတင်းသုံးစဉ်

သဗ္ဗညုရှင်တော်ဘုရားသည် ဝေသာလီပြည် မဟာဝုန်တောအတွင်း သီတင်းသုံးနေတော်မူလတ်သောအခါ များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတော်တို့အား သံဝေဉာဏ် ရင့်သန်၍ နိဗ္ဗာန်တိုင်မြောက် ရောက်ကြပါစိမ့်သောငှါ တန်ခိုးအဘိညာဉ်ဖြင့် ကိုယ်တော်မြတ်၏ လက်သည်းတော်ဖျားဝယ် မြေမှုန့်ကို တင်ထားပြီးလျှင် ရဟန်းတော် အရှင်မြတ်များအား ဒိဋ္ဌဓမ္မ သက်သေပြ၍ "တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ" အစ ရှိသည်ဖြင့်—

## ဒုဂ္ဂတိဘုံသို့ လားသူတွေ များလှကြောင်း

ချစ်သား ရဟန်းတို့....ယခု ငါဘုရားမေးမည့်စကားကို သင်ချစ်သားတို့ မည်သို့ မှတ်ထင်ကုန်သနည်း၊ ယခု ငါဘုရား၏ လက်သည်းတော်ဖျား၌ တင်၍ ထားအပ်သော မြေမှုန့်နှင့် အောက်မဟာပထဝီမြေမှုန့် ဤနှစ်ရပ်ကို နှိုင်းစာလျှင် အဘယ်က များပြားသနည်း ဟု မေးမြန်းပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊အောက်မဟာပထဝီမြေကြီးမှာ တည်ရှိသော မြေမှုန့်ကသာလျှင် များလှပါကြောင်း၊ မဟာပထဝီမြေကြီးမှာရှိသော မြေမှုန့်နှင့်နှိုင်းစာလျှင် ရှင်တော်ဘုရား၏ လက်သည်းတော်ဖျား၌ တန်ခိုး

တော် အစုမ်းဖြင့် တင်၍ ထားအပ်သော ဤမြေမှုန့်ကလေးသည် မပြောပ လောက် အရေအတွက်ပင် မရောက်ပါကြောင်း ပြန်ပြောင်းလျှောက်ထား ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဧဝ မေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿာ စုတာ မနုဿေသု ပစ္စာဇာယန္တိ" အစရှိသည် ဖြင့်——

ချစ်သား ရဟန်းတို့....၊ဤငါဘုရား၏ လက်သည်းတော်ဖျားခွ် တင်၍ ထားသော မြေမှုန့်နှင့် အောက်မဟာပထဝီမြေကြီးမှာ ရှိသော မြေမှုန့်တို့ အလားတူစွာသာလျှင် ဤလောကဝယ် လူ့ပြည်လောကမှ စုတေ၍ လူ့ပြည်လောကသို့ တဖန်ပြန်၍ ဘဝပဋိသန္ဓေ တည်နေသော ပုဂ္ဂိုလ်သည် ကား ငါဘုရား၏ လက်သည်းတော်ဖျားဝယ် တင်၍ ထားသော မြူမှုန့်ပမာ နည်းလှစွာကုန်၏၊ လူ့ပြည်မှ စုတေပြီးလျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသု ရကာယ် တည်းဟူသော အပါယ်ဘုံသို့ ဘဝပဋိသန္ဓေ ကပ်ရောက်ကြရသော သတ္တဝါတို့သည်ကား အောက်မဟာပထဝီမြေမှုန့်ပမာ များလှစွာကုန်၏။

ချစ်သား ရဟန်းတို့....၊ဤနည်းအတူပင်လျှင် လူ့ပြည်မှ စုတေ၍ နတ် ပြည်ဂတိသို့ ရောက်သော ပုဂ္ဂိုလ်ဘိုသည်ကား ငါဘုရား၏ လက်သည်းတော် ဖျားဝယ် တင်၍ ထားသော မြူမှုန့်ပမာ နည်းလှစွာကုန်၏၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟူသော အောက်အပါယ်ဘုံသို့ လားရောက်ရသော သတ္တဝါတို့ကသာလျှင် မဟာပထဝီ မြေမှုန့်ပမာ များလှစွာ၏၊ နတ်ပြည်သို့ ရောက်ရသော သတ္တဝါသည်ကား ငါဘုရား၏ လက်သည်းတော်ဖျားဝယ် တင်၍ ထားသော မြေမှုန့်ပမာ နည်းလှစွာကုန်၏။

ချစ်သား ရဟန်းတို့....၊ဤနည်းအတူပင်လျှင် နတ်ပြည်မှ စုတေ၍ လူ့ ပြည် နတ်ပြည်၌ ဘဝပဋိသန္ဓေ တည်နေရသောပုဂ္ဂိုလ်သည်ကား နည်းလှစွာ ကုန်၏၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် တည်းဟူသော အပါယ်ဘုံ သို့ ဘဝပဋိသန္ဓေ ကပ်ရောက်ရသော သတ္တဝါတွေကသာ အောက်မဟာ ပထဝီ မြေမှုန့်ပမာ များလှစွာကုန်၏။

ချစ်သား ရဟန်းတို့....၊ ဤနည်းအတူပင်လျှင် ငရဲပြည်မှ စုတေ၍ လူ့ပြည် နတ်ပြည်၌ ဘဝပဋိသန္ဓေ ကပ်ရောက်ရသော သတ္တဝါတို့သည်ကား

ငါဘုရား၏ လက်သည်းတော်ဖျားဝယ် တင်၍ထားအပ်သော မြူမှုန့်ပမာ နည်းလှစွာကုန်၏၊ အပါယ်လေးဘုံမှာပင် တဖန်ပြန်၍ ကျရောက်ရသော ငရဲသား သတ္တဝါတို့ကသာလျှင် မဟာပထဝီမြေမှုန့်ပမာ များလှစွာကုန်၏။

ချစ်သားရဟန်းတို့....၊ ဤနည်းအတူပင်လျှင် တိရစ္ဆာန်ဘုံမှ စုတေ၍။ ပြိတ္တာဘုံမှ စုတေ၍၊ လူ့ပြည် နတ်ပြည်ဘဝ ပဋိသန္ဓေ တည်နေရသော သတ္တဝါတို့သည်ကား ငါဘုရား၏ လက်သည်းတော်ဖျားဝယ် တန်ခိုးတော် အစွမ်းဖြင့် တင်၍ထားအပ်သော မြူမှုန့်ပမာ နည်းလှစွာကုန်၏။

စင်စစ်မှာမူ အောက်အပါယ်ဘုံမှ စုတေ၍ အောက်အပါယ်ဘုံမှာပင် ဘဝပဋိသန္ဓေတည်နေကြရသော သတ္တဝါတို့ကသာလျှင် မဟာပထဝီ မြေမှုန့် ပမာ များလှစွာကုန်၏ဟူ၍ ဒုဂ္ဂတိဘုံ၌ ဘဝပဋိသန္ဓေ တည်နေရသော သတ္တဝါတို့ကများလှ၍ သုဂတိဘုံ၌ ဘဝပဋိသန္ဓေ တဖန်တည်နေရသော သတ္တဝါတို့ကား နည်းပါးလှကြောင်းကို ထင်ရှားစွာ ဖော်ပြရာဖြစ်သော ပဉ္စဂတိပေယျာလဝဂ္ဂ အမည်ရသော သုတ်ပေါင်း သုံးဆယ်တို့ဖြင့် တန်ဆာ ဆင်အပ်သော ဤတရားဒေသနာတော်မြတ်ကို ဝေသာလီပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

## သံယုတ္တနိကာယ်ကြီး၌ သိမှတ်ဖွယ်

ပု။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိ။ ။သေက္ခာ စ ဘန္တေ ပုထုဇ္ဇနကလျာဏကာ စ သိက္ခန္တိ။

မေး။ ။ယခု မေးခဲ့ ဖြေခဲ့သော သံယုတ္တနိကာယ်ဆိုင်ရာ မြတ်စွာ ဘုရား၏ အဆုံးအမ ဩဝါဒဒေသနာစကားရပ်ဘို၌ အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲပုဂ္ဂိုလ်တို့ ဖြစ်ကြပါသနည်း ငါ့ရှင်....။

ဖြေ။ ။သံယုတ္တနိကာယ်၌ လာသော သိက္ခာသုံးရပ်ကို ကျင့်နေဆဲ ဖြစ်သော ပုဂ္ဂိုလ်တို့ ဟူသည်မှာ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်၊ အောက်ဖိုလ် သုံးရပ်၌ တည်သော ပုဂ္ဂိုလ်သုံးပါး၊ ကလျာဏပုထုဇဉ် သီလဝန်, ပညာဝန်, အရှင်မြတ်အားဖြင့် ရှစ်ပါးအပြားရှိခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိ။ ။အရဟန္တော ဘန္တေ သိက္ခိတသိက္ခာ။

မေး။ ။ဤသံယုတ္တနိကာယ်ဆိုင်ရာ အဆုံးအမ ဩဝါဒဒေသနာတော်မြတ်တို့၌ ကျင့်ခြင်းကိစ္စ ပြီးပြီးသောပုဂ္ဂိုလ်တို့ကား အဘယ်ပုဂ္ဂိုလ်တို့ပါနည်း ငါ့ရှင်....။

ဖြေ။ ။ပူဇော်အထူးကို ခံတော်မူထိုက်သော အာသဝေါလေးတန် စင်ပြီးတော်မူကြပြီးသော ခီဏာသဝ ရဟန်းမွန် မထေရ်သူမြတ်တို့သည် ဤသံယုတ္တနိကာယ်ဒေသနာတော်မြတ်လာ သုံးဖြာသော သိက္ခာတရားတို့ကို အပြီးအဆုံး အထွတ်အထိပ်ရောက် ကျင့်သုံးဆောက်တည်ပြီးသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပု။ ။ကတ္ထ အာဝုသော ဌိတံ။

ဝိ။ ။သိက္ခာကာမေသု ဘန္တေ ဌိတံ။

မေး။ ။ဤသံယုတ္တနိကာယ်ဆိုင်ရာ ဩဝါဒ အကျင့်သိက္ခာတို့သည် အဘယ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ တည်ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဘုရားမြတ်စွာ၏ သားတော်ဖြစ်သော ရာဟုလာမထေရ် သူမြတ်ကဲ့သို့ သီလ သမာဓိ ပညာတည်းဟူသော သိက္ခာသုံးပါးကို လိုလား တော်မူကြသော သိက္ခာကာမ အရှင်သူမြတ်တို့၏ အဇ္ဈတ္တသန္တာန်ဝယ် ဤ သံယုတ္တနိကာယ်လာ သိက္ခာတရားအစုတို့သည်ကား တည်တံ့ကြပါကုန်သည် အရှင်ဘုရား။

ပု။ ။ကေ အာဝုသော ဓာရေန္တိ။

ဝိ။ ။ယေသံ ဘန္တေ ဝတ္တတိ တေ ဓာရေန္တိ။

မေး။ ။ဤသံယုတ္တနိကာယ်ဆိုင်ရာ ဒေသနာတရားတော်မြတ်အစုကို အဘယ်ပုဂ္ဂိုလ်တို့သည် ဆောင်ထားပါကုန်သနည်း ငါ့ရှင်....။

ဖြေ။ ။အကြင်မထေရ်မြတ်တို့၏ သန္တာန်ဝယ် ဤသံယုတ္တနိကာယ် လာ ဒေသနာတရားအစုသည် နှုတ်၌မပြတ် တက်ရောက်သည်ဖြစ်၍ နေပါ

ကုန်သည်၊ ထိုပုဂ္ဂိုလ်တို့သည် သံယုတ္တနိကာယ်လာ မြတ်စွာဘုရား၏ဒေသနာတော်တို့ကို ဆောင်ယူတော်မူကြသော အရှင်မြတ်တို့ ဖြစ်ကြပါကုန်သည် အရှင်ဘုရား။

ပု။ ။ကဿ အာဝုသော ဝစနံ။

ဝိ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မေး။ ။ဤသံယုတ္တနိကာယ်ဆိုင်ရာ ဗုဒ္ဓဘာသိတဟု ခေါ်ဝေါ်အပ်သော တရားဒေသနာ အစုသည် အဘယ်ပုဂ္ဂိုလ်၏ စကားဖြစ်ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဘုန်းဘော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော နတ်လူပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံဘော်မူထိုက်သော မဖောက်မပြန် သစ္စာလေးပါး ဟူသမျှကို တစမကြွင်း လင်းလင်းထင်ထင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပု။ ။ကေန အာဝုသော အာဘတံ။

ဝိ။ ။ပရမ္ပရာယ ဘန္တေ အာဘတံ။

မေး။ ။ဤသံယုတ္တနိကာယ်ဆိုင်ရာ ဒေသနာတရားတော် အစုကို အဘယ်ပုဂ္ဂိုလ်သည် မပျောက်မပျက်အောင် ဆောင်ရွက်လာခဲ့ပါသနည်း ငါ့ရှင်...။

ဖြေ။ ။ဤသံယုတ္တနိကာယ်လာ ဒေသနာတော် တရားအစုကို ပဌမသံဂါယနာတင်ပြီးစ ကာလဝယ် သံဂီတိကာရက မထေရ်သူမြတ်တို့သည် မဟာကဿပမထေရ်သူမြတ်ထံသို့ အရှင်ဘုရား၏ တပည့်ဖြစ်သော နိဿိတက တပည့်သားတို့ကို ပို့ချ၍ အရှင်ဘုရားသည် ဤသံယုတ္တနိကာယ်ကို ဆောင်တော်မူပါ ဟု များစွာသော သံဂီတိကာရက မထေရ်သူမြတ်တို့က အပ်နှင်းတော်မူကြပါသည်၊ ထိုပဌမသံဂါယနာတင်ရာကာလ ရှင်မဟာကဿပမထေရ်နှင့်တကွ အရှင်မဟာကဿပမထေရ်သူမြတ်၏ တပည့်ဘိုးမှအစ ဤယခု သံဂါယနာတင်ရာကာလ သံဂီတိနာယက, သံဂီတိကာရက, သံဂီတိ

ဘာဏက ဖြစ်တော်မူကြသော မထေရ်သူမြတ်ဘို့ဘိုင် အဆက်ဆက်သော ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ သာသနာဝန် အားသွန်ကြိုးပမ်း ထမ်းဆောင် တော်မူကြသော အာစရိယပရမ္ပရ ဆရာတော်မထေရ် အဆက်ဆက်တို့သည် ဤသဗ္ဗညုမြတ်စွာဘုရား၏ စကားတော်ကို မပျောက်မပျက် မတိမ်ကောရ အောင် စောင့်ဆောင်ထိန်းသိမ်းတော်မူခဲ့ကြပါသည် အရှင်ဘုရား။

မဟာဝဂ္ဂသံယုတ်ပါဠိတော် အမေး အဖြေ ပြီး၏

# သံယုတ္တနိကာယ် အမေးအဖြေ ပြီးပြီ။